http://www.cherrythitsar.org



## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်**
**ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန်ဖြစ်သည်။**

တပ်မတော်ဖြိုခွဲသူ ဒို့ရန်သူ။
တပ်မတော်ဖြိုခွဲမည့်အကြံ ဒို့လက်မခံ။
ဘယ်သူခွဲခွဲဒို့မကွဲ အမြဲစည်းလုံးမည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

http://www.cherrythitsar.org

# လွင့်မျောနေသော
# ကမ္ဘာကြီး၏
# အနုပညာသည်တစ်ဦး

---

## KAZUO ISHIGURO
# An Artist of
# the Floating
# World

**ကဇူးအို  အစ်ရှိဂူရိုး ရေး၍**

**မြင့်သန်း**

မြန်မာပြန်သည်။

http://www.cherrythitsar.org

စာမူခွင့်ပြုချက်အမှတ် ... ၁၇၂/၂၀၀၁ (၂)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ... ၂၈၁/၂၀၀၁ (၄)

ပထမအကြိမ်

၂၀၀၂၊ ဖေဖော်ဝါရီလ

အုပ်ရေ – ၁၀၀၀

တန်ဖိုး – ၅၀၀ ကျပ်

အဖုံးဒီဇိုင်း – ညီညီ

ဦးထွန်းလှိုင်၊ ချစ်စရာစာပေ၊ အမှတ်(၇၅)၊ ဝေပုလ္လ (၂)လမ်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မှ ထုတ်ဝေ၍ ဦးနိုင်နိုင်ဦး၊ ရွှေပုံနှိပ်တိုက် (၀၅၇၀၁)၊ အမှတ်(၅)၊ ကြာညိုလမ်း၊ ပုဇွန်တောင်၊ ရန်ကုန်၊ ဖုန်း– ၂၈၂၀၂၃ တွင် ပုံနှိပ်သည်။

**ရွှေ စာပေတိုက်**

**၅၊ ကြာညိုလမ်း၊ ပုဇွန်တောင်၊ ရန်ကုန်။**

**ဖုန်း–၂၂၁၈၅၇၊ ၂၈၂၀၂၃။**

http://www.cherrythitsar.org

အမေ

ဘကြီးသုခ

ဦးလေးခန့်

နှင့်

အန်ကယ်တင်ထွန်း

တို့အတွက် . . .

# ကဇူးအို အစ်ရှိဂူရိုး

**KAZUO ISHIGURO**

- ၁၉၅၄ တွင် ဂျပန်နိုင်ငံ၊ နာဂါစကီမြို့တွင် မွေးဖွား။
- ဗြိတိန်နိုင်ငံသို့ ၁၉၆၀ မှစ၍ ရောက်ရှိခဲ့။
- ကင်တာဘာရာရှိ ကင့်တက္ကသိုလ် (University of kent at Canterbury) နှင့် အရှေ့ အန်ဂလီယာ တက္ကသိုလ် (University of East Anglia) တို့တွင် ပညာဆည်းပူးခဲ့။
- ယခုအခါ လန်ဒန်မြို့တွင် နေထိုင်လျက်ရှိ။
- သူ၏ ဒုတိယမြောက် လက်ရာဖြစ်သော **'An Artist of the floating world'** သည် ၁၉၈၆ ခုနှစ် အတွက် ဝှိုက်ဘရက်စာပေဆု *(Whitbread Book of the year - 1986)* ကို ရရှိခဲ့ပြီး ဘာသာပေါင်း ၁၄ မျိုးသို့ ပြန်ဆိုထုတ်ဝေခဲ့ပြီးဖြစ်သည်။
- ၁၉၈၉ ခုနှစ်အတွက် ဘွတ်ကားစာပေဆု *(Booker Prize)* ကို **'The Remains of the Day'** ဖြင့် ထပ်မံရရှိခဲ့။

# မြန်မာပြန်သူ၏အမှာ

ယခုစာအုပ်မှာ ၁၉၈၆ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့သော အစ်ရှီဂူရိုး၏ ဒုတိယမြောက် စာအုပ်ဖြစ်ပြီး ဘွတ်ကားစာပေဆုအတွက် နောက်ဆုံးအဆင့်အထိ ရွေးချယ်ခြင်းခံရသော စာအုပ်ဖြစ်သည့်သာမက ၁၉၈၆ ခုနှစ်တွင် ဝှိုက်ဘရက် စာပေဆုရခဲ့သော စာအုပ်လည်းဖြစ်သည်။ ဤစာအုပ်မှာ အစ်ရှီဂူရိုး၏ အင်္ဂလိပ် ဘာသာအားဖြင့်ရေးသားသော စာအုပ်များအနက်မှ တစ်အုပ်ဖြစ်သည်။ အစ်ရှီဂူရိုး သည် ဂျပန်လူမျိုးဖြစ်သော်လည်း သူ၏အရေးအသားများကို အင်္ဂလိပ်ဘာသာ အားဖြင့် ရေးသားခဲ့သည်။ ဘွတ်ကားစာပေဆုရခဲ့သော **The Remains of the Day** (၁၉၈၉)ကို ဖတ်ကြည့်သော် သူ၏ဘာသာစကားတွင်သာမက အနောက် တိုင်းထုံးဓလေ့များတွင် ကျွမ်းကျင်နှံ့စပ်ပုံကိုပါ တွေ့ရပေမည်။ **The Unconsoled** (၁၉၉၅)မှာ ကာဖကာ၏ အရေးအသားဟန်မျိုးဟု ဝေဖန်ရေး ဆရာတို့က ဝေဖန်ကြသည်။

ဝတ္ထုဟုခေါ်ဆိုနိုင်သော အရေးအသားမျိုးဖြစ်သည်။ သို့ရာတွင် ပို့(စ)မော်ဒန် ကာလအတွင်း သတ်မှတ်ပြောဆိုရန် ခက်သောအနေအထားဖြင့် တည်ဆောက် ပြထားသော အရေးအသားလည်းဖြစ်သည်။ အနုပညာ၏အကြောင်းနှင့် အခန်းကဏ္ဍ၊ သမိုင်းဆိုင်ရာအဖြစ်အပျက်များ၊ တူညီသောအမြင်နှင့် ကွဲပြားသော အမြင်များ၊ သမိုင်းနှင့်လိုက်ပါ၍ ပြောင်းလဲနေသော လူ၏အနေအထားနှင့် လူမှုဆက်ဆံရေးပုံစံ၊ တင်ပြခြင်းနှင့် ပြန်လည်တင်ပြခြင်း သဘောများ စသည်ဖြင့် ရောထွေးနေသည်။ မူရင်းစာရေးဆရာသည် အလုံးစုံသော သဘောများအား သီးခြားဖော်ထုတ်၍ ကွန်ရက်ပြထားခဲ့သည်ဟု ဆိုရမည်။

အကြောင်းအရာကို တည်ဆောက်ပြထားသောကာလမှာ ကမ္ဘာကြီး မတိုင်မီနှင့်ပြီးသည့်နောက် ဂျပန်ပြည် ပြန်လည်ထူထောင်သော ကာလဖြစ်သည်။

အဓိကဇာတ်ကောင်မှာ မတ်ဆူဂျီအိုနိုအမည်ရှိ ပန်းချီဆရာအိုကြီးဖြစ်သည်။ သူသည် သူဖြစ်ရှိနေသော ကာလအတွင်းမှ အတိတ်၏အခန်းဟောင်းများ အတွင်းသို့ ပြန်လည်ဝင်ရောက်ပြခဲ့သည်။ အချို့ပြန်လည်သွားရောက်ခဲ့သော ခရီးများမှာ အကြောင်းရှိသကဲ့သို့ အသိပေးစေချင်သည်များလည်းပါသည်။ ဥပမာ၊ အစဉ်အလာနှင့် တီထွင်ဆန်းသစ်မှုတို့၏အကြားမှာ အမြဲတစေရှိနေမည့် ပြဿနာကို ပြခဲ့သည်။ ပြရာတွင် သူသည် တပည့်တစ်ဦးအဖြစ်ဖြင့် လည်းကောင်း၊ ဆရာတစ်ဦးအဖြစ်ဖြင့်လည်းကောင်း ပြခဲ့သည်။ အဖြေပေးရမည့်နေရာတွင် မေးခွန်းများ ထုတ်ပြခဲ့သည်။ အိုနိုမှာ သိသူဖြစ်နေသကဲ့သို့ သိစရာ/ အသိခံအရာလည်း ဖြစ်နေသည်။ ပို့(စ)မော်ဒန်အမြင်များ ပေါ်ပေါက်လာခြင်းကို အခြေခံခဲ့သော ပို့(စ)စထရပ်ချယ်ရယ်လစ်တို့ ဆွေးနွေးလာခဲ့သော သိသူနှင့် အသိခံအရာတို့၏ တစ်သားတည်းဖြစ်လာခြင်းသဘော ဖြစ်သည်။

အကောင်းအဆိုးပြဿနာ၏ ဒွန်တွဲတည်ရှိမှုကို မြင်ကြည့်ကြစေချင်ပါသည်။ ပန်းချီဆရာကြီးအိုနို၏ ကောင်းစေချင်သောအားထုတ်မှုများမှ သက်ရောက်ခဲ့သော ဆိုးကျိုးတို့ကိုကြည့်ကာ လူ၌ဖြစ်တတ်သောသဘော၊ သို့မဟုတ် လူ့အဖွဲ့အစည်းအတွင်း ဖြစ်တတ်သောသဘောကို မြင်ကြည့်စေချင်ပါသည်။ အိုနိုသည် လူငယ်ဘဝ ပန်းချီပညာသင်တပည့်ဘဝမှ ပန်းချီပညာရှင်ဘဝ၊ သားတစ်ဦး၏ ဘဝ အနေအထားမှ ဖခင်တစ်ဦး ဘဝအနေအထား၊ ဖခင်တစ်ဦးဘဝအနေအထားမှ ဘိုးအေတစ်ဦး၏ဘဝအနေအထား စသည်ဖြင့် ကာလတရား၏ ခရီးသွားတစ်ဦး အဖြစ် ဖြစ်သင့်ခြင်းနှင့် ဖြစ်နေခြင်းများကို ရှုမြင်ကြည့်သည်။ ဖြစ်သင့်ခြင်းကို ကာလ၊ ဒေသ၊ ပယောဂက အုပ်စီးထားကြောင်း ပြဆိုသည်။ ဆန္ဒပြင်းပြမှုနှင့် ရောင့်ရဲမှုတို့သည် ပဋိပက္ခများ မဟုတ်ကြသော်လည်း အတူတကွ ပေါင်းသင်း နေထိုင်သူများဟု မဆိုနိုင်ကြောင်း ပြသည်။

အစ်ရှိဂူရို၏ ဤအရေးအသားတွင် အတိတ်သည် အပြစ်တင်စရာတစ်ခုဟု တရားသေမြင်တတ်ကြသူများကို တစ်စုံတစ်ရာ ‘‘နားလည်ကြည့်နိုင်ရန်’’ လမ်းစကို ပေးခဲ့သည်။ ထိုလမ်းစတွင် ကာလတရားက ပြောင်းလဲပစ်ခြင်းများ၊ သို့မဟုတ် ကာလတရား၏ ပြောင်းလဲပစ်ခြင်းများကို မြင်စေချင်ပုံရသည်။ ကာလတရား၏ ပြောင်းလဲမှုနှင့်အတူ လိုက်ပါပြောင်းလဲခြင်းများအတွင်း သိမှုကိုဖြစ်စေသော ပယောဂများပါသည်။ ထိုပယောဂတို့မှာ လျစ်လျူရှုထားရ၍မဖြစ်။ အကြောင်းမှာ

မတူညီသော ကာလတရား၏ ကွပ်ညှပ်ထားခြင်းအတွင်းမှ အတိတ်ကို ဆုံးဖြတ်ရန် မဟုတ်။ ကန့်သတ်ပြရန်မဟုတ်။ ပန်းချီဆရာကြီးအိုနို၏ စေတနာ၊ စိတ်ရင်းကောင်းမှု၊ အမြင်မှန်မှု စသည်များအားလုံး၏ ရလဒ်မှာ ကောင်းကျိုးတည်းသာ ဖြစ်လာသည်မဟုတ်။ ကာလတရား၏ ပြောင်းလဲခြင်းအတွင်း ပြောင်းလဲသွားပုံတို့ကို မြင်ရပေမည်။ အဆုံး၌ စေတနာ၏နေရာကို တွေ့ကောင်းတွေ့ကြရမည် ထင်သည်။

အခြားသောအချက်တစ်ခုသတိထားကြည့်နိုင်သည်မှာ အစ်ရှိဂူရိုး၏ ရေးဟန်ဖြစ်သည်။ ပို့(စ)မော်ဒန်ကာလတွင်း ရေးသားလာကြသည့် သီးခြားအကြောင်းများကို နေရာပေးလာသောသဘောဖြစ်သည်။ 'ဤသို့သာဖြစ်ရမည်' ဟူသော အခြေခံစနစ်ကို ဖြိုဖျက်၍ရေးသားပြခဲ့သည်။ ဝတ္ထုဟု ဈေးကွက်သတ်မှတ်ရေးအတွက် မျိုးတူစုခွဲခြားကာ သတ်မှတ်ထားခြင်းခံရသည်မှ လွဲ၍ ဤအရေးအသားတွင် သမိုင်းအခြေခံအချက်များနှင့် စိတ်ကူးအရသာ တည်ဆောက်ထားသောအချက်များကို တွဲယှက်ရောစပ်ထားခဲ့သည်။ ဝတ္ထုရှည်ဟူသော သတ်မှတ်ချက်အတွင်း ဝတ္ထုတိုများစွာ ပါဝင်လာသည်။ စိတ်ကူးအရ တည်ဆောက်ထားခြင်းများအတွင်း အသိပညာ၊ အနုပညာနှင့် လူမှုရေးစံများ အကြောင်းပါနေခဲ့သည်။ အစ်ရှိဂူရိုးက စည်းရိုးများအားလုံးကို ချိုးဖျက်၍ အရေးအသားတွင် အခြေခံသောဖန်တီးမှုတစ်ခုကို ပြခဲ့သည်ကို မြင်ကြကောင်း၏ဟု ထင်မိပါသည်။

ဖတ်ရှုရာတွင် လွယ်ကူစေရန်ရည်၍ ဂျပန်နိုင်ငံ၏ သမိုင်းကာလအကျဉ်းကို သီးခြားဖော်ပြထားပါသည်။ ဤဘာသာပြန်ဆိုချက်တွင် ယဉ်ကျေးမှုပုံစံနှင့် လူမှုဆက်ဆံရေးပုံစံ မတူညီမှုများကို ချောမောစေရန် မဆိုစလောက်သော ပြောင်းလဲချက်များရှိပါသည်။ ဘာသာပြန်သူ၏ အမြင်ဆန္ဒနှင့်မကိုက်ညီသော စကားလုံးတစ်လုံးကိုမှု အနက်ရင်းမှ သွေဖီမသွားစေဘဲ ပြောင်းလဲ၍ သုံးစွဲခဲ့ပါသည်။ ၎င်းစကားလုံးမှာ 'ဂျပန်များ လက်နက်ချရသောအခါ' ဟူသော နေရာတိုင်းတွင် 'စစ်ကြီးပြီးသွားသောအခါ' ဟူ၍ ပြောင်းလဲသုံးစွဲခဲ့ပါသည်။ ဘာသာပြန်သူအနေဖြင့် ဂျပန်များလက်နက်ချရခြင်းသည် တရားသဖြင့် လက်နက်ချရခြင်းဖြစ်သည်ဟု မမြင်နိုင်သေးပါ။

**မြင့်သန်း**

# ဂျပန်နိုင်ငံ၏ အနေအထား

အစ်ရှိဂူရိုး၏အရေးအသားနှင့်ပတ်သက်၍ အရေးအသားတည်ခဲ့ရာ ကာလ၊ ဂျပန်နိုင်ငံ၏အနေအထားကို အကြမ်းဖျင်းသိထားသင့်ပါသည်။

၁၉၃၁ ခုမှ ၁၉၄၁ ခု ကာလကို ဂျပန်တို့က ကူရိုင်တနာမိဟု ဆိုကြလေ့ရှိပါသည်။ ဆိုလိုသည်မှာ အမှောင်လွှမ်းသောအကျဉ်းအကြပ်ကာလဟူ၍ ဖြစ်သည်။ အထူးသဖြင့် ဂျပန်ပညာတတ်လူတန်းစားများက မြင်ခဲ့ကြသော အမြင်ဟူ၍လည်း ဆိုနိုင်သည်။ ပြည်ပတွင်စစ်ရေးဖြင့် ရင်ဆိုင်နေကြရသကဲ့သို့ ပြည်တွင်းတွင် နိုင်ငံရေးအရ မတည်ငြိမ်မှုများ ဖြစ်နေခဲ့သည်။

၁၉၃၁ ခု၊ စက်တင်ဘာလတွင် ဂျပန်တို့၏ ကွမ်တန်တပ်ရင်းက မန်ချူးရီးယားကို ဝင်ရောက်သိမ်းပိုက်ခဲ့ပြီး၊ မန်ချူးကိုးဟု တွင်စေခဲ့သည်။

၁၉၃၃–၁၉၃၇ ကာလအတွင်း ဂျပန်ပညာရှင်၊ ပညာတတ်အတော်များများမှာ ၎င်းတို့တာဝန်ထမ်းဆောင်ကြရာ ပညာရပ်ဆိုင်ရာ အဆောက်အအုံများမှ ထုတ်ပယ်ခြင်းခံခဲ့ကြရသည်။

၁၉၃၇ ခုနှစ်တွင်မူ ဂျပန်တပ်အတော်များများ တရုတ်ပြည်မကြီးတွင် အခြေချလာကြသည်။ ဩဂုတ်လတွင် ရှန်ဟဲ၌တိုက်ပွဲများ စတင်လာပြန်သည်။ ဒီဇင်ဘာလတွင်မူ ဂျပန်တပ်များက နန်ကင်းကိုသိမ်းပိုက်ခဲ့သည်။

၁၉၄၁ ခု၊ ဒီဇင်ဘာလတွင် ဂျပန်က ပုလဲဆိပ်ကမ်းကို ဗုံးကြဲခဲ့သည်။

၁၉၄၃ ခုနှစ်တွင် ကျင်းပခဲ့သော ကိုင်ရိုကြေညာချက်အရ မန်ချူး ရီးယားမှာ တရုတ်လက်သို့ပြန်လည်အပ်ခဲ့ရသည်။

၁၉၄၅ ခု၊ ဩဂုတ်လတွင် ဂျပန်နိုင်ငံ ဟီရိုရှီးမားနှင့် နာဂါစကီမြို့ နှစ်မြို့ကို အမေရိကန်တို့က အဏုမြူဗုံးကြဲ၍ စစ်ကို အဝမ္မနည်းကျင့်သုံးကာ ပြီးဆုံးစေခဲ့သည်။

စက်တင်ဘာလတွင် တရားဝင်စစ်ပြီးစေခဲ့သည်။ ထိုအခါမှစ၍ ၁၉၅၂ ခုနှစ်အထိ အမေရိကန်တို့က ဂျပန်ပြည်တွင်ဝင်ရောက်၍ ထင်သလို လုပ်ပိုင်ခွင့်ယူခဲ့ကြသည်။ ဥပမာ– ဖွဲ့စည်းပုံအသစ်တွင် ၎င်းတို့သဘောအရ The right of belligerency of the state will not be recognized (Article 9) ကဲ့သို့သော အချက်ကို ထည့်သွင်းခဲ့ကြောင်းတွေ့ရသည်။

၁၉၄၇ ခုမှ ၁၉၄၈ ခုနှစ် စောစောပိုင်းအထိ ဂျပန်နိုင်ငံ၏အုပ်ချုပ်ရေးမှာ ရှေးရိုးသမားတို့လက်တွင် ရှိနေခဲ့သည်။

၁၉၄၉ ခုနှစ်တွင် ဂျပန်နိုင်ငံတွင် ကွန်မြူနစ်ဝါဒ အားကောင်းလာခဲ့သည်။ ခေတ်အမြင်ရှိသော ယိုရှီဒါက ဝန်ကြီးချုပ်အဖြစ် အရွေးခံရသည်။

၁၉၅၀ ပြည့်နှစ်တွင် ကိုရီးယားစစ် စတင်ဖြစ်ပွားခဲ့သည်။

၁၉၅၁ ခုတွင် အမေရိကန်တို့စီမံထားသော သဘောတူစာချုပ်များကို ဂျပန်အစိုးရက တရားဝင်ရေးထိုးခဲ့ကြရသည်။

၁၉၅၂ ခု၊ ဧပြီလ ၂၈ ရက်၊ ဂျပန်ဘုရင်မင်းမြတ်၏ မွေးနေ့မတိုင်မီ တစ်ရက်တွင် ဂျပန်မှာ လွတ်လပ်သောနိုင်ငံတစ်ခုဖြစ်ခဲ့ရသည်။

**အညွှန်း** ■


- A Short History of Japan (1963)
- A History of Japan (1964)
- A History of Modern Japan (1965)
- The Emergence of Modern Japan (1989)

# ကျေးဇူးတင်ရခြင်း

- ဂျပန်ဘာသာစကားလုံး အသုံးအနှုန်းနှင့် အခေါ်အဝေါ်များကို ရှင်းလင်းပြခဲ့သော ဆကာအီမြို့မှ ဂျင်း(မ)နှင့် ကျိုတိုကို (James H. & Kyoko Emery) လည်းကောင်း၊
- ဆစ်ဒနီတက္ကသိုလ်မှ ဘွဲ့လွန်ပညာလေ့လာသူ ယူရီ တာကာဟာရှီ (Yuri Takahashi) ကို လည်းကောင်း၊
- ဂျပန်နိုင်ငံသမိုင်းနှင့်ယဉ်ကျေးမှုကို သင်ကြားပေးခဲ့သော ဆစ်ဒနီမြို့ အနောက်ဘက်တက္ကသိုလ်မှ ဒေါက်တာ ဂျူးဒစ် စနော့ဒ်ဂရပ်(စ်) Dr. Judith Snodgrass ကို လည်းကောင်း၊
- ဗိုလ်ချုပ်ကြီးအာနာမီနှင့် သူ၏နောက်ဆုံး (tanka) အကြောင်း အကြိမ်ကြိမ်မမောမပန်း ပြောပြလေ့ရှိသော ကွယ်လွန်သူ မိတ်ဆွေကြီး ကီရှီ (Kishi) ကို လည်းကောင်း၊
- ဂျပန်တို့၏စရိုက်ကို ပြောပြလေ့ရှိသော ဘုန်းကြီးဦးတေဇဝမ္မ (ကျောက်မြောင်း) ကို လည်းကောင်း၊
- မူရင်းနှင့် ဘာသာပြန်အပေါ် ဖတ်ရှု၍အကြံပေးခဲ့သော စာရေးဆရာတို့၏ မူပိုင်ခွင့်ရုံးမှ အကြီးတန်းသုတေသနအရာရှိ၊ ဇနီးဖြစ်သူ ဒေါ်သန်းသန်းရည် ကို လည်းကောင်း၊
- အစ်ရှိဂူရိုး၏ အရေးအသားများနှင့် ပတ်သက်၍ စိတ်ပါဝင်စားစွာ ဆွေးနွေးလေ့ရှိသော ပင်းနင့်ဟေးလ် အနောက်ဘက်မှ တိုင်ရွန်နှင့် မေးဗစ်ခင် (Tyrone & Mavis Khin) တို့ကို လည်းကောင်း၊
- ထုတ်ဝေသူနှင့် ကျွန်တော်၏ စာလုံးပေါင်းအမှားများကို သည်းခံ၍ စာစီကြရသူများ အားလုံးကို ကျေးဇူးတင်ရပါသည်။

# ဝတ္ထုဇာတ်လမ်းပါ အဓိကဇာတ်ကောင် နာမည်များ

မတ်ဆူဂျီ အိုနို = ပန်းချီဆရာကြီး

စချီကို = မတ်ဆူဂျီအိုနို၏ အမေ

မိချိကို = မတ်ဆူဂျီအိုနို၏ ဇနီး

ကင်ဂျီ = မတ်ဆူဂျီအိုနို၏ သား

ဆက်ဆူကို = မတ်ဆူဂျီအိုနို၏ သမီးအကြီး

အစ်ချိရို = မတ်ဆူဂျီအိုနို၏မြေး၊ ဆက်ဆူကို၏သား

နိုရီကို = မတ်ဆူဂျီအိုနို၏ သမီးအငယ်

ဆူအိချိ = ဆက်ဆူကို၏ ခင်ပွန်း

တာရိုဆိုက်တို = နိုရီကို၏ ခင်ပွန်း

ဒေါက်တာဆိုက်တို = အင်ပီးရီးရယ်စီးတီးတက္ကသိုလ်၊ အနုပညာဝေဖန်ရေး
ပညာရှင်၊ တာရိုဆိုက်တို၏ ဖခင်

မစ္စစ်ဆိုက်တို = ဒေါက်တာဆိုက်တို၏ ဇနီး

မစ်ဆူအိုဆိုက်တို = ဒေါက်တာဆိုက်တို၏ သားအငယ်

ဂျီရိုမိယာကီ = နိုရီကိုနှင့် ယခင်က စေ့စပ်ကြောင်းလမ်းခဲ့သူ

အကိရ ဆူဂီမူရာ = အိုနိုနေထိုင်သောအိမ်၏ မူလပိုင်ရှင်

မစ္စစ်ကာဝကာမိ = စားသောက်ဆိုင်ပိုင်ရှင်

ရှင်တာရိုး
ကူရိုဒါ
မူရာဆာကီ
တနကာ

ယိုရှိရိုး = ရှင်တာရိုး၏ညီ

ဟိယာရာမ = စိတ်မမှန်သူ

ယာမဂတ = မီဂီဟီဒရီ စားသောက်ဆိုင်ပိုင်ရှင်

တာကေဒါ = တာကေဒါပန်းချီလုပ်ငန်းပိုင်ရှင်၊ ပန်းချီဆရာ

ဆေအိဂျိမိုရိယာမ = နာမည်ကျော်ပန်းချီဆရာ၊ မတ်ဆူဂျီအိုနို၏ဆရာ

ယာဆုနာရိနကဟာရာ = ပန်းချီဆရာ

မစွတာကယို = စေ့စပ်ကြောင်းလမ်းပွဲ ကြားဝင်ဆောင်ရွက်သူ

ချိစုမတ်ဆူဒါ = အိုဂဒါရှင်ဂျင် အဖွဲ့အစည်းလူကြီး၊ ပန်းချီဆရာ

မစွဆူဖူကီး = မတ်ဆူဒါ၏ သူနာပြုဆရာမ

နကာနီ = မီနာမီကောလိပ်ကျောင်းအုပ်ကြီး

အင်းချို = ပန်းချီဆရာကူရိုဒါ၏ တပည့်

ဆာဆကိ = ပန်းချီဆရာကြီး မိုရိယာမ၏တပည့်ရင်း

မာကီ = ကွက်စိပ်ဆရာ

ဂီဆဘူရို = ဖျော်ဖြေရေး အဖွဲ့ခေါင်းဆောင်

ယူကီယိုနဂူချီ = နာမည်ကျော် ဂီတပညာရှင်

မစွတာဟာယာဆက = ကေအင်စီကုမ္ပဏီလူကြီး

## ⅄ အောက်တိုဘာ၊ ၁၉၄၈ ⅄

နေသာတဲ့နေ့ တစ်နေ့နေ့မှာများ ဒီနားကလူတွေက 'တုံ့ဆိုင်းခြင်း တံတား'လို့ ခေါ်ကြတဲ့ အဲဒီသစ်သားတံတားကလေးပေါ် ဖြတ်လျှောက်လာပြီး ခပ်စောက်စောက် လူသွားလမ်းကလေးအတိုင်း တက်လာရင်ဖြင့် သိပ်မလျှောက် ရပါဘူး။ ဂျင်ကို အပင်နှစ်ပင်အကြားက ကျုပ်အိမ်အမိုးကို မြင်ရမှာပါ။ အိမ်ကတော့ဖြင့် တောင်ရဲ့နေရာ သိပ်ကောင်းကောင်းမှာ ဆောက်ထားတာ မဟုတ်ပေမယ့် ပတ်ဝန်းကျင်က တခြားအိမ်တွေနဲ့ယှဉ်ရရင် ထူးခြားနေလေ တော့ တကယ်လို့များ ခင်ဗျားက အဲဒီလူသွားလမ်းကလေးက တက်လာတယ် ဆိုရင်ဖြင့် ဘယ်လိုလူချမ်းသာတစ်ယောက်များ ဒီအိမ်ကို ပိုင်တာပါလဲလို့ တွေးကြည့်မိမှာပါ။

ဒါပေတဲ့ ကျုပ်က လူချမ်းသာတစ်ယောက် မဟုတ်ပါဘူး။ တစ်ခါ မှလဲ မချမ်းသာပါဘူး။ တကယ်တော့ အိမ်ကြောင့် ကျုပ်အပေါ် အထင်ကြီး စရာဖြစ်လာတာပါ။ အိမ်က တခြားလူ ဆောက်ခဲ့တာ မဟုတ်ပါဘူး။ ဆရာကြီး အကိရဆူဂီမူရာ ဆောက်ခဲ့တာပါ။ အင်း... ခင်ဗျားအနေနဲ့က ဒီမြို့မှာ လူသစ်ဖြစ်နေလေတော့ အကိရဆူဂီမူရာဆိုတာ ဘယ်သူဘယ်ဝါရယ်လို့ သိ မယ် မဟုတ်ဘူး။ ဒါပေတဲ့ တကယ်လို့များ စစ်ကြီးမတိုင်ခင်က ဒီမြို့မှာနေခဲ့ တဲ့ တစ်ယောက်ယောက်ကိုများ မေးကြည့်မယ်ဆိုရင် နှစ်ပေါင်းသုံးဆယ် က... နှစ်ပေါင်းသုံးဆယ်လောက်က ဆိုပါစို့ရဲ့။ ဆူဂီမူရာဟာ ဒီမြို့ရဲ့

http://www.cherrythitsar.org



ဩဇာရှိတဲ့လူတစ်ယောက်။ လူရိုသေ၊ ရှင်ရိုသေလို့ပြောရမယ့် လူတစ်ယောက် ဆိုတာ သံသယများတောင် ရှိစရာမလိုဖူးဆိုတာ သိရမှာပါ။

တကယ်လို့များ ခင်ဗျားက တောင်ထိပ်ရောက်လာခဲ့လို့ စီဒါ သစ်သားဂိတ်တံခါးရှိရာက လှမ်းကြည့်ခဲ့ရင် နေရာခပ်ကျယ်ကျယ်ကို စည်းရိုး ကာထားပြီး ပန်းခြံလုပ်ထားတာ၊ မျက်စိကျဖို့ကောင်းတဲ့ အိမ်အမိုး အုတ်ကြွပ် အပြားတွေ၊ မြင်ကွင်းကို ညွှန်းသလိုဖြစ်နေတဲ့ အိမ်ရဲ့ ခေါင်ချိုးထားပုံတွေ၊ ဒါတွေကိုတွေ့တော့ရင် ဘယ်လိုများလုပ်ပြီး ကျုပ်လို သာမန်ဝင်ငွေလောက် သာရှိတဲ့ သူတစ်ယောက်က ဒီလိုနေရာမျိုးကို ပိုင်ပါလိမ့်လို့ တွေးရင်း အံ့ဩနေ ပေလိမ့်မယ်။ အမှန်ပြောရရင်ဖြင့် ဒီအိမ်ကို ဈေးချိုချိုနဲ့ ဝယ်ထားတာပါ။ ဈေးချိုချိုလို့ဆိုရတာ ကျုပ်ဝယ်စဉ်အခါက အိမ်တန်ဖိုးပေါက်ဈေးရဲ့ တစ်ဝက် တောင် ကျုပ်မပေးခဲ့ရလို့ပါ။ ဒီလိုဝယ်နိုင်ခဲ့တဲ့ ကိစ္စမှာလဲ ဆူဂီမူရာမိသားစု တွေဘက်က အိမ်ရောင်းရာမှာ တောင်းဆိုခဲ့တဲ့အချက်တွေကြောင့်လဲ ပါပါ တယ်။ ဒီတောင်းဆိုချက်တွေကို တချို့ကတော့လဲ ခပ်ကြောင်ကြောင်ရယ်လို့ တောင် ဆိုကြမယ်။

ခုဆို ဆယ့်ငါးနှစ်လောက် ကျန်ခဲ့ပါပြီ။ အဲဒီတုန်းကဆိုရင် ကျုပ် အခြေအနေကလဲ တစ်လထက်တစ်လ ကောင်းလာနေလေတော့ ကျုပ်မိန်းမ ကလဲ အိမ်သစ်ရှာဖို့ တွန်းနေချိန်ကိုး။ မိန်းမကတော့ ထုံးစံအတိုင်း အမြော် အမြင်ကြီးပ။ ကျုပ်တို့အနေနဲ့၊ ကျုပ်တို့အဆင့်အတန်းနဲ့ သင့်တော်တဲ့အိမ်မျိုး တော့ ရှိရမယ်လို့ ဆင်ခြေပေးပါတယ်။ ဒီမှာလဲ ကိုယ်ကျိုးကြည့်ပြောတာတော့ မဟုတ်ဘူးဆိုပဲ။ သားသမီးတွေရဲ့နောင်ရေး၊ အိမ်ထောင်ရက်သားများ ကျခဲ့ တဲ့အခါ အရေးကြီးတယ်ဆိုပဲ။ ဟုတ်တော့ဟုတ်သားလို့ ကျုပ် တွေးမိပါ တယ်။ သို့ပေတဲ့ အဲဒီတုန်းက ကလေးအကြီးဆုံး ဆက်ဆူကိုမှ ဆယ့်လေးငါး နှစ် ရှိသေးတာကလား။ ဒီတော့ ဒီလောက် အလောသုံးဆယ် နိုင်နေဖို့ မလိုဘူးလို့ ကျုပ်ကမြင်မိတယ်။ သို့ပေတဲ့ တစ်နှစ်လောက် အချိန်အတွင်းမှာ သင့်တော်မယ် ထင်ရတဲ့အိမ်များ ရောင်းစရာရှိတယ်ဆိုရင်ဖြင့် ကျုပ်က စုံစမ်းလေ့ရှိပါတယ်။ အမှန်တော့ အကိရဆူဂီမူရာ တိမ်းပါးသွားပြီးတဲ့နောက် တစ်နှစ်လောက်အကြာမှာ သူ့အိမ်ကို ရောင်းပစ်ကြတော့မယ် ဆိုတဲ့သတင်းက ကျုပ်တပည့်တစ်ယောက်က ယူလာတာပါ။ ကျုပ်လိုကောင်က ဒီအိမ်ဝယ်ဖို့ ဆိုတာ ရယ်တော့ရယ်စရာပါ။ ဝယ်ဖို့ကောင်းလားလို့ဆိုတော့ ကျုပ်ကို အမြဲလို

http://www.cherrythitsar.org


အထင်ကြီးတတ်တဲ့ တပည့်တွေက အထင်ကြီးသပေါ့။ ထုံးစံအတိုင်း ကျုပ်က လဲ စုံတော့စုံစမ်းမိပါရဲ့။ သို့ပေတဲ့ မမျှော်လင့်တဲ့ တုံ့ပြန်ချက်တစ်ခု ရလာ တယ်။

တစ်နေ့၊ နေ့လယ်ခင်းမှာ သောကတွေပွားနေပုံရတဲ့ ဆံပင်ဖြူဖြူနဲ့ အဘွားကြီးနှစ်ယောက် ကျုပ်ဆီမှာရောက်လာပါတယ်။ အကိရဆူဂီမူရာရဲ့ သမီးတွေလို့ ဆိုတယ်။ ကျုပ်ကလဲ ခုလို ကျော်စောကိတ္တိမရှိတဲ့ ဆရာကြီးရဲ့ သွေးသားအရင်းအခြာတွေက ကိုယ်တိုင်ကိုယ်ကျ အရေးတယူလုပ်တာကို အံ့ဩမိတယ်ဆိုတာ ပြောလိုက်မိတယ်ဆိုရင် သူတို့နှစ်ယောက်ထဲက အစ်မကြီးဖြစ်သူက သူတို့အနေနဲ့ အလည်သဘောနဲ့ လာတာမဟုတ်ဘူးလို့ လေအေးကလေးနဲ့ ပြန်ပြောပါတယ်။ ပြီးခဲ့တဲ့ လတွေထဲမှာ သူတို့ရဲ့ ကွယ်လွန်သူဖခင်ကြီးရဲ့အိမ်ကို ရောင်းမရောင်း အတော်စုံစမ်းလာကြတဲ့အခါ ကျန်ရစ်သူမိသားစုတွေအနေနဲ့ စုံစမ်းတဲ့သူ လေးဦးကလွဲလို့ ကျန်တဲ့လူတွေကို ငြင်းဆိုခဲ့သတဲ့။ အဲဒီလေးဦးရဲ့ သဘောသကန်နဲ့ အောင်မြင်မှုကိုလဲ မိသားစုတွေက အသေအချာ စိစစ်လေ့လာခဲ့ကြသတဲ့။

'ကျွန်မတို့အနေနဲ့ အရေးကြီးဆုံး အချက်တစ်ခုလို့ မြင်တာက'လို့ အစချီပြီး အစ်မကြီးလုပ်သူက ခုလိုပြောပါတယ်။ 'ကျွန်မတို့ရဲ့ ဖခင်ကြီး ဆောက်ခဲ့တဲ့အိမ်ကို တန်ဖိုးသိတဲ့သူ၊ တန်ဖိုးထားမယ့်သူ လက်ထဲရောက်ဖို့ပါပဲ။ အခြေအနေအရ ငွေရေးကြေးရေးကို စဉ်းစားရပေမယ့် ဒီအချက်ဟာ အဓိကမဟုတ်တာ အမှန်ပါ၊ ဒါ့ကြောင့် ကျွန်မတို့အိမ်ဈေး သတ်မှတ်လာခဲ့ပါတယ်'

အဲဒီအခါ စကားတစ်ခွန်းတစ်ပါဒမှ ဝင်မပြောခဲ့တဲ့ ညီမအငယ်က ကျုပ်ကို စာအိတ်တစ်အိတ် ပေးပါတယ်။ စာအိတ်ကိုဖွင့်နေတုန်း ကျုပ်ကို အသေအချာ ကြည့်နေကြလေရဲ့။ စာအိတ်ထဲမှာတော့ စာရွက်တစ်ရွက်ပဲပါပါတယ်။ စာရွက်ပေါ်မှာတော့ မင်သုံးပြီး စုတ်နဲ့လှလှပပရေးထားတဲ့ ကိန်းဂဏန်းတစ်တွဲပဲ ပါတယ်။ ကျုပ်အနေနဲ့ကတော့ ဈေးချိုလွန်းလှတာကို တအံ့တဩနဲ့ ပြောမယ်လို့လုပ်မိပေမယ့် ကျုပ်ရှေ့မှာတွေ့နေရတဲ့ သူတို့မျက်နှာတွေကြောင့် ငွေရေးကြေးရေးအကြောင်း ပြောလို့ဖြင့် မသင့်ပေဘူးလို့ တွေးမိလိုက်ပါတယ်။ ဒီတင်ပဲ အစ်မကြီးဖြစ်သူက ခုလို ရိုးရိုးစင်းစင်း ပြောလိုက်ပါတယ်။

'ကျွန်မတို့အနေနဲ့က ဒီသတ်မှတ်ထားတဲ့ တန်ဖိုးထက်ပိုရဖို့ စိတ်မဝင်စားကြပါဘူး၊ ရှင်တို့အနေနဲ့ တစ်ယောက်က တစ်ယောက်ထက် ပိုပေးပေမယ့်လဲ အကျိုးထူးမယ် မဟုတ်ပါဘူး၊ ခု ကျွန်မတို့လုပ်ကြရမှာက ရှင်တို့ရဲ့ ဂုဏ်သိက္ခာတွေကို စစ်ကြောအကဲဖြတ်ကြည့်ဖို့ပဲ ရှိတော့တယ်'

ခုလို သူတို့အနေနဲ့ လူကိုယ်တိုင် လာခဲ့ရတာကလဲ ဆူဂီမူရာရဲ့ မိသားစုကိုယ်စား ကျုပ်ကို တရားဝင် မေးမြန်းစရာရှိတာတွေ မေးမြန်းရအောင် ပါတဲ့။ ကျုပ်အနေနဲ့ တခြားဝယ်လိုသူ သုံးယောက်လိုပဲ ကျုပ်ရဲ့နောက်ကြောင်း ရာဇဝင်ကစလို့ အထောက်အထားတွေ၊ ဘာတွေပြလို့ သူတို့ရဲ့ အသေးစိတ် စိစစ်တာကို လက်ခံနိုင်၊ မခံနိုင်ပေါ့။ ရောင်းဖို့သင့်၊ မသင့်ကို အဲဒီနည်းနဲ့ ဆုံးဖြတ်မယ်တဲ့။

အတော့်ကို ကပေါက်တိကပေါက်ချာနိုင်တဲ့ အစီအစဉ်ပါ။ သို့ပေတဲ့ ဘာမှကန့်ကွက်စရာမရှိဘူးလို့ ကျုပ်မြင်ပါတယ်။ တကယ်တော့ သားရေး၊ သမီးရေး စီစဉ်ကြသလိုမျိုးပေါ့။ ကျုပ်ကိုယ်ကျုပ်ကတော့ မယုံနိုင်တာရှိတယ်။ ခုလိုအိုမင်းပြီး ရှေးရိုးဆန်လှတဲ့ မိသားစုတစ်စုက ကျုပ်ကို အိမ်ရောင်းသင့်တဲ့ ဝယ်သူလို့ သဘောထားတဲ့ကိစ္စပါ။ ကျုပ်က သူတို့လိုအပ်သလို စိစစ်၊ စုံစမ်းကြည့်နိုင်ကြကြောင်းပြောရင်း ကျေးဇူးတင်စကားပြောလိုက်တဲ့အခါ ညီမငယ်ဖြစ်သူက ပထမဆုံးအကြိမ် ကျုပ်ကို ခုလိုပြောတယ်။

'မစ္စတာအိုနို၊ ကျွန်မတို့အဖေဟာ ယဉ်ကျေးမှုကို တန်ဖိုးထားတဲ့ လူတစ်ယောက်ပါ၊ အနုသုခုမ ပန်းချီပညာရှင်တွေကိုလဲ အလွန်တန်ဖိုးထားပါတယ်၊ ပြောရမယ်ဆိုရင် ရှင့်လက်ရာတွေကို သူသိပါတယ်'

နောက်ရက်တွေမှာတော့ ကျုပ်ဘာသာကျုပ် စုံစမ်းကြည့်တဲ့အခါ ဆူဂီမူရာရဲ့ သမီးအငယ်ပြောခဲ့တာ အမှန်ပဲဆိုတာ သိရပါတယ်။ ဆူဂီမူရာဟာ အနုပညာစိတ် အလွန်ထက်သန်တဲ့သူ ဖြစ်ရုံမက ပန်းချီပြပွဲတွေ၊ ဘာတွေ အတော်များများကို သူက ငွေစိုက်ပြပေးခဲ့တာတဲ့။ ဒီကြားထဲမှာ ကောလာဟလ အနေနဲ့ ကြားလိုက်ရသေးတာက ဆူဂီမူရာမိသားစုထဲက တချို့က အိမ်ကို မရောင်းချင်ကြလို့ သူတို့အချင်းချင်း အတော်စကားများကြရသေးဆိုပဲ။ အဆုံးမတော့ ငွေရေးကြေးရေးပြဿနာက ရောင်းမှမရဘဲကိုး။ ဒီအိမ်ကို မိသားစု လက်လွှတ်လိုက်ရမှာ မလိုလားတဲ့ဘက်နဲ့ သူတို့ချင်း ညှိနှိုင်းကြရာက အိမ်ဝယ်သူကို စစ်ကြောဖို့ အစီအစဉ်ပေါ်လာတယ်ဆိုတာပါပဲ။ ဒီအချက်ဟာ

အိမ်ရောင်းဖို့ကိစ္စမှာ အကျပ်ကိုင်ထားသလိုတောင် ဖြစ်နေတယ်ဆိုတာ မငြင်းနိုင်ပါဘူး။ ကျုပ်အနေနဲ့ကတော့ ခုလို အထင်ကရဖြစ်ခဲ့တဲ့ မိသားစုအနေနဲ့ သူတို့ပစ္စည်းပေါ်မှာ သံယောဇဉ်ရှိနေတာကို စိတ်မကောင်းဖြစ်မိပါတယ်။ ကျုပ်မိန်းမကတော့ ခုလိုစိစစ်တယ်၊ စစ်ကြောမယ်ဆိုတာမျိုးကို သိပ်သဘောမကျလှပါဘူး။

'သင်းတို့ကို သင်းတို့ ဘာများထင်နေကြသလဲ'လို့ ကျုပ်မိန်းမက ကန့်ကွက်နေသေးတာ။

'ပြောလိုက်စမ်းပါ၊ သင်တို့နဲ့ ဘာမှဆက်လုပ်နေစရာမရှိဘူးလို့'တဲ့။

'ဒါပေတဲ့ကွာ၊ တို့မှာ ဘာများနစ်နာသွားစရာ ရှိလို့တုန်း'လို့ ပြောရင်း ကျုပ်က ရှင်းပြရတယ်။

'တို့မှာ သူတို့မသိအောင် ဘာများကွယ်ဝှက်ထားစရာ ရှိလို့တုန်း၊ ငါက မျိုးနဲ့ရိုးနဲ့ ချမ်းသာခဲ့တာမဟုတ်ဘူးဆိုတာ ဆူဂီမူရာမိသားစုက သိပြီးသားပဲ၊ ဒါပေတဲ့ သူတို့က ငါ့ကိုရောင်းသင့်တဲ့ လူတစ်ယောက်အနေနဲ့ လက်ခံထားတာကိုး၊ သူတို့ဘာသာ စုံစမ်းကြည့်ကြပါစေ၊ သူတို့ တွေ့ရသမျှက တို့အတွက် ပိုတောင် အကျိုးရှိဦးမှာ'

ပြီးတော့ ကျုပ်က တစ်ချက်ထောက်ပြလိုက်သေးတယ်။

'ဘယ်လိုပဲဖြစ်ဖြစ် သူတို့လုပ်နေတာက သားရေးသမီးရေး စေ့စပ်ကြောင်းလမ်းတာတို့၊ ဘာတို့လုပ်တဲ့အခါ လုပ်ရတာမျိုးထက် မပိုပါဘူး၊ တို့မလဲ အဲသလို အလုပ်ခံရတာမျိုးလေး အတွေ့အကြုံ ရှိထားဖို့လိုတယ် မဟုတ်လား'

တကယ်တော့ ဆူဂီမူရာရဲ့ သမီးအကြီးပြောသလို ဂုဏ်သိက္ခာတွေကို စစ်ကြောအကဲဖြတ်ရမယ်ဆိုတဲ့ စိတ်ကူးဟာ သဘောကျစရာကောင်းပါတယ်။ ဒီလို ဘာလို့များ များများစားစား မလုပ်ကြသတုန်းလို့တောင် စဉ်းစားကြည့်စရာဖြစ်နေတယ်။ ရောင်းရေးဝယ်တာလုပ်ကြရာမှာ ဓနအင်အားကို ရှေ့တန်းမတင်ဘဲ လူတစ်ယောက်ရဲ့ ကိုယ်ကျင့်တရားအပိုင်းနဲ့ အောင်မြင်မှုကို ရှေ့တန်းတင် ဆုံးဖြတ်တယ်ဆိုတာ ဘယ်လောက် ဂုဏ်ယူစရာကောင်းသလဲ။ ခုထိများတောင် သတိရနေတာ တစ်ခုရှိပါသေးတယ်။ ဆူဂီမူရာ မိသားစုတွေက ကျုပ်အကြောင်း နှိုက်နှိုက်ချွတ်ချွတ် စုံစမ်းစစ်ဆေးပြီးကြတဲ့နောက် ကျုပ်ကိုသာ ရောင်းချသင့်တယ်လို့ ဆုံးဖြတ်ခဲ့ကြတဲ့အခါက ကျုပ်ဟာ အလွန့်အလွန် ကျေနပ်နှစ်သိမ့်မှုတစ်ရပ် ရခဲ့တယ်ဆိုတာပါပဲ။ အိမ်အနေနဲ့ကတော့ စိတ်ထဲကသိကအောက် ဖြစ်စရာကလေးများတော့ ရှိပေတဲ့ အဖိုးတန်လှတယ်လို့

ဆိုရပါမယ်။ အပြင်ဘက်မှာဆိုရင် ခိုင်ခိုင်မာမာ၊ တောင့်တောင့်တင်းတင်းနဲ့ အလွန်သဘောကျစရာပေတဲ့ အတွင်းတစ်နေရာမှာတော့ သစ်သားရဲ့သဘာဝ အပွေးတွေ၊ အကွက်တွေပေါ်အောင် အသေအချာရွေးပြီး ဆောက်ထားတဲ့ တစ်နေရာကတော့ နူးညံ့လှပါတယ်။ ကျုပ်တို့အားလုံး ဒီမှာနေထိုင်ကြသူတွေ အဖို့ကတော့ အဲဒီနေရာဟာ အေးငြိမ်းစွာနေကြဖို့ အခြေအနေတွေကို ဖန်တီး ပေးနေသလိုပါပဲ။

အိမ်ကို လက်ပြောင်းလက်လွှဲ လုပ်ကြတဲ့အခါ ဆူဂီမူရာ မိသားစုရဲ့ စီးစီးပိုးပိုးရှိပုံကို နေရာတကာမှာ တွေ့လာရပါတယ်။ တချို့ဆိုရင် ကျုပ်တို့ကို သဘောမကျဘူးဆိုတာ ထိမ်ဝှက်တောင် မထားကြပါဘူး။ ပြောင်ပြောင်ပဲ။ သိပ်နားလည်မှုမရှိတဲ့ သူမျိုးဆိုရင်တော့ သူတို့ကို စော်ကားတယ်ထင်လို့ အရောင်းအဝယ်တောင် ဖျက်ပစ်လိုက်ကြမှာ။ နောက်နှစ်တော်တော်ကလေး ကြာတဲ့အထိ ဆူဂီမူရာရဲ့မိသားစုထဲက တချို့နဲ့ ကျုပ်အမှတ်မထင်တွေ့ သေးတယ်။ တွေ့တော့လဲ အာလာပသလ္လာပ ဆိုရတယ်မရှိဘူး။ လမ်းပေါ်က ရပ်ပြီး ကျုပ်ကို အိမ်နဲ့ပတ်သက်ပြီး ဘာတွေအပြောင်းအလဲလုပ်တယ်၊ ပြင်တယ်၊ ဘယ်လိုအခြေအနေရှိတယ် ဆိုတာတွေသာ စစ်ဆေးမေးမြန်းကြတော့တာကိုး။

ခုအခါများမတော့ ဆူဂီမူရာ မိသားစုတွေအကြောင်း မကြားရတော့ သလောက်ပါပဲ။ သို့ပေတဲ့၊ အိမ်အရောင်းအဝယ် လုပ်စဉ်ကလာတဲ့ ညီအစ်မ နှစ်ယောက်အနက် အငယ်မက စစ်ကြီးပြီးစလောက်မှာ ကျုပ်ဆီအလည်လာ ပါတယ်။ စစ်ဘေးစစ်ဒဏ်ကြောင့် သူခများပိန်ပြီး အတော်ကလေးအိုကျသွား တယ်။ မာလဲမမာဘူး။ စစ်ကာလအတွင်းမှာ အိမ်ရဲ့အခြေအနေ ဘယ်လိုဆိုတာ ကိုသာ သိချင်တာကိုး။ အိမ်မှာနေတဲ့ လူတွေအကြောင်း သိချင်တာမဟုတ်တော့ သူတို့မိသားစုရဲ့ စရိုက်အတိုင်း သိပ်ကွယ်ကွယ်ဝှက်ဝှက် လုပ်မေးမနေပါဘူး။ ကျုပ်ဇနီးနဲ့ ကင်ဂျိတို့အကြောင်း ကြားတယ်ဆိုတာတောင် ဝမ်းနည်းကြောင်း ခပ်တိုတိုပြောပြီး ဗုံးဒဏ်အကြောင်းဆက်မေးတာ။ ပထမတော့လဲ ကျုပ်အနေနဲ့ က သူ့ကိုရွံလိုက်မိတယ်။ သို့ပေတဲ့၊ အခန်းကိုလိုက်ပြီး သေသေချာချာ ကြည့်နေတဲ့ သူ့မျက်လုံး၊ စကားပြောရင် စိတ်ထိခိုက်လို့ ဆို့နေရှာတယ်။ စကားကိုဆိုင်းပြီး ပြောနေရတာတွေကို သတိထားမိလိုက်တဲ့အခါ ကျုပ်အနေနဲ့ သူ့ခမျာ ဒီအိမ်နဲ့ပတ်သက်တဲ့ ဝေဒနာပြန်လို့၊ ခံစားနေရပြန်ပြီလို့ သဘောပေါက် လိုက်မိပါတယ်။ ဒီနောက် ကျုပ် တွေးကြည့်လိုက်ရသလောက်ဖြင့် အိမ် အရောင်းအဝယ် လုပ်စဉ်ကတွေ့ခဲ့ရတဲ့ သူ့မိသားစု အတော်များများလဲ ဆုံးသွား

http://www.cherrythitsar.org


ကြပြီထင်တယ်။ ဒီတော့လဲ ကျုပ်မှာ သနားစိတ်ပေါ်လာတာမို့ ကိုယ်တိုင်ပဲ လိုလိုလားလားနဲ့ အိမ်ကိုလိုက်ပြီး ပြလိုက်ပါတယ်။

အိမ်အနေနဲ့ကလဲ စစ်ဘေးစစ်ဒဏ် အထိုက်အလျောက်ခံလိုက်ရပါတယ်။ အကိုရဆူဂီမူရာက အိမ်ရဲ့အရှေ့ဘက်အခြမ်းမှာ အခန်းကျယ်ကြီး သုံးခန်းဆောက်ထားခဲ့ပြီး အိမ်မကြီးကို စင်္ကြံလမ်းလုပ်ပြီး ဆက်ထားခဲ့ပါတယ်။ စင်္ကြံလမ်းက ပန်းခြံရဲ့ တခြားဘက်မှာပါ။ စင်္ကြံလမ်းလေးကလဲ အတော်ကလေးကို ရှည်လေတော့ တချို့က အဲဒီအရှေ့ဘက်ခြမ်းမှာ ဆောက်ထားတဲ့ အခန်းတွေဟာ ဆူဂီမူရာက သူ့အဖေအမေထားဖို့ ဆောက်တာလို့ပြောကြပါတယ်။ အဖေအမေကို ခပ်လှမ်းလှမ်းလေးမှာ နေစေတဲ့သဘောပေါ့။ ဒီစင်္ကြံလမ်းကလေးကတော့ တစ်အိမ်လုံးမှာ အလွန်လှတဲ့နေရာကလေးပါ။ နေ့လယ်နေ့ခင်းများဆိုရင် စင်္ကြံလမ်းကလေးပေါ်မှာ သစ်ရိပ်ဝါးရိပ်နဲ့ အလင်းရောင်အမျိုးမျိုး ကျနေတတ်လေတော့ ပန်းဥယျာဉ်ထဲက လိုဏ်ခေါင်း တစ်ခုထဲမှာ လျှောက်နေရသလိုပဲ ခံစားရမိတတ်ပါတယ်။ ဒီအပိုင်းကတော့ဖြင့် ဗုံးဒဏ်အတော်ကြီး ခံလိုက်ရာတယ်။ အဲဒီမြင်ကွင်းကို ပန်းခြံထဲက ရပ်ကြည့်နေရင်း ဆူဂီမူရာရဲ့ သမီးအငယ်ဟာ မျက်ရည်ဝဲလို့ နေရှာပါတယ်။ ဒီလိုဖြစ်လာတော့လဲ အရင်က ကျုပ်စိတ်ဒေါသဖြစ်မိတာတွေဟာ ပျောက်သွားမိတယ်။ အခွင့်အရေးရတာနဲ့ အိမ်ကို အရင်က သူ့ဖခင်ကြီး ဆောက်ခဲ့တဲ့ အခြေအနေမျိုး ပြန်ဖြစ်လာအောင် ပြန်ပြီးဆောက်လုပ်ပါ့မယ်လို့တောင် ကျုပ်ကတိပြုလိုက်မိပါတယ်။

အဲသလို ကတိပြုလိုက်တုန်းကတော့ ပစ္စည်းတွေဘာတွေ မှာတဲ့အခါ ရှားပါးလိမ့်မယ်လို့မှ မသိဘဲကိုး။ စစ်ကြီးပြီးလို့ အတော်ကြီးကြာတဲ့အထိ လိုအပ်တဲ့သစ်တို့၊ သံတို့ရဖို့ဆိုတာ ရက်သတ္တပတ် အတော်ကြာအောင် စောင့်ရတာ။ ဒီလိုအခြေအနေမျိုးမှာတော့ စစ်ဘေးစစ်ဒဏ်မခံခဲ့ရတဲ့ အိမ်မကြီး အပိုင်းကိုပဲ လုပ်စရာရှိတာကလေးတွေ လုပ်ရတော့တာပေါ့။ အိမ်အရှေ့ဘက် ကတစ်ခြမ်းနဲ့ ပန်းခြံထဲက စင်္ကြံလမ်းကလေးအပိုင်းကတော့ လုပ်ဖို့ကိုင်ဖို့ ကြာလိမ့်ဦးမယ်။ ပျက်စီးနေတာတွေထက် ပိုပြီးပျက်မသွားအောင်တော့ ကျုပ် တတ်နိုင်သလောက်လုပ်တာပဲ။ သို့ပေတဲ့ အိမ်အနေနဲ့ အားလုံးသုံးလို့ရဖို့ မလွယ်သေးဘူး။ ခုတော့ ဒီမှာက ကျုပ်နဲ့ နိုရီကိုနဲ့သာ နေတာကိုး။ နေစရာ အခန်းက အများကြီးမလိုတော့လဲ တက်သုတ်ရိုက် လုပ်နေစရာမလိုဘူးပေါ့။

http://www.cherrythitsar.org


ကနေ့၊ တကယ်လို့သာ ခင်ဗျားကို အိမ်နောက်ဖေးဘက် ကျုပ်ကခေါ်သွားပြီး ကာရံထားတဲ့ဟာတချို့ကို ဖယ်လိုက်ပြီး ကျန်နေသေးတဲ့ ဆူဂီမူရာရဲ့ ပန်းခြံထဲက စကြံလမ်းကလေး လုပ်ထားတဲ့အပိုင်းကို ကြည့်ခိုင်းလိုက်ရင် တစ်ခါက ဘယ်လောက်လှခဲ့တယ်ဆိုတာ ခင်ဗျားသဘောပေါက်လာမှာပါ။ ဒီပြင်၊ ကျုပ် မရှင်းလင်းနိုင်သေးလို့ ပင့်ကူအိမ်တွေနဲ့ ဖုန်အလိမ်းလိမ်း တက်နေတာတွေလဲ သတိထားမိမှာပါ။ မျက်နှာကြက်မှာ ကွဲနေတာကလဲ တာပေါ်လင်စနဲ့ပဲ ကာထားရသေးတယ်။ တစ်ခါတလေများ နံနက်စောစော အဲဒီကားထားတာတွေကို ကျုပ်ကဖယ်လိုက်ရင် တာပေါ်လင်စက တစ်ဆင့် ထွက်လာတဲ့ နေရောင်ခြည်ထဲမှာ အစိုင်အခဲဖြစ်နေတဲ့ဖုန်တွေ လေတွေထဲမှာ တွဲလဲခိုနေတာ တွေ့ရပါတယ်။ အဲဒီအခါကလေးမှာတင်ပဲ မျက်နှာကြက် တစ်ခုလုံး ပြိုတော့မလိုပေါ့။

အိမ်ရဲ့အရှေ့ဘက်ခြမ်းနဲ့ စကြံလမ်းကလေး အပိုင်းကလွဲလို့ တခြားအပျက်စီးဆုံးအပိုင်းက ဝရန်တာပါ။ ကျုပ်မိသားစုတွေထဲမှာ အထူးသဖြင့်တော့ ကျုပ်သမီးနှစ်ယောက်ဟာ ဝရန်တာမှာထိုင်ရင်း၊ စကားပြောကြရင်း ပန်းခြံဖက်ကြည့်နေရတာကို သိပ်သဘောကျကြတယ်။ အိမ်ထောင်ကျသွားတဲ့ ကျုပ်သမီးဆက်ဆူကိုဆိုရင် စစ်ကြီးပြီးသွားတဲ့နောက် ပထမဆုံးအကြိမ် ကျုပ်တို့ဆီလာတဲ့အခါ အခြေအနေအရပ်ရပ်ကို ကြည့်ပြီး အလွန်အမင်း စိတ်မချမ်းမသာဖြစ်နေတာ။ တကယ်တော့ မဆန်းပါဘူးလေ။ ကျုပ်လဲ အဲဒီကတည်းကပဲ အဆိုးရွားဆုံး အပျက်အစီးတွေကို စပြီးပြင်ဆင်လာတာ။ ခက်တာက တခြားတစ်ဖက်မှာက ဗုံးဒဏ်ကြောင့် ပျဉ်တွေကြွတက်နေလို့ အက်ကွဲထွက်နေတာတွေကလဲ ကြီးသည်ထက်ကြီး လာနေတာတွေပဲ။ ဝရန်တာရဲ့အမိုးလဲ အတော်ထိခိုက်သွားတယ်။ မိုးရွာတဲ့နေ့များဆိုရင် ကြမ်းပေါ်မှာ ပုံးမျိုးစုံချပြီး မိုးယိုတာ ခံနေရသေးတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ပြီးခဲ့တဲ့နှစ်ကတော့ အတော်ကလေးပြန်ပြီး ပြုပြင်ဖြစ်တယ်။ ပြီးခဲ့တဲ့လက ဆက်ဆူကို လာလည်တဲ့အချိန်လောက်မှာဆိုရင် ဝရန်တာက ပြန်ပြင်လို့ပြီးသလောက်ပဲ။ နိုရီကိုကလဲ သူ့အစ်မလာမယ်ဆိုလို့ အလုပ်ကခွင့်ယူထားတယ်။ ရာသီဥတုကလဲ ကောင်းလေတော့ ညီအစ်မနှစ်ယောက်သား ဟိုစဉ်ကလို ဝရန်တာမှာ အချိန်ဖြုန်းကြတာပေါ့။ တစ်ခါတလေတော့ ကျုပ်လဲ သူတို့နဲ့အတူ ဝရန်တာဘက်ထွက်ဖြစ်တယ်။ တစ်ခါတစ်ခါ စိတ်ထဲမှာ ဟိုနှစ်ပေါင်းအတော်ကြာက နေသာတဲ့နေ့တွေမှာ မိသား

တစ်စုလုံး အဲဒီမှာ ထွက်ထိုင်ရင်း ထွေရာလေးပါး ပြောနေကြရသလိုပဲ။ ဆက်ဆူကိုရောက်ပြီးတဲ့ နောက်တစ်နေ့နံနက်ပဲ ထင်ပါရဲ့။ ကျုပ်တို့အားလုံး မနက်စာ စားပြီးလို့ ဝရန်တာမှာထိုင်နေကြတုန်း နိုရီကိုက ခုလိုပြောတယ်။

'နင်လာဖြစ်လို့ ငါအတော် စိတ်သက်သာရာရသွားတယ်၊ ဆက်ဆူကို၊ နင်လဲ အဖေ့တာဝန် နည်းနည်းယူဦး'

'တကယ်ပဲလား၊ နိုရီကို'လို့ အစ်မဖြစ်တဲ့သူက ထိုင်ခုံပေါ်မှာ နေရာရွှေ့ထိုင်လိုက်ရင်း ပြန်မေးလိုက်ပါတယ်။

'အဖေ့မှာ လုပ်စရာတွေ အများကြီးပဲဖြစ်လာပြီ၊ အခုအနားယူလိုက်ပြီလေ' လို့ နိုရီကိုက ကလေးတစ်ယောက်လိုပြုံးရင်း ပြောလိုက်ပြန်တယ်။

'အဖေဟာ တစ်ခုခုကို လုပ်နေရမှ၊ မဟုတ်ရင် လျှောက်ပြီး လှည်းကျင်းနေတော့တာ'

'တကယ်ပဲလား' ဆက်ဆူကိုဟာ ခက်ခက်ခဲခဲ ပြုံးပြလိုက်ရင်း ပန်းခြံဘက်ကို ဝမ်းနည်းတဲ့အကြည့်နဲ့ ကြည့်နေရှာတယ်'

'မေပဲလ်ပင်ကတော့ ပြန်ပြီးရှင်လာတယ်နော်၊ ကြည့်လို့တအားကောင်းလာတယ်'

'အဖေ၊ ဆက်ဆူကို တစ်ယောက်ကတော့ဖြင့် ခုအခါအဖေဟာ ဘယ်လိုဆိုတာ သိပုံမရဘူး၊ သူသိနေသေးတာက ဟိုစဉ်က အမြဲလိုသြဇာပေးနေတဲ့ ခက်ခက်ထန်ထန် ဆက်ဆံတဲ့အဖေပဲ၊ အဖေဟာ အခုဆို ပိုပြီးနူးညံ့သိမ်မွေ့လာတယ်၊ မဟုတ်ဘူးလား'

နိုရီကို ပြောတာတွေဟာ ရယ်စရာတွေပါ ဆိုတဲ့သဘောနဲ့ ကျုပ်က ဆက်ဆူကိုကို ရယ်ပြလိုက်ပါတယ်။ ဒါပေတဲ့ ကျုပ်သမီးအကြီးမက သိပ်ပြီး ဘဝင်မကျနေသလိုပါပဲ။ နိုရီကိုက သူ့အစ်မဘက်လှည့်ရင်း ပြောလိုက်ပြန်ပါတယ်။

'တကယ်ပဲ အဖေဟာ တာဝန်တွေပိုများလာတယ်၊ တစ်နေကုန်တစ်အိမ်လုံး လှည်းကျင်းနေတာ'

'နိုရီကိုဟာ အရင်ကလိုပဲ ပေါက်တတ်ကရ ပြောတာပါ'လို့ ကျုပ်က ဝင်ပြောလိုက်မိပါတယ်။ 'တစ်နေကုန်တစ်နေခန်းသာ လျှောက်ပြီး လှည်းကျင်းနေရရင် ဒီဟာတွေ ဘယ်လိုလုပ် ပြင်လို့ပြီးမှာလဲ'

'ဟုတ်တာပေါ့' ဆက်ဆူကိုက ကျုပ်ဘက်လှည့်ပြုံးပြလိုက်ရင်း ပြောပါတယ်။

http://www.cherrythitsar.org


'အိမ်ဟာ ကြည့်လို့သိပ်ကောင်းလာတာပဲ၊ အဖေက တအား အပင်ပန်းခံ လုပ်ထားတာကိုး'

'တချို့ခက်တဲ့အပိုင်းတွေမှာ ကူတဲ့လူရှိပါတယ်' လို့ နီရီကိုက ပြောလိုက်ပါတယ်။ 'နင် ငါ့ကို မယုံဘူးမဟုတ်လား ဆက်ဆူကို၊ အဖေ သိပ်ကို ပြောင်းလဲသွားတာ၊ သူ့ကို ကြောက်စရာမလိုတော့ဘူး၊ အဖေဟာ ပိုပြီးနူးညံ့ပျော့ပျောင်းလာပြီး အိမ်ကို ပိုခင်တွယ်လာတယ်'

'နီရီကို တကယ်ပြောနေတာလား'

'အဖေဟာ ထမင်းတွေ၊ ဘာတွေတောင် ချက် ချက်လာတယ်၊ နင်မယုံဘူး မဟုတ်လား၊ ခုဆိုအိမ်မှာ အဖေပဲ ချက်တာပြုတ်တာ များတယ်'

'နီရီကို... ဒီကိစ္စပြောတာ တော်လောက်ပြီ ငါထင်တယ်' လို့ ဆက်ဆူကိုက ညင်ညင်သာသာနဲ့ ပြောလိုက်ပါတယ်။

'မဟုတ်ဘူးလား အဖေ၊ အဖေဟာ အတော်ကို တိုးတက်နေတာ' ကျုပ်ကတော့ ပြုံးလိုက်ရင်း ပင်ပင်ပန်းပန်း ခေါင်းခါလိုက်မိပါတယ်။ အဲဒီ အခါမှာတော့ နီရီကိုဟာ ပန်းခြံဘက်လှည့်လိုက်ရင်း နေရောင်ခြည်အောက်မှာ မျက်လုံးအစုံကို မှိတ်ထားပြီး ခုလိုပြောပြန်ပါတယ်။

'အေး... အဖေ့အနေနဲ့ ငါအိမ်ထောင်ပြုပြီးရင်တော့ ဒီပြန်လာပြီး ချက်ပြုတ်ပေးဖို့တော့ မမျှော်ကြလေနဲ့၊ ငါ အဖေ့ကို စောင့်ရှောက်ရတာ တော်လောက်ပြီ'

ခုလို နီရီကိုက ပြောနေတုန်း သူ့အစ်မဟာ ငေးကြည့်နေရာက မိန်းမသားတစ်ယောက်ရဲ့ ငြိမ်သက်တဲ့အမူအရာနဲ့ မျက်နှာလွှဲလိုက်ပြီး ကျုပ်ကို စူးစမ်းတဲ့အကြည့်မျိုးနဲ့ ကြည့်လိုက်ပါတယ်။ ချက်ချင်းဆိုသလိုပဲ သူ့မျက်လုံး တွေကို ကျုပ်ဆီက နီရီကိုဘက်ကို လွှဲပြန်ပါတယ်။ နီရီကို့ကို သူကပြန်ပြီး ပြုံးပြရဦးမှာကိုး။ ဆက်ဆူကိုခမျာ ပိုလို့ အကျပ်အတည်း တွေ့နေပြန်တယ်။ အဲဒီတုန်းမှာပဲ သူ့သားကလေးက ဝရန်တာဘက်ကို ကဆုန်ပေါက်ချ လာလေ တော့ ဆက်ဆူကိုဟာ စကားလမ်းကြောင်းပြောင်းဖို့ အခွင့်အရေး ပေါ်လာတာ ပေါ့။ သူ့သားကလေးဟာ ကျေးဇူးတင်စရာလေး ဖြစ်သွားတာပေါ့။

'အစ်ချီရို၊ ငြိမ်ငြိမ်နေလေကွယ်'လို့ ပြောလိုက်ပါတယ်။

အစ်ချီရိုအဖို့ကတော့ သူမိဘတွေ့ရဲ့ ခေတ်မီတိုက်ခန်းတွေထဲမှာ နေခဲ့ရလေတော့ ကျုပ်တို့အိမ်လို နေရာကျယ်ကျယ်ဝန်းဝန်းရောက်တော့ အလွန်သဘောကျပေါ့။ သူ့အဖို့ကတော့ ကျုပ်တို့လို ဝရန်တာမှာ ထိုင်နေရတာ

http://www.cherrythitsar.org


ဘယ်မှာလာပြီး သဘောကျမှာတုန်း။ ဝရန်တာတစ်ကြော ဟိုပြေးလိုက် ဒီပြေး လိုက်လုပ်ရင်း တစ်ခါတစ်ခါ ပေါ်လစ်သုတ်ထားတဲ့ ကြမ်းပြင်ပေါ် လျှော စီးနေသေးတာ။ ကျုပ်ရေနွေးကြမ်းတည်တဲ့ လင်ပန်းတောင် တစ်ကြိမ်မကဘူး၊ ဝင်တိုးမိမယ်လို့ ဖြစ်သေးတယ်။ သူ့အမေက ထိုင်နေဖို့ပြောပေတဲ့ ခုထိတော့ သိပ်မအောင်မြင်သေးပါဘူး။ ဒီတစ်ကြိမ်မှာလဲ ဆက်ဆူကိုက သူ့ကို ကျုပ်တို့လို ကူရှင်တစ်ခုပေါ်မှာ လာထိုင်နေလို့ ပြောပေမယ့် အစ်ချီရိုက ဝရန်တာတစ်ဖက် မှာ သွားပြီး စိတ်ကောက်နေလေရဲ့။

'အစ်ချီရို ဒီကိုလာစမ်းပါ'လို့ ကျုပ်က ခေါ်လိုက်ပါတယ်။ 'ငါ မိန်းကလေးတွေနဲ့ စကားပြောရတာ မောလှပြီကွာ၊ မင်း ငါ့အနားလာထိုင် စမ်းပါ၊ တို့ယောကျ်ားချင်း ပြောတဲ့စကားမျိုး ပြောရအောင်'

အစ်ချီရို ချက်ချင်း ကျုပ်အနားရောက်လာတယ်။ သူထိုင်စရာ ကူရှင်ကို ကျုပ်ဘေးမှာအသာချရင်း ဣန္ဒြေရရ ထိုင်လိုက်ပါတယ်။ လက်ကို သူ့တင်ပါးပေါ်တင်လို့၊ လက်ပြင်အသာ နောက်ကိုချလို့။

'အဘိုး' မကျေမနပ်သံနဲ့ ခေါ်လိုက်ရင်း 'ကျွန်တော်မေးစရာတစ်ခု ရှိတယ်'လို့ ပြောပါတယ်။

'ကောင်းပြီ အစ်ချီရို၊ ဘာများတုန်း'

'ကျွန်တော် သတ္တဝါကြီးတွေအကြောင်း သိချင်လို့'

'သတ္တဝါကြီးတဲ့လား'

'အဲဒါက... သမိုင်းမတင်ခင်ကလား'

'သမိုင်းမတင်ခင်က၊ မင်း ဒီစကားလုံးတောင် သိနေပြီလား၊ မင်းတယ်တော်တဲ့ ချာတိတ်ပဲ'

အဲဒီအခါမှာတော့ အစ်ချီရိုဟာ ကလေးဇာတိ ပြန်ပေါ်လာပါတော့ တယ်။ ခုနကလို ဣန္ဒြေရရ ထိုင်မနေတော့ဘဲ ထိုင်နေရာက နောက်ပြန်လှဲ လိုက်ပြီး ခြေနှစ်ချောင်း မိုးပေါ်ထောင်ပြီး လှုပ်နေပါတယ်။

'အစ်ချီရို'

ဆက်ဆူကိုက ခေါ်လိုက်ရင်း သူ့သားကလေးကို သာသာပြောလိုက် ပါတယ်။

'ဘိုးဘိုးရှေ့မှာ အဲသလို မနေရဘူးလေ၊ ထထိုင်ချည်'

အစ်ချီရို တုံ့ပြန်ပုံကတော့ ဒီလို။ ပက်လက်အိပ်နေရာက သူ့ခြေနှစ်

http://www.cherrythitsar.org


ချောင်းကို ကြမ်းပြင်ပေါ်မှာ မလှုပ်မရှားထားလိုက်ရင်း ရင်ဘတ်ပေါ်လက် နှစ်ဖက်တင်ပြီး လက်ပိုက်ထားလိုက်ပါတယ်။ မျက်လုံးစုံမှိတ်ထားပါတယ်။

'ဘိုးဘိုး' စိတ်မပါ့တပါနဲ့ ခေါ်လိုက်ရင်း 'သတ္တဝါကြီးက သမိုင်း မတင်ခင်ကလား'လို့ မေးလိုက်ပါတယ်။

'ဘယ် သတ္တဝါများတုန်း၊ အစ်ချီရို'

'ကျေးဇူးပြုပြီး သူ့ကိုခွင့်လွှတ်ပါ' လို့ ဆက်ဆူကိုက ပြောရင်း စိတ်ရှုပ်ရှုပ်နဲ့ ပြုံးပြလိုက်ပါတယ်။ 'မနေ့က၊ ကျွန်မတို့ ဒီလာတုန်းက ဘူတာရုံ အထွက်မှာ ရုပ်ရှင်ပိုစတာကို မကြည့်မိလိုက်ဘူး'

'ဘိုးဘိုး၊ သတ္တဝါကြီးတွေဟာ သမိုင်းမတင်ခင်က ဟုတ်သလား၊ မဟုတ်ဘူးလား၊ ကျွန်တော်သိချင်တယ်'

'အစ်ချီရို'လို့ အော်လိုက်ရင်း မျက်နှာထားတင်းတင်းနဲ့ ကြည့်လိုက် ပါတယ်။

'ငါတော့ အသေအချာမသိဘူး အစ်ချီရိုရဲ့၊ တို့ရုပ်ရှင်ကြည့်မှ သိနိုင် မယ်ထင်တယ်'

'ဒါဖြင့် ဘယ်တော့ ရုပ်ရှင်သွားကြည့်မလဲ'

'အင်း... မင်းအမေနဲ့ပြောကြည့်တာ အကောင်းဆုံးပဲလို့ ငါထင်တယ်၊ ရုပ်ရှင်က ကလေးတွေအတွက် ကြောက်စရာ သိပ်ကောင်းချင် ကောင်းနေမှာ'

ကျုပ်ပြောတုန်းကတော့ ဘာရည်ရွယ်ချက်ရယ် မဟုတ်ပါဘူး။ ဒါပေတဲ့၊ ကျုပ်မြေးက ဒေါသထွက်နေလေရဲ့။ ဒီတော့သူက လိမ့်ပြီးထထိုင် လိုက်ရင်း၊ စိမ်းစိမ်းကြည့်လို့ ကျုပ်ကို 'ကျွန်တော့်ကိုများ ဘာထင်လို့တုန်း' လို့ အော်လိုက်ပါတယ်။

'အစ်ချီရို'လို့ ဆက်ဆူကိုက အလန့်တကြား အော်လိုက်ပါတယ်။ အစ်ချီရိုကတော့ ကျုပ်ကို ဒေါသထွက်နေတဲ့ မျက်နှာနဲ့ ကြည့်နေလေရဲ့။ ဒီတော့ သူ့အမေလဲ ထိုင်မနေသာတော့ပဲ ကျုပ်တို့အနားထလာပြီး အစ်ချီရိုရဲ့ လက်မောင်းကို ကိုင်လှုပ်လိုက်ရင်း ခပ်တိုးတိုးပြောလိုက်ပါတယ်။ 'အစ်ချီရို၊ ဘိုးဘိုးကို အဲသလို မကြည့်ရဘူးလေ'

အစ်ချီရိုကတော့ နောက်ပြန်လှဲလိုက်ပြီး ခုနကလို ခြေနှစ်ချောင်း လေထဲမြှောက်ပြီး လှုပ်နေပြန်လေရဲ့။ ဒီတော့ သူ့အမေက ကျုပ်ကို သောက ပွားနေတဲ့ အပြုံးမျိုး ပြုံးပြလိုက်ပါတယ်။

'အင်မတန် မကောင်းတဲ့အကျင့်ပဲ'လို့ ဆက်ဆူကိုက ပြောလိုက်ပြန်ပါတယ်။ ဒီ့ထက်လဲ ဘာဆက်ပြောရမှန်း မသိတော့။ ပြုံးလို့သာ နေပြန်တာပေါ့။

'အစ်ချီရိုစံ'လို့ နိုရီကိုက ခေါ်လိုက်ရင်း မတ်တတ်ထရပ်လိုက်ပါတယ်။

'တို့ မနက်စာ စားထားတာတွေ သိမ်းရအောင် ငါ့ကို ကူစမ်းပါ'

'ဒါ မိန်းမတွေ လုပ်တဲ့အလုပ်ပဲ'လို့ ပြောရင်း အစ်ချီရိုဟာ ခြေထောက်နှစ်ချောင်းကို လေထဲမှာ လှုပ်နေပါတယ်။

'အစ်ချီရိုကတော့ ကျွန်မကို မကူဘူးလို့ပြောတယ်၊ ကျွန်မတော့ ဒုက္ခပဲ၊ စားပွဲကလဲ လေးလိုက်တာ၊ တစ်ယောက်တည်း ဘယ်နိုင်မလဲ၊ ကျွန်မကို ဘယ်သူများ ကူကြပါ့မလဲ'

အဲဒီတော့မှ အစ်ချီရိုဟာ ချက်ချင်းထလာပြီး အိမ်တွင်းဘက်ကို ခြေလှမ်းကျဲကြီးနဲ့ ဝင်သွားပါတယ်။ ကျုပ်တို့ကိုတော့ လှည့်လို့တောင်မကြည့်ပါဘူး။ နိုရီကိုလဲ ရယ်ပြီး သူ့နောက်က လိုက်သွားသပေါ့။

ဆက်ဆူကိုကတော့ သူတို့ကို ခဏကြည့်နေပြီးတဲ့နောက် ရေနွေးကြမ်းအိုးကို ကောက်ကိုင်လိုက်ပြီး ကျုပ်ပန်းကန်ထဲကို ဖြည့်ပေးပါတယ်။

'ကိစ္စတွေ ဒီအခြေအနေထိ ရောက်လာတာ ကျွန်မတော့ သိတောင်မသိလိုက်ဘူး'လို့ အသံတိုးတိုးနဲ့ပြောရင်း 'ကျွန်မပြောတာ နိုရီကို စေ့စပ်ကြောင်းလမ်းတဲ့ကိစ္စပါ'လို့ ပြောလိုက်ပါတယ်။

'ကိစ္စတွေက ဒီလောက်လဲ မပြီးသေးပါဘူး'လို့ ကျုပ်က ပြန်ပြောလိုက်ရင်း ခေါင်းခါလိုက်မိပါတယ်။ 'တကယ်တော့ ဘာမှ ရေရေရာရာ မရှိသေးပါဘူး၊ ခုမှ အစရှိပါသေးတယ်'

'စိတ်မရှိပါနဲ့အဖေရယ်၊ စောစောက နိုရီကို ပြောတာကြားရတော့ ကျွန်မစိတ်ထဲမှာ ကိစ္စတွေ တစ်နည်းမဟုတ်တစ်နည်း' လို့ ပြောရင်း၊ ဆက်ဆူကိုက စကားလမ်းလွှဲလိုက်ရင်း 'စိတ်မရှိပါနဲ့ အဖေရယ်' လို့ ထပ်ပြောပြန်ပါတယ်။ ဆက်ဆူကိုက အဲသလိုပြောတော့ သူမေးချင်တဲ့မေးခွန်းတောမရောက်၊ တောင်မရောက် ဖြစ်နေတော့တာပေါ့။

'နိုရီကို အဲသလိုပြောတာ ဒါပထမဆုံးအကြိမ်မှ မဟုတ်ဘဲ'လို့ ကျုပ်က ပြောလိုက်မိပါတယ်။ 'တကယ်တော့ အခုစေ့စပ်ကြောင်းလမ်းတာ

http://www.cherrythitsar.org


စကတည်းက နိုရီကိုက ပြောတာဆိုတာတွေ သိပ်မဟန်ဘူး၊ ပြီးခဲ့တဲ့ အပတ် တုန်းကတောင် မစ္စတာမိုရီ အလည်လာသေးတယ်၊ သမီး သူ့ကို မှတ်မိရဲ့လား'

'မှတ်မိပါတယ်၊ သူနေထိုင်ကောင်းရဲ့လား'

'မာပါတယ်၊ သူကဖြတ်သွားရင်း ဝင်နှုတ်ဆက်တာပါ၊ အဖေပြော ချင်တာက သူ့အရှေ့မှာ နိုရီကိုက စေ့စပ်ကြောင်းလမ်းဖို့ကိစ္စတွေ ပြောတာကို ပါ၊ ခုနက သမီးကိုပြောသလိုပဲ သူက အားလုံးစီမံပြီးသလို သဘောထားတာ၊ အတော်ကလေး ကသိကအောက်နိုင်သွားတာပေါ့၊ မစ္စတာမိုရီက ပြန်ခါနီးတော့ ဝမ်းမြောက်ဝမ်းသာ စကားဆိုတယ်၊ ပြီးတော့ သတို့သားလောင်းရဲ့ အလုပ် အကိုင်မေးတယ်'

'ဟုတ်ပါရဲ့'လို့ ပြောရင်း ဆက်ဆူကိုက တွေးတွေးဆဆနဲ့ ပြော ပြန်တယ်။

'အတော့်ကို ကသိကအောက်နိုင်တဲ့ကိစ္စပါပဲ'

'ဒါပေတဲ့၊ မစ္စတာမိုရီမှာ အပြစ်မရှိပါဘူး၊ သမီးလဲ ခုလေးတင် သူပြောတာ ကြားတယ်မဟုတ်လား၊ တစ်မိးဆိုတော့ ဘယ်လိုထင်မလဲ'

သမီးက ဘာမျှပြန်မပြောတော့ပါဘူး။ ကျုပ်တို့လဲ အတော်လေးကြာ အောင် ဘာမျှမပြောဖြစ်ကြပဲ ဆက်ထိုင်နေမိကြတယ်။ ဆက်ဆူကို ကို တစ်ချက်လှမ်းကြည့်လိုက်တော့ ပန်းခြံဘက်ကို ငေးနေတာတွေ့ရတယ်။ သူလက်နှစ်ဖက်နဲ့ကိုင်ထားတဲ့ ရေနွေးကြမ်းခွက်တောင် လက်ထဲမှာရှိတယ်ဆို တာ မေ့နေပုံရတယ်။ သူမျက်နှာပေါ်ကျနေတဲ့ အလင်းရောင်ကြောင့်လား၊ ဘာကြောင့်လဲတော့ မသိဘူး၊ ဆက်ဆူကိုရဲ့ ရုပ်ဆင်းအင်္ဂါအကြောင်း တွေးမိလိုက်တယ်။ ပြီးခဲ့တဲ့လတုန်းက၊ ဆက်ဆူကို လာတုန်းကပေါ့။ ကျုပ်တွေးမိတာ တစ်ကြိမ်မကဘူး။ ဆက်ဆူကိုဟာ အသက်ကလေးရလာ တော့ ကြည့်ရတာ ကောင်းလာတယ်။ ငယ်ငယ်ကဆို ဆက်ဆူကို တစ်ယောက် လင်ကောင်းသားကောင်းမှ ရပါ့မလားလို့ သူ့အမေနဲ့ ကျုပ်တို့ ပူကြရသေးတာ။ ငယ်ငယ်ကဆို ဆက်ဆူကိုက ယောကျ်ား ကလေးနဲ့တူတယ်။ ငယ်တုန်းကတော့ ပိုသိသာတာပေါ့။ ပြောရစေတော့ရဲ့။ ကျုပ်သမီးနှစ်ယောက် ငယ်ငယ်က စကားများကြတဲ့အခါ အငယ်မက အကြီးမကို 'ကောင်ကလေး၊ ကောင်ကလေး'လို့ ခေါ်ပြီး အနိုင်ယူတတ်တယ်။ ဒါပေတဲ့ ဖြစ်များဖြစ်ချင်တော့ ခုကြီးလာကြတဲ့အခါ နိုရီကိုက ခေါင်းမာပြီး၊

http://www.cherrythitsar.org


ဆက်ဆူကိုက ရှက်တတ်တယ်။ ရောရောနှောနှော မနေတတ်ဘူး။ ခုသုံးဆယ်နား နီးလာတော့ ဆက်ဆူကိုဟာ ရုပ်ပြောင်းလာပြီး လူသူလေးပါး ဂရုတစိုက်ဖြစ် လောက်အောင် ဥပမိရုပ်က ကောင်းလာတယ်။ ဒီတော့လဲ သူ့အမေရှိစဉ်က ပြောတာများ သတိရမိပါသေးတယ် 'ဆက်ဆူကိုဟာ အရွယ်ရောက်ရင် လှလာ မှာပါတော်'ဆိုတာ။ အရင်ကတော့ ဒါကျုပ်မိန်းမရဲ့ စိတ်ဖြေနည်း တစ်မျိုးလို့ ထင်တာ။ ဒါပေတဲ့ ပြီးခဲ့တဲ့လထဲတုန်းက ဆက်ဆူကို ကို အကြိမ်ကြိမ်သတိ ထားကြည့်မိတော့မှ ကျုပ်မိန်းမပြောတာ ဘယ်လောက် မှန်တယ်ဆိုတာ တွေ့ရတော့တယ်။

ဆက်ဆူကိုဟာ ဒေးနေရာက အိမ်ထဲကို တစ်ချက်လှမ်းကြည့်လိုက် ပါတယ်။ ပြီးတော့မှ 'သမီးထင်တယ်၊ မနှစ်က ဖြစ်ခဲ့တဲ့ကိစ္စအတွက် နိုရီကို အတော်စိတ်ထိခိုက်သွားတယ် ထင်တယ်၊ သမီးတို့ထင်တာထက် ပိုမယ်'လို့ ပြောတယ်။

ကျုပ်ကတော့ သက်ပြင်းတစ်ချက်ချလိုက်ပြီး ခေါင်းညိတ်လိုက်ရင်း ပြောလိုက်မိတယ်။

'အဲဒီတုန်းက အဖေလဲ သူ့ကို သိပ်ဂရုမစိုက်ခဲ့မိဘူး ထင်တယ်'

'သမီးထင်ပါတယ်၊ အဖေလုပ်နိုင်တာ လုပ်ပေးခဲ့ပါတယ်လို့၊ ဘယ် လိုပဲဖြစ်ဖြစ်၊ အဲသလိုမျိုးဖြစ်တဲ့အခါမှာ မိန်းကလေးကသာ အနာဘက်ကကိုး'

'အမှန်ပြောရရင်တော့ သမီးရယ်၊ မင်းညီမက မူရာမာယာများ နေတယ်လို့ အဖေက ထင်မိတယ်၊ မင်းညီမအကြောင်းလဲ မင်းသိသားပဲ၊ အဲသလို လုပ်တတ်တယ် မဟုတ်လား၊ အဲဒီတုန်းက နိုရီကိုက 'ဖူးစာဆုံတယ်' လို့ပြောနေသေးတာ၊ ကြောင်းလမ်းတာပျက်သွားတော့လဲ သူပြောတဲ့စကား အတိုင်း ဖူးစာမဆုံလို့ ပြောနေသေးတာ၊ အင်း... မူရာမာယာများတာ ချည်းပဲတော့ မဟုတ်ဘူးပေါ့လေ'

'အဲဒီတုန်းက သမီးတို့ ရယ်များတောင် ရယ်မိကြသေးတယ်၊ ဖူးစာ ဖက်တော့ ဖူးစာဖက်ပဲ၊ မဆုံလိုက်ကြရဘူးပေါ့လေ'လို့ ဆက်ဆူကိုက ပြော တယ်။

ဒီနောက် ကျုပ်တို့ ဘာမှမပြောဖြစ်ဘဲ ငြိမ်ကြသွားကြပြန်တယ်။ အိမ်ထဲကတော့ အစ်ချီရိုရဲ့ ထပ်တလဲလဲအော်နေသံကို ကြားလိုက်ရပြန်တယ်။

http://www.cherrythitsar.org


'စိတ်မရှိပါနဲ့နော် အဖေ'ဟု ဆိုရင်း ဆက်ဆူကိုက စကားစလိုက်ပြန်သည်။ 'ဘာဖြစ်လို့ မနစ်က စေ့စပ်ကြောင်းလမ်းတာ ပျက်သွားတယ်ဆိုတာများ သိလား၊ ထင်ကို မထင်စရာပဲ'

'အဖေလဲမသိဘူး၊ ခုမှတော့ ဘာမှ မထူးတော့ဘူး မဟုတ်လား'

'ဟုတ်ပါတယ်၊ ကျွန်မကို ခွင့်လွှတ်ပါ'လို့ ပြောရင်း ဆက်ဆူကိုဟာ တစ်ခုခုကို စဉ်းစားနေသလိုပါပဲ။ ပြီးတော့မှ ဆက်ပြောပြန်တယ်။

'တကယ်တော့ စူအိချိက ဘာဖြစ်လို့ မနစ်က မိရာကီဖက်က စေ့စပ်ကြောင်းလမ်းတာကို ဖျက်တယ်ဆိုတာ အမြဲလိုလို မေးနေလို့ပါ'

ဆက်ဆူကိုဟာ သူ့ဘာသာ တစ်ချက်ရယ်လိုက်ရင်း 'စူအိချိထင်တာက အဲဒီကိစ္စနဲ့ပတ်သက်လို့ ကျွန်မတို့ကသူ့ကို တစ်ခုခုထိမ်ချန်ထားတယ်ပေါ့။ ဒါကြောင့် ကျွန်မကလဲ ကျွန်မဘာမှ မသိကြောင်း အမြဲလို ရှင်းပြနေရတယ်'

'အဖေတစ်ခုပြောပြမယ်'လို့ ကျုပ်က ခပ်အေးအေးပြောလိုက်ရင်း...

'ဒီကိစ္စမှာ အဖေလဲ မင်းလိုပဲ ဘာဖြစ်မှန်းမသိလို့ အဆန်းတကြယ်ဖြစ်နေမိတယ်။ တကယ်လို့ အဖေသိခဲ့ရင် သမီးနဲ့စူအိချိကို မပြောဘဲမနေ ပါဘူး'

'ဟုတ်ပါတယ် အဖေရယ်၊ ကျွန်မကို ခွင့်လွှတ်ပါ၊ ကျွန်မအနေနဲ့ ဆိုလိုတာက' ဆက်ဆူကိုဟာ စကားလမ်းပြောင်းဖို့ ဦးတည်လိုက်ပြန်ပါတယ်။

အဲဒီနေ့နံနက်က ကျုပ်ဟာ ဆက်ဆူကိုအပေါ် သိပ်စိတ်မရှည်နိုင်သလို ဖြစ်နေမိတယ်။ တကယ်တော့ ဆက်ဆူကိုက မိယာကီမိသားစုတွေက မနစ်က စေ့စပ်ကြောင်းလမ်းတာ ဖျက်ခဲ့တဲ့ကိစ္စနဲ့ပတ်သက်လို့ ဖျက်ခဲ့တဲ့ အကြောင်းမေးတိုင်း ကျုပ်မလဲ အဲသလိုဖြစ်ရတာပါ။ ကျုပ်အနေနဲ့ သူ့ကို ဖြစ်ကြောင်းရယ်ကုန်စင် မပြောဘူးလို့ ဆက်ဆူကိုက ထင်သလဲမသိဘူး။ တကယ်လို့ မိယာကီတွေအနေနဲ့ ခုလိုဖျက်သိမ်းလိုက်တာဟာ အရေးကြီးတဲ့ အကြောင်း တစ်ကြောင်းကြောင်းကြောင့်ဆိုရင်ဖြင့် ကျုပ်ကို ဘာလို့မပြောတယ် ဆိုတာက စဉ်းစားစရာပါ။

ကျုပ်အထင်ပြောရရင်ဖြင့် အဲဒီကိစ္စနဲ့ ပတ်သက်လို့ ကြီးကြီးကျယ်ကျယ် မရှိဘူးထင်တယ်။ သူတို့အနေနဲ့ နောက်ဆုံးအခြေအနေရောက်မှ အဲသလို ဖျက်သိမ်းခဲ့တယ်ဆိုတာကတော့ မမျှော်လင့်ခဲ့ဖူးပေါ့။ သို့ပေတဲ့ ဘာဖြစ်လို့ ဒီလိုဖြစ်ရတယ်ဆိုတာကို ရေးကြီးခွင်ကျယ် လုပ်နေကြရတာတုန်း။

http://www.cherrythitsar.org


ကျုပ်တွေးကြည့်ရသလောက်ကဖြင့် မိသားစုအဆင့်အတန်းနဲ့ ဆိုင်တဲ့ကိစ္စဖြစ်မယ်။ ကျုပ်မြင်သလောက်ပြောရရင် မိယာကီတွေက သူတို့ကိုသူတို့ ဂုဏ်ယူတတ်ကြ၊ ရိုးသားတတ်ကြတာကလား။ ဒီတော့ သူတို့သားအနေနဲ့ သူတို့ထက် အဆင့်မြင့်တဲ့သူကို ယူမယ်ဆိုတော့ရင် သိပ်ဘဝင်ကျမယ် မဟုတ်ဘူး။ အရင်တုန်းကဆိုရင်ဖြင့် သူတို့အနေနဲ့ ဖျက်သိမ်းတယ်ဆိုရင်တောင် ခုလို နောက်ဆုံးအဆင့်လောက်ကျမှ လုပ်မှာမဟုတ်ဘူး။ ဒါပေတဲ့ နိုရီကိုတို့က ဖူးစာဆုံသလေး၊ ဘာလေးပြောနေကြတာကတစ်ကြောင်း။ ခုခေတ်မှာက တောပြော၊ တောင်ပြောတွေကလဲများတာကြောင့် တစ်ကြောင်းကြောင့် မိရာကီတွေလဲ ဘာလုပ်ကြရမှန်းမသိဘဲ အဲသလို ဖြစ်သွားတာ ထင်ပါရဲ့။ တကယ့်အကြောင်းရင်းကတော့ ကျုပ်ပြောတာထက် ရှုပ်လိမ့်မယ်။

တစ်ခုတော့ ဖြစ်နိုင်ပါတယ်။ ကျုပ်က ကလေးတွေကိစ္စကို သဘောတူတယ်ဆိုတော့ သူတို့အဖို့ နားလည်ရတာ ခက်သွားတယ်ထင်တယ်။ ကျုပ်အနေနဲ့ကတော့ လူ့အတန်းအစားအကြောင်း စဉ်းစားရမှာ သိပ်ပြီးအလေးမထားတတ်ပါဘူး။ ကျုပ်စိတ်ထဲမှာကိုက ဒီကိစ္စမျိုးက ကျုပ်နဲ့သိပ်ဆိုင်တယ်တောင် မထင်ဘူး။ ဟုတ်တယ်။ ကျုပ်ဘဝ တစ်လျှောက်လုံးမှာ ကျုပ်ရဲ့အတန်းအစား၊ ကျုပ်ရဲ့အလွှာ စတာတွေကို သတိထားခဲ့တာမှမဟုတ်တာ။ ခုလိုအခါမှာတောင် တစ်ယောက်ယောက်က၊ ဒါမှမဟုတ် တစ်ကြောင်းကြောင့် ကျုပ်ရဲ့ အဆင့်အတန်းအခြေအနေ ပေါ်ပေါက်လာတဲ့အခါ ကျုပ်ကိုကျုပ်များ အံ့ဩနေမိပါရဲ့။ တစ်နေ့ ညနေကတင် အောက်ဘက်နားက ပျော်ရွှင်ဖွယ်ရပ်ကွက် ဟောင်းဘက်မှာရှိတဲ့ မစ္စစ်ကာဝကာမိဆိုင်မှာ နည်းနည်းပါးပါးသောက်ဖို့ သွားတယ်။ ပျော်ရွှင်ဖွယ်ရပ်ကွက်ကလဲ ခုဆို အလွန် စည်ကားနေတာကလား။ သို့ပေတဲ့၊ မစ္စစ်ကာဝကာမိဆိုင်မှာတော့ ကျုပ်နဲ့ ရှင်တားရိုးပဲ ရှိတယ်။ ထုံးစံအတိုင်း ကျုပ်တို့လဲ ဘားမှာရှိတဲ့ ခွေးခြေအရှည်ပေါ် ထိုင်ကြရင်း မစ္စစ်ကာဝကာမိနဲ့ ထွေရာလေးပါး ပြောဖြစ်တယ်။ တော်တော်ကလေးကြာသွားလို့ ဘယ်သူ ဘယ်ဝါမှလဲ ထပ်ရောက်မလာတော့ရင် ကျုပ်တို့သုံးယောက်သား အတွင်းရေးလေး၊ ဘာလေးပြောဖြစ်လာကြတယ်။ တစ်ချီမှာတော့ မစ္စစ်ကာဝကာမိက သူ့ ဆွေထဲမျိုးထဲက သူငယ်တစ်ယောက်ဟာ သူနဲ့သင့်တော်တဲ့အလုပ် ရှာမရ ဖြစ်နေကြောင်း ပြောပါတယ်။ ဒီတော့ ရှင်တားရိုးက ချက်ချင်းပဲ…

'ခင်ဗျားက ဒီဆရာကြီးဆီမှ မလွှတ်လိုက်ဘဲကိုး၊ ဆရာကြီးက တစ်ခုလောက်ပြောတာနဲ့ ခင်ဗျားအမျိုး အလုပ်ရသွားမှာ'လို့ ပြောပါလေရော။

http://www.cherrythitsar.org



'ရှင်တားရိုး ခင်ဗျား ဘာတွေပြောနေတုန်း'လို့ ကျုပ်က ကန့်ကွက်ရင်း ပြောလိုက်ပါတယ်။ 'ကျုပ် အငြိမ်းစားဖြစ်နေပြီ၊ အခုကျုပ်မှာ ဘာအဆက်အသွယ်မှ မရှိဘူး'

'ဆရာကြီးလို လူမျိုးကသာ ထောက်ခံလိုက် အားလုံးက ရှိသေပြီးသား'လို့ ရှင်တားရိုး ထပ်ပြောလိုက်ပါတယ်။ 'ခင်ဗျားအမျိုးကို ဆရာကြီး ဆီသာ လွှတ်လိုက်'

ရှင်တားရိုးက အသေလို အနိုင်အမာပြောလိုက်တော့ ကျုပ်အဖို့ နည်းနည်းတော့ အံ့သြသွားမိတာပေါ့။ နောက်မှ သတိရလိုက်တာက ကျုပ်က သူ့ညီလေးကိစ္စ ဆောင်ရွက်ပေးခဲ့တာကို ရှင်တားရိုးက သတိရလို့ပြောတယ် ဆိုတာ။ ကြာတော့ကြာခဲ့ပါပြီ။

၁၉၃၅ခု၊ ဒါမှမဟုတ် ၁၉၃၆ ခုလောက်ကထင်တယ်။ ရှင်တားရိုး ညီကလေးအတွက် အစိုးရရုံးက ကျုပ်မိတ်ဆွေတစ်ယောက်ဆီ ထောက်ခံစာ ရေးပေးလိုက်ဖူးတယ်။ သာမန်ပါပဲ။ အမှန်တော့ ကျုပ်အနေနဲ့ ဂရုတစိုက်လုပ်သင့်တယ်။ ဒါပေတဲ့၊ တစ်နေ့ နေ့ခင်း အိမ်မှာကျုပ်နားနေတုန်း မိန်းမက အိမ်ရှေ့မှာ ဧည့်သည်ရောက်နေကြောင်း လာပြောတယ်။

'ဟဲ့... အိမ်ထဲဝင်ခိုင်းလိုက်ပါ'လို့ ပြောမိတယ်။

'ကိစ္စမရှိပါဘူးတဲ့၊ ရှင့်ကို အနှောင့်အယှက် မပေးချင်ဘူးတဲ့'

ဒီတော့ကျုပ်လဲ အိမ်အပြင် ထွက်ကြည့်လိုက်တယ်။ ရှင်တားရိုးတို့ ညီအစ်ကိုနှစ်ယောက်ကိုး။ ညီဆိုပေတဲ့ အတော်ကလေး ငယ်သေးတာ။ ကျုပ်ကို တွေ့တယ်ဆိုရင်ပဲ ပြုံးရယ်လိုက်ရင်းက ခေါင်းငုံ့ အရိုအသေပေးကြတော့တာ။

'လာ... လာ၊ အပေါ်တက်ကြချေ'လို့ ကျုပ်က ပြောလိုက်ပေတဲ့ သူတို့က ကျုပ်ကို အရိုအသေပေးတာ မရပ်သေးဘူး။ 'ရှင်တားရိုး၊ ကျေးဇူးပြုပြီး အပေါ်တက်စမ်းပါ၊ ဖျာပေါ်ထိုင်စမ်းပါ'

'နေပစေ၊ ဆရာကြီးလို့' ရှင်တားရိုးကပြုံးရင်း အရိုအသေပေးမြဲ ပေးနေရှာတယ်။ 'ခုလို ဆရာကြီးအိမ်ကို လာရတာတောင်ပဲ အရိုအသေ တန်လှပြီ၊ မရိုမသေပြုရာ ရောက်ပါပြီ၊ ဆရာကြီးဆီလာပြီး ကျေးဇူးတင်ကြတာပါ၊ ဆရာကြီးကို အနှောင့်အယှက် မပေးပါရစေနဲ့၊ ကျွန်တော်တို့ ခုပြန်ကြမှာပါ'

'လာပါကွ အိမ်ထဲကို၊ ငါထင်တယ်၊ ဆက်ဆူကိုတောင် လက်ဖက်ရည် တည်နေတယ်ထင်တယ်'

http://www.cherrythitsar.org


'မဟုတ်ဘူး ဆရာကြီး၊ ခုတောင် ကျွန်တော်တို့က မရိုမသေ ပြုရာ ရောက်နေတယ်၊ တကယ်ပါ' ဒီနောက် ရှင်တားရိုးက သူ့ညီကလေး ဘက်လှည့်ပြီး 'ယိုရှိရိုး၊ ယိုရှိရိုး'လို့ ခပ်တိုးတိုး ခေါ်လိုက်ပါတယ်။

ဒီတော့မှ ရှင်တားရိုးရဲ့ ညီကလေးဟာ ခေါင်းညွတ်အရိုအသေ ပေးတာရပ်လိုက်ရင်း ကျုပ်ကို ခပ်ကြောက်ကြောက်နဲ့ကြည့်ရင်း ပြောပါတယ်။ 'ကျွန်တော့်ဘဝတစ်လျှောက်လုံး ဆရာကြီးကိုကျေးဇူးတင်နေမှာပါ၊ ဆရာကြီး ရဲ့ထောက်ခံချက်နဲ့အညီ ကျွန်တော်ဟာ မခိုမကပ်ပဲလုပ်ပါမယ်၊ ဆရာကြီး မျက်နှာမပျက်စေရဘူးလို့ ကျွန်တော်အာမခံပါတယ်၊ အထက်လူကြီးတွေ စိတ်ကျေနပ်အောင် ကျွန်တော် အားကြိုးမာန်တက်လုပ်ပါ့မယ်၊ အနာဂတ်မှာ ကျွန်တော့်ဘဝကို စတင်ပေးခဲ့တဲ့ ဆရာကြီးကိုဖြင့် ကျွန်တော်မမေ့ပါဘူး'

'ဒါဘာမှ မဟုတ်သေးပါဘူး၊ မင်း ရသင့်ရထိုက်လို့ မင်းအလုပ်ရ တာပဲ'

ကျုပ်က အဲသလိုပြောတာကို ရှင်တားရိုးတို့ ညီအစ်ကိုက သိပ် သဘောမကျကြဘူး။ ရှင်တားရိုးက သူ့ညီကလေးကို ပြောပြန်တယ်။ 'ယိုရှိရိုး၊ တို့ ဆရာကြီးမျက်နှာကို သေသေချာချာကြည့်၊ ခုလို ဩဇာကိတ္တိမရှိတဲ့သူ၊ သဒ္ဓါတရားရှိတဲ့ပုဂ္ဂိုလ်ကြီးရဲ့ ကူညီစောင့်မမှု ခံရတယ်ဆိုတာ နည်းတဲ့အခွင့် အရေးတစ်ရပ်မဟုတ်ဘူး'

'မှန်ပါတယ်' လို့ ညီဖြစ်သူက ပြောရင်း ကျုပ်မျက်နှာကိုသာ ငေးကြည့်နေတော့တာကိုး။

'ရှင်တားရိုး၊ မင်းကင်္ခါကို နေရထိုင်ရခက်အောင် လုပ်နေပြန်ပြီ၊ ကျေးဇူးပြုပြီး အိမ်ထဲဝင်ပါဦး၊ တို့ ဆာကေးလေးနဲ့ ဂုဏ်ပြုလိုက်ကြရအောင်'

'နေပစေဆရာကြီး၊ ကျွန်တော်တို့ ပြန်ကြတော့မယ်၊ ခုလိုနေ့လယ် နေ့ခင်း ဆရာကြီးကိုလာပြီး အနှောင့်အယှက်ပေးတာကိုက မရိုမသေပြုရာ ကျူလွန်းလှပါပြီ၊ ဆရာကြီးကို ကျေးဇူးတင်ဖို့ရာမှာ မစောင့်ဆိုင်းချင်လို့သာ လာရတာပါ'

အမှန်အတိုင်း ပြောရရင်ဖြင့် ရှင်တားရိုးတို့ ညီအစ်ကို ခုလိုလာပြော သွားကြတဲ့အခါ ကျုပ်စိတ်ထဲမှာ အောင်မြင်မှုတစ်ခု ရသလိုပဲ ခံစားလိုက် ရတယ်။ ကိုယ့်ဘဝအတွက် ကိုယ်ဘာသာ လုံးပန်းနေရင်း တစ်ခါတလေ ခုလို အရိုအသေခံလိုက်ရတော့မှ ငါဟာ ဘယ်ရွေ့ဘယ်မျှအထိ ပေါက်ရောက်

http://www.cherrythitsar.org


ခဲ့ပြီဆိုတာ သတိရမိတယ်။ အမှန်ပြောရရင် ကျုပ်ဟာ မထင်ဘဲ လူငယ်တစ်ယောက်ရဲ့ဘဝကို စပေးနိုင်ခဲ့ပြီ မဟုတ်လား။ အရင်ကဆို အဲသလို ကူညီစောင့်မဖို့ကိစ္စဟာ အထူးအထွေ စဉ်းစားနေစရာ မလိုဘဲကိုး။ အဲသလို ကူညီစောင့်မနိုင်လောက်တဲ့ အဆင့်အတန်းကို ကျုပ် ရောက်နေတယ်ဆိုတာတောင် ကျုပ်ဘာသာ ကျုပ်သတိမထားမိပါဘူး။

'ရှင်တားရိုး ခု အရင်တုန်းကလို မဟုတ်တော့ဘူး၊ အများကြီးပြောင်းလဲသွားခဲ့ပြီ'လို့ ပြောရင်း အဲဒီညက မစ္စစ်ကာဝကာမိရဲ့ဆိုင်မှာ ရှင်တားရိုးကို ပြောပြခဲ့ဖူးပါတယ်။ 'ငါ အငြိမ်းစားယူလိုက်ပြီ၊ ငါ့မှာ အဆက်အသွယ်မရှိတော့ဘူး'

သို့ပေတဲ့၊ ကျုပ်စဉ်းစားမိပြန်တယ်။ ရှင်တားရိုးပြောတာ အကုန်လုံးတော့ မမှားလောက်ဘူး။ ကျုပ်အနေနဲ့ စမ်းကြည့်သင့်တယ်။ ဒါမှလဲ ကျုပ်ဟာ ဘယ်ရွေ့ဘယ်မျှအထိ ဩဇာညောင်းသေးတယ်ဆိုတာ သိမှာကိုး။ ကျုပ်ကတော့ ပြောပြီးခဲ့သလိုပါပဲ။ ကျုပ်ရဲ့ အဆင့်အတန်းက ဘယ်လိုဆိုတာကို တစ်ခါမှ တွေးမကြည့်မိပဲကိုး။

ဘယ်လိုပဲဖြစ်ဖြစ်ပါ။ ရှင်တားရိုးအနေနဲ့ တစ်ခါတလေ တချို့ကိစ္စတွေမှာ မြင်ပုံကရိုးတယ်။ ဒီတော့ ခုကိစ္စမှာ ကိုယ့်ကိုယ်လဲ သိပ်အထင်အမြင်သေးထားလို့ မဖြစ်သေးဘူး။ ကျုပ်တို့ခေတ်အခါနဲ့ ပတ်သက်လို့ သရော်မခံရတဲ့သူ၊ နာကြည်းမှု မခံထားရတဲ့သူကို မတွေ့ရဖို့ဆိုတာက လွယ်တာမှတ်လို့။ ဒါကြောင့်လဲ မစ္စစ်ကာဝကာမိဆိုင်ကို သွားဖြစ်နေပြီး အဲဒီမှာ ရှင်တားရိုးကို တွေ့ဖြစ်နေရတာပေါ့။ ရှင်တားရိုးဆိုရင် လွန်ခဲ့တဲ့ ခုနစ်နှစ်လောက်ကပဲ ညနေတိုင်း မစ္စစ်ကာဝကာမိဆိုင်က ဘားကောင်တာမှာ ထိုင်နေတာ နေ့စဉ်လိုတွေ့ရတတ်တယ်။ ရှင်တားရိုးကတော့ အရင်ကလိုပါပဲ။ အဲဒီမှာထိုင်တဲ့အခါ သူ့ဦးထုပ်ကို ကောင်တာပေါ်မှာတင်ပြီး မေ့မေ့လျော့လျော့နဲ့ လှည့်ပတ်ရင်းကစားနေတတ်တယ်။ ရှင်တားရိုးအတွက်ကတော့ဖြင့် ဘာမှမပြောင်းလဲသလိုပဲ။ ကျုပ်ကို တွေ့တယ်ဆိုရင် ကျုပ်တပည့်ကလေးတစ်ယောက်လို အမြဲဆက်ဆံတယ်။ တစ်ညနေလုံးထိုင်ပြီး ဘယ်လောက်သောက်သောက် ကျုပ်ကို 'ဆရာကြီး' လို့ပဲ ရိုရိုသေသေနဲ့ ညွှန်းလေ့၊ ခေါ်လေ့ရှိတယ်။ တစ်ခါတလေဆိုရင် အနုပညာဆိုင်ရာ နည်းပညာတွေကို ကျောင်းသားသစ်တစ်ယောက်များလို စိတ်ပါလက်ပါ မေးမြန်းနေတတ်တယ်။ သို့ပေတဲ့ သူ့ခမျာ တကယ့်အနုသုခုမပညာတွေနဲ့ ဝေးတာကြာပါပြီ။ ရုပ်ပြတွေ ရေးစားနေတာက

http://www.cherrythitsar.org


နှစ်အတော်တောင်ကြာ သွားပြီထင်တယ်။ ခုနေတော့ မီးသတ်စက်တွေကို ဦးစားပေး ရေးနေလေရဲ့။ သူနေတဲ့အထပ်ခိုးကလေးထဲမှာ ထိုင်ပြီး နေ့စဉ်နဲ့အမျှ မီးသတ်ကားတွေ၊ မီးသတ်စက်ပုံတွေ ရေးနေတတ်တယ်။ သို့ပေတဲ့ ညနေဘက်မှာ နည်းနည်းပါးပါးသောက်ပြီးရင်တော့ သူ့ကိုယ်သူ ဟိုစဉ်အခါက ကျူပ်ဆီရောက်လာစ ဆန္ဒပြင်းပြတဲ့ အနုပညာသည်ကလေးလို့ ထင်နေတတ်သေးတယ်။

ရှင်တားရိုးက အဲသလို ကလေးဆန်တတ်လေတော့ မစ္စစ်ကာဝကာမိ အတွက် မကြာမကြာဆိုသလို အပြင်းဖြေစရာကလေးလို ဖြစ်နေတတ်တယ်။ မစ္စကာဝကာမိကလဲ စတတ်တယ်။ ပြောရစေတော့ရဲ့။ တစ်ညကများဆိုရင် မိုးကြီးလေကြီးကျနေတုန်း ရှင်တားရိုးတစ်ယောက် ဆိုင်ထဲပြေးဝင်လာတယ်။ အထဲလဲရောက်ရော အပေါက်ဝက ခြေသုတ်ခုံပေါ်မှာ သူ့ဦးထုပ်က ရေညှစ်ချတော့တာကိုး။

ဒီတော့ မစ္စစ်ကာဝကာမိက 'ဟဲ့၊ ရှင်တားရိုး'လို့ အော်ရင်း 'နင်တယ်ရိုင်းလှပါလား'လို့ ပြောလိုက်တယ်။

ဒီအခါ ရှင်တားရိုးခမျာ အလွန်အားနာသွားတဲ့ အကြည့်နဲ့ကြည့်ရင်း သူ့ကိုယ်သူလဲ အလွန်ကြီးမားတဲ့ ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်မိတယ်လို့ ထင်သွားပုံရတယ်။ မစ္စကာဝကာမိကိုလဲ တောင်းပန်လိုက်တာလွန်ရော။ ဒီတော့ မစ္စစ်ကာဝကာမိအဖို့ တစ်ဆင့်တက်ဖို့ အခွင့်အရေးရသွားတာပေါ့။

'ရှင်တားရိုး၊ နင့်ကိုငါ တစ်ခါမှ ဒီစရိုက်မျိုးနဲ့ မတွေ့ဖူးဘူး၊ နင့်ကြည့်ရတာ ငါ့ကို ရိုသေရမှန်း မသိဘူးထင်တယ်'

ဒီတော့ကျူပ်က ကြားဝင်ပြောမိတယ်။ 'အဘွားကြီး တော်လောက်ပြီ ထင်တယ်၊ ပြောလိုက်စမ်းပါ၊ ခင်ဗျားကျီစယ်နေတာပါလို့'

'ကျီစယ်တာ၊ ဘယ်ကကျီစယ်ရမှာတုန်း၊ ဒီလိုစရိုက်ဆိုးမျိုးကို'

အဲသလိုနဲ့ပဲ ရှင်တားရိုးကလဲ ရှင်တားရိုးပါပဲ။ တစ်ခါတလေ သူ့ကို ကောင်းကောင်းမွန်မွန် ဟုတ်တာပြောတယ်ဆိုရင်တောင် သူကသူ့ကို ကျီစယ်နေကြတယ်လို့ ထင်တတ်တာ။ တစ်ခါကဆို ရှင်တားရိုးမှာ မကြာခင်ကပဲ သေဒဏ်ပေးလိုက်တဲ့ ဗိုလ်ချုပ်ကြီးတစ်ယောက်နဲ့ ပတ်သက်လို့ (သူက မသိလိုက်ဘဲ) 'ကျူပ်က ဒီပုဂ္ဂိုလ်ကြီးကို ကလေးဘဝထဲက သိပ်သဘောကျတာ၊ ခုဆို ဘယ်အဆင့်များ ရောက်နေပြီလဲမသိဘူး၊ ပင်စင်တောင် ယူလောက်ပြီထင်တယ်'လို့ ပြောတယ်။

http://www.cherrythitsar.org


အဲဒီညက ဆိုင်ထဲမှာရောက်နေတဲ့သူတွေက သူ့ကို မလိုတဲ့အကြည့်နဲ့ ကြည့်ကြတာပေါ့။ မစ္စစ်ကာဝကာမိအနေနဲ့ကလဲ မိတ်ပျက်ရမှာ၊ ဖောက်သည်ပျက်ရမှာပူတော့ ရှင်တားရိုးကိုသွားပြီး တိုးတိုးတိတ်တိတ်နဲ့ အဲဒီဗိုလ်ချုပ်ကြီးရဲ့ ကံကြမ္မာကို ပြောပြတယ်။ ဒီတော့ ရှင်တားရိုးက အားရပါးရများတောင် ရယ်ရင်း ခုလိုပြောတယ်။

'တကယ်ပဲလား အဘွားကြီး၊ ခင်ဗျားပြက်လုံးတွေက တယ်လဲ အစွန်းရောက်သကိုး'တဲ့။

ရှင်တားရိုးရဲ့ အပုံ၊ နပုံကတော့ ပြောစရာဖြစ်လောက်အောင်ပါပဲ။ ဒါပေတဲ့ ကျုပ်အနေနဲ့ ပြောရမယ်ဆိုရင် ဆန့်ကျင်ဝေဖန်နေစရာမျိုးတွေ မဟုတ်ပါဘူး။ ဒီလိုသရော်တာမျိုးက အတော်ကလေး သန့်ရှင်းနေတော့ ကျေးဇူးများတောင် တင်ဖို့ကောင်းပါသေးတယ်။ တကယ်တော့ ဒါကလဲ ရှင်တားရိုးရဲ့ အရည်အချင်းတစ်မျိုးပဲ။ မနာတတ်တဲ့လူမျိုးကိုး။ ဒါကြောင့်လဲ ကျုပ်ကတော့ ခုလိုကာလမျိုးမှာ ရှင်တားရိုးဟာ ကျုပ်အတွက် အဖော်ရနေသေးတယ်လို့ ဆိုရမယ်။

မစ္စစ်ကာဝကာမိအနေနဲ့ကတော့ ခုလိုပြုမူပြောဆိုတာတွေကြောင့် သူကိုထိခိုက်တော့ ခံမှာမဟုတ်ဘူး။ သူ့နည်းသူ့ဟန်နဲ့ အကောင်းဆုံးဖြစ်အောင် လုပ်မှာပဲ။ သူ့ခများလဲ စစ်ဘေးစစ်ဒဏ် ခံခဲ့ရရှာတာကိုး။ စစ်ကြီးမတိုင်ခင်က ဆို သူလဲအရွယ်ကောင်းရှိသေးတာ။ ခုတော့ သူ့ခများအတော့်ကို ကျသွားရှာတယ်။ စစ်ကြီးအတွင်းက သူခများလဲ အတော်ကိုဆုံးရှုံးခဲ့ရတာတွေရှိလေတော့ ခုလို သူကျသွားတာကိုကြည့်ပြီး ဘာမှအံ့အားသင့်နေစရာ မရှိပါဘူး။ ခုဆို စီးပွားရေးကလဲခက်တယ်။ သူ့အနေနဲ့ဆို ဒီနေရာကလေးဟာ လွန်ခဲ့တဲ့ ဆယ့်ခြောက်နှစ်၊ ဆယ့်ခုနစ်နှစ်က သူဆိုင်ကလေး ဖွင့်ခဲ့တဲ့နေရာဆိုတာ ယုံဖို့တောင်ခက်နေတယ်။ အရင်ကရှိခဲ့တဲ့ ပျော်ရွှင်ဖွယ်အရပ်မှမဟုတ်တော့ဘဲ။ အရင်က သူနဲ့အပြိုင်အဆိုင်ဖွင့်ခဲ့ကြတဲ့ ဆိုင်တွေဆို ရှိမှမရှိကြတော့ဘဲ။ ဆိုင်ပိတ်ပြီး ပြောင်းပြေးကြပြီ။ မစ္စစ်ကာဝကာမိကိုယ်တိုင်တောင် အဲဒီလိုလုပ်ဖို့ တစ်ကြိမ်မက ကြံစည်ခဲ့ဖူးသေးတာပဲ။

သူဆိုင်ဖွင့်စကဆို ဆိုင်တွေက အများကြီး။ စားသောက်ဆိုင်တွေ ဘာတွေကျပ်ညပ်နေတဲ့အကြားမှာ သူ့ခများ အတင်းဝင်တိုးရရှာတာပါ။ ကျုပ်မှတ်မိနေသေးတယ်၊ တချို့က သူ့ဆိုင်ကလေး ခုလောက်အထိ ကြာကြာခံမယ်တောင် မထင်ကြဘူး။ ဟုတ်တာပေါ့။ ဟိုတုန်းကဆို ဒီလမ်းကျဉ်း

http://www.cherrythitsar.org


ကလေးတွေထဲမှာ လျှောက်တဲ့အခါ ဘက်စုံကဆိုင်တွေ၊ ချိတ်ထားတဲ့ အဝတ်ဆိုင်းဘုတ်တွေနဲ့ မထိမိအောင် လျှောက်လို့မရနိုင်ဘူး။ ဆိုင်တွေက ဈေးခေါ်တွေကလဲ ဆိုင်အပေါက်ဝတွေမှာ တန်းကိုစီလို့။ တစ်ဆိုင်နဲ့တစ်ဆိုင် အော်ဟယ်၊ ဟစ်ဟယ်နဲ့ အပြိုင်ဈေးခေါ်နေကြတော့တာကိုး။ ဟိုတုန်းက တော့လဲ ဖောက်သည်တွေက လုံလုံလောက်လောက်လဲရှိကြတာ။ ရာသီဥတု ကောင်းတဲ့အခါများဆို ဒီအရပ်မှာ ဘားတစ်ခုမှဘားတစ်ခုကို ပျော်ပျော်ပါးပါး သွားနေကြသူတွေ၊ လမ်းလယ်ကောင်ရပ်ပြီး စကားစမြည်ပြောနေကြသူတွေ စသဖြင့် အပုံကြီးပဲ။ ကားဆိုရင် ဘယ်မောင်းနိုင်မှာတုန်း။ ဘိုင်စကယ်တောင် ခက်ခက်ခဲခဲနဲ့ တွန်းသွားနေရတာ။

ကျုပ်က ‘ကျုပ်တို့ရဲ့ ပျော်ရွှင်ဖွယ်ရပ်ကွက်’လို့ ပြောရပေတဲ့ တကယ်တော့ သောက်တာ၊ စားတာ၊ စကားစမြည်ပြောကြတာလောက်ပါ။ တကယ့်ကို အပျော်အပါးအတွက်ဆိုရင် ဂီးရှားတွေရှိတဲ့အိမ်တွေ၊ ဇာတ်ပွဲရုံတွေ ရှိတဲ့ မြို့လယ်ကောင်ကို သွားရလိမ့်မယ်။ ကျုပ်အဖို့တော့ ကျုပ်တို့ရပ်ကွက် ကလေးပဲကြိုက်တယ်။ အဲဒီမှာကတော့ ကျုပ်တို့လို ပန်းချီဆရာတွေ၊ စာရေး ဆရာတွေများတော့ တစ်ညလုံးလို ငြင်းဟယ်၊ ခုန်ဟယ်ပေါ့။ ကျုပ်တို့တစ် တွေ သွားလေ့ရှိတဲ့နေရာကတော့ ‘မီဂီ–ဟီဒရီ’လို့ခေါ်တယ်။ လမ်းသုံးခွဆုံ အလယ်မှာပါ။ မီဂီ–ဟီဒရီက ပတ်ဝန်းကျင်က တခြားဆိုင်တွေလို မဟုတ်ဘူး။ ကျယ်ကျယ်ပြန့်ပြန့် ရှိရုံမကဘူး။ အပေါ်ထပ်လဲရှိတယ်။ ညှော်ခံတဲ့အမျိုး သမီးကလေးတွေလဲများတယ်။ ဂျပန်လိုတင်မကဘူး၊ အနောက်တိုင်းဝတ်စုံ တွေ၊ ဘာတွေနဲ့။ မီဂီ–ဟီဒရီဟာ သူပြိုင်ဘက်တွေထက်စာရင် ပိုပြီးစည်ကား လာရတာက ကျုပ်ကြောင့်လဲဖြစ်လေတော့ ဆိုင်ရဲ့ထောင့်တစ်နေရာမှာ ကျုပ်နဲ့ သောက်လေ့ရှိသူတွေကတော့ ကျုပ်ကျောင်းတပည့်ကျော်တွေဖြစ်တဲ့ ကူရိုဒါ၊ မူရာဆာကီ၊ တနကာ စတဲ့လူငယ်တွေပါ။ သူတို့က နာမည်ရစတွေ။ အားလုံး ပြောနိုင်ဆိုနိုင်ကြတယ်။ ပြောချင်ဆိုချင်ကြတယ်။ စားပွဲကိုပတ်ပြီး စိတ်ပါ လက်ပါ ငြင်းခဲ့၊ ခုန်ခဲ့ရတာတွေများ သတိရသေးတော့တယ်။

ရှင်တားရိုးကတော့ ဒီလက်ရွေးစင်အဖွဲ့ထဲ မပါဘူးလို့ ကျုပ်ပြောရ လိမ့်မယ်။ ကျုပ်အနေနဲ့ကတော့ ဘာမှကန့်ကွက်စရာမရှိပါဘူး။ သို့ပေတဲ့ ကျုပ်တပည့်တွေအကြားမှာက သူ့အဆင့်နဲ့သူ ရှိကြလေတော့ ရှင်တားရိုးက ဒီလက်ရွေးစင်တွေအထဲမှာ မပါနိုင်ဘူးပေါ့။ ကျုပ်မှတ်မိနေသေးတယ်။ ရှင်တားရိုးတို့ ညီအစ်ကိုနှစ်ယောက် ကျုပ်အိမ်ကိုရောက်လာပြီး သိပ်မကြာခင်

http://www.cherrythitsar.org



တစ်ညမှာ ကျုပ်တို့စားရင်းသောက်ရင်း တပည့်တွေကို ပြောပြလိုက်မိတယ်။ အဲဒီအခါ ကူရိဒါတို့တစ်သိုက်က ရုံးပြင်ကနားမှာ အလုပ်လုပ်ရဖို့ကလေးကို ခုလိုရေးကြီးခွင်ကျယ် လုပ်နေရတဲ့အကြောင်း ပြောပြီးရယ်ကြလေရဲ့။ ကျုပ်က တော့ အဆင့်အတန်းနဲ့ ဩဇာသက်ရောက်တဲ့ အကြောင်းတွေပြောပြမိတယ်။ ဒီကိစ္စတွေကို ထည့်ပြီးမစဉ်းစားတဲ့သူ၊ ကိုယ်လုပ်နိုင်သလောက် အကောင်း ဆုံးဖြစ်အောင် လုပ်ပေးချင်တဲ့သူ၊ အဲဒီလို ကိုယ့်အလုပ်နဲ့ကိုယ် ရှုပ်နေသူ တွေအကြားမှာ အဆင့်အတန်းနဲ့ဩဇာဟာ သူ့ဘာသာ ဖြည်းဖြည်းချင်း တက် သွားတတ်ပုံကို ကျုပ်က သုံးသပ်ပြတဲ့အခါ ကျုပ်တပည့်တွေက စိတ်ဝင်တစား နားထောင်နေကြလေရဲ့။ အဲဒီမှာ ကူရိဒါပဲလို့မှတ်မိတယ်။ ကူရိဒါကပြောတယ်။

'ကျွန်တော် သတိထား ကြည့်နေတာကြာပြီ။ ဆရာကြီးကို ဒီမြို့က လူတွေက သူ့ကို ဘယ်ရွေ့ဘယ်မျှ တန်ဖိုးထားကြတယ်ဆိုတာ ဆရာကြီး သိပုံမရဘူး။ ခုနက ဆရာကြီးပြောခဲ့တာ ပြန်စဉ်းစားကြည့်ရင် ဆရာကြီးရဲ့ ဩဇာဟာ အနုပညာလောကမှာသာ မဟုတ်ဘူး။ နေရာတကာမှာ ပျံ့နှံ့နေတာပဲ။ ဆရာကြီးအနေနဲ့က သိပ်ပြီးကိုယ့်ကိုကိုယ် နှိမ့်ချနေတတ်လေတော့ ဒါမျိုးကို သတိထားမိမှာမဟုတ်ဘူး။ ဒီရွေ့ဒီမျှ လူသူလေးပါးက အလေးထားခံရတာကို သိရင် ဆရာကြီးလို လူမျိုးက သူ့ဘာသာအံ့ဩနေလို့ ဆုံးမှာမဟုတ်ဘူး။ ဆရာကြီး အဲဒီလိုဖြစ်တာကို ကျွန်တော်တို့တော့ မအံ့ဩဘူး။ ခုလို ဆရာကြီး ကို လူတွေက ဘယ်ရွေ့ဘယ်မျှ ရိုသေကြတယ်ဆိုဦးတော့ ဆရာကြီး ရသင့် ရထိုက်တဲ့ အရိုအသေမျိုးထက် အများကြီးနည်းနေသေးတယ်ဆိုတာ ဒီစားပွဲမှာ ထိုင်နေကြတဲ့ ကျွန်တော်တို့အားလုံး သိကြပါတယ်။ ကျွန်တော့်အနေနဲ့က တော့ ဆရာကြီးရဲ့ဂုဏ်သတင်းတွေဟာ တစ်နေ့ထက်တစ်နေ့ ကြီးမားလာမယ် လို့ယုံတယ်။ နောင်တစ်နေ့မှာ ကျွန်တော်တို့အနေနဲ့ ဂုဏ်ယူစရာအကောင်း ဆုံးဖြစ်လာမှာက ကျွန်တော်တို့ဟာ တစ်ခါက ဆရာကြီးမတ်ဆုအိုနိုရဲ့ တပည့် ဖြစ်ခဲ့ဖူးတယ်ဆိုတာပါပဲ။

တကယ်တော့ အဲဒီလိုပြောကြ၊ ဆိုကြတာတွေဟာ သိပ်မဆန်းတော့ ပါဘူး။ ခုလိုညနေဘက် စားကြ၊ သောက်ကြတဲ့အခါ အတော်ကလေး သောက်ပြီးကြရင် ကျုပ်တပည့်တွေကထပြီး ကျုပ်အပေါ် ရိုသေတာ၊ လေးစား တာ၊ သစ္စာရှိတာတွေပြောကြတာ အစဉ်အလာတစ်ခုလို ဖြစ်နေတယ်။ သာမန်အားဖြင့်တော့ သူတို့ပြောသမျှကို ကျုပ်က သိပ်အလေးမထားပါဘူး။ ဒီတစ်ခါတော့ ရှင်တားရိုးတို့ ညီအစ်ကိုနှစ်ယောက် ကျုပ်အိမ်ဝမှာ ကလေးများ

http://www.cherrythitsar.org


လို ရိုရိုသေသေ ခေါင်းတညိတ်ညိတ်နဲ့ အရိုအသေပေးတာ မြင်လိုက်ရတော့ စိတ်ထဲမှာ တစ်ခုခု ကျေနပ်သွားမိသလိုပါပဲ။

ကျုပ်က ကျုပ်တပည့်ကျော်တွေနဲ့မှ သွားသွားလာလာ ရှိတာတော့ မဟုတ်ပါဘူး။ ပြောရရင်တော့ တစ်ညနေမှာ ပထမဆုံးအကြိမ် မစ္စစ်ကာဝကာမိ ဆိုင်ကိုသွားတုန်းကဆို ကျုပ်က ရှင်တားရိုးနဲ့ စကားပြောချင်လို့ပါ။ အဲဒီနေ့က အကြောင်းကို ဒီနေ့ပြန်စဉ်းစားလိုက်တဲ့အခါ ဟိုစဉ်အခါက ညနေဘက်တွေက အကြောင်းစုံအသံတွေ၊ ပုံရိပ်တွေ အကုန်ရောထွေးပြီး ပေါ်လာတော့တယ်။ တံခါးဝအပေါ်မှာ ချိတ်ထားတဲ့ မီးပုံးကလေးတွေ၊ မီကီ–ဟီဒရီအပြင်ဘက်မှာ ကိုယ့်အစုနဲ့ကိုယ် ရယ်မောပြောဆိုနေကြတဲ့လူတွေ ကြော်နံ့လှော်နံ့တွေ။ ဟိုတယ်မယ်ကလေးတွေက အမူးသမားတချို့ကို အိမ်ပြန်တော့ဖို့ ပြောနေတာတွေ၊ အရပ်လေးမျက်နှာပေါ်ထွက်လာတဲ့ ကွန်ကရစ်လမ်းကလေးတွေပေါ်မှာ သစ်သားခုံဖိနပ်တွေနဲ့ နင်းလျှောက်သွားသံတွေ ကျုပ်မှတ်မိနေသေးတယ်။ အဲဒီတုန်းက အတော်ကလေးနွေးတဲ့ နွေရဲ့ညတစ်ညပဲ။ ရှင်တားရိုးကို တွေ့နေကျနေရာမှာမတွေ့တော့ ကျုပ်လဲ အဲဒီမှာရှိတဲ့ ဘားကလေးတွေမှာ လိုက်ရှာမိတယ်။ အဲဒီက ဘားကလေးတွေက အပြိုင်အဆိုင်ဆိုပေတဲ့ ဆိုင်နီးချင်းတွေဆိုတော့လဲ စိတ်ရင်းမဆိုးကြပါဘူး။ တစ်ဆိုင်ဝင်၊ တစ်ဆိုင်ထွက်လိုက်ပြီး ရှင်တားရိုးကိုရှာရင်း မေးမြန်းကြည့်တော့ ဆိုင်သစ်မှာကြည့်ချေလို့ပြောကြတာနဲ့ ကျုပ်လဲ မစ္စစ်ကာဝကာမိ ဆိုင်ရောက်လာရတာပါ။

မစ္စစ်ကာဝကာမိအနေနဲ့ သူ့ဆိုင်ကို နှစ်ကာလ ပြောင်းလဲလာတာနဲ့ အမျှ အတော်ကလေး ပြင်ဆင်ပြောင်းလဲလိုက်တယ်လို့ ပြောလေ့ရှိတတ်တယ်။ ကျုပ်အမြင်ကတော့ သူ့ဆိုင်ကလေးဟာ ပထမဆုံးအကြိမ် ကျုပ်ရောက်သွားတဲ့ ညတုန်းကလိုပဲလို့ ကျုပ်ထင်တယ်။ ဆိုင်ထဲဝင်သွားတာနဲ့ ကွာခြားနေပုံတစ်ခုကို ချက်ချင်းသိသာနိုင်တယ်။ ဘားကောင်တာမှာ မီးကိုထိန်အောင်ထွန်းထားပေတဲ့ တစ်ခန်းလုံးက မှောင်နေတယ်။ ဆိုင်ကိုလာတဲ့သူ အတော်များများကတော့ ဘားကောင်တာမှာ ထိုင်ကြလေ့ရှိတယ်။ မီးတွေက လင်းနေပေတဲ့ ဘားတစ်ခုလုံး နွေးထွေးတဲ့အရသာကို ရနိုင်တာကိုး။ ပထမဆုံးအကြိမ် ရောက်သွားတဲ့ညကတော့ ကျုပ်လှည့်ပတ်ကြည့်မိတယ်။ ဒီကနေ့များမတော့ ဆိုင်ကလေးပတ်ဝန်းကျင်မှာ ဘယ်လိုပြောင်းသွားပြောင်းသွား မစ္စစ်ကာဝကာမိကတော့ အရင်ကအတိုင်းပဲ။

http://www.cherrythitsar.org


တချို့ဟာလေးတွေလဲ မပြောင်းလဲဘူးဆိုရမယ်။ မစ္စစ်ကာ၀ကာမိရဲ့ဆိုင်ကထွက်လာပြီး ဆိုင်တံခါး၀မှာ ရပ်လိုက်တယ်ဆိုရင် လူ့ယဉ်ကျေးမှုကြီး၊ လူ့အဖွဲ့အစည်းနဲ့ အတော်ကလေးလှမ်းတဲ့နေရာမှာ လာပြီးအရက်သောက်ခဲ့သလို ကိုယ့်ကိုကိုယ် ခံစားနေမိလိုက်တယ်။ ပတ်ပတ်လည်မှာက ဘာမှမရှိဘူး။ ဖြိုဖျက်ထားတဲ့ အကျိုးအပဲ့ အပိုင်းအစတွေပဲ။ ခပ်လှမ်းလှမ်းမှာတော့ တိုက်တချို့ရဲ့ နောက်ဘက်ပိုင်းကို မြင်ရတယ်။ ဒီတော့လဲ မြို့လယ်နဲ့ သိပ်မလှမ်းဖူးလို့ သိရနိုင်တာပေါ့။ မစ္စစ်ကာ၀ကာမိကတော့ 'စစ်ဘေးစစ်ဒဏ်'လို့ ဆိုတယ်။ ကျုပ်မှတ်မိနေတာက စစ်ကြီးပြီးသွားတဲ့နောက် အဲဒီတစ်ကြောမှာ ကျုပ်လျှောက်ကြည့်တုန်းက အဆောက်အအုံ အတော်များများက ရှိနေသေးတယ်။ မီဂီ–ဟီဒရီက ရှိနေသေးတယ်။ ပြတင်းပေါက်တွေကတော့ မုံးဒဏ်ခံထားရတယ်။ အမိုးတစ်ခြမ်းကလဲ ပြိုနေတယ်။ အဲဒီလို တိုက်ပြိုတိုက်ပျက်တွေအကြား လျှောက်နေရင်း ဒီနေရာကလေးက အရင်ကလို ပြန်ပြီးဖြစ်လာပါဦးမလားလို့ တွေးမိတယ်။ နောက်တစ်နေ့ နံနက်ဘက် ကျုပ်ဒီကိုရောက်တော့ ဘူဒိုဇာတွေနဲ့ အားလုံးထိုးချပစ်တာ တွေ့လိုက်ရတော့တယ်။

ဒီတော့လဲ ခုဆိုအဲဒီလမ်းဘက်တွေမှာက၊ အပြိုအပျက်တွေက အပုံအစတွေပဲပေါ့။ သက်ဆိုင်ရာ တာ၀န်ရှိပုဂ္ဂိုလ်တွေမှာတော့ အစီအစဉ်တွေ ရှိမှာပါ။ သို့ပေတဲ့ ခုလိုတွေ့လာရတာတော့ သုံးနှစ်လောက်ရှိပြီ။ မိုးရွာတဲ့အခါ ရေကလဲမစီးနိုင်လေတော့ အုတ်ကျိုးအုတ်ပဲ့တွေအကြားမှာ ရေ၀ပ်ပြီး ရေအိုင်ကလေးတွေလိုဖြစ်နေတယ်။ အဲဒီလို ရေ၀ပ်နေတာရဲ့ နောက်ဆက်တွဲအကျိုးဆက်ကတော့ မစ္စစ်ကာ၀ကာမိဟာ သူ့ဆိုင်က တံခါးပေါက်မှန်သမျှမှာ ခြင်ဆန်ခါထည့်ရတာပါပဲ။ ဆိုင်ကိုလာတဲ့သူတွေကတော့ သဘောကျလိမ့်မယ် မဟုတ်ဘူးဆိုတာတော့ မစ္စစ်ကာ၀ကာမိ သိပေတဲ့ မဆိုင်ဘူးကိုး။

မစ္စစ်ကာ၀ကာမိ ဆိုင်ရှိတဲ့ဘက်က လမ်းဘက်မှာတော့ အဆောက်အအုံတွေရှိနေသေးတယ်။ သို့ပေတဲ့ အတော်များများမှာ လူမနေကြတော့ဘူး။ မစ္စစ်ကာ၀ကာမိဆိုင်ရဲ့ တစ်ဖက်တစ်ချက်ကို ကြည့်လိုက်ရင်း လူမနေတာ အတော်ကြာပြီဖြစ်တဲ့ အဆောက်အအုံတွေ တွေ့ရလိမ့်မယ်။ သူ့ဆိုင်က အဲဒီအကြားမှာဆိုတော့လဲ မစ္စစ်ကာ၀ကာမိကတော့ သိပ်သဘောကျမှာ မဟုတ်ဘူး။ မစ္စစ်ကာ၀ကာမိက ပြောလေ့ရှိတယ်။ မတော် သူများနေ့ချင်း ညချင်း ချမ်းသာခဲ့ရင် အကုန်လုံး၀ယ်ပြီး ဆိုင်ချဲ့မယ်တဲ့။ လောလောဆယ်တော့ တစ်ယောက်ယောက် ပြောင်းလာဖို့သာ မျှော်နေရတာပဲ။ နောက်ထပ် ဘားလာ

http://www.cherrythitsar.org


ဖွင့်စေဦးတော့ သူကမပူဘူး။ ခုလိုတစပြင်အလယ်ကောင်မှာ နေရတာမျိုး ထက်စာရင် အများကြီးတော်သေးသပေါ့လေ။

တကယ်လို့များ ခင်ဗျားအနေနဲ့ အတော်ကလေးမှောင်မှ မစ္စစ်ကာဝကာမိဆိုင်က ထွက်ခဲ့ရင် ရှေ့မဆက်ခင် ခဏလောက် ရပ်ကိုရပ်ပြီး အဟောသိကံဖြစ်နေတဲ့ ရှေ့ကမြင်ကွင်းကို ရပ်ငေးမိမှာပဲ။ မှောင်ထဲမှာ အုတ်ကျိုးအုတ်ပဲ့တွေ၊ ထိုးထိုးထောင်ထောင် ထွက်နေတတ်တဲ့ သစ်တိုသစ်စတွေကို ကျော်လွှားရှောင်ရှားပြီး လာနိုင်မှာပါ။ နောက်ထပ်အကျိုးအပဲ့ အတိုအစတွေ အများကြီးကို ကျော်လွှားရင်း မီးရောင်အောက်မှာ တွေ့ရတဲ့ ရေအိုင်ရေကွက်ကလေးတွေကို ရှောင်ရှားပြီး လျှောက်လာရမှာ။

ဒီလိုနဲ့ ကျုပ်အိမ်ရှိရာဘက် တောင်ခြေကိုရောက်တဲ့အခါ တံ့ဆိုင်းခြင်း တံတားကလေးဆီရောက်တော့ ခဏနားရမှာပေါ့။ အဲဒီမှာနားရင်း အရင်က ရှိခဲ့တဲ့ ပျော်ရွှင်ဖွယ်ရပ်ကွက်ကို လှမ်းကြည့်လိုက်ရင်၊ တကယ်လို့များ နေကလဲ လုံးလုံးမဝင်သေးဘူးဆိုရင် တယ်လီဖုန်းကြိုးသွယ်တဲ့ တိုင်အဟောင်းတွေကို တွေ့ရပါလိမ့်မယ်။ ဖုန်းကြိုးတွေတော့ မရှိတော့ဘူးပေါ့။ အဲဒီတိုင်တွေဟာ ခင်ဗျားခုနကလာခဲ့တဲ့ လမ်းကြောင်းအတိုင်း ရှိနေကြပြီး အမှောင်ထဲမှာ ပျောက်ကွယ်သွားကြတာ တွေ့ရလိမ့်မယ်။ မှောင်ရိပ်ထဲမှာပဲ တွေ့ရနိုင်သေးတာက တိုင်ထိပ်တွေပေါ်မှာ မသက်မသာထိုင်နေကြတဲ့ ငှက်တွေပဲ။ ကြည့်ရတာ တစ်ခါက သူတို့နားခဲ့ကြဖူးတဲ့ ဖုန်းကြိုးတွေကို မျှော်လင့်နေကြသလိုပါပဲ။

သိပ်မကြာသေးဘူး။ တစ်ညနေ ကျုပ် အဲဒီသစ်သားတံတားကလေးပေါ်မှာ ရပ်ကြည့်နေရင်း အပြိုအပျက်တွေအကြားက မီးခိုးတန်းနှစ်ခု ထွက်နေတာ မြင်လိုက်ရတယ်။ ပျင်းပျင်းရိရိနဲ့ ရှင်းလင်းနေတဲ့ အစိုးရအလုပ်သမားတွေဖြစ်ချင်ဖြစ်မှာ။ မဟုတ်ရင် ကလေးတွေ ဆော့ကစားနေတာလဲ ဖြစ်ချင်ဖြစ်မှာ။ ဘယ်လိုပဲဖြစ်ဖြစ် ကောင်းကင်နောက်ခံမှာ တွေ့နေရတဲ့ အဲဒီ မီးခိုးငွေ့တွေဟာ ကျုပ်ကို ကြေကွဲဝမ်းနည်း သွားစေခဲ့တယ်။ စွန့်ပစ်ထားတဲ့ အလောင်းကောင်တွေ မီးရှို့နေသလို ထင်နေမိတယ်။ မစ္စစ်ကာဝကာမိပြောတဲ့ တစပြင်ဆိုသလိုပေါ့။ တစ်ခါက ဒီအရပ်မှာ သွားလာလှုပ်ရှား နေကြတဲ့လူတွေကို သတိရမိလိုက်တဲ့အခါ ခုလိုမြင်မိတာတော့ မတတ်နိုင်ဘူး။ မြင်မှာပဲ။

* * *

ကျုပ်လဲတောရောက်၊ တောင်ရောက်ဖြစ်နေတယ်။ ကျုပ်ပြောချင်တာ ပြီးခဲ့တဲ့တုန်းက ဆက်ဆူကို ဒီမှာလာနေတဲ့အကြောင်း အသေးစိတ်ကလေးပါ။

ကျုပ်ပြောတော့ ပြောပြီးပြီထင်တယ်။ ဆက်ဆူကို ရောက်ပြီးတဲ့ပထမနေ့က ဝရန်တာမှာထိုင်ပြီး သူ့ညီမနဲ့ စကားပြောကြတယ်။ ညနေစောင်းပိုင်းလောက်ရောက်တော့ သူတို့ညီအစ်မနှစ်ယောက်သားလဲ မိန်းကလေးချင်းပြောစရာစကားတွေသာ ပြောလာကြတဲ့အခါ ကျုပ်လဲ အသာထပြီး စောစောကအိမ်ထဲဝင်သွားတဲ့ ကျုပ်မြေးကို ရှာရအောင် အိမ်ထဲဝင်လာခဲ့တယ်။

ကျုပ် စင်္ကြံလမ်းလေးအတိုင်း လျှောက်လာတဲ့အခါ အိမ်ကိုတစ်ခုခုနဲ့ထုလိုက်သလိုဖြစ်ပြီး အိမ်ဟာ လှုပ်ခါသွားတယ်။ ကျုပ်လဲ ထမင်းစားခန်းဆီတက်သုတ်ရိုက်ခဲ့ရတာပေါ့။ အဲဒီလို နေ့ခင်းအချိန်မျိုးမှာ ထမင်းစားခန်းကအရိပ်ကျတဲ့ အပိုင်းမှာ ကျုပ်က၊ လင်းနေတဲ့ ဝရန်တာဖက်က လာခဲ့တာဆိုတော့မျက်စိကို ကျင့်သားရအောင် ခဏစောင့်ရသေးတယ်။ ပြီးမှ အခန်းထဲမှာအစ်ချီရို ရှိ၊ မရှိ သေချာအောင်ကြည့်ရတယ်။ အစ်ချီရိုက ထမင်းစားခန်းထဲမှာမရှိဘူး။ အဲဒီတုန်း တဒုန်းဒုန်းနဲ့ အသံတွေကြားရပြန်ရော။ ကျုပ်မြေးရဲ့ယား... ယားနဲ့ အော်သံလဲကြားရတယ်။ အသံက ထမင်းစားခန်းနဲ့ဆက်ရက်စန္ဒရားထားတဲ့အခန်းဆီက လာတာကိုး။ ကျုပ်လဲ အခန်းဝဆီသွားပြီး ခဏနားထောင်နေမိတယ်။ ပြီးမှ အခန်းတံခါးကို အသာတွန်းဖွင့်လိုက်တယ်။

ထမင်းစားခန်းနဲ့ စန္ဒရားထားတဲ့အခန်းက လုံးလုံးကွာတယ်။ ဒီအခန်းက နေ့တစ်ပတ်လည်လုံး နေရောင်ရတယ်။ အခန်းတစ်ခုလုံးမှာ

http://www.cherrythitsar.org


နေရောင်က လင်းလက်တောက်ပနေတာ။ ဒီထက်သာ ပိုကျယ်ရင်ဖြင့် မိသားစု စားသောက်ခန်း လုပ်ဖို့ကောင်းမှာ။ ဟိုစဉ်အခါကတော့ ဒီအခန်းကို ကျုပ်က ပန်းချီကားတွေ၊ ပန်းချီပစ္စည်းတွေ သိုလှောင်ခန်းလုပ်ခဲ့ဖူးသေးတာ။ ခုတော့ ဂျာမန်စန္ဒရားကြီးတစ်လုံးကလွဲလို့ အခန်းထဲမှာ ဘာမှမရှိပါဘူး။ ခုလို အခန်းက ရှင်းနေလေတော့ ကျုပ်မြေးက ဝရန်တာကို သဘောကျခဲ့သလို ဒီအခန်းကိုလဲ သဘောကျပုံရတယ်။ ကျုပ်မြေးက အိမ်ကြီးတစ်ခုထဲမှာ မြင်းလှေျာက်စီးနေသလိုမျိုးပဲ။ သူက အခန်းဝကို ကျောပေးထားလေတော့ ကျုပ်သူ့ကို ရပ်ကြည့်နေတယ်ဆိုတာ သူကတော်တော်နဲ့ သတိထားမိပုံမရဘူး။

'ဘိုးဘိုး'လို့ခေါ်ရင်း မကျေမနပ်နဲ့ 'ကျွန်တော်ဒီမှာ အလုပ်များနေတယ်၊ မတွေ့ဖူးလား'လို့ ပြောတယ်။

'စိတ်မဆိုးပါနဲ့ အစ်ချီရို၊ ဘိုးဘိုး မသိလိုက်လို့ပါ'

'ခု ဘိုးဘိုးနဲ့ ကျွန်တော် မကစားနိုင်သေးဘူး'

'အများကြီး တောင်းပန်ပါတယ်၊ အပြင်ဘက်က အသံကြားရလို့ ဘိုးဘိုး သိပ်စိတ်ဝင်စားတာနဲ့ လာပြီးကြည့်တာပါ'

ကျုပ်မြေးဟာ အတော်ကြာကြာ မကျေမနပ်နဲ့ ကျုပ်ကို ကြည့်နေပါတယ်။ ပြီးမှ မကျေနပ်သံနဲ့ 'ကောင်းပြီ၊ ကြည့်ချင်ရင်တော့ ငြိမ်ငြိမ်ထိုင်ကြည့်၊ ကျွန်တော် အလုပ်များနေတယ်'လို့ ပြောတယ်။

'ကောင်းပါပြီ အစ်ချီရို'လို့ ရယ်ရင်း ကျုပ်က ပြန်ပြောလိုက်တယ်။

'အင်မတန်ကျေးဇူးတင်ပါတယ်၊ အစ်ချီရို'

ကျုပ်က အခန်းကိုဖြတ်ပြီး ပြတင်းပေါက်နားမှာ သွားထိုင်တဲ့အထိ အစ်ချီရိုက မကျေမနပ်နဲ့ ကြည့်နေပါတယ်။ မနေ့ညနေက အစ်ချီရိုတစ်ယောက် သူ့အမေနဲ့ ရောက်လာကြတဲ့အခါ ကျုပ်ကသူ့ကို အရုပ်ဆွဲတဲ့ စာအုပ်တစ်အုပ်နဲ့ ဆေးရောင်စုံ ဖယောင်းတံကလေးတွေ ပေးပါတယ်။ ကျုပ် သတိထားမိလိုက်တာက အဲဒီစာအုပ်ကလေးရော ဖယောင်းရောင်စုံတံကလေး သုံးလေးခုတို့ဟာ ကြမ်းပေါ်မှာ၊ စာအုပ်ကလေးပေါ်မှာက သစ်ရွက်ကလေးတချို့ ဆွဲထားတာ တွေ့ရတယ်။ ဘာတွေများ ဆွဲထားသလဲဆိုတာ သိရအောင် ကျုပ်က လှမ်းယူမယ်အလုပ်မှာ အစ်ချီရိုက 'ယား... ယား' အသံပေးပြီး သူ့အရင်က လုပ်နေတာမျိုး ပြန်လုပ်နေပြန်တယ်။

http://www.cherrythitsar.org


ကျုပ်လဲ အတော်ကြာအောင် ကြည့်နေမိတယ်။ ကျုပ်မြင်ရသလောက်တော့ ကျုပ်အဖို့ သိပ်သဘောမပေါက်နိုင်ဘူး။ မြင်းကို စီးသလိုလုပ်လိုက်၊ သူ့စိတ်ကူးထဲက၊ ရန်သူတွေက တိုက်ခိုက်လိုက် ပါးစပ်ကလဲ သူ့ဘာသာ ပြောနေသေးတာ။ ကျုပ်လဲ ဘာများပြောသလဲ နားထောင်တော့ ကြည့်သေးတာ။ ကျုပ် ကြားရမိသမျှတော့ သူပြောနေတာက တကယ့်စကားလုံးတွေ မဟုတ်ဘူး။ သူ့ပါးစပ်ထဲ ရှိတာတွေ ပြောနေတာကိုး။

သူက တတ်နိုင်သမျှ ကျုပ်အခန်းထဲမှာ ရှိနေတာ၊ မသိကျိုးကျွန်ပြုနေတာ ကျုပ်မရှိသလိုပေါ့။ အဲဒီလို ခုန်ပေါက်ပြေးလွှား အော်ဟစ်နေရင်း တစ်ချီတစ်ချီ ရုတ်တရက် ရပ်သွားတယ်။ ဘာဆက်လုပ်ရမှန်း မသိသလိုပေါ့။ ပြီးတော့ ပြန်ပြီးခုန်ပေါက်နေပြန်ရော။ မကြာခင်မှာပဲ အစ်ချီရိုဟာ သူခုန်ပေါက်အော်ဟစ်နေတာတွေ ရပ်လိုက်ပြီး ကြမ်းပေါ် ထိုင်ချလိုက်ပါတယ်။ ကျုပ်က လက်ခုပ်လက်ဝါး တီးလိုက်မလားလို့ စဉ်းစားလိုက်သေးတယ်။ ဒါပေတဲ့ ဒီအတိုင်းနေတာ ကောင်းပါတယ်လို့ တွေးမိတယ်။

'ငါကတော့ သိပ်သဘောကျတယ်၊ အစ်ချီရို ပြောစမ်းပါဦး၊ မင်း ဘယ်သူ့လို လုပ်နေတာတုန်း'

'စဉ်းစားကြည့်လေ'

'အင်း... ယိုရှစ်ဆုနေ သခင်ကြီးလား၊ မဟုတ်သေးဘူး၊ ဆာမူရိုင်းများလား၊ ဒါလဲ မဟုတ်သေးဘူး ထင်တယ်၊ မဟုတ်သေးဘူး၊ နင်ဂျာ ထင်တယ်၊ လေလိုမြန်တဲ့ နင်ဂျာဖြစ်မယ်'

'ဘိုးဘိုးက စစဉ်းစားတယ် ဆိုကတည်းက မှားနေတာ'

'ကိုင်း... ဒီလိုဖြင့် ပြောစမ်းပါဦး၊ မင်းဘယ်သူလို လုပ်နေတာတုန်း'

'လုံးရိန်းဂျာ (Lone Ranger)'

'ဘာ'

'လုံးရိန်းဂျာလေ၊ ဟိုင်ယိုး၊ ဆေးလ်ဗား'

'လုံးရိန်းဂျာ၊ ဒါ ကောင်းဘွိုင်လား'

'ဟိုင်ယိုး၊ ဆေးလ်ဗား'လို့ အော်ရင်း အစ်ချီရိုဟာ ကဆုန်ပေါက်ပြေးပါလေရော။ ဒီတစ်ခါတော့ ပါးစပ်က မြင်းဟီသံမျိုးပါ လုပ်ပါတော့တယ်။

ကျုပ်မြေးလုပ်သမျှကို ခဏကြာအောင် ကြည့်နေပြီး ကျုပ်က မေးလိုက်တယ်။ 'မင်းဘယ်လိုလုပ်ပြီး ကောင်းဘွိုင်လို ကစားတတ်တာတုန်း' အစ်ချီရိုကတော့ ကဆုန်ပေါက်ပြေးရင်း မြင်းဟီလို့သာနေတယ်။

http://www.cherrythitsar.org


'အစ်ချီရို'လို့ ကျုပ်က အသံတင်းတင်းနဲ့ ထပ်ပြီးခေါ်လိုက်တယ်။ 'ခဏရပ်ပြီး ဘိုးဘိုးပြောတာများ နားထောင်စမ်းပါဦးကွ၊ လုံးရိန်းဂျာလို ကစားမယ့်အစား ယိုရှစ်ဆုနေ သခင်ကြီးလို ကစားရင် အများကြီး ပိုစိတ်ဝင်စားဖို့ကောင်းတယ်၊ ဘိုးဘိုးပြောပြရမလား၊ နားထောင်စမ်း အစ်ချီရို၊ ဘိုးဘိုးပြောပြမယ် အစ်ချီရို၊ ဘိုးဘိုးပြောတာကို နားထောင်စမ်း၊ အစ်ချီရို'

ကျုပ်အသံကလဲ လိုအပ်တာထက် ပိုမာသွားတယ်ထင်တယ်။ အစ်ချီရိုဟာ ကဆုန်ပေါက်ပြေးရာက ရပ်သွားပြီး ကျုပ်ကို အံ့အားသင့်တဲ့ မျက်နှာနဲ့ ကြည့်နေတယ်။ ကျုပ်ကလဲ သူ့ကိုအတော်ကြာကြာ ဆက်ကြည့်နေပြီးမှ သက်ပြင်းချလိုက်မိတယ်။

'စိတ်မဆိုးပါနဲ့ အစ်ချီရို၊ ဘိုးဘိုးအနေနဲ့ မင်းကို မနှောင့်ယှက်သင့်ဘူး၊ မင်းဘာသာ ဘယ်သူပဲဖြစ်ဖြစ် လုပ်နိုင်တယ်၊ ကောင်းဘွိုင်ပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ် မင်းဘိုးဘိုးကို ခွင့်လွှတ်ပေတော့၊ ဘိုးဘိုး သတိလက်လွတ်ဖြစ်သွားတယ်'

ကျုပ်မြေးကတော့ ဆက်ပြီးအတော်ကြာ ကျုပ်ကိုကြည့်နေတယ်။ ကြည့်ရတာ ငိုတော့မလို၊ အခန်းထဲက ပြေးထွက်သွားတော့မလိုဘဲ။

'အစ်ချီရို၊ မင်းလုပ်နေတာ ဆက်သာလုပ်ပါကွာ'

အစ်ချီရိုက တော်ကြာအောင် ဆက်ပြီးကြည့်နေပြီးမှ 'လုံးရိန်းဂျာ၊ ယိုင်ယိုးဆေးလ်ဗား'လို့အော်ပြီး ကဆုန်ပေါက်ပြန်တော့တာ။ ဒီတစ်ကြိမ်တော့ အရင်ကထက်ပိုပြီး အသံကျယ်အောင် ကဆုန်ပေါက်ပြေးနေလေတော့ တစ်ခန်းလုံး သွက်သွက်ကိုခါရော့ပဲ။ ကျုပ်လဲ သူ့ကို ခဏကြာအောင်ကြည့်နေပြီး ကြမ်းပေါ်က အရုပ်ဆွဲထားတဲ့ စာအုပ်ကို ကောက်ယူလိုက်မိတယ်။

အစ်ချီရိုက လေးငါးရွက်ဆွဲထားတယ်။ အလကားဖြုန်းပစ်လိုက်သလိုပဲ။ သူ့ဆွဲနည်းကတော့ သိပ်မဆိုးလှဘူး။ မီးရထားတို့၊ ဘာတို့တွေ ဆွဲထားထားပေတဲ့ အဆုံးသတ်မထားဘူး။ သူဆွဲထားတာတွေ ကြည့်နေတာကို သတိထားမိလိုက်တာနဲ့ အစ်ချီရိုဟာ ကျုပ်အနား ပြေးချလာပါလေရော။

'ဘိုးဘိုး၊ ဒီဟာတွေ ဘိုးဘိုးကြည့်နိုင်တယ်လို့ ဘယ်သူက ပြောသလဲ'လို့ ပြောရင်း ကျုပ်လက်ထဲက လုဖို့ကြိုးစားပါတယ်။ ကျုပ်ကလဲ သူမမီနိုင်အောင် မြှောက်ထားရတာပေါ့။

'အစ်ချီရို၊ ဘိုးဘိုးကို သနားပါကွာ၊ ဘိုးဘိုးက သူပေးထားတဲ့ ဖယောင်းရောင်စုံတွေနဲ့ မင်းဘာတွေဆွဲတယ်ဆိုတာ ကြည့်ချင်တယ်၊ ဒါ

http://www.cherrythitsar.org


တရားပါတယ်ကွာ' ကျုပ်လဲ အရုပ်ဆွဲထားတဲ့ စာရွက်တွေကို ဖွင့်ကြည့် လိုက်ရင်း 'တယ်ဟုတ်ပါလား အစ်ချီရို၊ မင်း ဆွဲမယ်ဆိုရင် ဒီထက်ကောင်း အောင် ဆွဲနိုင်တယ်'

'ဘိုးဘိုး ဒီဟာတွေ မကြည့်ရဘူး'

အစ်ချီရိုဟာ သူအရုပ်ရေးထားတဲ့ စာအုပ်ကို ကျုပ်ဆီက လုယူဖို့ ကြိုးစားနေပါတယ်။ ဒါကြောင့် သူလက်တွေကို ကျုပ်က အသာချုပ်ထားလိုက် ရတယ်။

'ဘိုးဘိုး ကျွန်တော့်စာအုပ်ပြန်ပေးပါ'

'အစ်ချီရို၊ မင်းခဏရပ်စမ်း၊ ဘိုးဘိုးကြည့်စမ်းပါရစေ၊ ကြည့်စမ်း၊ အစ်ချီရို၊ ဟိုမှာရှိတဲ့ ဖယောင်းတံကလေးတွေ သွားယူခဲ့ချေ၊ မင်းနဲ့ငါ အရုပ်တူတူ ဆွဲကြမယ်၊ ဘိုးဘိုးဆွဲပြမယ်'

ကျုပ်က အဲဒီလိုပြောလိုက်တာ အတော်ကလေး အကျိုးသက်ရောက် ပုံရတယ်။ အစ်ချီရိုက ရုန်းကန်နေရာက ချက်ချင်းရပ်သွားပါတယ်။ ပြီးတော့ ကြမ်းပေါ်မှာကျနေတဲ့ ရောင်စုံဖယောင်းတံကလေးတွေကို သွားကောက် လာပါတယ်။ အစ်ချီရိုရဲ့ အမူအရာလဲ ပြောင်းသွားတယ်။ ဖယောင်းတံ ကလေးတွေ ကောက်ပြီးပြန်လာတဲ့အခါ ကျုပ်ဘေးနားမှာ အသာလာထိုင်ပြီး စိတ်ဝင်တစားနဲ့ ကြည့်နေတယ်။ ပါးစပ်က ဘာမှတော့မပြောဘူး။

ကျုပ်လဲ အရုပ်ရေးတဲ့ စာရွက်အသစ်တစ်ခုကို လှန်လိုက်ပြီး သူ့ရှေ့က ကြမ်းပေါ်မှာချလိုက်တယ်။ 'ဒီလိုလုပ်ကွာ အစ်ချီရို၊ မင်းက အရင်ဆွဲ၊ ပြီးမှ ဘိုးဘိုးက မင်းဆွဲထားတာ ပိုကောင်းလာအောင် ဘယ်လိုလုပ်ရမလဲလို့ ကြည့်မယ်၊ ကိုင်း... မင်း ဘာဆွဲချင်သလဲ'

ကျုပ်မြေးဟာ ငြိမ်လို့သာနေတယ်။ စာရွက်အလွတ်ကိုသာ တစ်ခုခု တွေးရင်း ကြည့်နေရှာတယ်။ သို့ပေတဲ့ ဘာမှမဆွဲဘူး။

'မင်းမနေ့က တွေ့ခဲ့တဲ့တစ်ခုခုကို ဘာဖြစ်လို့ကြိုးစားပြီး မဆွဲတုန်း' လို့ ကျုပ်က အကြံပေးလိုက်မိတယ်။ 'မနေ့က မင်းတို့မြို့ထဲကို ရောက်လာ တုန်း တွေ့ခဲ့တာ တစ်ခုခုပေါ့'

အစ်ချီရိုဟာ စာရွက်အလွတ်ကိုသာ ကြည့်နေတယ်။ ပြီးတော့မှ မော့ကြည့်လိုက်ရင်း 'ဘိုးဘိုးဟာ တစ်ချိန်တုန်းက နာမည်ကျော်ပန်းချီဆရာ ကြီးလား'လို့ မေးလိုက်ပါတယ်။

http://www.cherrythitsar.org


'နာမည်ကျော်ပန်းချီဆရာကြီး၊ ဟုတ်လား'လို့ ပြောရင်း ကျုပ်ရယ်လိုက်တယ်။ 'အင်း အဲဒီလို ခေါ်နိုင်တယ်ထင်တယ်၊ မင်းအမေက အဲဒီလို ပြောပြသလား'

'ဖေဖေကပြောတယ်၊ ဘိုးဘိုးဟာ တစ်ခါက နာမည်ကြီးပန်းချီဆရာကြီးတဲ့၊ အခု ရပ်လိုက်ရတယ်တဲ့'

'ဘိုးဘိုး အနားယူလိုက်ပြီ အစ်ချီရို၊ လူတိုင်းလူတိုင်းဟာ အရွယ်တစ်ခုကိုရောက်ရင် အနားယူရတယ်၊ လူတိုင်းဟာ နားဖို့လိုတာကိုး'

'ဖေဖေက ပြောတယ်၊ ဂျပန်တွေစစ်ရှုံးလို့ ဘိုးဘိုး အရုပ်ဆွဲတာ ရပ်လိုက်ရတယ်ဆို'

ကျုပ်ရယ်လိုက်မိပြန်တယ်။ ပြီးမှ အရုပ်ဆွဲတဲ့စာအုပ်လေးကို လှမ်းယူလိုက်မိတယ်။ ကျုပ်မြေးဆွဲထားတဲ့ ခတ်ရထားပုံတွေ ကြည့်နေမိလိုက်တယ်။ သေသေချာချာမြင်ရအောင် လက်တစ်လှမ်းအကွာလောက်မှာ ကိုင်ထားပြီး ကြည့်နေလိုက်မိတယ်။ 'အစ်ချီရို၊ အရွယ်တစ်ခုကို ရောက်တဲ့အခါ လုပ်ကိုင်နေတာတွေက အနားယူလိုက်ချင်တတ်ကြတယ် အစ်ချီရို၊ မင်းဖေဖေလဲ ငါ့အရွယ်ရောက်လာတဲ့အခါ အလုပ်လုပ်နေတာက ရပ်မှာပဲ၊ မင်းလဲ တစ်နေ့ ဘိုးဘိုးအရွယ်ရောက်လာတဲ့အခါ မင်းလဲ အနားယူချင်လာမှာပဲ၊ ကိုင်း' လို့ ပြောနေရင်း စာရွက်အလွတ်ကို သူ့ရှေ့ချပေးလိုက်ရင်း 'ဘိုးဘိုးကို မင်းဘာဆွဲပြမလဲ'လို့ ပြောလိုက်တယ်။

'ထမင်းစားခန်းထဲကပုံက ဘိုးဘိုးဆွဲတာလား'

'မဟုတ်ဘူး၊ 'အုရာယာမ'လို့ခေါ်တဲ့ ပန်းချီဆရာကြီးဆွဲတာ၊ မင်းကြိုက်သလား'

'စကြိုလမ်းနဘေးက ပန်းချီကားရော ဘိုးဘိုးဆွဲတာလား'

'မဟုတ်ဘူး၊ ဘိုးဘိုးရဲ့မိတ်ဆွေ ပန်းချီကျော်တစ်ယောက်ဆွဲတာ'

'ဘိုးဘိုးပန်းချီကားတွေက ဘယ်မှာတုန်း'

'ဘိုးဘိုးရဲ့ပန်းချီကားတွေကို လောလောဆယ် သိမ်းထားတယ်၊ ကိုင်း... အစ်ချီရို တို့အရေးကြီးတဲ့ကိစ္စတွေဆီ ပြန်သွားရအောင်၊ ဘိုးဘိုးကို မင်းဘာဆွဲပြမှာလဲ၊ မင်းမနေ့က တွေ့ခဲ့တာတွေထဲက ဘာသတိရသတုန်း၊ ဘာဖြစ်တုန်း အစ်ချီရို တယ်ငြိမ်ပါလား'

'ဘိုးဘိုး ဆွဲထားတာတွေ ကြည့်ချင်တယ်'

http://www.cherrythitsar.org


'မနေ့က တွေ့ခဲ့တာတွေကို မင်းလိုမှတ်ဉာဏ်ကောင်းတဲ့ကောင်လေး တစ်ယောက်က သတိရမှာပါ၊ မင်းတွေခဲ့တဲ့ ရုပ်ရှင်ပိုစတာလေ၊ သမိုင်းမတင်ခင်က သတ္တဝါကြီးတွေနဲ့ဆိုတာလေ၊ အဲဒါတွေ မင်းကောင်းကောင်းဆွဲနိုင်မှာပါ၊ ပိုစတာထက်တောင် ကောင်းဦးမှာ'

အစ်ချီရိုဟာ အတော်ကလေးကြာအောင် တွေးနေပါတယ်။ ပြီးမှ ရှေ့ကို လှဲချလိုက်ပြီး စာရွက်နဲ့မျက်နှာကပ်ပြီး အရုပ်စဆွဲပါတော့တယ်။

အစ်ချီရိုဟာ အညိုရင့်ရောင်ကိုသုံးပြီး ကတ်ပြားရဲ့ အောက်ခြေဖက်မှာ ဘူးကလေးတွေလိုမျိုး ဆွဲပါတယ်။ အမှန်တော့ မြို့ကတိုက်ကြီးတွေကို ဆွဲတာပါ။ မြို့ရဲ့တိုက်ကြီးတွေအပေါ်မှာတော့ ပုတ်သင်ညိုလိုအကောင်ကြီး တစ်ကောင်။ နောက်ခြေထောက်ပေါ် ရပ်နေတာ။ အဲဒီနေရာရောက်တော့ ကျုပ်မြေးက အညိုရောင်ဖယောင်းတံကနေ အနီရောင်ကို ပြောင်းလိုက်ပါတယ်။ ပုတ်သင်ညိုကြီးရဲ့ဘေးမှာ အနီရောင်နဲ့ ခပ်ကြမ်းကြမ်း ဆွဲလိုက်ပါတယ်။

'ဘာတွေတုန်း အစ်ချီရို၊ မီးလောင်နေတာများလား'

အစ်ချီရိုက အနီရောင်ဖယောင်းတံနဲ့ ဆက်ဆွဲနေတယ်။ ဘာမှတော့ ပြန်မပြောဘူး။

'ဘာဖြစ်လို့ မီးတွေတောက်နေရတာတုန်း၊ ဒီအကောင်ကြီးကြောင့်လား'

'မီးကြိုးတွေ'လို့ အစ်ချီရိုက စိတ်မရှည်သလိုနဲ့ ပြန်ဖြေတယ်။

'မီးကြိုးတွေတဲ့လား၊ ဒါစိတ်ဝင်စားစရာပဲ၊ မီးကြိုးတွေက ဘာလို့ မီးတောက်နေတာတုန်း၊ မင်းသိသလား၊ အစ်ချီရို'

အစ်ချီရိုက သိပ်မကျေနပ်သလိုနဲ့ ကြည့်လိုက်ပြီး ဆက်ဆွဲနေပြန်တယ်။ အညိုရောင်ဖယောင်းတံကို ကောက်ယူလိုက်ပြီး ပုံရဲ့အောက်ဖက်နားမှာ အရုပ်လေးမျက်နှာကို ထွက်ပြေးနေကြတဲ့ လူတွေပုံကို ဖြည့်လိုက်ပါတယ်။

'မင်းဆွဲတာ တကယ့်ကိုကောင်းတာပဲ၊ အစ်ချီရို'လို့ ကျုပ်မှတ်ချက်ပေးလိုက်တယ်။ 'မင်းကို ဆုချရမယ်၊ ဆုချတဲ့အနေနဲ့ မနက်ဖြန်ကျရင် ဘိုးဘိုး မင်းကို ရုပ်ရှင်ပြရလိမ့်မယ်၊ မင်းသဘောကျရဲ့လား'

ကျုပ်မြေးက အရုပ်ဆွဲနေရာက ခဏရပ်ပြီး ကျုပ်ကိုမော့ကြည့်တယ်။ 'ဘိုးဘိုးအတွက် သိပ်များကြောက်စရာ ကောင်းနေမလား'

http://www.cherrythitsar.org


'ဘိုးဘိုးတော့မထင်ဘူး'လို့ ပြောရင်း ရယ်လိုက်မိတယ်။ 'မင်းမေမေ နဲ့ ဒေါ်လေးတို့တော့ ကြောက်ကြလိမ့်မယ်'

ဒီတော့ အစ်ချီရိုဟာ အားရပါးရနဲ့ အကျယ်ကြီး ရယ်တော့တာ။ ကြမ်းပေါ်မှာ သူ့ကိုယ်ကိုလိမ့်ပြီး ရယ်ပြန်လေရော။ ပက်လက်လှန်နေရာက 'မေမေနဲ့ဒေါ်လေးတို့တော့ တကယ့်ကိုကြောက်ကြမှာ'လို့သာ အော်နေတော့တယ်။

'တို့တစ်တွေက ယောကျ်ားတွေပဲ၊ တို့တစ်တွေက ကြိုက်မှာပေါ့ကွ၊ မဟုတ်ဘူးလား အစ်ချီရို၊ မနက်ဖြန်သွားကြမယ်၊ မင်းသဘောကျရဲ့လား၊ အမျိုးသမီးတွေခေါ်သွားပြီး သူတို့ကြောက်တာကို တို့ကြည့်ကြတာပေါ့'

အစ်ချီရိုဟာ အားပါးတရရယ်ပြန်တယ်။ 'ဒေါ်လေး နိုရီကိုတော့ ကြည့်တာနဲ့ ကြောက်တော့မှာ'

'သေချာတယ်၊ အစ်ချီရို'လို့ပြောပြီး ကျုပ်လဲ ရယ်မိတယ်။ 'ဒီတော့ တို့မနက်ဖြန် သွားကြည့်ကြမယ်၊ ခုမင်းဆွဲနေတာ ဆက်ဆွဲစမ်းပါဦး'

'ဒေါ်လေးကတော့ ကြောက်လို့ ထပြန်ချင်မှာ'

'ဟုတ်တယ် အစ်ချီရို၊ ခုတော့ မင်းဆွဲနေတာ ဆက်ဆွဲစမ်းပါဦး၊ မင်းဆွဲတာ အတော်ဟုတ်နေတာ'

အစ်ချီရိုဟာ ကိုယ်ကိုပြန်လိမ့်လိုက်ပြီး သူဆွဲနေတဲ့ အရုပ်ကားဆီပြန် သွားပါတယ်။ ကြည့်ရတာ စောစောပိုင်းက စိတ်ဝင်တစား ဆွဲနေတဲ့စိတ်မျိုး ရှိပုံမရတော့ပါဘူး။ အောက်ခြေဖက်မှာ ထွက်ပြေးနေတဲ့ပုံတွေသာ နင်းပြီး ဆွဲနေပါတယ်။ ဆွဲနေတဲ့ပုံကလဲ တစ်ခုနဲ့တစ်ခုရောစပ်သွားကြပြီး အဆုံးမှာ တော့ ဘာမှအဓိပ္ပာယ်မရှိတဲ့ ပုံတစ်ခုပဲ ဖြစ်သွားပါတော့တယ်။ သိပ်ပြီး ဂရုစိုက်ဆွဲနေစရာမလိုတော့လို့ အစ်ချီရိုက သူဆွဲနေတဲ့ အရုပ်ကားအောက်ပိုင်း မှာ တောခြစ်၊ တောင်ခြစ်နဲ့ ခြစ်ချင်ရာ ခြစ်ပစ်လိုက်ပါတော့တယ်။

'အစ်ချီရို မင်းဘာလုပ်လိုက်တာတုန်း၊ မင်းဒီလိုလုပ်ရင် မနက်ဖန် ရုပ်ရှင်မသွားတော့ဘူး၊ အစ်ချီရို တော်တော့လေ'

ကျုပ်မြေးက မတ်တတ်ထရပ်လိုက်ရင်း 'ဟိုင်ယိုးဆေးလ်ဗား'လို့ အော်လိုက်တယ်။

'အစ်ချီရို၊ မင်းပြန်ထိုင်စမ်း၊ မင်းအရုပ်ဆွဲလို့ မပြီးသေးဘူး'

'ဒေါ်လေးနိုရီကို ဘယ်မလဲ'

http://www.cherrythitsar.org


'မင်းအမေနဲ့ စကားပြောနေကြတယ်၊ နေဦး... အစ်ချီရို၊ မင်းအရုပ်ဆွဲတာ မပြီးသေးဘူး'

ကျုပ်မြေးကတော့ 'လုံးရိန်းဂျာ၊ ဟိုင်ယိုးဆေးလ်ဗား'လို့သာ အော်ပြီး အခန်းထဲက ပြေးထွက်သွားပါတယ်။

နောက်အတော်ကလေးကြာတဲ့အထိ ကျုပ်ဘာသာ ဘာလုပ်နေခဲ့တယ်ဆိုတာ မမှတ်မိတော့ဘူး။ ဖြစ်နိုင်တာက စန္ဒရားထားတဲ့ အခန်းထဲမှာပဲ အတော်ကြာအောင် ဆက်ထိုင်နေရင်း အစ်ချီရို ဆွဲထားတာတွေ ကြည့်နေခဲ့လိမ့်မယ်။ ဘာမှတော့ မယ်မယ်ရရ တွေးနေမှာမဟုတ်ဘူး။ မတွေးဆို ခုနေအခါများမှာတော့ သိပ်ပြီးမယ်မယ်ရရ တွေးမနေတတ်တော့ဘူး။ ဒီနောက်တော့ ထိုင်ရာကထပြီး သမီးတွေရှိရာ လာမိတယ်။

ဆက်ဆူကိုဟာ ပန်းခြံဘက်ကို ကြည့်ရင်း ဝရန်တာမှာ တစ်ယောက်တည်းထိုင်နေတာ တွေ့လိုက်ရတယ်။ နေကတော့ သာနေတာပဲ။ သို့ပေတဲ့ အေးတယ်။ ဆက်ဆူကိုဟာ ကျုပ်ကို တွေ့လိုက်တယ်ဆိုရင် ကျုပ်ထိုင်ဖို့ ခုံတစ်ခုကို နေရောင်အောက်မှာ နေရာချလိုက်တယ်။

သူက 'ခုပဲ ရေနွေးကြမ်းလုပ်တယ်အဖေ၊ အဖေသောက်ပါဦးလား'

ကျုပ်ကလဲ သောက်မယ်လို့ပြောလိုက်တော့ ဆက်ဆူကိုက ရေနွေးငှဲ့ထည့်လိုက်တယ်။ ကျုပ်က ပန်းခြံကို ငေးကြည့်နေမိပြန်တယ်။

ပန်းခြံဟာ စစ်ဘေးစစ်ဒဏ်ကို အတော်ကြီးခံခဲ့ရပေတဲ့ အခုအတော်ကလေးပြန်ပြီး ထိုးထိုးထောင်ထောင်ဖြစ်လာတယ်။ နှစ်ပေါင်းလေးဆယ်လောက်က အကိရဆူဂီမူရာ ပြုစုပျိုးထောင်ခဲ့တဲ့ လက်ရာတွေဟာ သိသာလာပြန်တယ်။ ပန်းခြံကလေးရဲ့ နောက်ဘက်နံရံဖက်ဆီမှာတော့ နိုရီကိုနဲ့ အစ်ချီရိုတို့နှစ်ယောက်သား ဝါးရုံတစ်ရုံကို ကြည့်နေကြလေရဲ့။ အဲဒီဝါးရုံက ဒီပန်းခြံထဲက တခြားအပင်တွေလိုပဲ အရွယ်ရောက်နေပြီးသား အပင်အနေနဲ့ မြို့ထဲက တစ်နေရာရာက ဆူဂီမူရာ ပြောင်းယူလာတာပါ။ အသေအချာတော့ မဟုတ်ဘူး။ ကြားခဲ့ရဖူးတာက ဆူဂီမူရာဟာ မြို့ထဲလျှောက်ပြုသွားရင်း သူ့သဘောကျတဲ့ အပင် တစ်ပင်ပင်များတွေ့ရင် ပိုင်ရှင်ကို ပိုက်ဆံအဆမတန်ပေးပြီး ဝယ်တတ်သတဲ့။ အဲဒီစကားမှန်ခဲ့ရင်တော့ ဆူဂီမူရာဟာ အလွန်တော်တယ် ပြောရမယ်။ ဒီကနေ့အထိ သူစိုက်ထားတဲ့အပင်တွေဟာ အလွန် သဟဇာတဖြစ်နေသေးတာပဲ။ ပန်းခြံဟာ သဘာဝအတိုင်းလိုပဲ။ ဖန်တီးထားတယ်တောင် မထင်ရဘူး။

http://www.cherrythitsar.org


'နိုရီကိုက ကလေးတွေနဲ့ သိပ်တည့်တာ'လို့ ဆက်ဆူကိုက ပြောတယ်။ 'အစ်ချီရိုဆိုရင် သူ့ကို သိပ်ခင်တာ'

'အစ်ချီရိုက လူတော်ကလေးပဲ'လို့ ကျုပ်ဖြေလိုက်တယ်။ 'သူ့အရွယ်တခြားကလေးတွေလို မရှက်တတ်ဘူး'

'အဖေ့ကိုတော့ ခုနက ဒုက္ခမပေးခဲ့ဘူးထင်တယ်၊ အဖေတို့နှစ်ယောက်သား အရုပ်ဆွဲနေကြတာ'

'ဟုတ်လား၊ သူသဘောကျမယ်ထင်တယ်'

'အဖေ့ကို သူက မြင်းစီးပြနေသေးတာ'

'ဟုတ်တယ်၊ အဲဒီလို အကြာကြီးလုပ်တတ်တယ်'

'အဲဒီလိုလုပ်ရင်း ပါးစပ်ကလဲ ပြောသေးတာ၊ သူ့ဘာသာ လုပ်ပြောတယ်ထင်တယ်၊ အဖေကြိုးစား နားထောင်ကြည့်တယ်၊ ဘာပြောမှန်းမသိဘူး'

ဆက်ဆူကိုက ရယ်လိုက်ပြီး သူ့လက်နဲ့ သူ့ပါးစပ်ကို ကာလိုက်တယ်။ 'ကောင်းဘွိုင်လုပ်တမ်း ကစားတယ်ထင်တယ်။ ကောင်းဘွိုင်လုပ်တမ်း ကစားတဲ့အခါ သူကအင်္ဂလိပ်လို ပြောတတ်တယ်'

'အင်္ဂလိပ်လို၊ အံ့ပါကွာ၊ သူပြောနေတာ အင်္ဂလိပ်လိုကိုး'

'တစ်ခါက သမီးတို့ သူ့ကို ကောင်းဘွိုင်ရုပ်ရှင် ပြဖူးတယ်၊ အဲဒီကတည်းက ကောင်းဘွိုင်ကားဆိုရင် သိပ်သဘောကျတာ၊ ကောင်းဘွိုင်တွေဝတ်တဲ့ ဦးထုပ်ကြီးတစ်လုံး ဝယ်ပေးထားရတယ်၊ ကောင်းဘွိုင်တွေက သူလုပ်သလိုအသံမျိုး လုပ်တတ်ကြတယ်လို့ သူကထင်တာ၊ ကြည့်ရတာ တစ်မျိုးဖြစ်နေမှာပေါ့အဖေ'

'ဒါကိုး'လို့ ပြောရင်း ကျုပ် ရယ်မိပြန်တယ်။ 'ကျုပ်မြေးက ကောင်းဘွိုင် ဖြစ်သွားတာကိုး'

ပန်းခြံထဲမှာတော့ လေညင်းကလေးတိုက်နေလို့ အကိုင်းကလေးတွေ ဘယ်ညာယိမ်းနေကြတယ်။ နိုရီကိုက နောက်ဘက်နံရံနားမှာရှိတဲ့ ကျောက်မီးပုံဟောင်းကြီး နဘေးမှာ ဒူးတုပ်ထိုင်လိုက်ရင်း အစ်ချီရိုကို တစ်ခုခုပြနေတယ်။

'အင်း... လွန်ခဲ့တဲ့လေးငါးနှစ်ကဆို အစ်ချီရိုကို ဒီလိုကောင်းဘွိုင်ရုပ်ရှင်တွေ ကြည့်ခွင့်ပေးကြမှာ မဟုတ်ဘူး'

ဆက်ဆူကိုဟာ ပန်းခြံဘက်ကြည့်နေရင်းက ပြန်ပြောတယ်။ 'ဆူအိချီက မိယာမိုတိုမူဆရှိလို ပုဂ္ဂိုလ်မျိုးကို နမူနာယူတာထက် ကောင်းဘွိုင်

http://www.cherrythitsar.org


တွေကို နမူနာယူတာမှ ကောင်းသေးတယ်လို့ ယုံတယ်၊ ဆူအိချီက ခုအခါ အမေရိကန် လူစွမ်းကောင်းတွေဟာ ကလေးတွေအတွက် နမူနာကောင်းပဲ လို့ ထင်တယ်'

'ဒီလိုတဲ့လား၊ ဒါက ဆူအိချီ အမြင်ပေါ့'

'အစ်ချီရိုက စီးစီးပိုးပိုးလုပ်တတ်တယ်၊ လူတွေကို ဆွဲဟယ်၊ ပြုဟယ် လုပ်တတ်တယ်၊ အဲဒီစရိုက်ကတော့ မကောင်းဘူး'

'စကားမစပ်'လို့ အစချီရင်း ကျုပ်က ပြောလိုက်မိတယ်။ 'မနက်ဖြန် ကျရင် အစ်ချီရိုနဲ့အဖေ ရုပ်ရှင်သွားကြည့်ကြမလို့'

'အဟုတ်လား'

ဆက်ဆူကိုဟာ သိပ်မယုံသလို ဖြစ်နေတာ ကျုပ်တွေ့လိုက်ရတယ်။

'ဟုတ်တယ်၊ သူ့ကြည့်ရတာ သမိုင်းမတင်ခင်က အကောင်ကြီး တွေကို သိပ်စိတ်ဝင်စားနေပုံရတယ်၊ အဖေ သတင်းစာထဲမှာ ဖတ်ကြည့်ပြီးပြီ၊ ဒီရုပ်ရှင်က သူ့အရွယ်ကလေးတွေ ကြည့်လို့ဖြစ်တယ်၊ ဘာမှမပူနဲ့'

'ကျွန်မလဲ ထင်ပါတယ်'

'အဖေတို့အားလုံး သွားကြည့်ကြရင် ကောင်းမယ်၊ မိသားစု တစ်စု လုံးပေါ့'

ဆက်ဆူကိုက စကားပြန်မပြောခင် လည်ချောင်းရှင်းလိုက်တယ်။

'ကောင်းမှာပါ၊ တစ်ခုပဲရှိတယ်၊ နိုရီကိုမှာ မနက်ဖြန်အတွက် တစ်ခုခု များ စီစဉ်ထားတာ ရှိနေမလား မသိဘူး'

'ဘာအစီအစဉ်တွေများတုန်း'

'ကျွန်မထင်တယ်၊ နိုရီကိုက မနက်ဖြန် သမင်၊ ဒရယ်တွေရှိတဲ့ ပန်းခြံကိုသွားဖို့ စဉ်းစားထားတယ်ထင်တယ်၊ ဒါပေတဲ့ ရပါတယ်၊ နောက် တစ်ခါမှ သွားကြတာပေါ့'

'နိုရီကို အစီအစဉ်လုပ်ထားမှန်း အဖေမသိဘူး၊ အဖေ့ကိုလဲ တစ်ခါမှ မတိုင်ပင်ဘူး၊ ဒီပြင် အဖေ့အနေနဲ့က အစ်ချီရိုကို ပြောလိုက်မိပြီ၊ သူက ရုပ်ရှင်ပဲသွားချင်မှာ'

'ဟုတ်ပါတယ်၊ သူလဲ ရုပ်ရှင်ပဲ ကြည့်ချင်မှာ'

နိုရီကိုဟာ ပန်းခြံထဲက ကျုပ်တို့ရှိရာဘက်ကို လျှောက်လာပါတယ်။ အစ်ချီရိုက သူ့လက်ကိုဆွဲပြီး ဦးဆောင်လာတာပေါ့။ ကျုပ်ကလဲ မနက်ဖြန် ကိစ္စကို တစ်ခါတည်း ပြောလိုက်မလို့ပဲ။ ဒါပေတဲ့ နိုရီကိုနဲ့ အစ်ချီရိုတို့

http://www.cherrythitsar.org


နှစ်ယောက်စလုံးဟာ ဝရန်တာမှာမနေတော့ဘဲ တန်းပြီးအိမ်ထဲဝင်သွားကြတယ်။ ခြေလက်ဆေးကြရအောင်ပါ။ ဒီတော့လဲ ညနေဘက် ညစာစားပြီးတဲ့အထိ ဒီကိစ္စကို မပြောဖြစ်ကြတော့ဘူး။

*　　*　　*

http://www.cherrythitsar.org

ကျုပ်အိမ်ရဲ့ ထမင်းစားခန်းက နေ့အခါဆိုရင် အလင်းရောင် ကောင်းကောင်းမရတတ်ပေတဲ့ ညဘက်မှာတော့ ထမင်းစားပွဲပေါ်ကို အလင်းရိပ် ဖြာကျတတ်တော့ အတော်ကလေး သဘောကျစရာ ကောင်းပါတယ်။ ကျုပ် တို့လဲ ထမင်းစားစားပွဲမှာ အတော်ကြာအောင် ထိုင်နေကြရင်း သတင်းစာလေး၊ မဂ္ဂဇင်းလေးများကို ဖတ်နေမိကြတယ်။ ဒီတင် ကျုပ်က ကျုပ်မြေးကို လှမ်းပြောလိုက်တယ်။

'အစ်ချီရို မနက်ဖြန်သွားဖို့အကြောင်း မင်းဒေါ်လေးကို ပြောပြီး ပြီလား'

အစ်ချီရိုက စာအုပ်ကြည့်နေရာက လှမ်းပြီး ဇဝေဇဝါနဲ့ မော့ကြည့် လိုက်တယ်။

'တို့ အမျိုးသမီးတွေ ခေါ်သွားမလား၊ မသွားဘူးလား'လို့ ကျုပ်က ထပ်ပြောလိုက်တယ်။ 'မင်းမှတ်မိလား၊ အမျိုးသမီးတွေအတွက် သိပ် ကြောက်စရာများ ဖြစ်နေမလားဆိုတာလေ'

ဒီတစ်ခါတော့ အစ်ချီရိုဟာ သဘောပေါက်သွားပုံရတယ်။ မှဲ့ပြီး 'ဒေါ်လေးနိုရီကိုကတော့ ကြောက်မှာ'လို့ ပြောလိုက်တယ်။ 'ဒေါ်လေး ကျွန်တော်တို့နဲ့ လိုက်မလား'

'ဘယ်ကိုလိုက်ရမှာလဲ၊ အစ်ချီရိုစံ'လို့ နိုရီကိုက ပြန်မေးတယ်။

'သတ္တဝါကြီးတွေပါတဲ့ ရုပ်ရှင်လေ'

'ငါထင်တာက မနက်ဖြန်တို့အားလုံး ရုပ်ရှင်သွားကြမလားလို့' ကျုပ်က ဝင်ပြောမိတယ်။ 'မိသားတစ်စုလုံးပေါ့'

http://www.cherrythitsar.org


'မနက်ဖြန်'လို့ ပြောရင်း နိုရီကိုက ကျုပ်ကို ကြည့်လိုက်တယ်။ ပြီးတော့ ကျုပ်မြေးကို လှမ်းကြည့်လိုက်ရင်း 'မနက်ဖြန် ရုပ်ရှင်မသွားနိုင်ဘူး အစ်ချီရို၊ ဒရယ်တွေရှိတဲ့ ပန်းခြံကိုသွားကြမယ်၊ မှတ်မိလား ဒေါ်လေးပြောထားတာ'လို့ ပြောလိုက်တယ်။

'ဒရယ်တွေရှိတဲ့ ပန်းခြံက နောက်မှသွားလဲဖြစ်ပါတယ်'လို့ ကျုပ်က ဝင်ပြောလိုက်တယ်။ 'ကလေးက ရုပ်ရှင်ကြည့်ချင်နေတာ'

'အဓိပ္ပာယ်မရှိတာဘဲ'လို့ နိုရီကိုက ပြောတယ်။ 'အားလုံးစီစဉ်ပြီးပြီ၊ အပြန်မှာ မစ္စစ်ဝါတာနာဘေကို ဝင်တွေ့ကြမယ်၊ သူက အစ်ချီရိုကို တွေ့ချင်နေတာကြာပြီ၊ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မတို့ စီစဉ်ထားတာက ကြာပြီပဲ၊ ဟုတ်တယ် မဟုတ်လား အစ်ချီရို'

'အဖေ့ကို ကျေးဇူးတင်ပါတယ်'လို့ ဆက်ဆုကိုက ဝင်ပြောတယ်။ 'မစ္စစ်ဝါတာနာဘေက တွေ့ချင်နေတာလဲကြာပြီ၊ ရုပ်ရှင်ကို နောက်တစ်နေ့မှ သွားကြတာပေါ့'

'ဒါပေတဲ့ အစ်ချီရိုက ရုပ်ရှင်ကြည့်ချင်နေရှာတာ'လို့ ကျုပ်က ကန့်ကွက်လိုက်မိတယ်။ 'မဟုတ်ဘူးလား အစ်ချီရို၊ ဒီအမျိုးသမီးတွေဟာ ခက်ကိုခက်ပါတယ်'

'အစ်ချီရို၊ မင်းပြောပြလိုက်လေ'လို့ ကျုပ်က ပြောလိုက်ပြန်တယ်။

အစ်ချီရိုက ကျုပ်ကို မကြည့်ဘဲ စာအုပ်ကိုပဲ ကြည့်နေတယ်။

'အစ်ချီရို၊ မင်းပြောပြလိုက်လေ' လို့ ကျုပ်က ပြောလိုက်ပြန်တယ်။

အစ်ချီရိုက စာအုပ်ကိုပဲ ကြည့်နေတယ်။

'အစ်ချီရို'

အစ်ချီရိုက စာအုပ်ကို စားပွဲပေါ်ပစ်ချလိုက်ပြီး မတ်တတ်ထရပ်လိုက်တယ်။ ပြီးတော့အခန်းထဲက ပြေးထွက်သွားပြီး စန္ဒရားထားတဲ့ အခန်းထဲ ဝင်သွားလေရဲ့။

ကျုပ်ရယ်လိုက်မိတယ်။ ပြီးမှ နိုရီကို ကို လှမ်းပြောလိုက်တယ်။ 'နိုရီကို နင်ကလေးကို စိတ်မချမ်းမသာဖြစ်အောင် လုပ်လိုက်ပြန်ပြီ၊ ငါစီစဉ်ထားတဲ့အတိုင်း လုပ်ဖို့ကောင်းတာ'

'အဖေ ရယ်စရာတွေ မပြောစမ်းပါနဲ့၊ မစ္စစ်ဝါတာနာဘေနဲ့တွေ့ဖို့ စီစဉ်ထားတာကြာပြီ၊ ပြီးတော့ကလေးကို အဲဒီလိုရုပ်ရှင်မျိုး ခေါ်သွားတယ်ဆို

တာလဲ၊ ရယ်စရာကြီး၊ ဒီလိုရုပ်ရှင်မျိုး သူလဲ ကြိုက်မှာမဟုတ်ဘူး၊ မဟုတ်ဖူးလား ဆက်ဆူကို'

ဆက်ဆူကိုဟာ ကြားထဲက ဘာလုပ်ရမှန်းမသိတဲ့ မျက်နှာမျိုးနဲ့ ပြုံးလိုက်ပါတယ်။ ပြီးတော့ ခပ်တိုးတိုးပြောတယ်။ 'ကျေးဇူးတင်ပါတယ် အဖေရယ်၊ နောက်တစ်နေ့မှဖြစ်ဖြစ်...'

ကျုပ်က သက်ပြင်းချလိုက်ရင်း ခေါင်းခါလိုက်မိတယ်။ ပြီးတော့ သတင်းစာကို ဆက်ဖတ်နေလိုက်တော့တယ်။ အတော်ကြာတဲ့အထိ ကျုပ်သမီးတွေဟာ ဘယ်သူမှ အစ်ချီရိုကို သွားမခေါ်ကြဘူး။ ဒီတော့ ကျုပ်ပဲထိုင်ရာက ထပြီး စန္ဒရားထားတဲ့အခန်းဆီ လာခဲ့ရတယ်။

အစ်ချီရိုက အခန်းထဲမှာ ကာထားတဲ့ယင်းလိပ်ကို အလင်းရောင်ရအောင်ဖွင့်ဖို့ သူအရုပ်နဲ့ မမီလေတော့ စန္ဒရားပေါ်က မီးကိုဖွင့်ထားတယ်။ မျက်နှာက စိတ်မချမ်းမသာ ဖြစ်နေရှာတယ်။

'ဘိုးဘိုး စိတ်မကောင်းပါဘူး အစ်ချီရို၊ ဒါပေတဲ့ သိပ်စိတ်မကောင်းဖြစ်မနေပါနဲ့၊ နောက်တစ်နေ့မှ သွားကြတာပေါ့'

အစ်ချီရိုက ဘာမှပြန်မပြောဘူး၊ ဒါနဲ့ကျုပ်က ထပ်ပြောလိုက်တယ်။ 'အစ်ချီရို စိတ်မကောင်းမဖြစ်နဲ့ကွာ၊ ဒါစိတ်မကောင်းဖြစ်နေစရာမှ မဟုတ်တာ'

ကျုပ်လဲ ပြတင်းပေါက်ရှိရာ လျှောက်လာမိတယ်။ ပြတင်းပေါက်က မှန်ထဲမှ ကျုပ်ရဲ့ပုံရိပ်နဲ့ နောက်ဘက်ကအခန်းကို တွေ့ရတယ်။ တစ်ဖက်အခန်းက သမီးတွေ ခပ်တိုးတိုးပြောနေသံလဲ ကြားနေရတယ်။

'အစ်ချီရို စိတ်မကောင်းဖြစ်မနေစမ်းပါနဲ့ကွာ' ကျုပ်က ပြောရပြန်တယ်။ 'စိတ်မကောင်းဖြစ်စရာ မဟုတ်ပါဘူး၊ နောက်တစ်နေ့ သွားကြည့်မယ်လို့ ဘိုးဘိုးကတိပေးပါတယ်'

ကျုပ်ကလှည့်ပြီး အစ်ချီရိုကို ကြည့်လိုက်တယ်။ အစ်ချီရိုကတော့ အရင်ကအတိုင်းပဲ။ စန္ဒရားအဖုံးပေါ်မှာ ခေါင်းတင်ထားတယ်။ သူ့လက်ချောင်းကလေးတွေကိုတော့ အဖုံးပေါ်မှာ စန္ဒရားတီးသလို လှုပ်နေတယ်။

ကျုပ်လဲ ခပ်ပေါ့ပေါ့ရယ်ပြီး ပြောလိုက်ပြန်တယ်။ 'ဒီလိုကွာ အစ်ချီရို၊ နောက်တစ်နေ့ တို့သွားကြည့်ကြမယ်၊ မိန်းမတွေက တို့ကိုအုပ်ချုပ်နေတာ တို့ဘယ်ခံနိုင်ပါလဲ' ကျုပ်ထပ်ပြီး ရယ်မိတယ်။ 'သူတို့ကလဲ ဒီရုပ်ရှင်ကို သိပ်ကြောက်စရာကောင်းတယ် ထင်မှာမဟုတ်ဘူးလား အစ်ချီရို'

http://www.cherrythitsar.org


ကျုပ်မြေးက ဘာမှမတုံ့ပြန်ဘူး။ သူ့လက်ချောင်းကလေးတွေပဲ စန္ဒရားအဖုံးပေါ်မှာ လှုပ်ကစားနေတယ်။ ကျုပ်ထင်တယ်။ ခုလိုအခါမျိုးမှာတော့ သူဘာသာ ထားလိုက်တာကောင်းတယ်။ ကျုပ် အသာရယ်လိုက်ပြီး ထမင်းစားခန်းထဲ ပြန်လာခဲ့တယ်။

ထမင်းစားခန်းထဲမှာတော့ ကျုပ်သမီးတွေဟာ သူတို့မဂ္ဂဇင်းကိုယ်စီ ဖတ်နေကြလေရဲ့။ ကျုပ်လဲ သက်ပြင်းရှည်ရှည်ချလိုက်ရင်း ဝင်ထိုင်လိုက်တယ်။ ဘယ်သူကမှ ဘာမှမပြောကြဘူး။ ကျုပ်စာကြည့်မျက်မှန်ကို တပ်လိုက်ပြီး သတင်းစာကို ဖတ်မယ်အလုပ်မှာ နိုရီကိုက ခပ်တိုးတိုး လှမ်းပြောတယ်။ 'အဖေ၊ လက်ဖက်ရည်သောက်မလား'

'ကျေးဇူးတင်ပါတယ် နိုရီကို၊ ခုတော့ မသောက်ချင်သေးဘူး'

'ဆက်ဆူကို၊ နင်ရော '

'ကျေးဇူးတင်ပါတယ် နိုရီကို၊ ငါလဲ မသောက်ချင်သေးဘူး'

ကျုပ်တို့ဘာသာ အတော်ကြာ စာဖတ်နေကြတယ်။ အတော်ကြာတော့ ဆက်ဆူကိုက ပြောတယ်။ 'အဖေရော၊ မနက်ဖြန်ကျရင် လိုက်မယ် မဟုတ်လား၊ ကျွန်မတို့ မိသားစုတစ်စုလုံး သွားကြရအောင်'

'လိုက်တော့လိုက်ချင်ပါတယ်၊ မနက်ဖြန်ကျရင် အဖေ့မှာ လုပ်စရာကလေးတွေရှိနေတယ်'

'ဘာပြောတာလဲ'လို့ နိုရီကိုက ဖြတ်ပြောလိုက်တယ်။ 'ဘာတွေလုပ်စရာရှိတာတုန်း' ဆက်ဆူကို့ဖက်လှည့်ပြီး ပြောပြန်တယ်။ 'အဖေပြောတာတွေ နားထောင်မနေနဲ့၊ ခု အဖေ့မှာ ဘာမှလုပ်စရာ မရှိဘူး၊ အားရင် အိမ်မှာအမြဲလို လှည်းကျင်းနေတာပဲရှိတယ်'

'အဖေပါတော့ ပိုကောင်းတာပေါ့ အဖေရယ်'လို့ ဆက်ဆူကိုက ကျုပ်ကိုပြောတယ်။

'စိတ်တော့မကောင်းပါဘူး'လို့ စပြောလိုက်ရင်း ကျုပ်က သတင်းစာကိုငုံ့ကြည့်လိုက်တယ်။ 'အဖေ့မှာ လုပ်စရာတစ်ခု၊ နှစ်ခုကရှိနေတယ်'

'ဒီလိုဆို အဖေက အိမ်မှာတစ်ယောက်တည်း နေခဲ့မလို့လား'လို့ နိုရီကိုက မေးတယ်။

'သမီးတို့အားလုံး သွားကြရင် အဖေ့ဘာသာနေခဲ့ရုံ ရှိတာပဲ'

ဆက်ဆူကိုက အသာချောင်းဟန့်လိုက်တယ်။ 'ဒီလိုဖြင့် ငါအိမ်မှာနေခဲ့မယ်၊ အဖေနဲ့ငါလဲ ပြောစရာကလေးတွေ ရှိနေတယ်'

http://www.cherrythitsar.org



နိုရီကိုက သူ့အစ်မကို စိုက်ကြည့်နေလိုက်တယ်။ 'နင် နေခဲ့ဖို့မလို ပါဘူး၊ ဒီလောက်အထိလာပြီးတော့၊ အိမ်ထဲမှာပဲ အချိန်ဖြုန်းနေစရာ မလိုပါဘူး'

'ငါ့အဖို့ အိမ်မှာနေခဲ့ပြီး အဖေ့ကို အဖော်လုပ်နေရတာ ပျင်းစရာ မရှိပါဘူး၊ အဖေနဲ့လဲ စကားပြောစရာကလေးတွေရှိတယ်'

'အဖေ၊ အဖေ ဘာလုပ်လိုက်တယ်ဆိုတာ တွေ့လား'လို့ နိုရီကို က ပြောလိုက်တယ်။ နောက် သူ့အစ်မကိုကြည့်ပြီး ပြောပြန်တယ်။ 'ဒီလိုဆို ငါနဲ့အစ်ချီရိုနဲ့ နှစ်ယောက်တည်းပေါ့'

'နိုရီကို၊ နင်နဲ့တစ်နေကုန် လျှောက်သွားရလို့ အစ်ချီရိုပျော်မှာပါ' လို့ ဆက်ဆူကိုကပြောရင်း ပြုံးလိုက်တယ်။ 'လောလောဆယ် အစ်ချီရိုက နင့်ကိုအချစ်ဆုံးပဲ'

ဆက်ဆူကို အိမ်မှာနေခဲ့မယ်လို့ ဆုံးဖြတ်တဲ့အတွက် ကျုပ်လဲပျော် သွားမိတယ်။ ကျုပ်တို့ သားအဖနှစ်ယောက်သားမှာလဲ လွတ်လွတ်လပ်လပ် အနှောင့်အယှက်မရှိဘဲ စကားပြောရတယ်လို့ကို မရှိသေးဘူး။ အိမ်ထောင်ကျ သွားတဲ့ သမီးဆီက အကျိုးအကြောင်းစုံလဲ ကြားရချင်သေးတာကိုး။ တခြား လူတွေရှေ့ မေးလို့မကောင်းတာလဲ ရှိသေးတာကိုး။ သို့ပေတဲ့ ဆက်ဆူကို အနေနဲ့ သူ့အကြောင်းနဲ့သူ။ ကျုပ်နဲ့ ပြောစရာဆိုစရာရှိလို့ အိမ်မှာနေခဲ့မယ်လို့ ဆိုတာမျိုးကို ကျုပ်ကမှ မထင်မိဘဲ။

*   *   *

ကျုပ်က ဘာရယ်ဆိုတဲ့ ရည်ရွယ်ချက်မရှိဘဲ အခန်းတွေထဲ ဝင်ထွက်သွားမိတယ်။ ကြည့်ရတာကတော့ ဇရာပိုင်းရောက်လာတဲ့ သဘောပါပဲ။ ဆက်ဆူကို အလည်ရောက်လာပြီးတဲ့ ဒုတိယနေ့မှာ ဧည့်ခန်းတံခါးကို ဆက်ဆူကိုက တွန်းဖွင့်လိုက်တော့ ကျုပ်က ဧည့်ခန်းထဲမှာ တစ်ကိုယ်တည်း အတော်ကြာကြာ အတွေးနယ်ချဲ့နေခဲ့တာကိုး။

'စိတ်မရှိပါနဲ့ အဖေ'လို့ သူက တောင်းပန်ရင်း 'သမီးနောက်မှ လာခဲ့ပါ့မယ်'လို့ ပြောသံကြားလိုက်ရတယ်။

ကျုပ်လှည့်ကြည့်လိုက်တော့ အံ့အားသင့်သွားတယ်။ ဆက်ဆူကို ဟာ အဝင်ဝမှာ ဒူးတုပ်ထိုင်နေတာ တွေ့လိုက်ရတယ်။ လက်ထဲမှာက ပန်းအိုးတစ်လုံးနဲ့ ပန်းတချို့နဲ့။

'လာ... သမီး'လို့ ပြောလိုက်ရတယ်။ 'အဖေလဲ ဘာမှလုပ်နေတာ မဟုတ်ပါဘူး'

အငြိမ်းစားယူလိုက်တော့ ကျုပ်မှာ ကျုပ်ပိုင်တဲ့ အချိန်တွေများလာတယ်။ ဒါကြောင့်လဲ အနားယူလိုက်တဲ့အခါ ကျေနပ်ဖို့ကောင်းလာတာ တစ်ခုက တစ်နေကုန် ကိုယ်လုပ်ချင်တာကို ကိုယ်လုပ်နိုင်သလောက် လုပ်နေနိုင်တာပဲ။ အောင်မြင်ဖို့ ကြိုးပမ်းရတာတွေ၊ အခက်အခဲတွေဟာ နောက်မှာ ကျန်ခဲ့ပြီဆိုတဲ့ အသိကလဲ အတော့်ကို ငြိမ်းချမ်းစေတာကိုး။ သို့ပေတဲ့ ဧည့်ခန်းလိုအခန်းထဲကို ရည်ရွယ်ချက်မရှိဘဲ လျှောက်နေမိတယ် ဆိုတာကတော့ မေ့တတ်လို့သာနေမှာပါ။ ငယ်ငယ်ကတည်းက အဖေကပြောလို့ မှတ်ထားရ

http://www.cherrythitsar.org


ဖူးတာရှိတယ်။ အိမ်တစ်အိမ်ရဲ့ ဧည့်ခန်းဆိုတာက အလေးအမြတ်ထားရတဲ့ နေရာတစ်ခု။ နေ့စဉ်အိမ်မှုကိစ္စ အသေးအမွှားတွေ ပြောဆိုရတဲ့နေရာမဟုတ်ဘူး။ အရေးကြီးတဲ့ ဧည့်သည်စောင်သည်ကို လက်ခံတွေ့ဆုံရတဲ့နေရာ၊ ဗုဒ္ဓဘာသာဆိုင်ရာ ဝတ်ပြုကိုးကွယ်မှုတွေ လုပ်ဖို့နေရာ စသဖြင့် အဖေကပြောထားတယ်။ ဒါကြောင့်လဲ ကျုပ်အိမ်မှာ ဧည့်ခန်းဟာ အခြားအိမ်တွေမှာလိုပဲ အရေးပါတဲ့ နေရာတစ်ခုပါ။ သို့ပေတဲ့ ကျုပ်က ကျုပ်အဖေလို ပညတ်တွေ ထုတ်မထားပေတဲ့ ကျုပ်ကလေးတွေ ငယ်စဉ်ကဆိုရင် အကြောင်းကြီးငယ် မရှိဘဲ ဧည့်ခန်းထဲ မဝင်စေခဲ့ဘူး။

ဧည့်ခန်းနဲ့ပတ်သက်လို့ ကျုပ်လက်ခံထားတာက နည်းနည်းပိုတယ်လို့ ဆိုချင်ဆိုကြမယ်။ ဒါပေမယ့် ကျုပ်ကြီးပြင်းခဲ့ရာ ဆူရူအိုက၊ ရွာကအိမ်မှာဆိုရင် ကျုပ်အသက် ဆယ့်နှစ်နှစ်သားအရွယ် မရောက်မချင်း ဧည့်ခန်းထဲကို ဝင်ခွင့်မရခဲ့ဘူး။ ဆူရူအိုက၊ ရွာက ဒီကနေ နေ့တစ်ဝက်လောက် ရထားစီးရတယ်။ ဧည့်ခန်းဆိုတာက ဘယ်လိုပဲဖြစ်ဖြစ် အိမ်ရဲ့အရေးပါတဲ့ အခန်းဖြစ်လေတော့ အခန်းရဲ့အထဲဖက်က အနေအထားကို အပြင်ဘက်ကနေ မြင်လိုက်ရသမျှလေးနဲ့ ကျုပ်ဘာသာ ရုပ်လုံးဖော်ကြည့်ရတာ။ ဒါကြောင့်လဲ ကြီးပြင်းလာတဲ့အခါ တဒင်္ဂမြင်တွေ့လိုက်ရတာကလေးတွေကို ကျုပ်ရဲ့ကင်းဘတ်ပေါ်မှာ ကျုပ်က ပြန်ဆွဲတဲ့အခါ ကျုပ်မိတ်ဆွေတွေက အံ့သြကြရတယ်။ အမှန်မှာတော့ အဲဒီလို လုပ်နိုင်လာတဲ့အတွက် ကျုပ်က ကျုပ်အဖေကို ကျေးဇူးတင်စရာကောင်းတယ်။ ကျုပ်ရဲ့ငယ်ဘဝမှာ အဲဒီလိုဖြစ်ဖို့ အဖေက လေ့ကျင့်ပေးခဲ့တာကိုး။ ဘယ်လိုပဲဖြစ်ဖြစ် အသက်ဆယ့်နှစ်နှစ်ပြည့်တော့ ဧည့်ခန်းထဲမှာ ကျုပ်အဖေရဲ့ 'လုပ်ငန်းဆိုင်ရာ အစည်းအဝေး' တက်ရတော့တာပဲ။ တစ်ပတ်တစ်ခါပေါ့။

ည ထမင်းစားတဲ့အခါ အဖေက 'ဒီည မတ်ဆူဂျီနဲ့ငါ လုပ်ငန်းဆိုင်ရာ အစည်းအဝေး လုပ်စရာရှိတယ်'လို့ ပြောတတ်တယ်။ အမှန်မှာတော့ အဖေက ကျုပ်ကို အသိပေးလိုက်ရင်း မိသားစုကိုပါ ဧည့်ခန်းရဲ့အနီးတစ်ဝိုက်မှာ ဆူဆူပူပူမလုပ်ကြဖို့ ကြေညာလိုက်တဲ့ သဘောပါ။

အဖေကတော့ ညစာစားပြီးတယ်ဆိုရင် အခန်းထဲကို ဝင်သွားတော့တာပဲ။ ကျုပ်ကတော့ နောက်ဆယ့်ငါးမိနစ်လောက် ကြာမှဝင်ရတယ်။ အခန်းရဲ့အလယ်ကောင်မှာက ဖယောင်းတိုင်အရှည်တစ်ချောင်း ထွန်းထားတယ်။ ဖယောင်းတိုင်ရဲ့ မီးရောင်အတွင်း အဖေက ကြမ်းပြင်ပေါ်မှာ တင်ပျဉ်ခွေ

http://www.cherrythitsar.org


ချိတ်ထိုင်နေတတ်တယ်။ သူ့ရှေ့မှာက သစ်သားနဲ့လုပ်ထားတဲ့ 'လုပ်ငန်းဆိုင်ရာသေတ္တာ'ရှိမယ်။ အခန်းထဲရောက်တာနဲ့ အဖေက ကျုပ်ကို မျက်နှာရိပ်မျက်နှာကဲပြပြီး သူ့ရှေ့အလင်းရောင်ထဲ မျက်နှာချင်းဆိုင်မှာ ထိုင်ခိုင်းမယ်။ ကျုပ်ထိုင်လိုက်ပြီးတဲ့အခါ အခန်းဟာ အမှောင်ရိပ် များသွားတာပေါ့။ ခပ်လှမ်းလှမ်းနံရံပေါ်မှာရှိတဲ့ ဘုရားစင်ကိုတော့ အဖေ့ပခုံးကိုကျော်ပြီး မှုန်ဝါးဝါးတွေ့ရနိုင်ပါတယ်။

အဖေကစပြီး ပြောဆိုတတ်ပါတယ်။ သေတ္တာကလေးထဲက မှတ်စုစာအုပ်သေးသေး ထူထူကလေးတွေထုတ်ပြီး ပြောရင်းဆိုရင်း ကျုပ်ကို ဟိုဟာပြ၊ ဒီဟာပြ လုပ်တတ်တယ်။ စာရင်းဇယားတွေ၊ ကိန်းဂဏန်းတွေပေါ့။ စကားကို ခပ်လေးလေးနဲ့ မနားတမ်း အဖေကပြောတတ်တယ်။ တစ်ချက်တလေ စကားပြောရပ်တဲ့အခါ ကျုပ်ကို ကြည့်လိုက်တယ်။ အဲဒီအခါမျိုးမှာတော့ ကျုပ်က ခပ်မြန်မြန်'ဟုတ်ပါတယ်ခင်ဗျ၊ မှန်ပါတယ်ခင်ဗျ' ပြောရတာပေါ့။

ကျုပ်အဖေပြောသမျှ အကုန်လုံးတော့ နားလည်တာတော့မဟုတ်ဘူး။ လုပ်ငန်းဆိုင်ရာ အသုံးအနှုန်းတွေ၊ ပြန်ပြီးတွက်ချက်နေတာတွေနဲ့။ ပြီးတော့ ကလေးတစ်ယောက်ကို ပြောနေတယ်ဆိုတာကိုလဲ ထည့်တွက်ထားပုံမပေါ်ဘူး။ ခက်တာက ကျုပ်အနေနဲ့ အဖေ့ကိုခဏရပ်ပြီး ရှင်းပြစမ်းပါလို့ ပြောဖို့ဆိုတာကလဲ မဖြစ်နိုင်ဘူး။ ကျုပ်မြင်သရွေ့ ပြောရရင်တော့ ကျုပ်ကို ဧည့်ခန်းထဲအဝင်ခံနိုင်လောက်ပြီလို့ သတ်မှတ်လိုက်ကတည်းက ကျုပ်ဟာ နားလည်လောက်တဲ့ အရွယ်ရောက်ပြီလို့ မှတ်ထားလိုက်ပုံရတယ်။ ကျုပ်အနေနဲ့ သောကပွားနေတတ်တာ တစ်ခုက မတော်လို့များအဖေက 'ဟုတ်ပါတယ်ခင်ဗျ၊ မှန်ပါတယ်ခင်ဗျ'လို့ ကျုပ်ဖြေနေတာထက် ပိုပြီးတစ်ခုခုများ ရှည်ရှည်ဝေးဝေး မေးလိုက်ရင်တော့ ပြဿနာပဲဆိုတာပါ။ တစ်လပြီးတစ်လ အချိန်တွေကြာလာပြီး ကျုပ်မှာ 'ဟုတ်ပါတယ်ခင်ဗျ၊ မှန်ပါတယ်ခင်ဗျ' ထက်ပိုပြီး မဖြေရပေတဲ့ နောက်အစည်းအဝေး တစ်ခုကိုမျှော်ရင်း တွေးတောပူနေခဲ့ရတာပဲ။

ခု ကြီးလာမှသိရတာက၊ အဖေကကျုပ်ကို သူပြောသမျှနားလည်လိမ့်မယ်လို့ မမျှော်လင့်ထားဘူးဆိုတာပဲ။ ဒီတော့ ကျုပ်အဖို့ နားမလည်နိုင်တာက အဖေကဘာဖြစ်လို့ ကျုပ်ကိုဘာဖြစ်လို့များ သောကပွားနေစေခဲ့တယ်ဆိုတာပဲ။ သဘောကတော့ တစ်နေ့မိသားစုလုပ်ငန်းကို ဦးစီးဦးဆောင်နိုင်အောင်၊ ငယ်ငယ်ကတည်းက စိတ်ဝင်တစားရှိလာအောင် ပျိုးထောင်နေ

http://www.cherrythitsar.org



တာလား။ ဒါမှမဟုတ် တစ်နေ့မိသားစုကို ဦးစီးဦးရွက်ပြုမယ့် လူတစ်ယောက်ကို အသိပေးတယ်၊ ဆုံးဖြတ်တယ်ဆိုတာမျိုးလား မပြောတတ်ဘူး။ အဖေက ဘယ်လိုပဲသဘောထားထား ကျုပ်လက်ထဲကို ဒီမရေရာတဲ့ စီးပွားရေးလုပ်ငန်း ရောက်လာမယ့် ကိစ္စအတွက်တော့ ကျုပ်အဖို့ ဘာမှပြောမနေချင်တော့ပါဘူး။

ကျုပ်အသက် တစ်ဆယ့်ငါးနှစ် အရွယ်ရောက်တော့ ဧည့်ခန်းထဲကို တခြားကိစ္စတစ်ခုနဲ့ ပတ်သက်လို့ ဆင့်အခေါ်ခံရပါလေရော။ ထုံးစံအတိုင်း အခန်းထဲမှာ ဖယောင်းတိုင်အရှည်တစ်ချောင်း ထွန်းထားပြီး အဖေက အခန်း အလယ်မှာ ထိုင်နေတယ်။ အဲဒီညနေက အဖေ့ရှေ့မှာ လုပ်ငန်းဆိုင်ရာ သေတ္တာ မရှိဘဲ ပြာခံခွက် မြေအိုးကြီးတစ်လုံးသာ ရှိပါတယ်။ ဒီပြာခံခွက်ကြီးက အိမ်မှာအကြီးဆုံး။ ဧည့်သည်လာမှသာ သုံးတတ်တာကိုး။ ဒီတော့ ကျုပ်က စဉ်းစားလို့မရဘူး။

'မင်း အကုန်လုံးယူခဲ့လား'လို့ အဖေက မေးတယ်။

'အဖေ ညွှန်ကြားတဲ့အတိုင်းပါပဲ'

ကျုပ်ချိုင်းကြားထဲမှာ ပိုက်သယ်လာခဲ့တဲ့ ကျုပ်ရဲ့ပန်းချီကားတွေ၊ ပုံကြမ်းတွေ အကုန်လုံးကို အဖေ့နဘေးမှာ ချလိုက်ပါတယ်။ ပန်းချီဆွဲထားတာတွေက အရွယ်အမျိုးမျိုးတင် မကဘူး၊ ဆေးတွေကလဲ ဟိုပေဒီပေဖြစ်နေလေတော့ အဖေ့ဘေးမှာချလိုက်တဲ့အခါ သပ်သပ်ရပ်ရပ်တော့ မရှိလှဘူး။

အဖေက ကျုပ်ရေးဆွဲတာတွေ ကြည့်နေတုန်း ကျုပ်က ငြိမ်ပြီးထိုင်နေမိတယ်။ အဖေကပုံတွေကို တစ်ခုပြီးတစ်ခုကြည့်ပြီး ကြည့်ပြီးသားတွေကို ဘေးမှာချလိုက်တယ်။ ကျုပ်ရဲ့လက်ရာတွေကိုကြည့်ပြီး တစ်ဝက်လောက် ရောက်တဲ့အခါ အဖေကကျုပ်ကို မော့်မကြည့်ဘဲ ပြောတယ်။

'မတ်ဆူဂျီ၊ မင်းဆွဲထားတာတွေ အကုန်လုံးယူလာခဲ့ရဲ့လား၊ တစ်ခု နှစ်ခု မင်းမယူခဲ့ဘူးထင်တယ်'

ကျုပ်က ချက်ချင်းမဖြေဘူး။ ဒီတော့အဖေက မော့ကြည့်လိုက်ပြီး 'ဆို...လို့'ထပ်ပြောတယ်။

'ဆွဲထားတာ တစ်ခုနှစ်ခု မပါလာဘူးဆိုတာ ဖြစ်နိုင်ပါတယ်'

'မတ်ဆူဂျီ၊ အဲဒီပန်းချီကားတစ်ချပ်၊ နှစ်ချပ်ဟာ မင်းအင်မတန် ဂုဏ်ယူတဲ့ ကားချပ်တွေလို့ ငါထင်တယ်၊ ဟုတ်သလား'

http://www.cherrythitsar.org


အဖေဟာ ပန်းချီကားတွေကို ပြန်ပြီးငုံ့ကြည့်နေပြန်တယ်။ ဒီတော့ ကျုပ်ကလဲ ဘာမှမဖြေတော့ဘူး။ အဖေဟာ အတော်ကြာအောင် ပန်းချီကားတွေကို ကြည့်နေတာကို ကျုပ်က ကြည့်နေမိလိုက်တယ်။ တစ်ချီမှာတော့ အဖေကပန်းချီကားတစ်ချပ်ကိုယူပြီး ဖယောင်းတိုင် မီးအောက်မှာ အသေအချာ ကြည့်ရင်း ခုလိုပြောတယ်။ 'ဟော့၊ ဒီဟာက နိရိုယာမ တောင်ကုန်းကအဆင်း လမ်းကလေး မဟုတ်လား၊ မင်းဆွဲထားတာ တယ်တူတာပဲ၊ တောင်အဆင်း လမ်းကလေးအတိုင်းပဲ၊ လက်ရာကောင်းတယ်ကွ'

'ကျေးဇူးတင်ပါတယ်'

'မတ်ဆူဂျိ'လို့ အဖေက ခေါ်ရင်း ပန်းချီကားကို ကြည့်နေတယ်။ 'မင်းအမေဆီက ငါ ထူးထူးဆန်းဆန်းတစ်ခု ကြားရတယ်၊ မင်းအမေက မင်းဟာ ပန်းချီဆရာအဖြစ်နဲ့ အသက်မွေးဝမ်းကျောင်း လုပ်ချင်တယ်လို့ ထင်နေပုံရတယ်'

အဖေက မေးခွန်းတစ်ခုအနေနဲ့ မေးတာမဟုတ်တော့၊ ပထမ၊ ကျုပ်က မဖြေဘဲ နေလိုက်တယ်။ အဖေက မော့်ကြည့်လိုက်ပြီး ထပ်ပြောပြန်တယ်။ 'မတ်ဆူဂျိ၊ မင်းအမေက မင်းပန်းချီဆရာအဖြစ်နဲ့ အသက်မွေးဝမ်းကျောင်း လုပ်ချင်တယ်လို့ ထင်နေပုံရတယ်၊ အမှန်မှာတော့ မင်းအမေ အဲဒီလို ထင်တာ မှားတယ်ထင်တယ်'

'မှန်ပါတယ်' ကျုပ်က သက်သက်သာသာပဲ ဖြေလိုက်တယ်။

'မင်းပြောချင်တာက မင်းအမေ နားလည်တာ လွဲတယ်ဆိုတဲ့ သဘော လား'

'သံသယ ဖြစ်ချင်စရာ မရှိပါဘူး'

'ကောင်းပြီ'

အဖေဟာ အတော်ကြာအောင် ပန်းချီကားတွေကို ကြည့်နေပြန်လို့ ကျုပ်က ဘာမှမပြောဘဲ ထိုင်ကြည့်နေမိတယ်။ အဲဒီနောက် အဖေက မော့် မကြည့်ဘဲ လှမ်းပြောလိုက်တယ်။ 'မင်းအမေ အပြင်ဘက် သွားမလို့ထင် တယ်၊ မင်းကြားလိုက်မိသလား'

'ကျွန်တော်တော့ ဘာသံမှ မကြားလိုက်မိဘူး'

'ငါထင်တယ်၊ မင်းအမေ အသံပဲ၊ ဒီနားက ဖြတ်သွားရမယ့် အတူတူ ဒီထဲ ခဏဝင်ခဲ့ပါလို့ ခေါ်လိုက်ချေ'

http://www.cherrythitsar.org


ကျုပ်လဲထပြီး တံခါးဝဆီလာခဲ့တယ်။ စကြ်ာလမ်းကလေးမှာကတော့ ကျုပ်ထင်ထားခဲ့တဲ့အတိုင်း မှောင်နေပြီ။ ဘယ်သူမှ မရှိကြပါဘူး။ အဖေ့အသံဟာ နောက်ဘက်ဆီက ထွက်လာပြန်တယ်။ 'မတ်ဆူဂျီ၊ မင်းအမေကို ခေါ်ရင်း ကျန်နေသေးတဲ့ မင်းရဲ့ ပန်းချီကားတွေပါ တစ်ခါတည်းယူခဲ့ချေ'

အဖေ့အသံ ကြားလိုက်ရတယ်ဆိုတာ ကျုပ်အထင်ပဲ ဖြစ်ချင်ဖြစ်မှာ။ အတော်ကလေးကြာလို့ ကျုပ်အမေနဲ့အတူ ကျုပ်အခန်းထဲ ပြန်ရောက်လာတဲ့အခါ ပြာခံမြေအိုးကြီးက ဖယောင်းတိုင်အနားကို ရောက်နေတာ တွေ့ရတယ်။ လေထဲမှာလဲ မီးရှို့ထားတဲ့ အနံ့ရနေတယ်။ ပြာခံအိုးကို လှမ်းကြည့်လိုက်တော့ ဘာမှ မီးရှို့ထားပုံ မရဘူး။

ကျုပ် နောက်ထပ်ယူလာတဲ့ ပန်းချီကားချပ်တွေကို အဖေအနားမှာ ချလိုက်တဲ့အခါ အဖေက မရေရာတဲ့ အကြည့်မျိုးနဲ့ အသိအမှတ်ပြုလိုက်ပါတယ်။ အဖေဟာဆက်ပြီး၊ ပန်းချီကားတွေကိုကြည့်နေပြီး သူ့ရှေ့မှာ ထိုင်နေတဲ့ အမေနဲ့ကျုပ်ကို တစ်စုံတစ်ရာ ဘာမှမပြောဘူး။ နောက်ဆုံး အဖေက သက်ပြင်းတစ်ချက်ချလိုက်ရင်း မော့ကြည့်လိုက်ပြီး ကျွန်တော့်ကို ပြောပါတယ်။ 'မတ်ဆူဂျီ၊ မင်းအနေနဲ့ ခရီးလှည့်လည်သွားနေတဲ့ ဘုန်းကြီးတွေ ပြောခဲ့သလို မဖြစ်နိုင်ဘူးလို့ ငါထင်တယ်။

'ခရီးလှည့်လည်သွားလာနေတဲ့ ဘုန်းကြီးတွေ ဟုတ်လား၊ ကျွန်တော် မသိပါဘူး'

'သူတို့မှာ ကမ္ဘာလောကကြီးအတွက် ပြောစရာတွေ အပုံကြီးပဲ၊ ငါကတော့ အတော်များများကို အလေးမထားဘူး၊ ဒါပေတဲ့ ဘာသာရေးဆိုင်ရာ ပုဂ္ဂိုလ်တွေအနေနဲ့ အရိုအသေတော့ ပေးတယ်၊ ယုတ်စွအဆုံး ခရီးလှည့်လည်ရင်း တောင်းရမ်းစားသောက် နေကြရပေစေ၊ အရိုအသေတော့ပေးတယ်'

အဖေက ခဏရပ်လိုက်ပြီးမှ ပြောတယ်။ 'အမှန်ပဲ'

ဒီနောက်အဖေက အမေ့ကိုကြည့်ပြီး ပြန်ပြောတယ်။ 'မှတ်မိသေးသလား စချီကို၊ တို့ရွာထဲ လာလေ့ရှိတဲ့ ဘုန်းကြီးတစ်ပါးလေ၊ ငါတို့သားမွေးပြီးတဲ့နောက် ရောက်လာတဲ့ဘုန်းကြီးလေ၊ ပိန်ပိန်၊ အသက်ကြီးကြီးလေ၊ လက်တစ်ဖက်ပဲရှိတယ်၊ ဒါပေတဲ့ သန်သန်စွမ်းစွမ်းပဲ၊ နင်မှတ်မိသေးလား'

'မှတ်မိပါတယ်'လို့ အမေက ဖြေလိုက်တယ်။ 'ဒါပေတဲ့ ဒီဘုန်းကြီးတွေ ပြောတာမှန်သမျှ အသည်းစွဲအောင် မှတ်ထားဖို့ မလိုပါဘူး'

'ဒါပေတဲ့ နင်မှတ်မိတယ် မဟုတ်လား' အဖေက ပြောပြန်တယ်။ 'မတ်ဆူဂျီနဲ့ပတ်သက်လို့ ဘုန်းကြီးက သတိပေးထားခဲ့တာလေ၊ မှတ်မိတယ် မဟုတ်လား စချီကို'

'အဲဒီတုန်းက ကျုပ်တို့သားက မွေးကင်းစပဲ ရှိသေးတာ' အမေက အသံကိုနှိမ့်ပြီး ပြန်ဖြေလိုက်တယ်။ ကျုပ်မကြားလောက်ဘူးလို့ တစ်နည်းနည်းနဲ့ ထင်ထားပုံရပါတယ်။ အဖေ့အသံကတော့ ကျယ်တယ်။ လူထုပရိသတ်ကို မိန့်ခွန်းခြွေနေသံမျိုး။

'ငါတို့ကို အဲဒီဘုန်းကြီးက သတိပေးခဲ့တယ်၊ မတ်ဆူဂျီရဲ့ လက်ဖျံတွေဟာ သန်မာတယ်၊ ဒါပေတဲ့ ခြောက်ပြစ်ကင်းပြီး မွေးလာတာမဟုတ်ဘူး၊ ပျော့ညံ့တဲ့စရိုက် ပေါ်လာတာနဲ့ အပျင်းအားကိုး ဖြစ်လာမယ်တဲ့၊ မတော်တရော် ဖြစ်လာမယ်တဲ့၊ မှတ်မိလား စချီကို'

'ဘုန်းကြီးက ကျုပ်တို့သားအကြောင်း အကောင်းပြောတာတွေလဲ ရှိပါတယ်'

'အမှန်ပဲ ငါတို့သားမှာ ကောင်းတာတွေ အများကြီးရှိတာကို ဘုန်းကြီးက ပြောခဲ့တယ်၊ ဒါပေတဲ့ အဲဒီ သတိပေးထားတာကို နင်မှတ်မိသေးသလားစချီကို၊ သူကပြောခဲ့တယ်၊ သူမှာကောင်းတဲ့အပိုင်းက ထွန်းကားလာအောင် ငါတို့အနေနဲ့ သူ့ကို အမြဲလို သတိထား ကြည့်နေရမယ်တဲ့၊ သူ့ရဲ့ပျော့ညံ့ကွက်တွေ ပေါ်လာတာနဲ့ တို့က ထိန်းကျောင်းပေးရမယ်တဲ့၊ အဲဒီလိုမှ မဟုတ်ရင်တော့ မတ်ဆူဂျီဟာ ဘာမှအသုံးမကျတဲ့ ကောင်တစ်ကောင်ကလွဲလို့ ဘာမှ ဖြစ်လာမှာ မဟုတ်ဘူးတဲ့'

'ဒါပေမယ့်လေ' လို့ အစချီပြီး အမေက ဝင်ပြောတယ်။ 'ဘုန်းကြီး ပြောသမျှကို အမှန်ချည်းပဲလို့၊ ယူလို့လဲ ဘယ်ဖြစ်မှာတုန်း'

အဖေဟာ အမေ့မှတ်ချက်ကို အတော်ကလေး အံ့အားသင့်သွားပုံရတယ်။ အတော်ကလေးကြာတော့ အမေပြောလိုက်တာကို စဉ်းစဉ်းစားစား ရှိတဲ့သဘောနဲ့ ခေါင်းကိုအသာညိတ်လိုက်ရင်း အဖေကပြောတယ်။ 'ငါကိုယ်တိုင်လဲ အဲဒီတုန်းက သိပ်ပြီးအလေးမထားခဲ့ပါဘူး၊ မတ်ဆူဂျီ ကြီးပြင်းလာတာကို ကြည့်လာမိတဲ့အခါ ဘုန်းကြီးအိုကြီး ပြောခဲ့တာကို အသိအမှတ်ပြုလာရတယ်၊ ငါတို့သားရဲ့စရိုက်၊ လက္ခဏာကို သတိထားကြည့်လာတဲ့အခါ သိပ်မငြင်းနိုင်အောင် ဖြစ်လာရတယ်၊ သူတစ်ပါးကို ထိခိုက်စရာမျိုးက သူ့မှာ သိပ်မရှိပါဘူး၊ သူ့မှာရှိနေတာက ပျင်းတာရယ်၊ အကျိုးရှိမယ့် အလုပ်မျိုးကို

http://www.cherrythitsar.org


မလုပ်ချင်တာရယ်၊ ဆန္ဒပြင်းပြင်းပြပြ မရှိတာရယ် စတာတွေပဲ'

အဖေက ကျုပ်ဆွဲထားတဲ့ ပန်းချီကား၊ သုံးလေးကားကို ကောက်ကိုင်လိုက်တယ်။ ပြီးတော့လက်ထဲမှာ အလေးချိန်ကို ဆကြည့်သလိုလို လုပ်နေတယ်။ ကျုပ်ကိုကြည့်ပြီး ခုလိုပြောပြန်တယ်။ 'မတ်ဆူဂျီ မင်းအမေက မင်းပန်းချီဆရာအဖြစ်နဲ့ အသက်မွေးဝမ်းကျောင်း လုပ်မယ်လို့ ထင်နေတယ်။ မင်းအမေအနေနဲ့ တစ်ခုခုများ နားလည်တာ လွဲနေသလား'

ကျုပ်က အသာမျက်လွှာချထားရင်း ဘာမှပြန်မပြောဘဲ နေလိုက်တယ်။ ကျုပ်ဘေးနားက အမေက ခပ်တိုးတိုး ပြောသံကြားလိုက်ရတယ်။ 'သူက ငယ်ပါသေးတယ်၊ ကလေးတွေး တွေးတာပဲလို့ ကျွန်မ ထင်ပါတယ်'

ခဏနားနေပြီး အဖေက ပြောပြန်တယ်။ 'မတ်ဆူဂျီ၊ ပန်းချီဆရာတွေ ဘယ်လိုနေကြ၊ ထိုင်ကြတယ်ဆိုတာများ မင်းသိရဲ့လား'

ကျုပ်ကတော့ ဘာမှပြန်မပြောဘူး။ ကြမ်းပြင်ကိုပဲ ကြည့်နေမိတယ်။

'ပန်းချီဆရာဆိုတာ'လို့ အစချီပြီး အဖေကပြောပြန်တယ်။ 'ဆင်းဆင်းရဲရဲ၊ နွမ်းနွမ်းပါးပါးနဲ့ နေကြရတာ၊ သူတို့နေတာက စိတ်ကူးယဉ်လောကကြီး အထဲမှာပဲ၊ ဘာမှကြိုးစားအားထုတ်ဖို့ မကြိုးစားကြတော့ပဲ စာရိတ္တတွေ ပျက်စီးနေတဲ့ လောကကြီးပဲ၊ ငါပြောတာမဟုတ်ဘူးလား စချီကို'

'မှန်ပါတယ် ဒါပေတဲ့လဲ အောင်မြင်တဲ့ ပန်းချီဆရာတစ်ယောက်နှစ်ယောက်ရှိပါသေးတယ်'

'ဟုတ်တာပေါ့၊ ခြွင်းချက်တွေတော့လဲ ရှိတာပေါ့'လို့ အဖေက ပြောတယ်။ ကျုပ်ကတော့ မျက်လွှာသာ ချထားတော့တယ်။ အဖေ့အသံကို ကြားရရုံနဲ့ အဖေဟာ သူ့ထုံးစံအတိုင်း ခေါင်းတညိတ်ညိတ်နဲ့ ပြဿနာအဖြေရှာမရသလို ဖြစ်နေမယ်လို့ သိနေလိုက်တယ်။ 'အောင်မြင်ကြတယ်ဆိုတာကလဲ လက်တစ်ဆုပ်စာပါ၊ ငါတို့သားလို အကောင်မျိုးက အဲဒီထဲ ပါနိုင်ဖို့က ဝေးပါသေး။ ဒီတော့ ငါတို့အနေနဲ့ သူဒုက္ခမရောက်ရလေအောင် ကာကွယ်ရမှာပဲ။ ငါတို့အနေနဲ့ သူ့ကို လူတစ်လုံးသူတစ်လုံးဖြစ်အောင်၊ လူသူလေးပါး အရေးထားရအောင်၊ ငါတို့အနေနဲ့ ဂုဏ်ယူနိုင်အောင် လုပ်ရမှာပဲ'

'ဟုတ်ပါတယ်'လို့ အမေက ပြောတယ်။

ကျုပ်လဲ ခပ်သွက်သွက် မော့ကြည့်မိလိုက်တယ်။ ဖယောင်းတိုင်တောင် တစ်ဝက်လောက် လောင်သွားပြီးပြီ။ မီးရောင်က အဖေရဲ့မျက်နှာတစ်ခြမ်းမှာ လင်းနေတယ်။ အဖေက သူ့ပေါင်ပေါ်မှာ ပန်းချီကားတွေ တင်ထားပြီး

http://www.cherrythitsar.org


သူ့လက်ချောင်းတွေနဲ့ ပန်းချီကားနုတ်ခမ်းတွေကို ဟိုကိုင်ဒီကိုင် လုပ်နေတယ်။

'မတ်ဆူဂျီ၊ မင်းသွားပေတော့၊ မင်းအမေနဲ့ ငါစကားပြောစရာရှိတယ်'လို့ အဖေကပြောတယ်။

အဲဒီည အတော်လေးမိုးချုပ်တော့ စင်္ကြံလမ်းကလေး တစ်နေရာအမှောင်ထဲမှာ အမေနဲ့တွေ့တယ်။ ဘယ်နေရာမှာလဲတော့ အသေအချာ မမှတ်မိဘူး။ ကျုပ်ကိုကျုပ်လဲ ဘာဖြစ်လို့ အမှောင်ထဲမှာ အိမ်ကိုပတ်ပြီး လျှောက်နေတယ်ဆိုတာ မမှတ်မိဘူး။ သေချာတာတော့ အဖေနဲ့အမေ ဘာတွေပြောဆိုနေကြတယ်ဆိုတာ ချောင်းနားထောင်ဖို့တော့မဟုတ်ဘူး။ ကျုပ်အနေနဲ့က ဧည့်ခန်းထဲက ထွက်လာကတည်းက အဲဒီမှာ ဘာတွေဖြစ်နေတယ်ဆိုတာ သိလဲမသိချင်တော့ဘူး။ အဲဒီကာလတုန်းက အိမ်တွေမှာ မီးထွန်းပုံက ခုလို မဟုတ်သေးဘူး။ ခပ်မှောင်မှောင်ရယ်။ ဒီတော့လဲ အမေနဲ့ကျုပ် မှောင်ထဲမှာရပ်ပြီး စကားပြောရတာ သိပ်တော့မဆန်းဘူး၊ မှောင်နေလေတော့ အမေမှန်းတော့ သိတယ်၊ မျက်နှာကို မမြင်ရဘူး။

'အိမ်ပတ်ပတ်လည်မှာ မီးရှို့နံ့ရတယ်'လို့ အမေ့ကို ကျုပ်ကပြောလိုက်တယ်။

'မီးရှို့နံ့ဟုတ်လား'လို့ အမေက မေးတယ်။ ခဏငြိမ်သွားပြီး အမေက ပြောလိုက်တယ်။ 'မဟုတ်ဘူးထင်တယ်၊ မင်းထင်လို့ဖြစ်ပါလိမ့်မယ် မတ်ဆူဂျီ'

'ကျွန်တော်မီးရှို့နံ့ရတယ် အမေ၊ ဟော အခုရပြန်ပြီ'လို့ ကျုပ်က ပြောလိုက်တယ်။ 'အဖေရော ဧည့်ခန်းထဲမှာပဲလား'

'အေး... သူ တစ်ခုခု လုပ်နေတယ်ထင်တယ်'

'သူဘာပဲလုပ်လုပ်၊ ကျွန်တော့်ကို ဘယ်လိုမှ စိတ်အနှောင့်အယှက်မဖြစ်ပါဘူး'

အမေက ဘာမှပြန်မပြောဘူး။ ဒီတော့ ကျုပ်ဆက်ပြောမိတယ်။ 'အဖေအနေနဲ့ ကျွန်တော့်ရဲ့ဝါသနာကို ဆွပေးသလိုသာ လုပ်နိုင်မှာပါ'

'ဒီလိုကြားရတာ တော်ပါသေးတယ် မတ်ဆူဂျီ'

'ကျွန်တော့်ကို နားလည်တာ မလွဲပါနဲ့အမေ၊ နောင်တစ်နေ့ ကျွန်တော်ဟာ အဖေ့လို အခန်းထဲမှာထိုင်ပြီး သားဖြစ်သူကို စာရင်းဇယားတွေအကြောင်း၊ ဘယ်လိုငွေသိမ်းရတဲ့အကြောင်း ပြောနေမယ်လို့ မစဉ်းစားထားဘူး၊ အမေကရော ကျွန်တော်သာ အဲဒီလို ကြီးပြင်းလာခဲ့ရင် ဝမ်းသာဂုဏ်ယူနေမှာလား'

http://www.cherrythitsar.org


'ငါကတော့ ဝမ်းသာဂုဏ်ယူနေမှာပါ မတ်ဆူဂျီ၊ မင်းရဲ့အဖေဟာ မင်းအနေနဲ့ မင်းအရွယ်မှာ မြင်တာထက် ပိုပါသေးတယ်'

'ကျွန်တော်ကတော့ အဖေ့လိုသာဆိုရင် ဝမ်းသာဂုဏ်ယူနိုင်မှာ မဟုတ်ဘူး၊ ကျွန်တော့်အနေနဲ့ ဝါသနာရှိတယ်၊ ဆန္ဒရှိတယ်လို့ ပြောတာ ကျွန်တော့်အနေနဲ့ သာမန်ဘဝကို မကျေနပ်နိုင်လို့ပဲ'

အမေက ဘာမှပြန်မပြောဘူး။ အတော်ကလေးကြာမှ 'ငယ်တဲ့အခါမှာတော့ တချို့ဟာတွေက ငြီးငွေ့ဖို့ကောင်းတယ်၊ စိတ်ဝင်စားစရာ မရှိဘူး၊ မြင်တတ်တာပဲ၊ ဒါပေတဲ့ အသက်ကလေးရလာတဲ့အခါ ဒီကိစ္စတွေဟာ စိတ်ဝင်စားစရာ ဖြစ်လာတတ်တော့တာပဲ'လို့ ပြောတယ်။

အမေ့အပြောကို ကျွန်တော် မတုံ့ပြန်တော့ဘူး။ ဒါပေတဲ့ ခုလို ပြောလိုက်မိတာ သိနေရသေးတယ်။ ကျွန်တော်ဟာ တစ်ခါက အဖေရဲ့လုပ်ငန်းနဲ့ ပတ်သက်တဲ့ အစည်းအဝေးလုပ်တာကို ကြောက်လန့်နေမိတတ်တယ်။ ခုတော့ ငြီးငွေ့စရာ ကောင်းလာတာ ကြာခဲ့ပြီ။ ဒီအစည်းအဝေးဆိုတာ ဘာမို့လဲ။ ကျွန်တော့်အနေနဲ့ ရွံ့မုန်းနေခဲ့တယ်။ ပိုက်ဆံတွေ၊ အကြွေတွေ အချိန်ရှိသရွေ့ ထိုင်ရေတွက်နေရတာ။ ကျွန်တော့်ဘဝသာ အဖေ့လိုဖြစ်လာခဲ့ရင် ကျွန်တော့်ကိုယ်ကျွန်တော် အပြစ်တင်လို့ဆုံးမှာ မဟုတ်တော့ဘူး။ ကျုပ်က ခဏရပ်ပြီး အမေကများ တစ်ခုခု ပြောမလားလို့ စောင့်နေလိုက်တယ်။ မှောင်ထဲမှာဆိုတော့ ကျုပ်စိတ်ထဲမှာ အမေလျှောက်ထွက်သွားနေတယ်လို့ ထင်လိုက်မိတယ်။ ဒါပေတဲ့ ကျုပ်ရှေ့နားမှာတင် အမေရဲ့လှုပ်ရှားသံ ကြားလိုက်ရတော့ အမေ ရှိနေသေးတယ်ဆိုတာ သိလိုက်တယ်။ ဒီတော့ကျုပ်က ထပ်ပြီးခုလိုပြော လိုက်ပြန်တယ်။ 'ဧည့်ခန်းထဲမှာ အဖေ ဘာလုပ်နေလုပ်နေ ကျွန်တော်မပူဘူး အမေ၊ အဖေ့အနေနဲ့ ကျွန်တော့်ရဲ့ဆန္ဒကို ပိုပြီးထက်သန်လာအောင် ဆွပေးနေသလို လုပ်နေတာပဲရှိမယ်'

အင်း... ထားလိုက်ပါတော့လေ။ ကျုပ်လဲပြောရင်း တခြားတွေ ရောက်သွားပြန်ပြီ။ ကျုပ် ဦးတည်ပြောနေတာက ပြီးခဲ့တဲ့လထဲမှာ ဆက်ဆူကို ကျုပ်တို့ဆီ လာလည်တုန်းက အကြောင်းပါ။ ကျုပ်အိမ်ရဲ့ဧည့်ခန်းမှာ ပန်းထိုးမလို့ ဝင်လာတဲ့ ကျုပ်သမီးဆက်ဆူကိုနဲ့ ကျုပ်စကားပြောဖြစ်တဲ့ အကြောင်းပါ။

အဲဒီတုန်းက ဆက်ဆူကိုဟာ ဘုရားစင်ကလေးရှေ့မှာ ထိုင်ပြီး ပန်းအနွမ်းတွေ ဖယ်နေတယ်။ ကျုပ်က သူ့နောက်ခပ်လှမ်းလှမ်းမှာ ထိုင်ရင်း သူလုပ်တာ ကြည့်နေမိတယ်။ ဆက်ဆူကိုက ပန်းတွေကို တစ်ခုချင်း သေသေ

http://www.cherrythitsar.org


ချာချာခါပြီး ပေါင်ပေါ်တင်ထားလိုက်တယ်။ အဲဒီတုန်းက ကျုပ်တို့သားအဖ နှစ်ယောက်သား ရောက်တတ်ရာရာ ပြောနေကြတာကိုး။ တစ်ချိန်မှာတော့ ဆက်ဆူကိုက ကျုပ်ကို လှည့်မကြည့်ဘဲ ခုလိုပြောတယ်။

'အဖေ ပြောစရာကလေးတစ်ခုတော့ ပြောရဦးမယ်၊ စိတ်မရှိပါနဲ့'

'ဘာများတုန်း၊ ဆက်ဆူကို'

'ခုလိုပြောရတာကလဲ နိုရီကို စေ့စပ်ကြောင်းလမ်းတဲ့ ကိစ္စတွေ ဆက်လုပ်နေကြရလို့ပါ'

ဆက်ဆူကိုက ပန်းတွေကိုတစ်ပွင့်စီ ဘုရားစင်ပေါ်က ပန်းအိုးတွေမှာ ထိုးနေတယ်။ ဘုရားပန်းကပ်တဲ့ ကိစ္စကို သူက ဂရုတစိုက်လုပ်နေရှာတယ်။ နေရာကျမကျဆိုတာကို ပန်းတစ်ပွင့်ထိုးပြီးတိုင်း ပြန်ကြည့်နေတယ်။ 'ခုလို ပြောရတာကလဲ'လို့ အစချီရင်း 'တကယ်လို့ စေ့စပ်ကြောင်းလမ်းတဲ့ ကိစ္စကို သေသေချာချာ လုပ်လာတဲ့အခါရောက်ရင် အဖေ့အနေနဲ့ ကြိုတင်ပြင်ဆင်မှုတွေ လုပ်ထားစေချင်တယ်'

'ကြိုတင်ပြင်ဆင်မှုတွေဟုတ်လား၊ အဖေတို့ သတိထားသင့်တာတွေ ထားတာပဲ၊ သမီးစိတ်ထဲမှာ ဘာရှိတယ်ဆိုတာ ပြောစမ်းပါဦး'

'စိတ်မရှိပါနဲ့အဖေ၊ သမီးဆိုလိုတာက စုံစမ်းစစ်ဆေးနေတဲ့ ကိစ္စ တွေပါ'

'အဖေတို့ လိုအပ်တာတွေ စုံစမ်းပြီးပြီပဲ၊ စုံစမ်းပေးတာက အရင်မနှစ် က စုံထောက်ပဲ၊ သိပ်စိတ်ချရပါတယ်၊ သမီးလဲ သိတယ် မဟုတ်လား'

ဆက်ဆူကိုက ပန်းတစ်ပွင့်ရဲ့ရိုးတံကို အသေအချာပြင်လိုက်ရင်း ပြောပြန်တယ်။ 'ကျွန်မကို ခွင့်လွှတ်ပါအဖေ၊ ကျွန်မပြောတာ မရှင်းလို့ပါ၊ ကျွန်မဆိုလိုတာက သူတို့လုပ်နေတဲ့ စုံစမ်းစစ်ဆေးရေး အကြောင်းပါ'

'အဖေလဲ သမီးပြောတာ ကောင်းကောင်းသဘောမပေါက်ဘူး၊ အဖေနားလည်ထားတာက အဖေတို့မှာ ဘာမှဖုံးကွယ်ထားစရာ မရှိဘူးဆိုတာပဲ'

ဆက်ဆူကိုဟာ မတည်မငြိမ် ဖြစ်သွားပြီး ရယ်လိုက်တယ်။

'ကျွန်မကို ခွင့်လွှတ်ပါအဖေ၊ အဖေသိတဲ့အတိုင်းပဲ၊ ကျွန်မက စကားပြောမကောင်းဘူး၊ ဒါ့ကြောင့် ဆူအိချီဆိုရင် ကျွန်မပြောတာဆိုတာ မဟုတ်လို့ အမြဲအပြစ်ပြောတယ်၊ သူကတော့ပြောတတ်၊ ဆိုတတ်တယ်၊ ကျွန်မတော့ အဲဒီလိုပြောတတ်အောင် သူ့ဆီက သင်ရဦးမယ်'

http://www.cherrythitsar.org


'သမီးပြောတာ ဘာမှ ပြဿနာမရှိပါဘူး၊ အဖေ့အနေနဲ့သာ နားမလည် နေတာပါ'

ဆက်ဆူကိုဟာ ရုတ်တရက်လက်နှစ်ဖက်ကို မြှောက်လိုက်ပါတယ်။ ဘာမှဆက်လုပ်လို့ မရတော့တဲ့ သဘောမျိုးနဲ့ပါ။ သက်ပြင်းတစ်ချက်ချလိုက်ရင်း ပန်းတွေကို လှမ်းကိုင်လိုက်တယ်။ 'လေတိုးနေတယ်၊ ကျွန်မကတော့ ဒီ အတိုင်းကြိုက်တယ်၊ လေက ကျွန်မနဲ့ သဘောတူပုံမရဘူး'လို့ ပြောတယ်။ အတော်ကြာအောင် ဆက်ဆူကိုက တစ်ခုခု တွေးနေပုံရတယ်။ ပြီးမှ ဆက်ပြန် ပြောတယ်။ 'ကျွန်မတော့ ခွင့်သာလွှတ်ပါတော့ အဖေရယ်၊ ဆူအိချီသာ ကျွန်မနေရာမှာဆိုရင် အပုံကြီး ပြောတတ်ဆိုတတ်မှာ၊ သူက ဒီနေရာမှာမရှိ လေတော့ ကျွန်မပဲ ပြောရမှာ၊ အခုလိုပြောရတာကလဲ အဖေအနေနဲ့ ကြိုတင် ပြင်ဆင်မှုတွေ လုပ်ထားစေချင်တယ်၊ မလိုအပ်တဲ့ နားလည်မှုလွဲတာမျိုးတွေ ပေါ်မလာအောင်လို့ပါ၊ နိုရီကိုလဲ ခုဆို နှစ်ဆယ့်ခြောက်နှစ်ရှိပြီ၊ ကျွန်မတို့ အနေနဲ့ မနှစ်ကလို ထပ်ပြီး အဖြစ်မခံနိုင်ကြဘူး မဟုတ်လား'

'ဘယ်လို မလိုအပ်တဲ့ နားလည်မှုလွဲတာတွေတုန်း ဆက်ဆူကို'

'အတိတ်နဲ့ပတ်သက်လို့ပေါ့အဖေ၊ ကျွန်မ အခုလိုပြောနေတာက တကယ်တော့ မလိုအပ်ဖူးထင်တယ်၊ အဖေ့အနေနဲ့က လိုအပ်တာပြင်ဆင် လုပ်ကိုင်ပြီးသား ဖြစ်မှာပါ'

ဆက်ဆူကိုက အသေအချာထိုင်ချလိုက်ပြီး သူထိုးထားတဲ့ပန်းအိုး တွေအကြောင်း စဉ်းစားနေပုံရတယ်။ ပြီးတော့ ကျုပ်ဖက်လှည့်ပြီး 'ဒီကိစ္စမျိုး ကျွန်မက မကျွမ်းကျင်ဘူး'လို့ ပန်းတွေကို ရည်ညွှန်းပြောလိုက်တယ်။

'သိပ်ကောင်းတာပဲ'လို့ ကျုပ်က ပြောမိတယ်။

ဆက်ဆူကိုကတော့ သံသယရှိတဲ့ အကြည့်နဲ့ ဘုရားစင်ကို ကြည့်ရင်း အသာရယ်နေရှာတယ်။

*　*　*

မနေ့ကဆိပ်ဆိပ်ငြိမ်ငြိမ်ရှိလှတဲ့ အာရကာဝ ရပ်ကွက်ဆီ ဓာတ်ရထား စီးသွားရင်း ဆက်ဆူကိုနဲ့ ညည့်ခန်းမှာ စကားပြောဖြစ်ခဲ့တာကို ပြန်သတိရလိုက် မိတယ်။ သတိရမိပြန်တော့လဲ အတော်ဒေါသထွက်မိပြန်တယ်။ ဓာတ်ရထားရဲ့ ပြတင်းပေါက်ကနေ အပြင်ကိုကြည့်နေမိတယ်။ တောင်ဘက်ပိုင်းကို ရောက်လာတော့ ညစ်တီးညစ်ပတ်တွေ တွေ့ရတာ နည်းလာတယ်။ မျက်စိထဲက ဘုရားစင်ရှေ့နားမှာ ထိုင်နေတဲ့ကျုပ်သမီးဆက်ဆူကိုက ကျုပ်ကို 'ကြိုတင်ပြင်ဆင်မှုတွေ'လုပ်ထားဖို့ ပြောတာသာမြင်နေတယ်။ ကျုပ်မှတ်မိနေသေးတယ်။ ဆက်ဆူကိုက ကျုပ်ဖက်အသာလှည့်ပြီး 'ကျွန်မတို့အနေနဲ့ မနှစ်ကလို ထပ်ပြီးအဖြစ်မခံနိုင်ကြဘူး မဟုတ်လား'လို့ ပြောတာကို သတိရနေပြန်တယ်။ ဒီပြင် သူရောက်ပြီးတဲ့နံနက် ဝရန်တာမှာ ထိုင်နေကြရင်း မနှစ်က မီယာကီတွေ စေ့စပ်ကြောင်းလမ်းတာ၊ ဖျက်သိမ်းတာနဲ့ပတ်သက်လို့ ဆက်ဆူကိုက ရိုးတိုးရိပ်တိပ် ပြောခဲ့တာကို သတိရလိုက်မိပြန်တယ်။ ဒီအကြောင်းတွေကို စိတ်ထဲသတိရနေတော့ရင် ပြီးခဲ့တဲ့တစ်လလုံးလိုလို စိတ်ထဲမှာ သိပ်မကြည်ဘူး။ ဒါပေတဲ့ မနေ့က အေးအေးလူလူနဲ့ ဓာတ်ရထားစီးသွားတုန်း ကျုပ်ဘာသာ ပြန်ပြီးစဉ်းစားနေမိတယ်။ ဒီတော့ ကျုပ်စိတ်ထဲ မကျေမနပ်ဖြစ်နေတာ ကျုပ်သမီး ဆက်ဆူကိုအပေါ်မှာ တိုက်ရိုက်မဟုတ်ဘူး။ သူ့ယောကျ်ား အပေါ်မှာ။

တကယ်တော့ မိန်းမအပေါ် ယောကျ်ားရဲ့ဩဇာလွှမ်းမိုးတာ သဘာဝကျပါတယ်။ ဆူအိချီလို သိပ်တွေးတတ်၊ ခေါ်တတ်တဲ့ ၊ လူမျိုးမဟုတ်တဲ့တိုင်

http://www.cherrythitsar.org


ဒါကသဘာဝကိုး။ သို့ပေတဲ့ မိန်းမအပေါ် ဩဇာလွှမ်းမိုးပြီး သူ့အဖေကို ဆန့်ကျင်ခိုင်းတယ် ဆိုတာမျိုးကျတော့လဲ ဘယ်လိုလုပ် သဘောကျလက်ခံနိုင်မှာတုန်း။ မန်ချူးရီးယား စစ်မျက်နှာမှာ သူဒုက္ခခံခဲ့ရတဲ့ကိစ္စ ကျုပ်သဘောပေါက်ပါတယ်။ ဒါကြောင့်လဲ သူ့အပြုအမူ အပြောအဆိုကို ကျုပ် သည်းခံခဲ့ပါတယ်။ ကျုပ်တို့ မျိုးဆက်ဟောင်းတွေအပေါ် သူ့ရဲ့ခါးသီးနေမှုတွေ၊ ကျုပ်က ကျုပ်ကို ပုဂ္ဂလိက တိုက်ခိုက်နေမှုတွေပဲလို့ သဘောမထားခဲ့ပါဘူး။ ကျုပ်အနေနဲ့ မြင်တာကလဲ အဲဒီလိုဝေဒနာတွေဟာ ဖြည်းဖြည်းချင်းတော့ ပျောက်သွားမှာပဲ။ သို့ပေတဲ့ ဆူအိချီကတော့ အဲဒီလိုဖြစ်မလာဘူး။ သူ့မုန်းတီးမှုတွေ၊ အာဃာတတွေဟာ နေ့စဉ်တိုးပွားလို့သာ နေတော့တာ။

ခုတော့ ဒီကိစ္စတွေနဲ့ပတ်သက်လို့ စိတ်ထဲမှာ သိပ်ပြီးစနောင့်စနင်း မဖြစ်တော့ပါဘူး။ ဆက်ဆူကိုနဲ့ ဆူအိချီတို့က အဝေးမှာနေကြတာ။ တစ်နှစ်မှ တစ်ခါလောက်သာ တွေ့ကြတော့တာကိုး။ ဟုတ်ဟုတ်၊ မဟုတ်ဟုတ် ဆက်ဆူကို လာလည်တိုင်း နိုရီကိုမှာ အသုံးမကျတဲ့အတွေးတွေ ပေါ်လာတတ်တယ်။ ဒါကြောင့်လဲ ပြီးခဲ့တဲ့ရက်တွေက ဆက်ဆူကိုဆီ ဒေါသထွက်ထွက်နဲ့ စာရေးမယ်လို့ အကြိမ်ကြိမ်စိတ်ကူးမိတယ်။ သူတို့လင်မယားနှစ်ယောက်သား မတော်မတည့်တွေမြင်၊ မတော်မတည့်တွေ စိတ်ကူးမိကြတာ သူတို့အလုပ်။ ဒီလို တွေးတာ၊ မြင်တာတွေကို သူတို့လင်မယားအကြား ထားပေါ့။ ကျုပ်သာ အင်မတန်စည်းကမ်းကြီးတဲ့ အဖေမျိုးဆိုရင် တစ်ခုခုလုပ်ပစ်တာ ကြာလှပြီ။

ကျုပ်သမီးတွေက စကားပြောရင်းလမ်းလွှဲပစ်တာ ကျုပ်သတိထားမိတယ်။ ပြီးခဲ့တဲ့လတုန်းကဆို တစ်ကြိမ်မကဘူး။ ဆက်ဆူကိုအိမ်မှာ ငါးရက်လောက် လာနေတဲ့အတွင်း သုံးခါလောက် အဲဒီလိုလုပ်တာ ကျုပ်သတိထားမိလိုက်တယ်။ မကြာခင် ငါးရက်လောက်ကတင် နိုရီကိုနဲ့ကျုပ် နံနက်စာစားလို့ပြီးတော့မယ်အလုပ်မှာ နိုရီကိုက ပြောတယ်။

'မနေ့က ရှိမိဇူ ကုန်တိုက်မှာ လျှောက်လာတုန်း ဘယ်သူနဲ့ တိုးတယ်ထင်သလဲ၊ ဂျီရိုမီယာကီနဲ့ တိုးတယ်'

'မီယာကီဟုတ်လား၊ တကယ်တော့ ကျွန်မက တွေ့ချင်ပါတယ်၊ သူ့ကြည့်ရတာ အတော်ကလေး ကသိကအောက်ဖြစ်နေတယ်၊ ဒီတော့လဲ ကြာကြာစကား မပြောဖြစ်ကြပါဘူး၊ ကျွန်မကလဲ ရုံးပြန်စရာရှိသေးတယ် မဟုတ်လား၊ ခရီးသွားဟန်လွှဲ တွေ့ကြတာပါ၊ အဖေသိလား၊ သူက စေ့စပ်လိုက်ပြီ။ လက်ထပ်ကြတော့မလို့တဲ့'

http://www.cherrythitsar.org


'သူက ပြောပြတာလား၊ အတော်တော့ရဲတာပဲ'

'သူ့ဘာသာသူ ထုတ်ပြောတာတော့ မဟုတ်ဘူး၊ သမီးက မေးလို့ပါ၊ ကျွန်မကလဲ နောက်ထပ် စေ့စပ်ကြောင်းလမ်းတာတစ်ခု လုပ်နေတယ်လို့ ပြောပြပြီး သူကော ဘယ်လိုလဲလို့ မေးကြည့်တာ၊ ကျွန်မလဲ အဲဒီလိုပဲ မေးလိုက်တယ်၊ ဒီတော့ သူ့မျက်နှာရဲသွားတာပဲ၊ ဒါပေတဲ့ သူလဲ စေ့စပ်လိုက်ပြီ ဆိုတာပြောပြတယ်၊ အားလုံးပြီးသလောက် ဖြစ်နေပြီတဲ့'

'ဟုတ်လား နိုရီကို၊ သမီးအနေနဲ့ သူများစိတ်ထိခိုက်အောင် မပြော သင့်ဘူး၊ ဘာဖြစ်လို့ ဒီလက်ထပ်တဲ့အကြောင်းကို ပြောချင်ရတာတုန်း'

'သမီးက သိချင်လို့ပါ၊ သမီးအနေနဲ့က ဒီကိစ္စတွေနဲ့ ပတ်သက်လို့ ဘယ်လိုမှ သဘောမထားတော့ပါဘူး၊ ခုဆို နောက်ထပ်စေ့စပ်ကြောင်းလမ်းတဲ့ ကိစ္စက အဆင်ပြေနေတာပဲ၊ မနေ့တစ်နေ့ကတင် ကျွန်မ တွေးမိသေးတယ်၊ တကယ်လို့သာ ဂျီရိုမိယာကီက မနှစ်ကအကြောင်းတွေသာ တွေးနေတယ်ဆို ရင်တော့ သနားစရာကောင်းမှာပဲလို့ ခုလိုသူစေ့စပ်သွားပြီဆိုတာ ကျွန်မအနေနဲ့ အတော်နေသားထိုင်သား ရှိသွားတာပေါ့'

'ဟုတ်ပ'

'သူ့သတို့သမီးကို မကြာခင် ကျွန်မ တွေ့ရလိမ့်မယ်ထင်တယ်၊ အင်မတန်တော်တဲ့ အမျိုးသမီးဖြစ်လိမ့်မယ်လို့ ကျွန်မယုံတယ်၊ မဟုတ်ဘူးလား အဖေ'

'သေချာတာပေါ့'

ကျုပ်တို့ဆက်ပြီး စားသောက်နေကြတယ်။ ဒီတုန်း နိုရီကိုက ပြောပြန်တယ်။ 'ကျွန်မတစ်ခုတော့ မေးလိုက်ဦးမလို့ပဲ၊ ဒါပေတဲ့ မမေးဖြစ် လိုက်ဘူး' နိုရီကိုဟာ ရှေ့ကို အသာငိုက်လိုက်ရင်း ခပ်တိုးတိုးပြောတယ်။

'မနှစ်က အကြောင်းမေးလိုက်မလို့၊ ဘာဖြစ်လို့ စေ့စပ်ကြောင်းလမ်း တာကို သူတို့ဘက်က ပျက်သွားရတယ်ဆိုတာ'

'မမေးလိုက်တာပဲ ကောင်းပါတယ်၊ သူတို့ ဘာလို့ပျက်သွားရတယ် ဆိုတာ သူတို့ဘက်က ပြောပြီးသားပဲ၊ သူတို့အနေနဲ့ ယောကျ်ားကလေးဘက်က သိပ်နိမ့်နေတယ် ထင်တယ်လို့ ပြောပြီးသားပဲ'

'ဒါပေတဲ့ အဖေရယ်၊ ဒါတွေက စကားအဖြစ်ပြောကြတာပါ၊ အဖေလဲ သိသားပဲ၊ တကယ့်အကြောင်းရင်းကတော့ ကျွန်မတို့ ဘယ်တော့မှ သိရမှာ မဟုတ်ပါဘူး၊ ကျွန်မကတော့ ဘယ်တော့မှ ကြားရမယ်မထင်ဘူး'

http://www.cherrythitsar.org


ဒီနေရာမှာ နိုရီကို အသံတစ်မျိုးဖြစ်သွားလို့ ကျုပ်ကလဲ မော့ကြည့်မိလိုက်တယ်။ နိုရီကိုဟာ စားနေတာကိုရပ်ပြီး ကျုပ်ကများ တစ်ခုခုပြောလေမလားလို့ မျှော်နေပုံရတယ်။ ကျုပ်ကတော့ ဘာမှမပြောဘဲ ဆက်ပြီးစားနေလိုက်တယ်။ ဒီတော့ နိုရီကိုက ဆက်ပြောပြန်တယ်။ 'သူတို့ဘက်က ဘာလို့ပျက်သွားရတယ်လို့ အဖေထင်သလဲ၊ ပျက်သွားရတဲ့အကြောင်း အဖေသိလိုက်လား'

'ငါဘာမှမသိဘူး နိုရီကို၊ သူတို့ပြောတဲ့အတိုင်း ယောကျာ်းကလေးဘက်က နိမ့်နေတယ်ဆိုတာပဲသိတယ်၊ အဖေ့အနေနဲ့ကတော့ သူတို့ပေးတဲ့အဖြေဟာ လုံလောက်တယ်ထင်တယ်'

'ကျွန်မကတော့ တွေးကြည့်မိတယ်၊ ကျွန်မကပဲ သူတို့ လိုအပ်ချက်တွေနဲ့ မပြည့်မစုံ ဖြစ်နေသေးသလားလို့၊ ကျွန်မကပဲ ချောချောလှလှ မဟုတ်လို့လား၊ အဖေဘယ်လိုထင်သလဲ'

'ပျက်သွားရတဲ့ကိစ္စက သမီးနဲ့မဆိုင်ပါဘူး၊ ခုလိုပျက်သွားရတဲ့ကိစ္စမျိုးမှာ မိသားစုအတွင်း အကြောင်းမျိုးစုံ ရှိတတ်တာပဲ'

'ကျွန်မကြောင့်သာ မဟုတ်ဘူးဆိုရင်တော့ ဘာ့ကြောင့် သူတို့ဘက်က ပျက်သွားရတယ်ဆိုတာတော့ ကျွန်မသိချင်လှတယ်'

ကျုပ်သမီးပြောနေတာ၊ သွေးရိုးသားရိုး မဟုတ်တာ သိသာနေတယ်။ သူ့စကား အသွားအလာထောက်ရင် သူ့ပြောစကားဟာ တစ်ခုခုကို ဦးတည်နေကြောင်း သိသာတယ်။ အဖေဆိုတော့လဲ သမီးက ဦးတည်ပြီး ဘာပြောနေတယ်ဆိုတာလောက်တော့ သိတာပေါ့။

ဘယ်လိုပဲဖြစ်ဖြစ် နိုရီကိုနဲ့ အဲဒီလို စကားပြောဖြစ်တဲ့အတွက် ကျုပ်ဂျီရိုမီယာကီနဲ့တွေ့တာ သတိရလိုက်မိတယ်။ ဓာတ်ရထားရပ်တဲ့နေရာမှာ တွေ့လိုက်လို့ အတော်ကလေး စကားပြောဖြစ်ခဲ့ကြတာကိုး။ တစ်နှစ်သာသာလောက်ရှိခဲ့ပါပြီ။ အဲဒီတုန်းက မီယာကီမိသားစုနဲ့ စေ့စပ်ကြောင်းလမ်းဖို့အတွက် လုပ်နေကြတုန်း ရှိသေးတာ။ တစ်ညနေခင်း လူတွေအလုပ်ပြန်ချိန်လောက်မှာ ကျုပ်ကလဲ ကိစ္စတစ်ခုကြောင့် ယိုကိုတေရပ်ကွက်က ကီမူရာကုမ္ပဏီရဲ့ အဆောက်အအုံရှေ့နားမှာရှိတဲ့ ဓာတ်ရထားရပ်တဲ့နေရာကို အသွားမှာ ဂျီရိုမီယာကီကိုတွေ့တာပဲ။ ယိုကိုတေရပ်ကွက်အကြောင်း သိပြီးသားဆိုရင်တော့ ခင်ဗျားသိမှာပါ။ ယိုကိုတေမှာက ဆိုင်ပေါက်စလေးတွေ ပွစာကိုကျဲနေတာ။ ဒီဆိုင်ကလေးတွေရဲ့ အပေါ်ထပ်တွေမှာလဲ ရုံးခန်းကလေးပေါင်း မြောက်မြား

http://www.cherrythitsar.org


စွာနဲ့။ ဂျီရိုမီယာကီက အဲဒီရုံးကလေးတစ်ရုံးက ထွက်ပြီး ဆိုင်နှစ်ဆိုင်အကြားက၊ လှေကားထစ်ကျဉ်းကျဉ်းကလေးက ဆင်းအလာမှာ ကျုပ်နဲ့တွေ့တာ။

အရင်က နှစ်ခါလောက်တော့ သူ့ကိုတွေ့ဖူးပါတယ်။ မိသားစုနှစ်ဖက် ဆုံကြတဲ့အခါမှာဆိုတော့ ဝတ်ကောင်းစားလှနဲ့ပေါ့။ အဲဒီနေ့ကတော့ ကြည့်ရတာ တစ်မျိုးဖြစ်နေတယ်။ ဝတ်ထားတဲ့ မိုးကာအကျီက ခပ်ပွပွ၊ ခပ်နွမ်းနွမ်း။ လက်ကိုင်အိတ်ကလဲ ချိုင်းကြားအောက်မှာ။ ကြည့်ရတာကလဲ လူတကာက ဝိုင်းဆရာလုပ်တာ ခံနေကြရတဲ့ပုံစံမျိုး။ သူ့ပုံစံက ရှေ့ကိုငိုက်ကျတော့မယ့် ပုံမျိုးတောင် ဖြစ်နေတယ်။ ကျုပ်ကလဲ သူထွက်လာတဲ့ ရုံးခန်းကလေးက သူအလုပ်လုပ်တဲ့နေရာလားလို့ မေးတော့ ဟန်လုပ်ပြီး ရယ်ပါလေရော။ သဘောကတော့ သူ့ကိုကျုပ်က မတော်မတည့်တဲ့နေရာက ထွက်လာတာ မြင်လိုက်မိတယ်ဆိုတဲ့ သဘောပါ။

ခုလို သူနဲ့ကျုပ် အမှတ်မထင် တွေ့ကြတဲ့ကိစ္စနဲ့ ပတ်သက်လို့ သူ့အနေနဲ့ တစ်မျိုးတစ်မည် မြင်လိမ့်မယ်ထင်တယ်။ အထူးသဖြင့်တော့ သူ့ကို အဲဒီလို ရုံးကလေးတွေ၊ ဆိုင်ကလေးတွေနားမှာ တွေ့လိုက်တော့ သူ့ဘာသာ မသိုးမသန့် ဖြစ်သွားပါလိမ့်မယ်။ ဘာကြာလိမ့်မလဲ နောက်တစ်ပတ်လောက်လဲ ကြာရော စေ့စပ်ကြောင်းလမ်းတဲ့ကိစ္စ မီယာကီတွေဘက်က ပျက်တယ်ဆိုတာ ကြားရတာပါပဲ။ ဘာလို့ စေ့စပ်ကြောင်းလမ်းတာ၊ ပျက်ရတယ်ဆိုတာ စဉ်းစားကြည့်တော့မှ ကျုပ်လဲ ခုကိစ္စ ပြန်တွေးမိတယ်။

'အဖေ တွေးလိုက်မိတယ် သမီးရဲ့' လို့ အစချီပြီး တစ်ခါက ဆက်ဆူကို လာလည်တုန်းက ကျုပ်ပြောပြဖူးတယ်။ 'အဖေနဲ့စကားပြောနေတဲ့ တစ်ချိန်တည်းမှာပဲ သူတို့အနေနဲ့ စေ့စပ်တာကို ဖျက်သိမ်းဖို့စဉ်းစားနေလိမ့်မယ်'

'အဖေနဲ့စကားပြောရင်း သူ့ဘာသာ မသိုးမသန့်ဖြစ်နေတာက အဲဒါပဲဖြစ်မယ်'လို့ ဆက်ဆူကိုက ပြောတယ်။ 'သူတို့သဘောထားကို အရိပ်အငွေ့များ ပြောသေးလားအဖေ'

သို့ပေတဲ့ အဲဒီလိုတွေ့ပြီး တစ်ပတ်လောက်အတွင်းမှာပဲ ကျုပ်က ဂျီရိုနဲ့တွေ့ခဲ့တာ မေ့တောင်သွားတယ်။ အဲဒီနေ့ကတောင် ကျုပ်က တွေးနေသေးတာ။ မကြာခင်ပဲ ကျုပ်သမီးနဲ့ သူရဲ့စေ့စပ်ကြောင်းလမ်းတာ ကြေညာတော့မှာမို့ ကျုပ်စကားပြောနေတာဟာ ကျုပ်တို့မိသားစု ဖြစ်လာတော့မယ့်သူပဲလို့ တွေးနေသေးတာ။ ကျုပ်အနေနဲ့က ဂျီရိုကို ကျုပ်ရှေ့မှာ အနေမကျံ့စေချင်ဖူး။

http://www.cherrythitsar.org


သက်သောင့်သက်သာ ဖြစ်စေချင်တယ်။ ဒီတော့လဲ သူနဲ့အတူ ဓာတ်ရထား ရပ်တဲ့နေရာလျှောက်သွားပြီး အဲဒီမှာ ခဏရပ်စကားပြောကြတုန်းက ဘာမှ ရေးကြီးခွင်ကျယ် ပြောကြတယ်မရှိပါဘူး။ ကျုပ်လဲ ဘာမှ မှတ်မှတ်သားသား တောင်မရှိခဲ့ဘူး။

အဲဒီအကြောင်းစုံကို ပြန်ပြီးစဉ်းစားတော့မှ အတွေးသစ်ရတော့တယ်။ ကျုပ်နဲ့တွေ့လိုက်တာဟာ သူတို့အတွက် စေ့စပ်ကြောင်းလမ်းတာကို ဖျက်သိမ်း ဖို့ ထွက်ပေါက်ရသွားပေလိမ့်မယ်။

'ဒီလိုလဲ ဖြစ်နိုင်တယ်၊ ဆက်ဆူကို'လို့ စကားခံပြီး ဆက်ဆူကို ကို ရှင်းပြဖူးတယ်။ 'ဂျီရိုမီယာကီအနေနဲ့ သူ့အလုပ်လုပ်တဲ့နေရာနားမှာ အဖေနဲ့ တွေ့လိုက်ရတော့ အတော်ကလေး ရှက်သွားပုံရတယ်၊ ဒီတော့ အဖေတို့နဲ့သူတို့ နဲ့အကြားမှာ မိသားစုအဆင့်အတန်းချင်း ညှိမရလောက်အောင် ကွာနေတယ်၊ သူတို့က နိမ့်နေတယ်ဆိုတာ ထပ်ပြီးသဘောပေါက်သွားလိမ့်မယ်၊ ဒီတော့ ဒီအချက်ကိုပဲ နောက်ဆုံးဆင်ခြေပေးပြီး သူတို့ဘက်က ဖျက်ရတော့တာပေါ့'

ဆက်ဆူကိုကတော့ အဲဒီအချက်ကို သိပ်သဘောကျပုံမရဘူး။ ကြည့်ရတာ မနှစ်က ဒီကိုအလည်လာပြီး ပြန်သွားတဲ့အခါ သူ့ညီမစေ့စပ် ကြောင်းလမ်းတာ ပျက်သွားရတဲ့ ဒီအချက်ကို သူ့ယောကျ်ားကို ပြောပြပါလိမ့် မယ်။ ဒီနှစ် အလည်လာပြန်တော့ သူတွေးလို့ရတာ၊ ဒါမှမဟုတ်လဲ သူ့ယောကျ်ားတွေးတဲ့ အချက်နဲ့ ပြန်လာတာနေလိမ့်မယ်။ ဒီတော့လဲ ကျုပ် အနေနဲ့ ပြန်စဉ်းစားစရာ ဖြစ်လာပြန်တယ်။ ဂျီရိုမီယာကီနဲ့ ကျုပ်ဘာများ ပြောမိတယ်ဆိုတာ ပြန်စဉ်းစားရတယ်။ ဒါမှလဲ တခြားရှုထောင့်က မြင်မှာ ကိုး။ ကျုပ်ပြောခဲ့ဖူးသလိုပဲ။ ဂျီရိုနဲ့တွေ့ပြီး တစ်ပတ်ကြာကတောင် ဘာပြောခဲ့မိမှန်း သိပ်မမှတ်မိတာ။ ခုဆို တစ်နှစ်တောင်ကြာခဲ့ပြီပဲ။

သို့ပေတဲ့ ပြောခဲ့တာတစ်ခုက တော်တော်လေး မှတ်မိနေတယ်။ ဂျီရိုမိယာကီနဲ့ကျုပ် ကီမူရာကုမ္ပဏီ အဆောက်အအုံရှေ့မှာ ဓာတ်ရထားစောင့် ရင်း ဂျီရိုက ခုလိုပြောတယ်။

'ကျွန်တော်တို့ဆီမှာ ဝမ်းနည်းစရာသတင်းတစ်ခု ဒီနေ့ဖြစ်လာတယ်၊ ကျွန်တော်တို့ကုမ္ပဏီရဲ့ မိခင်ကုမ္ပဏီက ဥက္ကဋ္ဌကြီး အနိစ္စရောက်သွားတဲ့ သတင်းပဲ'

'ကြားရတာ အလွန်စိတ်မကောင်းစရာပါ၊ သူကအသက်အတော် ကလေး ကြီးပြီလား'

http://www.cherrythitsar.org


'ရှိလှ ခြောက်ဆယ်ပေါ့၊ ကျွန်တော်သူ့ကိုလူချင်းတော့ မတွေ့ဖူးပါဘူး၊ အလုပ်ကထုတ်ဝေတဲ့ သတင်းစဉ်တွေ၊ ဘာတွေထဲမှာသာ တွေ့ဖူးတာပါ၊ အင်မတန်လေးစားအပ်တဲ့ ပုဂ္ဂိုလ်ကြီးပါ၊ ခုတော့ ကျွန်တော်တို့အားလုံး မိဖမဲ့လို ခံစားနေရပါတယ်'

'မင်းတို့အားလုံး ထိခိုက်ကြမှာပေါ့'

'မှန်ပါတယ်'လို့ မီယာကီကပြောတယ်။ ခဏနားလိုက်ပြီး ဆက်ပြန်တယ်။ 'ကျွန်တော်တို့အလုပ်မှာ ဝမ်းနည်းကြရတာအပြင် ခုကိစ္စနဲ့ပတ်သက်လို့ အရိုအသေလဲ ပြုကြရပါတယ်၊ အမှန်အတိုင်းပြောရရင်တော့ ဥက္ကဋ္ဌကြီးက ကိုယ့်ကိုကိုယ် အဆုံးစီရင်သွားတာပါ'

'တကယ်ပဲလား'

'အမှန်ပါပဲ၊ ဓာတ်ငွေ့ရှူပြီး အဆုံးစီရင်သွားတယ်လို့ သိကြရတယ်၊ သူ့ဘာသာ ဟရာကီရီလုပ်သေတယ်လို့ ပြောကြတယ်၊ ဗိုက်မှာဓားဒဏ်ရာလဲ တွေ့တယ်လို့ဆိုတယ်'လို့ ပြောပြီး မီယာကီဟာ ကြေကြေကွဲကွဲနဲ့ မြေကြီးကို ငုံ့ကြည့်နေလိုက်တယ်။ 'ဒါကတော့ သူအုပ်ချုပ်ရတဲ့ လုပ်ငန်းကိုယ်စား သူ့ရဲ့တောင်းပန်ချက်ပဲ'

'ဘာများ၊ တောင်းပန်တာတုန်း'

'ကျွန်တော်တို့ ဥက္ကဋ္ဌကြီးအနေနဲ့ စစ်ကာလအတွင်းက ကျွန်တော်တို့ လုပ်ဆောင်ခဲ့ရတာတွေနဲ့ ပတ်သက်လို့ တာဝန်ရှိတယ်လို့ထင်တယ်။ အရေးပါတဲ့ပုဂ္ဂိုလ်နှစ်ယောက်ကိုတော့ အမေရိကန်စစ်ခုံရုံးက အပြစ်မရှိကြောင်း စီရင်ချက်ချပါတယ်၊ ဒါပေတဲ့ ကျွန်တော်တို့ဥက္ကဋ္ဌကြီးက မကျေမနပ်နိုင်ရှာဘူး၊ ဒီအတွက် စစ်ကာလအတွင်းမှာ အသက်ဆုံးခဲ့ရသူတွေရဲ့ မိသားစုတွေကို ကျွန်တော်တို့ကုမ္ပဏီကိုယ်စား ခုလိုလုပ်ပြီး တောင်းပန်လိုက်ပါတယ်'

'တကယ်ပဲလား'လို့ ကျုပ်က ပြောမိလိုက်တယ်။ 'ဒါ တစ်ဖက်စွန်းရောက်လွန်းတာပဲ၊ ကမ္ဘာကြီးတော့ ရူးပြီထင်တယ်၊ နေ့တိုင်းပဲ တစ်ယောက်ယောက်က တောင်းပန်တဲ့အနေနဲ့ သတ်သေတာကြားနေရတယ်၊ ဒီမှာ မစ္စတာမီယာကီ တစ်ခုလောက်ပြောစမ်းပါ၊ ခင်ဗျားအနေနဲ့ ခုလိုလုပ်တာတွေဟာ အကျိုးမရှိဘူးလို့ မထင်ဖူးလား၊ တကယ်တော့ ကိုယ့်တိုင်းပြည်က စစ်မက်ရေးရာနဲ့ ပတ်သက်လာတဲ့အခါ လူတိုင်းလူတိုင်းအဖို့ ကိုယ့်တိုင်းပြည်ဘက်က ကိုယ်တတ်နိုင်စွမ်းရှိသလောက် လုပ်ရမှာပဲ၊ ဒါရှက်စရာမဟုတ်ဘူး၊ ဒီအတွက် ကိုယ့်ကိုကိုယ်သတ်သေပြီး တောင်းပန်နေစရာလိုလို့လား'

http://www.cherrythitsar.org


'ဦး၊ ပြောတာမှန်ပါတယ်၊ အမှန်ပြောရရင်တော့ ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့ အတော်ကလေးပေါ့သွားပါတယ်၊ ခုကျွန်တော်တို့အနေနဲ့ အတိတ်ကကျူးလွန်ခဲ့တာတွေကို မေ့ပစ်နိုင်ပါပြီ၊ အနာဂတ်ကိုကြည့်လာနိုင်ကြပါပြီ၊ ဥက္ကဋ္ဌကြီးရဲ့ အပြုအမူဟာ မှန်မြတ်ပါပေတယ်'

'ဒါပေတဲ့ အဟောသိကံတွေပဲ၊ ကျုပ်တို့ရဲ့လူတော် အတော်များများဟာ ဒီလိုနဲ့ဘဝကို အဆုံးသတ်သွားကြရတယ်'

'မှန်ပါတယ် ဦး၊ အလွန်ဝမ်းနည်းဖို့ ကောင်းပါတယ်၊ တစ်ခါတလေ ကျွန်တော်တွေးကြည့်မိတယ်၊ တချို့တောင်းပန်တဲ့အနေနဲ့ အဆုံးစီရင်သင့်တဲ့ သူတွေရှိတယ်၊ သူတို့မှာ တာဝန်ရှိခဲ့တာကို မရင်ဆိုင်ရဲကြဘူး၊ ဒီတော့ ကျွန်တော်တို့ ဥက္ကဋ္ဌကြီးလို လူမျိုးက ခေါင်းခံပြီး အသက်ပေးတောင်းပန်လိုက်ရတာပဲ၊ လူအတော်များများဟာ စစ်ကာလအတွင်းက ရရှိခဲ့တဲ့နေရာတွေ ပြန်ရခဲ့ကြကုန်ပါပြီ၊ သူတို့တစ်တွေဟာ တကယ်တော့ စစ်တရားခံတွေနဲ့ဘာမှ မခြားပါဘူး၊ အမှန်မှာတော့ သူတို့တွေကသာ တောင်းပန်ကြရမှာပါ'

'ခင်ဗျားပြောချင်တာ ကျုပ်သဘောပေါက်တယ်' ကျုပ်က ပြောလိုက်မိတယ်။ 'စစ်ကာလအတွင်းက နိုင်ငံအပေါ် သစ္စာရှိခဲ့တယ်၊ နိုင်ငံအတွက် လုပ်ခဲ့ကြတယ်၊ ဒီလူတွေကို စစ်တရားခံတွေပဲလို့တော့ မခေါ်နိုင်ဘူး၊ ခုအခါ အလကားနေရင်း ဒီစကားလုံးကို ပေါ့ပေါ့တန်တန် သုံးနေကြတယ်'

'ဒါပေတဲ့၊ ဒီလူတွေက တိုင်းပြည်ကို လမ်းလွဲရောက်အောင် လုပ်ခဲ့တာပဲ ဦး၊ ဒီလူတွေကသာ သူတို့မှာ တာဝန်ရှိခဲ့ကြောင်း ဝန်ခံကြရမယ် မဟုတ်လား၊ ဒီလူတွေက သူတို့အမှားကို သူတို့ ဝန်မခံကြတာကတော့ သူရဲဘောနည်းရာ ကျလွန်းပါတယ်၊ ပိုဆိုးတာက တိုင်းပြည်နဲ့ပတ်သက်လို့ အမှားတစ်ခုခုကျူးလွန်ပြီး ဝန်မခံရဲတာဟာ သူရဲဘောအနည်းဆုံးပဲ'

အဲဒီနေ့က ဂျီရိုမီယာကီအနေနဲ့ အဲဒီအတိုင်းပဲ ပြောခဲ့သလား။ ကျုပ်အနေနဲ့ သိပ်တော့မသေချာဘူး။ ဆူအိချီက ပြောတာလဲဖြစ်နိုင်တယ်။ ဒါအတော်ဖြစ်နိုင်တဲ့ကိစ္စပဲ။ အကြောင်းက ကျုပ်အနေနဲ့ မီယာကီကို သမက်လောင်းအနေနဲ့ သဘောထားလိုက်တော့ သမက်ဖြစ်နေပြီးသား။ ဆူအိချီ ပြောတာနဲ့ ရောသွားနိုင်တယ်။ 'သူရဲဘော အနည်းဆုံးပဲ'လို့ သုံးနှုန်းတာမျိုးက ဆူအိချီဖြစ်ဖို့ များတယ်။ ဂျီရိုက အဲဒီလောက် ပြင်းပြင်းထန်ထန် မပြောတတ်ဘူး။ ကျုပ်နဲ့ ဂျီရိုတို့နှစ်ယောက်သား ဓာတ်ရထားစောင့်ရင်း စကားပြောခဲ့ကြ

ပေတဲ့ ဂျီရိုအနေနဲ့ သူပြောချင်တာလောက်ကိုသာ ပြောတာပါ။ 'သူ့ရဲဘော အနည်းဆုံးပဲ'စတဲ့ အသုံးအနှုန်းမျိုးကို သုံးတာကတော့ ဆူအိချိပဲ၊ သေချာတယ်။ ခုမှသတိရတယ်။ ကင်ဂျီရဲ့ ပြာတွေမြုပ်နှံတဲ့ အခမ်းအနားနေ့က ဆူအိချိက အဲဒီအသုံးအနှုန်းကိုသုံးပြီး ပြောခဲ့ဖူးတယ်။

ကျုပ်ရဲ့သား ကင်ဂျီရဲ့ပြာ မန်ချူးရီးယားက ဒီကိုပြန်ရောက်လာဖို့ တစ်နှစ်လောက်စောင့်ရတယ်။ ကွန်မြူနစ်တွေကြောင့် ကြန့်ကြာရတာလို့ ကျုပ်တို့ကိုတော့ ပြောကြတာပဲ။ နောက်ဆုံး ပြာတွေရောက်လာတယ်ဆိုတော့ လဲ ဒီပြာတွေဟာ ကင်ဂျီရဲ့ပြာတွေပဲလို့ ဘယ်သူကမှ အာမ မခံနိုင်ကြဘူး။ အဲဒီတုန်းက ဆက်ဆူကိုက ကျုပ်ဆီစာရေးတယ်။ 'ဒီပြာတွေဟာ ကင်ဂျီ့ရဲ့ ပြာတွေချည်းပဲမဟုတ်လို့ ရောထွေးနေခဲ့ရင် ရောထွေးနေတဲ့ပြာတွေဟာ ကင်ဂျီ ရဲဘော်ရဲဘက်တွေရဲ့ ပြာတွေပဲဖြစ်မယ်၊ ဒီအတွက် ကျွန်မတို့ ပြဿနာ လုပ်မနေသင့်ဘူး'တဲ့။ ဒီလိုနဲ့ပဲ ကင်ဂျီရဲ့ပြာတွေကို လက်ခံပြီး မြုပ်နှံတဲ့ အထိမ်းအမှတ်လုပ်ကြရတယ်။ ပြီးခဲ့တဲ့လကဆို နှစ်နှစ်တောင်ပြည့်ပြီ။

အဲဒီ အထိမ်းအမှတ်သင်္ချိုင်းမှာလုပ်နေတုန်း ဆူအိချိဟာ အခမ်းအနား အတွင်းမှာပဲ ဒေါသတကြီးနဲ့ အခမ်းအနားက ထွက်သွားတာ ကျုပ်တွေ့ လိုက်တယ်။ ကျုပ်က ဆက်ဆူကို့ကို သူ့ယောက်ျား ဘာဖြစ်သွားတာတုန်းလို့ မေးလိုက်တော့ ဆက်ဆူကိုက ခပ်တိုးတိုးပြန်ဖြေတယ်။ 'ခွင့်လွှတ်ပါအဖေ၊ သူ မမာနေဘူး၊ အာဟာရချို့တဲ့ခဲ့တဲ့ ဒဏ်တွေပေါ့၊ ကြာပြီ၊ ခုထိကို မပျောက်နိုင်သေးဘူး'

နောက်အတော်ကြာတော့ ကျုပ်အိမ်မှာ အသုဘလာတဲ့ဧည့်သည် တွေ ပြန်စုကြတဲ့အခါ ဆက်ဆူကိုကပြောပြန်တယ် 'ကျေးဇူးပြုပြီး နားလည်ပါ အဖေရယ်၊ ခုလို အခမ်းအနားတွေဟာ ဆူအိချိကို အတော်စိတ်မကောင်း ဖြစ်စေတတ်တယ်'

'အင်း… စိတ်ထိခိုက်စရာပဲ' ကျုပ်က ပြောမိတယ်။ 'ကင်ဂျီနဲ့ ဆူအိချိတို့ ဒီလောက်ရင်းနှီးကြမှန်း ငါမသိဘူး'

'သူတို့နှစ်ယောက်သား တွေ့တဲ့အခါတိုင်း သိပ်သင့်မြတ်ကြပါတယ်၊ ဒိပြင် ဆူအိချိက ကင်ဂျီဟာ သူနဲ့တူတဲ့အကြောင်း ပြောလေ့ရှိတယ်၊ အခုဟာလဲ ကင်ဂျီအစား သူတောင်ဖြစ်သွားနိုင်သေးတယ်တဲ့'

'ဒါပေတဲ့ ဒီအကြောင်းတွေကြောင့်ပဲ သူသင်္ချိုင်းကုန်းက ထွက်သွား တာ မဟုတ်ဘူးထင်တယ်'

http://www.cherrythitsar.org


'ခွင့်လွှတ်ပါအဖေ၊ ဆူအိချီအနေနဲ့ မရိုမသေသဘောနဲ့ လုပ်တာ မဟုတ်ပါဘူး၊ မနှစ်ကဆို ခုလို အခမ်းအနားအတော်များများ သူတက်ခဲ့ရတယ်၊ သူ့မိတ်ဆွေတွေ၊ ရဲဘော်ရဲဘက်တွေ၊ ဒီတော့လဲ သူ့မှာ ဒေါသဖြစ်နေရတယ်'

'ဒေါသ၊ ဘာကြောင့် ဒေါသထွက်ရတာတုန်း'

ဧည့်သည်တွေ ထပ်ရောက်လာတာနဲ့ ကျုပ်တို့စကားပြောနေတာ ပြတ်သွားရတယ်။ ညနေဘက်လောက်ရောက်တော့မှ ကျုပ်ဆူအိချီနဲ့ စကားပြောဖို့ အခွင့်အရေးရတော့တယ်။ ဧည့်သည်အတော်များများကလဲ ဧည့်ခန်းထဲမှာပဲ ရှိနေကြပါသေးတယ်။ ကျုပ်က ဆူအိချီကို အခန်းရဲ့တခြားဘက်မှာ တစ်ယောက်တည်း ရပ်နေတာ တွေ့လိုက်မိတယ်။ ပန်းခြံဘက်ကို မြင်ရတဲ့ အကာကလေးတစ်ခုကို ဖွင့်ပြီး ပန်းခြံဘက် အမှောင်ထဲကို ကြည့်နေပါတယ်။ စကားပြောနေကြတဲ့ လူတွေကိုတော့ ကျောခိုင်းထားတယ်။ ကျုပ်လဲ သူ့အနားသွားပြီး ခုလိုပြောမိတယ်။

'ဆက်ဆူကိုက ပြောတယ်၊ ခုလို အခမ်းအနားတွေက မင်းကို ဒေါသဖြစ်စေတယ်ဆို'

ဆူအိချီက လှည့်ကြည့်ပြီး ပြုံးလိုက်ပါတယ်။ 'ဟုတ်ပါတယ်၊ စဉ်းစားကြည့်တိုင်း ဒေါသထွက်ရပါတယ်၊ အဟောသိကံ ဖြစ်သွားရတာတွေနဲ့ ပတ်သက်လို့ပါ'

'ဟုတ်ပါတယ်၊ အဟောသိကံ ဖြစ်ခဲ့ရတာတွေကို စဉ်းစားကြည့်ရင်တုန်လှုပ်စရာပဲ။ ဒါပေတဲ့ ကင်ဂျီတို့လို လူငယ်တွေဟာ သတ္တိရှိရှိနဲ့ အသက်စွန့်ခဲ့ကြတာပဲ'

ဆူအိချီဟာ ကျုပ်ကို ဘာမှပြန်မပြောဘဲ အတော်ကြာအောင် မျက်နှာသေနဲ့ ကြည့်နေပါတယ်။ ဒီမျက်နှာပေးမျိုး သူကလုပ်နေကျပေတဲ့ ကျုပ်အနေနဲ့ကတော့ ခုထိ နားမလည်နိုင်ဘူး။ သူ့အကြည့်ကတော့ ရိုးရိုးနေပါလိမ့်မယ်။ ဒါပေတဲ့ ဆူအိချီက လူကောင်ကလဲကြီးတယ်၊ ရုပ်ကလဲ ကြမ်းတော့ သူ့အကြည့်ဟာ ကြောက်စရာကောင်းနေတတ်တယ်။

'ကြည့်ရတာ သတ္တိရှိရှိနဲ့ သေကြရတဲ့ကိစ္စတွေ ပြီးတော့မယ် မဟုတ်ဘူး'လို့ ပြောပြန်တယ်။ 'ကျွန်တော်နဲ့ အထက်တန်းကျောင်းတုန်းက အတူတူတက်ခဲ့ကြတဲ့ သူတစ်ဝက်လောက်ဟာ သတ္တိရှိရှိနဲ့ သေခဲ့ကြတာပဲ၊

http://www.cherrythitsar.org


တကယ်တော့ ဘာမှအသုံးမကျတဲ့ ကိစ္စအတွက် သေခဲ့ကြရတာပါ၊ သူတို့ ကတော့ သိသွားကြရမှာ မဟုတ်ဘူး၊ ကျွန်တော် ဘာလို့ဒေါသထွက်ရတယ် ဆိုတာ အဖေသိလား'

'ဘာ့အတွက်ကြောင့်တုန်း ဆူအိချီ'

'ကင်ဂျီတို့လို သတ္တိရှိရှိနဲ့ သေကြရအောင်လို့ စေခိုင်းခဲ့တဲ့သူတွေ အခုဘယ်မှာလဲ၊ သူတို့ ဘာမှမဖြစ်ကြဘူး၊ ပိုနေမြဲကျားနေမြဲပဲ၊ တချို့ဆို အရင်ကထက် ပိုလို့ဟန်တောင်ကျနေကြသေးတယ်၊ ကျွန်တော်တို့နိုင်ငံမှာ ခုလိုပြဿနာတွေဖြစ်အောင် လုပ်ပေးခဲ့တဲ့သူတွေလေ၊ အမေရိကန်တွေရှေ့မှာ ငြိမ်ချက်သားကောင်းနေကြတာ၊ ကျွန်တော်တို့မှာတော့ ကင်ဂျီတို့လို လူမျိုးတွေအတွက် ဝမ်းနည်းနေကြရတယ်၊ ဒါကြောင့် ကျွန်တော်ဒေါသထွက်နေတာပဲ၊ သတ္တိရှိတဲ့ လူငယ်တွေက အသက်စွန့်ခဲ့ရပြီး ဘာမဟုတ်တဲ့အကောင်တွေက ကျွန်တော်တို့နဲ့ အသက်ရှင်ကျန်နေခဲ့တာပဲ၊ ဒီလူတွေက သူရဲဘောနည်းကြတော့ သူတို့မှာ တာဝန်ရှိခဲ့တယ်ဆိုတာကို ဝန်မခံရဲကြဘူး' အဲဒီနောက် ဆူအိချီဟာ အမှောင်ဘက်ကို ပြန်လှည့်ကြည့်လိုက်ရင်း ခုလိုပြောလိုက်တယ် 'ကျွန်တော့်အမြင်ပြောရရင် ဒီလူတွေဟာ သူရဲဘောအနည်းဆုံးတွေပဲ'

ဆူအိချီ ပြောတာတွေနဲ့ပတ်သက်လို့ ကျုပ်က တစ်ခုခုပြန်ပြောဖို့ပဲ။ သို့ပေတဲ့ အခမ်းအနားကြောင့်၊ ကျုပ်လဲ အတော်ပင်ပန်းနေတာကြောင့် ဘာမှမပြောဖြစ်လိုက်ဘူး။ နောင်လဲ ပြောခွင့်ကြုံဦးမယ်လို့ထင်တော့ စကားလမ်းလွှဲပြီး တခြားအကြောင်းတွေပဲ ပြောလိုက်တော့တယ်။ ဆူအိချီနဲ့ရပ်ပြီး အပြင်ဘက်က အမှောင်ထဲကိုကြည့်နေရင်း သူ့အလုပ်အကိုင်အကြောင်း၊ အစ်ချီရိုအကြောင်းလောက်ပဲ မေးစမ်းလိုက်မိတယ်။ ကျုပ်တစ်ခု သတိထားမိလိုက်တယ်။ ဆူအိချီတစ်ယောက်ကို စစ်ကြီးပြီးသွားလို့ ရှေ့တန်းကပြန်လာကတည်းက ခုမှတွေ့ရတာ။ ကျုပ် သားမက်ဟာ အတော်ကိုပြောင်းလဲသွားတယ်ဆိုတာ ကျုပ်သတိထားမိလိုက်တာပဲ။ ကျုပ် သားမက်မှာ ခါးသီးမှုတွေ၊ ဒေါသတွေအပြည့်ပဲ။ ခုလို ခါးသီးနေတာတွေ၊ ဒေါသနဲ့ပြောဆိုနေတာတွေ ကြားလိုက်ရတော့ စစ်ကြီးမတိုင်ခင်က သိုသိုသိပ်သိပ်နေတတ်တဲ့ သူ့သဘာဝကို ရှာလို့တောင် မတွေ့ရတော့ဘူး။ စစ်ကြီးကြောင့် သူ့ခမျာ ခုလိုဝမ်းနည်းရတာ၊ ကြေကွဲဒေါသဖြစ်ရတာတွေ ဖြစ်ရတယ်လို့ ဆက်ဆူကို ပြောသလိုပါပဲ။ ဆိုးရွားလှတဲ့ သဘောသဘာဝတွေ ပေါ်ပေါက်လာတာပဲ။

http://www.cherrythitsar.org


အဲဒီညနေက မြင်လိုက်ရတဲ့ ဆူအီချီရဲ့ အမူအကျင့်၊ အနေအထား ဟာ ခုနောက်ပိုင်းမှာ တွေ့နေရတဲ့ သူ့ရဲ့အနေအထားပဲ။ စစ်ကြီးမဖြစ်ခင် နှစ်နှစ်လောက်က ဆက်ဆူကိုနဲ့ လက်ထပ်ခဲ့တဲ့၊ ယဉ်ကျေးသိမ်မွေ့တဲ့၊ နှိမ့်ချတတ်တဲ့ လူငယ်တစ်ယောက်ကနေ ခုလိုပြောင်းသွားတာကတော့ မယုံနိုင်လောက်အောင်ပဲ။ သူတို့အသက်အရွယ်လူငယ်တွေ အသက်ဆုံးရှုံး ခဲ့ရတာတွေဟာ ဝမ်းနည်းစရာပါ။ သို့ပေတဲ့ သူ့ရှေ့က မျိုးဆက်၊ သူ့ထက် အသက်အရွယ်ကြီးတဲ့သူတွေကို မုန်းတီးနေတာ၊ ခါးသီးနေတာတွေတော့ နားမလည်နိုင်စရာပဲ။ တစ်ဖက်သတ်လိုတောင် ဖြစ်လာတယ်။ ဒီတော့ ကျုပ် အနေနဲ့ကတော့ စိတ်တောင်ပူလာမိတယ်။ ဆူအီချီရဲ့ အမြင်တွေဟာ သူတစ်ပါး ကို ထိပါးစရာတွေဖြစ်လာပြီး ဆက်ဆူကို့ကိုပါ လွှမ်းမိုးလာတာပဲ။

ခုလို ပြောင်းလဲသွားတာတွေကတော့ ကျုပ် သမက်တစ်ယောက် တည်းမဟုတ်ပါဘူး။ ခုအခါ ကျုပ်တို့ပတ်ဝန်းကျင် နေရာတကာမှာပါပဲ။ လူငယ်ပိုင်းတွေမှာ ပြောင်းလဲလာကြတယ်။ တချို့ပြောင်းလဲသွားပုံကတော့ နားတောင် မလည်နိုင်လောက်အောင်ပါပဲ။ အဲဒီပြောင်းလဲသွားတာတွေအနက် တချို့ကတော့ အတော့်ကို လက်မခံနိုင်လောက်အောင်ပါပဲ။ ဥပမာပြောရရင် ဟိုတစ်ညက မစ္စစ်ကာဝကာမိရဲ့ ဘားမှာထိုင်နေရင်း ကောင်တာရဲ့ တခြား ဘက်မှာထိုင်နေတဲ့ လူတစ်ယောက်ပြောတာ ခုလိုကြားလိုက်ရတယ်။

'ဟို၊ ပေါက်တတ်ကရကောင်ကလေးကို ဆေးရုံခေါ်သွားရတယ်လို့ ကျုပ် ကြားလိုက်တယ်၊ ကွဲပြဲပြီး နံရိုးတွေ၊ ဘာတွေ ကျိုးသွားတယ်ဆိုပဲ'

'ဘယ်သူများတုန်း ဟိရာယာမ ကောင်ကလေးလား'လို့ မစ္စစ် ကာဝကာမိက စိတ်ပူသွားသံနဲ့ ပြန်မေးလိုက်တယ်။

'အဲဒါ သူ့နာမည်လား၊ ဟိုကောင်ကလေးလေ၊ လမ်းပေါ်လျှောက် ရင်း ပါးစပ်က တစ်ခုခုအော်နေတတ်တာ၊ တစ်ယောက်ယောက်က သူ့ကို အအော်ရပ်အောင် လုပ်တာဖြစ်မယ်၊ ကြည့်ရတာ မနေ့ညက အရိုက်ခံရပြန်ပြီ ထင်တယ်၊ ခုလိုလုပ်တာတော့ မကောင်းဘူးပေါ့၊ ဒီကောင်လေးက သူ့ဘာသာ ဘာပဲအော်အော်'

ဒီတော့ ကျုပ်လဲ အဲဒီလူဘက်လှည့်ပြီး မေးလိုက်မိတယ်။ 'ခွင့်ပြုပါ၊ ခင်ဗျားပြောနေတာ ကြားလိုက်ရလို့ပါ၊ ဟိရာယာမ ကောင်ကလေး အရိုက်ခံရ တယ်ဟုတ်လား၊ ဘာများလုပ်မိလို့လဲ'

http://www.cherrythitsar.org


'ကြည့်ရတာကတော့၊ ကောင်ကလေးက စစ်သီချင်းတွေဘာတွေဆို၊ အရင်က ကြွေးကြော်သံတွေ ဘာတွေ အော်တတ်တယ်မဟုတ်လား'

'ဒါပေတဲ့ဗျာ၊ ဒီကောင်ကလေးက ဒီလိုပဲ အမြဲဆိုနေတတ်တာ' လို့ ကျုပ်က ထောက်ပြလိုက်မိပါတယ်။ 'သူ့ခမျာ သူ့ကို သင်ပေးထားတဲ့ အတိုင်း ဒီသီချင်းနှစ်ပုဒ်၊ သုံးပုဒ်လားဆိုတတ်တာ'

အဲဒီလူက ပခုံးတွန့်ပြလိုက်ပါတယ်။ 'ဟုတ်တယ်၊ ကျုပ်လဲ အဲဒီလိုပဲမြင်တယ်၊ ဒီပေါက်တတ်ကရ ကောင်ကလေးကို ဝိုင်းရိုက်လို့ ဘာအကျိုးရှိကြမှာတုန်း၊ စာနာစိတ်မရှိကြတာဘဲ၊ ကောင်ကလေးက ကယာဘရီတံတားနားမှာ တံတားတိုင်ကိုမှီပြီး တစ်နာရီလောက်ထိုင်ပြီး သီချင်းဆိုလိုက်၊ ကြွေးကြော်လိုက် လုပ်တတ်ကြတာ၊ ကယာဘရီတံတားဆိုတာကလဲ မှောင်ရီပျိုးရင် ဖြစ်ချင်တာဖြစ်တဲ့နေရာကိုး၊ သူဆိုနေတာကို တခြားဘက်က ဘားတွေဆီက ကြားရလိမ့်မယ်၊ ဒီတော့ သည်းမခံနိုင်တဲ့ လူတစ်ယောက်ယောက်က ထပြီးလုပ်လိုက်ပါလိမ့်မယ်'

'ဘာအဓိပ္ပာယ်မှ မရှိတဲ့ဟာ'လို့ မစ္စစ်ကာဝကာမိက ဝင်ပြောတယ်။ 'ဟီရာယာမ ကောင်ကလေးက ဘယ်သူ့မှ ဒုက္ခပေးတာမှ မဟုတ်တာ'

'အင်း... ဒီကောင်ကလေးကိုတော့ တစ်ယောက်ယောက်က သီချင်းသစ်ကလေး၊ ဘာလေး သင်ပေးဦးမှ'လို့ အဲဒီလူကပြောရင်း သူ့ဖန်ခွက်ကို ကိုင်သောက်လိုက်တယ်။ 'သီချင်းအဟောင်းတွေ ထပ်ဆိုရင် ထပ်အရိုက်ခံရဦးမှာပဲ'လို့ ထပ်ပြောပြန်တယ်။

ဟီရာယာမ ကောင်ကလေးလို့ ကျုပ်တို့က ခေါ်ကြပေတဲ့ ခုဆိုသူ့အသက်က ငါးဆယ်လောက် အနီးဆုံးရှိပြီ။ သူက စိတ်မမှန်ရှာဘူး။ အသက်ကြီးနေပေတဲ့ အသိစိတ်က ကလေးလိုဖြစ်နေတော့ ကောင်ကလေးလို့ခေါ်ကြတာဟာ သိပ်မှားလှတယ်တော့ မဟုတ်ဘူး။ ကျုပ်မှတ်မိသလောက်တော့ သူက ဟီရာယာမ မိသားစုကမွေးခဲ့ကြတာ ဖြစ်ပုံရပေတဲ့ ခရစ်ယာန်သီလရှင်တွေက ပြုစုစောက်ရှောက်ခဲ့ကြတာ။ ဟိုတုန်းကဆိုရင် ကျုပ်တို့ရဲ့ ပျော်ရွှင်ဖွယ်ရပ်ကွက်က မီဂီဟီဒရီရဲ့ အပေါက်ဝမှာဖြစ်ဖြစ်၊ တခြားဘားတစ်ခုခုရဲ့ အပေါက်ဝမှဖြစ်ဖြစ် မြေကြီးပေါ်မှာ သူထိုင်နေတာကို တွေ့ရတတ်တယ်။ မစ္စစ်ကာဝကာမိ ပြောသလိုပါပဲ။ သူက ဘယ်သူ့ကိုမှ ဒုက္ခမပေးရှာဘူး။ စစ်ကြီးမတိုင်ခင်နဲ့ စစ်အတွင်းတုန်းကဆို ပျော်ရွှင်ဖွယ်ရပ်ကွက်မှာ သူက

http://www.cherrythitsar.org


အတော်ကလေး ရေပန်းစားလိုက်သေးတာ။ စစ်သီချင်းတွေဆိုလိုက်၊ မျိုးချစ် စိတ်ထက်သန်စေတဲ့ မိန့်ခွန်းတွေကိုတုပြီး ပြောလိုက်နဲ့ပေါ့။

ဘယ်သူက သူ့ကို အဲဒီသီချင်းတွေ သင်ပေးခဲ့တယ်ဆိုတာတော့ ကျုပ် မသိဘူး။ သူဆိုနေတတ်တာကတော့ သီချင်းနှစ်ပုဒ်၊ သုံးပုဒ်လောက်ပဲ။ ဒီသီချင်းနှစ်ပုဒ်၊ သုံးပုဒ်ထဲကတောင် တစ်ပိုဒ်လောက်သာ ဆိုတတ်တာပါ။ ဆိုတဲ့အခါမှာတော့ သံနေသံထားနဲ့၊ အသံဩဇာရှိရှိနဲ့ ဆိုတတ်တယ်။ သီချင်း တစ်ပုဒ်နဲ့တစ်ပုဒ်အကြားမှာ ပရိသတ်ကို ဖြေဖျော်သေးတာ။ လက်နှစ်ဖက်ကို တင်ပါးပေါ်တင်ပြီး ကောင်းကင်ကိုပြုံးပြီးကြည့်ရင်း 'ဧကရာဇ်မင်းမြတ် အတွက် ကျေးရွာတွေအနေနဲ့ကလဲ ထိုက်သင့်သလို တာဝန်ယူကြရမယ်၊ တချို့က အသက်စွန့်ကြရမယ်၊ တချို့က အရဏ်သစ်ဆီကို အောင်မြင်မှုနဲ့ ပြန်လာကြရမယ်'စတဲ့ မိန့်ခွန်းတွေပြောတတ်တယ်။ အဲဒီတုန်းကဆို လူတွေက 'ဟိရာယာမ ကောင်ကလေးပြောတာ အကုန်တော့ မဟုတ်သေးဘူး၊ ဒါပေတဲ့ သူ့စိတ်ထားက မှန်တယ်၊ သူက ဂျပန်စိတ်ရှိတယ်'လို့ ပြောကြတယ်။ တချို့လူတွေက ပိုက်ဆံတွေဘာတွေ ပေးတာ၊ တချို့က စားစရာသောက်စရာ တွေ ဝယ်ပေးတာတောင် ကျုပ်တွေ့ခဲ့ဖူးတယ်။ အဲဒီလို အခါမျိုးမှာဆိုရင် ဒီပေါက်တတ်ကရ ကောင်ကလေးမျက်နှာများ ပြုံးလို့။ အဲဒီလိုလူတွေက သဘောကျကြတယ်၊ အသိအမှတ်ပြုကြတယ်ဆိုတော့လဲ ကောင်ကလေးက ဒီစစ်သီချင်းတွေ၊ မျိုးချစ်စိတ်မိန့်ခွန်းတွေအပေါ် စွဲနေတော့တာဖြစ်မှာပါ။

ခုတော့ ဒီပေါက်တတ်ကရ ကောင်ကလေးကို ဂရုမစိုက်ကြတော့ ပါဘူး။ လူတွေဟာ ဘယ်လိုက ဘယ်လိုဖြစ်လို့ သူ့ကိုရိုက်ချင်လာရတာတုန်း။ လူတွေအနေနဲ့ သီချင်းတွေ၊ မိန့်ခွန်းတွေမကြိုက်တော့တာ နားလည်နိုင်ပါတယ်။ သို့ပေတဲ့ လူတွေက ဒီလူတွေပဲ။ တစ်ခါက ဒီကောင်ကလေးကို ဩဘာပေးခဲ့ ကြတာ။ အားပေးအားမြှောက်ပြုခဲ့ကြတာ။ သီချင်းတွေ၊ မိန့်ခွန်းတွေ သူ့ခေါင်းထဲစွဲအောင် လုပ်ခဲ့ကြတာ။

သို့ပေတဲ့ ကျုပ်ပြောခဲ့သလိုပါပဲ။ ခုအခါ တိုင်းပြည်မှာ မြင်တာ၊ ပြုတာတွေ ပြောင်းနေတယ်။ ကျုပ်သားမက် ဆူအိချီလိုလူမျိုး အပါအဝင်ပေါ့။ ကျုပ်အနေနဲ့က ဂျီရိုမီယာကီအနေနဲ့ ဆူအိချီပြောသလို မုန်းတီးမှုတွေနဲ့ မပြောဖူးလို့ပြောရင် ကျုပ်အနေနဲ့ တရားမယ်မထင်ဘူး။ ခုဒီမှာ ဖြစ်ပျက် နေတာတွေနဲ့ ပတ်သက်လို့ ပြန်ကြည့်လိုက်ရင် မုန်းတီးမှုတွေ၊ နာကြည်းမှုတွေ ပါနေတယ်ဆိုတာ တွေ့ရမှာပါ။ မီယာကီအနေနဲ့ သူရဲဘောအနည်းဆုံး

http://www.cherrythitsar.org


လူတွေပဲဆိုတဲ့ အသုံးအနှုန်းကို ဆူအိချီသုံးသလို မသုံးခဲ့ဘူးလို့ ပြောနိုင်ပေတဲ့ မီယာကီတို့၊ ဆူအိချီတို့အရွယ် လူငယ်တွေအားလုံးဟာ အဲဒီလိုမြင်၊ အဲဒီလို တွေးတတ်ကြတာတော့ အမှန်ပဲ။ မနေ့က မြို့တောင်ဘက်မှာရှိတဲ့ အာရကာဝ အရပ်ကို ကျုပ်သွားခဲ့တယ်ဆိုတဲ့အကြောင်း ပြောခဲ့ဖူးတယ်ထင်တယ်။ အာရ ကာဝဟာ မြို့တောင်ဘက်ကိုသွားတဲ့ ဓာတ်ရထားလိုင်း အဆုံးမှာရှိပါတယ်။ လူတော်တော်များများကတော့ ခုလောက်အဝေးကြီးအထိ ဓာတ်ရထားလိုင်း ဖောက်ထားတာကို အံ့အားသင့်နေတတ်ကြတယ်။ အာရကာဝမှာက လူနေ ရပ်ကွက်ထဲမှာ သန့်ပြန့်နေတဲ့လမ်းတွေ၊ လမ်းဘေးတစ်ဖက်တစ်ချက်မှာက စီတန်းစိုက်ထားတဲ့ မေပဲလ်ပင်တွေ၊ ကျပ်ကျပ်ညပ်ညပ် ဆောက်မထားတဲ့ အိမ်တွေ၊ မြို့ပြင်ဘက်ဖြစ်လို့ လေကလဲသန့်ပြန့်နေတယ်ဆိုတော့ ဒီအရပ်ဟာ မြို့ရဲ့အစိတ်အပိုင်းတစ်ခုလို့ ပြောတဲ့အခါများ တချို့က တယ်မယုံချင်ကြဘူး။ သက်ဆိုင်ရာပုဂ္ဂိုလ်တွေက ဓာတ်ရထားလိုင်းကို အာရကာဝအထိ ဖောက်ထားတဲ့ ကိစ္စတော့မှန်တယ်လို့ ကျုပ်ထင်တယ်။ ဒါမှလဲ မြို့ကလူတွေအနေနဲ့ အေးအေး လူလူ၊ ငြိမ်ငြိမ်ဆိမ်ဆိမ် နေချင်တဲ့အခါများမှာ လွယ်လွယ်ကူကူ အဲဒီကို သွားလို့ရမှာကိုး။ မြို့ထဲမှာဆိုတာက ပိတ်ဆို့ကျပ်ညပ်နေတာ။ အထူးသဖြင့် နွေကာလတွေမှာ ဟိုးတုန်းက ဒီဓာတ်ရထားလိုင်းက မရှိသေးတော့ လူတွေလဲ ဘယ်မှလွယ်လွယ်ကူကူ မသွားနိုင်ရှာတော့ တယ်ဒုက္ခများတာပဲ။

ကျုပ်မှတ်မိသေးတယ်။ ၁၉၃၁ ခုနှစ်က ထင်တယ်။ ဒီဓာတ်ရထား လိုင်း စဖွင့်ကာစထင်တယ်။ အဲဒီအရင်က ဓာတ်ရထားလိုင်း လုံလုံလောက် လောက် မရှိခဲ့တာကို စပြီးကျော်လွှားစအချိန်ပေါ့ဗျာ။ တကယ်လို့ ခင်ဗျားက ဒီအရပ်သား မဟုတ်ရင်တော့ ဒီဓာတ်ရထားလိုင်းသစ်တွေ ဖွင့်လိုက်တာ ဘယ်လောက်တာသွားတယ်ဆိုတာ သဘောပေါက်မယ်မထင်ဘူး။ မြို့ကလူ တွေမှာလဲ ကောင်းကျိုး၊ ဆိုးကျိုး အကုန်လုံးခံစားရတော့တာ။ အရင်က လူတွေစည်ကားနေတတ်တဲ့ ပန်းခြံတွေမှာဆိုရင် လူမရှိသလောက်ဖြစ်သွားတယ်။ စီးပွားရေးလုပ်ငန်း အတော်များများလဲ အရှုံးနဲ့ရင်ဆိုင်ကြရတယ်။

ဒီဓာတ်ရထားလိုင်းသစ်တွေကြောင့် ရပ်ကွက်အတော်များများလဲ မမျှော်လင့်ဘဲ အကျိုးဆက်သစ်တွေ ရလာကြရတယ်။ ကျုပ်ပြောခဲ့တဲ့ တို့ဆိုင်းခြင်းတံတားကလေးရဲ့ တခြားဘက်မှာဆိုရင် ပျော်ရွှင်ဖွယ်ရပ်ကွက် မကြာခင်ပဲ ပေါ်လာခဲ့တယ်။ ဒီဓာတ်ရထားလိုင်းသစ်တွေ မရှိခင်ကဆိုရင် ဘယ်မှာစည်စည်ကားကားရှိမှာတုန်း။ အုတ်ကြွပ်မိုးထားတဲ့ တစ်ထပ်တိုက်တန်း

http://www.cherrythitsar.org


ကလေးတွေ၊ မှုန်ကုပ်ကုပ် လမ်းကလေးတွေလောက်ပဲ။ ရပ်ကွက်အနေနဲ့တောင် ရပ်ကွက်နာမည်တွေ၊ ဘာတွေရှိတာမဟုတ်ဘူး။ 'ဖူရူကာဝအရှေ့ဘက်' လို့ ခပ်လွယ်လွယ်ခေါ်ကြတာ။ ဒီဓာတ်ရထားလမ်းသစ်တွေလဲ ပေါ်လာရော ဖူရူကာဝဘူတာမှာ လူတွေကဆင်းပြီး မြို့ထဲကို လမ်းလျှောက်ကြတယ်။ အဲဒီလို မြို့ထဲသွားတာက နောက်ထပ် ဓာတ်ရထားစီးရတာထက်တောင် အဆင်ပြေတာကိုး။ ဒီတော့ လူသွားလူလာများလာတဲ့ အရပ်တစ်ခုဖြစ်လာတယ်။ အရင်ကတည်းက ရှိခဲ့တဲ့ ဘားကလေးတစ်ခုနှစ်ခုဟာ နေ့ချင်းညချင်း အရောင်းအဝယ် ကောင်းလာကြတယ်။ နောက်ထပ် ဘားကလေးတွေလဲ နေ့ချင်းညချင်း ပေါ်လာကြတော့တယ်။

နောက်ပိုင်းမှာ မီဂီဟီဒရီလို့ တွင်လာမယ့်ဆိုင်ကတော့ ဟိုစဉ်က 'ယာမဂတရဲ့ဆိုင်'လို့ ခပ်လွယ်လွယ်ခေါ်ကြတယ်။ ဆိုင်ပိုင်ရှင် စစ်သားဟောင်းကြီးရဲ့ နာမည်ကိုစွဲပြီး ခေါ်ကြတာပါ။ သူ့ဆိုင်က ဒီအရပ်မှာတော့ အကြာဆုံးပဲ။ အဲဒီတုန်းကတော့ သူ့ဆိုင်က ဘာမှခွဲခြားတာ၊ အားပေးတာမရှိခဲ့ပါဘူး။ လူမရွေး ဝင်ထွက်သွားလာနေတဲ့အရပ်ပဲ။ ကျုပ်ကတော့ ဒီမြို့ရောက်ကတည်းက ဝင်ထွက်သွားလာနေခဲ့တာ။ ကျုပ်မှတ်မိသလောက် ပြောရရင် ဓာတ်ရထားလိုင်းသစ် စပြီးတဲ့နောက် လအတော်ကြာတော့ ယာမဂတအနေနဲ့ ဒီပတ်ဝန်းကျင်မှာ ဘယ်လိုဘယ်ပုံ ပြောင်းလဲလာမယ်ဆိုတာ မြင်လိုက်တော့ သူ့စိတ်ကူးကို အကောင်အထည်ဖော်ဖို့ ကြံတော့တာပဲ။ ဒီနေရာမှာ သောက်မယ့်စားမယ့်လူတွေ များလာမယ်ဆိုတာ မြင်တာကိုး။ သူ့ဆိုင်ကလဲ ဒီအရပ်မှာ အစောဆုံးတင်မကဘူး လမ်းသုံးခွဆုံရာမှာဆိုတော့ တခြားဆိုင်ကလေးတွေနဲ့ စာရင် သူက ဦးစီးဦးဆောင်လို ဖြစ်နေတာ။ ဒီတော့ သူ့အနေနဲ့က ဆိုင်ကို ကောင်းကောင်းမွန်မွန် ခမ်းခမ်းနားနားကလေးဖြစ်အောင် ဖွင့်လေမှလို့ စိတ်ကူးရပုံပေါ်တယ်။ အပေါ်ထပ်က ဆိုင်ခန်းတွေကိုတောင် သူကဝယ်လိုက်တယ်။ ဆိုင်ကိုဖွင့်ဖို့ လိုအပ်မယ့် ငွေကြေးအတွက်ကလဲ သူ့အတွက် မခက်ခဲဘူးကိုး။ ပြဿနာတစ်ခုပဲရှိတယ်။ အဲဒါက မြို့ရဲ့တာဝန်ရှိပုဂ္ဂိုလ်တွေပဲ။ အသစ်ဆောက်တာပြုတာတွေနဲ့ ပတ်သက်လို့ သူတို့ခွင့်ပြုချက် သဘောထားလိုတယ်။

ယာမဂတတွေးတာ မှန်တယ်။ ၁၉၃၃ ခု၊ ၁၉၃၄ခုလောက်မှာ ပျော်ရွှင်ဖွယ်ရပ်ကွက်သစ် ပေါ်ဖို့ဖြစ်လာတယ်။ အချိန်အခါအနေနဲ့ကတော့ ကွက်တိပဲ။ အကြောင်းက မြို့ရဲ့အာဏာပိုင်တွေအနေနဲ့ မြို့ထဲက အပျော်အပါး ရပ်ကွက်ကလေးတွေအပေါ် ဥပဒေစည်းကမ်းတွေ တင်းကျပ်လာကြပြီး

http://www.cherrythitsar.org


စစ်ဟယ်၊ ဆေးဟယ် လုပ်လာကြတာကိုး။ တချို့ဆောက်လက်စ ဘားတွေ၊ ဆိုင်တွေလဲ ပိတ်ပစ်ခိုင်းတဲ့အခါကိုး။ ကျုပ်အနေနဲ့ အစပိုင်းတုန်းက ယာမဂတ ပြောတာကို စိတ်ပါလက်ပါ နားမထောင်ခဲ့မိဘူး။ နောက်ပိုင်းမှာသူက သူ ဖွင့်ချင်တဲ့ ပုံစံပြောပြမှပဲ၊ ကျုပ်ကလဲ သဘောကျလာတာနဲ့ ကျုပ်ကူညီနိုင် သမျှ ကူညီမယ်လို့ ပြောမိတယ်။

မိဂီဟီဒရီ ရပ်တည်နိုင်လာတာနဲ့ ပတ်သက်လို့ ကျုပ်အနည်းအပါး ပါဝင်ပတ်သက်ခဲ့ရတယ်ဆိုတာ ပြောခဲ့ဖူးတယ်ထင်တယ်။ ကျုပ်က လူချမ်း သာတစ်ယောက် မဟုတ်ခဲ့လေတော့၊ ငွေရေးကြေးရေးအရ ကူညီခဲ့တယ်တော့ မဟုတ်ဘူး။ အဲဒီတုန်းက ကျုပ်က ပြည်ထဲရေးဌာနရဲ့ အနုပညာကော်မတီမှာ အလုပ်မဝင်ရသေးဘူး။ ဒါပေတဲ့ မြို့မှာတော့ ကျုပ်ကို အတော်ကလေး သိလာကြတဲ့အချိန်ပဲ။ အနုပညာကော်မတီမှာ တရားဝင်သာ မလုပ်သေးတာ ကျုပ်ကို ပေါ်လစီနဲ့ပတ်သက်လို့ တိုင်ပင်နေကြရတဲ့အခါ ဖြစ်နေတော့ ကျုပ်မှာ အထိုက်အလျောက် အဆက်အသွယ်တွေက ရှိနေတယ်။ ဒီတော့ ယာမဂတ ဆိုင်ဖွင့်ဖို့ကိစ္စမှာ တာဝန်ရှိပုဂ္ဂိုလ်တွေကို ကျုပ်က ရှင်းပြတဲ့အခါ အရှိန်အဝါ မပါဘဲတော့လဲ မဟုတ်ဘူးပေါ့ဗျာ။

'ဆိုင်ရှင်အနေနဲ့ ဖွင့်ချင်တဲ့ပုံစံက ဒီကနေ့ ဂျပန်နိုင်ငံမှာ ပေါ်ပေါက် နေတဲ့ အမျိုးသားရေးစိတ်ဓာတ်အသစ်ကို ဂုဏ်ယူတဲ့အနေနဲ့ပါ'အစချီပြီး ကျုပ် ရှင်းပြခဲ့ရတယ်။ 'အပြင်အဆင်ကတော့ အမျိုးသားရေးစိတ်ဓာတ်သစ်ကို ရောင်ပြန်ဟပ်နိုင်အောင် အားထုတ်ထားကြမယ်၊ ဒီတော့ ဒီစိတ်ဓာတ်မျိုး လက်မခံနိုင်တဲ့ သူတွေကိုတော့ ဒီမှာလက်မခံဘူး၊ ဒီပြင် ပိုင်ရှင်အနေနဲ့ မျှော်မှန်းထားတာက ဒီနေရာဟာ မျိုးချစ်စိတ်ဓာတ်ကို လက်ခံဖော်ထုတ်လာကြ တဲ့ မြို့ရဲ့ပန်းချီ၊ စာပေစတဲ့ အနုပညာရှင်တွေ ဆုံစည်းပြီး စုဝေးစားသောက်ဖို့ နေရာ၊ ဒီနောက်ဆုံးအချက်နဲ့ ပတ်သက်လို့ ဂျပန်ဧကရာဇ်မင်းမြတ်ရဲ့ သစ္စာ တော်ခံများဖြစ်ကြတဲ့ ကျုပ်အပါအဝင် ကျုပ်မိတ်ဆွေများဖြစ်ကြတဲ့ ပန်းချီ ဆရာ မစယူကိဟာရဒါ၊ ပြဇာတ်ရေးဆရာ မိစုစိ၊ သတင်းစာဆရာ ရှီဂျီအို အွတ်စုဂျီ၊ အီအေဂျိနာတုကီ စတဲ့သူတွေကလဲ ထောက်ခံအားပေးကြပါတယ်'

ကျုပ်အနေနဲ့ ဒီဆိုင်သာ ဖွင့်ခွင့်ရခဲ့ရင် ဒီရပ်ကွက်ဟာ ပြောစမှတ် ဖြစ်လောက်အောင် ထင်ရှားလာမယ့်အကြောင်း၊ ပတ်ဝန်းကျင်ရပ်ကွက် တွေထက် ပိုပြီး လူသူလေးပါး အရေးထားစရာ ဖြစ်လာမယ့်အကြောင်းတွေပါ ပြောပြခဲ့တယ်။

http://www.cherrythitsar.org


ခုလိုလဲ သတိပေးလိုက်မိသေးတယ်။ 'တကယ်လို့ အထမမြောက်ခဲ့ ရင်တော့ ကျုပ်တို့အနေနဲ့ ရင်ဆိုင်တိုက်ခိုက်နေရတဲ့ စိတ်ဓာတ်ပျက်ပြားနေတာ တွေ၊ ကျုပ်တို့ရဲ့ယဉ်ကျေးမှု အနေအထားတွေကို ယိမ်းယိုင်လာနေစေတဲ့ အားထုတ်မှုတွေကို အတော်ခက်ခက်ခဲခဲ ရင်ဆိုင်ရလိမ့်မယ်'

အာဏာပိုင်တွေက တုံ့ပြန်ပုံကိုတော့ ကျုပ်က အံ့အားတောင်သင့်မိသေးတယ်။ ကျုပ်တို့တင်ပြတာကို သာမန်လက်ခံရုံတင် မဟုတ်ဘူး အားတက်သရောရှိနေတာကိုး။ ကျုပ်ကိုကျုပ်လဲ အံ့ဩမိတယ်။ သက်ဆိုင်ရာတွေက ကျုပ်ကိုကျုပ် ထင်ထားတာတဲ့ ပိုပြီးအလေးထားကြတာကိုး။ သို့ပေတဲ့ ကျုပ်ကအထင်ကြီးတာ၊ အထင်သေးတာ၊ တန်ဖိုးထားတာ၊ မထားတာတွေကို သိပ်မပူပါဘူး။ ဒီဟာတွေကို တန်ဖိုးထားလို့ မီဂီဟီဒရီ ပေါ်ပေါက်လာတဲ့အတွက် ကျုပ်ကျေနပ်မှုတစ်ခုရတယ်လို့ ပြောတာမဟုတ်ဘူး။ ကျုပ်က ကျေနပ်မိတယ်လို့ ဆိုတဲ့နေရာမှာ ဂျပန်နိုင်ငံအတွက် စိတ်ဓာတ်ရေးရာအသစ် ပေါ်ပေါက်လာဖို့ လုပ်ပေးနိုင်လိုက်မိတဲ့အတွက် အပျော်အပါးခံစားတယ်ဆိုကြရမှာ စိတ်ဓာတ်ပျက်ပြားဖို့၊ ပျက်စီးရာပျက်စီးကြောင်းဖြစ်နေဖို့မှ မလိုတာ။

ဓာတ်ရထားလိုင်းသစ်တွေဖွင့်ပြီး နှစ်လခွဲ သာသာလောက်ကျတော့ မီဂီဟီဒရီ ဖွင့်ဖြစ်သွားတယ်။ ဆိုင်ကိုအကြီးအကျယ် ပြင်ပစ်လိုက်ကြတာကိုး။ ဒါကြောင့်လဲ အဲဒီဘက်ကို ညပိုင်းမှာများ ရောက်ခဲ့ရင် မျက်နှာစာမှာ မီးပုံးကလေးတွေ အရွယ်စုံအများကြီးထွန်းထားတဲ့ မီဂီဟီဒရီကို မတွေ့ဘဲ မနေနိုင်ကြဘူး။ ဒါတင် ဘယ်ဟုတ်သေးမလဲ။ ထုပ်တန်းမှာဆွဲထားတဲ့ ဆိုင်နာမည်ဆိုင်းဘုတ်အသစ်ကလဲ အထင်ကရပဲ။ ဆေးရောင်တောက်တောက်နဲ့ ဆွဲထားရုံမကဘူး။ ချီတက်နေတဲ့ စစ်ဖိနပ်တွေကို နောက်ခံထားပြီး ဆိုင်နာမည်ကို ရေးထားတာ။

ဆိုင်ဖွင့်ပြီး သိပ်မကြာဘူး။ တစ်ညနေမှာ ယာမဂတက ကျုပ်ကို ကျုပ်ကြိုက်တဲ့ စားပွဲတစ်လုံးရွေးဖို့ပြောတယ်။ အဲဒီကစလို့ ဒီစားပွဲဟာ ကျုပ်သုံးဖို့သက်သက်လို့ သတ်မှတ်လိုက်တယ်။ သာမန်ပြောရင်တော့လဲ ယာမဂတအနေနဲ့ သူ့ဆိုင်ဖြစ်လာရာမှာ ကျုပ်ရဲ့ပါဝင်ပတ်သက်ခဲ့တာအတွက် အသိအမှတ်ပြုတယ်လို့ ပြောရင်ရပါတယ်။ သို့ပေတဲ့ တခြားဘက်ကပြောရရင် ကျုပ်က ယာမဂတရဲ့ ဖောက်သည်ကောင်းတစ်ယောက်ကိုး။

ယာမဂတဆိုင်ကို မီဂီဟီဒရီဖြစ်မလာခင် အနှစ်နှစ်ဆယ်လောက်ကတည်းက ကျုပ်က သွားနေခဲ့တာပါ။ တည့်တည့်ပြောရရင် ကျုပ်သိပ်

http://www.cherrythitsar.org


သဘောကျလှတဲ့ နေရာတစ်ခုတော့မဟုတ်ဘူး။ သို့ပေတဲ့ မြို့ကိုပြောင်းလာတဲ့ လူငယ်တစ်ယောက်အနေနဲ့ ကျုပ်က ဖူရူကာဝမှာ နေတာကိုး။ ယာမဂတ ဆိုင်က ဖူရူကာဝမှာဆိုတော့ ကျုပ်အတွက် အဆင်ပြေလို့ပါ။

ဟိုစဉ်အခါက ဖူရူကာဝဟာ ဘယ်လောက် အရုပ်ဆိုးတယ်ဆိုတာ ခင်ဗျားတို့အနေနဲ့ တွေးကြည့်လို့ရမယ်မထင်ဘူး။ ဒီမြို့မှာ လူသစ်ဆိုရင်တော့ ကျုပ်ပြောပြပါရစေ။ ဖူရူကာဝ ရပ်ကွက်ဆိုတာ အခုပန်းခြံလုပ်ထားတဲ့နေရာ၊ သစ်တော့ပင်တွေရှိတဲ့နေရာပဲ။ ၁၉၁၃ခုမှာ ကျုပ်ရောက်စကဆိုရင် ဒီမှာ ကုမ္ပဏီအသေးစားကလေးတွေရဲ့ စက်ရုံတွေ၊ ကုန်လှောင်ရုံတွေပဲရှိတယ်။ များသောအားဖြင့်ကတော့ ပိုင်ရှင်မဲ့ဖြစ်နေကြတယ်။ ပြင်ဆင်တာလဲ မရှိကြ တော့ဘူး။ အိမ်တွေဆိုလဲ ဟောင်းဟောင်းစုတ်စုတ်တွေပဲ။ နေတဲ့သူတွေက အိမ်ငှားခဈေးပေါလို့ နေကြတဲ့သူတွေပဲ။

ကျုပ်ငှားနေတဲ့အခန်းက အဘွားကြီး သားအမိနှစ်ယောက်ရဲ့ အိမ်က အထပ်ခိုးကလေးမှာပါ။ အဘွားကြီးသားက အိမ်ထောင်မရှိသေးဘူး။ ကျုပ် အခန်းကတော့ ကျုပ်အတွက် အတော်အသုံးမတည့်တဲ့အခန်းပဲ။ အိမ်မှာက လျှပ်စစ်မီးမရှိလေတော့ ကျုပ်အရုပ်ရေးတဲ့အခါ ဆီမီးခွက်နဲ့ ရေးရတယ်။ ပန်းချီရေးဖို့ နေရာဆိုတာက ရှိတယ်လို့ဆိုနိုင်ရုံပဲ။ ဒီတော့လဲ ပန်းချီရေးဖို့ ဆေးတွေဆိုတာက ဟိုဖိတ်ဒီဖိတ်ပဲ။ ညဘက် အရုပ်ရေးတဲ့အခါများဆိုရင် ကျုပ်ကြောင့် အဘွားကြီးသားအမိ နိုးတော့တာပဲ။ ဒေါသထွက်စရာ အကောင်းဆုံးကတော့ အထပ်ခိုးရဲ့ မျက်နှာကြက်က နိမ့်လွန်းတော့ ကျုပ် သေသေချာချာ မတ်တတ်များတောင် ရပ်လို့မရဘူး။ ဒီတော့ ကျုပ်အရုပ်ရေးတဲ့ အခါ အချိန်တော်တော်ကြာအောင် ကုန်းကုန်းကွကွလုပ်ပြီး ရေးရတော့တာပဲ။ ကျုပ်ခေါင်းလဲ အပေါ်ကဒိုင်းနဲ့ တစ်ချိန်လုံးကို ဆောင့်နေတော့တာ။ သို့ပေတဲ့ ဟိုစဉ်က ကျုပ်ကို တာကေဒါလုပ်ငန်းက ပန်းချီဆရာအဖြစ်နဲ့ အလုပ်ပေးထား လေတော့ ကျုပ်မှာ အဲဒီ အဆင်မပြေစရာတွေကိုတောင် သိပ်မစဉ်းစားမိ သလောက်ပဲ။

နေ့ပိုင်းတွေမှာတော့ ဆရာတာကေဒါရဲ့ စတူဒီယိုမှာ အရုပ်ရေးလေ့ ရှိတော့ ကျုပ်အခန်းထဲမှာ အလုပ်လုပ်လေ့ မရှိခဲ့ဘူး။ ဒီစတူဒီယိုကလဲ ဖူရူကာဝမှာပဲ။ ပျော်ပွဲစားရုံတစ်ခုရဲ့ အပေါ်ထပ်မှာရှိတဲ့ အခန်းရှည်ကြီးပဲ။ ရှည်ဆို၊ ကျုပ်တို့အားလုံး ဆယ်ငါးယောက်စလုံး ပန်းချီကားတင်တဲ့ထောက် တန်းစီပြီး ဆွဲနိုင်လောက်အောင်ပါ။ မျက်နှာကြက်ကတော့ ကျုပ်အထပ်ခိုး

http://www.cherrythitsar.org


ထက်မြင့်ပေတဲ့ အလယ်မှာညှတ်နေတယ်။ ဒီတော့ ကျုပ်တို့တစ်တွေ အခန်းထဲ ဝင်တိုင်း မျက်နှာကြက်ဟာ မနေ့ကထက် ပိုနိမ့်လာတယ်လို့ ရယ်စရာပြောကြ ရသေးတယ်။ အခန်းတစ်လျှောက်လုံးမှာ ပြတင်းပေါက်တွေရှိပါတယ်။ ဒီတော့လဲ အရုပ်ဆွဲဖို့အတွက် အလင်းရောင်ကောင်းကောင်းရတယ်ဆိုရမယ်။ သို့ပေတဲ့လဲ ဝင်လာတဲ့အလင်းရောင်က ပြင်းလွန်း၊ တောက်လွန်းတော့ သင်္ဘော ဦးခန်းများလိုတောင် ဖြစ်နေတယ်။ ဒီအခန်းနဲ့ပတ်သက်တဲ့ တခြားပြဿနာ တစ်ခုကတော့ အောက်ထပ်က ပျော်ပွဲစားရုံပိုင်ရှင်ပဲ။ ကျုပ်တို့ကို ညနေ ခြောက်နာရီထက်ကျော်ပြီး အခန်းမှာ နေ့ခွင့်မပြုဘူး။ အဲဒီအချိန်ဆိုရင် သူ့ဖောက်သည်တွေ စလာတာကိုး။ 'မင်းတို့တစ်တွေဟာ အပေါ်ထပ်မှာ နွားကလေးတစ်အုပ် ရှိနေသလိုပဲ'လို့ ပြောသေးတာ။ ဒီတော့လဲ ကျုပ်တို့မှာ ညဘက်ဆိုရင် ကိုယ့်အခန်းမှာ ကိုယ်ပြန်ပြီး အရုပ်ရေးကြရတော့တာပေါ့။

အဲဒီလိုမှ၊ ညဘက်မှာမှ ကျုပ်တို့အရုပ်မဆွဲကြရင်လဲ ကျုပ်တို့ဟာ ဘယ်တော့မှ ပြီးရမယ့်အချိန်မှာ ပြီးကြတော့မှာမဟုတ်ဘူး။ တာကေဒါပန်းချီ လုပ်ငန်းကလဲ အချိန်တိုတိုနဲ့ ပန်းချီကားတွေ ထုတ်လုပ်နိုင်တာကို ဂုဏ်ယူလေ့ ရှိတယ်။ ဆရာတာကေဒါကိုယ်တိုင်လဲ ပြောပြလေ့ရှိတယ်။ ကျုပ်တို့အနေ နဲ့ အချိန်မီ ပြီးစရာရှိတာတွေ မပြီးနိုင်ခဲ့ရင် နောက်ပိုင်း အပ်စရာရှိတဲ့အလုပ်တွေ ကို တခြားမှာ သွားအပ်ကြလိမ့်မယ်တဲ့။ ဒီတော့လဲ ကျုပ်တို့တစ်တွေ ကြိုးကြိုး စားစားနဲ့ ညဉ့်နက်သန်းခေါင်အထိ ဆွဲကြရတော့တာပေါ့။ အဲဒီလိုဆွဲတဲ့တိုင် နောက်တစ်နေ့ရောက်ရင် တို့ဆွဲနေတာ အချိန်မီ မပြီးရကောင်းလားဆိုပြီး ကိုယ့်ကိုကိုယ် အပြစ်တင်နေမိကြသေးတယ်။ ရက်ချိန်းနီးလာလေ၊ ကျုပ်တို့ မအိပ်ဖြစ်တော့လေပဲ။ တစ်ခါတလေဆိုရင် တစ်နေ့နှစ်နာရီသုံးနာရီပဲ အိပ်ဖြစ်ကြ တာ ပုံမှန်ဖြစ်လာတယ်။ တစ်ခါတလေ အပ်ထည်တွေက ဆက်တိုက်ဖြစ်လာ တဲ့အခါ ကျုပ်တို့တစ်တွေမှာ နေ့စဉ်ရက်ဆက်ဆွဲနေကြရလို့ အရုပ်ကြိုးပြတ် လိုတောင် ဖြစ်လာကြတယ်။ ကျုပ်မှတ်မိသရွေ့တော့ တစ်ခါမှကျုပ်တို့ ရက်ချိန်းအတိုင်း မပြီးခဲ့တာ မရှိပါဘူး။ အဲဒီအချက်ကိုကြည့်ရင် ဆရာတာ ကေဒါဟာ ကျုပ်တို့အပေါ် ဘယ်လောက်နိုင်သလဲဆိုတာ သိပါလိမ့်မယ်။

ဆရာတာကေဒါရဲ့ လုပ်ငန်းကို ကျုပ်ရောက်ပြီးလို့ တစ်နှစ်သာသာ လောက်ရှိတော့ ပန်းချီဆရာအသစ်တစ်ယောက် ရောက်လာတယ်။ သူ့နာမည် က ယာဆုနာရိ နကဟာရာပါ။ ခင်ဗျားအနေနဲ့ကတော့ သိမယ်မဟုတ်ဘူး။ မသိလို့ဆိုတာကလဲ သူအနေနဲ့ ပြောပလောက်အောင် ပေါက်ပေါက်

http://www.cherrythitsar.org


မြောက်မြောက်မှ မရှိခဲ့ဘဲ။ သူ့အနေနဲ့ ကြိုးကြိုးစားစားရှိခဲ့တာက ယုယာမ အရပ်က အထက်တန်းကျောင်းမှာ ပန်းချီသင်တဲ့ ဆရာဖြစ်ဖို့ပဲ။ ကျုပ်ကြားရ တာတော့ ခုထိပန်းချီသင်တဲ့ ဆရာလုပ်တုန်းတဲ့။ သက်ဆိုင်ရာ တာဝန်ရှိ သူတွေက အဲဒီကျောင်းမှာ ဆရာတွေ ပြောင်းပစ်တာရှိပေတဲ့။ သူ့ကိုတော့ ပြောင်းပစ်စရာ မလိုဘူးလို့ဆိုသတဲ့။ ကျုပ်ကတော့ သူ့ကို 'ငလိပ်' အဖြစ်နဲ့ သတိရနေတယ်။ တာကေဒါလုပ်ငန်းမှာ သူ့ကို ပြောင်ထားကြတဲ့ နာမည်ပါ။ ကျုပ်ကတော့ ကျုပ်နဲ့သူ မိတ်ဆွေဖြစ်ခဲ့ရတဲ့ ကာလတစ်လျှောက်လုံး အဲဒီ နာမည်ကို ရင်းနှီးတဲ့အနေနဲ့ ခေါ်ခဲ့ပါတယ်။

ကျုပ်ဆီမှာ ခုထိ ငလိပ်ဆွဲတဲ့ ပန်းချီကားတစ်ချပ် ရှိနေသေးတယ်။ ပန်းချီကားကတော့ တာကေဒါလုပ်ငန်းကို သူရောက်လာပြီး မကြာခင် သူဆွဲ တဲ့ သူ့ပုံတူကားပါ။ ပိန်ပိန်၊ မျက်မှန်နဲ့လူငယ်တစ်ယောက်၊ ပန်းချီပစ္စည်းတွေနဲ့ ရှုပ်နေတဲ့အခန်းထဲမှာ ထိုင်နေတဲ့ပုံပါ။ မျက်နှာပေါ်မှာတော့ ပြတင်းပေါက်က ဝင်လာတဲ့ အလင်းရောင်ကကျနေတယ်။ ပန်းချီကားထဲက မျက်နှာပေါ်တွေ့ရ တဲ့ စူးစူးစိုက်စိုက် ရှိတတ်တဲ့အကြည့်၊ အားငယ်တတ်တဲ့ မျက်နှာပေးတွေဟာ ကျုပ်မှတ်မိနေတဲ့ ငလိပ်ရဲ့မျက်နှာပဲ။ ဒီတော့လဲ ငလိပ်ဟာ ရိုးသားမှုရှိတယ်လို့ ပြောရလိမ့်မယ်။ သူ့ပုံကိုကြည့်ပြီး ဒီလိုလူမျိုးကိုတော့ တီးတိုးစကား ပြောနိုင် ချည်ရဲ့လို့တောင် မြင်လာနိုင်တယ်။ သို့ပေတဲ့ လူတိုင်းမှာက ကိုယ့်ကိုကိုယ် တင်တတ်တာကလေးများလဲ ရှိတတ်သေးတာကိုး။ ငလိပ်အနေနဲ့က နှိမ့်ချ တတ်တာကြောင့် သူရဲ့ပုံတူကားမှာ သူ့ရဲ့ အားငယ်ပျော့ညံ့တာကို ကွယ်ဝှက် မထားနိုင်ခဲ့ပေတဲ့ ဆန္ဒပြင်းပြတယ်၊ စူးစိုက်မှုရှိတယ်ဆိုတဲ့ ပညာတတ်ဟန်မျိုး ကိုတော့ အသာထည့်ပြီး ကိုယ့်ကိုကိုယ် တင်တာကိုတော့ မထိန်းနိုင်ခဲ့ဘူး ဆိုရမယ်။ သို့ပေတဲ့လဲ တရားသဖြင့်ပြောရရင် ကိုယ့်ပုံကိုယ် ဆွဲကြတဲ့အခါ သစ္စာရှိရှိနဲ့ ကိုယ့်ကိုကိုယ် မတင်ဘဲဆွဲတာမျိုး ကျုပ်အပေါင်းအသင်းတွေထဲ တော့မတွေ့သေးဘူး။ ဘယ်လိုပဲဖြစ်ဖြစ်ပါ။ ဘယ်လောက်တူအောင် အားထုတ် ဆွဲထား တခြားသူတွေက မြင်တဲ့အခါမှာတော့ ပုံထဲကအတိုင်း တသားတည်း တော့ မြင်ကြမယ်မထင်ဘူး။

ငလိပ်ရောက်လာတဲ့အချိန်က တာကေဒါလုပ်ငန်းမှာ အပ်ထည်တွေ များနေတဲ့အချိန်ပဲ။ ကျုပ်တို့တစ်တွေက ပန်းချီကားခြောက်ကား၊ ခုနစ်ကား လောက်ဆွဲပြီးတဲ့အခါ သူကနှစ်ကား၊ သုံးကားလောက်သာ ပြီးလေတော့ 'ငလိပ်'ဆိုတဲ့ နာမည်တွင်တော့တာပဲ။ အစပိုင်းမှာတော့ သူ့ခမျာ အတွေ့

http://www.cherrythitsar.org


အကြံုက မရှိသေးလို့ နေးတာပဲဆိုပြီး ရယ်စရာနောက်စရာအနေနဲ့ သူ့ကို ငလိပ်လို့ သူနောက်ကွယ်မှာသာ ခေါ်ကြတာ။ သို့ပေတဲ့ ရက်တွေလတွေသာ ပြောင်းလာတယ် သူ့နှုန်းက တက်မလာဘူး။ ဒီတော့လဲ ဒေါသထွက်ရ၊ စိတ်ဆိုးရတွေ ဖြစ်လာကြတာပေါ့။ ဒီတော့လဲ လူတိုင်းက သူ့မျက်နှာကိုကြည့်ပြီး ပြောင်ပြောင်ပဲ ငလိပ်လို့ခေါ်ကြတော့တယ်။ သူကတော့ သူ့ကို ရင်းနှီးတဲ့ သဘောနဲ့ ခေါ်ကြတယ်လို့ပဲ သဘောထားတယ်။ ဒီတော့လဲ အခေါ်ခံနေတယ်။ ပမာဆိုရစေရဲ့။ တစ်ယောက်ယောက်က စတူဒီယိုထဲမှာ သူ့ကိုလှမ်းပြီး 'ဟေ့ ငလိပ် ပြီးခဲ့တဲ့အပတ်ထဲက စတဲ့ပန်းချီကား ခုထိဆွဲတုန်းလား'လို့ ပြောတဲ့အခါ သူကပါ ရောယောင်ပြီး ရယ်နေတတ်တယ်။ အဲဒီလို ဘာမှတုံ့ပြန်တာမျိုး၊ ခုခံပြောဆိုတာမျိုးတွေ မရှိတော့ ကျုပ်တို့အပေါင်းအသင်းတချို့က ငလိပ်ဟာ နဂိုရှိအရပ်ကလာလို့ လို့ပြောကြတာ မှတ်မိသေးတယ်။ ဟိုတုန်းကပြောကြတာ တစ်ခုရှိတယ်။ ခုလဲပြောကြပါရဲ့။ တရားတော့မတရားဘူး ပြောရမယ်။ နဂိုရှိ ကလာတဲ့ သူတွေကပျင်းသတဲ့။ ကျောရိုးမရှိဘူးတဲ့။

တစ်နံနက် ကျုပ်မှတ်မိနေသေးတယ်။ ဆရာတာကေဒါ အပြင်ထွက်သွားတုန်း ကျုပ်တို့တပည့်တွေအထဲက နှစ်ယောက်က ငလိပ်ဆွဲနေတဲ့အနား သွားပြီး သူဆွဲတာ၊ ဖြည်းလွန်းတာနဲ့ပတ်သက်လို့ သွားစိန်ခေါ်ကြတယ်။ ကျုပ်ဆွဲနေတဲ့နေရာကလဲ မဝေးတော့ အကုန်လုံး ကြားနေမြင်နေရတယ်။ ငလိပ်ခမျာ ကတုန်ကယင်နဲ့ ခုလိုပြန်ပြောရှာတယ်။

'ကျွန်တော်နဲ့ပတ်သက်လို့ သည်းခံကြပါခင်ဗျာ၊ ကျွန်တော့်အနေနဲ့ ဒီကမိတ်ဆွေ လူတော်တွေဆီက အမြဲလိုလေ့လာနေရတာ ကျွန်တော့်ရဲ့ ကြီးမားတဲ့ဆန္ဒတစ်ခုပါ၊ ဘယ်လိုမြန်မြန်နဲ့ လက်ရာကောင်းကောင်း ဆွဲရမယ်ဆိုတာ လေ့လာနေပါတယ်၊ ပြီးခဲ့တဲ့အပတ်ကဆိုရင် ကျွန်တော်အနေနဲ့ အစွမ်းကုန် ကြိုးစားပြီး မြန်နိုင်သမျှမြန်အောင် ဆွဲပါတယ်၊ ဒါပေတဲ့ မြန်မြန်ဆွဲတဲ့အတွက် လက်ရာကျသွားပါတယ်၊ ဒီတော့ လုပ်ငန်းက သတ်မှတ်ထားတဲ့ စံမမီဖူးဖြစ်သွားပါတယ်၊ ဒါပေတဲ့ လက်ရာတက်လာအောင် ကျွန်တော်ကြိုးစားပါမယ်၊ ဒါ့ကြောင့် ကျွန်တော့်ကို ခွင့်လွှတ်ကြပါ၊ ကျွန်တော့်ကို စိတ်ရှည်ရှည်နဲ့ အချိန်ပေးကြပါ'

ငလိပ်အနေနဲ့ နှစ်ကြိမ်သုံးကြိမ်လောက် ပြန်ပြောပြီး တောင်းပန်ရှာပါတယ်။ ဒါပေတဲ့ သူ့ကိုသွားပြီး စော်ကားနေသူတွေက ဆက်ပြီးစော်ကားနေကြတယ်။ ဒီအခြေအနေ ရောက်လာတော့ ကျုပ်တို့ပန်းချီဆွဲနေသူတွေ

http://www.cherrythitsar.org


အားလုံးဟာ ပန်းချီဆွဲနေတာကို ရပ်လိုက်ကြပြီး သူတို့သုံးယောက်အနား သွားပြီး ဝိုင်းကြည့်နေကြတော့တယ်။ ငလိပ်ကို စော်ကားမော်ကားပြောနေသူ နှစ်ယောက်က အတော်ကို ရင့်သီးတဲ့ စကားလုံးတွေသုံးပြီး ပြောဆိုကြပေတဲ့ ဘယ်သူကမှ ဝင်မပြောကြတဲ့အဆုံး ကျုပ်ကပဲ ဝင်ပြောလိုက်ရတယ်။

'ကိုင်း... တော်လောက်ပြီထင်တယ်၊ သူအနေနဲ့ ပန်းချီဆရာ တစ်ယောက်ရဲ့ ရိုးသားမှုကို အခြေခံပြောနေတာ မကြားကြဘူးလား၊ ပန်းချီ ဆရာတစ်ယောက်အနေနဲ့ လက်ရာကို အချိန်ထက် တန်ဖိုးထားတယ်ဆိုရင် တို့အနေနဲ့ ဒီအချက်ကို လေးစားသင့်တယ်၊ ဒီအချက်ကို မင်းတို့အရူးတွေ မမြင်ကြဘူးလား'

ခုလိုပြောလိုက်တာက နှစ်ကာလ ကြာလှပြီဖြစ်လို့ စကားလုံးတိုင်း က အပ်ကျမပ်ကျ ဖြစ်ချင်မှဖြစ်မယ်။ ဒါပေတဲ့ အဲဒီသဘောကိုတော့ ငလိပ် ကိုယ်စား ကျုပ်က ပြောလိုက်တာတော့အမှန်ပဲ။ ကျုပ်အနေနဲ့ မှတ်မိလိုက် တာက၊ အဲဒီအခါက ငလိပ်ဟာ မျက်နှာမှာ သက်သာရာရသွားတဲ့ မျက်နှာပေး ပေါ်လာပြီး ကျုပ်ကို ကျေးဇူးတင်တဲ့ အကြည့်နဲ့ကြည့်လိုက်တာပဲ။ ကျန်တဲ့ လူတွေကတော့ ကျုပ်ကို မကျေနပ်တဲ့ အကြည့်နဲ့ကြည့်သပေါ့။ နောက်ပိုင်း မှာတော့ ကျန်တဲ့ပန်းချီဆရာတွေ အားလုံးရဲ့ အရိုအသေကိုလဲ ကျုပ်ရလာ တယ်။ ကျုပ်က နဂိုထဲက ကျုပ်ဆွဲတာတွေနဲ့ပတ်သက်လို့ ဘယ်သူကမှ မယှဉ်နိုင်ဖူးကိုး။ ကျုပ်က ကြားဝင်လိုက်တဲ့အတွက် ငလိပ်လဲအနည်းဆုံး အဲဒီတစ်နံနက် အတွင်းတော့ အတော်အနှောင့်အယှက် နည်းသွားတာပေါ့။

ကျုပ်အနေနဲ့ ဒီကိစ္စကို အလကားရေးကြီးခွင်ကျယ် လုပ်ပြောနေ တာပဲလို့ ခင်ဗျားထင်ကောင်းထင်လိမ့်မယ်။ ကျုပ်အနေနဲ့ ငလိပ်ဘက်ကဝင်ပြီး ပြောဆိုခဲ့တဲ့အထဲမှာ အရေးကြီးတဲ့အချက်လဲ ပါခဲ့တယ်။ ဒီအချက်ဟာ ပန်းချီ ပညာကို တန်ဖိုးထားတဲ့လူတိုင်း လက်ခံကြရမယ့်အချက်ပါ။ ဒါပေတဲ့ အဲဒီ အခါက ဆရာတာကေဒါရဲ့လုပ်ငန်းက အနေအထားလဲ မေ့ထားဖို့တော့ မသင့် လှဘူး။ လုပ်ငန်းအနေနဲ့ အချိန်မှန်ပြီးတယ်ဆိုတဲ့ နာမည်တစ်လုံးကို ထိန်းသိမ်း ထားနိုင်ဖို့အတွက် ကျုပ်တို့အားလုံးဟာ အပြင်းအထန် ရုန်းကန်နေကြရတာ။ ကျုပ်တို့အနေနဲ့ လက်ခံပြီးဆွဲနေရတာကလဲ 'ဂျပန်ဆန်တယ်'လို့ နိုင်ငံခြားက လူတွေ ပြောဆိုနေကြတဲ့ ဂီရှားပုံ၊ ချယ်ရီပင်၊ ငါးကြင်းတွေ၊ ဘုရားကျောင်းစတဲ့ ပုံတွေပဲ။ သပ်သပ်ရပ်ရပ် လက်ရာကောင်းကောင်း ဆွဲထားပေတဲ့ နိုင်ငံခြားသား တွေက သတိထားမိကြမှာ မဟုတ်ပါဘူး။ ဒီတော့ အဲဒီနေ့က ကျုပ်ပြောလိုက်

http://www.cherrythitsar.org


တာနဲ့ပတ်သက်လို့ မျက်နှာလွှဲခဲပစ် ပြောခဲ့တာမဟုတ်ပါဘူး။ ကျုပ်ကိုယ်တိုင် တန်ဖိုးထားခဲ့လို့ နောက်ပိုင်းကာလမှာ ပန်းချီလက်ရာကို တန်ဖိုးထားတာ၊ အရည်အသွေးကို တန်ဖိုးထားတာတို့နဲ့ ပတ်သက်လို့ ကျုပ်ကို တလေးတစား ဖြစ်လာကြရတာပဲ။ အဲဒီနေ့က ကျုပ်ပြောတာနဲ့ပတ်သက်လို့ ကျန်လူတွေနဲ့ ဆန့်ကျင်ကောင်းဆန့်ကျင်နေခဲ့ပေတဲ့ ကျုပ်က ရှာကြံပြီး ဂုဏ်ယူနေတာတော့ မဟုတ်ဘူး။ အချက်တစ်ခုအနေနဲ့ ပြောရင် အဲဒီနေ့နံနက်က ငလိပ်အတွက် ကျုပ်တစ်ယောက်ကသာ ဝင်ပြောခဲ့တာပါ။

ငလိပ်အနေနဲ့ ခုလိုကျုပ်က သူ့ဘက်ကဝင်ပြောခဲ့တဲ့အတွက် ကျေးဇူးတင်ကြောင်း ပြောနိုင်ခဲ့ပေတဲ့ ကျုပ်တို့မှာ မနားတမ်း ပန်းချီဆွဲနေကြရလို့ တော်တော်နဲ့ သူ့ကိုစကားမပြောဖြစ်ခဲ့ပါဘူး။ ကျုပ်ထင်တယ်။ အဲဒီကိစ္စဖြစ်ပြီး နှစ်လလောက်ကြာမှ စကားပြောဖြစ်ကြတယ်။ ကျုပ်တို့ မနားတမ်းရေးဆွဲနေရာက နားချိန်ရတဲ့တစ်နေ့မှာပါ။ အားရင်ကျုပ်က တာမဂါဝဘုရားကျောင်းဝင်းထဲ လမ်းလျှောက်လေ့ရှိတယ်။ တစ်နေ့ ကျုပ်လမ်းလျှောက်ရင်း ခုံတန်းတစ်ခုပေါ်မှာ အိပ်ပျော်နေတဲ့ငလိပ်ကို တွေ့တယ်။

တာမဂါဝ ဘုရားကျောင်းဝင်းကိုတော့ ခုထိ ကျုပ်သာယာနေတတ်တယ်။ စည်းရိုးလေးတွေ၊ သစ်ပင်တန်းကလေးတွေဟာ ဝတ်ပြုကိုးကွယ်မှုနဲ့ ဆိုင်တဲ့ သပ္ပာယဖြစ်တဲ့ ပတ်ဝန်းကျင်ကို ဖန်တီးပေးထားခဲ့သလိုပဲ။ ခုကာလများမှာတော့ တာမဂါဝဘုရားကျောင်းဝင်းထဲ ရောက်လေတိုင်း ကျုပ်က အတိတ်ကရှိခဲ့တဲ့ ကျောင်းဝင်းအနေအထားကိုပဲ လွမ်းဆွတ်နေမိတယ်။ အခုတွေ့နေရတဲ့ စည်းရိုးကလေးတွေ၊ သစ်ပင်တန်းကလေးတွေ မရှိသေးခင်က အနေအထားကိုပေါ့။ ဟိုစဉ်ကဆို ကွင်းပြင်ကျယ်ကျယ်ထဲမှာ ဆိုလေတော့ ကျောင်းဝင်းဟာ အသက်ဝင်နေတယ်။ မြက်ခင်းစိမ်းစိမ်းပေါ်မှာ အချိုအချဉ်ရောင်းသူတွေ၊ ပူဖောင်းရောင်းသူတွေ၊ လမ်းဘေးမျက်လှည့်ပွဲတို့၊ ကြည့်ချင်ပွဲတို့လိုဟာမျိုးတွေ စုံလို့ပဲ။ ကျုပ်မှတ်မိနေသေးတယ်။ ဟိုစဉ်ကဆို ဓာတ်ပုံရိုက်ချင်ရင် တာမဂါဝကျောင်းဝင်းထဲကို သွားကြရတယ်။ အဲဒီထဲမှာ ဓာတ်ပုံဆရာက အများသား။ ဟိုနားဒီနားမှာ ဓာတ်ပုံဆရာတွေကို သူတို့ရဲ့ အဝတ်မည်းတွေ အုပ်ထားတဲ့ သုံးချောင်းထောက်တွေနဲ့အတူ တွေ့ရတတ်တယ်။ ကျုပ် ငလိပ်ကို အဲဒီဘုရားကျောင်းဝင်းထဲမှာ တွေ့တုန်းက တနင်္ဂနွေနေ့တစ်နေ့ပဲ။ နွေဦးပေါက်ဆိုတော့ ကလေးသူငယ်တွေနဲ့၊ သူတို့မိဘတွေနဲ့ ရှုပ်လို့ပေါ့။

http://www.cherrythitsar.org


ကျူပ် သူ့ဘေး ဝင်ထိုင်လိုက်တယ်ဆိုရင် ငလိပ်လန့်နိုးသွားတော့တာပဲ။

'အား... အိုနိုစံ'လို့ အလန့်တကြားအော်လိုက်ရင်း ငလိပ်ရဲ့မျက်နှာ ဝင်းလက်သွားတယ်။ 'ခုတွေ့လိုက်ရလို့ ဒီနေ့ကို အင်မတန်ကံကောင်းတဲ့နေ့လို့ ခေါ်ရမယ်၊ မကြာခင်ကလေးတင်ကပဲ ကျွန်တော့်ဘာသာ ပြောနေမိတယ်၊ ကျွန်တော့်မှာ ငွေကလေးများရှိခဲ့ရင် အိုနိုစံအတွက် တစ်ခုခုဝယ်မယ်၊ အိုနိုစံရဲ့ ကျွန်တော့်အပေါ် နားလည်နိုင်ခဲ့မှုအတွက် ကျေးဇူးတင်တဲ့အနေနဲ့ပါ၊ လောလော ဆယ်မှာတော့ ကျွန်တော့်မှာရှိတဲ့ငွေက ခပ်ပေါပေါပစ္စည်းလောက်ပဲ ဝယ်နိုင် မှာဖြစ်လို့ အိုနိုစံကို စော်ကားသလိုဖြစ်နေမယ်၊ ဒါကြောင့် လောလောဆယ်မှာ တော့ ကျွန်တော့်ကို စောင့်ရှောက်ခဲ့တဲ့အတွက် ကျွန်တော့်အနေနဲ့ ရင်ထဲက ကျေးဇူးတင်နေတယ်ဆိုတာလေး ပြောပါရစေ'

'ငါ့အနေနဲ့ ဘာမှကြီးကြီးကျယ်ကျယ် လုပ်ခဲ့တာမဟုတ်ပါဘူး၊ ငါ့စိတ်ထဲရှိတာ ပြောတာပဲ'

'မဟုတ်သေးဘူး အိုနိုစံ၊ ခင်ဗျားလိုလူမျိုးက အလွန်ရှားတယ်၊ ခင်ဗျားလိုလူမျိုးနဲ့ အပေါင်းအသင်းဖြစ်ရတာ ဂုဏ်ယူစရာပါ၊ အနာဂတ်မှာ ကျွန်တော်တို့ဟာ ဘယ်လိုကွာဟချက်တွေ ဖြစ်လာဖြစ်လာ၊ ဘယ်လိုပဲဘဝ အနေအထားတွေ ပြောင်းလဲပြောင်းလဲ ခင်ဗျားရဲ့ကြင်နာမှုတွေကို ကျွန်တော် သတိရနေမှာပါ'

ကျူပ်ကို အဲဒီလိုပြောပြီး ကျေးဇူးတင်နေတာ အကြိမ်ကြိမ်ပဲဆိုတာ ကျူပ်မှတ်မိနေတယ်။ ပြီးမှ ကျူပ်ပြောလိုက်မိတယ်။ 'ငါလဲ မင်းကိုစကားပြော ချင်နေတာနဲ့ အတော်ပဲ၊ ငါ့အနေနဲ့ စဉ်းစားနေတာကြာပြီ၊ မကြာခင် ဆရာ တာကေဒါဆီက ထွက်တော့မယ်'

ငလိပ်ဟာ အံ့အားသင့်သွားရင်း ကျူပ်ကို ကြည့်လို့သာနေတယ်။ ကျူပ်ကများ သူပြောတာ မတော်တရော်ကြားမိလိုက်သလားဆိုတဲ့ ပုံမျိုးဖြစ် သွားတယ်။

ဒီတော့ ကျူပ်ကဆက်ပြောပြန်တယ်။ 'ငါလဲ ကံကောင်းတယ်ခေါ် ရမယ်၊ ငါ့လက်ရာတွေကို ပန်းချီဆရာကြီး မိုရိယာမက စိတ်ဝင်စားသတဲ့၊ မင်း မိုရိယာမကို ကြားဖူးသလား'

ငလိပ်က ကျူပ်ကို ကြည့်နေရင်း ခေါင်းခါလိုက်တယ်။

'မစ္စတာမိုရိယာမဆိုတာက တကယ့်အနုပညာသည်ပဲ'လို့ ကျူပ်က ပြောပြလိုက်တယ်။ 'သူ့ရဲ့စိတ်ဝင်စားမှုခံရတာကိုက ငါဟာ သိပ်ကံကောင်းတယ်

http://www.cherrythitsar.org


ခေါ်ရလိမ့်မယ်၊ သူက ဆရာတာကေဒါဆီမှာ ငါဆက်ပြီး ပန်းချီဆွဲနေရင်တော့ ငါ့အရည်အချင်းတွေ အလဟဿဖြစ်ကုန်မယ်လို့ ဆိုတယ်၊ ဒါကြောင့်လဲ သူ့တပည့်အဖြစ် လာပြီးလေ့လာပညာယူဖို့ ငါ့ကိုကမ်းလှမ်းတယ်'

'ဟုတ်လား'လို့ ပြောရင်း ငလိပ်က မယုံသလို ကြည့်နေပြန်တယ်။

'ငါ ဒီမှာလမ်းလျှောက်နေရင်း ငါ့ဘာသာ တွေးမိတယ်၊ မစ္စတာ မိုရိယာမ ပြောတာမှန်တယ်၊ ဆရာတာကေဒါအောက်မှာ ဝမ်းရေးအတွက် ပန်းချီဆွဲနေကြရသူတွေ အတွက်ကတော့ ဟုတ်နေတယ်၊ ဒါပေတဲ့ တို့လိုအနုပညာကို လေးလေးစားစားနဲ့ လုပ်ချင်ကြသူတွေအတွက် တခြားမှာကြည့်ကြရလိမ့်မယ်'

အဲဒီလိုပြောပြီးတော့ ငလိပ်ကို ကျုပ် အဓိပ္ပာယ်ရှိရှိ မျက်နှာထားနဲ့ ကြည့်လိုက်တယ်။ သူကတော့ ကျုပ်မျက်နှာကိုသာ ငေးကြည့်နေတယ်။ မရေမရာဖြစ်တဲ့ မျက်နှာထားက သူမျက်နှာမှာပေါ်နေတယ်။

'ငါ့စိတ်ထဲရှိတဲ့အတိုင်း မစ္စတာမိုရိယာမအကြောင်းတွေ လျှောက်ပြောနေမိတာ ခွင့်လွှတ်ပါ'လို့ ပြောလိုက်ရပြန်တယ်။ 'ငါ့အမြင်ကို ခုလို မင်းကိုထုတ်ပြောနေရတာကလဲ မင်းက တခြားသူတွေလိုမဟုတ်ဘူး။ ဒီလူတွေအကြားမှာ မင်းတစ်ယောက်တည်းပဲ အရည်အချင်းရှိတယ်။ ပန်းချီပညာပေါ်မှာလဲ တလေးတစားရှိတယ်'

ငလိပ်က ရယ်တော့တယ်။ 'တကယ်ပဲလား အိုနိုစံ၊ ဘယ်လိုများ ပြောလိုက်တာလဲ၊ ခင်ဗျားအနေနဲ့ ကျွန်တော့်အပေါ် စာနာစိတ်ရှိတာတော့ ကျွန်တော်သိပါတယ်၊ ဒါပေတဲ့ ခုပြောလိုက်တာကတော့ နည်းနည်းပိုသွားပြီထင်တယ်'

'ငါ့အနေနဲ့တော့ မစ္စတာမိုရိယာမ ကမ်းလှမ်းတာကို လက်ခံဖို့ ဆုံးဖြတ်ပြီးပြီ'လို့ ကျုပ်က ဆက်ပြောလိုက်ပြန်တယ်။ 'မင်းကို ငါတစ်ခု ပြောစမ်းပါရစေ၊ မင်းရဲ့လက်ရာတချို့ သူ့ကိုပြကြည့်ချင်တယ်၊ ကံကောင်းရင်တော့ သူကမင်းကို သူ့တပည့်အဖြစ်လက်ခံမှာပဲ'

ငလိပ်ဟာ ထိတ်လန့်သွားတဲ့ မျက်နှာပေးမျိုးနဲ့ ကျုပ်ကိုကြည့်လိုက်ပါတယ်။

'ဒါပေတဲ့ အိုနိုစံ၊ ခင်ဗျားဘာပြောလိုက်တယ်'လို့ အစချီပြီး အသံတိုးတိုးနဲ့ ငလိပ်ကပြန်မေးတယ်။ သူကပဲ ဆက်ပြောပြန်တယ်။ 'ကျွန်တော့်ကို ဆရာတာကေဒါက လက်ခံခဲ့တာ ကျွန်တော့်အဖေရဲ့ မိတ်ဆွေတွေက

http://www.cherrythitsar.org


ဝိုင်းထောက်ခံပေးကြလို့ပါ၊ သူ့အနေနဲ့ကလဲ ကျွန်တော့်ရဲ့အခက်အခဲမျိုးစုံကို သိရက်နဲ့ အများကြီးသည်းခံခဲ့ပါတယ်၊ ကျွန်တော့်အနေနဲ့ ဒီရောက်ပြီး သိပ်မကြာခင် ဒီကထွက်သွားဖို့ဆိုတာ ဆရာ့အပေါ် သစ္စာမရှိရာ ရောက်မနေဘူးလား' အဲဒီလိုပြောနေရင်း ငလိပ်ဟာ သူသုံးလိုက်တဲ့ စကားလုံးတစ်လုံးကို သတိရသွားတာနဲ့ ချက်ချင်း ခုလိုဆက်ပြောပြန်တယ်။ 'အိုနိုစံ၊ ခင်ဗျားကို သစ္စာမရှိဘူးလို့ ကျွန်တော်ဆိုလိုတာမဟုတ်ပါဘူး၊ ခင်ဗျားနဲ့ကျွန်တော်က အနေအထားချင်းမတူဘူး၊ ကျွန်တော့်အနေနဲ့က' ပြောရင်း အသံတိမ်ဝင်သွားပြီး သူ့ဘာသာ ရယ်လိုက်ပါတယ်။ ဒီနောက် မျက်နှာပိုးသတ်လိုက်ပြီး 'ဆရာတာကေဒါဆီက ထွက်သွားဖို့ တကယ်ပဲဆုံးဖြတ်ပြီးပြီလား အိုနိုစံ'လို့မေးတယ်။

'ငါ့အမြင်ပြောရရင်'လို့ ကျုပ်က စလိုက်တယ်။ 'ဆရာတာကေဒါအပေါ် မင်းတို့၊ ငါတို့ သစ္စာရှိနေဖို့ မလိုတော့ဘူး၊ ရှိသင့်သလောက်ရှိခဲ့ပြီပဲ၊ လူတွေဟာ သစ္စာရှိတဲ့အကြောင်းကို သိပ်ပြောတတ်ကြတယ်၊ သစ္စာရှိတာနဲ့ မျက်စိစုံမှိတ် တပည့်ခံတာ တခြားစီပဲ၊ ငါ့အနေနဲ့တော့ မျက်စိစုံမှိတ် တပည့်ခံခဲ့တာမျိုး မလုပ်နိုင်ဘူး'

တာမဂါဝ ဘုရားကျောင်းဝင်းထဲမှာ အဲဒီနေ့ခင်းက ကျုပ်နဲ့ငလိပ်တို့ စကားပြောခဲ့တဲ့အခါက ပြောခဲ့ကြတဲ့ စကားလုံးတွေအတိုင်း အပ်ကျမပ်ကျ တူမယ်တော့မဟုတ်ဘူး။ ဒီအကြောင်းကို ပြန်စဉ်းစားဖို့ဖြစ်လာတာ အကြိမ်ကြိမ်ပဲ။ အကြောင်းတိုက်ဆိုင်လို့ ပြောရတာလဲ အကြိမ်ကြိမ်ဆိုတော့ စပ်ဆိုင်တဲ့ အကြောင်းကလေးတွေကြောင့် မူကွဲကလေးတွေလဲ ဖြစ်နေပေမယ်။ အဲဒီနေ့က ငလိပ်ကို ကျုပ်ကပြောတဲ့အခါက လိုရင်းပေါ်ချင်မှ ပေါ်လိမ့်မယ်။ ဒါပေတဲ့ အဲဒီအခါက ကျုပ်လက်ခံနားလည်ထားတဲ့ ကျုပ်ရဲ့အမြင်၊ ကျုပ်ရဲ့ သဘောထားကတော့ ကောင်းကောင်းကြီး ပေါ်လွင်ပါလိမ့်မယ်။

တာကေဒါလုပ်ငန်းမှာ ကျုပ်တို့လုပ်ခဲ့ကိုင်ခဲ့ရတဲ့ အတွေ့အကြုံတွေ ပြန်ပြီးပြောဖြစ်တဲ့နေရာက မီဂီဟီဒရီက စားပွဲဝိုင်းမှာပဲ။ ကျုပ်တပည့်တပန်းတွေနဲ့ပေါ့။ ကျုပ်ရဲ့ ပန်းချီပညာရှင်ဘဝအစကို သိချင်ကြတာကိုး။ သူတို့အရွယ်လောက်က အခုသူတို့ဆရာဖြစ်နေတဲ့ ကျုပ်ဘဝ ဘယ်လိုဆိုတာ သိချင်၊ လေ့လာချင်ကြတာကိုး။ ညနေဘက် မီဂီဟီဒရီမှာ ထိုင်ကြတဲ့အခါ ဆရာတာကေဒါဆီမှာ တပည့်ခံနေစဉ်က ကျုပ်ရဲ့ အတွေ့အကြုံတွေကတော့ မကြာခဏ ပြောဖြစ်ပါတယ်။

http://www.cherrythitsar.org


တစ်ခါက ကျုပ်တပည့်တွေကို ပြောဖူးတယ်။ 'ဆရာတာကေဒါဆီမှာ တပည့်ခံစဉ်က အတွေ့အကြုံတွေက သိပ်ဆိုးလှတယ်တော့ မဟုတ်ဘူး၊ ငါ့ဘဝအတွက် အရေးကြီးတာတွေ လေ့လာခဲ့ရတယ်'

ဒီတော့ ကူရိုဒါက စားပွဲရှေ့ ငိုက်လိုက်ရင်း မေးတယ်။ 'ခွင့်ပြုပါဆရာကြီး၊ အဲဒီလိုနေရာမျိုးက ပန်းချီပညာသင်တွေကို ဘယ်လိုအကျိုးရှိမယ့်ကိစ္စမျိုး သင်ကြားပေးနိုင်ခဲ့တယ်ဆိုတာ ကျွန်တော်တော့ စဉ်းစားကြည့်လို့မရနိုင်ဘူး'

နောက်တစ်ယောက်က ပြောပြန်တယ်။ 'ဆရာကြီး ကျွန်တော်တို့ကို တစ်ခုလောက် ပြောပြစမ်းပါ၊ အဲဒီလိုနေရာမျိုးက ဘာများသင်ပေးနိုင်သလဲ၊ ကြားရတဲ့အတိုင်းကတော့ စက္ကူဘူးတွေ ထုတ်လုပ်နေတဲ့နေရာမျိုးပဲ'

မိဂီဟီဒရီမှာ စားတဲ့သောက်တဲ့အခါတော့ အဲဒီလိုပဲ။ ကျုပ်အနေနဲ့ တစ်ယောက်ယောက်နဲ့ ပြောဆိုနေတဲ့အခါ တခြားသူတွေက သူတို့ဘာသာ ပြောဆိုနေတတ်ကြပေတဲ့ ကျုပ်ကို တစ်ခုခု မေးလိုက်ကြပြီဆိုရင်တော့ သူတို့ အချင်းချင်း ပြောဆိုနေတာရပ်ပြီး ကျုပ်ဘယ်လိုဖြေမယ်ဆိုတာ ဝိုင်းပြီး စောင့်နေတတ်တယ်။ ဆိုလိုတာက သူတို့ဘာသာ စကားပြောဆိုနေကြပေတဲ့ ကျုပ်ဘာများပြောမလဲဆိုတာကိုတော့ အမြဲနားစွင့်နေကြတဲ့ သဘောပဲ။ သို့ပေတဲ့ ဒီလူငယ်တွေဟာ ဝေဖန်ပိုင်းခြားမှုမရှိဘဲ အရာရာကို ပြောသမျှ လက်ခံမယ်တော့ မထင်နဲ့။ သူတို့အမြင်နဲ့ လွဲနေရင် မေးမြန်းမယ်၊ ဝေဖန်မယ်။

ဒီတော့ သူတို့မေးတာကို ကျုပ်ကဖြေရတယ်။ 'တာကေဒါလုပ်ငန်းမှာ လုပ်ကိုင်တပည့်ခံရတဲ့အခါက ငါ့ဘဝ စောစောပိုင်းအတွက် အရေးကြီးတဲ့ သင်ခန်းစာတွေ ရခဲ့တယ်၊ အဲဒါက ဆရာကို သတိထားနေဖို့ပဲ၊ ဆရာ့အနေနဲ့ ဘယ်ရွေ့ဘယ်မျှ တော်တယ်၊ လုပ်နိုင်တယ်ဆိုတာ သတိချပ်နေဖို့ပဲ၊ အဲဒီက ရလာတဲ့ အတွေ့အကြုံအရ ငါ့အနေနဲ့ မျက်စိစုံမှိတ်ပြီး အုတ်ရောရောကျောက်ရောရော မလုပ်မိဖို့ဘဲ၊ တစ်ခုခု လုပ်ရတော့မယ်ဟေ့ဆိုရင် ဘာကိုရည်ရွယ်လို့ ဘာကိုဦးတည်နေတယ်ဆိုတာ အသေအချာစဉ်းစားရမယ်ဆိုတာပဲ။ တကယ်လို့ များ မင်းတို့ကို ငါကတစ်ခုခုလုပ်ဖို့ တိုက်တွန်းခဲ့ရင် မင်းတို့ကို လွှမ်းမိုးနေတာတွေက တိုးထွက်စေချင်လို့ပဲ၊ လွန်ခဲ့တဲ့ဆယ်နှစ်၊ ဆယ့်ငါးနှစ်လောက်က စလို့ တို့တစ်တွေအပေါ်မှာ မလိုလားအပ်ရုံမကဘူး စိတ်ဓာတ်ပါ ပျက်ပြားပြီး တို့နိုင်ငံရဲ့အင်အားကို လျော့ပါးယိမ်းယိုင်စေခဲ့တဲ့ လွှမ်းမိုးချက်တွေအပေါ် ထိုးဖောက်ထွက်ကြရမယ်' အဲဒီတုန်းက ကျုပ်ကလဲ နည်းနည်းသောက်ထား

http://www.cherrythitsar.org


တော့ လေကနည်းနည်း မြင့်ကောင်းမြင့်သွားမယ်။ သို့ပေတဲ့ မီဂီဟီဒရီမှာတော့ အဲသလိုပဲ ပြောကြဆိုကြလေ့ ရှိတာကိုး။

'မှန်ပါတယ် ဆရာကြီး'လို့ တစ်ယောက်ကဝင်ပြီး ထောက်ခံတယ်။ 'ကျွန်တော်တို့တစ်တွေဟာ လမ်းလွဲဖို့ ထိန်းကြောင်းထားတာတွေက ဖောက်ထွက်ရမယ်'

ဒီတော့ ကျုပ်ကဆက်ရပြန်တယ်။ 'ငါထင်တယ်၊ ခုဒီစားပွဲမှာ ဝိုင်းထိုင်နေကြတဲ့ ငါတို့အနေနဲ့ ဂုဏ်ယူနိုင်တာရှိတယ်၊ ဘာမှအသုံးမကျတဲ့ ကိစ္စတွေ၊ အရေးမကြီးတဲ့ကိစ္စတွေဟာ တို့ပတ်ဝန်းကျင်မှာ ပုံလို့ပဲ၊ ဒါပေတဲ့ အခုဆို တို့နိုင်ငံတော်အတွက် ပိုမိုသင့်တော်တဲ့၊ အင်အားရှိတဲ့စိတ်ဓာတ်တွေ ပေါ်ထွက်လာပြီ၊ မင်းတို့ဟာ နိုင်ငံတော်အတွက် အုတ်တစ်ချပ်သဲတစ်ပွင့်ပဲ၊ ငါ့ဆန္ဒကတော့ မင်းတို့တစ်တွေဟာ ဒီစိတ်ဓာတ်သစ်တွေရဲ့ တိုက်စစ်ဆင်မှူးတွေ ဖြစ်လာစေချင်တယ်။ တိုက်စစ်မှူးတွေအဖြစ်က တစ်ပြားသားမှ မလျော့စေချင်ဘူး' အဲဒီလိုပြောတဲ့အခါ ကျုပ်က ကျုပ်တို့စားပွဲကိုပဲ ရည်ရွယ်ပြောတာ မဟုတ်တော့ဘူး။ ကျုပ်တို့ပြောတာ နားထောင်နေကြတဲ့ အနီးအနားစားပွဲက လူတွေကိုပါ ရည်ညွှန်းတာ။ 'အခု ဒီဆိုင်ဆိုရင် အဲဒီစိတ်ဓာတ်သစ်နဲ့ ပေါ်ပေါက်လာခဲ့တဲ့ အထောက်အထားတစ်ခုပဲ၊ ဒီတော့ ဒီဆိုင်မှာ ရှိနေကြတဲ့ ကျုပ်တို့အားလုံးဟာ ဂုဏ်ယူခွင့်ရှိနေကြတယ်'

မီဂီဟီဒရီမှာ အဲဒီလို စားရင်းသောက်ရင်းက ကျုပ်တို့ ဝိုင်းစိုလာတော့ရင် အနားကဝိုင်းတွေကပါ ကျုပ်တို့ဝိုင်းဖက် ကူးလာတတ်ကြတယ်။ ကျုပ်တို့နှီးနှောကြတာတွေ၊ အပြောအဆိုတွေကို နားထောင်ကြရအောင်ပါ။ ကျုပ်တို့တပည့်တွေအနေနဲ့ အပြင်က၊ တစိမ်းက ပြောတာများလဲ နားထောင်ကြပါတယ်။ သို့ပေတဲ့ ကျုပ်တို့ပြောနေတာနဲ့ အမြီးအမောက်မတည့်တာမျိုး၊ ပျင်းစရာကောင်းအောင် ပြောနေတာမျိုး ပြောလာရင်တော့ အသာပဲ ပထုတ်တတ်ကြတယ်။ အဲသလို သန်းခေါင်သန်းလွဲအထိ ပြောကြ၊ ဆိုကြ၊ ငြင်းကြ၊ ခုန်ကြ၊ လုပ်ကြတယ်ဆိုပေတဲ့လဲ မီဂီဟီဒရီမှာ ရန်ဖြစ်ကြရတယ်ရယ်လို့တော့ မရှိခဲ့ကြဘူး။ အဲဒီလို ရန်တွေဘာတွေ မဖြစ်ကြရတာကလည်း၊ မီဂီဟီဒရီကို လာတဲ့သူတွေကလည်း စိတ်တူသဘောတူတွေနဲ့ စုစည်းထားတာကိုး။ ဒီတော့ ယာမဂတ ဖြစ်စေချင်တဲ့အတိုင်း၊ ဆန္ဒရှိတဲ့အတိုင်း ဖြစ်လာတယ်လို့ ပြောရမယ်။ သိက္ခာနဲ့၊ မာနနဲ့ အရက်သောက်လို့ရတဲ့ နေရာတစ်ခုဖြစ်တယ်လို့ ပြောကြရမယ်။

http://www.cherrythitsar.org


ကျုပ် ဒီအိမ်မှာ ကူရိုဒါရေးတဲ့ ပန်းချီကားတစ်ချပ်ရှိတယ်။ ကူရိုဒါက ကျုပ်တပည့်တွေထဲမှာ မွေးရာပါ တော်တယ်ဆိုတဲ့လူမျိုး။ သူ့ပန်းချီကားက မီဂီဟီဒရီရဲ့ တစ်ညနေမြင်ကွင်းပဲ။ ပန်းချီကားနာမည်ကို 'အမျိုးသားရေးစိတ်ဓာတ်'လို့ ပေးထားတယ်။ ဒီတော့၊ ပန်းချီကားကတော့ စစ်ချီ၊ စစ်တက်လုပ်နေတဲ့ပုံ ဖြစ်လိမ့်မယ်လို့ ထင်ကောင်းထင်ကြမယ်။ ကူရိုဒါ ဖော်ချင်တာက အမျိုးသားရေးစိတ်ဓာတ်ဟာ ကျုပ်တို့နေ့စဉ်ဘဝတွေရဲ့ အစိတ်အပိုင်းတစ်ခုပဲဆိုတာပါ။ ကျုပ်တို့တစ်တွေ ဘယ်မှာစားကြ၊ သောက်ကြတယ်၊ ဘယ်လိုလူတွေနဲ့ ပေါင်းကြ၊ သင်းကြတယ်ဆိုတာမျိုးပါ။ မီဂီဟီဒရီမှာရှိခဲ့တဲ့ စိတ်ဓာတ်အတွက် ကူရိုဒါ ဟိုတုန်းက သူ့မှာရှိခဲ့တဲ့အမြင်ကို အခြေခံပြီး ဂုဏ်ပြုခဲ့တာပါ။ ပန်းချီက ဆီဆေးနဲ့ရေးထားတာ။ ပုံထဲမှာက မီဂီဟီဒရီ အပြင်အဆင်နောက်ခံနဲ့ စားပွဲတွေ၊ အပေါ်ထပ်မှာ ချိတ်ထားတဲ့ အမျိုးသားရေးဆောင်ပုဒ်တွေ၊ ကြွေးကြော်ချက်တွေ၊ အဲဒီဆောင်ပုဒ်တွေအောက်က စားပွဲတွေမှာထိုင်ပြီး စကားပြောဆိုနေကြသူတွေ၊ သူတို့ရှေ့နားမှာ ကီမိုနိုဝတ်ထားတဲ့ ဧည့်ခံမယ်ကလေးတွေက လင်ပန်းကိုယ်စီနဲ့ အရက်သယ်လာကြတဲ့ပုံပဲ။ လက်ရာအတော်ကောင်းပါတယ်။ မီဂီဟီဒရီရဲ့ လှုပ်ရှားသွားလာနေပုံ အနေအထားကို ကွက်တိဖမ်းစားလာနိုင်ခဲ့တယ်။ အဲဒီပန်းချီကားကို အခုပြန်ကြည့်တဲ့အခါတိုင်း ကျုပ်မှာ ကျေနပ်နှစ်သိမ့်မှုရနေတာ တစ်ခုရှိနေခဲ့တယ်။ ကျုပ်အနေနဲ့ ဒီမြို့မှာ ဘယ်လိုပဲ နာမည်ရှိခဲ့ရှိခဲ့၊ ဘယ်လိုပဲ ဩဇာသက်ရောက်မှုရှိခဲ့ရှိခဲ့ ကျုပ်ဟာ ဒီနေရာကလေးတစ်ခု ဖြစ်လာအောင်၊ ရှင်သန်လာအောင် လုပ်နိုင်ခဲ့တယ်ဆိုတာပဲ။

ခုကာလများမှာတော့ ညနေတိုင်း မစ္စစ်ကာဝကာမိဆိုင် သွားထိုင်တဲ့အခါ မီဂီဟီဒရီနဲ့ ဟိုစဉ်ကာလကို လွမ်းနေမိတတ်တာ။ ကျုပ်ဘာသာ သတိထားနေမိတယ်။ တစ်ခါတလေ ရှင်တားရိုးနဲ့ ကျုပ်တို့နှစ်ယောက်သားလောက်သာ ဘားထဲမှာ ခပ်နိမ့်နိမ့်ထွန်းထားတဲ့ မီးအိမ်ကလေးတွေအောက်မှာ ထိုင်ကြရင်း အတိတ်ကို လွမ်းရသပေါ့ဗျာ။ အတိတ်က တွေ့ခဲ့ကြုံခဲ့သူ တစ်ယောက်ယောက်အကြောင်း စလိုက်ရင် ဟိုစဉ်က ဒီလူ ဘယ်လောက်သောက်နိုင်တာ၊ ဘယ်လောက်ရယ်စရာကောင်းတာ စသဖြင့်ပြောဖြစ်ကြတယ်။ သိပ်မကြာပါဘူး။ မစ္စစ်ကာဝကာမိကိုပါ စစ်ကူခေါ်ရတော့တာပဲ။ သူ့ကိုပါ အတိတ်က ကျုပ်တို့ဆုံခဲ့သူတွေအကြောင်း မေးရပြုရတော့တာပေါ့။ တစ်ညတော့ ကျုပ်တို့နှစ်ယောက်သား အတိတ်က အကြောင်းတစ်ခုကိုပြောရင်း ရယ်နေကြတုန်း မစ္စစ်ကာဝကာမိက ဝင်ပြောတယ်။ ကျုပ်တို့ ပြောဆိုနေတဲ့အခါ ဝင်ပြောလေ့

http://www.cherrythitsar.org


ရှိတဲ့ သူတို့ထုံးစံအတိုင်းပေါ့။ 'ငါ... နာမည်တော့ မမှတ်မိဘူး၊ ဒါပေတဲ့ ရုပ်တော့ အသေအချာ မှတ်မိနေတယ်'လို့ ဆိုတယ်။

'အမှန်ပဲ အဘွားကြီး၊ ဒီလူက ဒီဆိုင်လာသောက်နေကျ ဖောက်သည် တော့မဟုတ်ဘူး၊ သူက လမ်းတစ်ဖက်က ဆိုင်မှာသောက်လေ့ရှိတယ်'လို့ ကျုပ်က ကျုပ်သတိရသလောက် ပြောလိုက်တယ်။

'ဟုတ်တယ်၊ အဲဒီဆိုင်ကြီးက ဖောက်သည်ပဲ၊ အခုနေတွေ့ရင် ငါမှတ်မိမယ်ထင်တယ်၊ ဒါပေတဲ့လေ ဘယ်ပြောနိုင်မတုန်း၊ လူတွေက သိပ်ကို ပြောင်းလဲသွားကြတာ၊ မကြာမကြာ လမ်းပေါ်မှာတွေ့တဲ့လူတွေကို ငါ့စိတ်ထဲမှာ သိနေသလိုပဲ။ နှုတ်ဆက်လိုက်ဦးမှလို့ တွေးမိတယ်၊ သေချာထပ်ကြည့်တော့ သိပ်မသေချာတော့ဘူး'

'ဟုတ်တယ်အဘွားကြီး'လို့ ရှင်တားရိုးက ဝင်ပြောတယ်။ တစ်နေ့ ကတင်ပဲ လမ်းပေါ်မှာ လူတစ်ယောက်နဲ့တွေ့တော့ ကျုပ်က နှုတ်ဆက်လိုက် တယ်။ ကျုပ်သိတဲ့ ဘယ်သူဘယ်ဝါပေါ့လေ။ ဒါပေတဲ့ဗျာ ဒီလူက ကျုပ်ကို အရူးလို့ ထင်ပုံရတယ်။ ဘာမှပြန်မပြောဘဲ လှည့်ထွက်သွားလေရဲ့'

ရှင်တားရိုးကပြောပြီး အတော်ရယ်စရာကောင်းတယ်လို့ ထင်ပုံရ တယ်။ အားပါးတရ ရယ်တော့တာပဲ။ မစ္စစ်ကာဝကာမိကတော့ မရယ်ဘဲ ပြုံးရုံပဲ ပြုံးလိုက်တယ်။ ပြီးတော့ ကျုပ်ဘက်ကိုလှည့်ပြီး ပြောတယ်။

'ဆရာကြီး၊ ရှင့်အနေနဲ့ မိတ်ဆွေအပေါင်းအသင်းတွေကို ဒီဘက် ပြန်လာကြအောင် နည်းနည်းတိုက်တွန်းစမ်းပါ၊ လမ်းမှာအရင်က မျက်နှာသိ တွေနဲ့တွေ့တိုင်း ရပ်ပြီး ဒီဘက်ကိုလာကြဖို့ တိုက်တွန်းပေးစမ်းပါ၊ ဒီလိုမှပဲ ငါတို့ဆီမှာ အတိတ်ရဲ့နေ့ရက်ကလေးတွေ ပြန်ပြီးတည်ဆောက်နိုင်မယ်'

'အကြံကောင်းပဲ အဘွားကြီး'လို့ ကျုပ်ကပြောမိတယ်။ 'ကျုပ် အဲဒီလိုလုပ်ဖို့ မှတ်ထားမယ်၊ လမ်းမှာအရင်က သိတဲ့သူတွေများတွေ့ရင် ဒီလိုပြောရမယ်၊ ဒီမှာ ခင်ဗျားကို ကျုပ်မှတ်မိတယ်၊ ခင်ဗျားကျုပ်တို့ဘက်ကို လာနေကျပါ၊ ခင်ဗျားကတော့ ထင်ကောင်းထင်နေမယ်၊ ကျုပ်တို့ဘက်မှာ ဘာမှမရှိတော့ဘူးလို့၊ ဒါပေတဲ့ ခင်ဗျားမှားတယ်၊ မစ္စစ်ကာဝကာမိတစ်ယောက် ဖြင့်ရှိသေးတယ်၊ အရင်ကလိုပဲ ကျုပ်တို့ဘက်မှာ တဖြည်းဖြည်းနဲ့ ပြန်ပြီး ထူထောင်လာကြပါပြီ'

'ဒါပဲပေါ့ ဆရာကြီး'လို့ မစ္စစ်ကာဝကာမိက ထောက်ခံတယ်။ 'သူတို့အခွင့်အရေးတွေ လွတ်သွားလိမ့်မယ်လို့သာ ပြောလိုက်၊ ဒီတော့ လုပ်ငန်း

http://www.cherrythitsar.org


ကိုင်ငန်းတွေလဲ ကောင်းလာမှာ၊ ဆရာကြီးတာဝန်က အရင်ကမိတ်ဆွေတွေသာ ပြန်ပြီးခေါ်လာခဲ့၊ ဆရာကြီးက လူရိုသေရှင်ရိုသေ မဟုတ်လား၊ မွေးရာပါခေါင်းဆောင်အင်္ဂါနဲ့ ပြည့်တဲ့သူမဟုတ်လား'

'သိပ်မှန်တဲ့အချက်ပဲ'လို့ ရှင်တားရီးက ဝင်ပြီးထောက်ခံလိုက်တယ်။ 'ဟိုရှေးတုန်းကဆို ခေါင်းဆောင်ကြီးတွေဟာ တိုက်ပွဲတစ်ပွဲ ပြီးသွားတာနဲ့ စစ်တလင်းမှာ အကွဲကွဲအပြားပြား ဖြစ်နေကြတဲ့ သူ့လူတွေကို လိုက်စုလေ့ရှိတယ်။ ဆရာကြီးလဲ အဲဒီလိုအခြေအနေမျိုးမှာပဲ'

'ပေါက်တတ်ကရတွေကွာ'လို့ ကျုပ်က ပြောလိုက်မိတယ်။

'ဟုတ်တယ်ဆရာကြီး'လို့ မစ္စစ်ကာဝကာမိက ဆိုပြန်တယ်။ 'ဆရာကြီးအနေနဲ့ လူဟောင်းတွေကိုရှာပြီး ဒီကိုပြန်လာအောင်သာ စည်းရုံးပါ။ သိပ်မကြာခင် ငါဟိုဖက်ကအခန်းကို ဝယ်လိုက်ပြီး ဆိုင်ကိုတခမ်းတနားလုပ်ပစ်မယ်။ အရင်က ရှိခဲ့တဲ့အတိုင်းပေါ့'

'ဟုတ်တယ်ဆရာကြီး'လို့ ရှင်တားရီးက ဆိုပြန်တယ်။ 'သခင်ကြီးက လူပြန်စုရမယ်'

'စိတ်ဝင်စားစရာကောင်းတဲ့ အကြံပဲ'လို့ ပြောရင်း ကျုပ်ခေါင်းညိတ်လိုက်မိတယ်။ 'ခင်ဗျားသိလား၊ မီဂီဟီဒရီဟာ အရင်က နေရာကျဉ်းကျဉ်းကလေးပဲ၊ ခင်ဗျားဆိုင်လောက်ကလေး ရှိတာ၊ ဒါပေတဲ့ အရင်က ခင်ဗျားတို့ တွေ့ခဲ့ကြသလောက်ဖြစ်အောင် ကျုပ်တို့လုပ်နိုင်ခဲ့ကြတယ်၊ မပြောနိုင်ဘူး၊ ခင်ဗျားဆိုင်ကလေးကိုလဲ အဲဒီလို လုပ်နိုင်ကောင်းလုပ်နိုင်ကြမယ်။ ခုဆိုအတော်ကလေးပြန်ပြီး အထိုင်ကျလာပြီ၊ ဒီတော့ အရင်ကလို တစ်စထက်တစ်စပြန်ဖြစ်လာကြပြီကော'

'ဆရာကြီးက ပန်းချီဆရာမိတ်ဆွေတွေ ပြန်ပြီးခေါ်သာလာခဲ့၊ သိပ်မကြာခင် သတင်းစာသမားတွေက လိုက်လာကြမှာ'

'စိတ်ဝင်စားစရာပဲ၊ ကျုပ်တို့အောင်မြင်မှာပါ၊ တစ်ခုပဲကျုပ်က ပူတယ်အဘွားကြီး၊ ခင်ဗျားအနေနဲ့ ဆိုင်အကြီးကြီးကို ထိန်းနိုင်ပါ့မလားဆိုတာပဲ၊ ခင်ဗျားကို မနိုင်တဲ့ဝန် မထမ်းစေချင်ဘူး'

'မဟုတ်က၊ ဟုတ်ကတွေ'လို့ မစ္စစ်ကာဝကာမိက ပြောရင်း သူ့ကိုစော်စော်ကားကား ပြောတယ်ဆိုတဲ့ မျက်နှာထားမျိုးနဲ့ ပြန်ကြည့်နေလေရဲ့။ 'ဆရာကြီးကသာ ကိုယ်လုပ်ရမယ့်အပိုင်းကိုလုပ်၊ ဒီဘက်ကအပိုင်းကို ဘယ်လိုတာဝန်ယူနိုင်တယ်ဆိုတာ တွေ့ရမယ်'

http://www.cherrythitsar.org



ခုတလောမတော့ ကျုပ်တို့ အဲဒီအကြောင်းကို တစ်ကြိမ်ပြီးတစ်ကြိမ် ပြောနေမိကြတယ်။ ဘယ်သူပြောနိုင်သလဲ။ ဒီရပ်ကွက် အရင်လို ပြန်မဖြစ်လာဘူးလို့။ မစ္စစ်ကာဝကာမိနဲ့၊ ကျုပ်တို့အနေနဲ့ ပေါ့တိပေါ့ပြက် ရယ်စရာ၊ နောက်စရာအနေနဲ့ ပြောကြတယ်ဆိုပေတဲ့ စကားရဲ့နောက်မှာ အလေးထားစရာလဲရှိပါတယ်။ 'သခင်ကြီးက လူစုရမယ်'ဆိုတယ်မဟုတ်လား။ ဒီတော့လဲ စုကောင်းပြန်စုကြရမှာပေါ့။ နိုရီကိုရဲ့ ကိစ္စဝိစ္စတွေ အားလုံးပြီးသွားရင်တော့ မစ္စစ်ကာဝကာမိရဲ့ စိတ်ကူးကို အလေးပေးစဉ်းစားရလိမ့်မယ်။

* * *

စစ်ကြီးပြီးသွားပြီးတဲ့နောက် ကျုပ်တပည့်ကျော်တစ်ဦး ဖြစ်ခဲ့ဖူးတဲ့ ကူရိုဒါကို တွေ့လိုက်ရတဲ့အကြောင်း ပြောလိုက်မိတယ်ထင်တယ်။ ကံအား လျော်စွာ တွေ့လိုက်ရတယ်လို့ပဲ ပြောရမယ်။ အမေရိကန်စစ်တပ်တွေ ဂျပန်ပြည် ကြီးမှာလာပြီး စစ်စခန်းတွေဖွင့်တဲ့ ပထမနှစ်အတွင်းမှာလို့ ဆိုရမယ်။ ကျုပ်တို့ စုနေကျ၊ ဆုံနေကျနေရာဖြစ်တဲ့ မီဂီဟီဒရီတို့၊ ဘာတို့လဲ အဖျက်ခံလိုက်ရ ပြီးတဲ့နောက်ပေါ့။ မိုးရွာနေတဲ့နေ့တစ်နေ့ ကျုပ်က၊ အရင်ကရှိခဲ့တဲ့ ပျော်ရွှင်ဖွယ် ရပ်ကွက်ထဲ လမ်းလျှောက်နေရင်း ထိုးထိုးထောင်ထောင်နဲ့ ကျန်ရစ်ခဲ့တဲ့ အဆောက်အအုံအပျက်တွေကို ကြည့်နေမိတယ်။ အပျက်အစီးတွေကြားထဲမှာ အလုပ်သမားတွေက ဟိုသွားဒီသွားနဲ့ဆိုတော့ အဆောက်အအုံပျက်တစ်ခုကို ရပ်ကြည့်နေတဲ့သူတစ်ယောက်ကို ကျုပ်လဲ တော်ရုံတန်ရုံ သတိမထားလိုက် မိဘူး။ အဲဒီရှေ့က ဖြတ်လျှောက်လာခဲ့ပြီးတဲ့နောက်မှ အဲဒီလူက ကျုပ်ကို လှည့်ကြည့်လိုက်တယ်ဆိုတာ သတိထားမိလိုက်တယ်။ ဒီတော့ ကျုပ်လဲခဏ ရပ်လိုက်ပြီး ထီးပေါ်ကကျနေတဲ့ မိုးရေစက်တွေအကြားက လှမ်းကြည့်လိုက် မိတယ်။ ကူရိုဒါပဲ။ အံ့အားသင့်သွားမိတယ်။ ကူရိုဒါရဲ့ မျက်နှာမှာတော့ ဘာခံစားချက်မှ မရှိတဲ့ပုံပဲ။ ကျုပ်ကိုကြည့်နေလေရဲ့။

သူက မိုးကာအင်္ကျီအနက် ဝတ်ထားပြီး ထီးဆောင်းထားပေတဲ့ ဦးထုပ်တော့မပါဘူး။ သူ့နောက်ဘက်က အဆောက်အအုံတစ်ခုကတော့ မီးလောင်ခံထားရပြီး ပျက်စီးနေတယ်။ သူ့မလှမ်းမကမ်းမှာတော့ ရေတံလျှောက် လက်ကျန်တစ်ခုထဲက၊ ရေတွေက အားကောင်းကောင်းနဲ့ ထွက်နေတယ်။ သူနဲ့ကျုပ်အကြားကို အလုပ်သမားအပြည့်တင်ထားတဲ့ ဝန်တင်ကားကြီး

http://www.cherrythitsar.org


တစ်စင်းဖြတ်သွားတာ ကျုပ်မှတ်မိလိုက်တယ်။ သူဆောင်းထားတဲ့ ထီးက ထီးရိုးတစ်ခု ကျိုးနေလေတော့ သူ့ခြေထောက်အနားမှာ မိုးရေတွေကျနေတယ်။

စစ်ကြီးမတိုင်ခင်ကဆိုရင် ကူရိုဒါရဲ့ မျက်နှာက ခပ်ဝိုင်းဝိုင်းရယ်။ ခုတော့ ပါးရိုးတွေက အတော်ကျနေပြီး လည်ပင်းတို့၊ မေးရိုးတို့အောက်မှာ အရေးအကြောင်းတွေ များလှပြီ။ ဒီတော့ 'သူ့ခမျာလဲ မငယ်တော့ဘူး'လို့ ကျုပ်က တွေးလိုက်မိတယ်။

သူက ခေါင်းကိုအသာလှည့်လိုက်တယ်။ သူက အရိုအသေပေးချင်လို့လှည့်လိုက်သလား၊ ထီးရိုးကျိုးနေလို့ သူ့ကုပ်ပေါ် မိုးရေတွေကျနေတာကိုပဲ ခါထုတ်ချင်လို့လား ဆိုတာတော့ ကျုပ်အသေအချာ မပြောနိုင်ဘူး။ ပြီးတော့ သူကလှည့်ပြီး တခြားတစ်ဖက်ကို ဆက်လျှောက်သွားတယ်။

ကျုပ်အနေနဲ့ကတော့ သူ့အကြောင်းချည်း ဆက်စဉ်းစားမနေခြင်းပါဘူး။ ပြီးခဲ့တဲ့ လတုန်းက ဒေါက်တာဆိုက်တိုနဲ့ ဓာတ်ရထားပေါ်မှာတွေ့လို့ သူကသာ စကားစပ်ရင်း ကူရိုဒါအကြောင်း မပြောဖြစ်ခဲ့ရင် ကူရိုဒါနာမည် ကျုပ်အတွေးထဲ ရောက်လာမယ်မထင်ဘူး။

အဲဒီနေ့က အစ်ချီရိုကိုခေါ်ပြီး သူကြည့်ချင်တဲ့ သတ္တဝါကြီးတွေပါတယ်ဆိုတဲ့ ရုပ်ရှင်သွားပြတဲ့နေ့၊ နေ့ခင်းဘက်ပေါ့။ နိုရီကိုကြောင့် အစ်ချီရိုကို ကျုပ် ရုပ်ရှင်မပြဖြစ်တဲ့နေ့၊ ပြီးတဲ့နောက်တစ်နေ့ပေါ့။ အဲဒီနေ့က ကျုပ်တို့မြေးအဘိုးနှစ်ယောက်တည်းပဲ ရုပ်ရှင်ကြည့်ဖို့ လာခဲ့ကြတာ။ နိုရီကိုက ကျုပ်တို့နဲ့ မလိုက်ချင်ဘူးလို့ ပြောတော့ ဆက်ဆူကိုကပါ ထုံးစံအတိုင်း အိမ်မှာနေရစ်ခဲ့ရပြန်ရှာတယ်။ အမှန်မှာတော့ နိုရီကိုက သူ့ထုံးစံအတိုင်း ကလေးဆန်တာပါ။ အစ်ချီရိုကတော့ မိန်းမတွေရဲ့ သဘောသဘာဝကို သူ့နည်းသူ့ဟန်နဲ့ အနက်ဖွင့်လေရဲ့။ ကျုပ်တို့နှစ်ယောက်သား နံနက်စာ စားမယ်လုပ်တုန်း အစ်ချီရိုက ပြောတယ်။

'အမေနဲ့ ဒေါ်လေးနိုရီကိုတို့ မလိုက်ကြဘူး၊ မိန်းမတွေအတွက် သိပ်ကြောက်စရာ ကောင်းနေလိမ့်မယ်၊ သူတို့ သိပ်ကြောက်နေကြလိမ့်မယ် ထင်တယ် ဘိုးဘိုး'

'မင်းပြောတာ မှန်တယ်လို့ ဘိုးဘိုးထင်တယ် အစ်ချီရို'

'သူတို့ သိပ်ကြောက်ကြမှာပေါ့၊ ရုပ်ရှင်ကြည့်ဖို့ သိပ်ကြောက်နေသလား ဒေါ်လေး'

http://www.cherrythitsar.org



'ဟုတ်တယ်'လို့ပြောရင်း နိုရီကိုက အစ်ချီရို ကို ကြောက်တဲ့မျက်နှာပေးမျိုး လုပ်ပြလိုက်တယ်။

'ဘိုးဘိုးလဲ ကြောက်တာပဲ၊ ကြည့်... ဘိုးဘိုးမျက်နှာမှာလဲ ကြောက်တာတွေပေါ်နေတယ်၊ ဒါတောင် သူကယောကျ်ား'

အဲဒီနေ့ နေ့ခင်းက ရုပ်ရှင်သွားမကြည့်ခင် အိမ်ရဲ့အဝင်ဝနားမှာ ကျုပ်ရပ်နေတုန်း အစ်ချီရိုနဲ့ သူ့အမေတို့နှစ်ယောက်သား တစ်ခုခုပြောဆိုနေကြတာ တွေ့လိုက်ရတယ်။ ဆက်ဆူကိုက သူ့သားကို ဖိနပ်စီးပေးနေတုန်း အစ်ချီရိုက တစ်ခုခုပြောနေပုံရတယ်။ အစ်ချီရိုက တစ်ခုခုကို ဆက်တိုက်ပြောနေပေတဲ့ သူ့အမေက သေသေချာချာကြားပုံမပေါ်ဘူး။ ဆက်ဆူကိုက 'ဘာပြောတာလဲ အစ်ချီရို၊ မေမေ သေချာမကြားလိုက်ဘူး'လို့ ပြန်ပြောတိုင်း သူ့အမေကို ဒေါသထွက်နေတဲ့ မျက်နှာပေးနဲ့ကြည့်လိုက်ရင်း ကျုပ်ကိုလဲ ခပ်သွက်သွက် လှမ်းကြည့်တာ တွေ့လိုက်ရတယ်။ သူပြောနေတာများ ကျုပ်ကြားသွားသလားဆိုတဲ့ သဘောမျိုးနဲ့ပါ။ ဆက်ဆူကိုက သူ့သားကို ဖိနပ်ဝတ်ပေးပြီးတော့မှ အသာခါးကုန်းလိုက်ပြီး သူ့သားပြောတာ နားထောင်လိုက်တယ်။ ပြီးတော့ အသာခေါင်းညိတ်လိုက်ပြီး အိမ်ထဲဝင်သွားတော့တယ်။ ပြန်ထွက်လာတော့ လက်ထဲမှာ အစ်ချီရိုအတွက် မိုးကာအင်္ကျီပါလာတယ်။ မိုးကာအင်္ကျီကို အသာခေါက်ပြီး အစ်ချီရိုလက်ထဲ ထည့်လိုက်တယ်။

'မိုးရွာမယ်မထင်ဘူး'လို့ ကျုပ်ကပြောလိုက်တယ်။ အပြင်ဘက်ကို ကြည့်လိုက်တော့ အတော်သာသာယာယာ ရှိနေတဲ့နေ့ကိုး။

'ဒီလိုပါပဲ'လို့ ဆက်ဆူကိုက ပြန်ပြောတယ်။ 'အစ်ချီရိုက မိုးကာအင်္ကျီယူသွားချင်လို့ပါ'

ကျုပ်ကတော့ ဘာလို့ အစ်ချီရိုက မိုးကာအင်္ကျီ ယူချင်တယ်ဆိုတာ စဉ်းစားလို့မရဘူး။ ကျုပ်တို့တောင်ခြေမှာရှိတဲ့ ဓာတ်ရထားရပ်တဲ့နေရာဆီ အသွားမှာတော့ အစ်ချီရိုတစ်ယောက် မိုးကာအင်္ကျီကို လက်မှာပိုက်ရင်း ဟမ်ဖရီဘိုဂတ် စတိုင်မျိုးနဲ့ လျှောက်နေလေရဲ့။ ရုပ်ပြဓာတ်လမ်းတွေထဲမှာ တွေ့ရတဲ့သူ တစ်ယောက်ယောက် ဟန်မျိုးနေမှာပါ။

တောင်ခြေနားလောက် ရောက်တဲ့အခါမှာတော့ အစ်ချီရိုက အသံကျယ်ကျယ်နဲ့ ကျုပ်ကိုမေးတယ်။ 'ဘိုးဘိုး၊ ဘိုးဘိုးဟာ နာမည်ကြီးပန်းချီဆရာကြီးတစ်ယောက် ဖြစ်ခဲ့သလား'

'မင်းပြောတာ မှန်တယ်လို့ ဘိုးဘိုးထင်တယ် အစ်ချီရို'

http://www.cherrythitsar.org


'ကျွန်တော် ဒေါ်လေးနိုရီကို ကို ဘိုးဘိုးရဲ့ပန်းချီကားတွေ ပြခိုင်းတာ သူကမပြဘူး'

'အင်း ပန်းချီကားတွေက လောလောဆယ် သိမ်းထားတယ်'

'ဒေါ်လေးနိုရီကိုက ပြောစကား နားမထောင်ဘူးမဟုတ်လား ဘိုးဘိုး၊ ကျွန်တော်က သူ့ကိုပန်းချီကားတွေ ပြခိုင်းတာ သူကမပြဘူး၊ သူက ဘာလို့ မပြနိုင်ရတာလဲ'

ကျုပ်ရယ်ရင်း ပြောလိုက်မိတယ်။ 'ဘိုးဘိုးမပြောတတ်ဘူး အစ်ချီရို၊ နိုရီကိုက အလုပ်များနေလို့ထင်တယ်'

'သူက ပြောစကား နားမထောင်ဘူး'

ကျုပ်က ကျိတ်ပြီးရယ်ရင်း ပြောလိုက်တယ်။'ဘိုးဘိုးလဲ ထင်တယ်' ဓာတ်ရထားရပ်တဲ့နေရာက ကျုပ်အိမ်ကနေဆို ဆယ်မိနစ်လောက်ပဲ လျှောက်ရတာ။ တောင်ပေါ်ကနေ မြစ်စပ်အထိလျှောက်။ မြစ်ကမ်းပါးမှာ လုပ်ထားတဲ့ ကွန်ကရစ်တာရိုးကလေးအတိုင်း လျှောက်သွားရင် မြောက်ဘက်ကသွားတဲ့ ဓာတ်ရထားတွေရပ်နေတဲ့နေရာက အခုအိမ်ရာသစ်တွေ ဆောက်နေတဲ့နေရာ ဘေးတင်ပဲ။ ပြီးခဲ့တဲ့လက နေသာတဲ့တစ်နေ့ခင်းမှာ ကျုပ်တို့မြေးအဘိုး နှစ်ယောက်သား မြို့ထဲသွားဖို့ အဲဒီက ဓာတ်ရထားစီးလာကြရင်း ဓာတ်ရထား ပေါ်မှာ ဒေါက်တာဆိုက်တိုနဲ့ တွေ့ကြတာပဲ။

ကျုပ်ထင်တယ်။ ခုထိတော့ ဆိုက်တိုမိသားစုတွေအကြောင်း သိပ် မပြောရသေးဘူးထင်တယ်။ ဒေါက်တာဆိုက်တို သားအကြီးဆုံးနဲ့ နိုရီကို လက်ထပ်ပေးဖို့ စကားပြောနေကြတယ်။ မနှစ်က နိုရီကို ကို လာစပ်တဲ့ မီယာကီတွေနဲ့တော့ ဒီဆိုက်တိုတွေက မတူကြဘူး။ ဒေါက်တာဆိုက်တိုနဲ့ ကျုပ်က အရင်ကတည်းက ရင်းရင်းနှီးနှီးကြီး သိကြပြီးသား မဟုတ်ပေတဲ့ အနုပညာလောကမှာ သူ့အကြောင်းကို ကျုပ်ကကြားသိနေခဲ့တာပဲ။ လမ်းတွေ့ရင်လဲ အနုပညာလောကထဲက ကျုပ်တို့တစ်ယောက်အကြောင်း တစ်ယောက် ပြောကြလေ့ရှိတာပဲ။ သို့ပေတဲ့ ပြီးခဲ့တဲ့လက၊ ကျုပ်တို့တွေ့ကြတဲ့အခါမှာ အခြေအနေကတစ်မျိုး။

ဓာတ်ရထားက တာနီဘာရှိဘူတာရဲ့ မျက်နှာချင်းဆိုင်က သံတံတား ကို မကျော်ခင်အထိ လူမများတတ်ဘူး။ ကျုပ်တို့ဓာတ်ရထားပေါ်တက်ပြီး တစ်ဘူတာမှာ ဒေါက်တာဆိုက်တို တက်လာတယ်။ ကျုပ်ဘေးမှာ နေရာက လွတ်နေလေတော့ သူက အဲဒီနေရာမှာ ဝင်ထိုင်လိုက်တယ်။ ကျုပ်တို့နှစ်

http://www.cherrythitsar.org


ယောက်သားအဖို့ အစပိုင်းမှာတော့ စကားပြောရတာ နည်းနည်းကသိကအောက် ဖြစ်နေတယ်။ ဖြစ်ဆို သားရေးသမီးရေး ကြောင်းလမ်းနေတဲ့ ကိစ္စတွေက အတော်ကလေး ပြောဆိုနေရတဲ့ အချိန်ဖြစ်နေလေတော့ ကျုပ်တို့နှစ်ယောက် စလုံးဟာ ထိန်းပြီးစကားပြောနေရတယ်။ ခက်တာက ဒီကိစ္စတွေလုပ်နေတာ က မသိချင်ယောင်ဆောင်နေလို့လဲ မဖြစ်သေးဘူး။ ဒီတော့ ပြောကြဆိုကြတဲ့ နေရာမှာ နှစ်ဖက်သောမိသားစုများနဲ့ ညှိပေးနေတဲ့ကြားလူ မစ္စတာကယိုကိုသာ ဦးတည်ပြောဆိုနေရတယ်။ ဒါကြောင့်လဲ ဒေါက်တာဆိုက်တိုက 'မစ္စတာ ကယိုရဲ့ အားထုတ်မှုက မကြာခင်ပဲ ကျုပ်တို့ ဆုံကြရလိမ့်ဦးမယ်လို့ မျှော်လင့် ပါတယ်'လို့ ပြုံးပြီးပြောသွားတယ်။ သားရေးသမီးရေးကတော့ ဒီ့ထက်လဲ ပိုမပြောဖြစ်ပါဘူး။ သို့ပေတဲ့ ကျုပ်ကတော့ ဒေါက်တာဆိုက်တိုနဲ့ မီယာကီတွေ ကွာပုံကို သတိမထားဘဲ မနေနိုင်ခဲ့ဘူး။ ဒေါက်တာဆိုက်တိုက ခုလို အခြေအနေမျိုးမှာ ရေရေရာရာ ဖြစ်လာမယ်ဆိုတဲ့ သဘောမျိုးကို ခိုင်ခိုင်မာမာ ပြောဆိုခဲ့ပေတဲ့ မီယာကီတွေတုန်းက၊ အစကတည်းက ဘာမှ ရေရေရာရာ မရှိခဲ့ဘူး။ သားရေးသမီးရေးကိစ္စ ဘယ်လိုပဲ အဖြေထွက်ခဲ့ထွက်ခဲ့ ဆိုက်တိုတွေ နဲ့က အရှည်သဖြင့် ပြောလို့ဆိုလို့ဖြစ်မယ်လို့ အာမခံနိုင်တယ်။

ဒီအကြောင်းကလေးတွေ ပြောတာလောက်က လွဲလို့တော့ ကျုပ်နဲ့ ဒေါက်တာဆိုက်တိုက ရောက်တတ်ရာရာကလေးတွေ လောက်သာ ပြောကြ တာပါ။ ဒေါက်တာဆိုက်တိုက လူကြီးလူကောင်းပီသတယ်၊ သိမ်မွေ့တယ်။ အစ်ချီရိုကိုတောင် ဒီကိုလာလည်ရတာ ပျော်ရဲ့လား။ ဘာရုပ်ရှင်ကြည့်မှာတုန်း၊ စသဖြင့် မေးဟယ်စမ်းဟယ်ပြုတယ်။ အစ်ချီရိုကလဲ ရဲရဲတင်းတင်း ပြန်ဖြေ တော့ သူကသဘောကျတယ်။

'လူတော်ကလေးဗျ'လို့ ကျုပ်ကိုလှည့်ပြောတယ်။

မကြာခင်ပဲ သူဆင်းမယ့်နေရာနား ရောက်လာတော့ ဒေါက်တာ ဆိုက်တို သူ့ဦးထုပ်ပြန်ဆောင်းလိုက်ရင်း 'ခင်ဗျားရော၊ ကျုပ်ပါသိတဲ့ တခြား မိတ်ဆွေတစ်ယောက်လဲ ရှိသေးတယ်။ မစ္စတာကူရိဒါဆိုတာလေ'လို့ပြောတယ်။

ကျုပ်က သူ့ကိုကြည့်လိုက်မိတယ်။ နည်းနည်းလဲ အံ့အားသင့်မိ တယ်။ 'မစ္စတာကူရိဒါ'လို့လဲ ထပ်ပြီးပါးစပ်က ရေရွတ်လိုက်မိတယ်။ 'ဟုတ်ပြီ ကျုပ်တစ်ခါက သင်ကြားပေးခဲ့ဖူးတဲ့ လူပဲဖြစ်မယ်'

'ဟုတ်ပါတယ်၊ မကြာခင်ကပဲ သူနဲ့တွေ့တော့ သူက ခင်ဗျားနာမည် ပြောလို့ပါ'

http://www.cherrythitsar.org


'ဟုတ်လား၊ ကျုပ်နဲ့တော့ မတွေ့တာအတော်ကြာပြီ၊ စစ်ကြီးမဖြစ်ခင်ကတည်းကပဲ၊ ခုမစ္စတာကူရိုဒါတစ်ယောက် ဘယ်နဲ့လဲ၊ ဘာတွေများလုပ်နေသတုန်း'

'ကျုပ်ထင်တယ်၊ အုအေမရှိ ကောလိပ်အသစ်မှာ ပန်းချီပညာသင်တဲ့ဆရာအလုပ် လက်ခံလိမ့်ထင်တယ်၊ ကျုပ်ကလဲ အဲဒီကိစ္စနဲ့ ပတ်သက်လို့ သူနဲ့တွေ့ရတာပဲ၊ အလုပ်ခန့်တာနဲ့ ပတ်သက်လို့ ကောလိပ်ကကျုပ်ကို ညွှန်ကြားဖို့ပြောလို့ ကျုပ်လဲ သူနဲ့တွေ့ရတာပါ'

'ဒီလိုဆို ခင်ဗျားမစ္စတာကူရိုဒါကို သေသေချာချာ မသိဘူးပေါ့'

'ဟုတ်တယ် မသိဘူးဆိုရမယ်၊ ဒါပေတဲ့ ရှေ့လျှောက် သူနဲ့မကြာခဏ တွေ့နေကြရမယ်လို့ထင်တယ်'

'ဟုတ်လား'လို့ ကျုပ်က မေးမိတယ်။ 'မစ္စတာကူရိုဒါက ကျုပ်ကိုမှတ်မိနေသတဲ့လား၊ တော်ရှာသားပဲ'

'ဟုတ်တယ်၊ ကျုပ်တို့ အကြောင်းကိစ္စတစ်ခု ဆွေးနွေးကြတဲ့အခါသူက ခင်ဗျားနာမည်ကို ညွှန်းတယ်၊ ကျုပ်အနေနဲ့ကတော့ သိပ်ကြာကြာသူနဲ့ မပြောလိုက်ရဘူး၊ ဒါပေတဲ့ သူနဲ့ကျုပ် တွေ့ကြရဦးမှာပါ၊ ခင်ဗျားနဲ့တွေ့ကြောင်း ကျုပ်ပြောလိုက်ပါမယ်'

'ကောင်းလှပါပြီ'

ခတ်ရထားက သံတံတားကိုဖြတ်သွားတော့ ရထားဘီးတွေကညံသွားတော့တာပဲ။ ထိုင်ခုံပေါ်မှာ ဒူးထောက်ထိုင်ရင်း အပြင်ကိုကြည့်နေတဲ့အစ်ချီရိုက အောက်ဘက်က ရေထဲကို ညွှန်ပြလိုက်တော့ ဒေါက်တာဆိုက်တိုက လှမ်းကြည့်လိုက်ပြီး အစ်ချီရိုနဲ့စကားပြောနေတယ်။ ဆင်းရမှာက နီးလာတော့ ထရပ်လိုက်ရင်း 'မစ္စတာကယိုရဲ့အားထုတ်မှု' အကြောင်းထပ်ညွှန်းလိုက်ပါတယ်။ ပြီးမှ ခေါင်းညွှတ်နှုတ်ဆက်ပြီး ဆင်းသွားတော့တယ်။

ထုံးစံအတိုင်းပဲ တံတားအကျော်က၊ မှတ်တိုင်က လူများလေတော့ကျုပ်တို့ရဲ့ခရီးက အရင်ကလို သက်သောင့်သက်သာ မဟုတ်တော့ဘူး။ ရုပ်ရှင်ရုံရှေ့ရောက်လို့ ခတ်ရထားက ဆင်းလိုက်တယ်ဆိုရင်ပဲ ရုံရှေ့မှာ ပိုစတာကြီးတွေ ထင်ထင်ရှားရှားကြီး တွေ့ရတော့တာပဲ။ ပြီးခဲ့တဲ့ ခုနစ်ရက်လောက်ကကျုပ်မြေးဆွဲတာနဲ့ အတော်တူတာပဲ။ ဒါပေတဲ့ အစ်ချီရိုဆွဲသလို မီးတောက်တွေတော့မပါဘူး။ အစ်ချီရို မှတ်မိလိုက်တာက ပုတ်သင်ညိုလို အကောင်ကြီးကိုထင်ပေါ်အောင် ပိုစတာရေးတဲ့လူက ရေးထားတဲ့ အလင်းတန်းတွေပဲ။

http://www.cherrythitsar.org


အစ်ချီရိုက ပိုစတာကြီးကိုသွားကြည့်ပြီး အားပါးတရရယ်တော့တာ။

'ဒါကြီးက လုပ်ထားတဲ့သတ္တဝါကြီးပဲ' ပိုစတာကို လက်ညှိုးထိုးရင်း ပြောပြန်တယ်။ 'ဒါကြီးက လုပ်ထားမှန်း လူတိုင်းသိတာပေါ့'လို့ ပြောရင်း ရယ်ပြန်တယ်။

'အစ်ချီရို၊ သိပ်အကျယ်ကြီး မရယ်နဲ့ကွ၊ မင်းကိုလူများတွေ ကြည့်နေတယ်'

'မတတ်နိုင်ဘူး ဘိုးဘိုး၊ ဒီအကောင်ကြီးတွေက လုပ်ထားတာပဲ၊ ဘယ်သူက ကြောက်မှာတုန်း'

ကျုပ်တို့ ရုပ်ရှင်ရုံထဲရောက်လို့ ရုပ်ရှင်စပြလို့ ဆယ်မိနစ်လောက် အတွင်းမှာ နောက်ခံသီချင်းက တစ်ခုခုဖြစ်တော့မလို လာနေရင်း ပိတ်ကားပေါ်မှာ မြူတွေဆိုင်းနေတဲ့ ဂူကြီးတစ်ခုလဲ ပြပါရော၊ အစ်ချီရိုက ခပ်တိုးတိုးနဲ့ ခုလို ပြောတယ်။ 'ဘိုးဘိုး၊ ဒီအပိုင်းက ပျင်းဖို့ကောင်းတယ်၊ စိတ်ဝင်စားစရာရှိတဲ့ အပိုင်းရောက်ရင် ကျွန်တော့်ကိုပြော' အဲဒီလိုလဲ ပြောပြီးရော အစ်ချီရိုက မိုးကာအင်္ကျီကို သူ့ခေါင်းပေါ်မှာ ခြုံထားလိုက်တော့တယ်။ သိပ်မကြာခင်ပဲ ရုပ်ရှင်ထဲက ပုတ်သင်ညိုအကြီးစားလို အကောင်မျိုးကြီး ဂူထဲကထွက်လာပြီး အော်လဲအော်လိုက်ကရော အစ်ချီရိုဟာ သူ့လက်တစ်ဖက်နဲ့ ကျုပ်လက်မောင်းကို တအားလှမ်းကိုင်လိုက်ပြီး ကျန်တဲ့လက်တစ်ဖက်နဲ့ သူ့မိုးကာအင်္ကျီကို လွတ်မကျသွားအောင် တအားဖက်ထားတယ်။

ရုပ်ရှင်တစ်ကားလုံးလိုလို မိုးကာအင်္ကျီကတော့ အစ်ချီရိုရဲ့ ခေါင်းပေါ်မှာပဲ။ မကြာမကြာတော့ ကျုပ်ရဲ့လက်မောင်းကိုလှုပ်ပြီး 'စိတ်ဝင်စားစရာ ကောင်းလာပြီလား'လို့ မေးလေ့ရှိတယ်။ ဒီတော့ ကျုပ်ကလဲ ဘာပြနေတယ် ဆိုတာ သူ့ကို ခပ်တိုးတိုးပြန်ပြောရတယ်။ အဲဒီလိုအခါမျိုးကျရင် သူ့မိုးကာအင်္ကျီကို ခဏ အသာလှပ်ကြည့်တတ်တယ်။ အဲဒီအကောင်ကြီးလဲ ပိတ်ကားပေါ်မှာ ပေါ်လာတော့မယ်ထင်ရော အစ်ချီရိုက မိုးကာအင်္ကျီကို ပြန်ခြုံထားလိုက်ပြီး 'ဒီအပိုင်းက ပျင်းဖို့ကောင်းတယ်၊ စိတ်ဝင်စားစရာရှိတဲ့အခန်းတွေ ပြရင် ကျွန်တော့်ကိုပြောနော်၊ မမေ့နဲ့'လို့ ပြောတယ်။

အိမ်ပြန်ရောက်တာနဲ့ အစ်ချီရိုမှာ ရုပ်ရှင်အကြောင်း ပြောစရာတွေ အပုံကြီး။ အင်မတန်လဲ တက်ကြွနေတာ။ 'ကျွန်တော်ကြည့်ဖူးတဲ့ ရုပ်ရှင်တွေထဲမှာ အကောင်းဆုံး'တဲ့။ ကျုပ်တို့ ညစာစားဖို့ စားပွဲမှာထိုင်တယ်ဆိုရင် အစ်ချီရိုက သူ့နည်းသူ့ဟန်နဲ့ ရုပ်ရှင်အကြောင်းပြောတော့တာပဲ။

'ဒေါ်လေးနိုရီကို အဲဒီအခန်းပြီးတော့ ဘာဖြစ်တယ်ဆိုတာ ကျွန်တော် ဆက်ပြောရမလား၊ သိပ်ကြောက်စရာကောင်းတာ၊ ကျွန်တော် ပြောပြရမလား'

'အစ်ချီရို၊ ဒေါ်လေးတော့ ကြောက်လွန်းလို့ ထမင်းတောင်မစားနိုင်တော့ဘူး'လို့ နိုရီကိုက ပြန်ပြောတယ်။

'ကျွန်တော် သတိပေးထားမယ်နော်၊ နောက်ပိုင်းမှာ ဒီထက်ကြောက်စရာကောင်းတယ်၊ ကျွန်တော်ထပ်ပြောရမလား'

'ဒေါ်လေးတော့ မပြောတတ်တော့ဘူး၊ အခုတောင် အတော်ကြောက်လှပြီ'

ကျုပ်အနေနဲ့က ထမင်းစားဝိုင်းမှာ ဒေါက်တာဆိုက်တိုအကြောင်း ပြောရင်း အကြီးအကျယ် ပြောရဆိုရမယ့် ကိစ္စမျိုးတွေကို မပြောချင်လှဘူး။ သို့ပေတဲ့လဲ တွေ့ခဲ့တယ်ဆိုတဲ့ အကြောင်းကိုမှ မပြောပြန်ရင်လဲ မကောင်းလှဘူး။ ဒီတော့ အစ်ချီရိုပြောတာ ခဏရပ်တဲ့အခါ ကျုပ်က ခုလိုပြောလိုက်မိတယ်။

'အမှတ်မထင် ဓာတ်ရထားပေါ်မှာ ဒေါက်တာဆိုက်တိုနဲ့တောင် တွေ့လိုက်သေးတယ်၊ တစ်ယောက်ယောက်နဲ့ သွားတွေ့တာထင်တယ်'

ကျုပ်လဲ အဲဒီလိုပြောလိုက်ရော သမီးနှစ်ယောက်ဟာ စားနေရာက ရပ်သွားကြတယ်။ ကျုပ်ကိုလဲ အံ့အားသင့်တဲ့အနေနဲ့ လှမ်းကြည့်ကြတယ်။

'တို့ထူးထူးခြားခြား ဘာမှမပြောကြပါဘူး'လို့ ကျုပ်ပြောရင်း အသာရယ်လိုက်မိတယ်။ 'တကယ်ပဲ၊ အဖေတို့နှစ်ယောက်သား အာလာပသလ္လာပလောက်သာ ပြောဖြစ်ကြတာပါ'

သမီးတွေကတော့ ကျုပ်ပြောတာ သိပ်ကျေနပ်ပုံမပေါ်ဘူး။ သို့ပေတဲ့ ထမင်းဆက်စားနေကြတယ်။ နိုရီကို က သူ့အစ်မကို လှမ်းကြည့်လိုက်တယ်။ ဒီတော့ ဆက်ဆူကိုက လှမ်းမေးလိုက်တယ်။ 'ဒေါက်တာဆိုက်တိုတစ်ယောက် နေထိုင်ကောင်းရဲ့လား'

'ကြည့်ရတာကတော့ ကောင်းပုံပဲ'

ကျုပ်တို့ အတော်ကလေးကြာအောင် ဘာမှဆက်မပြောကြဘဲ အစားသာ ဆက်စားနေကြတယ်။ အစ်ချီရိုကတော့ ရုပ်ရှင်အကြောင်းပြောနေတယ်ထင်တယ်။ စားနေကြရင်း အတော်ကလေးကြာတော့ ကျုပ်ကပြောမိတယ်။

http://www.cherrythitsar.org


'မဆီမဆိုင် တစ်ခုတော့ပြောဖြစ်တယ်၊ ဒေါက်တာဆိုက်တိုက အဖေ့ရဲ့တပည့်ဟောင်းတစ်ယောက်နဲ့ တွေ့သတဲ့၊ ကူရိုဒါနဲ့တွေ့သတဲ့၊ ကြည့်ရတာ ကူရိုဒါတစ်ယောက် ကောလိပ်သစ်မှာ အလုပ်ဝင်မယ်ထင်တယ်'

ကျုပ်လှမ်းကြည့်လိုက်တော့ သမီးနှစ်ယောက်ဟာ စားတာရပ်ပြီး ကျုပ်ပြောတာ နားထောင်နေတာ တွေ့လိုက်ရတယ်။ သူတို့အချင်းချင်း လှမ်းကြည့်လိုက်ကြတယ်။ ကျုပ်တစ်ချက်သတိထားမိလိုက်တယ်။ ဒီအကြည့်မျိုးပဲ။ ပြီးခဲ့တဲ့လထဲက ကျုပ်တွေ့ခဲ့ရဖူးတယ်။ သဘောကတော့ ကျုပ်အကြောင်းတစ်ခုခုကို သူတို့ချင်းပြောပြီး၊ ဆိုပြီးသား ရှိနေလိမ့်မယ်။

အဲဒီညက ကျုပ်နဲ့သမီးနှစ်ယောက် စားပွဲမှာထိုင်ပြီး သတင်းစာမဂ္ဂဇင်းတွေ ဖတ်နေကြတဲ့အခါ အိမ်ထဲက တစ်ခုခုကို ထုနေသံကို ခပ်မှန်မှန်ကြားလိုက်ရတယ်။ နိုရီကိုက အလန့်တကြား ထကြည့်လိုက်တယ်။ ဒီတော့ ဆက်ဆူကိုက ပြောတယ်။

'အစ်ချီရိုပါ၊ သူအိပ်မပျော်တဲ့အခါ အဲဒီလို လုပ်တတ်တယ်'

'သနားစရာကောင်းတဲ့ အစ်ချီရိုပဲ'လို့ နိုရီကိုက ပြောတယ်။

'ဟိုသတ္တဝါကြီးတွေအကြောင်း အိပ်မက်တွေပဲ မက်နေတယ်ထင်တယ်။ အဖေက ကလေးကို မတော်မတည့် ရုပ်ရှင်ခေါ်သွားကြတာကိုး'

'မဟုတ်တာဘဲ'လို့ ကျုပ်ကပြောလိုက်တယ်။ 'သူ့ခမျာ သဘောကျလွန်းလို့'

'ငါထင်တယ်၊ အဖေက သူကြည့်ချင်တာနဲ့'လို့ သက်ပြင်းချရင်း နိုရီကိုက သူ့အစ်မကို လှမ်းပြောတယ်။ ပြီးတော့ဆက်သေးတယ်။ 'ရမယ်ရှာပြီး ကလေးကို ဒီလိုရုပ်ရှင်မျိုး ခေါ်သွားတယ်၊ အစ်ချီရိုခမျာ သနားစရာပဲ'

ဆက်ဆူကိုကတော့ အားနာတဲ့ မျက်နှာပေးမျိုးနဲ့ ကျုပ်ကိုလှမ်းကြည့်ပြီး 'အစ်ချီရိုကို ရုပ်ရှင်ခေါ်သွားတာ ကျေးဇူးတင်ပါတယ်အဖေ'လို့ အသာပြောလိုက်တယ်။

'ဒါပေတဲ့ အခုမအိပ်နိုင်ရှာဘူးပေါ့'လို့ နိုရီကိုက ပြန်ပြောတယ်။ 'အလကား... ကလေးကို ဒီလိုရုပ်ရှင်မျိုး ပြရတယ်လို့၊ နင်နေ ဆက်ဆူကို ငါသွားလိုက်မယ်'

ဆက်ဆူကိုက အခန်းထဲကထွက်သွားတဲ့ သူ့ညီမကို ကြည့်နေရင်း ပြောတယ်။

http://www.cherrythitsar.org


'နိုရီကိုက ကလေးတွေနဲ့ သိပ်တည့်တာပဲ၊ အိမ်ပြန်သွားတိုင်း အစ်ချီရိုက သူ့ကိုလွမ်းရှာတယ်'

'ဟုတ်တာပေါ့'

'နိုရီကိုက ကလေးတွေနဲ့ဆို အမြဲတည့်တယ်၊ အဖေများ မှတ်မိသေးသလား၊ ကီနိုရှိတရဲ့ ကလေးတွေနဲ့ နိုရီကိုက ဆော့နေကျလေ'

'မှတ်မိတာပေါ့'လို့ ကျုပ်ကရယ်ရင်း ဖြေမိတယ်။ 'ကီနိုရှိတသားတွေက ကစားတဲ့အရွယ် မဟုတ်တော့ဘူး'

'သူကတော့ ကလေးတွေနဲ့ တည့်ကိုတည့်တာပါ' ဆက်ဆူကိုက ထပ်ပြောပြန်တယ်။ 'ခုအရွယ်အထိရောက်ပြီး အိမ်ထောင်မပြုရသေးတာကတော့ စိတ်မကောင်းစရာပဲ'

'ဟုတ်တယ်၊ စစ်ကြီးကလဲ ဖြစ်လာတာကိုး'

ကျုပ်တို့အတော်ကြာ စာဆက်ဖတ်နေဖြစ်ကြတယ်။ ပြီးတော့ ဆက်ဆူကိုက ပြောပြန်တယ်။

'ဒီနေ့ နေ့ခင်းက ဓာတ်ရထားပေါ်မှာ ဒေါက်တာဆိုက်တိုနဲ့တွေ့ရတာ ကံကောင်းတာပဲနော်၊ သူက သဘောကျဖို့ကောင်းတဲ့ ပုဂ္ဂိုလ်ကြီးပဲ'

'အမှန်ပဲ၊ သူ့သားလဲ သူ့အဖေလို နေမှာပါ'

'ဟုတ်လားအဖေ'လို့ ဆက်ဆူကိုက တွေးတွေးဆဆနဲ့ ပြန်ပြောလိုက်တယ်။

ဒီနောက် ကျုပ်တို့ စာဆက်ဖတ်နေကြပြန်တယ်။ ဒီနောက် ဆက်ဆူကိုက စကားစပြန်တယ်။

'ဒေါက်တာဆိုက်တိုနဲ့၊ မစ္စတာကူရိုဒါနဲ့ သိကြသလား'

'သိရုံပဲဆိုပါတော့'လို့ ကျုပ်က သတင်းစာဖတ်ရင်း ဖြေလိုက်တယ်။ 'တစ်နေရာရာမှာ တွေ့ကြတယ်ထင်တယ်'

'အခု မစ္စတာကူရိုဒါတစ်ယောက် ဘယ်လိုနေတယ်မသိဘူး၊ ကျွန်မမှတ်မိနေသေးတယ်၊ ဟိုစဉ်ကဆို အဖေ့ဆီ လာနေကျပဲ၊ အဖေနဲ့ ဧည့်ခန်းထဲမှာ အကြာကြီး စကားပြောတတ်ကြတယ်လေ'

'အဖေတော့ အခု သူဘာဖြစ်နေမှန်း မသိဘူး'

'ခွင့်လွှတ်ပါ အဖေ၊ အဖေ့အနေနဲ့ မစ္စတာကူရိုဒါကို သွားတွေ့ရင်ကောင်းမယ်ထင်တယ်'

http://www.cherrythitsar.org



'သွားတွေ့ရမယ်၊ ဘာဖြစ်လို့တုန်း'

'မစ္စတာကူရိုဒါအပြင် တခြားမိတ်ဟောင်းတွေပါပေါ့'

'ဆက်ဆူကို၊ သမီးပြောတာ အဖေ သိပ်သဘောမပေါက်ဘူး'

'ခွင့်လွှတ်ပါအဖေ၊ ကျွန်မအနေနဲ့ မြင်တာက အဖေ့အနေနဲ့ မိတ်ဟောင်းတချို့ကိုတွေ့ပြီး စကားလေးဘာလေး ပြောထားသင့်တယ် ထင်တယ်၊ ဆိုက်တိုတွေဆီက စုံစမ်းတဲ့လူတွေသွားပြီး မစုံစမ်းကြခင်ပေါ့၊ ကျွန်မတို့အနေနဲ့ မလိုလားအပ်တဲ့ ပြဿနာတွေ ပေါ်မလာစေချင်ဘူး မဟုတ်လား'

'ဟုတ်တယ်၊ ပြဿနာတွေ ပေါ်မလာစေချင်ဘူး' ကျုပ်က ပြန်ပြောပြီး သတင်းစာဆက်ဖတ်နေတယ်။

ကျုပ်ထင်တယ်။ ဒီနောက်တော့ ထပ်ပြီး ဒီအကြောင်း မပြောဖြစ်ကြဘူးထင်တယ်။ ဒီနောက် ပြီးခဲ့တဲ့လက ဆက်ဆူကို ကျုပ်အိမ်မှာ နေစဉ်မှာ ထပ်မပြောဖြစ်တော့ဖူး။

*　　*　　*

မနေ့က အာရကာဝကို ခာတ်ရထားစီးသွားတုန်းက ခာတ်ရထားထဲမှာ ဆောင်းဦးရဲ့နေရောင်ဟာ လင်းတောက်လို့နေတာပဲ။ အာရကာဝကို မသွားဖြစ်တာလဲ ကြာပြီ။ စစ်ကြီးပြီးကတည်းက ဆိုပါတော့။ ခာတ်ရထားပြတင်းပေါက်ကနေ အပြင်ကို ငေးကြည့်နေတဲ့အခါ အရင်က တွေ့ခဲ့မြင်ခဲ့ရတဲ့ မြင်ကွင်းတွေဟာ အတော်ပြောင်းလဲနေတာ သတိထားမိလိုက်တယ်။ တိုဇက ချိုနဲ့ ဆကာအိမချိဘက်ကို ဖြတ်လာတော့ သစ်သားအိမ်ကလေးတွေ နေရာမှာ တိုက်ခန်းတွေဆောက်ထားတာ တွေ့နေရတယ်။ မိနာမိမချိရဲ့ နောက်ဘက်ကို ဖြတ်လာပြန်တော့ စွန့်ပစ်ထားတဲ့ စက်ရုံဟောင်းတွေ တစ်ခုပြီးတစ်ခု တွေ့လာရတယ်။ သစ်သားအကျိုးအပဲ့တွေ၊ သွပ်ပြားဟောင်းတွေ အပုံလိုက်အပုံလိုက်ပဲ။

သို့ပေတဲ့ ခာတ်ရထားလမ်းက တိအိမ်(ချ)ကေ ကော်ပိုရေးရှင်းရဲ့ တံတားကိုလဲဖြတ်ရော ပတ်ဝန်းကျင်ဟာ ချက်ချင်းပြောင်းသွားတယ်။ သစ်ပင်အုပ်ထဲ ရထားက ဖြတ်မောင်းသွားတာကိုး။ အဲဒီကထွက်လို့ သိပ်မကြာခင်ပဲ တောင်ခြေ ရထားလမ်းဆုံးက အာရကာဝအရပ်ကို တွေ့ရတော့တာပဲ။ တောင်ဆင်းဆိုတော့လဲ ခာတ်ရထားက ခပ်ဖြည်းဖြည်းသွားရပြီး အဆုံးမှာ ရပ်ရတော့တာပေါ့။ ခာတ်ရထားပေါ်က ဆင်းတယ်ဆိုတာနဲ့ သပ်သပ်ရပ်ရပ် လှည်းကျင်းထားတဲ့ ခြေနင်းကျောက်ပြားတွေကို နင်းလိုက်ရတယ်ဆိုရင်ပဲ မြို့ပြင်ဘက် ရောက်လာခဲ့ပြီဆိုတဲ့ ခံစားမှုကလေးတစ်ရပ်ကို ကြည်ကြည်နူးနူးနဲ့ ခံစားလိုက်ရတယ်။

http://www.cherrythitsar.org


ကျုပ် ကြားသိရသလောက်ကတော့ အာရကာဝက၊ ဗုံးဒဏ်က ကောင်းကောင်းလွတ်ခဲ့တယ်။ ဒီတော့လဲ မနေ့က အာရကာဝကိုပြန်တွေ့ လိုက်ရတဲ့အခါ အရင်က အတိုင်းပဲလို့ ဆိုရမယ်။ ဓာတ်ရထားကဆင်းပြီး တောင်ရိုးလေးအပေါ် လျှောက်လာလိုက်တာနဲ့ ချိုစုမတ်ဆူဒါအိမ်ရောက်တာ ပါပဲ။ မတ်ဆူဒါအိမ်ကလဲ ဘာမှအပြောင်းအလဲမရှိဘူး။

မတ်ဆူဒါအိမ်က အကြီးကြီးလဲ မဟုတ်ဘူး။ ကျုပ်အိမ်လို ခပ်ဆန်းဆန်းလဲ မဟုတ်ဘူး။ သို့ပေတဲ့ ခိုင်ခိုင်ခံ့ခံ့ ဆောက်ထားတဲ့ အစဉ်အလာအိမ်မျိုး။ အာရကာဝဘက်မှာတော့ လူရှိသေရှင်ရှိသေ ဖြစ်လောက်တဲ့အိမ်မျိုးပါ။ သူ့ဝင်းသူ့ခြံနဲ့ ဆိုတာမျိုးပါ။ ပတ်ပတ်လည်က သစ်သားစည်းရိုး ကာထားတယ်။ တခြားအိမ်တွေနဲ့ဆို အတော်ကလေး လှမ်းတယ်ဆိုရမယ်။ ဝင်းထိပ်မှာက အဖေးလျာပင် တစ်ရုံရှိတယ်။ မြေမှာစိုက်ထားတဲ့ သစ်သားတိုးမှာက သူ့မိသားစု နာမည်ရေးထားတယ်။ ကျုပ်က ဝင်းထိပ်မှာရှိတဲ့ ခေါင်းလောင်းကြိုးကို ဆွဲလိုက်တယ်ဆိုရင် အသက်လေးဆယ်လောက်ရှိပုံရတဲ့ အမျိုးသမီးတစ်ဦးထွက်လာတယ်။ ကျုပ်ကတော့ ဘယ်သူဘယ်ဝါရယ်လို့ မမှတ်မိဘူး။ ကျုပ်ကိုဧည့်ခန်းထဲမှာ နေရာချပေးပြီး နေရောင်လဲဝင်အောင်၊ အပြင်ဘက်က ပန်းခြံလဲမြင်သာအောင် လိုက်ကာကို အသာဟပေးလိုက်တယ်။ ပြီးမှ 'မစ္စတာမတ်ဆူဒါ မကြာခင် လာပါလိမ့်မယ်'လို့ ပြောတယ်။

မတ်ဆူဒါနဲ့ကျုပ် ပထမဆုံးအနေနဲ့ တွေ့ကြရတာက ဆရာကြီးဆေအိဂျိ မိုရိယာမရဲ့ အိမ်မှာနေစဉ်ကပါ။ ကျုပ်နဲ့ငလိပ်တို့ နှစ်ယောက်သား ဆရာတာကေဒါရဲ့လုပ်ငန်းက ထွက်ပြီးတဲ့နောက်ပေါ့။ တစ်နေ့ ဆရာကြီးမိုရိယာမအိမ်ကို ကျုပ်ရောက်ပြီး ခြောက်နှစ်လောက်အကြာမှာ မတ်ဆူဒါရောက်လာတယ်။ အဲဒီနေ့က တစ်နံနက်လုံးလိုလို မိုးရွာနေလေတော့ ကျုပ်တို့အဖွဲ့က အခန်းတစ်ခန်းထဲမှာ နည်းနည်းပါးပါးသောက်ရင်း ဖဲထိုင်ရိုက်နေတယ်။ နေ့ခင်းဘက် ထမင်းစားပြီးချိန်လောက်မှာ နောက်ထပ် ပုလင်းကြီးတစ်လုံး ဖွင့်မယ်အလုပ်၊ ဝင်းထဲမှာ တစ်ယောက်ယောက်ရဲ့ အော်ခေါ်နေသံကြားလိုက်ရတယ်။

အော်ခေါ်နေသံက ခပ်မာမာ၊ ခပ်ကြမ်းကြမ်းဆိုတော့ ကျုပ်တို့အားလုံး အတော်ကလေး ထိတ်သွားမိကြတယ်။ အားလုံးငြိမ်ပြီး နားထောင်နေမိကြတယ်။ ကျုပ်တို့အားလုံး အတွေးထဲမတော့ တို့ကိုတော့ ရဲလာဖမ်းပြီလို့ တွေးမိလိုက်ကြပါတယ်။ တကယ်တော့ ကျုပ်တို့တွေးတာ သိပ်မဟုတ်ဘူး။

http://www.cherrythitsar.org


ကိုယ်က ဘာပြစ်မှုမှ ကျူးလွန်ထားတာမှ မရှိဘဲကိုး။ ပြောရမယ်ဆိုရင် ဘားထဲမှာ၊ စိန်ခေါ်တဲ့အခါမျိုးမှာ တုံ့ပြန်တာလောက်သာ ရှိကြတာပါ။ 'အိမ်မှာ ဘယ်သူမှ မရှိကြဘူးလား'လို့ ခေါ်နေသံကို မမျှော်လင့်ဘဲ ကြားလိုက်ရတော့ ကျုပ်တို့ဒီအိမ်မှာ လူမရှိတဲ့ပုံတောင် ပေါ်နေတယ်။ ဒီတော့ကျုပ်တို့ ဒီမှာစည်းမရှိကမ်းမရှိ နေခဲ့ကြတဲ့အပေါ်မှာတောင် စိတ်ထဲမသိုးမသန့် ဖြစ်မိလာတယ်။

အတော်ကလေးကြာတော့မှ ကျုပ်တို့အထဲက လိုက်ကာနဲ့အနီးဆုံးတစ်ယောက်က လိုက်ကာကိုဖွင့်လိုက်ရင်း အပြင်ကခေါ်နေတဲ့လူနဲ့ လှမ်းပြီးမေးစမ်းလိုက်တယ်။ ပြီးတော့မှ ကျုပ်တို့ဘက်ကိုလှည့်ပြီး 'အိုနို၊ မင်းကိုလူတစ်ယောက်က တွေ့ချင်လို့တဲ့'လို့ ပြောတယ်။

ကျုပ် ဝရန်တာကို ထွက်လိုက်တဲ့အခါ အပြင်ဘက်ကကွက်လပ်ထဲမှာ ကျုပ်နဲ့ သက်တူရွယ်တူလောက် ရှိပုံရတဲ့ ခပ်ပိန်ပိန် လူတစ်ယောက်ရပ်နေတာ တွေ့ရတယ်။ ခုထိ ကျုပ်မျက်စိထဲမှာ ပထမဆုံးအကြိမ် မတ်ဆူဒါကိုတွေ့တာ။ အသေအချာမှတ်မိနေသေးတယ်။ အဲဒီတုန်းက မိုးအရွာရပ်သွားပြီး နေထွက်လာတဲ့အချိန်ပဲ။ သူရပ်နေတဲ့ ပတ်ပတ်လည်မှာတော့ ရေအိုင်ကလေးတွေ၊ စီဒါပင်က ကြွေကျပြီး ရေစိုနေခဲ့တဲ့ သစ်ရွက်တွေပြည့်လို့ပဲ။ သူဝတ်စားထားတာကလဲ ရဲအရာရှိနဲ့ တူသေးတယ်။ သူဝတ်ထားတဲ့ အပေါ်ဆုံးကုတ်အင်္ကျီက သေသေချာချာ ချုပ်ထားတာမျိုး။ ကော်လံပြားက ခပ်ကြီးကြီး၊ ခပ်ထူထူရယ်။ ဦးထုပ်ကလဲ ရှေ့ကိုခပ်ငိုက်ငိုက် ဆောင်းထားလေတော့ ဂိုက်ထုတ်ထားသလိုပဲ။ ကျုပ်ထွက်လာတဲ့အခါ သူက ပတ်ဝန်းကျင်ကို လေ့လာနေပုံရတယ်။ ကျုပ်နဲ့တွေ့လို့ စကားပြောတယ်ဆိုရင်ပဲ ဒီအကြောင်းပါ ထည့်ပြောလေတော့ ကျုပ်က တွေ့စကပဲ မတ်ဆူဒါရဲ့ စီးစီးပိုးပိုးရှိပုံကို သတိထားမိလိုက်တယ်။ ကျုပ်ကို တွေ့တယ်ဆိုရင် သူက ဝရန်တာဘက်ကို ခပ်ဖြည်းဖြည်းပဲ လျှောက်လာတယ်။

'မစ္စတာ အိုနိုလား'

ကျုပ်က ကျုပ်အနေနဲ့ ဘာများလုပ်ပေးနိုင်မလဲဆိုတာ မေးလိုက်မိတယ်။ သူက ခြံဝင်းကို လှည့်ကြည့်လိုက်ပြန်ရင်း ကျုပ်ကိုပြုံးပြတယ်။

'စိတ်ဝင်စားဖို့ကောင်းတဲ့နေရာပဲ၊ ရှေးကဒီနေရာဟာ အတော်ခမ်းနားခဲ့ပုံရတယ်၊ မြေရှင်ကြီးတစ်ယောက်၊ သခင်ကြီးတစ်ယောက် ပိုင်ခဲ့ပုံရတယ်'

'ဟုတ်ပ'

'မစ္စတာ အိုနို၊ ကျုပ်နာမည်က ချိစုမတ်ဆူဒါလို့ ခေါ်ပါတယ်၊ ကျုပ်တို့အပြန်အလှန် စာအဆက်အသွယ် လုပ်ဖူးကြပါတယ်၊ ကျုပ် အိုဂတာ

http://www.cherrythitsar.org


ရှင်ဂျင် အဖွဲ့အစည်းအတွက် လုပ်ပါတယ်'

အိုဂတာရှင်ဂျင် အဖွဲ့အစည်းက အခုတော့ မရှိတော့ပါဘူး။ ကျုပ်တို့ တိုင်းပြည်မှာလာပြီး စခန်းချတဲ့တပ်ဖွဲ့တွေရဲ့ လက်ချက်မိသွားတယ်ပဲ ပြောရမယ်။ ခင်ဗျားကြားဖူးကောင်း ကြားဖူးလိမ့်မယ်။ စစ်ကြီးဖြစ်တဲ့ကာလအထိ ပြပွဲတွေလုပ်ပေးခဲ့တာ ကြားဖူးကောင်းကြားဖူးလိမ့်မယ်။ အိုဂတာရှင်ဂျင်ကြောင့် မြို့မှာရှိတဲ့ အနုပညာရှင်တွေ ပေါ်ပေါက်လာကြပြီး လူထုရဲ့ အသိအမှတ်ပြုမှုတွေ ရလာကြတာ။ နောက်ပိုင်းမှာဆိုရင် မြို့ကနာမည်ကြီး ပန်းချီဆရာကြီးတွေရဲ့ လက်ရာသစ်တွေကို လက်သင်ပန်းချီဆရာလေးတွေနဲ့ တွဲပြတာမျိုး လုပ်လာတယ်။ အဲဒီပြပွဲမျိုးတွေကို လူသိများလာတယ်။ အဲဒီလို ပန်းချီပြပွဲလုပ်တဲ့ကိစ္စမျိုးနဲ့ပတ်သက်လို့ မတ်ဆူဒါ ကျုပ်ဆီမလာခင် လွန်ခဲ့တဲ့လေးငါးပတ်လောက်က အိုဂတာရှင်ဂျင် အဖွဲ့အစည်းက စာရေးဖူးတယ်။

'ခင်ဗျားပြန်စာနဲ့ ပတ်သက်လို့ ကျုပ်သိပ်မရှင်းဘူး မစ္စတာအိုနို' လို့ မတ်ဆူဒါက ပြောတယ်။ 'ဒီတော့ ခင်ဗျားနဲ့ သွားတွေ့ပြီး သေသေချာချာ သိရအောင် လုပ်ဦးမယ်လို့ ကျုပ်တွေးမိလို့ လာခဲ့တာပဲ'

ကျုပ်က သူ့ကို အေးအေးပဲ ကြည့်လိုက်တယ်။ ပြီးမှ 'ကျုပ်ပြန်စာထဲမှာ လိုအပ်တာတွေ ကျုပ်ရေးခဲ့ပြီးပြီပဲ၊ ဘယ်လိုပဲဖြစ်ဖြစ် ကျုပ်ကို ဖိတ်ခေါ်တဲ့အတွက်တော့ ကျေးဇူးတင်ပါတယ်'လို့ ပြောလိုက်တယ်။

မတ်ဆူဒါရဲ့မျက်လုံးမှာ အပြုံးကလေးတွေ မသိမသာပေါ်လာတယ်။ 'မစ္စတာအိုနို၊ ကျုပ်အမြင်ပြောရရင် ခင်ဗျားဟာ ခင်ဗျားရဲ့နာမည်တစ်လုံး ရလာဖို့ အင်မတန်အရေးပါတဲ့ အခွင့်အရေးတစ်ခုကို ပိတ်ပင်ပစ်လိုက်တာပဲ၊ တစ်ခုလောက် ပြောစမ်းပါ၊ ခင်ဗျားအနေနဲ့ ကျုပ်တို့နဲ့ မပတ်သက်ချင်တာက ခင်ဗျားသဘောသက်သက်လား၊ ဒါမှမဟုတ်ရင် ခင်ဗျားဆရာက ပြောလို့လား'

'အမှန်ပြောရရင်တော့ ကျုပ်ဆရာကိုလဲ အကြံတောင်းပါတယ်၊ ဒါပေတဲ့ စာထဲမှာ ကျုပ်ပြန်လိုက်တာကတော့ ကျုပ်အဆုံးအဖြတ်ပါ၊ ခုလို ခင်ဗျားလာတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ဖြစ်ချင်တော့ လောလောဆယ် ကျုပ်မအားဘူး၊ ဒီတော့ ခင်ဗျားကိုလဲ ဧည့်ခံမနေနိုင်လို့ ကျုပ်ကို ခွင့်ပြုစေချင်တယ်'

'မစ္စတာအိုနို တစ်ဆိတ်လောက် ခွင့်ပြုပါ'လို့ မတ်ဆူဒါက ဟန်လုပ်ပြုံးရင်း ပြောပြန်တယ်။ ရှေ့ကို လေးငါးလှမ်းလောက် ဝရန်တာနား တိုးလာပြီး ကျုပ်ကို မော့ကြည့်လိုက်ရင်း ပြောပြန်တယ်။ 'ပွင့်ပွင့်လင်းလင်း ပြောစမ်းပါရ

http://www.cherrythitsar.org


စေ၊ ကျုပ်အနေနဲ့ ပန်းချီပြပွဲနဲ့ ပတ်သက်လို့ သိပ်မပူပါဘူး၊ တခြားကိစ္စကြောင့် လာခဲ့တာပါ၊ အဲဒါက ခင်ဗျားကို ကျုပ်တွေ့ချင်လို့ လာခဲ့တာပဲ မစ္စတာအိုနို'

'တကယ်ပဲလား၊ ကောင်းလှချည်ရဲ့'

'တကယ်ပါ၊ ခင်ဗျားလက်ရာတွေ တွေ့ရသမျှ ကျုပ်သဘောကျနေမိတယ်၊ ခင်ဗျားမှာ မွေးရာပါအရည်အချင်း အများကြီးရှိတယ်လို့ ကျုပ်ယုံတယ်'

'ကျေးဇူးတင်လှပါတယ်၊ ကျုပ်ဆရာရဲ့ သွန်သင်ပြသမှုလဲ အများကြီး ပါပါတယ်'

'မှန်ပါတယ်၊ လောလောဆယ် ပန်းချီပြပွဲအကြောင်း မေ့ထားလိုက်ပါဦး၊ ကျုပ်ဟာ အိုဂတာရှင်ဂျင်မှာ စာရေးသဘောမျိုးနဲ့ အလုပ်လုပ်နေရုံသက်သက်မဟုတ်ပါဘူး၊ အနုပညာကို တကယ်မြတ်နိုးတဲ့သူပါ၊ ကျုပ်မှာ ကျုပ်ရဲ့ ကိုယ်ပိုင်ယုံကြည်ချက်တွေ၊ မြတ်နိုးမှုတွေရှိပါတယ်၊ ရံဖန်ရံခါ ခုလို အရည်အချင်းရှိတဲ့သူများ တွေ့မိလိုက်ရင် ကျုပ်အနေနဲ့ အလွန်စိတ်ဝင်စားမိတတ်ပါတယ်၊ ဒီတော့ ကျုပ်အနေနဲ့ တစ်ခုခုလုပ်ပေးချင်စိတ် ပေါ်မိပါတယ်၊ မစ္စတာအိုနို၊ ကျုပ်ရဲ့ စိတ်ကူးစိတ်သန်းတချို့ကို ခင်ဗျားနဲ့ ဆွေးနွေးချင်ပါတယ်၊ ဒီစိတ်ကူးစိတ်သန်းမျိုးကို ခင်ဗျားတစ်ခါမှ ရခဲ့ဖူးမှာ မဟုတ်ဘူး၊ ကျုပ်တန်ဖိုးထားပြောရရင် ပန်းချီဆရာတစ်ယောက်အနေနဲ့ ခင်ဗျားအောင်မြင်လာဖို့အတွက် အထောက်အကူပြုမယ့် စိတ်ကူးတွေပါ၊ ကိုင်း... ခင်ဗျားက အချိန်လဲမရလေတော့ ကျုပ်ကိုဆက်သွယ်ဖို့ လိပ်စာကတ်ပြားကလေး ထားခဲ့ပါရစေ'

မတ်ဆူဒါက သူ့လိပ်စာကတ်ပြားကလေးကို လက်ကိုင်အိတ်ထဲက ထုတ်ပြီး ဝရန်တာအစွန်းမှာ တင်လိုက်ပါတယ်။ ပြီးမှ ခပ်သုတ်သုတ်ခေါင်းညွှတ် အရိုအသေပေးပြီး ထွက်သွားတော့တယ်။ ခြံဝင်းအလယ်နားလောက်ရောက်တဲ့အခါ မတ်ဆူဒါ ကျုပ်ဘက်ကိုလှည့်ရင်း အော်ပြောလိုက်ပြန်တယ်။

'ကျုပ်ပြောတာ သေသေချာချာ စဉ်းစားစေချင်တယ် မစ္စတာအိုနို၊ ကျုပ် ခင်ဗျားနဲ့ အဲဒီ စိတ်ကူးစိတ်သန်းတွေအကြောင်း ဆွေးနွေးကို ဆွေးနွေးချင်ပါတယ်'

အဲဒါက အနှစ်သုံးဆယ်လောက်ရှိခဲ့ပြီ။ ကျုပ်တို့နှစ်ယောက်စလုံး ငယ်ကြသေးတာကိုး။ စိတ်ဓာတ်ကလဲ တက်ကြွနေခဲ့ကြသေးတာကိုး။ မနေ့က တွေ့ရတဲ့ မတ်ဆူဒါကတော့ အတော့်ကိုပြောင်းသွားပြီ။ ကျန်မာရေးက ယိုယွင်းလာတော့ ကိုယ်ခန္ဓာကလဲ ယိမ်းယိုင်နေသပေါ့။ တစ်ခါကချောမောခဲ့တဲ့ သူ့ရုပ်ရည်ဟာ ခုတော့ ပျက်စီးနေရှာပြီ။ အောက်မေးရိုး၊ အထက်မေးရိုးတောင် မတည့်တော့ဘူး။ ကျုပ်ကို တံခါးဖွင့်ပေးတဲ့ အမျိုးသမီးက တွဲခေါ်

http://www.cherrythitsar.org


လာပြီး သူ့ကို နေရာချပေးရတယ်။ အခန်းထဲ ကျုပ်တို့ချည်း ကျန်တဲ့အခါ မတ်ဆူဒါက ကျုပ်ကိုကြည့်ရင်း ပြောတယ်။

'ခင်ဗျားကြည့်ရတာ အတော်မာနေပုံပဲ၊ ကျုပ်ကျန်းမာရေးကတော့ အရင်တစ်ခေါက် တွေ့တာထက်စာရင် ပိုဆိုးလာတယ်'

ကျုပ်က စိတ်မကောင်းကြောင်း ပြောမိတယ်။ ဒါပေတဲ့ ကျုပ်က သူထင်နေသလောက် မဆိုးသေးဘူးလို့ ဆိုမိတယ်။

'အိုနို၊ ကျုပ်ကိုလာပြီး အရှူးလုပ်မနေစမ်းပါနဲ့'လို့ သူကပြုံးရင်း ပြောတယ်။ 'ကျုပ် ဘယ်လောက် ဆုတ်ယုတ်လာခဲ့ပြီဆိုတာ ကျုပ်ဘာသာ သိပါတယ်၊ ဘာမှမတတ်နိုင်တော့ဘူး၊ ကျုပ်ကိုယ်ခန္ဓာကောင်းလာမလား၊ ဆိုးသွားမလားဆိုတာ စောင့်ကြည့်ရုံပဲရှိတယ်၊ ကိုင်း၊ ထားလိုက်ပါတော့ဗျာ၊ ခင်ဗျားပေါက်ချလာတာကတော့ တကယ့်ကို အံ့အားသင့်မိတယ်၊ နောက်ဆုံး အကြိမ် တွေ့ကြတုန်းက ခင်ဗျားနဲ့ကျုပ် သိပ်အဆင်မပြေကြဘူး မဟုတ်လား'

'ဟုတ်လား၊ ခင်ဗျားနဲ့ကျုပ် အချင်းများကြသေးသလား'

'မများခဲ့ကြပါဘူး၊ ဘာကိစ္စ များစရာရှိလို့လဲ၊ ခင်ဗျားခုလိုလာတဲ့ အတွက် ဝမ်းသာသဗျာ၊ မတွေ့ကြတာ သုံးနှစ်လောက် ရှိကြရောပေါ့'

'ရှိရောပေါ့၊ ကျုပ်အနေနဲ့ ခင်ဗျားကို ရှောင်နေတာမဟုတ်ပါဘူး၊ လာတော့လာမယ်လို့ပဲ၊ ကိစ္စက တစ်ခုမဟုတ်တစ်ခု ရှိနေလေတော့'

'အမှန်ပဲ'လို့ မတ်ဆူဒါက ထောက်ခံလိုက်တယ်။ 'ခင်ဗျားက အလုပ်များတာကိုး၊ တစ်ခုတော့ ကျုပ်ကိုခွင့်လွှတ်ပါ၊ ကျုပ် မိချိုကိုစံရဲ့ အသုဘ မလာနိုင်ခဲ့တဲ့အတွက် တောင်းပန်စာ ရေးမယ်တော့ လုပ်သေးတယ်၊ မလာဖြစ်တာက အဲဒီကိစ္စတွေဖြစ်ပြီး ရက်အတော်ကြာမှသိရလို့ပဲ၊ ပြီးတော့ ကျုပ်ကျန်းမာရေးကြောင့်ပဲ'

'ဟုတ်ပါတယ်... ဟုတ်ပါတယ်၊ အသုဘအခမ်းအနားက အတော် ကလေး လူများသွားလို့ သူ့အနေနဲ့ မကျေမနပ်ဖြစ်မယ်ထင်တယ်။ ဘယ်လိုပဲ ဖြစ်ဖြစ်ပါ၊ ခင်ဗျားအနေနဲ့ လူကမရောက်ပေတဲ့ စိတ်ကရောက်တယ်ဆိုတာ သူတော့သိပါလိမ့်မယ်'

'မိချိုကိုစံနဲ့ ခင်ဗျားတို့ ယူကြတာကို ကျုပ်သတိရနေသေးတယ်' မတ်ဆူဒါဟာ ရယ်လိုက်ရင်း ခေါင်းညိတ်လိုက်တယ်။ 'အဲဒီနေ့ကဆို ခင်ဗျား အတွက် ကျုပ်ပျော်နေမိတယ် အိုနို'

http://www.cherrythitsar.org


'ဟုတ်ပ' ကျုပ်လဲ ရယ်လိုက်မိတယ်။ 'ခင်ဗျားတောင် ကြားက အောင်သွယ်လို ဖြစ်လိုက်ရသေးတယ်မဟုတ်လား၊ ခင်ဗျားဦးလေးတော်တဲ့ သူက ကြောင်းလမ်းတဲ့ကိစ္စ အထမြောက်အောင် မလုပ်နိုင်ဘူးလေ'

'အမှန်ပဲ'လို့ ပြောရင်း မတ်ဆူဒါကပြုံးတယ်။ 'ခင်ဗျားက အတိတ်တွေ ကျုပ်ဆီပြန်သယ်လာတာကိုး၊ ကျုပ်ဦးလေးက အတော် မနေတတ်၊ မထိုင်တတ်ကို ဖြစ်နေတာ၊ ဘာလုပ်လုပ်၊ ဘာပြောပြော သူ့မျက်နှာက ရဲနေတော့တာ၊ မင်္ဂလာဆောင်ဖို့အတွက် ယနဂိမီချီဟိုတယ်မှာ ဆွေးနွေးကြတာရော မှတ်မိသေးလား'

ကျုပ်တို့နှစ်ယောက်စလုံး ရယ်မိကြတယ်။ ဒီနောက် ကျုပ်ကပြောလိုက်တယ်။

'ကျုပ်တို့နှစ်ယောက်အတွက် ခင်ဗျားအများကြီး လုပ်ပေးခဲ့တာပဲ၊ ခင်ဗျားသာ မပါခဲ့ရင်၊ ကျုပ်တို့လက်ထပ်ဖြစ်မယ်တောင် မထင်ဘူး၊ ခင်ဗျားကျေးဇူးရှိတဲ့အကြောင်း မိချီကိုက ပြောလေ့ရှိတယ်'

'အတော်နာကြည်းဖို့ကောင်းတဲ့ ကိစ္စတစ်ခုပဲ'လို့ ပြောရင်း မတ်ဆူဒါက သက်ပြင်းချလိုက်တယ်။ 'စစ်ကြောင့်ပဲ မဖြစ်သင့်ဘဲ ဖြစ်သွားရတယ်လို့ ကျုပ်ကြားလိုက်ရတယ်'

'ဟုတ်တယ် တခြားဘယ်သူမှတော့ မထိခိုက်ကြဘူး၊ ခင်ဗျား ပြောသလိုပဲ နာကြည်းဖို့ကောင်းတဲ့ ကိစ္စတစ်ခုပါ'

'စိတ်မကောင်းစရာတွေ ကျုပ်ကပြောနေမိပြန်ပြီ၊ ကျုပ်ကိုခွင့်လွှတ်ပါ'

'မဟုတ်တာဘဲ၊ ခင်ဗျားနဲ့အတူ သူ့အကြောင်းတွေပြောရလို့ စိတ်အတော်သက်သာရာ ရပါတယ်၊ သူနဲ့ပတ်သက်ခဲ့တဲ့အတိတ်တွေ သတိရရတာပေါ့'

'ဟုတ်တယ်'

အမျိုးသမီးက လက်ဖက်ရည်ယူလာတယ်။ ကျုပ်တို့အတွက် လက်ဖက်ရည်ဗန်းကို ချနေတုန်း မတ်ဆူဒါက 'မစ္စဆူဇူကီး၊ ဒါကျုပ်ရဲ့ မိတ်ဆွေဟောင်းပဲ၊ ကျုပ်တို့ တစ်ခါက သိပ်ရင်းခဲ့ကြတာပေါ့'လို့ ပြောလိုက်တယ်။

အမျိုးသမီးက ကျုပ်ဘက်လှည့်ပြီး ခေါင်းညွှတ်အရိုအသေပေးလိုက်တယ်။

http://www.cherrythitsar.org


'မစ္စဆူဇူကီးက ကျုပ်ရဲ့ သူနာပြုဆရာမလဲ ဆရာမ၊ ကျုပ်အိမ်ကိုလဲ စောင့်ရှောက်ပေးတဲ့သူ၊ တစ်ယောက်နှစ်ဘဝပေါ့'လို့ မတ်ဆူဒါကပြောတယ်။ 'ကျုပ် အသက်ရှင်နေတာ သူ့ကြောင့်ပဲ'

မစ္စဆူဇူကီးက ရယ်ပြီး ခေါင်းညွတ်ပြရင်း ထွက်သွားတယ်။

သူထွက်သွားပြီးလို့ အတော်ကြာတဲ့အထိ မတ်ဆူဒါနဲ့ကျုပ် ဘာမှ မပြောဖြစ်ကြပဲ ထိုင်လို့သာနေမိကြတယ်။ စောစောပိုင်းက မစ္စဆူဇူကီး ဟထား လိုက်တဲ့ ခန်းစည်းကြားကနေ အပြင်ကို ငေးနေမိကြတယ်။ ကျုပ်ထိုင်နေ ရာက ကြည့်ရင်တော့ ဝရန်တာက နေရောင်အောက်မှာ ခြေညှပ်ဖိနပ်တစ်ရန် ရှိနေတာကို တွေ့လိုက်ရတယ်။ ပန်းခြံအပိုင်းကိုတော့ များများစားစား မတွေ့ ရဘူး။ ဒီတော့လဲ ကျုပ်ကထပြီး ဝရန်တာဘက် ထွက်ကြည့်ချင်စိတ်ပေါ်လာ တယ်။ သို့ပေတဲ့ ကျုပ်ထသွားရင် မတ်ဆူဒါလဲ လိုက်ချင်မယ်လို့ တွေးမိလိုက် တယ်။ သူ့သွားရေးလာရေးက မလွယ်လှတော့ ကျုပ်လဲ အသာဆက်ထိုင် နေလိုက်မိတယ်။ စိတ်ထဲကတော့ သူ့ပန်းခြံကလေး အရင်ကအတိုင်းပဲလား ဆိုတာ တွေးကြည့်နေမိတယ်။ ကျုပ်မှတ်မိသလောက်တော့ သူ့ပန်းခြံကလေးက သေးပေတဲ့ အဆင်ပြေပြေကလေး လုပ်ထားတာ။ ရေညှိစိမ်းစိမ်းအခင်း ကလေးတွေရှိတယ်။ ပုံသွင်းထားတဲ့ အပင်ငယ်ငယ်တွေရှိတယ်။ ခပ်နက်နက် တူးထားတဲ့ ရေကန်ကလေးတစ်ခုရှိတယ်။ မတ်ဆူဒါနဲ့ နှစ်ယောက်သား ထိုင်နေရင်း အပြင်ဘက်က တစ်ချက်တစ်ချက် ငါးပွက်သံမျိုးကြားလိုက် ရတော့ သူ့မှာ ကာ့(ပ)ငါးတွေ ရှိသေးသလားလို့၊ မေးလိုက်မယ်လို့တောင် စဉ်းစားမိတယ်။ အဲဒီတုန်း သူက ခုလိုပြောတယ်။

'ကျုပ်အသက်ရှင်နေတာဟာ မစ္စဆူဇူကီးကြောင့်လို့ ခင်ဗျားကိုပြော တာ အပိုပြောနေတာမဟုတ်ဘူး၊ ကျုပ်ဘဝမှာ သူက တစ်ကြိမ်မကဘူး အရေးပါခဲ့တယ်၊ ကြည့်လေ အိုနို၊ ဘာတွေဖြစ်ခဲ့ဖြစ်ခဲ့ ကျုပ်အနေနဲ့ ကျုပ်ရဲ့ အရင်းအနှီးကလေးနဲ့ စုငွေကလေးကို သေချာထိန်းသိမ်းထားနိုင်ခဲ့တယ်၊ ဒီအတွက်လဲ သူ့ကို ငှားထားနိုင်ခဲ့တယ်၊ တချို့လူတွေကဆို ကျုပ်လို ကံကောင်းကြမယ် မထင်ဘူး၊ ကျုပ်က လူချမ်းသာတစ်ယောက်တော့ မဟုတ်ဘူး။ ဒါပေတဲ့ တကယ်လို့ ကျုပ်မိတ်ဆွေဟောင်း တစ်ယောက်ယောက် မှာများ အခက်အခဲတစ်ခုခု ဖြစ်နေခဲ့ရင် ကျုပ်တတ်နိုင်သမျှ ကူညီဖို့အသင့်ပဲ၊ ကျုပ်မှာ ငွေတွေထားပစ်ခဲ့ရအောင် သားထောက်သမီးခံလဲ မရှိဘဲကိုး'

http://www.cherrythitsar.org


ကျုပ်ရယ်လိုက်မိတယ်။ 'မတ်ဆူဒါကတော့ အရင်ကအတိုင်းပဲ၊ တဲ့တိုးပဲ၊ ခင်ဗျားစေတနာတော့ လေးစားပါတယ်၊ ကျုပ်ဒီလာတာ ဒီကိစ္စအတွက် မဟုတ်ပါဘူး၊ ကျုပ်လဲ အထိုက်အလျောက် စုစုဆောင်းဆောင်းရှိပါတယ်'

'ကြားရတာ ဝမ်းသာပါတယ်ဗျာ၊ နကာနီကို ခင်ဗျားမှတ်မိသေးလား၊ မိနာမီတော်ဝင်ကောလိပ်က ကျောင်းအုပ်ကြီးလေ၊ ကျုပ် မကြာမကြာ သူ့ကိုတွေ့တယ်၊ ခုတော့ သူတောင်းစားသာသာပဲ၊ ဟန်ကလေးနဲ့တော့ နေနိုင်အောင် လုပ်သပေါ့၊ တကယ်တော့ချေးဟယ်၊ ငှားဟယ်နဲ့ နေရရှာတာ'

'ဆိုးရွားလှပါလား'

'မတော်မတည့်တာတွေ ဖြစ်ကုန်ကြရတာကိုး'လို့ မတ်ဆူဒါက ပြောလိုက်တယ်။ 'ကျုပ်တို့မှာ စုစုဆောင်းဆောင်းကလေး ရှိနေပေလို့ပေါ့၊ ခင်ဗျားဆို ပိုတောင်ဝမ်းသာဖို့ကောင်းတယ် အိုနို၊ ခင်ဗျားကျန်းမာရေးကောင်းတာကိုး'

'ဟုတ်ပါတယ်'လို့ ကျုပ်ဖြေမိတယ်။ 'ကျုပ်ကျန်းမာရေးကောင်းနေသေးတယ်'

ပြောဆိုနေတုန်းပဲ အပြင်ဘက်က ရေကန်ဆီက ရေပွက်သံကြားလိုက်ရပြန်တယ်။ ကျုပ်စိတ်ထဲမှာ ကန်အစပ်ကို ငှက်တွေများ ရေချိုးဆင်းသလားပဲ။

'ခင်ဗျားပန်းခြံက ကျုပ်ပန်းခြံနဲ့ တူပုံမရဘူး'လို့ ကျုပ်က ကောက်ချက်ချလိုက်မိတယ်။ 'အပြင်ဘက်ကအသံတွေ နားထောင်နေရုံနဲ့ ကျုပ်တို့ဟာ မြို့ပြင်မှာလို့ ပြောနိုင်တယ်'

'ဟုတ်ရဲ့လား၊ ကျုပ်တော့ မြို့ပြသံများ ဘယ်လိုနေတယ်ဆိုတာ မမှတ်မိသလောက်ပဲ၊ ကျုပ်အိမ်၊ ကျုပ်ခြံဟာ ကျုပ်ရဲ့ကမ္ဘာလေးပဲ ဖြစ်နေခဲ့တာ နှစ်အတော်ကြာခဲ့ပြီ'

'ဩော်... ပြောရဦးမယ်၊ ကျုပ်လာတာ ခင်ဗျားဆီက အကူအညီတောင်းရအောင် လာခဲ့တာပဲ၊ ခင်ဗျား ခုနကပြောတဲ့ ငွေရေးကြေးရေးအကူအညီမျိုးတော့ မဟုတ်ဘူး'

'ခင်ဗျားက စော်ကားတာပဲလို့ ထင်ပြန်ပြီ'လို့ ပြောရင်း သူက ခေါင်းညိတ်လိုက်ပြန်တယ်။ 'ခင်ဗျားလဲ အရင်ကလိုပဲ'

ကျုပ်တို့နှစ်ယောက်စလုံး ရယ်လိုက်မိကြတယ်။ ပြီးတော့မှ 'ကျုပ်ဘာလုပ်ပေးရမလဲ'လို့ မေးတယ်။

http://www.cherrythitsar.org


'အကြောင်းကတော့ လောလောဆယ် ကျုပ်သမီးအငယ် နိုရီကို အတွက် စေ့စပ်ကြောင်းလမ်းဖို့ လုပ်နေကြတယ်'

'ဟုတ်လား'

'ပွင့်ပွင့်လင်းလင်း ပြောရရင် ကျုပ်က သူ့အတွက် စိတ်ပူတယ်၊ အခုဆို အသက်က နှစ်ဆယ့်ခြောက်နှစ်တောင်ရှိပြီ၊ စစ်ကြီးပြီးသွားတော့ အစစ သူ့အတွက် နှောင့်နှေးခဲ့ရတယ်၊ မဟုတ်ရင် အခုလောက်ဆို အိမ်ထောင်ကျလောက်ပြီပေါ့'

'ကျုပ်ထင်တယ်၊ မစ္စနိုရီကိုကို ကျုပ်မှတ်မိတယ်၊ အငယ်ကလေးရှိသေးတာ၊ နှစ်ဆယ့်ခြောက်နှစ်တောင်ရှိပြီကိုး၊ ခင်ဗျားပြောသလို စစ်ကြီးကြောင့် အခက်တွေဖြစ်လာရတာပေါ့၊ ရည်မှန်းချက်တွေ နှောင့်နှေးသွားရတာပေါ့'

'မနှစ်ကတည်းက လက်ထပ်ဖြစ်ဖို့ဟာ စေ့စပ်ကြောင်းလမ်းတာ နောက်ဆုံးအဆင့်မှာ ပျက်သွားရတယ်၊ ဒီအကြောင်းပြောနေရင်း မေးရဦးမယ်၊ နိုရီကို စေ့စပ်တဲ့ကိစ္စနဲ့ပတ်သက်လို့ တစ်ယောက်ယောက်များ ခင်ဗျားကို ချဉ်းကပ်စုံစမ်းတာများရှိလား၊ ခင်ဗျားကို မလေးမစား မေးတယ်တော့မထင်ပါနဲ့'

'မလေးမစား ထင်စရာမရှိပါဘူး၊ ကျုပ်နားလည်ပါတယ်၊ ကျုပ်ကိုတော့ ဘယ်သူကမှလာပြီး မေးမြန်းတာမရှိခဲ့ဘူး၊ မနှစ်ကဆို ကျုပ်ကလဲ အတော်မမာနေတာ၊ လာပြီးစုံစမ်းသူတွေရှိခဲ့ရင် မစ္စဆူဇူကီးက ကျုပ်ဆီလွှတ်လိုက်မှာပဲ'

ကျုပ်က ခေါင်းညိတ်လိုက်တယ်။ 'ဒီတစ်ခါတော့ ခင်ဗျားဆီ တစ်ယောက်ယောက်လာပြီး စုံစမ်းလိမ့်မယ်လို့ ထင်ရတာပဲ'

'လာလဲ ခင်ဗျားနဲ့ပတ်သက်လို့ ကျုပ်မှာ ကောင်းတာပဲပြောစရာရှိတယ်၊ အဆုံးမှာတော့ ကျုပ်တို့ဟာ တစ်ခါက မိတ်ဆွေကောင်းတွေပဲ'

'ကျေးဇူးတင်ရပါတယ်ဗျာ'

'ကျုပ်ကို အခုလိုလာပြောတဲ့အတွက် ကျေးဇူးတင်ပါတယ်'လို့ သူကပြောတယ်။ 'မစ္စနိုရီကို ထိမ်းမြားဖို့ကိစ္စအတွက်တော့ ဒါတွေမလိုပါဘူး၊ ကျုပ်တို့ နောက်ဆုံးတွေ့ကြစဉ်က တစ်ယောက်နဲ့တစ်ယောက် မသင့်မြတ်ခဲ့ရပေတဲ့ ဒါမျိုးဖြစ်စရာမရှိပါဘူး၊ အမှန်ပြောရရင် ကျုပ်က ခင်ဗျားအကြောင်း ကောင်းတာသာ ပြောမှာပါ'

'ကျုပ်အနေနဲ့ သံသယမဖြစ်မိပါဘူး'လို့ ကျုပ်က ပြောမိတယ်။ 'ခင်ဗျားဟာ အမြဲလိုပဲ သဘောထားပြည့်ဝပါပေတယ်'

http://www.cherrythitsar.org


'ဘယ်လိုပဲဖြစ်ဖြစ် ဒီကိစ္စကြောင့် ကျုပ်တို့ ပြန်ဆုံဖြစ်ကြတာ ဝမ်းသာပါတယ်'

မတ်ဆူဒါဟာ ကြိုးစားပြီး ရှေ့တိုးရင်း ကျုပ်တို့လက်ဖက်ရည်ပန်းကန်တွေကို ဖြည့်လိုက်ပါတယ်။ 'ခွင့်ပြုပါအိုနို၊ ခင်ဗျားကြည့်ရတာ သိပ်သက်သောင့်သက်သာ မရှိဘူးထင်တယ်'

'ကျုပ်လား'

'ကျုပ်ခုလိုပြောရတာ စိတ်မရှိပါနဲ့၊ မကြာခင် မစ္စဆူဇူကီးလာပြီး ကျုပ်ကို နားဖို့တော်ပြီဆိုတဲ့အကြောင်း ပြောလိမ့်မယ်၊ ကျုပ်အနေနဲ့ အကြာကြီး ဧည့်သည်တွေနဲ့ မတွေ့နိုင်သေးဘူး၊ မိတ်ဆွေဟောင်းတွေနဲ့တောင် အကြာကြီး တွေ့ခွင့်မရသေးဘူး'

'ဟုတ်တာပေါ့၊ ကျုပ်မစဉ်းစားမိတာ တောင်းပန်ပါရစေ'

'ခင်ဗျား ရယ်စရာ မလုပ်စမ်းပါနဲ့ အိုနို၊ ကျုပ် ခင်ဗျားကို နှင်ထုတ်နေတာမဟုတ်ဘူး၊ ကျုပ်ပြောချင်တာက တကယ်လို့များ ခင်ဗျားတစ်ခုခု ပြောချင်ရင် သူမလာခင် ပြောဖို့ပြောတာ' ရုတ်တရက် မတ်ဆူဒါဟာ အသံထွက်အောင် ရယ်လိုက်ပါတယ်။ 'ခင်ဗျားက ကျုပ်အပြောကို လန့်သွားတာကိုး'

'ဒီလိုလဲ မဟုတ်ပါဘူး၊ ကျုပ်အနေနဲ့ကသာ မတွေးလိုက်မိတာပါ၊ အမှန်ပြောရရင် ကျုပ် ဒီလာတာ သမီးရဲ့ စေ့စပ်တဲ့ကိစ္စ ပြောရအောင်ပဲ'

'ဟုတ်ပ'

'ကျုပ်အနေနဲ့ကတော့ တချို့ကိစ္စကလေးတွေလဲ ပြောချင်သေးတယ်၊ ခု စေ့စပ်ကြောင်းလမ်းတဲ့ကိစ္စက နည်းနည်းရှုပ်တယ်လို့ ပြောရလိမ့်မယ်၊ တကယ်လို့များ ခင်ဗျားကိုလာပြီး မေးမြန်းစုံစမ်းကြတဲ့အခါ အသင့်တော်ဆုံး ခင်ဗျားက ဖြေပေးခဲ့ရင် ကျုပ်အနေနဲ့ ကျေးဇူးတင်လို့ ဆုံးမယ်မဟုတ်ဘူး'

'ဖြေမှာပေါ့'လို့ သူကကျုပ်ကို ငေးကြည့်နေရင်း ပြောတယ်။ သူ့မျက်လုံးထဲမှာ ကျေနပ်ပုံလဲရတယ်။ 'အကောင်းဆုံးဖြစ်အောင် ဖြေရမှာပေါ့'

'အထူးသဖြင့်ကတော့ အတိတ်နဲ့ပတ်သက်ခဲ့တာတွေပါ'

'ကျုပ်ပြောပြီးပါပကော'လို့ မတ်ဆူဒါက အသံငြိမ်ငြိမ်နဲ့ ပြန်ဖြေတယ်။ 'ခင်ဗျားရဲ့ အတိတ်နဲ့ပတ်သက်လို့ ကျုပ်မှာ အကောင်းပဲပြောစရာရှိပါတယ်'

'ဟုတ်ပါရဲ့'

http://www.cherrythitsar.org


မတ်ဆူဒါက ကျုပ်ကို အတော်ကြာအောင် ဆက်ပြီးငေးကြည့်နေတယ်။ ပြီးမှ သက်ပြင်းတစ်ချက် ချလိုက်တယ်။

'ကျုပ် လွန်ခဲ့တဲ့ သုံးနှစ်လောက်အတွင်း ဒီအိမ်ကနေ ဘယ်မှမသွားဖြစ်ဘူး၊ ဒါပေတဲ့ ကျုပ်တို့တိုင်းပြည်မှာ ဘာတွေ ဖြစ်နေတယ်ဆိုတာကတော့ နားစွင့်တယ်၊ ကျုပ်သိရလောက်ကတော့ ခုနေအခါမှာ ခင်ဗျားလိုကျုပ်လိုလူမျိုးတွေကို ပြစ်တင်ရှုတ်ချနေကြတယ် ကြားရတယ်၊ ကျုပ်တို့လို ရည်မှန်းချက်တစ်ရပ်အပေါ် ဂုဏ်ယူခဲ့ကြတဲ့သူတွေကို ရှုတ်ချနေကြတယ်ကြားတယ်၊ ကျုပ်ထင်တယ်၊ ခင်ဗျားအနေနဲ့ ဒီကိစ္စအတွက် သောကဖြစ်နေပုံရတယ် အိုနို၊ ခင်ဗျားအနေနဲ့ ကျုပ်ဟာ မေ့ဖျောက်ထားလိုက်ဖို့ ကောင်းတဲ့အကြောင်းတွေကို ချီးမြှောက်နေသေးတယ်လို့များ ထင်နေမလားမသိဘူး'

'မဟုတ်ပါဘူး'လို့ ကျုပ်က ချက်ချင်းဖြေလိုက်မိတယ်။ 'ခင်ဗျားနဲ့ ကျုပ်မှာ ဂုဏ်ယူစရာအများကြီးပါ၊ ကျုပ်ပြောမိတာကလဲ သမီးစေ့စပ်ကြောင်းလမ်းတာနဲ့ ပတ်သက်လို့သာပဲ၊ ဒီကိစ္စတွေက ရှုပ်တယ်မဟုတ်လား၊ ဒါပေတဲ့ ခင်ဗျားအနေနဲ့ သိပ်မပူစေချင်ဘူး၊ ခင်ဗျားဆန္ဒရှိတဲ့အတိုင်းသာ လုပ်ပါ'

'ကျုပ်ဘက်က အကောင်းဆုံးဖြစ်ရစေ့မယ်'လို့ မတ်ဆူဒါက ဆိုတယ်။ 'ဒါပေတဲ့ အိုနို၊ ကျုပ်တို့နှစ်ယောက်စလုံးမှာ ဂုဏ်ယူစရာတွေရှိပါတယ်၊ ဒီကနေ့ လူတွေက ဘာကြီးပြောပြော ပူမနေပါနဲ့၊ နောင်နှစ် မကြာခင်မှာ ကျုပ်တို့တစ်တွေ လုပ်ခဲ့ကိုင်ခဲ့တာတွေနဲ့ ပတ်သက်လို့ ရဲရဲကြီးခေါင်းမော့လာနိုင်ကြမှာပါ၊ ကျုပ်ကတော့ အဲဒီလောက်အထိ အသက်ရှင်နေချင်သေးတယ်၊ ကျုပ်ဘဝမှာ ကြိုးပမ်းအားထုတ်ခဲ့တဲ့ ကိစ္စတွေဟာ အပြစ်တင်စရာတွေ မရှိခဲ့ဘူးဆိုတာ မြင်ချင်တယ်၊ ဒါကျုပ်ဆန္ဒပဲ'

'ဟုတ်ပါတယ်၊ ကျုပ်ကလဲ အဲဒီလိုပဲ မြင်တယ်၊ ဒါပေတဲ့ စေ့စပ်ကြောင်းလမ်းတဲ့ ကိစ္စနဲ့ပတ်သက်လို့'

'အမှန်ပဲ'လို့ မတ်ဆူဒါက ကျုပ်စကားကို ကြားဖြတ်လိုက်တယ်။ 'ကျုပ်အကောင်းဆုံးဖြစ်အောင် လုပ်ပါ့မယ်'

ကျုပ်သူ့ကို ခေါင်းညွတ်အရိုအသေ ပေးလိုက်မိတယ်။ နှစ်ယောက်သား အတော်ကြာအောင် ဘာမှ ဆက်မပြောဖြစ်ကြဘူး။ ဒီနောက်မှ သူက စပြီးပြောပြန်တယ်။

'ပြောစမ်းပါဦး အိုနို၊ ခင်ဗျားအနေနဲ့ အတိတ်အကြောင်း သောကပွားနေရတယ်ဆိုရင် တခြားမိတ်ဆွေတွေကိုလဲ တွေ့ပြီးပြီလို့ ကျုပ်ထင်တယ်'

http://www.cherrythitsar.org


'ခင်ဗျားဟာ ကျုပ် ပထမဆုံး လာတွေ့ရတဲ့သူပဲ၊ ကျုပ်တို့ မိတ်ဆွေဟောင်းတွေအကြောင်း ဘာမှမသိရဘူး'

'ကူရိုဒါရော၊ ကျုပ်ကြားတော့ မြို့ထဲမှာ နေတယ်ဆိုပဲ'

'ဟုတ်လား၊ ကျုပ်ကတော့ သူနဲ့မကြုံတာ စစ်ကြီးပြီးကတည်းကပဲ'

'တကယ်လို့များ၊ မစ္စနိုရီကိုအတွက် စိတ်ပူရင်တော့ ခင်ဗျားသူ့ကို ရှာသင့်တယ်၊ ရင်နာစရာကလေးတွေတော့ ဖြစ်မယ်'

'ဟုတ်ပါတယ်၊ ဒါပေတဲ့ သူဘယ်နေမှန်း ကျုပ်မသိဘူး'

'ဟုတ်တယ်၊ စေ့စပ်ဖို့ လိုက်စုံစမ်းမေးမြန်းတဲ့သူတွေပါ သူ့ကိုရှာမတွေ့ကြဖို့ မျှော်လင့်ကြရမှာပဲ၊ ဒါပေတဲ့ ဒီလူတွေက တစ်ခါတလေ အဆက်အသွယ် ရသွားတတ်တယ်'

'ဟုတ်ပါတယ်'

'အိုနို၊ ခင်ဗျားကြည့်ရတာ သွေးဆုတ်သွားသလိုပဲ၊ ခင်ဗျား ဒီရောက်စ တုန်းက တောင့်တောင့်တင်းတင်းရယ်၊ ကြည့်ရတာ၊ လူမမာနဲ့ တစ်ခန်းတည်း နေလိုက်လို့ထင်တယ်'

ကျုပ်က ရယ်လိုက်မိပြန်တယ်။ 'မဟုတ်ပါဘူး၊ ကျုပ်မှာ ဒီကလေး တစ်ယောက်အတွက် သောကပွားနေရလို့ပါ'

မတ်ဆူဒါက သက်ပြင်းချလိုက်ပြန်ရင်း ပြောတယ် 'လူတွေက ပြောကြတယ်၊ ကျုပ်ဟာ တစ်ခါမှ အိမ်ထောင်မကျခဲ့ဘူး၊ သားသမီးလဲမရှိဘူး ဆိုတော့ တကယ့်ဘဝ ပျောက်ဆုံးနေခဲ့သတဲ့၊ ကျုပ်က ကျုပ်ဝန်းကျင်ကို ပြန်ကြည့်တဲ့အခါမှာတော့ ကလေးတွေဟာ သောကကိုဖြစ်စေရတာပဲ ရှိတယ်'

'ခင်ဗျားပြောတာ မမှားပေဘူး'

'ဒါပေတဲ့လဲ ကိုယ့်အမွေအနှစ် ထားခဲ့နိုင်တယ်လို့ တွေးပြန်တော့လဲ ကျေနပ်စရာပါ'

'ဟုတ်ပါတယ်'

အတော်ကလေးလဲ ကြာရော မတ်ဆူဒါ ပြောထားတဲ့အတိုင်း မစ္စဆူဇူကီးရောက်လာပြီး သူ့ကို တစ်ခုခုပြောလိုက်တယ်။ မတ်ဆူဒါက ပြုံးလိုက်ရင်း သူ့ကိုခွင့်ပြုဖို့ တောင်းပန်တယ်။

'ကျုပ် သူနာပြုဆရာမက အချိန်တန်ပြီတဲ့၊ ခင်ဗျားအနေနဲ့ ဒီမှာ နေချင်သလောက် နေနိုင်ပါတယ်၊ ကျုပ်ကိုတော့ ခွင့်ပြုပါအိုနို'

http://www.cherrythitsar.org



နောက်တော့ ကျုပ်လဲ မြို့ထဲပြန်ဖို့ ခါတ်ရထားစောင့်နေရင်း စိတ်ထဲမှာ အတော်သက်သောင့်သက်သာ ဖြစ်နေမိတယ်။ အထူးသဖြင့်ကတော့ မတ်ဆူဒါက 'အတိတ်နဲ့ပတ်သက်လို့ အကောင်းဆုံးသာ ပြောစရာရှိတယ်'လို့ ပြောလိုက်တဲ့ စကားကြောင့်ပဲ။ ကျုပ်အနေနဲ့ကလဲ သူဆီ မသွားခင်ကတည်းက ဒီလိုပဲဖြစ်မယ်လို့တော့ အတော်ကလေး ယုံကြည်ခဲ့ပြီးသားပါ။ ဘယ်လိုပဲဖြစ်ဖြစ် မိတ်ဟောင်းဆွေဟောင်းတွေနဲ့ ပြန်ပြီးအဆက်အသွယ်ရတာတော့ ကောင်းလှပါတယ်။ ခြုံပြောရရင်တော့ မနေ့ကသွားဖြစ်တဲ့ ခရီးကဖြင့် အကျိုးရှိပါပေတယ်။

*　　　*　　　*

## ဧပြီလ၊ ၁၉၄၉

တစ်ပတ်မှာ သုံး၊ လေးကြိမ်လောက် ကျုပ် တောင်လမ်းလေးအတိုင်း လမ်းလျှောက်ရင်း မြစ်ဘက်ဆင်းလေ့ရှိတယ်။ အဲဒီမှာက သစ်သားတံတားလေး လဲရှိတယ်။ စစ်ကြီးမပြီးခင်ကတည်းက၊ နေထိုင်ခဲ့သူတွေက 'တုံ့ဆိုင်းခြင်း တံတား'လို့ခေါ်တဲ့ တံတားကလေးပေါ့။ အဲဒီလို ကျုပ်တို့ ခေါ်ခဲ့ကြတာလဲ အကြောင်းရှိပါတယ်။ သိပ်မကြာခင်ကလေးကအထိ သစ်သားတံတား ကလေးကို ဖြတ်လိုက်ပြီး ဟိုဘက်ရောက်တယ်ဆိုရင် ပျော်ရွှင်ဖွယ်ရပ်ကွက်ကို ရောက်တော့တာကိုး။ ဒီတော့ တချို့ ကိုယ့်ကိုကိုယ် သိပ်မလုံတဲ့ယောကျ်ား တွေက ညနေတိုင်းဆိုရင် အပျော်အပါးအတွက် ပျော်ရွှင်ဖွယ်ရပ်ကွက်ဘက် သွားရမလား။ အိမ်ကမယားဆီပဲ တန်းပြန်ရမလားဆိုပြီး ဒီသစ်သားတံတား ကလေးပေါ်မှာ ရပ်ပြီး စဉ်းစားကြတယ်တဲ့။ ကျုပ်ကိုလဲ တံတားပေါ်မှာ တစ်ခါတလေ ရပ်နေတာ တွေ့ကောင်းတွေ့မှာပါ။ တံတားလက်တန်းကိုမှီပြီး ကျုပ်တွေးနေတတ်တယ်။ ကျုပ်အဖို့ကတော့ ဟိုလူတွေလို တုံ့ဆိုင်းနေတာ မဟုတ်ပါဘူး။ ကျုပ်အဖို့ကတော့ နေဝင်ချိန်ကို သာယာမိနေလို့ပါ။ ကျုပ်တို့ ပတ်ဝန်းကျင်နဲ့ အပြောင်းအလဲတွေကို ကြည့်နေတတ်တာပါ။

ကျုပ်ဆင်းလာတဲ့ တောင်ခြေဘက်မှာ ခုတော့ တိုက်အသစ်ကလေး တွေ ဆောက်လာကြတာတွေ့ရတယ်။ လွန်ခဲ့တဲ့ တစ်နှစ်လောက်အထိ ရွှံ့တွေ မြက်တွေပဲရှိတဲ့ မြစ်ကမ်းပါးဘက်မှာ မြို့တော်ရဲ့ ကော်ပိုရေးရှင်းတစ်ခုက

http://www.cherrythitsar.org


တိုက်ခန်းတွေ ဆောက်နေတယ်။ သူတို့ရဲ့ အလုပ်သမားတွေ ထားဖို့ဆိုပဲ။ ဒီအဆောက်အအုံတွေကလဲ တော်တော်နဲ့ ပြီးမှာတော့ မဟုတ်သေးဘူး။ မြစ်ရဲ့ တစ်ဖက်ဆီမှာ နေဝင်တော့မယ်ဆိုရင် နေရောင်ကြောင့် ဒီဆောက်လက်စ အဆောက်အအုံတွေကို ဖုံးဒဏ်ခံထားရတာတွေများလားလို့ အမြင်မှားနိုင်တယ်။ မြို့ရဲ့တချို့နေရာတွေမှာက ခုထိ ဖုံးဒဏ်ခံထားရတာတွေကို မြင်နေရသေးတယ်။

ဒီအပျက်အစီးတွေကလဲ တစ်နေ့ထက်တစ်နေ့ ရှားတော့လာပါပြီ။ ဖုံးဒဏ်ခံထားရတာတွေကို ကြည့်ချင်ရင်တော့ ခုဆိုမြောက်ဘက်က ဝါကာ မီယာအရပ်အထိ သွားရလိမ့်မယ်။ ဒါမှမဟုတ်ရင် ဖုံးဒဏ်အကြီးအကျယ်ခံ လိုက်ရတဲ့ ဟွန်ချိုနဲ့ ကဆုဂမချီအကြားကို သွားကြည့်ရလိမ့်မယ်။ သို့ပေတဲ့ လွန်ခဲ့တဲ့ တစ်နှစ်လောက်ကအထိတော့ တစ်မြို့လုံးမှာ ဖုံးဒဏ်ခံထားရတာ နေရာအနှံ့ အလွယ်တကူ တွေ့ရနိုင်သေးတယ်။ ဥပမာပြောရရင် 'တုံ့ဆိုင်း ခြင်း'တံတားလေးရဲ့ တခြားဘက်ခြမ်းက ကျုပ်တို့ရဲ့ ပျော်ရွှင်ဖွယ်ရပ်ကွက် နေရာမှာဆိုရင် မနှစ်က ခုလိုအချိန်အထိ ဖုံးဒဏ်ခံထားရတဲ့ အပျက်အစီး၊ အယိုအယွင်းဟာ တစပြင်တစ်ခုလိုပဲ။ ခုတော့ဖြည်းဖြည်းချင်း နေ့စဉ်လာပြီး ရှင်းလင်းလုပ်ကိုင်နေကြလေရဲ့။ မစ္စစ်ကာဝကာမိရဲ့ဆိုင်ရှေ့ ဟိုစဉ်ကဆို အပျော်အပါးအတွက် လာကြသူတွေ ပခုံးချင်းတိုက်လောက်အောင် စည်ကားတဲ့ နေရာမှာ ခုတော့ ကွန်ကရစ်လမ်းကြီးတစ်ခု တည်နေလေရဲ့။ အဲဒီရဲ့ ဘေးတစ် ဖက်တစ်ချက်မှာတော့ ရုံးလုပ်ငန်းတွေအတွက် အဆောက်အအုံ အကြီးစားကြီး တွေဆောက်ဖို့ အုတ်မြစ်တွေ ချထားကြလေရဲ့။

သိပ်မကြာသေးခင်က တစ်ညနေတော့ မစ္စစ်ကာဝကာမိက သူ့ဆိုင် နေရာကို ကော်ပိုရေးရှင်းတစ်ခုက မတန်တဆပေးဝယ်နေတဲ့အကြောင်း ကျုပ် ကိုပြောပြတယ်။ ကျုပ်ကတော့ သူ အဲဒီလိုမပြောခင် တော်တော်စောစော ကတည်းက မကြာခင်တစ်နေ့မှာ မစ္စစ်ကာဝကာမိအနေနဲ့ ဆိုင်ပိတ်ပြီး ပြောင်း ပြေးရလိမ့်မယ်လို့ တွက်ထားပြီးသားပဲ။

'ကျွန်မအနေနဲ့တော့ ဘာလုပ်ရမှန်း မသိဘူး'လို့ အစချီရင်း မစ္စစ် ကာဝကာမိက ကျုပ်ကိုပြောတယ်။ 'ခုမှဆိုင်ပိတ်ပြီး ပြောင်းပြေးရမယ်ဆို တော့လဲ သိပ်မကျေနပ်စရာပဲ၊ ညတုန်းကဆို တစ်ညလုံး ကျွန်မ အိပ်မပျော်ဘဲ စဉ်းစားနေမိတယ်၊ ဒါပေတဲ့ ဆရာကြီးရယ်၊ ကျွန်မစဉ်းစားပြီး ကျွန်မဘာသာ ပြောမိတယ်၊ ခုဆို ရှင်တားရိုးတစ်ယောက်လဲ ပြေးပြီ၊ ကျွန်မ ပုံမှန်ဖောက်သည် ဆိုလို့ ဆရာကြီးတစ်ယောက်ပဲ ရှိတော့တာ၊ ကျွန်မတော့ ဘာလုပ်ရမှန်းကို

http://www.cherrythitsar.org


မသိဘူး'

ဟုတ်ပါတယ်။ သူ့ဖောက်သည်ဆိုလို့ ကျုပ်ပဲ ပုံမှန်ရှိတော့တာ။ ရှင်တားရိုးတစ်ယောက်ကတော့ မနှစ်ကဆောင်းတွင်းမှာ ကျုပ်နဲ့ မပြေမလည်ဖြစ်ပြီးကတည်းက ကျုပ်ကို ရင်ဆိုင်ရဲပုံ မပေါ်ဘူး။ ထပ်ကိုမတွေ့ရတော့ဘူး။ မစ္စစ်ကာဝကာမိအနေနဲ့ ဖောက်သည်တစ်ယောက် ဆုံးရလေတဲ့ ပြဿနာက ကျုပ်နဲ့ဖြစ်တာပါ။ သူနဲ့ဘာမှမဆိုင်ပါဘူး။

ဖြစ်တာက ဒီလို။ မနှစ်က ဆောင်းတွင်းတစ်ညနေ ထုံးစံအတိုင်း ကျုပ်တို့သောက်နေကြတုန်း ရှင်တားရိုးက အသစ်ဖွင့်မယ့်အထက်တန်းကျောင်းမှာ ပန်းချီသင်တဲ့ဆရာအလုပ် လုပ်ချင်တဲ့အကြောင်းပြောတယ်။ တလက်စတည်း ရှင်တားရိုးပြောပြလို့ သိရတာက သူ့ခမျာ အဲဒီလိုအလုပ်ရဖို့လျှောက်လွှာအစောင်စောင် တင်ပြီးပြီဆိုပဲ။ ကျုပ်က အဲဒီတော့မှ သူ့အခြေအနေ သိရတော့တာ။ ရှင်တားရိုးဟာ နှစ်ပေါင်းအတော်ကြာ ကျုပ် တပည့်တစ်ယောက်ဖြစ်ခဲ့တာပါ။ ကျုပ်ကို ဘာလို့မပြောလဲ။ သူ့အနေနဲ့ တခြားသူတွေ ရှိနေတာကိုး။ သူ့အလုပ်ရှင်တို့၊ ဘာတို့က အာမခံနိုင်ကြတာကို ကျုပ်သိပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျုပ်ကို မတိုင်ပင်ဘဲ နေတာကိုတော့ ကျုပ်ကအံ့သြမိတယ်။ ဒီလိုနဲ့ တစ်နေ့။ နှစ်သစ်ကူးပြီးစ ဆောင်းတွင်းတစ်နေ့မှာ။ ကျုပ်အိမ်ရှေ့မှာ ချမ်းချမ်းစီးစီး တုန်တုန်ယင်ယင်နဲ့ မတ်တတ်ရပ်နေတဲ့ ရှင်တားရိုးကို တွေ့လိုက်ရတယ်။ ပါးစပ်ကလဲ ပြောသေးတာ။ 'ဆရာကြီး ခုလို ဆရာကြီးဆီလာရတာ အတော်ပဲ မရိုမသေ ပြုရာကြပါတယ်' ကျုပ်အနေနဲ့ကတော့ အတော်ကလေးနေသာထိုင်သာ ရှိသွားမိတယ်။ ခုလို ရှင်တားရိုး လာတယ်ဆိုတာက ဖြစ်သင့်ဖြစ်ထိုက်တာမျိုးကိုး။

ကျုပ်တို့နှစ်ယောက်သား ဧည့်ခန်းထဲမှာ ထိုင်ကြတဲ့အခါ ကျုပ်က သတ္တုနဲ့လုပ်ထားတဲ့ မီးအိုးကြီးကို မီးထည့်လိုက်တယ်။ ကျုပ်တို့နှစ်ယောက်သား အဲဒီနားထိုင်ကြရင်း လက်ကိုနွေးစေရတာပေါ့။ ရှင်တားရိုးဝတ်ထားတဲ့ အပေါ်အင်္ကျီပေါ်က နှင်းပွင့်ကလေးတွေစပြီး အရည်ပျော်လာတာ တွေ့လာရတယ်။ ဒီတော့လဲ ကျုပ်မေးလိုက်မိတယ်။

'နှင်း ကျပြန်ပြီလား'

'နည်းနည်းပဲ ဆရာကြီး၊ မနက်ကလိုတော့ မဟုတ်ဘူး'

'ငါ့တော့ ခွင့်လွှတ်ပေ့၊ ဒီအခန်းက အအေးဆုံးအခန်း၊ အိမ်တစ်အိမ်

http://www.cherrythitsar.org


လုံးရဲ့ အအေးဆုံးအခန်းလို့ ပြောရမယ်'

'ဒီလိုလဲ မဟုတ်ဘူးဆရာကြီး၊ ကျွန်တော်နေတဲ့အခန်းဆိုရင် ဒီထက်အေးသေးတယ်' ရှင်တားရိုးက ပြုံးရင်း သူ့လက်နှစ်ဖက်ကို မီးကျီးခဲကအပူကိုခံရင်း ပွတ်နေတယ်။ 'ကျွန်တော့်ကို ခုလို လက်ခံတွေ့ဆုံတဲ့အတွက်ကျေးဇူးတင်လှပါတယ်၊ နှစ်ပေါင်းများစွာ ဆရာကြီးဟာ ကျွန်တော့်အပေါ်မှာကောင်းခဲ့တာပါ၊ ဆရာကြီး ကျွန်တော့်အပေါ် ကောင်းခဲ့တာတွေကတော့လက်ချိုးရေတွက်လို့ မကုန်နိုင်အောင်ပါ'

'ဒီလောက်လဲ မဟုတ်သေးဘူး ရှင်တားရိုး၊ ငါပြန်ပြီးစဉ်းစားကြည့်တဲ့အခါ ဟိုတုန်းက ငါ့အနေနဲ့ မင်းကိုမသိကျိုးကျွန် ပြုခဲ့တာတွေ ရှိခဲ့တယ်၊ ဒါကြောင့်လဲ ငါ့ရဲ့ လစ်ဟင်းချက်တွေအပေါ် အစားပြန်ပေးချင်တယ်၊ ခုလိုအချိန်မှာတောင် မင်းအတွက် လုပ်ပေးနိုင်တာရှိရင် ပြောပါ၊ ငါလုပ်ပေးစမ်းပါရစေ'

ရှင်တားရိုးကရယ်ပြီး လက်နှစ်ဖက်ကိုပွတ်နေတယ်။ 'ဆရာကြီးကရယ်စရာ ပြောနေတယ်ထင်တယ်၊ ကျွန်တော့်အပေါ်မှာ ဆရာကြီးကောင်းခဲ့တာတွေ မရေမတွက်နိုင်လောက်အောင်ပါ'

ကျုပ်လဲသူ့ကို ခဏကြည့်နေလိုက်ပြီး မေးလိုက်တယ်။ 'ကိုင်း... ငါဘာများ လုပ်ပေးရမလဲ ရှင်တားရိုး'

သူကမော့ကြည့်လိုက်ရင်း ရယ်နေပြန်တယ်။

'ကျွန်တော့်ကို ခွင့်လွှတ်ပါဆရာကြီး၊ ဒီမှာထိုင်ရတာ နွေးနွေးထွေးထွေး ရှိလာလို့၊ ဆရာကြီးဆီ ခုလိုလာပြီး ဒုက္ခပေးရတဲ့ ကျွန်တော့်လာရင်းကိစ္စတောင် မေ့သွားပါတယ်'

ဒီတော့ ရှင်တားရိုးက ဟာဂရိုမချီ အထက်တန်းကျောင်းမှာ အလုပ်လျှောက်ထားတဲ့အကြောင်း တက်တက်ကြွကြွနဲ့ ပြောပါတယ်။ ယုံကြည်နိုင်တဲ့လူတွေဆီက ကြားရသလောက်ကတော့ သူ့ကို အတော်သဘောကျကြပုံရတယ်ဆိုပဲ။

'ဒါပေတဲ့ ပြဿနာအသေးအမွှားကလေး တစ်ခုနှစ်ခုကရှိနေသေးတယ်၊ ရွေးချယ်ရေးကော်မတီအနေနဲ့ သိပ်ဘဝင်ကျပုံ မပေါ်သေးဘူးဆရာကြီး'

'ဘာ့ကြောင့်တုန်း'

'ဟုတ်ကဲ့ဆရာကြီး၊ ကျွန်တော့်အနေနဲ့ ပွင့်ပွင့်လင်းလင်းပြောဖို့လိုလိမ့်မယ်၊ အကြောင်းကတော့ အတိတ်နဲ့ဆိုင်တဲ့ အကြောင်းတွေပါ'

http://www.cherrythitsar.org


'အတိတ်နဲ့ဆိုင်တယ်၊ ဟုတ်လား'

'ဟုတ်ပါတယ် ဆရာကြီး၊ ဒီနေရာရောက်တော့ ရှင်တားရိုးဟာ အထိုက်အလျောက် စိတ်လှုပ်ရှားလာပုံရတယ်'လို့ ဟန်ဆောင်ရယ်လိုက်ရင်း ဆက်ပြောပြန်တယ်။ 'ဆရာကြီးကို ကျွန်တော် အရိုသေဆုံးပဲဆိုတာ ဆရာကြီး သိပါလိမ့်မယ်၊ ဆရာကြီးဆီက ကျွန်တော် လေ့လာသင်ကြားခဲ့ရတာ အများကြီးပါပဲ၊ ဆရာကြီးရဲ့ တပည့်ဖြစ်ရတဲ့အတွက်လဲ ကျွန်တော်ဂုဏ်ယူနေဆဲပါ'

ကျုပ်က အသာခေါင်းညိတ်ပြလိုက်ရင်း သူဆက်ပြောမယ့်စကားကို စောင့်နေမိတယ်။

'ကိစ္စကတော့ ဆရာကြီးအနေနဲ့ ရွေးချယ်ရေးကော်မတီကို စာတစ်စောင်လောက် ရေးပေးနိုင်ရင် ရေးပေးစေချင်ပါတယ်၊ ကျွန်တော်ပြောခဲ့တဲ့ စကားတစ်ခွန်းကို ထောက်ခံတဲ့အနေနဲ့ပါ'

'မင်းဘာများ ပြောခဲ့လို့လဲ ရှင်တားရိုး'

ရှင်တားရိုးက အသာရယ်လိုက်ရင်း သူလက်နှစ်ဖက်ကို မီးကင်နေလိုက်ပြန်တယ်။

'ရွေးချယ်ရေးကော်မတီအနေနဲ့ သဘောပေါက်သွားအောင်လို့ပါ ဆရာကြီး၊ တခြားထွေထွေထူးထူးတော့ မဟုတ်ပါဘူး၊ ဆရာကြီးမှတ်မိမှာပါ၊ ကျွန်တော်တို့ သဘောထားချင်းမတူခဲ့တဲ့ အကြောင်းနဲ့ ပတ်သက်လို့ပါ၊ တရုတ်ပြည်နဲ့ ပတ်သက်လို့ ပြဿနာဖြစ်ရတဲ့ ကာလတုန်းက ကျွန်တော့်ရဲ့ သဘောထားနဲ့ ပတ်သက်လို့ပါ'

'တရုတ်ပြည်နဲ့ ပတ်သက်လို့ ပြဿနာဖြစ်တဲ့အခါက ဟုတ်လား၊ မင်းနဲ့ငါ ဘယ်တုန်းက ရန်ဖြစ်ခဲ့ရလို့တုန်း'

'ကျွန်တော့်ကို ခွင့်လွှတ်ပါဆရာကြီး၊ ကျွန်တော်ပြောတာ နည်းနည်း ပိုသွားပါတယ်၊ ဆရာကြီးနဲ့ ကျွန်တော် ရန်ဖြစ်ခဲ့ရတဲ့ သဘောမဟုတ်ပါဘူး၊ ဒါပေတဲ့ ကျွန်တော့်အနေနဲ့ သဘောမတူတာကို ပြောပြခဲ့ဖူးပါတယ်၊ ကျွန်တော့်အနေနဲ့ ဆရာကြီးရဲ့ ညွှန်ကြားချက်တချို့ကို ဆန့်ကျင်ခဲ့တယ်ဆိုတာပါ'

'ရှင်တားရိုး၊ ငါ့ကိုခွင့်လွှတ်စမ်းပါ၊ မင်း ဘာကိုဆိုလိုမှန်း ငါသဘော မပေါက်ဘူး'

'ဆရာကြီးအနေနဲ့ အမှတ်မရနိုင်လောက်ဖူးဆိုတာ ကျွန်တော်သဘော ပေါက်ပါတယ်၊ ကျွန်တော့်အတွက်ကတော့ အတော်ကလေး အရေးကြီးနေတာ မို့ မှတ်မိနေတာပါ၊ ကျွန်တော်အနေနဲ့ ဇာတ်စုံခင်းပြရင် ဆရာကြီး သဘော

http://www.cherrythitsar.org


ပေါက်မယ်ထင်ပါတယ်၊ အဲဒီညနေက ကျွန်တော့်ကို မစ္စတာအိုဂဝရဲ့ စေ့စပ်ကြောင်းလမ်းပွဲအတွက် ပါတီလုပ်ကြတဲ့ ညပါ၊ ကျွန်တော်မှတ်မိသလောက်တော့ ဟာမဘာရဟိုတယ်မှာပါ၊ ကျွန်တော်လဲ သောက်တာ နည်းနည်းလွန်သွားတယ်ထင်တယ်၊ ကျွန်တော်အနေနဲ့ ကျွန်တော့်အမြင်ကို ပြောမိခဲ့ပါတယ်'

'ငါ အဲဒီညကို ခပ်ရေးရေးတော့ မှတ်မိတယ်၊ သေသေချာချာတော့ မမှတ်မိဘူး၊ ကိုင်း... ရှင်တားရိုး၊ ဟိုတုန်းက သဘောထားချင်းမတူခဲ့တဲ့ ဘယ်ကိစ္စကလေးကို အခု မင်းက ဘာလုပ်ပေးစေချင်တာတုန်း'

'ခွင့်လွှတ်ပါဆရာကြီး၊ ဒီကိစ္စကလေးဟာ အထိုက်အလျောက် အရေးပါလာခဲ့ပါတယ်၊ ရွေးချယ်ရေးကော်မတီအနေနဲ့က ဒီကိစ္စကလေးနဲ့ ပတ်သက်လို့ ခိုင်ခိုင်မာမာ ဖြစ်စေချင်တဲ့သဘောပါ၊ တကယ်တော့ အမေရိကန် အရာရှိတွေကို ကျေနပ်စေဖို့' ရှင်တားရိုးဟာ ပြောရင်း နည်းနည်းတုန်လှုပ်သွားပြန်တယ်။ အတော်ကလေးထိန်းလိုက်ပြီး ဆက်ပြောပြန်တယ်။

'ကျွန်တော်တို့ သဘောထားချင်း မတူခဲ့ကြတဲ့ကိစ္စကို ဆရာကြီးအနေနဲ့ ပြန်ပြီးစဉ်းစားကြည့်ပေးစေချင်ပါတယ်၊ ဆရာကြီးလက်အောက်မှာ လေ့လာသင်ကြားခွင့်ရခဲ့တဲ့ ကျေးဇူး ကျွန်တော်မမေ့ပါဘူး၊ ကျေးဇူးလဲ တင်ဆဲပါပဲ၊ ဒါပေတဲ့ ဆရာကြီးအမြင်နဲ့ ကျွန်တော် တစ်ထပ်တည်းမကျနိုင်တဲ့ အမြင်တွေလဲ ရှိခဲ့ပါတယ်၊ အထူးသဖြင့် အဲဒီအခါက ကျွန်တော်တို့ပန်းချီကျောင်းမှာလက်ခံနေတဲ့ ဦးတည်ချက်တချို့ကို ကျွန်တော်သဘောမတူခဲ့ပါဘူး၊ ဆရာကြီးမှတ်မိပါလိမ့်မယ်၊ ဥပမာ၊ တရုတ်ပြည်နဲ့ ပြဿနာဖြစ်တဲ့ကာလမှာ ရေးဆွဲတဲ့ ပိုစတာတွေနဲ့ပတ်သက်လို့ ကျွန်တော်ဟာ ဆရာကြီးညွှန်ကြားချက်အတိုင်း ဆွဲခဲ့ပေတဲ့ ကျွန်တော့်သဘောထားကို ဆရာကြီးသိအောင် ရေးဆွဲမိတာများလဲ ရှိခဲ့ပါတယ်'

'တရုတ်ပြည်နဲ့ ပြဿနာဖြစ်တုန်းက ဆွဲတဲ့ပိုစတာ၊ ကိစ္စ...' ကျုပ်ဘာသာ ပြန်တွေးလိုက်မိတယ်။ 'ဟုတ်ပြီ၊ မင်းရဲ့ပိုစတာ၊ ငါမှတ်မိပြီ၊ အဲဒီတုန်းက တို့နိုင်ငံတော်အတွက် အရေးကြီးနေတဲ့အချိန်၊ နိုင်ငံတော်အနေနဲ့ တွေဝေမနေဘဲ အဆုံးအဖြတ်တစ်ခုခုချပြီး လုပ်ရမယ့်အချိန်၊ အဲဒီတုန်းက မင်းဆွဲတာ ကောင်းသားပဲ၊ တို့အားလုံး ဝိုင်းချီးကျူးဂုဏ်ယူကြရတာ၊ ငါမှတ်မိနေတယ်'

'ဆရာကြီး မှတ်မိပါလိမ့်ဦးမယ်၊ ကျွန်တော့်ကို ဆွဲခိုင်းတာနဲ့ ပတ်သက်လို့ ကျွန်တော့်မှာ သံသယရှိနေတာ၊ မရေမရာ ဖြစ်မိနေတာတွေကို

http://www.cherrythitsar.org


ဆရာကြီး မှတ်မိပါလိမ့်မယ်၊ ဟာမဘာရဟိုတယ်မှာ ကျွန်တော်တို့ စားကြ သောက်ကြတဲ့ညက ကျွန်တော် လက်မခံနိုင်တာတွေကို ပွင့်ပွင့်လင်းလင်းပဲ ပြောခဲ့ပါတယ်၊ ခုလို မရေရာတဲ့ကိစ္စနဲ့ ဆရာကြီးကို စိတ်ရှုပ်စေရတဲ့အတွက် ကျွန်တော့်ကို ခွင့်လွှတ်ပါ'

ကျုပ် အတော်ကလေးကြာအောင် ဘာမှမပြောဘဲ နေလိုက်မိတယ်။ ဒီနောက်တော့ ကျုပ် မတ်တတ် ထရပ်လိုက်မိတယ်ထင်တယ်။ နောက်ထပ် သူ့ကိုစကားပြောတဲ့အခါ ကျုပ်ဟာ အခန်းရဲ့တစ်ဖက် ဝရန်တာကို ကာထားတဲ့ အကာနားရောက်နေတာ ကျုပ် သတိထားမိလိုက်တယ်။

'ရွှေးချယ်ရေးကော်မတီကို ငါ့အနေနဲ့ စာတစ်စောင် ရေးပေးစေချင် တယ်မဟုတ်လား'လို့ ကျုပ် မေးလိုက်မိတယ်။ 'မင်းဟာ ငါနဲ့ မပတ်သက်ခဲ့ ဘူး၊ ငါ့အယူအဆတွေ လက်ခံခဲ့တဲ့သူမဟုတ်ဘူးလို့ စာတစ်စောင် ရေးပေး စေချင်တယ် မဟုတ်လား'

'ဒီလိုလဲ မဟုတ်ပါဘူး ဆရာကြီး၊ ဆရာကြီး နားလည်တာ လွဲလို့ပါ၊ ဆရာကြီးနဲ့ ပတ်သက်နေရတယ်ဆိုတဲ့အတွက် ကျွန်တော်အမြဲ ဂုဏ်ယူနေပါ တယ်၊ ကျွန်တော်ပြောတာက တရုတ်ပြည်နဲ့ ပြဿနာဖြစ်စဉ်ကာလမှာ ရေးခဲ့ တဲ့ ပိုစတာနဲ့ပတ်သက်လို့သာပါ၊ ရွှေးချယ်ရေးကော်မတီကို သံသယရှင်းသွား အောင်'

ရှင်တားရိုးအသံဟာ တိမ်ဝင်သွားပြန်တယ်။ ကျုပ်က ကာထားတဲ့ အကာကလေးကို ခပ်ကျယ်ကျယ်ကလေး လှစ်လိုက်မိတယ်။ လေအေးကလေး အခန်းထဲ တိုးဝင်လာတယ်။ ဘာ့ကြောင့်မှန်းတော့ မသိဘူး၊ ကျုပ်အတွက် မအေးသလိုပဲ။ ကျုပ်က လှစ်ထားတဲ့ အကာကြားကနေ ဝရန်တာကိုကျော်ပြီး ပန်းခြံဘက်ကို ကြည့်နေလိုက်မိတယ်။ နှင်းတွေက အဖတ်ကလေးတွေလို ဖြစ်ပြီး ခပ်ဖြည်းဖြည်းကျနေတယ်။

'ရှင်တားရိုး'လို့ ကျုပ်ခေါ်လိုက်မိတယ်။ ' မင်းအနေနဲ့ အတိတ်ကို ဘာလို့ မရင်ဆိုင်ရဲတာတုန်း၊ ပိုစတာဆွဲကြတုန်းကဆိုရင် မင်းအတော်ကို နာမည်ရခဲ့တာပဲ၊ အများကြီး ချီးကျူးခံခဲ့ရတာပဲ၊ ခုအခါ ကမ္ဘာကြီးအနေနဲ့ မင်းရဲ့လက်ရာတွေအပေါ် တစ်မျိုးမြင်ကောင်းမြင်မယ်၊ ဒါပေတဲ့ မင်းကိုယ်မင်း ညာနေစရာမလိုဘူး'

'မှန်ပါတယ် ဆရာကြီး၊ ဆရာကြီးပြောတာ သဘောတူပါတယ်၊

http://www.cherrythitsar.org


ကျွန်တော်တို့ ပြောနေတဲ့အကြောင်းကို ပြန်ပြောကြရမယ်ဆိုရင် ကျွန်တော့် အနေနဲ့က တရုတ်ပြည်နဲ့ ပြဿနာဖြစ်ခဲ့တဲ့ကာလမှာ ဆွဲတဲ့ပိုစတာတွေနဲ့ ပတ်သက်လို့ စာတစ်စောင်လောက် ရွေးချယ်ရေးကော်မတီဆီ ရေးပေးစေချင် တာပါ၊ ကော်မတီဥက္ကဋ္ဌရဲ့ နာမည်နဲ့လိပ်စာ ကျွန်တော့်မှာ ပါပါတယ်'

'ရှင်တားရီး၊ ငါပြောတာ နားထောင်စမ်းပါဦး'

'ဆရာကြီး၊ ဘယ်လိုပဲဖြစ်ဖြစ် ဆရာကြီးရဲ့ အဆုံးအမအသင်အပြ တွေအတွက် ကျွန်တော်အမြဲပဲ ကျေးဇူးတင်နေပါတယ်၊ လောလောဆယ်မှာက ကျွန်တော်ဟာ ဘဝရပ်တည်နိုင်ရေးအတွက် ပြဿနာဖြစ်နေသူပါ၊ အငြိမ်းစား ယူထားတဲ့ သူတစ်ယောက်နေရာက ကြည့်တဲ့အခါ အတိတ်ဆိုတာ သိပ်ပြီး ပြဿနာရှိမယ်မဟုတ်ပါဘူး၊ ကျွန်တော်အနေနဲ့က ခုလိုထွေပြားလှတဲ့ ကမ္ဘာ ကြီးထဲမှာ ရှင်သန်နေရတုန်း၊ အဲဒီအလုပ်ရ ရဖို့အတွက် ကျွန်တော်အားထုတ် စရာရှိတာ အားထုတ်ရပါတယ်၊ အလုပ်ကလဲ ကျွန်တော့်ကို ရာထားပြီးသား ပါ၊ ဆရာကြီးအနေနဲ့ ကျွန်တော့်အနေအထားကို နားလည်စေချင်ပါတယ်'

ကျုပ် ဘာမှပြန်မပြောဘဲ ပန်းခြံထဲ ကြွေကျလာနေတဲ့ နှင်းအဖတ် ကလေးတွေကိုပဲ ကြည့်နေမိတော့တယ်။ ကျုပ်ရဲ့ နောက်ဘက်မှာတော့ ရှင်တားရီးတစ်ယောက် မတ်တတ် ထရပ်လိုက်သံကို ကြားလိုက်ရတယ်။

'ဆရာကြီး၊ ဟောဒီမှာ နာမည်နဲ့လိပ်စာပါ၊ ကျွန်တော် ဒီမှာထားခဲ့ ပါရစေ၊ ဒီကိစ္စနဲ့ပတ်သက်လို့ ဆရာကြီး အချိန်များရတဲ့အခါ နည်းနည်း လောက် စဉ်းစားပေးစေချင်ပါတယ်'

ရှင်တားရီးဟာ ခဏလောက်ရပ်ပြီး စောင့်နေပါသေးတယ်။ ကျုပ် အနေနဲ့ သူ့ဘက်လှည့်ပြီး သူပြန်တာကို နှုတ်ဆက်လိမ့်မလားဆိုတဲ့ သဘောမျိုး ပါ။ ဒါမှလဲ သူ့အတွက် သိက္ခာရှိမှာကိုး။ ကျုပ်ကတော့ ပန်းခြံကလေးကိုပဲ ကြည့်နေမိတယ်။ နှင်းအဖတ်ကလေးတွေက ခပ်ဖြည်းဖြည်းသာ ကျနေလေ တော့ ပန်းခြံထဲက ပန်းချုံကလေးတွေပေါ်မှာ တင်နေကြတယ်။ ကျုပ် ကြည့်နေတုန်းမှာ လေကလေးက တစ်ချက်သော့လိုက်တော့ရင် မေပဲလ်ပင်ရဲ့ အကိုင်းတစ်ခုပေါ်မှာ တင်နေတဲ့ နှင်းတချို့ ပြုတ်ကျသွားလေရဲ့။ ပန်းခြံရဲ့ အနောက်ဘက်နားက ကျောက်မီးအိမ်ကလေးပေါ်မှာတော့ နှင်းအဖွေးသားပဲ။

ကျုပ်နားထဲမှာတော့ ရှင်တားရီးထွက်သွားတာ ကြားလိုက်မိတယ်။

* * *

ကြည့်ရင်တော့ အဲဒီနေ့က ကျုပ်အနေနဲ့ ရှင်တားရိုးအပေါ် မလိုအပ်ဘဲ တင်းမာလိုက်ခဲ့သလိုပဲ။ တကယ်လို့ ရှင်တားရိုး ကျုပ်ဆီမလာခင် လေးငါး ပတ်လောက်က ကျုပ် ရင်ဆိုင်ခဲ့ရတဲ့ အကြောင်းတွေကိုသာ သိရင် ဘာဖြစ်လို့ ကျုပ်အဲဒီလို တင်းမာနေခဲ့ရတယ်ဆိုတာ သဘောပေါက်မှာပါ။ ပြောရမယ်ဆိုရင် ရှင်တားရိုး ကျုပ်ဆီလာတာ နိုရီကို စေ့စပ်ကြောင်းလမ်းပွဲပြီးလို့ ဘာမှ မကြာသေးဘူး။

ဆောင်းဦးကာလ တစ်ခုလုံးမှာ ကျုပ်သမီးနိုရီကိုနဲ့ တာရိုဆိုက်တိုတို့ လက်ထပ်ကြဖို့အတွက် စေ့စပ်ကြောင်းလမ်းတဲ့ကိစ္စတွေ လုပ်ခဲ့ကြပါတယ်။ အပြန်အလှန် ဓာတ်ပုံတွေဘာတွေ အလဲအလှယ်လုပ်ပြီးကြတဲ့နောက် ယောကျ်ား ကလေးအနေနဲ့ လူချင်းတွေ့ဆုံလိုကြောင်းပြောတာ ကြားပွဲစားလုပ်တဲ့ မစ္စတာ ကယိုကတစ်ဆင့် ကြားရပါတယ်။ နိုရီကိုက စဉ်းစားပါရစေ လုပ်နေသေး တာ။ ဒါပေတဲ့ သူ့ခမျာကလဲ အသက်နှစ်ဆယ့်ခြောက်နှစ်တောင် ရှိနေတော့ သိပ်ပြီးဈေးကိုင်မနေနိုင်ပါဘူး။

ဒီတော့လဲ ကျုပ်က မစ္စတာကယိုကို နှစ်ဖက်တွေ့ဆုံကြဖို့သဘောတူ ကြောင်းနဲ့ ကဆူဂပတ်ဟိုတယ်မှာ နိုဝင်ဘာလထဲ တွေ့ကြမယ်လို့ အကြောင်း ပြန်လိုက်တယ်။ ကဆူဂပတ်ဟိုတယ်နဲ့ ပတ်သက်လို့ ခင်ဗျားလဲ ကြားပြီးသား နေမှာပါ။ မတော်မတည့်တွေက ကြားနေရတာကိုး။ ဒီတော့လဲ ကျုပ် သိပ် သဘောမကျလှဘူး။ ဒါပေတဲ့ မစ္စတာကယိုက သီးသန့်အခန်းငှားမယ်ဆိုတဲ့

အကြောင်းပြောပြရုံမက၊ ဆိုက်တိုမိသားစုက အဲဒီက အစားအစာကို ကြိုက်တယ်ဆိုပဲ။ ဒီတော့လဲ ကျုပ်အဖို့မှာ သိပ်သဘောကျလှတယ် မဟုတ်ပေတဲ့ သဘောတူလိုက်ရတော့သပေါ့။

အဲဒီတွေ့ဆုံပွဲလုပ်တဲ့အခါ ယောက်ျားကလေးဖက်က မြိုင်မြိုင်ဆိုင်ဆိုင်ကြီး လာကြမယ်လို့ မစ္စတာကယိုက ကျုပ်ကို အသိပေးတယ်။ ဆိုလိုတာက ယောက်ျားလေးဖက်က သူ့အဖေ၊ အမေနဲ့ ညီပါလာမယ်တဲ့။ ဒါ... လက်မခံနိုင်စရာမရှိပါဘူး။ ဒီတော့ ကျုပ်တို့ဖက်က နိုရီကိုကို အဖော်ရအောင် ဘယ်သူဘယ်ဝါများ ခေါ်ချင်သေးသလဲလို့ဆိုတယ်။ မိတ်ဆွေအရင်းအချာ၊ ဆွေမျိုးသားချင်းထဲက တစ်ယောက်ယောက် စသဖြင့်ပေါ့။ ခက်တာက ဆက်ဆံကို နေတာကလဲ အဝေးကြီးမှာ၊ ကျုပ်တို့အနေနဲ့ တခြားခေါ်ရမယ့်လူလဲ မရှိဘူး။ ဒီတော့လဲ ဒီကိစ္စရယ်၊ ဟိုတယ်ကို သိပ်မကြိုက်တာရယ် စသဖြင့် အားလုံးပေါင်းလိုက်တော့ နိုရီကို အနေနဲ့လဲ သိပ်ပြီးစိတ်မကြည်လှဘူးပေါ့။ ဒီတော့လဲ အဲဒီတွေ့ဆုံပွဲ မလုပ်ခင် ကာလအတွင်းကတော့ ကျုပ်တို့အကြားမှာ အခြေအနေတွေက သိပ်မပြေပြစ်ဘူးလို့ ဆိုရမယ်။

ဒီတော့လဲ နိုရီကိုအလုပ်က ပြန်လာတဲ့အခါ မကြာခဏ ခုလို ပြောတတ်တယ်။ 'အဖေ တစ်နေ့လုံး အိမ်မှာဘာလုပ်နေလဲ၊ ထုံးစံအတိုင်း တံမြက်စည်း လှျောက်လှည်းနေတာပဲလား'တဲ့။ ကျုပ်မှာတော့ 'တံမြက်စည်း လှျောက်လှည်း'ဖို့ နေနေသာသာ ဒီတွေ့ဆုံပွဲကတစ်ဆင့် ကျုပ်သမီးမင်္ဂလာဆောင်ဖြစ်ဖို့အတွက် တတ်နိုင်သမျှလုပ်နေရတာ။ အဲဒီလိုအခါမျိုးမှာ သူ့ကို အသေးစိတ် ပြောပြနေဖို့လဲ မလိုဘူးလို့ ကျုပ်ကထင်တယ်။ သူ့အနေနဲ့ အသေးစိတ် ပူပင်နေစရာမလိုဘူး။ ဒီတော့ ကျုပ်က ကျုပ်တစ်နေ့တစ်နေ့ ဘာလုပ်နေတယ်ဆိုတာ သူ့ကိုမပြောတော့ဘူး။ ဒီတော့ နိုရီကိုက ပိုပြီးစိတ်မရှည်နိုင်တော့ဘူး။ ကျုပ်အနေနဲ့ သူ့ကို ပွင့်ပွင့်လင်းလင်း ထုတ်ပြောပြပြန်ရင်လဲ သူနဲ့ စကားအဆီအငေါ်မတည့်ဘဲ ကတောက်ကဆ ဖြစ်ရဦးမယ်လို့မြင်တော့ အဲဒီကာလအတွင်းမှာ သူ့ကို စကားအကုန်မပြောဘူး။

ကျုပ်မှတ်မိသေးတယ်။ တစ်ညနေခင်း ကျုပ်က ပန်းခြံထဲမှာ ပန်းရိုင်းတွေရဲ့ ကိုင်းဖျားကိုင်းနားတွေ သန့်နေတုန်း။ နိုရီကို အိမ်ပြန်ရောက်လာတယ်။ နိုရီကိုက ဝရန်တာပေါ်ကနေပဲ ကျုပ်ကို ရိုရိုသေသေနှုတ်ဆက်ပြီး အိမ်ထဲဝင်သွားတယ်။ တော်တော်ကလေးကြာတော့ ကျုပ်လဲ ဝရန်တာမှာထိုင်ရင်း ကျုပ်သန့်ထားတဲ့ အပင်ကလေးတွေကို ကြည့်နေမိလိုက်တယ်။ အဲဒီတုန်း

http://www.cherrythitsar.org


ကီမိုနိုဝတ်ထားတဲ့ နိုရီကိုဟာ အိမ်ထဲက လက်ဖက်ရည်ယူပြီး ထွက်လာတယ်။ ကျုပ်မှတ်မိသလောက်တော့ မနက်က အလွန်သာယာဖို့ကောင်းတဲ့ ဆောင်းဦးပေါက်ရဲ့ နေ့တစ်နေ့ပဲ။ နေရောင်ခြည်နုနုကလေးတွေက ပွင့်ဖတ်ကလေးတွေအပေါ် ကျနေတယ်။ ကျုပ်ငေးတာကိုကြည့်ရင်း နိုရီကိုက ပြောတယ်။

'အဖေ၊ ဘာဖြစ်လို့ ဝါးရုံကို ခုလိုညှပ်ထားရတာတုန်း၊ ကြည့်ရတာ ဟိုဖက်၊ ဒီဖက် မမျှသလိုပဲ'

'ဟိုဖက်၊ ဒီဖက် မမျှဘူးလို့ ထင်တယ်ဟုတ်လား၊ အဖေ့အတွက် ကတော့ မျှနေတာပဲ၊ သမီးအနေနဲ့ သတိထားရမှာက ထွက်စအညှောင့်ကလေး တွေပါ ထည့်စဉ်းစားရမှာပဲ'

'အဖေက လုံးလုံးပြောင်းပစ်လိုက်ချင်ပုံရတယ်၊ ကျွန်မအမြင်တော့ အဖေက တခြားပန်းချုံတွေပါ ဖျက်ဆီးလိုက်သလိုပဲ'

'တခြားချုံတွေကိုပါ ဖျက်ဆီးတယ်ဟုတ်လား' ကျုပ်လဲ ကျုပ် သမီးကို လှည့်ကြည့်လိုက်တယ်။ 'နင်ဘာပြောချင်တာတုန်း၊ ငါက တခြား ဘာတွေကို ဖျက်ဆီးပစ်လို့တုန်း'

'အဇေးလျာပင်တွေကို ကြည့်လေ၊ နဂိုအတိုင်း ဘယ်တော့မှဖြစ်မှာ မဟုတ်တော့ဘူး၊ အဖေ့မှာ အချိန်တွေပိုနေတာရဲ့ အကျိုးဆက်တွေပဲ၊ လုပ်စရာ မရှိတော့ မလိုအပ်တာတွေ လျှောက်လုပ်နေတာပဲ'

'ဒီမှာ နိုရီကို၊ နင်ဘာပြောချင်တယ်ဆိုတာ ငါနားမလည်နိုင်ဘူး၊ အဇေးလျာပင်တွေလဲ ဟိုဖက်၊ ဒီဖက် မမျှဘူးလား'

နိုရီကိုက ပန်းခြံဘက်ကြည့်ပြီး သက်ပြင်းချလိုက်တယ်။ 'အဖေ့အနေနဲ့ သူ့အရှိအတိုင်း ထားဖို့ကောင်းတယ်'

'ငါ့မျက်စိထဲမှာတော့ ဝါးရုံရော အဇေးလျာချုံပါ အတော်ကြည့်လို့ ကောင်းလာတယ်၊ ငါတော့ ဟိုဖက်၊ ဒီဖက် မမျှဘူးဆိုတာ မြင်ကိုမမြင်ဘူး'

'ဒီလိုဆိုရင်တော့ အဖေအနေနဲ့ ကန်းနေလို့ဖြစ်ရင်ဖြစ်မယ်၊ မဟုတ်ရင် အဖေ့အမြင်ဟာ အဆင့်အတန်းမရှိဘူးလို့ ပြောလိမ့်မယ်'

'အဆင့်အတန်းမရှိတဲ့ အမြင်ဟုတ်လား၊ လူအတော်များများလဲ ငါ့နာမည်နဲ့ ပတ်သက်လို့ အဆင့်အတန်းရှိတဲ့အမြင် မရှိကြတာ နင်သိလား'

'ကျွန်မအမြင် ပြောရရင်တော့ အဖေ'လို့ နိုရီကိုက ပင်ပန်းသံနဲ့ ပြောလိုက်တယ်။ 'ဝါးရုံကတော့ ညှိထားပုံမမျှဘူး၊ ဒီတော့ အပေါ်ကကျနေတဲ့ သစ်ပင်ကိုပါ ဖျက်ဆီးပစ်လိုက်သလို ဖြစ်နေတယ်'

http://www.cherrythitsar.org


ကျုပ်အတော်ကြာ ပန်းခြံထဲကို ငေးကြည့်လို့သာ နေမိတယ်။ ဘာမှပြန်မပြောဖြစ်ဘူး။ နောက်မှ ခေါင်းညိတ်လိုက်ပြီး ‘ဟုတ်တယ်’လို့ အစချီရင်း ပြောမိတယ်။ ‘သမီးအနေနဲ့ အဲဒီလိုမြင်လိမ့်မယ်၊ သမီးမှာ ပန်းချီ မျက်စိမရှိဘူး၊ ဆက်ဆူကိုလဲ အတူတူပဲ၊ ကင်ဂျီကလဲ တစ်မျိုးပဲ၊ သမီးတို့ ကတော့ အမေရဲ့အုပ်ထိန်းမှုနဲ့ ကြီးပြင်းရတာကိုး၊ နင်တို့အမေလဲ ငါ့ကို မတော်မတည့်တွေ ဝေဖန်ဖူးတာ ငါသတိရမိသေးတယ်’

‘အဖေမှာ ပန်းချီကို ဘယ်လိုဖြတ်ရမယ်ဆိုတာနဲ့ ပတ်သက်တဲ့ လုပ်ပိုင်ခွင့်၊ ပြောပိုင်ခွင့် ဘယ်တုန်းကရတုန်း၊ ကျွန်မတော့ တစ်ခါမှမကြားမိပါဘူး’

‘ငါ့မှာ အဲဒီလိုလုပ်ပိုင်ခွင့်၊ ပြောပိုင်ခွင့်ရှိတယ်လို့ မပြောဖူးပါဘူး၊ ငါ့အမြင်ဟာ အဆင့်အတန်းမရှိဘူးလို့ စွပ်စွဲခံရတာအတွက်ပဲ အံ့ဩမိတယ်၊ ငါ့လိုလူမျိုး၊ ဒီလိုအပြောခံရတယ်ဆိုတာ အံ့ဩသွားမိတယ် ဒါပဲ’

‘ဟုတ်တယ်အဖေ၊ ကိုယ့်အမြင်နဲ့ကိုယ်ပဲလို့ ကျွန်မထင်တယ်’

‘နင့်အမေဟာ နင့်လိုပဲ နိုရီကို၊ ခေါင်းထဲရောက်လာတာ တစ်ခုကို သိပ်ပြီးတွေးမနေဘူး၊ ပြောချပစ်လိုက်တာပဲ၊ ဒါကလဲ ရိုးသားမှုတစ်ခုလို့ ငါထင်တယ်’

‘ဒီအကြောင်းတွေကတော့ အဖေအသိဆုံးပဲ နေမှာပါ၊ အထွေအထူး ငြင်းနေစရာ မလိုဘူးထင်တယ်’

‘ငါမှတ်မိနေသေးတယ် နိုရီကို၊ တစ်ခါတလေ ငါပန်းချီဆွဲနေတုန်း နင့်အမေကလာပြီး ဝေဖန်တတ်တယ်၊ သူထောက်ပြတာတွေဟာ ရယ်စရာတွေ ချည်းဖြစ်နေတယ်၊ ငါရယ်တော့ သူလဲရယ်တယ်၊ နောက်ဆုံးမှာတော့ သူဝန်ခံ တယ်၊ သူဘာမှမသိဘူးဆိုတာ ဝန်ခံတယ်’

‘ဒီလိုဆိုတော့ အဖေဟာ ပန်းချီပညာနဲ့ပတ်သက်လို့ အမြဲမှန်တယ်ပေါ့’

‘နိုရီကို ဒီအချက်ဟာ ဘာမှအရေးမရ၊ အဖတ်မရတဲ့ အချက်တစ်ခုပဲ၊ ဒီပြင် နင့်အနေနဲ့ ငါပန်းခြံထဲမှာ လုပ်တာကိုင်တာ မကြိုက်ရင် အချိန်မရွေး နင်ကြိုက်သလို သွားလုပ်နိုင်တယ်’

‘ကျေးဇူးတင်ပါတယ်အဖေ၊ ဒါပေတဲ့ ကျွန်မ ဘယ်မှာအချိန်ရှိ လို့တုန်း၊ ကျွန်မ အဖေ့လို တစ်နေ့လုံး အချိန်ရနေတာ မဟုတ်ဘူး’

‘ဘာပြောချင်တာတုန်း နိုရီကို၊ ငါလဲတစ်နေကုန် အားရတယ်မရှိဘူး’ ကျုပ်သူ့ကို အတော်ကြာ စိုက်ကြည့်နေမိတယ်။ သူက နွမ်းနယ်တဲ့မျက်နှာနဲ့ ပန်းခြံဘက်ကိုသာ ကြည့်နေတယ်။ ကျုပ်လဲ မျက်နှာလွှဲလိုက်ပြီး သက်ပြင်းချ

http://www.cherrythitsar.org


လိုက်မိတယ်။ 'အလကားပဲ၊ ငြင်းနေလို့အကျိုးမရှိဘူး၊ နင့်အမေလဲ အဲသလို ပြောတတ်ပေတဲ့ အဆုံးမှာတော့ တို့နှစ်ယောက်စလုံး ရယ်ကြရတယ်'

အဲဒီလိုအခြေအနေမျိုး ရောက်လာတော့လဲ ကျုပ်ဟာ သူ့အတွက် ဘာတွေလုပ်နေတယ်ဆိုတာ ပြောပြလိုက်ချင်တယ်။ ကျုပ်ကသာပြောလိုက်ရင် ကျုပ်သမီးအနေနဲ့ အံ့အားသင့်သွားရုံမကဘူး။ ခုလိုမတော်မတည့် ပြန်ပြောနေတဲ့ သူ့အပြုအမူတွေနဲ့ ပတ်သက်လို့ ရှက်တောင်သွားပေဦးမယ်။ ပမာဆိုရစေရဲ့ အဲဒီနေ့ကဆို ကျုပ်က ကူရိဒါနေတဲ့ ယာနဂဝရပ်ကွက်အထိ သွားခဲ့တာပါ။

*　　　*　　　*

အဆုံးမှာတော့ ကူရိုဒါတစ်ယောက် ဘယ်မှာနေတယ်ဆိုတာ ရှာဖို့ သိပ်တော့မခက်လှပါဘူး။ အုအေမချီကောလိပ်မှာလုပ်တဲ့ အနုပညာ ပါမောက္ခ တစ်ယောက်က ကူရိုဒါရဲ့ လိပ်စာပေးရုံမကဘူး သူဘာလုပ်ကိုင်နေတယ် ဆိုတာပါ ပြောပြပါတယ်။ ဒီပါမောက္ခမှာက ကျုပ်ရဲ့ကျေးဇူး ရှိခဲ့ဖူးတာကိုး။ စစ်ကြီးပြီးလို့ သူ့ကို လွှတ်လိုက်ကြတဲ့နောက် သူ့အခြေအနေက ဆိုးဆိုးရွားရွား ကြီးလို့တော့ မဆိုနိုင်ဘူး။ အကျဉ်းချခံလိုက်ရတော့လဲ ကူရိုဒါအနေနဲ့ ပိုပြီး ခံနိုင်ရည်ရှိလာတယ်။ အပြင်ရောက်တော့လဲ တချို့အဖွဲ့အစည်းလေးတွေက စောင့်ရှောက်ကြသေးတာကိုး။ ဒီတော့လဲ သူ့အနေနဲ့ အလုပ်ရှာရတာ၊ သူပန်းချီ ပြန်ဆွဲဖို့ ကြိုးစားရတာတွေမှာ အထိုက်အလျောက်ပဲ အခက်အခဲရှိပါတယ်။ မနှစ်က နွေရာသီ စာစောပိုင်းလောက်မှာတော့ အုအေမချီကောလိပ်မှာ ပန်းချီသင်တဲ့ဆရာ အလုပ်ရသွားတယ်။

ခုလို ကူရိုဒါအနေနဲ့ ပြန်ပြီးသူ့ဘဝကို ထူထောင်နိုင်တာနဲ့ပတ်သက်လို့ ကျုပ်က ကျေနပ်မိရုံမက ဂုဏ်လဲယူမိပါတယ်။ ဒီလိုပြောတော့ ကျုပ်ကို ဟန်လုပ်ပြောတယ်လို့ ထင်ကောင်းထင်ကြဦးမယ်။ အမှန်မှာတော့ ဆရာတစ်ယောက်အနေနဲ့ ကိုယ့်တပည့်တပန်းတစ်ယောက်အတွက် ဂုဏ်ယူတယ်ဆိုတာ သဘာဝပါ။ အခြေအနေ တစ်ရပ်ရပ်ကြောင့် ဆရာနဲ့တပည့် မျက်မှန်းတန်း သွားရပေတဲ့ ဂုဏ်ယူတာဟာ သဘာဝပါပဲ။

ကူရိုဒါနေတာက သားသားနားနားရပ်ကွက်တော့ မဟုတ်ဘူး။ ယိုယွင်းနေတဲ့၊ အိမ်အိုအိမ်ဟောင်းတွေပြည့်နေတဲ့ လမ်းမြောင်ကလေးတစ်ခုထဲမှာ။ ကျုပ် အတော်ကြာကြာ လျှောက်လာပြီးတဲ့နောက် ကွန်ကရစ်ခင်းထားတဲ့

http://www.cherrythitsar.org


နေရာတစ်ခုကို တွေ့ရပါတယ်။ ကြည့်ရတာကတော့ စက်ရုံတစ်ခုရဲ့ ရှေ့ပိုင်းလိုပဲ ကုန်တင်ထရပ်ကားကြီးတွေ၊ ဘူဒိုဇာတွေ ရပ်ထားတာ တွေ့ရတယ်။ အဲဒီနောက် ခပ်လှမ်းလှမ်းမှာတော့ သံဆန်ခါကွက် စည်းရိုးကာထားတဲ့နောက်မှာ ဘူဒိုဇာတစ်စင်းက မြေထိုးနေတာတွေ့ရတယ်။ ကျုပ် မှတ်မိနေသေးတာက ကျုပ်လဲ အတော်ကြာအောင် ဘူဒိုဇာမြေထိုးတာကို ကြည့်နေမိတယ်ဆိုတာပဲ။ ဒီနောက်မှ သတိထားမိလိုက်တာက အဆောက်အအုံသစ်ကြီးတစ်ခုပဲ။ ကူရိုဒါက အဲဒီမှာနေတာ။

ကျုပ် ဒုတိယအထပ်ပေါ် တက်လာတဲ့အခါ စင်္ကြံလမ်းကလေးတစ်လျှောက်မှာ ကလေးလေး နှစ်ယောက် ဘိုင်စကယ်စီးနေကြလေရဲ့။ ကျုပ်လဲ ကူရိုဒါနေတဲ့အခန်း လိုက်ရှာမိတယ်။ ပထမအကြိမ် ကူရိုဒါအခန်းက ခေါင်းလောင်းကို နှိပ်လိုက်တော့ ဘာမှမတုံ့ပြန်ဘူး။ ဒီတော့လဲ ကျုပ်က သေချာအောင် နောက်တစ်ကြိမ်ထပ်ပြီး နှိပ်လိုက်မိတယ်။

အသက်နှစ်ဆယ်လောက် ရှိပုံရတဲ့ လူရွယ်တစ်ယောက် ရှင်ရှင်လန်းလန်းနဲ့ တံခါးဖွင့်လိုက်တယ်။

'ကျွန်တော်အလွန်ပဲ ဝမ်းနည်းပါတယ်'လို့ စိတ်ဝင်တစားရှိနေတဲ့ မျက်နှာနဲ့ တောင်းပန်လိုက်တယ်။ 'မစ္စတာကူရိုဒါ အပြင်သွားနေပါတယ်၊ ဆရာက မစ္စတာကူရိုဒါရဲ့ လုပ်ဖော်ကိုင်ဖက် တစ်ယောက်များလား'

'ဒီလိုလဲ ပြောနိုင်ပါတယ်၊ ကျုပ်မှာ မစ္စတာကူရိုဒါနဲ့ ဆွေးနွေးစရာကလေးတွေ ရှိလို့ပါ'

'ဒီလိုဆိုရင် အထဲဝင်လိုက်ပြီး စောင့်ပါခင်ဗျား၊ မစ္စတာကူရိုဒါ မကြာခင်ပဲ ရောက်တော့မှာပါ၊ ဆရာ့ကို မတွေ့လိုက်ရရင် သူ့အနေနဲ့ စိတ်မချမ်းမသာ ဖြစ်နေပါလိမ့်မယ်'

'ငါကတော့ မင်းကို ဒုက္ခပေးသလို မဖြစ်စေချင်ဘူး'

'မဖြစ်ပါဘူးခင်ဗျ၊ ကျေးဇူးပြုပြီး အထဲသာဝင်ပါ'

အခန်းကတော့ ခပ်ကျဉ်းကျဉ်းပဲ။ တခြားခေတ်ပေါ် တိုက်ခန်းကလေးတွေလိုပဲ။ အဝင်လမ်းရယ်လို့ သပ်သပ်မရှိဘူး။ အဝင်တံခါးရဲ့ ခပ်လှမ်းလှမ်းမှာ တာတာမီ ခင်းထားတာ။ တာတာမီပေါ် တက်တယ်ဆိုရာမှာလဲ သိပ်သိသိသာသာကြီး မဟုတ်ဘူး။ အဖြစ်လောက်ပဲလို့ ဆိုရမယ်။ နေရာကတော့ သပ်သပ်ရပ်ရပ်ပဲ။ နံရံမှာပန်းချီကား တော်တော်များများ ချိတ်ထားလိုက်တယ်။ ပြတင်းပေါက် အကျယ်ကြီးတွေနဲ့ဆိုတော့ နေရောင်လဲကောင်း

http://www.cherrythitsar.org


ကောင်းရတယ်။ အပြင်ဘက်က လသာဆောင်ကလေးကိုလဲ မြင်ရတယ်။ အပြင်ဘက်ကလာတဲ့ ဘူဒိဇာတွေရဲ့ အသံလဲ ကြားနေရတယ်။

'ဆရာ့အနေနဲ့ တခြားအလောသုံးဆယ်ကိစ္စ မရှိဘူးထင်ပါတယ်'လို့ လူရွယ်ကပြောရင်း ကျုပ်ထိုင်ဖို့ ခုံတစ်ခုချလိုက်ပါတယ်။ 'ဆရာသာ ပြန်သွားခဲ့ရင် မစ္စတာကူရိုဒါက ကျွန်တော့်ကို အပြစ်တင်လို့ ဆုံးမှာမဟုတ်ဘူး၊ ကျွန်တော့်ကို ခွင့်ပြုပါဦး၊ ဆရာ့အတွက် ကျွန်တော်လက်ဖက်ရည် ပြင်လိုက်ပါ ရစေ'

'ကျေးဇူးတင်ပါတယ်'လို့ ပြောရင်း ကျုပ်ထိုင်လိုက်တယ်။ 'ခင်ဗျားက မစ္စတာကူရိုဒါရဲ့ တပည့်လား'

လူအရွယ်က အသာရယ်လိုက်ပါတယ်။ 'မစ္စတာကူရိုဒါကတော့ ကျွန်တော့်ကို သူ့တပည့်ကျော်အဖြစ် ညွှန်းပါတယ်၊ ဒါပေတဲ့ ကျွန်တော့်ကိုယ် ကျွန်တော် အဲဒီလို အခေါ်ခံရလောက်တဲ့ အရည်အချင်းမှ ရှိရဲ့လားလို့ သံသယဖြစ်နေမိတယ်၊ ကျွန်တော့်နာမည်က အင်းချိုပါ၊ မစ္စတာကူရိုဒါက ကျွန်တော့်ကို ပန်းချီပညာသင်ပေးဖူးပါတယ်၊ အခုကောလိပ်မှာ အလုပ်တွေများနေတဲ့ အကြားက ကျွန်တော်ရေးဆွဲနေတာတွေနဲ့ ပတ်သက်လို့ အသွန်အသင် ရှိနေပါသေးတယ်'

'ဟုတ်လား'

အပြင်ဘက်က ဘူဒိဇာတွေအသံ ကြားနေရတယ်။ လူရွယ်ဟာ အတော်ကြာအောင် ဂနာမငြိမ်သလို ဖြစ်နေပြီးမှ ကျုပ်ဆီက ခွင့်တောင်းလိုက်တယ်။ 'ကျေးဇူးပြုပြီး ကျွန်တော့်ကို လက်ဖက်ရည် သွားတည်ခွင့်ပြုပါ'

မကြာခင် သူပြန်ထွက်လာတဲ့အခါ ကျုပ်က နံရံမှာရှိတဲ့ ပန်းချီကားတစ်ချပ်ကို ညွှန်ပြလိုက်ရင်း 'မစ္စတာကူရိုဒါရဲ့ လက်ရာပဲ၊ မမှားနိုင်ဘူး'လို့ ပြောလိုက်မိတယ်။

ဒီတော့ လက်ဖက်ရည်ဗန်း ကိုင်ထားတဲ့လူရွယ်က ရယ်လိုက်တယ်။ အတော်ကလေးအန်းသွားတဲ့ မျက်နှာမျိုးနဲ့ ပန်းချီကားကို ကြည့်လိုက်ရင်း။

'ဒီပန်းချီကားဟာ မစ္စတာကူရိုဒါရဲ့ လက်ရာမှီဖို့ ဝေးပါသေးတယ်' လို့ ပြန်ပြောတယ်။

'ဒါ မစ္စတာကူရိုဒါလက်ရာ မဟုတ်ဘူးလား'

'မဟုတ်ပါဘူးခင်ဗျ၊ ကျွန်တော့်လက်ရာပါ၊ ကျွန်တော့်ဆရာက ခုလိုချိတ်ထားဖို့ ကောင်းတယ်ဆိုလို့ ကျွန်တော်ချိတ်ထားတာပါ'

http://www.cherrythitsar.org


'တကယ်ပဲလား၊ ကောင်းတယ်... ကောင်းတယ်'

ကျုပ်က တခြားပန်းချီကားတွေလဲ လှမ်းကြည့်လိုက်မိတယ်။ လူရွယ်ကတော့ လက်ဖက်ရည်ဇုန်းကို ကျုပ်အနားက စားပွဲအနိမ့်ကလေးပေါ်မှာ ချလိုက်ရင်း သူပါထိုင်လိုက်တယ်။

'ဒါ မင်းရဲ့မူရင်း လက်ရာပဲလား၊ ကျုပ်အနေနဲ့ပြောရရင်တော့ မင်းမှာ အရည်အသွေး အများကြီးရှိတာပဲ၊ တကယ့်ကိုရှိတာပါ'

သူက ရှက်ကိုးရှက်ကန်း ဖြစ်သလိုနဲ့ ရယ်လိုက်ပြန်ပါတယ်။ 'မစ္စတာကူရိုဒါဆီမှာ တပည့်ခံခွင့်ရတာ ကျွန်တော် သိပ်ကံကောင်းပါတယ်၊ ကျွန်တော့်အနေနဲ့ လေ့လာဖို့အပုံကြီး လိုပါသေးတယ်'

'လက်ရာကတော့ မစ္စတာကူရိုဒါ အတိုင်းပဲ၊ စုတ်ချက်တွေကလဲ သူ့အတိုင်းပဲ'

လူရွယ်ဟာ လက်ဖက်ရည်အိုးကို ဘယ်လိုတည်ရမယ်မသိ ဖြစ်နေပုံရတယ်။ အိုးအဖုံးကိုတောင်ဖွင့်ပြီး အထဲကိုလှမ်းကြည့်လိုက်တာ ကျုပ်တွေ့လိုက်ရမိတယ်။

'မစ္စတာကူရိုဒါက ကျွန်တော့်အနေနဲ့ ကျွန်တော့်ဟန်ပါတဲ့ လက်ရာမျိုးဖြစ်အောင် ဆွဲနိုင်ဖို့ ကြိုးစားရမယ်လို့ ပြောလေ့ရှိပါတယ်၊ ကျွန်တော့်အနေနဲ့ကတော့ မစ္စတာကူရိုဒါရဲ့ လက်ရာကို သိပ်သဘောကျနေမိတယ်၊ ဒီတော့လဲ သူ့လက်ရာကိုမတုဘဲ မနေနိုင်ဘူး'

'ဆရာ့လက်ရာကို အထိုက်အလျောက် တုပတယ်ဆိုတာ မကောင်းဘူးတော့မဟုတ်ဘူး၊ ဆွဲနည်း၊ပြုနည်းကို အဲဒီလိုပဲ လေ့လာရတာကိုး၊ ဒါပေတဲ့ ကိုယ်ဟန်၊ ကိုယ့်လက်ရာဆွဲနိုင်ဖို့တော့ ကြိုးစားရမယ်၊ အထူးသဖြင့် မင်းလို အရည်အသွေးရှိတဲ့ လူတစ်ယောက်အနေနဲ့ ကိုယ့်စိတ်ကူး ကိုယ့်လက်ရာ သန့်သန့် ရေးနိုင်အောင် ကြိုးစားရမယ်၊ ဒါမှလဲ မင်းရဲ့အနာဂတ်မှာ အောင်မြင်မှာ၊ မစ္စတာကူရိုဒါအနေနဲ့ မင်းလက်ရာတွေကို စိတ်ဝင်စားတယ်၊ တန်ဖိုးထားတယ်ဆိုတာ တကယ်တော့ မဆန်းဘူး'

'မစ္စတာကူရိုဒါရဲ့ကျေးဇူး ကျွန်တော့်မှာ ဘယ်လောက်ရှိတယ်ဆိုတာ ဘယ်ကစပြောရမှန်းတောင် မသိလောက်အောင်ပါ၊ ခုဆို၊ ကျွန်တော် ဒီအခန်းမှာ လာကပ်နေရတာပါ၊ ဒီမှာလာနေတာ နှစ်ပတ်လောက် ရှိနေပါပြီ၊ ကျွန်တော် ငှားနေတဲ့အခန်းက နှင်ချခံရလို့ မစ္စတာကူရိုဒါက စောင့်ရှောက်ထားတယ်လို့ ပြောရပါမယ်၊ ကျွန်တော့်ကို စောင့်ရှောက်ထားပုံကတော့ ဘယ်လိုပြောရမှန်း

http://www.cherrythitsar.org


တောင် မသိတော့ပါဘူး'

'မင်းငှားနေတဲ့ အခန်းက နှင်ချခံရတယ် ဟုတ်လား'

'ဟုတ်ပါတယ်'လို့ ပြောရင်း လူရွယ်က ရယ်ပြန်တယ်။ 'ကျွန်တော့် အနေနဲ့ အခန်းခမှန်မှန်ပေးပါတယ်၊ ဒါပေတဲ့ ကျွန်တော့်အနေနဲ့ ဘယ်လောက်ပဲ သတိထား... သတိထား၊ ပန်းချီဆေးတွေက ဟိုဖိတ်၊ ဒီဖိတ် ဖိတ်လေတော့ အခန်းရှင်က နှင်ချလိုက်တော့တာပါပဲ'

ကျုပ်တို့နှစ်ယောက်သား ရယ်မိကြပြန်တယ်။ ပြီးမှ ကျုပ်ကပြောပြ ရတယ်။

'ကျုပ်ကိုခွင့်လွှတ်ပါ၊ စာနာစိတ်မရှိဘဲ ရယ်လိုက်တယ်တော့ မထင် ပါနဲ့၊ ကျုပ်ပန်းချီဆရာဘဝ အစမှာလဲ ခုလိုပြဿနာမျိုးနဲ့ တိုးခဲ့ရတာ သတိ ရမိလို့ပါ၊ တကယ်လို့ မင်းအနေနဲ့ ပန်းချီကို တကယ်ဆွဲတော့မယ်ဆိုရင်ဖြင့် နေရာ လုံလုံလောက်လောက်ရှိဖို့ လိုတာတော့ အမှန်ပဲ'

ကျုပ်တို့နှစ်ယောက်သား ရယ်ကြပြန်တယ်။

'ဆရာက တကယ်အားပေးတာပဲ'လို့ ပြောရင်း လက်ဖက်ရည်ကို ငှဲ့ထည့်လိုက်တယ်။ 'မစ္စတာကူရိုဒါ မကြာခင် ရောက်တော့မှာပါ၊ ပြန်ဖို့မလော စေချင်ပါဘူး၊ မစ္စတာကူရိုဒါ အနေနဲ့လဲ ဆရာ လုပ်ကိုင်ပေးခဲ့တာတွေအတွက် ကျေးဇူးတင်ချင်နေတာပါ'

ကျုပ် အတော်ကလေး အံ့အားသင့်သွားလို့ သူ့ကိုကြည့်လိုက်မိတယ်။ 'မစ္စတာကူရိုဒါက ကျုပ်ကို ကျေးဇူးတင်မယ်လို့ မင်းထင်လို့လား'

'ကျွန်တော့်ကို ခွင့်ပြုပါ၊ ဆရာက ကော်ဒွန်အသင်းက မဟုတ်ဖူး လား'

'မဟုတ်ပါဘူး၊ ကော်ဒွန်အသင်းဆိုတာက ဘာတုန်း'

လူရွယ်က ကျုပ်ကိုကြည့်လိုက်ရင်း သူမျက်နှာမှာ အရင်က တွေ့ လိုက်ရတဲ့ မရေရာမှုတွေ ပေါ်လာပြန်တယ်။ 'ကျွန်တော့်ကို ခွင့်လွှတ်ပါ၊ ကျွန်တော့်အမှားပါ၊ ဆရာ့ကို ကော်ဒွန်အသင်းကလို့ ထင်လို့ပါ'

'ကျုပ်က အဲဒီကမဟုတ်ဘူး၊ မစ္စတာကူရိုဒါရဲ့ အသိဟောင်းတစ် ယောက်ပါ'

'ဩော်... အသိဟောင်း ဟုတ်လား'

'ဟုတ်ပါတယ်၊ အဲဒီလို ပြောလို့ရမယ်ထင်တယ်' ကျုပ်က နံရံမှာ ချိတ်ထားတဲ့ လူရွယ်ရဲ့ ပန်းချီကားကို ကြည့်လိုက်မိပြန်တယ်။ 'အင်း...

http://www.cherrythitsar.org


အရည်အချင်းရှိတာပဲ၊ တကယ့်ကို အရည်အချင်းရှိတာပဲ' အဲဒီအချိန်မှာ လူရွယ်ဟာ ကျုပ်ကို အသေအချာ စူးစိုက်ကြည့်နေတာ ကျုပ်သတိထားလိုက်မိတယ်။ နောက် ကျုပ်ကိုမေးတယ်။

'ဆရာ့နာမည်ကလေး တစ်ဆိတ်လောက် အမိန့်ရှိပါ'

'ကျုပ်ကိုခွင့်လွှတ်ပါ၊ ကျုပ်နာမည်မပြောမိတာ ရိုင်းသွားတယ်၊ ကျုပ်နာမည်က အိုနိုပါ'

'သြော်...'

လူရွယ်ဟာ ထရပ်လိုက်ပြီး ပြတင်းပေါက်ဆီ လျှောက်သွားတယ်။ အဲဒီအခါ ကျုပ်က အငွေ့ထွက်နေတဲ့ လက်ဖက်ရည်ခွက်နှစ်ခွက်ကိုပဲ ကြည့်နေမိတယ်။ ဒါနဲ့ကျုပ်က မေးလိုက်မိတယ်။

'မစ္စတာကူရိုဒါ ကြာဦးမှာလား'

ပထမတော့ လူရွယ်က ဘာမှပြန်ပြောမယ် မဟုတ်ဘူးလို့ ကျုပ်က ထင်မိလိုက်တယ်။ ဒါပေတဲ့ လူရွယ်ဟာ ပြတင်းပေါက်ဘက်ကနေ ပြန်လှည့်မကြည့်ဘဲ ဖြေလိုက်တယ်။ 'တကယ်လို့ သူတော်တော်နဲ့ ပြန်မရောက်သေးဘူးဆိုရင် ခင်ဗျားအနေနဲ့ တခြားလုပ်စရာ ရှိတာတွေကိုသာလုပ်ပါ၊ ဒီမှာစောင့်မနေပါနဲ့'

'မင်းအတွက် ဒုက္ခမများဘူးဆိုရင် ကျုပ်နည်းနည်း ထပ်စောင့်စေချင်တယ်၊ ကျုပ် ဒီကို တကူးတကကြီး လာခဲ့ရတာ'

'မစ္စတာကူရိုဒါကို ခင်ဗျားလာကြောင်း ပြောလိုက်ပါမယ်၊ သူ့အနေနဲ့ စာရေးကောင်းရေးလိမ့်မယ်'

အပြင်ဘက်က စကြိုလမ်းမှာတော့ စက်ဘီးစီးနေကြတဲ့ ကလေးတွေဟာ နံရံကို သူတို့စက်ဘီးနဲ့ ဝင်တိုးလိုက်ကြရင်း တစ်ယောက်ကိုတစ်ယောက် အော်ဟစ်နေကြလေရဲ့။ အဲဒီတုန်း ကျုပ်ကလဲ တွေးလိုက်မိတယ်။ ခု ပြတင်းပေါက်နားမှာ ရှိနေတဲ့ လူရွယ်လဲ စိတ်ကောက်တဲ့ ကလေးတစ်ယောက်လို ပါပဲလားလို့။

'ကျုပ်အခုလို ပြောရတာကို ခွင့်လွှတ်ပါ၊ မစ္စတာအင်းချီ'လို့ ကျုပ်က စပြောလိုက်တယ်။ 'ခင်ဗျားအနေနဲ့ သိပ်ငယ်ဦးမှာပါ၊ မစ္စတာကူရိုဒါနဲ့ ကျုပ်တို့ စတွေ့ကြတဲ့အခါကဆိုရင် ခင်ဗျားဟာ ကလေးပဲ ရှိဦးမှာပါ၊ အကြောင်းစုံကို အသေးစိတ်မသိဘဲ လိုရာဆွဲပြီး ကောက်ချက်ချတာမျိုး မလုပ်သင့်ဘူးလို့ ကျုပ်ပြောချင်တယ်'

http://www.cherrythitsar.org


'အသေးစိတ်ဟုတ်လား'လို့ ပြောရင်း သူက ကျုပ်ဘက်လှည့်လိုက်တယ်။ 'ဒီမှာ ဆရာသမားရဲ့ အသေးစိတ်ကို ခင်ဗျားသိကောသိရဲ့လား၊ သူဘာတွေ ခံစားနေရတယ်ဆိုတာများ သိရဲ့လား'

'မစ္စတာအင်းချိ၊ ကိစ္စအတော်များများဟာ မြင်ရ၊ ကြားရတာထက် ပိုပြီးရှုပ်ထွေးပါတယ်၊ ခင်ဗျားတို့အရွယ် လူငယ်တွေရဲ့အမြင်ဟာ သာမန်ကြည့်မြင်တတ်ကြတာမျိုးပါ၊ ဘယ်လိုပဲဖြစ်ဖြစ် ဒီကိစ္စကို ကျုပ်တို့နှစ်ယောက်အခြေအတင် ပြောနေကြလို့ ဘာမှအကျိုးများမှာမဟုတ်ဘူး၊ ကျုပ်အနေနဲ့ကတော့ ခင်ဗျားအနေနဲ့ ဘယ်လိုမှ သဘောမထားဘူးဆိုရင် မစ္စတာကူရိုဒါကို စောင့်ချင်သေးတယ်'

'ကျွန်တော့်အနေနဲ့ ပြောရရင် ဒီမှာစောင့်နေမယ့်အစား တခြားလုပ်စရာရှိတာတွေ သွားလုပ်စေချင်တယ်၊ မစ္စတာကူရိုဒါ ပြန်လာရင် ကျွန်တော်ပြောပြလိုက်ပါမယ်' ဒီအထိတော့ လူရွယ်ဟာ တတ်နိုင်သလောက် ယဉ်ယဉ်ကျေးကျေးဆက်ဆံဖို့ ကြိုးစားထားပုံရတယ်။ ဒီနောက်တော့ သူ့စိတ်သူမထိန်းနိုင်တော့ဘူး ထင်တယ်။ 'ပွင့်ပွင့်လင်းလင်းပြောရရင် ခင်ဗျား ဒီကိုလာရဲတာ ကျွန်တော်တော့ အံ့အားသင့်မိတယ်၊ ဒီကို မိတ်ဆွေတစ်ယောက်အနေနဲ့လာတာများ အံ့ပါ'

'ကျုပ်ဟာ မိတ်ဆွေတစ်ယောက်အနေနဲ့ လာတာပါ၊ ကျုပ်ပြောစမ်းပါရစေ၊ ကျုပ်ကို လက်ခံတွေ့ဆုံဖို့၊ မတွေ့ဆုံဖို့ဆိုတာ မစ္စတာကူရိုဒါကသာ ဆုံးဖြတ်ရမှာပါ'

'ဆရာသမား မစ္စတာကူရိုဒါအကြောင်း ကျွန်တော် ကောင်းကောင်းသိပါတယ်၊ ကျွန်တော့်အနေနဲ့ပြောရရင် ခင်ဗျားပြန်တာ အကောင်းဆုံးပဲ၊ သူက ခင်ဗျားကို တွေ့ချင်မှာမဟုတ်ဘူး'

ကျုပ်လဲ သက်ပြင်းတစ်ချက်ချလိုက်ပြီး မတ်တတ်ထရပ်လိုက်မိတယ်။ လူရွယ်ဟာ ပြတင်းပေါက်ရဲ့ အပြင်ဘက်ကို ကြည့်နေတယ်။ ကျုပ်က ချိတ်ထားတဲ့ဦးထုပ်ကို လှမ်းယူလိုက်တဲ့အခါမှာ လူရွယ်က ကျုပ်ကိုလှည့်ကြည့်လိုက်တယ်။ 'အသေးစိတ်ဟုတ်လား၊ မစ္စတာအိုနို'လို့ စပြောလိုက်တယ်၊ သူ့အသံဟာ ထူးထူးခြားခြားငြိမ်နေတယ်။ 'တကယ်တော့ ခင်ဗျားသာ အသေးစိတ်တွေကို မသိတာပါ၊ သိထားရင် ခင်ဗျား ဒီကိုလာရဲမှာ မဟုတ်ပါဘူး၊ ဥပမာပြောရရင် မစ္စတာကူရိုဒါရဲ့ လက်မောင်းအကြောင်း ခင်ဗျားသိသလား၊ ခင်ဗျား ဘာမှမသိပါဘူး၊ သူ့အနေနဲ့ သိပ်နာနေပေတဲ့ အစောင့်အကြပ်တွေက

http://www.cherrythitsar.org


စစ်ကြီးပြီးတဲ့အထိ မသိချင်ယောင်ဆောင် နေခဲ့တယ်၊ ဒဏ်ရာရထားတာကို သတင်းမပို့ကြဘူး၊ ဒါပေတဲ့ နောက်ထပ် ညှဉ်းဆဲစရာ ရှိလာရင်တော့ ဒီဒဏ်ရာကို မမေ့ကြဘူး၊ သစ္စာဖောက်တဲ့သူကို သစ္စာဖောက်လို့ ခေါ်ကြသတဲ့၊ နေ့စဉ်နေ့တိုင်းပဲ၊ ခုတော့ ကျွန်တော်တို့ အားလုံးသိကြပြီပဲ၊ ဘယ်သူတွေဟာ သစ္စာဖောက်တွေဆိုတာ'

ကျုပ်ဖိနပ်ကို ကြိုးချည်ပြီးသွားလို့ တံခါးပေါက်ဘက် လျှောက်လာ လိုက်တယ်။

'ခင်ဗျား ကမ္ဘာကြီးနဲ့ ရှုပ်ထွေးပွေလီ နေပုံကိုသိဖို့ သိပ်ငယ်ပါသေး တယ်၊ မစ္စတာအင်းချိ'

'ဘယ်သူတွေဟာ သစ္စာဖောက်တွေဆိုတာ ကျွန်တော်တို့အားလုံး သိကြပါတယ်၊ အများစုဟာ လွတ်နေသေးတယ်'

'မစ္စတာကူရိဒါကိုသာ ကျုပ်လာသွားကြောင်း ပြောလိုက်ပါ၊ ဖြစ်နိုင် ရင် ကျုပ်ဆီစာရေးဖို့ ပြောလိုက်ပါ၊ ကောင်းသောနေ့ပါ၊ မစ္စတာအင်းချိ'

အမှန်အတိုင်းပြောရရင်တော့ လူရွယ်ပြောလိုက်တဲ့ စကားတွေကြောင့် ကျုပ်စိတ်ထဲ ကသိကအောက် မဖြစ်မိပါဘူး။ ခုလို ကျုပ်သမီးနိုရီကိုအတွက် စေ့စပ်ကြောင်းလမ်းတဲ့ကိစ္စ လုပ်နေတုန်း ကျုပ်ရဲ့အတိတ်နဲ့ ပတ်သက်လို့ အင်းချိလို ကူဒါရိုကလဲ မကျေနိုင်မချမ်းနိုင် ဖြစ်နေမှာကို တွေးမိတော့ စိတ်ထဲ အနှောင့်အယှက်ဖြစ်မိတယ်။ အဖေဆိုတော့လဲ အဖေ့အလုပ် လုပ်ရမှာပဲ။ ကျေနပ်တာ၊ မကျေနပ်တာ အပထားပြီး ကျုပ်အိမ်ပြန်ရောက်တာနဲ့ အဲဒီညနေ ပိုင်းမှာ ကူရိဒါဆီ စာတစ်စောင်ရေးလိုက်တယ်။ ကျုပ်အနေနဲ့ သူနဲ့တွေ့ချင် ကြောင်း၊ သူနဲ့ အရေးကြီးတဲ့ကိစ္စ ဆွေးနွေးချင်ကြောင်း ရေးလိုက်တယ်။ ကျုပ်ရဲ့စာက ရင်းနှီးတဲ့လေ၊ မိတ်မပျက်ချင်တဲ့လေမျိုးနဲ့ ရေးလိုက်တယ်။ ဒါပေတဲ့ နောက်ရက်အတော်ကြာတဲ့အခါ ကူရိဒါဆီက ပြန်စာရတော့ စိတ်မချမ်းမသာ ဖြစ်ရပြန်တယ်။ သူက ခပ်ပြတ်ပြတ် ရေးလိုက်တာကိုး။

'ကျွန်တော်တို့နှစ်ယောက် တွေ့ကြလို့ အကျိုးရှိမှာ မဟုတ်ဘူးလို့ ကျွန်တော်ထင်တယ်'လို့ ကျုပ်တပည့်က စာပြန်တယ်။ 'ကျွန်တော့်ဆီလာ တွေ့တဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ကျွန်တော့်အနေနဲ့ ခင်ဗျားရဲ့ အကျိုး စီးပွားနဲ့ ပတ်သက်လို့ ဒုက္ခပေးစရာ အကြောင်းမရှိပါ'တဲ့။

ကူရိဒါနဲ့ ပတ်သက်တဲ့ ဒီကိစ္စအကြောင်း ကျုပ်စိတ်ထဲ သိပ်မကြည် ဘူးဆိုတာ ကျုပ်ဝန်ခံရလိမ့်မယ်။ ကျုပ်သမီး စေ့စပ်ကြောင်းလမ်းတဲ့ကိစ္စ

http://www.cherrythitsar.org


အတွက် ကျုပ်ဘာသာ အကောင်းဘက်က တွေးထားတာတွေကို ထိခိုက်သွားခဲ့တယ်ဆိုရမယ်။ ကျုပ်အရင်က ပြောခဲ့သလိုပဲ။ ကျုပ်ကလဲ သမီးကို စကားကုန် ပြောမပြလေတော့ ကျုပ်သမီးက ကျုပ်လုပ်ရမယ့်အလုပ်ကို ကျုပ်မလုပ်ဘူးလို့မြင်ပြီး ပိုသောကပွားတော့တာပဲ။

စေ့စပ်ကြောင်းလမ်းဖို့ တွေ့ဆုံကြရမယ့်နေ့ ရောက်တော့ နိုရီကိုကို ကြည့်ရတာ အတော် စိတ်လှုပ်ရှားနေပုံရတယ်။ ကျုပ်အနေနဲ့ စိတ်ပူမိတာက ဆိုက်တိုမိသားစုတွေရှေ့မှာ ကျုပ်သမီး အထိုင်ကျပါ့မလား ဆိုတာပဲ။ ဆိုက်တိုမိသားစုအနေနဲ့က အစစ အဆင်ပြေအောင် ကြိုးစားကြမှာပါ။ ဒီတော့ ညနေစောင်းရောက်တဲ့အခါ နိုရီကို ကို စိတ်ပြောင်းအောင်ပြောမှ၊ ဆိုမှလို့ ကျုပ်တွေးမိတယ်။ ဒါကြောင့် ကျုပ်ထိုင်ပြီး သတင်းစာဖတ်နေတုန်း ထမင်းစားခန်းထဲ နိုရီကို ဖြတ်လျှောက်သွားတာ တွေ့လိုက်လို့ ကျုပ်က ခုလိုပြောလိုက်တာပဲ။

'တယ်ဟုတ်ပါလား နိုရီကို၊ ဘယ်လိုလုပ်ပြီး တစ်နေကုန် ဘာမှမလုပ်ဘဲ အလှထိုင် ပြင်နေနိုင်တာတုန်း၊ ငါ့သမီးက ခုတစ်ခါတည်း လက်ထပ်တော့မှာလား'

'အဖေ့လိုပဲပေါ့၊ လုပ်စရာရှိတာ လုပ်ပြီးသလိုလိုနဲ့ တကယ်တော့ ဘာမှမပြီးတာမျိုးပဲ'လို့ ပြန်ပြောတယ်။

'ငါက အချိန်မှ သိပ်မလိုတာ'လို့ ပြောရင်း ရယ်လိုက်တယ်။ 'အံ့ပါကွာ၊ တစ်နေ့ကုန် အလှပြင်ရတယ်လို့'

'ဒါအဖေ့ပြဿနာပဲ၊ အဖေက ခုလိုကိစ္စမျိုးအတွက် ပြင်ပြင်ဆင်ဆင်ရှိရမယ့်နေရာမှာ မာနခံနေတတ်တာကိုး'

ကျုပ်က သူ့ကိုအံ့ဩပြီး ကြည့်လိုက်မိတယ်။ 'နိုရီကို နင်ဘာပြောချင်တာတုန်း၊ ငါဘယ်လို 'မာနတွေ' ခံနေလို့တုန်း'

ကျုပ်သမီးက အသာလှည့်ထွက်သွားပြီး သူ့ဆံပင်ကို ပြင်နေတယ်။

'နိုရီကို၊ 'မာနတွေခံနေတယ်'ဆိုတာ ဘာကိုဆိုလိုတာတုန်း ဘာပြောချင်တာတုန်း'

'အဖေ့အနေနဲ့ ကျွန်မရဲ့အနာဂတ်နဲ့ ပတ်သက်လို့ ဂရုတစိုက်မရှိဘူးဆိုရင် ကျွန်မနားလည်ပါတယ်၊ လောလောဆယ်မှာတော့ အဖေ့အနေနဲ့ သတင်းစာတောင် ဖတ်လို့မပြီးသေးဘူး'

'ဟော… နင်စကားလမ်းလွှဲလိုက်ပြန်ပြီ၊ ခုနက နင်ပြောလိုက်တာက ငါက'မာနတွေခံနေတယ်'ဆို၊ ဘာလို့ ဆက်မပြောသလဲ'

http://www.cherrythitsar.org


'အချိန်ကျရင် အဖေ့ကို တင့်တောင်းတင့်တယ် မြင်ရလိမ့်မယ်လို့ ကျွန်မမျှော်လင့်ထားတယ်'လို့ပြောပြီး နိုရီကိုက အခန်းထဲဝင်သွားတော့တယ်။

အဲဒီအခါ ကျုပ်အနေနဲ့ အရင်နှစ်က မိယာကီမိသားစုနဲ့ လုပ်တဲ့ ကြောင်းလမ်းပွဲကို သတိရလိုက်မိတယ်။ အဲဒီတုန်းက နိုရီကိုအနေနဲ့ ခုလို စိတ်လှုပ်ရှားပုံမရဘူး။ အခုနဲ့က တခြားစီပဲ။ တစ်ခုတော့ရှိတယ်။ ဂျီရိုမိယာကီကို သူက ကောင်းကောင်းသိထားတာကိုး။ သူတို့အချင်းချင်း လက်ထပ်ဖြစ်ကြလိမ့်မယ်လို့တောင် နိုရီကိုအနေနဲ့ ယုံကြည်ထားတယ်လို့ ကျုပ်ပြောရဲတယ်။ ဒီတော့လဲ နှစ်ဖက်သောမိဘများနဲ့ တွေ့ဆုံပွဲလုပ်တယ်ဆိုတာက အစဉ်အလာရှိလို့ လုပ်ရတာမျိုးထက် မပိုဘူးပေါ့။ စေ့စပ်ကြောင်းလမ်းတာ ပျက်သွားရတဲ့အတွက်တော့ နိုရီကိုမှာ ခါးသီးပြီးကျန်ခဲ့မယ်။ ဒါပေတဲ့ သူထင်ချင်ရာထင်ပြီး ကျုပ်ကိုစွပ်စွဲတာမျိုးတော့ ပြောဖို့မကောင်းဘူး။ ကျုပ်သမီး စိတ်ပြောင်းသွားအောင် ပြောတဲ့စကားကလဲ မအောင်မြင်လှဘူး။ အဲဒီညနေ ကဆူဂပတ်ဟိုတယ်မှာလုပ်မယ့် ကျုပ်သမီးအတွက် ကြောင်းလမ်းပွဲကို ကျုပ်တို့သားအဖ စိတ်ကြည်ကြည်သာသာနဲ့ သွားကြရတယ် မဆိုနိုင်ဘူး။

*   *   *

မြို့ရဲ့အနောက်တိုင်းဆန်ဆန် ဆောက်ထားတဲ့ ဟိုတယ်ကောင်းတွေထဲမှာ ကဆူဂပတ်ဟိုတယ်လဲ နှစ်အတော်ကြာ စာရင်းဝင်ခဲ့တယ်။ ခုတော့ ဟိုတယ်အုပ်ချုပ်သူတွေက အခန်းတွေကို အတော်ပြန်ပြီး ပြုပြင်ထားကြတယ်။ ဟိုတယ်က 'ဂျပန်ဆန်တယ်'လို့ နာမည်ရလေတော့ အမေရိကန်ခရီးသည်တွေ မျက်စိကျအောင် ပြန်ပြုပြင်ထားတယ်လို့ ဆိုရမယ်။ မစ္စတာကယို ငှားထားတဲ့အခန်းက သင့်ပါတယ်။ ပြတင်းပေါက်တွေက ကျယ်တော့ ခပ်လှမ်းလှမ်းက ကဆူဂတောင်ကုန်းရဲ့ နောက်ဘက်ခြမ်းအပါအဝင် မြို့ရဲ့မီးရောင်တွေကိုပါ အောက်ဘက်ခပ်လှမ်းလှမ်းမှာ တွေ့ရတယ်။ အခန်းထဲမှာတော့ စားပွဲဝိုင်းကြီးနဲ့ နောက်မှီမြင့်မြင့်ကုလားထိုင်တွေနဲ့။ နံရံမှာချိတ်ထားတဲ့ ပန်းချီလက်ရာကတော့ မတ်ဆုမိုတိုရဲ့ လက်ရာပဲ။ သူ့ကိုတော့ စစ်ကြီးမတိုင်ခင်က သိတယ်ဆိုရုံပဲ သိလိုက်ရပါတယ်။

ကျုပ်စိတ်ထဲမှာက ကြည်ကြည်လင်လင် သိပ်မဟုတ်လေတော့ ကျုပ်က ခါတိုင်းထက်ပိုပြီး မြန်မြန်သောက်လိုက်မိတယ်။ ဒီတော့လဲ အဲဒီညနေဘက်က အကြောင်းတွေကို ပြန်စဉ်းစားတဲ့အခါ တချို့အပိုင်းတွေက သိပ်ပီပီပြင်ပြင်မရှိဘူး။ ကျုပ်ရဲ့သမက်အဖြစ် လက်ခံရမယ့် တာရိုဆိုက်တိုကိုတော့ တွေ့တွေ့ချင်းပဲ သဘောကျစရာကောင်းတဲ့ လူငယ်တစ်ယောက်လို့ မြင်လိုက်မိတယ်။ ပညာအရည်အချင်းရှိတဲ့လူမျိုး၊ တာဝန်သိတတ်တဲ့လူမျိုး ဖြစ်ရုံမကဘူး။ သူ့အဖေလို အမူအကျင့်ကောင်းမယ့် လူတစ်ယောက်ပဲလို့ သိသာတယ်။ ကျုပ်တို့ရောက်လာတဲ့အခါ ကျုပ်နဲ့နိုရီကိုတို့ကို လက်ခံဆက်ဆံပုံ

http://www.cherrythitsar.org


ကြည့်ရင်း ကျုပ်က သူ့လိုလူငယ်တစ်ယောက်ကို သတိရလိုက်မိတယ်။ တခြားလူမဟုတ်ဖူး။ ဆက်ဆူကိုရဲ့ယောကျ်ား ဆူအိချီပဲ။ ခုလို အနေအထားမျိုးမှာပဲ။ အဲဒီတုန်းက အင်ပီရီးရယ် အင်းမှာလုပ်တဲ့ ဆက်ဆူကိုရဲ့စေ့စပ်ပွဲ။ ဒီတော့ ကျုပ်စိတ်ထဲမှာတောင် နှစ်အတော်ကြာတဲ့အခါ အခု မွန်မွန်ရည်ရည်နဲ့ တွေ့ရတဲ့ တာရိဆိုက်တိုတစ်ယောက်လဲ ဆူအိချီလိုပဲ ပြောင်းလဲသွားလေမလားလို့ တွေးမိလိုက်တယ်။ ဒါ့ကြောင့်လဲ တာရိဆိုက်တိုတစ်ယောက် ဆူအိချီလို ခါးသီးဖို့ကောင်းတဲ့ အတွေ့အကြုံတွေနဲ့ မတိုးရလေအောင် ဆုတောင်းရမှာပဲ။

ဒေါက်တာဆိုက်တိုကတော့ ထုံးစံအတိုင်းပဲ။ သူက အင်မတန်ထိန်းထိန်းသိမ်းသိမ်းရှိတဲ့ လူမျိုးပဲ။ ကျုပ်တို့နှစ်ယောက်ဟာ အဲဒီညနေအထိ တစ်ယောက်ကိုတစ်ယောက် တရားဝင်မိတ်ဆက် မထားကြရသေးပေတဲ့ နှစ်အတော်ကြာကြာကပဲ တစ်ယောက်အကြောင်း တစ်ယောက်ကြားပြီး၊ သိပြီးသားပါ။ လမ်းတွေ့ရင် မိုးတိုးမတ်တတ် နှုတ်ဆက်ကြတာလောက်တော့ ရှိခဲ့တယ်။ သူ့ဇနီးက အသက်ငါးဆယ်လောက် ရှိတယ်။ ဥပမိရုပ်က ကောင်းကောင်းရယ်။ ကျုပ်နဲ့က ခဏပဲ နှုတ်ဆက်လိုက်ရတယ်။ သို့ပေတဲ့ သူ့ယောကျ်ားလိုပဲ ထိန်းထိန်းသိမ်းသိမ်းရှိမယ့် လူမျိုးပဲ။ တော်ရုံအကျဉ်းအကျပ်နဲ့တိုးရင် စိတ်အေးအေးနဲ့ ကိုင်တွယ်ဖြေရှင်းနိုင်မယ့် သူမျိုးပါ။ ဆိုက်တိုမိသားစုတွေထဲက ကျုပ်သိပ်ဘဝင်မကျတာကတော့ သားအငယ်ဖြစ်တဲ့ မစ်ဆူအိုပဲ။ ကျုပ်အထင် သူက အသက်နှစ်ဆယ်သာသာလောက် ရှိဦးမှာ။

အဲဒီညနေအကြောင်း ခုလိုပြန်တွေးတဲ့အခါ မစ်ဆူအိုကို တွေ့တွေ့ချင်း ကျုပ်စိတ်ထဲ ကြည်ကြည်လင်လင် မရှိလိုက်တာ သွားသတိရနေမိတယ်။ ဘာ့ကြောင့်မှန်းတော့ မသိဘူး။ ဖြစ်နိုင်တာကတော့ ကူရိဒါအခန်းမှာတွေ့လိုက်ခဲ့ရတဲ့ အင်းချိုကို သွားသတိရမိလို့လားတော့ မဆိုနိုင်ဘူး။ ကျုပ်တို့စပြီး စားကြသောက်ကြတဲ့အခါ မစ်ဆူအိုကို စိတ်ထဲ ခိုးလိုးခုလုဖြစ်နေတာ ပိုလာတယ်။ အဲဒီအထိတော့ သူက ဣန္ဒြေရရပါ။ ဘာမှ ထွေလီကာလီ မလုပ်ရှာပါဘူး။ သို့ပေတဲ့ ကျုပ်ကိုကြည့်ပုံ သိပ်သဘောမကျဘူး။ ကျုပ်ကို အစားအသောက်လှမ်းပေးပုံလဲ ကျုပ် သိပ်မကြိုက်ဘူး။ ကျုပ်အပေါ် သိပ်လိုလိုလားလားမရှိတဲ့ ပုံပေါ်နေတယ်လို့ ကျုပ်ထင်တယ်။

အဲဒီလို စားသောက်နေတာ အတော်ကလေးကြာလာတော့ ကျုပ်ခေါင်းထဲ အတွေးတစ်ခု ဖျတ်ခနဲဝင်လာတယ်။ ဒါက မစ်ဆူအိုဟာ သူတို့မိသားစုအားလုံးနဲ့ ဘာမှမခြားဘူး။ တစ်ခုရှိတာက ဟန်ကောင်းကောင်း

http://www.cherrythitsar.org


မဆောင်တတ်တာပဲ။ အဲဒီလိုကစလို့ မစ်ဆူအိုကို ကြည့်လိုက်တဲ့အခါ သူတို့ မိသားစုရဲ့ အတွေးထဲမှာ ဘာတွေရှိနေတယ်ဆိုတာကို ပြနေတာရယ်လို့ မြင်လာတယ်။ သူက ကျုပ်ထိုင်နေတာနဲ့ လှမ်းနေတာကတစ်ကြောင်း၊ သူ့အနား ထိုင်နေတဲ့ မစ္စတာကယိုနဲ့ စကားလက်ဆုံ ကျနေတာတွေကြောင့် အဲဒီအချိန် အထိ သူနဲ့ကျုပ် ဘာမှကြီးကြီးကျယ်ကျယ် မပြောဖြစ်လိုက်ကြဘူး။

'မစ္စနိုရီကို၊ ရှင်စန္ဒရားတီးတာ ဝါသနာပါတယ်လို့ ကျွန်မ ကြားရတယ်'လို့ အစချီပြီး မစ္စစ်ဆိုက်တိုက ပြောတာ ကျုပ်မှတ်မိလိုက်တယ်။

နိုရီကိုက နည်းနည်းရယ်လိုက်ပြီး 'ကျွန်မသေသေချာချာ လေ့ကျင့်ဖို့ အချိန်မရပါဘူး'လို့ ပြန်ဖြေလိုက်တယ်။

'ကျွန်မလဲ ငယ်ငယ်ကတော့ တီးတယ်'လို့ မစ္စစ်ဆိုက်တိုက ဆက်ပြန်တယ်။ 'ခုတော့ အလေ့အကျင့် မရှိတော့ဘူး၊ ကျွန်မတို့ မိန်းမတွေမှာ ဒါတွေလိုက်စားဖို့ အချိန်နည်းတာပဲ မဟုတ်ဘူးလား'

'ဟုတ်ပါတယ်'လို့ ကျုပ်သမီးက ဖြေတယ်။ စိတ်က လှုပ်ရှားနေပုံရတယ်။

'ကျွန်တော်ကတော့ ဂီတနဲ့ပတ်သက်ရင် ညံ့တယ်'လို့ တာရိုဆိုက်တိုက ဝင်ပြောလိုက်တယ်။ နိုရီကို ကိုလဲ ခပ်ရဲရဲကြည့်လိုက်တယ်။ 'ကျွန်တော့် အမေက ကျွန်တော့်ကို နားထိုင်းနေတယ်လို့တောင် ပြောတာ၊ ဒီတော့လဲ ကျွန်တော့်မှာ ကျွန်တော်ဘာကြိုက်တယ်ဆိုတာတောင် ရဲရဲမပြောဝံ့ဘူး၊ ဘယ်ဂီတပညာရှင်လက်ရာကို သဘောကျရမယ်ဆိုတာတောင် အမေ့ကိုမေးနေရတယ်'

'မဟုတ်က၊ ဟုတ်ကတွေ'လို့ မစ္စစ်ဆိုက်တိုက ပြောလိုက်တယ်။

'ဒီလို မစ္စနိုရီကို'လို့ပြောရင်း တာရိုက ဆက်ပြန်တယ်။ 'တစ်ခါက ကျွန်တော့်မှာ ဘာ့(က)ရဲ့ပီယာနို ကွန်ရှယ်ဒိုတွေရှိတယ်၊ ကျွန်တော်ကတော့ သိပ်ကြိုက်တာ၊ ဒါပေတဲ့ အမေက ဝေဖန်လို့ မပြီးနိုင်ဘူး၊ ကျွန်တော်ဟာ နားအရသာ မခံတတ်ဘူးရယ်လို့လဲ ဝေဖန်တာက လွန်ပါရော၊ အမှန်ပြောရရင် ကျွန်တော့်ဆန္ဒ မှန်သမျှဟာ အမေ့ကို မကျော်နိုင်ဘူး၊ ဒီတော့ ခုဆိုဘာ့(က)ကို နားမထောင်ဖြစ်တော့ဘူး၊ မစ္စနိုရီကိုအနေနဲ့ ကျွန်တော့်ဖက်က စစ်ကူပေးစမ်းပါ၊ ဘာ့(က)ကို ကြိုက်တယ်မဟုတ်လား'

'ဘာ့(က)ဟုတ်လား' နိုရီကိုဟာ မရေမရာဖြစ်နေရှာတယ်၊ ဒီနောက် အသာပြုံးရင်း 'ကြိုက်ပါတယ်၊ အတော်ကြိုက်ပါတယ်'လို့ ဖြေလိုက်တယ်။

http://www.cherrythitsar.org


'အား' တာရိုဆိုက်တိုက အနိုင်ရလိုက်တဲ့ လေမျိုးနဲ့ စကားဆက်ပြန်တယ်။ 'ဒီတစ်ခါတော့ အမေ့အမြင်တွေ ပြန်ပြီးသုံးသပ်ဖို့ လိုလာပြီ'

'ကျွန်မသားက ပေါက်တတ်ကရတွေ ပြောတာပါ မစ္စနိုရီကို၊ ကျွန်မအနေနဲ့ ဘာ့(က)ရဲ့လက်ရာ အားလုံးကို ခြုံငုံဝေဖန်တာ မဟုတ်ပါဘူး၊ တစ်ခုလောက်ပြောစမ်းပါ၊ စန္ဒရားနဲ့ပတ်သက်ရင် ရှုပင်က ပိုပြီးအားကောင်းတယ်လို့ မထင်ဘူးလား'

'မှန်ပါတယ်'လို့ နိုရီကိုက ဖြေလိုက်တယ်။

အဲဒီညနေဘက် စောစောပိုင်းမှာတော့ နိုရီကိုအဖို့ ဒီလောက်ပဲ ဖြေနိုင်တယ်။ ကျုပ်အနေနဲ့ ပြောရရင် ဒီထက်လဲ ပိုပြီးမျှော်လင့်မထားပါဘူး။ နိုရီကိုက မိသားစုအကြားမှာ၊ ရင်းနှီးတဲ့မိတ်ဆွေ အပေါင်းအသင်းတွေအကြား၊ မှာဆိုရင် အာသွက်ရာသွက်နဲ့။ ရယ်ရွှန်းဖတ်ရွှန်းလဲ ပြောတတ်တယ်။ ဒါပေတဲ့ တကယ့်ပွဲလမ်းသဘင် လူပုံအလယ်မှာဆိုရင်တော့ အသံမနည်းထွက်အောင် ကြိုးစားရတယ်။ ဒီတော့လဲ ဘေးကကြည့်ရင် သိပ်အားရစရာ မရှိဘူး။ ခု ဒီတွေ့ဆုံပွဲမှာက ဒီအချက်က အရေးကြီးတယ်။ ဆိုက်တိုမိသားစုတွေက ရှေးကျတဲ့အစဉ်အလာကို လက်ခံတာမဟုတ်တော့ မိန်းမမှန်ရင် နှုတ်ပိတ်နေရမယ်ဆိုတာမျိုးကို မကြိုက်ကြဘူး။ မစ္စစ်ဆိုက်တိုတို့လို ခေတ်မီအထက်တန်းလွှာကလဲ တစ်သဘောတည်းပဲ။ ကျုပ်လဲ အရင်ကတည်းက တွေးမိတယ်။ ဒီတော့ နိုရီကို ကို ဒီတွေ့ဆုံပွဲကျရင် သူ့အနေနဲ့ ပေါ့ပေါ့ပါးပါး သွက်သွက်လက်လက်ဖြေဖို့၊ ပြုဖို့ ကျုပ်ပြောပြခဲ့ဖူးတယ်။ သူကလဲ ကျုပ်နဲ့ တစ်သဘောတည်းပါပဲ။ ဒါပေတဲ့ ပွင့်ပွင့်လင်းလင်းနဲ့ ပုံမှန်အတိုင်းပဲ ဖြေချင်တယ်လို့ဆိုတယ်။ ဒါပေတဲ့ ခုလိုမေးတစ်ခွန်း၊ ဖြေတစ်ခွန်းလောက်သာ ဖြစ်နေတဲ့အခါ ကျုပ်မှာ စိတ်ပူစရာဖြစ်လာတယ်။ ဆိုက်တိုတွေ ပြောသမျှကို နိုရီကိုက မျက်နှာချင်းဆိုင် မဖြေရဲသလို ဖြစ်နေတာ တွေ့ရတော့ နိုရီကိုတစ်ယောက်ဖြင့် စိတ်အတော်လှုပ်ရှားနေမယ်ဆိုတာ ကျုပ်တွေးလိုက်မိတယ်။

နိုရီကို ပြဿနာကလွဲလို့ ထမင်းစား စားပွဲတစ်ခုလုံးမှာ အဆင်ပြေနေကြတယ်။ ဒေါက်တာဆိုက်တိုကတော့ သက်သောင့်သက်သာပဲ။ ကျုပ်လဲ အဲဒီလိုနေဖို့ပါပဲ။ ဒါပေတဲ့ မစ်ဆူအိုက ကျုပ်ကို ကြည့်နေတတ်တာကို သတိထားမိတော့ ကိုယ့်ကိုယ်ကို ထိန်းနေရသပေါ့။ စားနေသောက်နေကြတုန်း ဒေါက်တာဆိုက်တိုဟာ ကုလားထိုင်နောက်မှီကို စိတ်လွတ်လက်လွတ် မှီလိုက်ရင်း ခုလိုပြောလိုက်တာ ကျုပ်သတိရမိတယ်။

http://www.cherrythitsar.org



'မြို့လယ်မှာ ဒီကနေ့ ပိုပြီးဆန္ဒပြပွဲတွေ လုပ်နေကြတယ်၊ မစ္စတာအိုနို၊ ကျုပ်ဒီကနေ့ နေ့ခင်းပိုင်းက ဓာတ်ရထားပေါ်မှရှိတုန်း နဖူးမှာဒဏ်ရာရထားတဲ့ လူတစ်ယောက် ဓာတ်ရထားပေါ်တက်လာတယ်၊ သူက ကျုပ်ဘေးမှာ ဝင်ထိုင်တော့ ကျုပ်ကလဲ ဘာဘာညာညာမေးရင်း ဆေးခန်းသွားဖို့ ပြောလိုက်တယ်၊ ဒီတော့ ဘာဖြစ်တယ် ထင်သလဲ၊ ဒီလူက ဆရာဝန်ဆီက ပြန်လာတာတဲ့၊ ခုဆန္ဒပြနေတဲ့ သူတွေဆီ ပြန်သွားမလို့ဆိုပဲ၊ ကိုင်း... ခင်ဗျား ဘယ်လိုသဘောရသတုန်း မစ္စတာအိုနို'

ဒေါက်တာဆိုက်တို ပြောတာကတော့ သာမန်သဘောပါပဲ။ ကျုပ်သိထားလိုက်မိတာက နိုရီကိုအပါအဝင် တစ်စားပွဲလုံးက ကျုပ် ဘာများပြန်ဖြေမလဲဆိုတာ စောင့်နေကြတယ်။ ကျုပ်အထင်လဲ ဖြစ်ချင်ဖြစ်မယ်။ ဒါပေတဲ့ အဲဒီတုန်းက မစ်ဆူအိုကတော့ ကျုပ်ဘာပြန်ဖြေမလဲ ဆိုတာကို စိတ်ဝင်တစားနဲ့ သိသိသာသာကြီး စောင့်ကြည့်နေတာကိုတော့ ကျုပ်သတိရနေသေးတယ်။

'အင်မတန်ဝမ်းနည်းဖို့ ကောင်းတာအမှန်ပဲ၊ လူတွေအများကြီး အနာတရ ဖြစ်ကုန်ကြရတယ်၊ လူတွေအနေနဲ့လဲ သွေးဆူနေကြမှာ အမှန်ပဲ'

'ရှင်ပြောတာအမှန်ပဲ မစ္စတာအိုနို'လို့ မစ္စဆိုက်တိုက ဝင်ပြောတယ်။ 'လူတွေ သွေးဆူနေကြတာတော့ အမှန်ပဲ၊ ဒါပေတဲ့ လူတွေဟာ လွန်ကုန်ကြပြီ၊ လူအတော်များများလဲ ဒဏ်ရာအနာတရ ဖြစ်ကြကုန်တယ်၊ ကျွန်မယောက်ျားကတော့ အားလုံးကောင်းဖို့ ဖြစ်လာတာဆိုပဲ၊ ကျွန်မတော့ ဘာကိုဆိုလိုမှန်းနားကိုမလည်ဘူး'

ကျုပ်က ဒေါက်တာဆိုက်တိုများ တစ်ခုခု ဝင်ပြောမလား မျှော်လင့်မိတယ်။ ဒါပေတဲ့ အားလုံးက ကျုပ်ဘာပြောမလဲဆိုတာပဲ စောင့်နေကြတာကိုး။

'ခင်ဗျားပြောတဲ့အတိုင်းပါပဲ'လို့ ကျုပ်သံယောင် လိုက်လိုက်ရတယ်။

'လူတွေအများကြီး ဒဏ်ရာအနာတရ ဖြစ်ကြရတာ ဝမ်းနည်းစရာပဲ'

'မစ္စတာအိုနို ကျုပ်မိန်းမကတော့ ထုံးစံအတိုင်း ကျုပ်ပြောတာကို တလွဲပြောနေတာပါ' ဒေါက်တာဆိုက်တိုက ဝင်ပြောတယ်။ 'ကျုပ်က ခုလိုရုန်းရင်းဆန်ခတ် ဖြစ်နေတာတွေကို ကောင်းတယ်လို့ တစ်ခါမှ မပြောခဲ့ပါဘူး၊ ကျုပ်မိန်းမကို ပြောပြနေခဲ့တာက ဒီလိုလူတွေ ဒဏ်ရာအနာတရ ဖြစ်ကြရတာတွေရဲ့နောက်မှာ အကြောင်းရှိတယ် ဆိုတာပါ၊ ဘယ်သူကမှ ခုလို အနာတရဖြစ်ကြရတာကို မကြည့်ချင်ကြပါဘူး၊ လူတွေအနေနဲ့ သူတို့အမြင်၊ သူတို့

http://www.cherrythitsar.org


ဆန္ဒကို ဖော်ထုတ်ပြချင်တယ်၊ ဒါက နောက်ခံအကြောင်းတရားပဲ၊ အဲဒီလို ဖော်ထုတ်ကြတာဟာ သန့်မာတာပဲ။ ကောင်းတာပဲ။ ခင်ဗျားကော ဒီလိုမထင်ဘူးလား မစ္စတာအိုနို’

ကျုပ်က အသာဆိုင်းနေလိုက်တယ်။ ကျုပ် ဘာမှမပြောရသေးခင် တာရှိဆိုက်တိုက ဝင်ပြောလိုက်တယ်။

‘ဒါပေတဲ့ အဖေရယ်၊ အခုဆို တရားလက်လွတ်တွေ ဖြစ်ကုန်ကြပြီ၊ အများသဘောဆန္ဒ ဖော်ထုတ်တယ်ဆိုတာက အင်မတန် သိမ်မွေ့တဲ့သဘောပါ၊ လူတွေအနေနဲ့ သူတို့နဲ့ သဘောထားချင်း မတူညီတာ ပေါ်လာတိုင်း ထပြီး ရန်းရင်းဆန်ခတ် လုပ်ကြရမယ်လို့မှ မဆိုလိုတာ၊ အဲဒီအနေအထားကိုကြည့်ပြီး ပြောကြရရင် ကျွန်တော်တို့ ဂျပန်တွေဟာ ကလေးတွေနဲ့တူနေတယ်၊ ကျွန်တော်တို့အနေနဲ့ အများသဘောဆန္ဒ ဖော်ထုတ်တယ်ဆိုတဲ့ကိစ္စကို တာဝန်ရှိရှိ လုပ်တတ်ဖို့ လေ့လာကြရဦးမယ်’

‘ဒီဟာကတော့ အဆန်းပဲဟေ့’လို့ ဒေါက်တာဆိုက်တိုက ရယ်ရင်း ပြောလိုက်တယ်။ ‘ဒီကိစ္စနဲ့ပတ်သက်လို့ အဖေက သားထက် ပိုပြီးသဘောထားကြီးနေပါကလား၊ တာရှိပြောတာ မှန်ပါလိမ့်မယ်၊ လောလောဆယ်မှာတော့ ကျုပ်တို့တိုင်းပြည်ဟာ လမ်းစမ်းလျှောက်နေတဲ့၊ စမ်းပြီးပြေးကြည့်နေတဲ့ ကောင်ကလေးတစ်ယောက်လိုပဲ၊ ဒါပေတဲ့ ကျုပ်ပြောခဲ့သလိုပဲ၊ ကျောထောက်နောက်ခံအကြောင်းတရားက သန့်မာတယ်၊ ကောင်းနေတယ်၊ ကလေးကို ဘယ်သူကမှ အိမ်ထဲမှာ သော့ခတ်ပြီး ပိတ်မထားချင်ဘူး၊ အဲဒီလိုမထင်ဘူးလား မစ္စတာအိုနို၊ ဒါမှမဟုတ်ရင် ကျုပ်မိန်းမနဲ့သား ပြောသလို ကျုပ်ပဲ သိပ်ပြီးသဘောထားကြီးမိနေသလား’

ကျုပ်ကတော့ မပြောတတ်ဘူး။ ကျုပ်ပဲ အမြင်မှားမိသလား။ ကျုပ် စောစောက ပြောခဲ့သလို သောက်တာပဲ မြန်သွားသလား မသိဘူး။ ဆိုက်တို မိသားစုအထဲက အမြင်တွေဟာ အံ့ဩဖို့ ကောင်းလောက်အောင် မတူကြဘူးလို့တော့ ကျုပ်မထင်မိဘူး။ မတူညီမှုတော့ ရှိပါတယ်။ မစ်ဆူအိုကတော့ ကျုပ်ကို ကြည့်နေတာ သတိထားမိလိုက်တယ်။

‘ဟုတ်ပါတယ်’လို့ ကျုပ်ပြောလိုက်တယ်။ ‘လူတွေထပ်ပြီး အနာတရ မဖြစ်ကြရဖို့ မျှော်လင့်နေရမှာပဲ’

အဲဒီအခါ တာရှိဆိုက်တိုက စကားပြောင်းပစ်လိုက်တယ်။ နိုရီကိုကို မြို့ထဲမှာ အသစ်ဖွင့်တဲ့ ကုန်တိုက်ကြီးနဲ့ ပတ်သက်လို့ ဘယ်လိုသဘောရ

http://www.cherrythitsar.org


သလဲလို့ မေးလိုက်တယ်။ အတော်ကလေးကြာအောင် ကျုပ်တို့ အသေးအမွှား အလေးထားစရာမရှိတဲ့ အကြောင်းတွေလောက် ပြောနေဖြစ်ကြတယ်။

ဒီလို နှစ်ဦးနှစ်ဖက် တွေ့ဆုံပွဲမျိုးဟာ တကယ်တော့ သတို့သမီး လောင်းတွေအတွက် သိပ်မလွယ်လှဘူးလို့ ဆိုရမယ်။ အထူးသဖြင့် စိတ်လှုပ် ရှားမှုရှိနေတုန်း တချို့မေးခွန်းတွေကို ဖြေရတာ မိန်းကလေးတွေဖက်ကကြည့် ရင် အတော်ကလေး မတရားရာ ကျပါတယ်။ ဒါပေတဲ့ ကျုပ်အနေနဲ့ ပြော ရရင် နိုရီကိုအနေနဲ့တော့ ဒီအခြေအနေတွေကို သိပ်ပြီး ဆိုးဆိုးရွားရွားအဖြစ်နဲ့ လက်ခံလိမ့်မယ်လို့ ထင်မထားမိဘူး။ တဖြည်းဖြည်းနဲ့ အချိန်နှောင်းလာလေ၊ နိုရီကိုရဲ့ သူ့ကိုယ်သူ ယုံကြည်ချက် ရှိထားတာတွေဟာ တဖြည်းဖြည်းပျောက် ကွယ်လာလေ ဖြစ်ပုံရပါတယ်။ နောက်ပိုင်းမှာ နိုရီကိုအဖို့ 'ဟုတ်တယ်' 'မဟုတ်ဘူး' လောက်ပဲ ဖြေနိုင်တော့တယ်။ ကျုပ်မြင်ရသလောက်ဖြင့် တာရို ဆိုက်တိုက နိုရီကို ကို အတော်ကလေး သက်သောင့်သက်သာဖြစ်အောင် ပြောဆိုနေတယ်။ ခက်တာက ခုလို နှစ်ဦးနှစ်ဖက် တွေ့ဆုံကြရာမှာ ယောကျ်ား ကလေးအနေနဲ့ သိပ်ပြီး တိုက်တိုက်တွန်းတွန်း မလုပ်မိဖို့လဲ သတိထားနေရ သေးတာကိုး။ နောက်တစ်ချက်က တာရိုဆိုက်တို ရယ်စရာလေးများ စပြီး ပြောလိုက်တာတွေဟာ အဆုံးသတ်မှာ အားလုံးနှုတ်ပိတ်သွားစရာ ဖြစ်သွား တတ်တယ်။ ကျုပ်အနေနဲ့က နိုရီကို အခုလို ကြုံတွေ့နေရတဲ့ အကျပ်အတည်း ကိုကြည့်နေရင်း မနှစ်က မအောင်မြင်ခဲ့တဲ့ ကြောင်းလမ်းပွဲကို သတိရမိ လိုက်တယ်။ အခုနဲ့ လုံးလုံးမတူဘူး။ အဲဒီတုန်းက နိုရီကိုနဲ့ဂျီရိုမီယာကီ တို့နှစ်ယောက်သား စားပွဲဟိုဖက်ထိပ်၊ ဒီဖက်ထိပ်မှာထိုင်ပြီး မကြာမကြာ ကလေးကလား ကြည့်နေတတ်ကြလို့ ကျုပ်ဒေါသတောင် ထွက်မိခဲ့သေးတယ်။ နှစ်ဦးနှစ်ဖက် တွေ့ဆုံကြရတဲ့ အစဉ်အလာတွေကိုတောင် သရော်ရာ ကျနေ သေးတော့တယ်။

'ခင်ဗျားမှတ်မိသေးလား မစ္စတာအိုနို'လို့ ဒေါက်တာဆိုက်တိုက စကားစလိုက်ပြန်တယ်။ 'နောက်ဆုံးတစ်ခေါက် ခင်ဗျားနဲ့ ကျုပ်တွေ့တုန်းက ကျုပ်တို့နှစ်ယောက်စလုံးသိတဲ့ လူတစ်ယောက်အကြောင်း ပြောကြတာလေ၊ မစ္စတာကူရိဒါလေ'

'အား... ဟုတ်ပ'

'ကျုပ်သား...'လို့ ပြောရင်း ဒေါက်တာဆိုက်တိုက မစ်ဆူအိုကို ညွှန်းလိုက်တယ်။ 'သူက လောလောဆယ် အုအေမချိကောလိပ်မှာ တက်

http://www.cherrythitsar.org


နေတယ်၊ မစ္စတာကူရိုဒါလုပ်နေတဲ့ ကောလိပ်လေ’

‘ဟုတ်လား’လို့ ကျုပ်က မစ်ဆူအိုဖက် လှည့်မေးလိုက်တယ်။ သူနဲ့ကျုပ် ခုထိ ဘာမှရေရေရာရာ မပြောဖြစ်သေးဘူး။ ‘ခင်ဗျား မစ္စတာကူရိုဒါနဲ့ ကောင်းကောင်းသိသလား’

‘သေချာတော့မသိဘူး’လို့ သူကဖြေတယ်။ ‘ကျွန်တော်က အနုပညာဖက်မှာ သိပ်အရည်အချင်းမရှိတော့ ပန်းချီပါမောက္ခနဲ့ အထိုက်အလျောက်ပဲ အဆက်အသွယ်ရှိပါတယ်’

‘မစ်ဆူအို၊ မစ္စတာကူရိုဒါက အပြောအဆိုကောင်းတယ် မဟုတ်လား’ လို့ ဒေါက်တာဆိုက်တိုက ဝင်ပြီးမေးလိုက်တယ်။

‘မှန်ပါတယ်’

‘မစ္စတာအိုနိုဟာ တစ်ခါက မစ္စတာကူရိုဒါနဲ့ ရင်းနှီးခဲ့တာပေါ့၊ မင်းသိသလား’

‘ကြားဖူးပါတယ်’လို့ မစ်ဆူအိုက ဖြေတယ်။

အဲဒီနေရာရောက်တော့ တာရိုဆိုက်တိုက စကားလမ်းလွှဲဖို့ အားထုတ်ပြန်တယ်။

‘မစ္စနိုရီကို၊ ကျွန်တော့်မှာ ဂီတနဲ့ပတ်သက်လို့ နားမခံစားတတ်တာအတွက် ကျွန်တော့်ဘာသာ စဉ်းစားလက်ခံထားတာ တစ်ခုရှိတယ်၊ ကျွန်တော် ငယ်ငယ်တုန်းက၊ ကျွန်တော်တို့အိမ်က စန္ဒရားကို အသံညှိမထားကြဘူး၊ အမေက နေ့စဉ်လိုလိုပဲ အဲဒီအသံညှိမထားတဲ့ စန္ဒရားကြီးကိုတီးပြီး အတီးကျင့်လေ့ရှိတယ်၊ ကျွန်တော်က သိတတ်စအရွယ်ဆိုတော့ နေ့စဉ်အမေတီးနေတာကို နားထောင်ရတာပေါ့၊ ကျွန်တော်ထင်တယ် အဲဒီကတည်းက ကျွန်တော့်မှာ ဂီတနဲ့ပတ်သက်လို့ နားက ပြဿနာတက်ခဲ့တာပဲ ထင်တယ်၊ မဟုတ်ဘူးလား မစ္စနိုရီကို’

‘ဟုတ်ပါတယ်’လို့ ဖြေပြီး နိုရီကိုက မျက်နှာလွှဲဖို့ အားထုတ်ပြန်တယ်။

‘ကြည့်၊ အဲဒါပဲ ကျွန်တော့်အနေနဲ့ အမေ့အပြစ်ပဲလို့ အမြဲလက်ခံထားတယ်၊ အမေကအမြဲလို ကျွန်တော့်ကို နားမကောင်းဘူးရယ်လို့ ပြောလေ့ရှိတယ်၊ အမှန်တော့ ကျွန်တော့်ကို သက်သက်မတရားပြောတာပဲ၊ မဟုတ်ဘူးလား၊ မစ္စနိုရီကို’

နိုရီကိုက ဘာမှပြန်မပြောဘဲ ပြုံးနေလိုက်တယ်။

အဲဒီတုန်းမှာ မစ္စတာကယိုက ရယ်စရာတစ်ခု ဝင်ပြောတယ်။ သူက ခုထိ မယ်မယ်ရရ ဘာမှ မပြောရသေးဘဲကိုး။ အဲဒီလိုပြောနေတုန်း ကျုပ်ကလဲ မစ်ဆူအိုဆိုက်တိုဖက်ကို လှည့်လိုက်ပြီး ခုလို မေးလိုက်မိတယ်။

‘မစ္စတာကူရိုဒါကတော့ ခင်ဗျားကို ကျုပ်အကြောင်းတွေ ပြောမယ်လို့ထင်တယ်’

မစ်ဆူအိုက အဆန်းတကြယ်လိုဖြစ်ပြီး မော့ကြည့်လိုက်တယ်။

‘ဆရာကြီးအကြောင်း ဟုတ်လား’လို့ ပြောပြီး ခဏထိုင်နေလိုက်တယ်။ ‘ရံဖန်ရံခါတော့ ဆရာကြီးနာမည်ကို ညွှန်းလေ့ရှိပါတယ်၊ ကျွန်တော်က သူနဲ့ သိပ်ရင်းနှီးလှတယ် မဟုတ်ဘူး၊ မစ္စတာကူရိုဒါအနေနဲ့က’လို့ ပြောရင်း မစ်ဆူအိုရဲ့ အသံပျောက်သွားတယ်၊ စစ်ကူတောင်းတဲ့ မျက်နှာမျိုးနဲ့ သူ့အဖေနဲ့ အမေကို လှမ်းကြည့်လိုက်တယ်။

‘ကျုပ်ထင်ပါတယ်’လို့ ပြောရင်း ဒေါက်တာဆိုက်တိုက ဝင်ပြောတယ်။ သူကအသံကို တမင်ထိန်းပြောနေသလိုမျိုးပဲ။ ‘မစ္စတာကူရိုဒါက မစ္စတာအိုနိုကို ကောင်းကောင်းကြီး မှတ်မိမှာပါ’

‘ကျုပ်ကတော့ ထင်တယ်’လို့ စလိုက်ရင်း မစ်ဆူအိုကို ကျုပ်ကြည့်လိုက်ပြန်တယ်။ ‘မစ္စတာကူရိုဒါအနေနဲ့ ကျုပ်ကို အထင်ကြီးစရာရှိမှာ မဟုတ်ဘူး’

မစ်ဆူအိုဟာ သူ့အဖေနဲ့အမေကို အားကိုးတကြီးနဲ့ ကြည့်လိုက်ပြန်တယ်။ ဒီတစ်ကြိမ်မှာတော့ မစ္စဆိုက်တိုက ဝင်ပြောတယ်။

‘မဟုတ်တာဘဲ၊ မစ္စတာအိုနိုနဲ့ပတ်သက်လို့ သူ့အနေနဲ့ အလွန်တန်ဖိုးထားမှာပါလို့ ကျွန်မယုံတယ်’

‘ဒီလိုရှိပါတယ် မစ္စဆိုက်တို’လို့ ကျုပ်က အသံခပ်ကျယ်ကျယ်နဲ့ ပြောလိုက်မိတယ်။ ‘တချို့က ကျုပ်ရဲ့ ပန်းချီပညာရှင်ဘဝမှာ မလိုလားအပ်တဲ့ လွှမ်းမိုးမှုတွေ ရှိခဲ့တယ်လို့ မြင်ထားကြတယ်၊ အဲဒီလွှမ်းမိုးမှုတွေဟာ ခုတော့ မေ့လျော့ပစ်၊ ဖျောက်ဖျက်ပစ်ကြပါပြီ၊ ကျုပ်အနေနဲ့ ဒီအမြင်ကို မသိတာတော့ မဟုတ်ဘူး၊ ကျုပ်ထင်တယ် မစ္စတာကူရိုဒါကတော့ ဒီအမြင်ကို လက်လွှတ်မှာ မဟုတ်သေးဘူး’

‘ဟုတ်လား’လို့ ဒေါက်တာဆိုက်တိုက ပြောတယ်။ ဒေါက်တာဆိုက်တိုဟာ နှုတ်တိုက်စာအံနေတဲ့၊ ကျောင်းသားတစ်ယောက်ကို ကြည့်နေတဲ့

http://www.cherrythitsar.org


ဆရာလို ကျုပ် ဘာများဆက်ဦးမလဲဆိုတာကို စောင့်ကြည့်နေတယ်လို့ ကျုပ်ထင်တယ်။

'ဟုတ်တယ်၊ ကျုပ်အနေနဲ့က ကျုပ်မှာ အဲဒီလွှမ်းမိုးမှုတွေ ရှိခဲ့တယ်ဆိုတာ ဝန်ခံဖို့အသင့်ပဲ'

'မစ္စတာအိုနိုအနေနဲ့ ကိုယ့်ကိုကိုယ် အဲဒီလို သဘောမထားသင့်ဘူးထင်တယ်'လို့ တာရိဆိုက်တိုက ဝင်ပြောတယ်။ သူ့စကား မဆက်နိုင်ခင် ကျုပ်က ဆက်လိုက်ပြန်တယ်။

'ကျုပ်တို့နိုင်ငံအနေနဲ့ ဆိုးဆိုးရွားရွား ဖြစ်ခဲ့ရတဲ့ ကိစ္စအတွက် ကျုပ်တို့လို လူတွေမှာ တာဝန်ရှိတယ်လို့ ပြောနေကြတဲ့ လူတွေရှိတယ်၊ ကျုပ်အနေနဲ့ ပြောရရင် အမှားတွေ လုပ်ခဲ့မိတယ်ဆိုတာ ဝန်ခံရဲတယ်၊ ကျုပ်လုပ်ခဲ့ကိုင်ခဲ့တာတွေက နိုင်ငံကို တကယ်ပဲ နစ်နာစေခဲ့တယ်၊ ကျုပ်လုပ်ခဲ့တဲ့အပိုင်းက လွှမ်းမိုးမှုတွေဖြစ်ခဲ့တယ်၊ ဒီလွှမ်းမိုးမှုတွေကြောင့် ကျုပ်တို့လူမျိုးမှာ ခံစားစရာ ဝေဒနာတွေ ပေါ်ခဲ့ရတယ်၊ ကျုပ်ဝန်ခံပါတယ်၊ ခင်ဗျားအမြင်ပဲ၊ ကျုပ်ဝန်ခံပါတယ် ဒေါက်တာဆိုက်တို'

ဒေါက်တာဆိုက်တိုဟာ ရှေ့ကို အသာငိုက်လိုက်ပါတယ်။ သူ့မျက်နှာကတော့ ဝေခွဲလို့မရတဲ့ ပုံမျိုးပဲ။

'ကျုပ်ကိုခွင့်လွှတ်ပါ၊ မစ္စတာဆိုက်တို'

'ခင်ဗျားလုပ်ခဲ့တာတွေကို ခင်ဗျားဘဝင်မကျခဲ့ဘူးလို့ ဆိုလိုတာလား၊ ခင်ဗျားရေးတဲ့ ပန်းချီကားတွေကိုလား'

'ကျုပ်ရဲ့ပန်းချီကားတွေ၊ ကျုပ်ရဲ့အသင်အပြတွေ၊ ခင်ဗျားအမြင်ပဲ ဒေါက်တာဆိုက်တို၊ ကျုပ်ဝန်ခံပါတယ်၊ ကျုပ်လုပ်ခဲ့သမျှဟာ ကျုပ်လူမျိုးရဲ့အကျိုးစီးပွားအတွက် ရည်ရွယ်ပြီး ရိုးရိုးသားသား လုပ်ခဲ့တာပါ၊ ဒါပေတဲ့ ကျုပ်မှားခဲ့တယ်ဆိုတာ အခုဝန်ခံဖို့ ကျုပ်မကြောက်ပါဘူး ခင်ဗျားအမြင်ပဲ'

'မစ္စတာအိုနို၊ ခင်ဗျားအနေနဲ့ ကိုယ့်ကိုကိုယ် ရက်စက်လွန်းတယ်ထင်တယ်'လို့ တာရိဆိုက်တိုက ခပ်မြူးမြူးကလေးနဲ့ ဝင်ပြောလိုက်တယ်။ ပြီးမှ နိုရီကိုဖက်လှည့်ပြီး မေးလိုက်တယ်။ 'မစ္စနိုရီကို၊ ကျွန်တော့်ကို တစ်ခုလောက် ပြောပြစမ်းပါ၊ ခင်ဗျားအဖေဟာ သူ့ကိုယ်သူ အမြဲပဲ တင်းကျပ်ထားသလား'

နိုရီကိုက ကျုပ်ကို ဘာပြောရမှန်းမသိပဲ ကြည့်နေတုန်း။ တာရိဆိုက်တိုက ခုလိုပြောလိုက်တော့ အငိုက်မိသလို ဖြစ်သွားတယ်။ တစ်ညနေလုံး

http://www.cherrythitsar.org


ငြိမ်နေခဲ့တဲ့ နိုရီကို ခဏျာမှာလဲ ပြောစရာ စကားစရသလို ဖြစ်သွားတော့တယ်။

'အဖေက မတင်းကျပ်ပါဘူး၊ ကျွန်မကသာ အဖေ့ကိုတင်းတင်း ကျပ်ကျပ်နဲ့ စည်းကမ်းထုတ်နေရတာ၊ မဟုတ်ရင် အဖေဟာ ဘယ်တော့မှ မနက်စာစားဖို့ အိပ်ရာက ထမှာမဟုတ်ဘူး'

'ဟုတ်လား'လို့ တာရိဆိုက်တိုက ပြန်မေးလိုက်တယ်။ ခုမှပဲ၊ သူလဲ နိုရီကိုနဲ့ ထွေရာလေးပါးပြောဖို့ စကားအစ ရသွားတာကိုး။ 'အဖေလဲ အိပ်ရာ ထနောက်ကျတယ်၊ အသက်ကြီးတဲ့လူတွေက လူငယ်တွေလောက် မအိပ်ကြဖူးလို့တော့ ပြောကြတာပဲ၊ ဒါပေတဲ့ ကျွန်တော်တို့ အတွေ့အကြုံအရဆိုရင် အဲဒါမမှန်နိုင်ဘူး'

နိုရီကိုကလဲ ရယ်ပြီးပြန်ပြောတယ်။ 'ဒါကတော့ အဖေတွေပဲ ဖြစ်မှာပါ၊ ကျွန်မထင်တယ်၊ မစ္စစ်ဆိုက်တိုမှာတော့ စောစောအိပ်ရာထဖို့ ပြဿနာ ရှိမယ်မဟုတ်ဘူး'

'ကောင်းကွာ'လို့ ဒေါက်တာဆိုက်တိုက ကျုပ်ကိုကြည့်ရင်း မှတ်ချက်ချလိုက်တယ်။ 'ကျုပ်တို့တောင် ဘယ်မှ မသွားရသေးဘူး၊ သူတို့က ကျုပ်တို့ကို ရယ်စရာလုပ် ပြောနေကြပြီ'

စေ့စပ်ကြောင်းလမ်းပွဲဟာ အဲဒီကစလို့ အတော်ကလေး စိုပြည်သွားတယ်ဆိုရမယ်။ ပွဲမစခင်ကတည်းက မရေမရာ ဖြစ်ရုံမက၊ ကမောက်ကမဖြစ်ပြီး ဆိုးဆိုးရွားရွား ဖြစ်သွားနိုင်တဲ့ အခြေအနေက ခုလိုအောင်အောင်မြင်မြင် ဖြစ်လာလိမ့်မယ် ဆိုတာတော့ ကျုပ်စိတ်ထဲမှာ ရှိနေတယ်။ ညစာစားပြီးလို့ အတော်ကလေး ကြာတဲ့အထိ ကျုပ်တို့ဆက်ပြီး ဆာကေသောက်ရင်း စကားဆက်ပြောဖြစ်ကြတယ်။ အိမ်ပြန်ဖို့ တက္ကစီခေါ်တဲ့အခါမှာတော့ အားလုံးဟာ အဆင်ပြေပြေနဲ့ ပြီးမြောက်သွားတယ်ဆိုတာ ခံစားလိုက်ရပါတယ်။ အရေးကြီးဆုံးကိစ္စကတော့ တာရိဆိုက်တိုနဲ့ နိုရီကိုတို့နှစ်ယောက်သား တစ်ယောက်ကို တစ်ယောက် သဘောကျသွားကြတာပါပဲ။

ကျုပ်အနေနဲ့ ပြောရရင် အဲဒီညနေက ကျုပ်မှာ အထိုက်အလျောက် နာကြည်းစရာတွေ ဖြစ်ခဲ့တယ်ဆိုတာပဲ။ ဒါကို ဖုံးကွယ်မထားချင်ပါဘူး။ အတိတ်နဲ့ ပတ်သက်လို့ ဝန်ခံတယ်ဆိုရာမှာလဲ ကျုပ်အနေနဲ့ ရှေ့မကြည့်၊ နောက်မကြည့်နဲ့ ပြီးပြီးပျောက်ပျောက် ဝန်ခံလိုက်တာမျိုး မဟုတ်ပါဘူး။ အတိတ်နဲ့ ပတ်သက်လို့ ဝန်ခံတယ်ဆိုရာမှာလဲ ကိုယ့်သိက္ခာ ကိုယ်တန်ဖိုးထားတဲ့ သူတိုင်းဟာ ဝန်မခံဘဲ အကြာကြီး မနေနိုင်ကြပါဘူး။ ဒီလို ဝန်ခံတယ်

http://www.cherrythitsar.org


ဆိုတာကလဲ လွယ်တော့လွယ်လှတယ် မဟုတ်ဘူး။ သို့ပေတဲ့ အတိတ်က မှားယွင်းခဲ့ရတာတွေကို ဝန်ခံရတာကိုက သိက္ခာရှိတဲ့ ကိစ္စတစ်ခုပါ။ ကျေနပ်နှစ်သိမ့်မှုရနိုင်တဲ့ အပြုအမူတစ်ရပ်ပါ။ ဘယ်လိုပဲဖြစ်ဖြစ် စေတနာမှန်နဲ့ လုပ်ခဲ့တာက ပေါ်ပေါက်ခဲ့တဲ့ အမှားအတွက်ကတော့ ဘာမှ ရှက်နေစရာမလိုဘူး။ မှားတာကို ဝန်မခံရဲတာကမှ ပိုပြီး ရှက်စရာကောင်းတာပါ။

ဥပမာ ရှင်တားရိုးလို လူမျိုးအကြောင်းကို စဉ်းစားကြည့်ပါ။ သူ့အနေနဲ့ ကျောင်းမှာ ပန်းချီပညာသင်တဲ့ အလုပ်ကိုရအောင် လုပ်သွားခဲ့တယ်။ ကျုပ်အမြင်ပြောရရင် ရှင်တားရိုးမှာသာ သစ္စာရှိရှိ၊ သတ္တိရှိရှိနဲ့ အတိတ်က သူလုပ်ခဲ့တာကို ဝန်မခံရဲရင် သူ့အနေနဲ့ ပိုပြီး စိတ်ချမ်းသာပေလိမ့်မယ်။ နှစ်သစ်ကူးပြီး တစ်နေ့ခင်းမှာ ကျုပ်ကိုလာတွေ့တဲ့အခါ သူ့ကို လိုက်လိုက်လျောလျော မရှိခဲ့ဘူး။ ဒီတော့ သူ့အနေနဲ့ ရွေးချယ်ရေးကော်မတီကို ဟိုစဉ်က သူဆွဲခဲ့တဲ့ ပိုစတာတွေနဲ့ ပတ်သက်လို့ တစ်နည်းတစ်ဖုံ ပြောရဆိုရလိမ့်မယ် ထင်တယ်။ ရှင်တားရိုးအနေနဲ့ သူလိုချင်တာကို သူ့နည်းသူ့ဟန်နဲ့ လုပ်မှာပဲလို့ ကျုပ်တွေးကြည့်မိတယ်။ ဒါကြောင့်လဲ ရှင်တားရိုးမှာ တက်ကြွမှုမရှိဘူး၊ မကြိုးစားချင်ဘူးဆိုတဲ့ စိတ်ရဲ့တခြားဖက်မှာ အဲဒီလိုမျိုးရှိတယ်လို့ မြင်လာတယ်။ အရင်က ကျုပ်မမြင်ခဲ့တဲ့ အပိုင်းပေါ့လေ။

ဒါ့ကြောင့်လဲ မကြာခင်က မစ္စစ်ကာဝကာမိဆိုင်ရောက်တော့ ကျုပ်က ပြောလိုက်မိသေးတယ်။ 'ဒီမှာ အဘွားကြီး၊ ရှင်တားရိုးဟာ ကျုပ်တို့ထင်နေခဲ့ကြသလို ခပ်တုံးတုံး၊ ခပ်အအလို့တော့ ကျုပ်မထင်တော့ဘူး၊ ခပ်တုံးတုံး၊ ခပ်အအလို့ ထင်ကြအောင်လုပ်ပြီး လူတွေပေါ်မှာ အခွင့်အရေးယူနေတယ်လို့ ကျုပ်မြင်တယ်၊ ရှင်တားရိုးလိုလူမျိုးက သူတို့မလုပ်ချင်တာ တစ်ခုခုဆိုရင် လုံးလုံးမသိသလို၊ သိသလိုလုပ်နေတတ်တယ်၊ ဒီတော့လဲ သူတို့ကို ခွင့်လွှတ်ကြရတာပေါ့'

'ဟုတ်ရဲ့လား ဆရာကြီး'လို့ မစ္စစ်ကာဝကာမိက မယုံသလို ပြန်မေးတယ်။ ရှင်တားရိုးက သူ့ဆိုင်ရဲ့ ဖောက်သည်ကောင်း တစ်ယောက်ဖြစ်ခဲ့လေတော့ မစ္စစ်ကာဝကာမိအနေနဲ့ ချက်ချင်းမကောင်းမြင်ဖို့ မလွယ်ဘူး။

'ဥပမာတစ်ခု ကျုပ်ပြောမယ်ဆိုပြီး' ကျုပ်က ဆက်ပြန်တယ်။ 'စစ်ကြီးဖြစ်တုန်းကဆို၊ ရှင်တားရိုး ဘယ်လောက်ပါးသလဲ၊ သူများတကာ ရှေ့တန်းမှာ အသက်စွန့်တိုက်နေကြတုန်း ရှင်တားရိုးက သူ့စတူဒီယိုကလေးမှာ ပန်းချီအဆွဲမပျက်ဘူး၊ ဘာမှမဖြစ်သလိုပဲ'

http://www.cherrythitsar.org


'ဒါပေတဲ့၊ ရှင်တားရိုးက ခြေတစ်ဖက်မသန်ဘူး မဟုတ်လား'

'ခြေတစ်ဖက်သန်သန်၊ မသန်သန်၊ အားလုံးကိုဆင့်တာပဲ မဟုတ်လား၊ နောက်ဆုံးတော့ သူ့ကိုတွေ့သွားကြတယ်၊ အဲဒီတော့ စစ်ကြီးပြီးဖို့ ရက်ပိုင်းပဲလိုတော့တာ အဘွားကြီး၊ ရှင်တားရိုးက ကျုပ်ကိုတစ်ခါက ပြောဖူးတယ်၊ စစ်ကြီးဖြစ်လို့ သူပန်းချီဆွဲရတာ နှစ်ပတ်လောက် ပျက်ကွက်သွားတယ်တဲ့၊ စစ်ကြီးဖြစ်လို့ ရှင်တားရိုးမှာ အဲဒီလောက် နစ်နာသွားရတာပဲ၊ ယုံပါ အဘွားကြီး၊ ကျုပ်တို့မိတ်ဆွေဟောင်းကြီးမှာ အပြင်ပန်းကသာ ကလေးဆန်တာ၊ အတွင်းမှာက လည်လွန်းလို့'

'အင်း… ဘယ်လိုပဲဖြစ်ဖြစ်၊ ဒီကို ဘယ်တော့မှ ပြန်လာမှာမဟုတ်တော့ဘူး'လို့ မစ္စစ်ကာဝကာမိက ပင်ပန်းသံနဲ့ ပြောတယ်။

'ဟုတ်တယ် အဘွားကြီး၊ ကြည့်ရတာ ကျုပ်တို့ဘယ်တော့မှ သူနဲ့တွေ့ရမယ် မထင်ဘူး'

မစ္စစ်ကာဝကာမိဟာ စီးကရက်ကို လက်မှာကိုင်လိုက်ရင်း ဘားကောင်တာကိုမှီပြီး သူ့ဘားတစ်ခုလုံးကို မျက်စိကစားလိုက်တယ်။ ဘားတစ်ခုလုံးမှာတော့ ထုံးစံအတိုင်း ကျုပ်တို့ပဲရှိတယ်။ နေကျချိန်ဆိုတော့ နေရဲ့အရောင်က ပြတင်းပေါက်မှာကာထားတဲ့ သံဆန်ခါကတစ်ဆင့် အထဲကိုဝင်လာတယ်။ ဒီတော့ အခန်းဟာ နဂိုထက် ပိုမှောင်သလိုဖြစ်သွားတယ်။ လုံးလုံးမှောင်သွားရင်တော့ မစ္စစ်ကာဝကာမိက မီးထွန်းမှာပါ။ အပြင်ဘက်မှာတော့ အလုပ်သမားတွေ အလုပ်လုပ်တုန်းပဲ။ ထုသံ၊ ရိုက်သံတွေကတော့ ပွဲတင်ထပ်နေတာပဲ။ ထရပ်ကားတွေ စက်နှိုးလိုက်တဲ့အခါ ဒါမှမဟုတ်ရင် စက်ကြီးတွေနဲ့ တူးလိုက်၊ ဆွလိုက်တဲ့အခါမျိုးမှာတော့ အားလုံးလှုပ်သွားတော့တာပဲ။ အဲဒီညနေက မစ္စစ်ကာဝကာမိက သူ့ဘားကလေးကို ကြည့်နေတုန်း ကျုပ်လဲ ကြည့်လိုက်မိတယ်။ ဒီတော့မှ ဆောက်လုပ်နေကြတဲ့ ကွန်ကရစ်အဆောက်အအုံတွေအကြားမှာ သူ့ရဲ့ဘားကလေး ဘယ်လောက် သေးနေတယ်ဆိုတာ ပေါ်လွင်လာတယ်။ ကျုပ်လဲ ပြောလိုက်မိတယ်။

'အဘွားကြီး၊ ခင်ဗျားအနေနဲ့ သူတို့ကမ်းလှမ်းတာကလေးကို လက်ခံပြီး တစ်နေရာရာပြောင်းဖို့ကိစ္စ သေသေချာချာ စဉ်းစားဖို့ကောင်းတယ်၊ ဒါ အခွင့်အရေးကောင်းတစ်ခုပဲ'

'ကျုပ် ဒီမှာကြာလှပြီ'လို့ ပြန်ပြောရင်း မစ္စစ်ကာဝကာမိက သူ့လက်နဲ့ စီးကရက်မီးခိုးတွေကို ယမ်းလိုက်တယ်။

http://www.cherrythitsar.org


'ခင်ဗျားအနေနဲ့ တခြားမှာ ဆိုင်သစ်ထပ်ဖွင့်နိုင်တာပဲ၊ ကတာဘာရှီမှာဖြစ်ဖြစ်၊ ဟွန်ချိုမှာဖြစ်ဖြစ် စိတ်ချ၊ ကျုပ် အဲဒီဘက်ရောက်ရင် ဝင်မှာပဲ'

မစ္စစ်ကာဝကာမိဟာ ငြိမ်သွားတယ်။ အပြင်ဘက်ဆီက အလုပ်သမားတွေ လုပ်ကိုင်နေတာတွေကို နားထောင်နေသလိုပဲ။ ပြီးတော့မှ ပြုံးရင်းပြောလိုက်တယ်။ 'တစ်ခါက ဒီနေရာကလေးလဲ အတော်ကောင်းခဲ့တဲ့ နေရာကလေးပါ၊ ဆရာကြီးမှတ်မိလား'

ကျုပ်လဲ သူ့ကိုပြန်ပြီး ပြုံးပြလိုက်မိတယ်။ ဘာမှတော့ မပြောလိုက်ဘူး။ ဟုတ်တယ်။ ဒီနေရာ၊ ဒီရပ်ကွက်ကလေးဟာ ကောင်းခဲ့တယ်။ ကျုပ်တို့အားလုံး ကျေနပ်ခဲ့ကြတယ်။ ငြင်းကြခုန်ကြတာတွေမှာ ရိုးသားမှုတွေအရင်းခံခဲ့ကြတယ်။ သို့ပေတဲ့လဲ ရိုးသားမှု အရင်းခံအတိုင်း ကောင်းတဲ့အကျိုးဆက်တစ်ခုပဲ ဖြစ်လာမယ်လို့ မပြောနိုင်ဘူး။ တခြားဟာတွေလိုပါပဲ။ ကောင်းခဲ့တာကလေးတွေကို လွန်မြောက်သွားခဲ့ရလေတော့ တစ်ကြိမ် ပြန်မလာနိုင်တော့ပါဘူး။ ကျုပ်အနေနဲ့ မစ္စစ်ကာဝကာမိကို အဲဒီညနေက ကြိုးစားပြီးပြောချင်ပေတဲ့ တိုက်တွန်းချင်စိတ် သိပ်မရှိခဲ့ဘူး။ အမှန်မှာတော့ ဒီနေရာကလေးအတွက် သူ့မှာ ခံစားချက်အပြည့်ပါ။ သူ့ဘဝပါ။ ချွေးနဲ့သွေးနဲ့ ရင်းခဲ့ရတာပါ။ ဒီတော့လဲ ဒီနေရာကလေးက ထွက်သွားဖို့ ဘာလို့ ကြန့်ကြာနေတယ်ဆိုတာနားလည်နိုင်ပါတယ်။ ကြာတာတော့ ကြာလိမ့်ဦးမယ်။

* * *

## နိုဝင်ဘာလ၊ ၁၉၄၉

ဒေါက်တာဆိုက်တိုနဲ့ကျုပ် ပထမဆုံးအကြိမ် တွေ့ကြတာကို ခုထိ သေသေချာချာ မှတ်မိနေသေးတယ်။ ဒါကြောင့်လဲ တိတိကျကျ ပြောနိုင်တာ ပေါ့။ ကျုပ် ဒီအိမ်ကိုပြောင်းလာခဲ့တာ ခုဆိုရင် တစ်ဆယ့်ခြောက်နှစ်တောင် ရှိပြီ။ ကျုပ်မှတ်မိသေးတယ်။ အလွန်နေသာလှတဲ့ နွေတစ်နေ့ပေါ့။ ပြောင်းပြီး နောက်တစ်နေ့ပဲ။ ကျုပ်က ဝင်းအပြင်ဘက်မှာ စည်းရိုးလေးဘာလေး ပြင်နေ ရင်းလား၊ ဝင်းတံခါးဖက်မှာ တောက်တိုမည်ရ လုပ်ရင်းလားတော့ မသေချာဘူး။ ဖြတ်သွားဖြတ်လာ လုပ်နေကြတဲ့သူတွေ၊ အိမ်နီးနားချင်းတွေ နှုတ်ဆက်နေမိ လိုက်တယ်။ တစ်ချီမှာ ကျုပ်ကလဲ လူသွားလမ်းကလေးကို အတော်ကြာကြာ ကျောပေးထားလိုက်တုန်း ကျုပ်ကျောဖက်မှာ တစ်ယောက်ယောက်က ကျုပ် လုပ်တာကိုင်တာ ရပ်ကြည့်နေတယ်လို့ ရိပ်မိလိုက်တယ်။ ကျုပ်လှည့်ကြည့် လိုက်တော့ ကျုပ်နဲ့ သက်တူရွယ်တူလောက်ရှိတဲ့ လူတစ်ယောက်ဟာ ခြံတိုင် မှာရေးထားတဲ့ ကျုပ်နာမည်ကို စိတ်ဝင်တစား ကြည့်နေတာကိုး။

'ဩော်... ခင်ဗျားက မစ္စတာအိုနို ကိုး'လို့ မှတ်ချက်ချလိုက်ပါတယ်။ 'ခင်ဗျားလို ပုဂ္ဂိုလ်ကြီးတစ်ယောက် ကျုပ်တို့ပတ်ဝန်းကျင်ကို ပြောင်းလာတာ ဂုဏ်ယူပါတယ်၊ တကယ့်ကို ဂုဏ်ယူမိပါတယ်၊ ကျုပ်ကိုယ်တိုင်လဲ အနုပညာ လောကနဲ့ ပတ်သက်နေတဲ့လူပါ၊ ကျုပ်နာမည်က ဆိုက်တိုပါ၊ အင်ပီးရီးရယ် စီးတီးတက္ကသိုလ်ကပါ'

http://www.cherrythitsar.org


'ဒေါက်တာဆိုက်တို ကို တွေ့ရတာ ဂုဏ်ယူပါတယ်၊ ဆရာ့အကြောင်း အများကြီး ကြားဖူးပါတယ်'

ကျုပ်တို့ နှစ်ယောက်သားဟာ ကျုပ်ခြံဝင်းအဝမှာ အတော်ကြာအောင် စကားပြောနေမိကြတာကို ကျုပ်မှတ်မိနေတယ်။ ကျုပ် အမှတ်မမှားဘူးဆိုရင် အဲဒီတုန်းက ဒေါက်တာဆိုက်တိုက ကျုပ်ရဲ့အနုပညာသည် ဘဝခရီးအကြောင်း၊ ကျုပ်ရဲ့လက်ရာတွေအကြောင်းကို အတော်ညွှန်းပြောသွားတာကလား။ သူ့အိမ်ရှိရာဖက် ပြန်မသွားခင်တောင် 'ခင်ဗျားလို အဆင့်အတန်းမျိုးနဲ့ အနုပညာသည်ကြီးတစ်ယောက် ကျုပ်တို့ပတ်ဝန်းကျင်ကို ရောက်လာတာ တကယ့်ဂုဏ်ယူစရာပါ မစ္စတာအိုနို'လို့ ထပ်ပြီး ပြောသွားသေးတယ်။

အဲဒီကတည်းက စလို့ပါပဲ။ ဒေါက်တာဆိုက်တိုနဲ့ ကျုပ်တို့တွေ့ကြတဲ့ အခါတိုင်း အပြန်အလှန် ရိုသေသမှုပြုခဲ့ကြပါတယ်။ ကျုပ်တို့ ကြာကြာရပ်ပြီး စကားစမြည် ပြောဖြစ်တယ်တော့ မရှိဘူး။ ဆိုလိုတာက မကြာခင်က တွေ့ဆုံပြောဆိုခဲ့ကြသလို တွေ့ဆုံကြပြီး တစ်ယောက်နဲ့တစ်ယောက် ပိုပြီးရင်းနှီးခဲ့ရတာမျိုး မရှိခဲ့ပါဘူး။ ကျုပ်နဲ့ဒေါက်တာဆိုက်တို ပထမဆုံးအကြိမ် တွေ့ကြစဉ်က ခြံဝမှာတပ်ထားတဲ့ ကျုပ်နာမည်ကို ဒေါက်တာဆိုက်တိုက ချက်ချင်းဆိုသလို သိလိုက်တဲ့အကြောင်းကို ကျုပ်ကသိထားလေတော့ မကြာခင်က ကျုပ်သမီးကြီးဆက်ဆူကို ပြောတဲ့ကိစ္စကတော့ဖြင့် မဖြစ်နိုင်ဘူးလို့ ကျုပ်ထင်တယ်။ ကျုပ်သမီးကြီး အပြောအရတော့ ဒေါက်တာဆိုက်တိုဟာ စေ့စပ်ကြောင်းလမ်းတဲ့ကိစ္စတွေ လုပ်ကြတဲ့အထိ ကျုပ်ကို ဘယ်သူဘယ်ဝါမှန်း မသိဘူးဆိုပဲ။ ကျုပ်အထင်တော့ မဖြစ်နိုင်ဘူးထင်တယ်။

ဒီနှစ်၊ ဆက်ဆူကိုက ကျုပ်ဆီအလည်လာတာ အချိန်ကနည်းတယ်။ အကြောင်းကတော့ နိုရီကိုနဲ့ တာရိုးတို့ရဲ့ အစ်ဇူမိမချီရပ်ကွက်က အိမ်သစ်မှာ တည်းတာကိုး။ ဒီတော့ အဲဒီနေ့က ဆက်ဆူကိုနဲ့ကျုပ် ကဝါဘီပန်းခြံထဲ လမ်းလျှောက်ကြတော့မှပဲ သေသေချာချာ စကားပြောဖြစ်ခဲ့ရတယ်။ အဲဒီနေ့က ပြောခဲ့ဆိုခဲ့တာတွေက ကျုပ်ခေါင်းထဲ အတော်စွဲသွားခဲ့တယ်။ အဲဒီနေ့က သူပြောခဲ့တဲ့ တချို့ကိစ္စတွေနဲ့ ပတ်သက်လို့ စိတ်ထဲတမြုံ့မြုံ့နဲ့ ဒေါသဖြစ်နေမိတာတွေဟာ ဖြစ်သင့်တယ်လို့ ကျုပ်တော့ထင်တယ်။

ပြောတုန်းကတော့ ကျုပ်အနေနဲ့ သိပ်ပြီး အလေးမထားမိဘူး။ အလေးမထားဆို ကျုပ်သမီးနဲ့ လမ်းလျှောက်ရင်း စကားပြောရတာကိုက စိတ်ချမ်းသာစရာကိုး။ ပြီးတော့ ကဝါဘီပန်းခြံထဲမှာလဲ ကျုပ်လမ်းမလျှောက်

http://www.cherrythitsar.org


ဖြစ်တာကြာပြီ။ အဲဒီထဲ လမ်းလျှောက်ရတာကိုလဲ ကျုပ်ကကြိုက်တယ်။ ခင်ဗျားတို့တောင် မှတ်မိဦးမှာ။ ပြီးခဲ့တဲ့ တစ်လလောက်တုန်းက နေသာတဲ့ နေ့တစ်နေ့ပေါ့။ သစ်ရွက်တွေကတော့ ကြွေစပြုပြီ။ ဆက်ဆူကိုနဲ့ကျုပ် ပန်းခြံ အလယ်ကောင်က ခပ်ကျဲကျဲစိုက်ထားတဲ့ သစ်ပင်တန်းတွေဖက် လျှောက်သွားမိကြတယ်။ သွားဆို ကျုပ်တို့က နိုရီကိုနဲ့အိချီရိုကို တိုက်ရှိုမင်းမြတ်ရဲ့ ရုပ်တုရှိရာ နဘေးမှာ ဆုံကြမယ်လို့ ချိန်းထားတာကိုး။ ကျုပ်တို့က နည်းနည်းစောနေလေတော့ အေးအေးလူလူပဲ လမ်းလျှောက်နေမိလိုက်ကြတယ်၊ ဟိုရုပ်၊ဒီရုပ် လုပ်ရင်း ဆောင်းဦးရဲ့သရုပ်ကို ခံစားနေမိကြတယ်။

ကဝါဘီပန်းခြံဆိုတာကလဲ ဒီမြို့က ပန်းခြံတွေထဲမှာ အလွန်သွားလာသင့်တဲ့ နေရာလို့ဆိုရင် ခင်ဗျားလဲ သဘောတူမှာပါ။ အထူးသဖြင့် ကဝါဘီ ရပ်ကွက်ထဲက ကျုပ်ညှပ်နေတဲ့ လမ်းကျဉ်းကလေးတွေထဲမှာ လမ်းလျှောက်ခဲ့ဖူးရင် ပိုသဘောပေါက်ပါလိမ့်မယ်။ ပန်းခြံထဲက ကျယ်ကျယ်ပြန့်ပြန့်နဲ့ သစ်ပင်တန်းရှည်ကြီးအောက်တွေမှာ လမ်းလျှောက်လိုက်ရရင်ဖြင့် အတော့်ကို လန်းဆန်းသွားစေတာပဲ။ သို့ပေတဲ့ ခင်ဗျားဟာ ဒီမြို့ကမဟုတ်လို့ ကဝါဘီပန်းခြံရဲ့ ကျောထောက်နောက်ခံ သမိုင်းကလေးကိုမှ မရင်းနှီးခဲ့ဘူးဆိုရင် ကျုပ်ပြောပြစမ်းပါရစေ။ ဘာဖြစ်လို့ ဒီပန်းခြံဟာ ကျုပ်ကို အမြဲလို စိတ်ဝင်တစားဖြစ်နေစေခဲ့တယ်ဆိုတာ ပြောပြစမ်းပါရစေ။

ပန်းခြံထဲမှာ လျှောက်လာတဲ့အခါ ဟိုနား၊ဒီနားမှာဆိုသလို မြက်ခင်းစိမ်းစိမ်းကလေးတွေ တွေ့ရတာ မှတ်မိကြပါလိမ့်မယ်။ သိပ်အကျယ်ကြီးတော့ မဟုတ်ဘူး။ စာသင်ကျောင်းကလေးတွေရှေ့မှာ တွေ့ရတတ်တဲ့ မြေကွက်စာလောက်ပေါ့။ ကြည့်ရတာက ပန်းခြံတည်ဆောက်တဲ့လူတွေ ဘယ်နေရာဘာလုပ်ရမှန်း မသိတော့လို့ လုပ်ရင်းကိုင်ရင်း လက်စမသတ်ဘဲ ထားခဲ့သလိုကိုး။ တစ်နည်းပြောရရင်တော့လဲ ဟုတ်သား။ နှစ်အတော်ကြာတုန်းက အကိရဆူဂီမူရာက ကဝါဘီပန်းခြံ တည်ဆောက်ရေးကို အတော်စိတ်ဓာတ် ထက်သန်ခဲ့တာ။ အကိရဆုံးပြီး မကြာခင် သူ့အိမ်ကို ကျုပ်ဝယ်လိုက်တယ်လေ။ ခုနေတော့ အကိရနာမည်ကို သိပ်တောင် မကြားရတော့ပါဘူး။ ဟိုတုန်းကတော့ ဒီမြို့မှာ သူက ဩဇာအတော်ရှိခဲ့တယ်ဆိုတာ ဘယ်သူကမှ မငြင်းနိုင်ဘူး။ ကျုပ်ကြားရသလောက် ပြောရရင် တစ်ကြိမ်မှာ သူက အိမ်လေးလုံးတောင် ပိုင်ခဲ့သတဲ့။ မြို့ထဲမှာ ဘယ်သွားသွား၊ ဆူဂီမူရာနဲ့ မပတ်သက်တာများ မရှိသလောက်ပါ။ ဆူဂီမူရာရဲ့အောင်မြင်မှု အထွတ်အထိပ်လောက်ရောက်တဲ့ ၁၉၂၀

http://www.cherrythitsar.org


ပြည့်နှစ်၊ ၁၉၂၁ ခုနှစ်လောက်မှာ သူက ဒီမြို့မှာ သူ့အထိမ်းအမှတ်တစ်ခုခု ကျန်ရစ်အောင်လုပ်ဖို့ ဆုံးဖြတ်တာကိုး။ အဲဒီတုန်းက ကဝါဘီပန်းခြံဆိုတာက လူသူလေးပါး အရေးမထားတဲ့အရပ်။ အဲဒါကို သူက အိတ်စိုက်ပြီး မြို့ရဲ့ ယဉ်ကျေးမှုရိပ်မြုံတစ်ခုအဖြစ် ပြောင်းပစ်ဖို့ကြံတာ။ လူသူလေးပါး နားနားနေနေ နေနိုင်ဖို့အတွက် ပန်းခြံကို ချဲ့ဖို့တင်မဟုတ်ဘူး။ သဘာဝသိပ္ပံပြတိုက်ဆောက်ဖို့၊ ရှိရာဟာမလမ်းပေါ်က မီးထဲပါသွားတဲ့ တကာဟာရှိကျောင်းအတွက် ကဘူကီ ဇာတ်ရုံဆောက်ဖို့၊ ဥရောပစတိုင် ကဇာတ်ရုံဆောက်ဖို့၊ ပေါက်ပေါက်ရှာရှာဗျာ၊ မြို့ကခွေးတွေ၊ ကြောင်တွေအတွက် သင်္ချိုင်းကုန်းလေးတစ်ခုဆောက်ဖို့ စသဖြင့် စိတ်ကူးတယ်။ ဒီပြင်တော့ ဘာကျန်နေသေးသလဲတော့ ကျုပ်မမှတ်မိဘူး။ ကျုပ်ပြောခဲ့တဲ့ သူ့စိတ်ကူးတွေကတော့ အမှန်ပဲ။ တကယ်တော့ ဆူဂီမူရာက ကဝါဘီရပ်ကွက် တစ်ခုတည်းသာ မဟုတ်ဘူး။ မြစ်ရဲ့ မြောက်ဘက်ခြမ်း တစ်ခုလုံးကို မြို့ရဲ့ ယဉ်ကျေးမှုရိပ်မြုံကြီး တစ်ခုလုံးအဖြစ် ပြောင်းပစ်ချင်တာ။ ကျုပ်ပြောခဲ့တဲ့အတိုင်းပေါ့ဗျာ။ ဆူဂီမူရာက မြို့မှာ သူ့နာမည်တစ်လုံး ကျန်ရစ်ခဲ့အောင် အားထုတ်ခဲ့တာ။

ပန်းခြံတည်ဆောက်တဲ့ကိစ္စ လုပ်ရင်းကိုင်ရင်းမှာပဲ ငွေရေးကြေးရေး ကိစ္စက ပေါ်လာပုံရတယ်။ ကျုပ်အနေနဲ့ အသေးစိတ်တော့ မသိဘူး။ ပြဿနာ အတွက် အဖြေကတော့ ဆူဂီမူရာရဲ့ 'ယဉ်ကျေးမှုရိပ်မြုံကြီး'၊ မဆောက်ဖြစ် တော့တာပါပဲ။ ဆူဂီမူရာကိုယ်တိုင်မှာလည်း ငွေရေးကြေးရေးအရ ဆုံးရှုံးသွား ရတာ အများကြီးပဲ။ သူလဲ နာလန်ကိုမထူနိုင်အောင် ဖြစ်သွားရှာတယ်။ စစ်ကြီး ပြီးသွားတဲ့နောက်မှာတော့ ကဝါဘီပန်းခြံဟာ မြို့အုပ်ချုပ်ရေး လက်အောက် ရောက်သွားတယ်။ ဒီတော့ သူတို့က သစ်ပင်တွေတန်းစိုက်တာပေါ့။ အခုမြင် နေကြရတဲ့ မြက်တွေ၊ ဟိုတစ်ကွက်ဒီတစ်ကွက် ဖြစ်နေတဲ့နေရာမှာတော့ ဆူဂီမူရာရဲ့ ဇာတ်ရုံတွေ၊ ပြတိုက်တွေဆောက်ဖို့ပဲ။

ကျုပ်ပြောခဲ့ဖူးတယ်ထင်ပါတယ်။ ဆူဂီမူရာ ကွယ်လွန်သွားတဲ့နောက် သူ့လက်ထဲ နောက်ဆုံးကျန်ခဲ့တဲ့အိမ်ကို ကျုပ်ဝယ်ခဲ့တယ်ဆိုတာ။ တကယ်တော့ ဆူဂီမူရာကို သတိတရ ရှိနေရမယ့်အကြောင်းကို ဖျောက်ဖျက်လိုတဲ့သဘောတော့ မဟုတ်ခဲ့ပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ဒီ ကဝါဘီပန်းခြံထဲမှာ လမ်းလျှောက်ဖြစ် လေတိုင်း ကျုပ်အနေနဲ့ ဆူဂီမူရာနဲ့ သူ့ရဲ့စိတ်ကူးတွေကို ပြန်ပြီးတွေးနေမိတယ်။ သူ့အပေါ် လေးစားအားကျနေမိတတ်တယ်။ တကယ်လို့ လူတစ်ယောက်ဟာ သာမန်ဖြစ်ပျက်နေတာကို မတင်းတိမ်နိုင်ခဲ့ဘူး။ ခေါင်းတစ်လုံး သာနေချင်တယ်

ဆိုရင်တော့ အဲဒီလို ဆန္ဒပြင်းပြမှုတွေဟာ လိုအပ်ပါတယ်။ ငွေရေးကြေးရေးအရ ရှုံးနိမ့်မှုတွေ ရှိခဲ့တဲ့တိုင်အောင် ဆူဂီမူရာဟာ အားကျစရာ လူတစ်ယောက်ပါ။ ကျုပ်အထင် သက်သက်ပြောရရင် ဆူဂီမူရာဟာ ကျေကျေနပ်နပ်နဲ့ ကွယ်လွန်သွားခဲ့ရတယ်လို့ ထင်တယ်။ သူ့ရဲ့ မအောင်မြင်မှုလို့ ပြောရမယ့်ကိစ္စဆိုတာ ကလဲ သာမန်လူတစ်ယောက်ရဲ့ နေ့စဉ်ဘဝထဲက မအောင်မြင်မှုမျိုးမှ မဟုတ်တာ။ ဆူဂီမူရာကိုယ်တိုင်လဲ သိခဲ့မှာပါ။ သူများတကာ စိတ်တောင်မကူးရဲတဲ့ ကိစ္စမျိုးကို လုပ်ကိုင်ရာမှာ မအောင်မြင်ခဲ့တဲ့အတွက်တော့ အများကြီး နှစ်သိမ့်နိုင်တာပေါ့။ ဆူဂီမူရာအနေနဲ့ သူ့ဘဝကို သူပြန်ကြည့်မိတဲ့အခါ တကယ့်ကို နက်နက်နဲနဲ ကျေနပ်မိမှာပါ။

ဆူဂီမူရာအကြောင်းကတော့ ဒီလောက်ဆိုရင်ဖြင့် တော်လောက်ပြီ။ ကျုပ်ပြောခဲ့တဲ့အတိုင်း ဒီ ကဝါဘီပန်းခြံထဲမှာ ကျုပ်သမီးကြီး ဆက်ဆူကိုနဲ့ အတူလမ်းလျှောက်နေရတာကို အတော်ကျေနပ်သာယာနေမိတယ်။ ဆက်ဆူကို ပြောခဲ့တဲ့ကိစ္စကတော့ တခြားပေါ့။ အဲဒီအကြောင်းတွေတောင် နောက်အတော်ကြာမှ ကျုပ်က ပြန်တွေးကြည့်မိတာ။ ဆက်ဆူကိုနဲ့ ပြောဆိုနေတာတွေလဲ တိုက်ရှိုမြင်းမြတ်ရဲ့ ရုပ်တုအနားရောက်တော့ ပြီးသွားရတာပေါ့။ နိုရိကိုနဲ့၊ အစ်ချီရိုတို့နဲ့တွေ့ဖို့ ချိန်းထားတဲ့နေရာအနားပေါ့။ ရုပ်တုရဲ့ ပတ်ပတ်လည်မှာရှိတဲ့ ထိုင်ခုံတွေကို ကျုပ်က ကြည့်နေရင် 'အဘိုး ဟိုမှာ…'လို့ ပြောလိုက်တဲ့ ကလေးသံ ကြားလိုက်ရတယ်။

အစ်ချီရိုဟာ လက်နှစ်ဖက်ကို ဆန့်တန်းပြီး ကျုပ်ကို ဖက်မယ်ဆိုတဲ့ ပုံနဲ့ ပြေးလာပါလေရော။ ကျုပ်တို့အနားလဲရောက်ရော ရပ်ပြီး သူ့ကိုယ်သူ ပြန်သုံးသပ်နေပုံရတယ်။ ပြီးတော့မှ မျက်နှာပိုးသတ်ပြီး လက်ဆွဲနှုတ်ဆက်ဖို့ လက်ကို ရှေ့ထုတ်လိုက်တယ်။

'မင်္ဂလာရှိသောနေ့ပါ၊ ခင်ဗျား'လို့ ဟန်ပါပါနဲ့ နှုတ်ဆက်တယ်။

'အစ်ချီရို၊ တကတဲ မင်းလူကြီးဖြစ်လာပါရောလား၊ ခု မင်းဘယ်လောက်ရှိပြီလဲ'

'ရှစ်နှစ်ရှိပြီ ထင်တယ်၊ ဘိုးဘိုး ဒီဖက်ကိုလာ၊ ဘိုးဘိုးနဲ့ကျွန်တော် ပြောစရာတွေ ရှိတယ်'

ဒီတော့ ကျုပ်နဲ့သူ့အမေဟာ သူ့နောက်က လျှောက်လိုက်ကြရင်း နိုရိကို ထိုင်စောင့်နေတဲ့ ခုံတန်းရှိရာကို လာလိုက်ကြတယ်။ ကျုပ်သမီးအငယ်က

http://www.cherrythitsar.org



အရောင်တောက်တောက်အင်္ကျီကို ဝတ်ထားလေရဲ့။ အရင်က တစ်ခါမှ အဲဒီလို မျိုးဝတ်တာ မတွေ့ဖူးဘူး။

'နိုရီကို သမီးကိုကြည့်ရတာ အတော်စိတ်လက်ချမ်းသာနေပုံရတယ်'လို့ ကျုပ်ကပြောပြီး 'ကြည့်ရတာ၊ သမီးတစ်ယောက် အိမ်ကထွက်သွားတာနဲ့ ချက်ချင်းပဲ မမှတ်မိလောက်အောင် ဖြစ်သွားတော့တာကိုး'လို့ ပြောလိုက်တယ်။

ကျုပ်မှတ်မိသလောက် ပြောရရင် ကျုပ်တို့အားလုံး တိုက်ရှိုမင်းမြတ်ရဲ့ရုပ်တုနားက ခုံတန်းပေါ်မှာ ခဏထိုင်လိုက်ကြရင်း ထွေရာလေးပါး ပြောဖြစ်ကြတယ်။ ပန်းခြံထဲမှာ ဆုံကြရတဲ့အကြောင်းက ကျုပ်သမီးနှစ်ယောက် ပိတ်စသွားဝယ်ချင်ကြလို့ပါ။ ဒီတော့ ကျုပ်က အစ်ချီရိုထိန်းဖို့ သဘောတူလိုက်တာကိုး။ သူတို့ ပိတ်စအဝယ်ထွက်ကြတုန်း ကျုပ်က အစ်ချီရိုကိုခေါ်ပြီး ကုန်တိုက်ကြီးမှာ နေ့လယ်စာ စားကြမယ်ပေါ့။ ပြီးမှ မြို့လယ်ဖက်မှာ မြေးအဘိုးနှစ်ယောက်သား လျှောက်ကြည့်ကြမယ်ပေါ့။ အစ်ချီရိုကတော့ ကုန်တိုက်ဖက်သွားဖို့ သိပ်သည်းခံစောင့်နိုင်ပုံ မပေါ်ဘူး။ ကျုပ်လက်မောင်းကို အသာတွန်းရင်း။

'အဘိုး၊ မိန်းမတွေ သူတို့ဘာသာ စကားပြောကြပါစေ၊ ကျွန်တော်တို့ လုပ်စရာရှိတာ လုပ်ကြရအောင်'လို့ ပြောနေပါတယ်။

ကျုပ်တို့ မြေးအဘိုးနှစ်ယောက်ဟာ နေ့ခင်းထမင်းစားချိန်သာသာလောက်မှာ ကုန်တိုက်ကြီးကို ရောက်သွားတယ်။ စားသောက်ဆိုင်တွေမှာတော့ လူအတော်ပါးသွားကြပြီ။ အစ်ချီရိုကတော့ စားသောက်ဆိုင်တွေမှာ ပြထားတဲ့ အစားအစာတွေကို အေးအေးဆေးဆေးကြည့်ရင်း ဘာစားရမလဲလို့ ရွေးနေပုံရတယ်။ တစ်ချီမှာတော့ ကျုပ်ဖက်လှည့်ကြည့်လိုက်ရင်း...

'ဘိုးဘိုး၊ အခု ကျွန်တော့်အကြိုက်ဆုံးအစာဟာ ဘာလဲသိလား'လို့ မေးလိုက်တယ်။

'အယ်... ဘိုးဘိုးတော့ မသိဘူး၊ ကိတ်မုန့် လတ်လတ်ဆတ်ဆတ်လား၊ ရေခဲမုန့်လား'

'ဟင်းနုနွယ် ဗျ၊ ဟင်းနုနွယ်က အားရှိစေတယ်'လို့ ပြောရင်းရင်ကော့ပြီး လက်မောင်းက ကြွက်သားတွေ ထုတ်ပြနေပြန်တယ်။

'ဟုတ်ပြီဟေ့၊ ဒီလိုဆို ဒီမှာရောင်းနေတဲ့ ကလေးစာထဲမှာ ဟင်းနုနွယ်ပါတာရှိတယ်'

http://www.cherrythitsar.org


'ကလေးစာဆိုတာ ကလေးတွေဖို့ပဲ'

'ဟုတ်မယ်၊ ဒါပေတဲ့ ကြည့်ရတာ အရသာရှိပုံပဲ၊ ဘိုးဘိုးလဲ တစ်ပွဲလောက် မှာစားကြည့်ဦးမယ်'

'ကောင်းတယ်၊ ကျွန်တော်လဲ ကလေးစာ တစ်ပွဲစားမယ်၊ ဘိုးဘိုးလဲ အဖော်ရအောင်ပေါ့၊ ကျွန်တော့်ထဲကိုတော့ ဟင်းနုနွယ် ပိုထည့်ခိုင်းပါ'

'ကောင်းပြီ၊ အစ်ချီရို'

'ဘိုးဘိုး မကြာမကြာ ဟင်းနုနွယ်စားပေး၊ အားရှိတယ်ဗျ'

အစ်ချီရိုက ကျုပ်တို့နှစ်ယောက်သား ထိုင်စားဖို့ နေရာရွေးလိုက်တယ်။ ပြတင်းပေါက်အကျယ်ကြီးတွေ နဘေးက စားပွဲတစ်ခုမှာပါ။ မှာထားတဲ့အစာကို စောင့်နေကြရင်း အစ်ချီရိုဟာ သူ့မျက်နှာကို မှန်နဲ့ကပ်ပြီး အောက်ဖက်လေးထပ်လောက်မှာရှိတဲ့ ကားလမ်းကို လှမ်းကြည့်နေတတ်ပါတယ်။ အစ်ချီရိုကို ကျုပ်မတွေ့ရတာ ဟိုတစ်ခါဆက်ဆူကို ကျုပ်အိမ်ကို လာကတည်းကဆိုတော့ တစ်နှစ်သာသာလောက်ရှိပြီ။ နိုရီကို မင်္ဂလာဆောင်တုန်းကလဲ နေထိုင်မကောင်းတော့ သူပါမလာဘူး။ ခုမှပဲ ဒီကောင် ဘယ်လောက်ထွားလာတယ်ဆိုတာ သတိထားမိတယ်။ ထွားလာရုံမဟုတ်ဘူး။ ပြောတာဆိုတာ၊ အမူအရာကအစ လူကြီးဆန်လာတယ်။ မျက်လုံးအကြည့်တွေ၊ ဘာတွေက ပိုပြီး လူကြီးဆန်လာတယ်။

အဲဒီနေ့က မျက်နှာကိုမှန်နားကပ်ပြီး အောက်ဖက်ကလမ်းကို ကြည့်နေတဲ့ အစ်ချီရိုကိုကြည့်ရင်း သူ့အဖေနဲ့ ဘယ်လောက် တူလာသလဲဆိုတာ သတိထားမိလိုက်တယ်။ သူ့အမေ ဆက်ဆူကိုနဲ့ တူတာတွေလဲပါတော့ ပါပါတယ်။ အထူးသဖြင့်ကတော့ အမူအရာနဲ့ မျက်နှာပေးမှာလို့ ပြောရလိမ့်မယ်။ ကြည့်ရင်း ကျုပ်သားကင်ဂျီ သူ့အရွယ်တုန်းကနဲ့ တူတာလဲ သတိထားမိလိုက်တယ်။ မှန်တာကိုဝန်ခံရမယ်ဆိုရင် ကျုပ်က ကလေးတွေ၊ သူတို့မိဘဘိုးဘွားတွေဆီက ဆက်ခံရရှိလာတာတွေ၊ တူတာတွေကိုကြည့်ပြီး ထူးထူးဆန်းဆန်း သဘောကျနေတတ်တယ်။ ကျုပ်မြေးကတော့ ကြီးတဲ့အထိ သူ့အဖေ၊ အမေနဲ့ တူတာတွေ ပါသွားလိမ့်မယ်လို့ ထင်မိတာပဲ။

တကယ်တော့ ကျုပ်တို့တစ်တွေ ငယ်စဉ်ကလေးဘဝမှာသာ အဲဒီလို မိဘအမွေ ဆက်ခံရတာမျိုးတွေ ရှိခဲ့ကြတာ မဟုတ်ပါဘူး။ ခပ်ငယ်ငယ်အရွယ်မှာ ဆရာသမားတစ်ယောက်ယောက်၊ သဘောကျနှစ်ခြိုက်တဲ့ လူတစ်ယောက်ယောက်ရဲ့ ဟန်ပန်လက္ခဏာ အမူအရာတစ်ခုခုကလဲ စွဲကျန်ရစ်နေတတ်တာပဲ

http://www.cherrythitsar.org


မဟုတ်လား။ ကာလအတော်ကြာမှ ပြန်သုံးသပ်မိလို့ သဘောမကျတဲ့အတွက် ငြင်းပယ်တယ်ပဲထားဦး၊ ဒီလွှမ်းမိုးမှုတွေဟာ အရိပ်လိုပဲဘဝ တစ်လျှောက်လုံးမှာ တွယ်ငြိကျန်ရစ် နေတတ်တယ်။ ကျုပ်ကိုယ်ကျုပ်လဲ သတိထားမိပါရဲ့။ ဥပမာဆိုရစေတော့ရဲ့၊ ကျုပ်ရှင်းလင်းပြောဆိုတဲ့အခါမျိုးမှာ ကျုပ်ရဲ့ လက်နေလက်ထား။ ကျုပ်ပြောတဲ့လေ၊ ဟန်စတာတွေကအစ စာကိုးတာ၊ ရွတ်ပြတာတွေဟာ တကယ်တော့ ကျုပ်ဆရာကြီး မိုရိစ်ဆီက ရတာတွေပဲ။ ဒါကြောင့်လဲ တကယ်လို့များ ကျုပ်တပည့်တွေက ကျုပ်ဟန် ပေါက်နေတယ်ဆိုရင်ဖြင့် ကျုပ်တော့ သိပ်အံ့သြလှမယ်မဟုတ်ဘူး။ တစ်နေ့ သူတို့ဘာသာ ပြန်လည်သုံးသပ်ကြတဲ့အခါမှာတော့ ကျုပ်ဆီမှာ တပည့်ဖြစ်ခဲ့ရတဲ့ ကျေးဇူးတရားကိုတော့ အောက်မေ့နေကြလိမ့်မယ်လို့ ကျုပ် မျှော်လင့်ထားမိပါရဲ့။ ကျုပ်အကြောင်းကို ချုပ်ပြောရရင်ဖြင့် မိုရိစ်လို့ခေါ်ကြတဲ့ ကျုပ်တို့ဆရာကြီး ဆေအိဂျီမိုရိယာမနဲ့၊ ကျုပ်နဲ့အကြား ဘာတွေပဲဖြစ်ခဲ့ဖြစ်ခဲ့ ဝါကဘက သူ့အိမ်မှာ တပည့်ခံရင်းနေခဲ့တဲ့ ခုနစ်နှစ်တာ ကာလဟာဖြင့် ကျုပ်ဘဝရဲ့ အရေးကြီးဆုံးကာလတစ်ခု ဖြစ်ခဲ့တယ်ဆိုတာ အမြဲအသိအမှတ် ပြုနေရမှာပါ။

ဒီကနေ့များမှာ မိုရိစ်ရဲ့အိမ်ကိုပြန်ပြီး တွေးကြည့်မိပါတယ်။ ကျုပ်အမှတ်ရနေသေးတာ။ အနီးဆုံးရွာဆီ ဦးတည်သွားတဲ့ တောင်လမ်းကလေးအတိုင်း တက်လာခဲ့တဲ့အခါ တွေ့ရတတ်တဲ့ မြင်ကွင်းတစ်ခုပဲ။ အဲဒီလမ်းကလေးအတိုင်း တက်လာခဲ့ရင် အနိမ့်ဖက်ကွင်းပြင် တောင်ကြားတစ်နေရာမှာ မြင်ရတဲ့ ထင်းရှူးပင်တွေအကြားက သစ်သားအညိုရောင် လေးထောင့်ပုံပေါ်နေတဲ့ဟာပဲ။ အဆောင်သုံးခုက၊ အလယ်က ကွက်လပ်ရဲ့ဘေးမှာ။ တစ်ခုကိုတစ်ခု ဆက်ထားတယ်။ စတုတ္ထအနားဘက်ကတော့ ထင်းရှူးသားစည်းရိုးနဲ့ တံခါးဝရှိတဲ့ဘက်။ ဒီတော့ကွက်လပ်ဟာ အလယ်ကောင်မှာ ရှိနေသလို ဖြစ်နေတာပေ့ါ။ ဒီတော့ ဟိုစဉ်အခါက ဝင်းတံခါးပိတ်ထားလိုက်ပြီဆိုရင် တော်ရုံတန်ရုံလာတဲ့ ဧည့်သည်စောင်သည်အဖို့ အထဲကိုဝင်ခွင့်ရဖို့ မလွယ်ဘူးဆိုတာ စဉ်းစားကြည့်ရင် သိနိုင်ပါတယ်။

ခုခေတ်မှာတော့ သိပ်ခက်ခဲမယ် မထင်ဘူး။ ဒီကနေ ကြည့်လို့တော့ သိပ်သိသာမှာ မဟုတ်ဘူး။ မိုရိစ်ရဲ့အိမ်က ကာလတရားနဲ့အတူ လိုက်ပါပြီး ယိုယွင်းနေရရှာပါပြီ။ ဒီတောင်ပေါ် လူသွားလမ်းကလေးပေါ်က ရပ်ကြည့်လို့တော့ မိုရိစ်အိမ်ထဲမှာ ဘယ်လောက် ပျက်စီးနေပြီဆိုတာ ပြောနိုင်မှာမဟုတ်ဘူး။ အခန်းတိုင်းမှာ စုတ်ပြဲနေတဲ့နံရံက စက္ကူတွေ၊ ခင်းထားတဲ့ တာတာမီတွေ။

http://www.cherrythitsar.org


ဒီပြင် သတိမထားဘဲ ကြမ်းကိုခပ်ပြင်းပြင်း နင်းခဲ့ရင်တောင် ပြိုကျသွားနိုင်တဲ့ ကြမ်းအခင်းတွေ။ မိုရိစံအိမ်ကို နီးနီးစပ်စပ်သိခဲ့တဲ့ လူတစ်ယောက်အနေနဲ့ ကျုပ်ပြန်တွေးကြည့်တဲ့အခါ ကျိုးပဲ့နေတဲ့ အုတ်ကြွပ်အမိုးတွေ၊ ခပ်ယဲ့ယဲ့ပဲ ကျန်တော့တဲ့ သစ်သားရာဇမတ်ကွက်တွေ၊ ကျိုးပဲ့ပျက်စီးနေတဲ့ ဝရန်တာနေရာ စတာတွေပဲ ပုံပေါ်လာတယ်။ အမိုးကတော့ အမြဲလို ပေါက်ပြဲနေလေတော့ မိုးရွာပြီးတဲ့ နောက်တစ်နေ့များဆိုရင် အခန်းတိုင်းလိုလိုဟာ အောက်စော်နံပြီး သစ်ရွက်တွေလဲ တောင်ပုံရာပုံပေါ့။ ပိုးဖလံတွေပေါတဲ့ တချို့ရာသီမှာဆိုရင် သင်းတို့က အုံနဲ့ကျင်းနဲ့ ဝင်လာကြပြီး ရှိရှိသမျှ အကြိုအကြားတွေမှာ ခိုအောင်း အိမ်ဖွဲ့နေကြလေတော့ တစ်အိမ်လုံးများ ပြိုကျသွားလေမလားလို့တောင် ပူရပါတယ်။

အခန်းတွေအထဲမှာတော့ နှစ်ခန်း၊ သုံးခန်းလောက်ပဲ အရင်က အဲဒီအိမ်မှာရှိခဲ့တဲ့ အနေအထားလောက် ရှိလိမ့်မယ်လို့ပြောရမယ်။ အခန်းတစ်ခန်းကတော့ နေ့တစ်ပတ်လည်လုံးလုံးလိုလိုမှာ အလင်းရောင်ကောင်းကောင်း ရလေတော့ အဲဒီအခန်းကို အကြောင်းကြီးငယ် ရှိလာမှသုံးဖို့ သတ်မှတ်ထားခဲ့ကြပါတယ်။ မိုရိစံကတော့ သူ့ပန်းချီကားတစ်ချပ် ဆွဲလို့ပြီးသွားတိုင်း သူ့တပည့်တွေဖြစ်တဲ့ ကျုပ်တို့အားလုံး ဆယ်ယောက်ကိုခေါ်ပြီး ပြလေ့ရှိတာများ မှတ်မိနေသေးတယ်။ ကျုပ်မှတ်မိနေပါသေးသကော။ ကျုပ်တို့တစ်တွေ အခန်းထဲမဝင်ခင် အခန်းဝတင်ရပ်ပြီး အခန်းအလည်မှာထားတဲ့ ပန်းချီကားကို ကြည့်ပြီး ရင်သပ်ရှုမောဖြစ်ကြရတာ။ အဲဒီလိုအခါမျိုးမှာ ဆရာကြီးမိုရိစံက သူ့သစ်ပင် ပန်းပင်ကလေးတွေနဲ့ အလုပ်ရှုပ်ရင် ရှုပ်နေတာ။ ဒါမှမဟုတ်ရင် ပြတင်းတံခါးကနေ အပြင်ဘက်ကြည့်နေတတ်တယ်။ ကျုပ်တို့ရောက်နေတယ် ဆိုတာများ သိပုံတောင်မရဘူး။ မကြာခင်ပဲ ကျုပ်တို့အားလုံးဟာ ပန်းချီကား ပတ်ပတ်လည်မှာဝိုင်းပြီး ကြမ်းပြင်ပေါ် ထိုင်လိုက်ကြတယ်။ ပန်းချီကားကို ညွှန်းရင်း အချင်းချင်း တိုးတိုးတိတ်တိတ် ပြောကြလေ့ရှိတယ်။ ‘ကြည့်စမ်း ဒီဖက်ထောင့်မှာ ဆရာကြီးဆေးဖြည့်ထားပုံက မှတ်လောက်သားလောက်ပါရဲ့’ ပေါ့။ သို့ပေမယ့် ဘယ်သူကမှ ‘ဆရာကြီး၊ အင်မတန်ကောင်းတဲ့ လက်ရာပေပဲ’ လို့ ဆရာကြီးကို ဦးတည်မပြောကြဘူး၊ မပြောကြတာက အဲဒီလိုအခါမျိုးမှာ ကျုပ်တို့တစ်တွေအနေနဲ့ အခန်းထဲမှာ ကျုပ်တို့ဆရာ မရှိဘူးဆိုတဲ့ ပုံစံမျိုးနေရတာကိုး။

မကြာမကြာ ပန်းချီကားအသစ်တွေက ကျုပ်တို့အဖို့ အပြောင်းအလဲ

စိတ်ကူးစိတ်သန်းအသစ်တွေ ရစေတတ်တာကိုး။ ဒီတော့ ကျုပ်တို့တစ်တွေ အကြားထဲမှာ အခြေအတင် နှီးနှောစရာများ ဖြစ်ရတတ်တယ်။ ဥပမာဆိုရစို့ရဲ့။ တစ်ခါက ကျုပ်တို့အခန်းထဲ ဝင်လာတော့ ဒူးထောက်ထားတဲ့ မိန်းမပုံပန်းချီကားကို တွေ့ရတယ်။ ယူထားတဲ့မြင်ကွင်းက အနိမ့်ပိုင်းက ယူထားတာ။ နိမ့်သမှ ကျုပ်တို့ဟာ ကြမ်းပြင်ပေါ်မှာ ပက်လက်လှန် ကြည့်နေတာမျိုး။

ဒီတုန်းက တစ်ယောက်ယောက်က ခုလိုပြောတာများ ကျုပ် သေသေချာချာ မှတ်မိနေသေးတယ်။ 'ခုလိုအနိမ့်ပိုင်းကအမြင်နဲ့ ဆွဲလိုက်တာ မိန်းမတစ်ယောက်ရဲ့ တည်ငြိမ်မှုကို ပုံဖော်လိုက်တာပဲ။ ဒီလိုအမြင်မျိုးနဲ့ မဆွဲခဲ့ရင် ရှိရင်းစွဲ မဟုတ်တဲ့သူရဲ့ တည်ငြိမ်မှုဟာ ပေါ်မလာနိုင်ဘူး။ မယုံနိုင်လောက်တဲ့ အောင်မြင်မှုတစ်ရပ်ပဲ။ တခြားအမြင်တွေကဆွဲရင် သောကပွားနေတဲ့ သနားစရာပုံပဲ ထွက်တော့မှာပေါ့။ ဒီပန်းချီကားကို မြင်လို့ တုန်လှုပ်သွားရတာကိုက ပန်းချီကားရဲ့ ထူးခြားမှုတစ်ရပ်၊ အင်အားတစ်ရပ်ပဲ'

'ဒါလဲဖြစ်နိုင်ပါတယ်'လို့ တစ်ယောက်က ဝင်ပြောလိုက်ပါတယ်။ 'မိန်းမမှာ တည်ငြိမ်မှု၊ ထိန်းသိမ်းမှုတွေ ရှိကောင်းရှိမယ်။ ဒါပေတဲ့ အနိမ့်ပိုင်းအမြင်က ဆွဲထားတဲ့အတွက်တော့ ဟုတ်မယ်မထင်ဘူး။ ဆရာကြီးပြောချင်တာကို ဖော်ထုတ်ချင်တဲ့ အကြောင်းအရာနဲ့ တိုက်ရိုက်ဆိုင်တယ်။ ဆရာကြီးပြချင်တာက ဒီကားမှာ အမြင်ဟာအနိမ့်ကလို့ မြင်ကြတာဟာ၊ တို့တစ်တွေဟာ အမြဲလို သာမန်အမြင်တည်ရာ နေရာတစ်ခုကသာ ကြည့်တတ်ကြလို့ပဲလို့ ဆိုလိုတာ။ ဆရာကြီးတို့က တို့တစ်တွေကို အဲဒီလိုကန့်သတ်ထားတဲ့ အမြင်တွေထဲက ထွက်စေချင်တာပဲ။ သူပြောနေတာက 'မောပန်းလောက်ပြီဖြစ်တဲ့ အစဉ်အလာရှုထောင့်တွေက တစ်သမတ်တည်း ကြည့်နေစရာမလိုဘူး'ဆိုတာပဲ။ ဒါကြောင့်လဲ ဒီပန်းချီကားဟာ အနုပညာ ဈာန်ဝင်စားစရာ အလွန်ကောင်းတာ'

မကြာပါဘူး။ ကျုပ်တို့ဟာ တစ်ယောက်တစ်ပေါက်နဲ့ မိုရိစံရဲ့ ဖန်တီးမှုအနုပညာအကြောင်း ငြင်းဟယ်၊ ခုန်ဟယ် ဖြစ်ကြရတော့တာပါပဲ။ အဲဒီလိုငြင်းကြတုန်း ကျုပ်တို့က ဆရာကြီးမိုရိစံကို လှမ်းလှမ်းကြည့်ကြပေတဲ့ သူက ဘယ်ဟာကဖြင့် မှန်တယ်လို့ ဝင်မပြောဘူး။ ကျုပ်မှတ်မိနေတယ်။ အဲဒီတုန်းက ဆရာကြီးဟာ လက်ကိုပိုက်ပြီး အခန်းရဲ့တခြားဖက်မှာရပ်ရင်း ပြတင်းပေါက်မှာ ကာထားတဲ့ သစ်သားရာဇမတ်ကွက်တွေ အကြားကနေ အပြင်ဘက်ကိုသာ ကြည့်နေတတ်တယ်။ မျက်နှာမှာတော့ ကျေနပ်နေတဲ့အပြုံးနဲ့။ အဲဒီနောက် အတော်ကြာတော့မှ ကျုပ်တို့ဖက်ကိုလှည့်ပြီး 'ကိုင်း၊ မင်းတို့

http://www.cherrythitsar.org


သွားကြဦး၊ ငါ့မှာ လုပ်စရာတွေရှိသေးတယ်’လို့ ပြောပါတယ်။ ဒီတော့မှပဲ ကျုပ်တို့လဲ အခန်းထဲက ထွက်လာကြပြီး ပန်းချီကားကို သဘောကျတဲ့ အကြောင်း ဆက်ပြောနေကြတာပေါ့။

ဒီအကြောင်းပြောတော့ရင် ခင်ဗျားအနေနဲ့ မိုရိစံရဲ့ အပြုအမူဟာ အတော်အတန် စီးပိုးတယ်လို့ ထင်ကောင်းထင်လိမ့်မယ်။ သို့ပေတဲ့ တကယ်လို့ လူတစ်ယောက်ဟာ မိုရိစံလို လူသူလေးပါးက အမြဲလိုလေးစားရလောက်အောင်၊ အားကျစရာဖြစ်လောက်အောင် အခြေအနေမျိုးမှာ ရောက်ခဲ့ပြီဆိုရင်တော့ ကျုပ်တို့အငြင်းအခုန်ထဲ ပါဝင်ပတ်သက်ခဲ့ဖို့ မလိုဘူးဆိုတာကို နားလည်မှာပါ။ တပည့်လက်သားဆိုတာကလဲ အမြဲတစေ ဘာလုပ်၊ ညာလုပ်လို့ ညွှန်နေစရာမှ မလိုဘဲကိုး။ တစ်ခါတလေတော့လဲ တပည့်တွေဟာ သူတို့ဘာသာ နှီးနှောကြ၊ တွေးခေါ်ကြဖို့ လိုတယ်မဟုတ်လား။ ကျုပ်ပြောခဲ့သလိုပါပဲ။ လူသူလေးပါးရဲ့ ရိုသေလေးစားမှု ခံရတဲ့လူတိုင်း မိုရိစံရဲ့ အပြုအမူကို နားလည်မှာပါ။

ဘယ်လိုပဲဖြစ်ဖြစ် ကျုပ်တို့ဆရာကြီးရဲ့ လက်ရာနဲ့ ပတ်သက်လို့ ငြင်းကြခုန်ကြတာဟာ ရက်သတ္တပတ် အတော်ကြာတဲ့အထိ ငြင်းလို့ကိုမပြီးဘဲ နေတတ်ပါတယ်။ ဆရာကြီးကတော့ တစ်လုံးတစ်ပါဒမှ ဝင်မပြောလေတော့ ကျုပ်တို့အဖို့ ကျုပ်တို့အထဲက တစ်ယောက်ရဲ့အဆုံးအဖြတ်ကို တောင်းရတာ ပေါ့။ သူက ဆာဆကီပါ။ ဆရာကြီးမိုရိစံရဲ့ တပည့်ကျော်ပါ။ ကျုပ်ပြောတဲ့ အတိုင်း ကျုပ်တို့ဘာသာ ငြင်းကြခုန်ကြလို့ ဘယ်လောက်ပဲ သံသရာရှည်နေ၊ ရှည်နေ ဆာဆကီက သူ့အမြင်ကို ပြောလိုက်တယ်ဆိုရင် ကိစ္စပြတ်တော့တာ ပဲ။ ဒါတင် ဘယ်ကမလဲ ဆာဆကီလိုလူမျိုးက ကျုပ်တို့ ဆွဲထားတာကိုကြည့် ပြီး ဒီလက်ရာကဖြင့် ကျုပ်တို့ဆရာကြီးရဲ့ အစဉ်အလာမျိုး မဟုတ်ဘူးလို့ ပြောရုံနဲ့ ကျုပ်တို့တွေက ငြင်းရဲကြတာမဟုတ်ဘူး။ များသောအားဖြင့်ကတော့ မီးရှို့ပစ်ကြရတာ။

ကျုပ်မှတ်မိသေးတယ်။ ကျုပ်တို့ ဆရာကြီးအိမ်ရောက်ပြီး အတော် ကြာကြာအထိ ကျုပ်သူငယ်ချင်းငလိပ်ဟာ အဲဒီလိုဝေဖန်ခံရလို့ သူ့ပန်းချီကား တွေကို အတော်မီးရှို့ပစ်ရသေးတာ။ ဆရာကြီးရဲ့အိမ် ရောက်ကတည်းက ကျုပ်ကတော့ အဲဒီအခြေအနေတွေနဲ့ ခပ်လွယ်လွယ်ပဲ အထာကျသွားပါတယ်။ ငလိပ်ကတော့ ပန်းချီကားတွေ တစ်ချပ်ပြီးတစ်ချပ် ဆွဲပြီးတိုင်း ဆရာကြီးရဲ့ အစဉ်အလာကို ဆန့်ကျင်သလိုချည်း ဖြစ်နေခဲ့တယ်။ တကယ်တော့ သိသိချည်း နဲ့ ဆရာကြီးရဲ့ အစဉ်အလာကို ဆန့်ကျင်နေတာ မဟုတ်ကြောင်းကို ကျုပ်က

http://www.cherrythitsar.org



ကြားဝင်ပြီး တောင်းပန်ရတာလဲ အကြိမ်ကြိမ်ပါပဲ။ အဲဒီတုန်းကများဆို မကြာမကြာ ငလိပ်တစ်ယောက် ကျုပ်ဆီလာပြီး ဆွဲလက်စ ပန်းချီကားကိုပြရင်း စိတ်ပျက်လက်ပျက်တဲ့အသံနဲ့ 'အိုနိုစံ၊ ငါ့ကို ပြောစမ်းပါဦး၊ ဒီလက်ရာမျိုးဆိုရင် ဆရာကြီးနဲ့ ဖြစ်ပါ့မလား'လို့ ပြောလေ့ရှိတယ်။

တစ်ခါတစ်ခါ ကျုပ်ဒေါသတွေ၊ ဘာတွေ ထွက်လောက်အောင် အံ့အားသင့်မိရတာများလဲ ရှိခဲ့ပါရဲ့။ ရည်ရွယ်ချက်တော့ မရှိရှာပါဘူး။ ဒါပေတဲ့ ငလိပ်ဆွဲတာတွေမှာ ဆရာကြီးကို စော်ကားတာမျိုးတွေ ပါနေတာကိုး။ ဆရာကြီးရဲ့ လက်ရာတွေအနေနဲ့က အားလုံးကို နားလည်ဖို့ကတော့ မလွယ်ပေဘူးပေါ့။ ဒါပေတဲ့လဲ အဲဒီအတွက် သက်သက်ကြောင့်တော့လဲ မဟုတ်ဘူး။ ဟိုတုန်းကတော့ ဆရာကြီးကို 'မော်ဒန်အုတာမာရိုး'လို့ ခေါ်ကြသေးတာကိုး။ ဟိုတုန်းကတော့ ပျော်ရွှင်ဖွယ်ရပ်ကွက်က အမျိုးသမီးတွေပုံတူ ရေးသူမှန်သမျှကို အဲသလို ခေါ်ကြတာကိုး။ တစ်နည်းတော့လဲ မိုရိုစံသဘောထားလဲ ပေါ်လွင်သွားတာပေါ့လေ။ မိုရိုစံကတော့ တကယ့်ကို အုတာမာရိုးအစဉ်အလာကို မော်ဒန်လုပ်ဖို့ ကြိုးစားတာပါ။ သူရဲ့ နာမည်ကျော် ပန်းချီကားတွေထဲက 'အကဖုံကိုချည်နှောင်ခြင်း'၊ 'ရေချိုးအပြီး' စတဲ့ကားချပ်တွေကို ကြည့်ရင် အဲဒီမိန်းမတွေဟာ အုတာမာရိုးအစဉ်အလာ ဂန္ထဝင်ဟန်နဲ့ တွေ့ကြရမှာပါ။ အဲသလို ဂန္ထဝင်ဟန် အတော်များများဟာ ဆရာကြီးလက်ရာတွေမှာ တွေ့ရတတ်ပါတယ်။ မျက်နှာသုတ်ပဝါနဲ့ မျက်နှာသုတ်နေတဲ့ အမျိုးသမီးပုံလိုဟာမျိုးမှာ၊ ဆံပင်ဖြီးနေတဲ့ အမျိုးသမီးပုံလိုဟာမျိုးမှာ ဆရာကြီးမိုရိုစံအနေနဲ့က စိတ်လှုပ်ရှားမှု၊ ခံစားမှု စတာတွေကို ဖော်ထုတ်ရာမှာ အစဉ်အလာအရ လုပ်လေ့ရှိတဲ့အတိုင်း အမျိုးသမီးတွေရဲ့အဝတ်အစား၊ အဝတ်အထည်တွေက တစ်ဆင့်ထုတ်ဖော်တဲ့နည်းသုံးတယ်။ မျက်နှာကတစ်ဆင့် ဖော်ထုတ်တာမျိုး မဟုတ်ဘူး။ ဒါပေတဲ့ တစ်ချိန်တည်းမှာပဲ မိုရိုစံရဲ့လက်ရာတွေမှာ ဥရောပဟန်တွေ လွှမ်းမိုးနေတာ အများကြီးပဲ။ ဒီတော့လဲ အုတာမာရိုးအစဉ်အလာကို သိပ်ထက်သန်တဲ့သူတွေအဖို့ အဲဒီလက်ရာတွေဟာ အစဉ်အလာကို ဖျက်တယ်လို့ မြင်လာကြတာပေါ့။ ဆရာကြီးအနေနဲ့က အစဉ်အလာရှိခဲ့တဲ့ နောက်ခံရောင် ရင့်ရင့်သုံးပြီး ပုံဖော်တာမျိုးကို မသုံးတာကြာပြီ။ သူက အနောက်နိုင်ငံတွေမှာ သုံးသလို အရောင်တွေကို အတုံးလိုက်၊ အခဲလိုက်သုံးပြီး အလင်းအမှောင်ယူတာမျိုး၊ သုံးဖက်မြင်ဖော် ရေးတာမျိုး ရေးတတ်တာ။ အရောင်ပါးကလေးတွေ သုံးတာမျိုးမှာလဲ ဆရာကြီးက ဥရောပ ရေးချက်တွေက ယူတာကိုး။ ဆရာကြီးရေးတဲ့

http://www.cherrythitsar.org


မိန်းမပုံကားတွေမှာ ဆရာကြီးက မိန်းမရဲ့အတွင်းသားကို ပတ်ဝန်းကျင်နဲ့ ဖော်ပြနိုင်ဖို့ အားထုတ်တတ်တာကိုး။ နှစ်အတော်ကြာ သူ့ဆီမှာ တပည့်ခံရင်း ကျုပ်လေ့လာမိတာ တစ်ခုရှိတယ်။ ဆရာကြီးဟာ မီးပုံးကလေးက အလင်း ရောင်ကို ခံစားနိုင်အောင်၊ အရောင်မျိုးစုံနဲ့ မျိုးစုံအောင် စမ်းသပ်ရေးဆွဲတာပဲ။ အဲဒီအချက်ကြောင့်လို့ပဲ ပြောရမှာ။ မိုရိစံရဲ့ လက်ရာအတော်များများမှာ မီးပုံးကလေးတွေ ပါနေတတ်တယ်။ မိုရိစံရဲ့ အမှတ်အသားလို့ ခေါ်ရမှာပဲ။ ဆရာကြီးအိမ်မှာ တစ်နှစ်လောက်ကြာအောင် နေလာတဲ့တိုင် ငလိပ်က ဆရာကြီးရဲ့ အနုပညာသဘောကို နားမလည်နိုင်ဘူး။ သုံးတဲ့အရောင်တွေကလဲ နေရာမှားနေသေးသကိုး။ သူ့ကိုယ်သူလဲ ဘာဖြစ်လို့ ဆရာကြီးအစဉ်အလာကို မရိုသေတဲ့လူလို့ အပြောခံရမှန်းကို မသိသလောက်ပါပဲ။

ကျုပ်ကသာ ငလိပ်အစား တောင်းပန်ပေတဲ့ ဆာဆကီလိုလူမျိုးတွေက ဘယ်မှာလာပြီး စိတ်ရှည်နိုင်တော့မှာတုန်း။ ဒီတော့လဲ ငလိပ်မှာ အရင်သူနေခဲ့တဲ့ ဆရာကြီး တာကေဒါအိမ်မှာလို ပေါင်းမဲ့သင်းမဲ့သူ မရှိသလောက် ဖြစ်လာတာ ပေါ့။ ဆရာကြီးအိမ်မှာ ဒုတိယနှစ်လို့ ကျုပ်ထင်တယ်။ အဲဒီနှစ်မှာ ဆာဆကီနဲ့ ပတ်သက်လို့ အပြောင်းအလဲဖြစ်ဖို့ ကြုံလာတယ်။ ငလိပ်နဲ့ပတ်သက်လို့ အပေါင်းအသင်း မလုပ်ကြဖို့ လှုံ့ဆော်တဲ့ ဆာဆကီအဖို့ သူ့မကောင်းကြံမှုထက် ဆိုးရွားတဲ့ တန်ပြန်မှုနဲ့တိုးဖို့ ကြုံလာရတယ်။

ကိုယ့်အုပ်စုကိုယ် ဖွဲ့နေကြတဲ့ တပည့်တွေအထဲမှာ ဆရာကြီးက အားထားရတယ်၊ သဘောကျတယ်လို့ မျက်နှာသာပေးခံရတဲ့သူကို အုပ်စုထဲမှာ ခေါင်းဆောင်တင်ကြတာဟာ သိပ်မဆန်းလှပါဘူး။ အဲဒီလို ဦးဆောင်ဦးရွက် လုပ်ရတဲ့ တပည့်အနေနဲ့က ဆရာကြီးရဲ့လက်ရာတွေ၊ အသင်အပြတွေနဲ့ပတ် သက်လို့ ခပ်ညံ့ညံ့တပည့်တွေကို ပြန်ပြီးပြရလေ့ရှိတယ်။ ဆာဆကီလုပ်ရ တာမျိုးတွေပေါ့။ တစ်ချိန်တည်းမှာပဲ တပည့်ထဲမှာ ခေါင်းဆောင်လုပ်ရတဲ့ လူက ဆရာလုပ်သူရဲ့ လက်ရာထဲမှာ ဟာကွက်တို့၊ ဘာတို့လဲတွေ့တတ် ကြတယ်။ ဒါမှမဟုတ်ရင်လဲ ဆရာလုပ်သူရဲ့နည်းနာက ခွဲထွက်လာရတဲ့ အမြင်မျိုးလဲ ရတတ်ကြတယ်။ အပြောအရတော့ ဟုတ်သပေါ့။ တပည့်က ဆရာ့ထက် လက်ရာပြောင်မြောက်လာတဲ့အခါ၊ အမြင်ကွာလာတဲ့အခါ ဆရာ အနေနဲ့က လက်ခံကြိုဆိုရမယ်ပေါ့။ ဒါပေတဲ့ တကယ်တမ်းကျတော့ ခံစား ချက်တွေ၊ ဘာတွေနဲ့ဆိုင်လာတော့ အဲသလို မဟုတ်ကြတော့ဘူး။ နည်းနည်း ပိုရှုပ်လာတယ်။ တစ်ခါတလေတော့ တပည့်တစ်ယောက်ကို ပြုစုပျိုးထောင်

http://www.cherrythitsar.org


သင်ကြားပေးလာရာက တပည့်ကကိုယ့်ကို ပြန်ပြုပြောလာတယ် ဆိုရင် သူ့ခမျာ ပညာပြည့်လာပြီကိုးလို့ မြင်ရမယ့်အစား ငါ့ကိုတော့ အန်တုလာပြီလို့ မြင်တတ်ကြတာကိုး။ အဲသလိုမျိုး မြင်လာတဲ့အခါ မဖြစ်သင့်တာတွေလဲ ဖြစ်ကြရတော့တာပေါ့။

တစ်နေ့၊ ဆာဆကီဟာ ဆရာကြီးနဲ့ အငြင်းပွားကြတယ်။ အဲဒီကိစ္စနဲ့ပတ်သက်လို့ ကျုပ်တို့က ဆာဆကီအပေါ် လုပ်လိုက်ပုံကတော့ မလုပ်သင့်တာပါ။ ပြန်တွေးကြည့်လိုက်တဲ့ အခါမှာလဲ အကျိုးမရှိတဲ့ ကိစ္စပါပဲ။ ကျုပ်ကတော့ သေသေချာချာကြီးကို မှတ်မိနေသေးတယ်။ အဲဒီညက ဆာဆကီ တစ်ယောက် ကျုပ်တို့ဆီက ထွက်သွားရတဲ့ညပေါ့။

အဲဒီညက အတော်များများက အိပ်ရာထဲတောင် ရောက်နေကြပြီ။ ကျုပ်ကတော့ အခန်းအို၊ အခန်းပျက်တစ်ခုထဲမှာ အိပ်တော့မလို့။ အမှောင်ထဲမှာလှဲနေတုန်း ဆာဆကီက တစ်ယောက်ယောက်ကိုခေါ်သံ ဝရန်တာရှိတဲ့ဖက် ခပ်လှမ်းလှမ်းမှာ ကြားလိုက်မိတယ်။ ဘယ်သူကမှ ပြန်ဖြေသံတော့ မကြားမိလိုက်ဘူး။ ဒါပေတဲ့ အခန်းတံခါးပိတ်လိုက်သံပဲ ကြားလိုက်ရတယ်။ ဒီနောက် ဆာဆကီရဲ့ခြေသံကို ပိုပြီး နီးနီးလာသလိုပဲ ကြားနေရတယ်။ ဆာဆကီဟာ တခြားအခန်းတစ်ခုမှရပ်ပြီး တစ်ခုခု ပြောလိုက်သံ ကြားလိုက်ရပြန်တယ်။

ဒါပေတဲ့ ဘယ်သူကမှ၊ ဘာမှပြန်ပြောသံ မကြားရပြန်ဘူး။ သူ့ခြေသံက ပိုပြီး နီးလာပြန်တယ်။ ကျုပ်အခန်းဘေးက အခန်းတံခါးကို ဖွင့်လိုက်သံ ကြားရပြီး ဆာဆကီက အခုလို ပြောလိုက်ပါတယ်။

'ဒီမှာ မင်းနဲ့ငါ သူငယ်ချင်းကောင်းအဖြစ်နဲ့ နေလာတာကြာပါပြီ၊ ငါ့ကို စကားလေးများ ပြန်ပြောစမ်းပါဦး' သူပြောနေသူကတော့ ဘာမှပြန်မပြောဘူး။ ဒီတော့ ဆာဆကီကဆက်ပြောတယ် 'ငါ့ပန်းချီကားတွေ ဘယ်မှာထားကြတယ်ဆိုတာတော့ ပြောစမ်းပါ'

တစ်ဖက်က ဘာမှပြန်မပြောပါဘူး။ ကျုပ်က အမှောင်ထဲက ငြိမ်ပြီး နားထောင်နေတဲ့အခါ ကျုပ်အခန်းနဘေးက အခန်းရဲ့ကြမ်းပြင်ကို ကြွက်ကိုက်နေသံပဲ ကြားလိုက်ရတယ်။ ဒီတော့ ကြွက်ကိုက်သံကပဲ ဆာဆကီအတွက် တုံ့ပြန်သံ ဖြစ်နေတော့တာပေါ့။

ဒီတော့ ဆာဆကီက ဆက်ပြောတယ် 'မင်းအတွက် ဒီပန်းချီကားတွေဟာ စော်ကားသလိုဖြစ်နေရင် ဘာဖြစ်လို့ဝှက်ထားမလဲ၊ ငါ့အတွက်က ခုလိုအခါမျိုးမှာ သိပ်အရေးကြီးပါတယ်၊ ငါဘယ်ကိုပဲ သွားဖြစ်သွားဖြစ်

http://www.cherrythitsar.org


ယူသွားရလိမ့်မယ်၊ ခုငါ့မှာ ဘာမှယူသွားစရာမရှိဘူး'

တစ်ဖက်က ဘာမှပြန်မဖြေလေတော့ ကြွက်တွေက ကြမ်းပြင်ကို ကိုက်သံပဲ ကြားနေရပါတယ်။ အတော်ကြာအောင် ငြိမ်သက်သွားတယ်။ ဒီတော့ ကျုပ်က ဆာဆကီတစ်ယောက် ပြန်တောင်သွားပြီထင်တာ။ ဒါပေတဲ့ ဆာဆကီအသံကို ကြားလိုက်ရပြန်တယ်။

'ပြီးခဲ့တဲ့ရက်တွေမှာ တခြားကောင်တွေက ငါ့ကို အတော်ဒုက္ခပေးခဲ့တယ်၊ ဒါပေတဲ့ ငါ့စိတ်အထိခိုက်ဆုံးက မင်းအနေနဲ့ငါ့ကို နှစ်သိမ့်စကားလေးတောင် မပြောတာဘဲ'

တစ်ဖက်က ဘာသံမှ ထွက်မလာပါဘူး။ ဆာဆကီအသံပဲ ကြားလိုက်ရပါတယ်။

'မင်းက ငါ့ကို နောက်ဆုံးအနေနဲ့ နှုတ်မဆက်နိုင်ဘူးလား'

ကျုပ်ကြားလိုက်ရတာကတော့ အခန်းတံခါး ပိတ်လိုက်သံနဲ့ ဆာဆကီတစ်ယောက် ဝရန်တာကဆင်းပြီး ကွက်လပ်ထဲ ဖြတ်လျှောက်သွားတဲ့ အသံပါပဲ။

* * *

ဆာဆကီ ထွက်သွားပြီးတဲ့နောက် မိုရိစံအိမ်မှာ သူ့အကြောင်းသိပ် အပြောအဆို မရှိတော့ပါဘူး။ တစ်ခါတလေ ပြောဖြစ်ကြရင်တောင် 'သစ္စာဖောက်'ရယ်လို့ပဲ ညွှန်းကြပါတယ်။ ကျုပ်တို့တွေ အကြားမှာတော့ ဆာဆကီရဲ့နာမည်ဟာ ခြောက်လှန့်နေတယ်။ ဆာဆကီရဲ့ နာမည်သုံးပြီး ပြောဟယ်၊ ဆိုဟယ်လုပ်ကြတဲ့အခါ တစ်ယောက်ယောက်ကို အလိုလို စော်ကားသလိုတောင် ဖြစ်နေတတ်တယ်။ ကျုပ်တို့တွေ တစ်ယောက်ကိုတစ်ယောက် အားမနာပ အပြိုင်ပြောကြတုန်း တစ်ခါ၊ နှစ်ခါ အဲဒီလို ဖြစ်ကြရတာများ ကျုပ်မှတ်မိနေသေးတယ်။

အတော်ကလေး အိုက်တဲ့ညတွေမှာဆိုရင် ကျုပ်တို့တစ်တွေ အခန်းတံခါးတွေကို အားလုံးဖွင့်ထားတတ်ကြတယ်။ အဲဒီလိုဆိုတော့ တခြားအဆောင်တွေက ကျုပ်တို့လို တံခါးတွေဖွင့်ပြီး နေကြသူတွေ တွေ့ရတာပေါ့။ အဲဒီလို အခါမျိုးမှာ အုပ်စုတစ်စုစုထဲက တစ်ယောက်ယောက်က တခြားအုပ်စုထဲက တစ်ယောက်ယောက်ကို ပေါက်တတ်ကရ တစ်ခုခုအော်ပြီး စဟယ်၊ နောက်ဟယ် ပြုတယ်ဆိုရင်ပဲ သိပ်မကြာပါဘူး။ ဟိုအုပ်စု၊ ဒီအုပ်စု စသဖြင့်ပေါ့ဗျာ။ အကုန်ဝရုန်တာထွက်ပြီး တစ်ယောက်နဲ့တစ်ယောက်၊ တစ်အုပ်စုနဲ့တစ်အုပ်စု အပြိုင်အော်ကြ၊ ဟစ်ကြတော့တာ။ အပြိုင်စော်ကားကြတော့တာပေါ့။ ဒီလို လုပ်ကြတာကို အခုနေ ပြန်တွေးတော့ ရယ်စရာပေါ့။ ဆရာကြီး အိမ်ဆောက်ထားပုံက အသံကိုလှိုင်ပြီး ထွက်လာအောင် ဆောက်ထားသလိုမျိုးဆိုတော့ ဟိုတုန်းကတော့ ကျုပ်တို့အဖို့ ကလေးများလို တယ်အော်လို့ကောင်းကိုး။

http://www.cherrythitsar.org


များသောအားဖြင့်ကတော့ တစ်ယောက်ယောက်ရဲ့ သူရဲဘောနည်းပုံမျိုး။ တစ်ယောက်ယောက် မကြာခင်ကလေးတင်က ရေးတဲ့ပန်းချီကားအကြောင်း စသဖြင့် ဝိုင်းဟားကြတာမျိုးပါ။ ပျော်စေ၊ ပျက်စေ အပြိုင်ပြောကြတာမျိုးပါ။ သက်သက်ရည်ရွယ်ပြီး စော်ကားတာမျိုး မရှိသလောက်ပါဘဲ။ ကျုပ်ပြန်စဉ်းစား ကြည့်တဲ့အခါ များသောအားဖြင့်က ကျုပ်တို့တစ်တွေ ဆရာကြီးအိမ်မှာနေခဲ့ ကြတဲ့ကာလမှာ တစ်ယောက်နဲ့တစ်ယောက် အပြိုင်လို ဖြစ်ခဲ့ကြပေတဲ့ မိသား တစ်စုလိုပါ။ ရင်းနှီးကြပါတယ်။ ပျော်ခဲ့ကြပါရဲ့။ တစ်ကြိမ်၊ နှစ်ကြိမ်မှာတော့ ဆာဆကီနာမည်ကို သုံးပြီး စကြ၊ နောက်ကြရာက အတော်ကို ထိန်းမရအောင် ဖြစ်ခဲ့ကြရပါတယ်။ တစ်အုပ်စုနဲ့တစ်အုပ်စု စည်းမစောင့်နိုင်ကြရအောင်ကို ဖြစ်သွားကြတာကလား။ အဲဒီကတည်းက ကျုပ်တို့လဲ သတိထားကြရတယ်။ နောင်ပျော်စေ၊ ပျက်စေဆိုပေသိ ဆာဆကီနာမည် မပါအောင် ပြောကြဆိုကြ ရတယ်။

ခုလိုအကြောင်းဟောင်းတွေ ပြန်စဉ်းစားရာက ဟိုစဉ်က ကျုပ်တို့ တွေဟာ ကျုပ်တို့ဆရာနဲ့ သူ့စည်းကမ်းနည်းလမ်းတွေကို လက်ခံကြရာမှာ အတိုင်းထက် အလွန်ပဲဆိုတာ ခင်ဗျားသတိထားမိလိမ့်မယ်။ တကယ်တော့ လွန်ပြီးသားကိစ္စကို ပြန်ဝေဖန်ဖို့ဆိုတာက သိပ်မခက်လှဘူးကိုး။ အထူးသဖြင့် ကတော့ မိုရိစံလို ဆရာမျိုးအနေနဲ့တောင် အားလုံးကို လွှမ်းမိုးမထားနိုင်ဘူး။ သို့ပေတဲ့ တစ်နည်းပြန်ကြည့်ကြရင်း ဆိုပါစို့ရဲ့။ လူတစ်ယောက်ဟာ ဆန္ဒပြင်း ပြတယ်၊ ကြီးကြီးမားမား အောင်မြင်ချင်တယ်၊ သူ့အစွမ်းအစကိုလဲ သေသေ ချာချာ ထုတ်ပြချင်တဲ့ သူတစ်ယောက်အနေနဲ့ကတော့ မိုရိစံ လုပ်ပုံကိုင်ပုံအပေါ် မကျေမနပ်တော့ ရှိမှာပဲ။ ခုနေပြန်ကြည့်ရင်တော့ ရူးနေသလားတောင်ဆိုရမယ်။ ဟိုတုန်းက မိုရိစံ အောင်မြင်နေစဉ် ကာလကများဆိုရင် မိုရိစံက ကျုပ်တို့မြို့မှာ လက်ခံထားတဲ့ ပန်းချီပညာဆိုတာကို အခြေခံကအစ ပြောင်းပစ်ချင်တာ။ ဆရာကြီးအကြောင်းတွေးမိပြီး ဝေဖန်မယ်ဆိုတဲ့ အခါမတော့ တပည့်တွေအပေါ် သူအချိန်ကုန်ခံ၊ ငွေကုန်ခံပြီး ရည်ရွယ်ချက် အောင်မြင်စေချင်တဲ့ သူ့လုပ်ရပ်တွေ ကို ချန်ထားလို့တော့ မဖြစ်ပေဘူး။

ကျုပ်တို့အပေါ် သူ့ရဲ့လွှမ်းမိုးချက်ကဖြင့် ပန်းချီပညာတစ်ခုတည်းမှာ လို့တောင် ပြောလို့မဖြစ်ဘူး။ သူ့ဆီမှာ နေစဉ်ကာလမှာ ကျုပ်တို့တွေဟာ သူလက်ခံထားတဲ့ ဘဝရဲ့တန်ဖိုးတွေ၊ နေ့စဉ်ဘဝနဲ့ ပတ်သက်တဲ့ ခံစားမှုတွေ အတိုင်း နေခဲ့ကြတာကလား။ ဒီတော့ ကျုပ်တို့မြို့ရဲ့ 'လွှင့်မျောနေတဲ့ကမ္ဘာကြီး'

http://www.cherrythitsar.org


လို့ခေါ်ရမယ့် ညဘက် အပျော်အပါးသွားတာမျိုး၊ သောက်တာစားတာမျိုးတွေလဲ ပါတာပေါ့။ ဒါတွေကလဲ ကျုပ်တို့တွေရေးတဲ့ ပန်းချီကားတွေရဲ့ နောက်ခံအကြောင်းတွေ ဖြစ်နေတယ်။ ခုနေ ဟိုတုန်းက မြို့လယ်ပိုင်းအကြောင်းများ ပြန်တွေးကြည့်မိတဲ့အခါ လွမ်းများတောင်လွမ်းမိပါရဲ့။ လမ်းတွေမှာက ဘယ်မှာလာ ခုလို ကားသံတွေ ညံနေမှာတုန်း။ လေများတောင် သန့်နေလေတော့ ညဘက်များဆိုရင် လေထဲမှာ ရာသီလိုက်ပွင့်တဲ့ ပန်းနံ့တွေနဲ့ပေါ့။ ကျုပ်တို့သွားနေကျက ကိုဂျီမားလမ်းထဲက မြောင်းကြီးနဘေးမှာရှိတဲ့ 'ရေမီးပုံးများ'လို့ခေါ်တဲ့ စားသောက်ဆိုင်ပဲ။ ဆိုင်နားရောက်တယ်ဆိုရင် မြောင်းထဲမှာ ဆိုင်က မီးပုံးကလေးတွေရဲ့ အရိပ်ကို မြင်ကြရတာကိုး။ ဆိုင်ပိုင်ရှင် အမျိုးသမီးကြီးက မိုရိစံရဲ့ မိတ်ဆွေဆိုတော့ ကျုပ်တို့ကို အမြဲလို ကောင်းကောင်းပြုစုရှာပါတယ်။ အဲဒီဆိုင်မှာ ဆိုင်က အမျိုးသမီးလေးတွေနဲ့အတူ ကျုပ်တို့ သောက်ခဲ့၊ ဆိုခဲ့ကြတာတွေ ဘယ်မေ့ပါ့မလဲ။ နောက်တစ်နေရာ ကျုပ်တို့သွားလေ့ရှိတာက နဂတလမ်းထဲက တစ်နေရာပဲ။ အဲဒီက ဆိုင်ရှင်မကြီးကဆို သူအကိဟာရမှာ ဂီရှားလုပ်စဉ်က မိုရိစံဟာ သူ့ကို စံပြမယ်လုပ်ခိုင်းပြီး သစ်ထွင်းကားချပ်တွေ လုပ်ခဲ့တယ်ဆိုတာ ပြောပြောလို့ မဆုံးနိုင်အောင်ပါ။ အဲဒီမှာ အလုပ်လုပ်တာ မိန်းကလေးခြောက်ယောက်၊ ခုနစ်ယောက်လောက် ရှိမယ်ထင်တယ်။ အဲဒီမှာ ကိုယ်သဘောကျတဲ့သူနဲ့၊ ပြောဟယ်ဆိုဟယ်၊ စားဟယ်သောက်ဟယ်နဲ့ ညဘက်အချိန်ဖြုန်းခဲ့ကြတာ။

ကျုပ်တို့မြို့ထဲဆင်းပြီး ပျော်ကြ၊ ပါးကြတာနဲ့ ပတ်သက်လို့တော့ အကန့်အသတ်၊ အတားအဆီး မရှိခဲ့ပါဘူး။ မိုရိစံမှာကလဲ အနုပညာလောကက သဘင်သည်၊ ကချေသည်၊ အဆိုအကသမား၊ အရပ်ဇာတ်သမားတွေ၊ မိတ်ဆွေတွေကလဲ အပုံကြီးပဲ။ မိုရိစံအိမ်ကိုလဲ ရောက်လာတတ်ကြတယ်။ အဲဒီအခါမှာတော့ မတွေ့ကြရတာ ကြာနေတဲ့ မိတ်ဆွေတွေလိုပဲကိုး။ ဒီတော့လဲ အတော်ကြီး သောက်ကြတာပေါ့။ ရောက်လာတဲ့ သဘင်သည်တွေကလဲ တစ်ညလုံး ဆိုဟယ်၊ ကဟယ်ပေါ့။ သိပ်မကြာပါဘူး၊ သောက်စရာကုန်သွားလေတော့ သန်းခေါင်သန်းနွဲကြီးမှာ တစ်ယောက်ယောက်ကို ရွာထဲက အရက်ရောင်းတဲ့အိမ်ကိုလွှတ်ပြီး ထပ်ဝယ်ခိုင်းရတော့တာပေါ့။ မိုရိစံအိမ်ကို မှန်မှန်လာလေ့ရှိတာက ကွက်စိပ်ဆရာ မာကီပဲ။ မာကီက ခပ်ဝဝ။ လူပျော်။ သူက ရှေးဇာတ်လမ်းတွေ အပြောကောင်းလေတော့ ကျုပ်တို့များဆို သူ့အပြောကို နားထောင်ရင်း ခုရယ်၊ ခုငိုကို ဖြစ်ရတာ။ အဲဒီနောက် နှစ်အတော်ကြာကြာမှာ

http://www.cherrythitsar.org


မာကီနဲ့ကျုပ် မိဂီဟိဒရာမှာ တွေ့ကြတော့ ဟိုတုန်းက အကြောင်းတွေပြောရင်း လွမ်းကြရသေးတာ။ မာကီက မိုရိစံအိမ်မှာ တစ်ညလုံး ပြောကြဆိုကြ၊ စားသောက်ကြနဲ့ နောက်တစ်နေ့ ကူးရုံတင်မကဘူး။ နောက်တစ်ညပါ ဆက်ကြတဲ့အကြောင်း ခိုင်ခိုင်မာမာ သတိတရနဲ့ ပြောရှာတယ်။ အဲဒီအကြောင်းတော့ ကျုပ် အသေအချာ မမှတ်မိဘူး။ ကျုပ်မှတ်မိနေတာကတော့ မိုရိစံရဲ့အိမ်မှာ နောက်တစ်နေ့ နေရာတကာမှာ အတုံးအရုံး အိပ်နေကြတာတွေ၊ တချို့များဆို ခြံဝင်းထဲမှာ တုံးလုံးပက်လက်နဲ့ နေဖင်ထိုးတဲ့ အထိပေါ့ဗျာ။

ကျုပ်အသေအချာ မှတ်မိနေတဲ့ ညတစ်ညတော့ရှိသဗျ။ အဲဒီညက ကျုပ်ဟာ မိုရိစံအိမ်ရောက်နေတဲ့ သဘင်သည်တွေဆီက ခဏရှောင်ထွက်လာရင်း လေကောင်းလေသန့်လေးလဲ ရှူချင်တာကြောင့် ခြံဝင်းအလယ်ဘက်က ဖြတ်ပြီး လျှောက်လာမိတယ်။ ကျုပ်မှတ်မိနေတာက ကျုပ်ဟာ ပစ္စည်းတွေ သိုလှောင်ထားတဲ့ အခန်းဘက် လျှောက်လာလိုက်မိတယ်ဆိုတာပဲ။ အခန်းထဲ မဝင်ခင် လှည့်ကြည့်လိုက်တော့ ကျုပ်အပေါင်းအသင်းတွေနဲ့ သဘင်သည်တွေက ကွက်လပ်ရဲ့တခြားဖက်ဆီမှာ ပျော်ပါးနေကြသပေါ့။ အရိပ်ပြအက ကတဲ့ ကချေသည်တွေရဲ့ အရိပ်များတောင် လှမ်းတွေ့နေရသေးတယ်။ အဆိုတော် တစ်ယောက်ရဲ့ ဆိုသံလဲ ကြားနေရတယ်။

ကျုပ်ကတော့ ပစ္စည်းသိုလှောင်ခန်းဆီပဲ သွားခဲ့မိတယ်။ သွားဆို ဒီဝင်းကြီးထဲမှာက အဲဒီတစ်နေရာပဲ အနှောင့်အယှက်မရှိ အေးအေးဆေးဆေး နေနိုင်တော့တာကိုး။ ဒီအခန်းကလဲ ရှေးက ဒီအိမ်ကြီးမှာ အစောင့်အကြပ်တွေ ရှိခဲ့စဉ်က လက်နက်ခဲယမ်းမီးကျောက်တွေ ထားခဲ့တဲ့ အခန်းဖြစ်မယ်လို့ ကျုပ်တွေးကြည့်မိတယ်။ ကျုပ်က မီးအိမ်ကလေးကို အပေါက်ဝမှာ အသာ ချိတ်ပြီး အခန်းထဲ ဝင်မယ်လုပ်လိုက်တော့ရင် အခန်းရဲ့ကြမ်းပြင်မှာက ခြေဖျား ချစရာ မရှိလောက်အောင် ပွရှုပ်လို့ပဲ။ နေရာတကာမှာ ကြိုးနဲ့စည်းထားတဲ့ ဆွဲပြီးသား ကင်းဘတ်စတွေ၊ ပန်းချီကားတင်တဲ့ ခုံ အကျိုးအပဲ့တွေ၊ အိုးတွေ၊ ခွက်တွေ၊ စုတ်တံအဟောင်းတွေ၊ တုတ်တိုတုတ်စတွေ ကျုပ်လဲအတော်ကလေး ရှင်းလင်းပြီးတော့ ကြမ်းပြင်ပေါ်မှာ ထိုင်ချလိုက်မိတယ်။ အပေါက်ဝမှာချိတ် ထားလိုက်မိတဲ့ မီးအိမ်ကလေးကြောင့် ပတ်ပတ်လည်မှာ အရိပ်မျိုးစုံ ထိုးလို့ပေါ့။ ကြောက်တော့ကြောက်စရာ အကောင်းသား။ သချိုင်းကုန်းလေးထဲ ထိုင်နေရ သလိုပဲ။

ကျုပ်ထင်တယ်။ ကျုပ်ဘာသာ အတွေးထဲမှာ အတော်နယ်ချဲ့နေခဲ့မိပုံ

http://www.cherrythitsar.org


ရတယ်။ အဲဒီတုန်းမှာ အခန်းတံခါးကို တွန်းဖွင့်လိုက်သံ ကြားလိုက်ရမိတယ်။ ကျုပ်လှမ်းကြည့်လိုက်တော့ တံခါးဝမှာ မိုရိစံ။ ကျုပ်လဲ အလောသုံးဆယ်နဲ့ နှုတ်ဆက်လိုက်ရတယ်။ 'မင်္ဂလာရှိတဲ့ ညနေပါ ဆရာကြီး'

အခန်းဝက မီးအိမ်ကလေးက၊ မီးရောင်က ကျုပ်ရှိနေတဲ့ နေရာအထိ လုံလုံလောက်လောက် မလင်းလေတော့ ကျုပ်မျက်နှာက အမှောင်ရိပ်ထဲကျနေပုံပေါ်တယ်။ ဘယ်လိုကြောင့်ပဲ ဖြစ်ဖြစ် မိုရိစံဟာ ရှေ့ကိုတိုးလာပြီး မေးတယ်။

'ဘယ်သူတုန်း၊ အိုနီလား'

'ဟုတ်ပါတယ်၊ ဆရာကြီးခင်ဗျား'

ဆရာကြီးဟာ ခဏရှေ့ကို ပြူးကြည့်လိုက်ပါတယ်။ ပြီးတော့မှ ချိတ်ထားတဲ့ မီးအိမ်ကို ဖြုတ်ယူလိုက်ပြီး လက်ကကိုင်လိုက်ရင်း ကျုပ်ရှိရာဖက်ကို လျှောက်လာပါတယ်။ ကြမ်းပြင်ပေါ်မှာကလဲ ပွရှုပ်နေလေတော့ အတော်ကလေး သတိထား လျှောက်ရတာပေါ့။ ဆရာကြီးလက်က ကိုင်ထားတဲ့မီးအိမ်ကလေးကြောင့် ကျုပ်တို့ပတ်ပတ်လည်မှာ အရိပ်တွေ ပြေးလွှားနေတယ်။ မဆိုင်းမတွပါပဲ။ ကျုပ်လဲ ဆရာကြီး ထိုင်စရာရအောင် နေရာကထပြီး ရှင်းလိုက်တယ်။ ကျုပ်ရှင်းလို့မှ မပြီးဘူး၊ ဆရာကြီးက ကျုပ်နဲ့ မလှမ်းမကမ်းမှာရှိတဲ့ သစ်သားသေတ္တာပေါ်မှာ ထိုင်ချလိုက်ပါတယ်။ ခဏနားလိုက်ပြီးတော့ ခုလိုပြောပါတယ်။

'ငါလဲ လေကောင်းလေသန့်ကလေးများ ရအောင် ထွက်လာတာ၊ အားလုံးက မှောင်နေလေတော့ ဒီက မီးရောင်ကလေးတစ်ခုပဲ တွေ့ရတာ၊ ဒီတော့ ငါတွေးလိုက်မိတယ်၊ ပစ္စည်းသိုလှောင်ခန်းဆိုတာက အတွဲတွေ ချိန်းတွေ့တဲ့ နေရာမှ မဟုတ်တာ၊ အဲဒီထဲမှာ ရောက်နေတဲ့ ဘယ်သူပဲဖြစ်ဖြစ်ဟာ တစ်ကိုယ်တော်အတွေးသမားပဲ ဖြစ်ရမယ်'

'ဟုတ်ပါတယ် ဆရာကြီး၊ ကျွန်တော်ဒီမှာထိုင်ရင်း အတွေးနယ်ကျွံသွားမိတယ်၊ ဒီထဲမှာ အကြာကြီးနေဖို့ စိတ်ကူးမထားမိခဲ့ပါဘူး'

ဆရာကြီးဟာ မီးအိမ်ကို သူ့ဘေးနားက ကြမ်းပြင်မှာချလိုက်ပါတယ်။ ဒီတော့ ကျုပ်ထိုင်နေတဲ့ နေရာကဆိုရင် သူ့ကို အမှောင်ရိပ်ထဲမှာပဲ တွေ့ရတော့တာပေါ့။ 'စောစောက ကခြေသည်မကလေး တစ်ယောက်ကြည့်ရတာ မင်းကို သဘောကျနေပုံပဲ'လို့ ဆရာကြီးက ပြောလိုက်ပါတယ်။ 'မင်း၊ ခုလို သူ့ဆီက ပျောက်သွားလေတော့ သိပ်သဘောကျတော့မှာ မဟုတ်ဘူး'

'ကျွန်တော့်အနေနဲ့က ကျွန်တော်တို့ရဲ့ ဧည့်သည်တွေအပေါ် ရိုင်းစိုင်း

တဲ့သဘောနဲ့ လုပ်တာမဟုတ်ပါဘူး ဆရာကြီး၊ ဆရာကြီးလိုပဲ ကျွန်တော်လဲ လေကောင်းလေသန့် လိုချင်လို့ ထွက်လာခဲ့တာပါ'

ကျုပ်တို့ဟာ အတော်ကြာအောင် စကားမပြောဖြစ်ဘဲ ထိုင်နေမိတယ်။ ဝင်းထဲက ကွက်လပ်ရဲ့ တခြားဖက်ကလာနေတဲ့ ကျုပ်တို့မိတ်ဆွေတွေရဲ့ သီချင်းဆိုသံ၊ လက်ခုပ်လက်ဝါး တီးသံတွေကိုတော့ ကြားနေရပါတယ်။ ဒီတုန်း ဆရာကြီးကစပြီး ပြောပါတယ်။

'အိုနို၊ ငါ့မိတ်ဆွေဟောင်းကြီး ဂီဆာဘူရိုကို ဘယ်လိုမြင်သလဲ၊ ဒီလူကတော့ တကယ့်လူပဲ'

'မှန်ပါတယ် ဆရာကြီး၊ သူ့ကြည့်ရတာ အလွန်ပြောလို့၊ ဆိုလို့ကောင်းမယ့် လူကြီးလူကောင်း တစ်ယောက်ပါပဲ'

'ခုအခါတော့ကွာ သူဝတ်တာ၊ စားတာက နွမ်းနွမ်းပါးပါးကိုး၊ ဟိုစဉ်ကတော့ သူက နာမည်တစ်လုံးနဲ့နေတာ၊ သူ ဒီညပြနေတာ သူ့လက်ကျန်အစွမ်းအစတွေပေါ့။ သူ့မှာ အများကြီးကျန်သေးတာပဲ'

'မှန်ပါတယ် ဆရာကြီး'

'အဲသလိုဆိုရင် မင်းက ဘာများ သောကပွားနေသတုန်း'

'ကျွန်တော်က သောကပွားနေတယ် ဟုတ်လားဆရာကြီး၊ ကျွန်တော့် မှာ ဘာမှ သောကပွားစရာ မရှိပါဘူး'

'ဂီဆာဘူရိုကြီးဟာ စီးစီးပိုးပိုး ရှိတယ်များ မင်းမထင်မိဘူးလား'

'မထင်မိပါဘူး ဆရာကြီး' ကျုပ်က ပြန်ဖြေရင်း သိသိချည်းနဲ့ ကျုပ်ရယ်လိုက်မိပါတယ်။ 'ဂီဆာဘူရိုဟာ အင်မတန် ခင်ဖို့ကောင်းတဲ့ လူကြီး တစ်ယောက်ပါ'

အဲဒီလို ပြောလိုက်ပြီးတဲ့နောက် ကျုပ်တို့နှစ်ယောက်သား ရောက်တတ်ရာရာတွေ ပြောနေမိကြပါတယ်။ မိုရိစံက နောက်တစ်ကြိမ် ကျုပ်ရဲ့ 'သောကတွေ'အကြောင်း စကားဦးလှည့်လာတဲ့အခါမှာတော့ ကျုပ်ရိပ်မိလိုက်တယ်။ ဆရာကြီးဟာ အဲဒီအကြောင်းကို ကျုပ်ရင် မဖွင့်မချင်း ထိုင်နေရာက ထပြန်မှာ မဟုတ်ပေဘူး။ ဒီတော့ ကျုပ်ကလည်း ပြောပြလိုက်ရတော့တာပေါ့။

'ဂီဆာဘူရိုဟာ အလွန်စိတ်ရင်းကောင်း ရှိပုံရပါတယ်၊ သူနဲ့သူ့ရဲ့ အဖွဲ့သူအဖွဲ့သားတွေဟာ ကျွန်တော်တို့အပေါ် တတ်နိုင်သမျှ ဖြေဖျော်ကြတာလဲအမှန်ပါ၊ ဒါပေတဲ့ ဆရာကြီးခင်ဗျား၊ ပြီးခဲ့တဲ့ လပိုင်းအတွင်းက သူတို့လို

http://www.cherrythitsar.org


ဖြေဖျော်ရေးအဖွဲ့တွေ ကျွန်တော်တို့ဆီလာတာ မကြာခဏပါပဲ'

မိုရိစ်က ဘာမျှဝင်မပြောလေတော့ ကျုပ်ကပဲ ဆက်ပြောလိုက်မိတယ်။

'ကျွန်တော့်ကို ခွင့်လွှတ်ပါဆရာကြီး၊ ကျွန်တော့်အနေနဲ့က ဂီဆဘူရို နဲ့ သူ့အဖွဲ့သူ၊ အဖွဲ့သားတွေကို အရိုအသေတန်လို့ ပြောတာမဟုတ်ပါဘူး၊ ကျွန်တော့်အနေနဲ့ အဖြေရှာမရတဲ့ ကိစ္စလေးတစ်ခု ရှိနေပါတယ်၊ အဲဒါက ကျွန်တော်တို့လို ပန်းချီပညာရှင်တွေအနေနဲ့ ကျွန်တော်တို့ရဲ့ အချိန်တွေကို ဂီဆဘူရိုတို့လို အဖွဲ့သူအဖွဲ့သားတွေနဲ့ နှစ်မြုပ်ထားဖို့ လိုသလားဆိုတာပါ'

အဲဒီအခါမှာတော့ ဆရာကြီးဟာ မီးအိမ်ကိုလက်ကကိုင်၊ ထိုင်ရာက ထပြီး ပစ္စည်းသိုလှောင်ခန်းရဲ့ အနောက်ဘက်နံရံဆီ လျှောက်သွားပါတယ်။ အခန်းရဲ့နံရံတွေဟာ အရင်ကမှောင်နေပေတဲ့ ဆရာကြီးက မီးအိမ်ကိုမြှောက် လိုက်တယ်ဆိုရင်ပဲ အလင်းရောင်ရသွားလို့ နံရံပေါ်မှာ အထက်အောက်စီပြီး ချိတ်ထားတဲ့ သစ်ထွင်းပန်းချီကားချပ်သုံးခုကို ကောင်းကောင်းမြင်လာရပါ တယ်။ ပန်းချီကားချပ် သုံးခုစလုံးဟာ ကြမ်းပေါ်မှာထိုင်ပြီး ခေါင်းအလှပြင် နေတဲ့ ဂီရှားအမျိုးသမီးလေးကို နောက်ဘက်က မြင်ရတဲ့အမြင်နဲ့ ရေးထား တာပါ။ မိုရိစ် သူ့လက်ထဲကမီးအိမ်ကို ပန်းချီကား တစ်ခုကတစ်ခုဆီ ရွှေ့ပြီး အတော်ကြာကြာ ကြည့်နေပါတယ်။ ပြီးတော့မှ ခေါင်းခါလိုက်ရင်း သူ့ဘာသာ ခုလို ပြောလိုက်ပါတယ်။ 'မှားတယ်၊ တကယ့်ကိုမှားတယ်၊ ဘာမဟုတ်တာ ကလေးနဲ့ တကယ့်ကို မှားတော့တာပဲ' ခဏကြာတော့ ပန်းချီကားတွေကို ကြည့်နေရင်း ဆက်ပြောပြန်တယ်။ 'လူဆိုတာကလဲ သူ့ဘဝရဲ့ စောစောပိုင်း က အားထုတ်မှုတွေအပေါ် အမြဲသံသယဇဉ် ရှိတတ်တာကိုး။ မင်းလဲတစ်နေ့ မင်းဒီမှာ ရေးခဲ့ဆွဲခဲ့တာတွေအပေါ် အဲဒီလိုပဲ ခံစားရလိမ့်မယ်' ပြီးတော့ ထပ်ပြီးခေါင်းခါရင်း ပြောပြန်တယ်။ 'ဒီဟာတွေ အားလုံးဟာ တကယ့်ကို မှားတာပဲ အိုနို'

'ကျွန်တော်တော့ အဲဒီလိုမထင်ဘူး၊ ဆရာကြီး'လို့ ကျွန်တော်က ပြောလိုက်မိပါတယ်။ 'ကျွန်တော့်အထင်တော့ ဒီပန်းချီကားချပ်တွေဟာ ကန့်သတ်ထားတဲ့ သီးခြားဟန်တစ်ခုကို ကျော်လွှားသွားနိုင်တဲ့ အနုပညာရှင် တစ်ယောက်ရဲ့ နမူနာယူစရာ အရည်အသွေးပဲ၊ ဆရာကြီးငယ်ငယ်က လက်ရာ တွေကို ခုလိုနေရာမျိုးမှာ မထားသင့်ဘူးလို့တောင် ကျွန်တော်ထင်တယ်၊ တခြားလက်ရာတွေနဲ့ အတူပြထားဖို့ ကောင်းတယ်လို့ထင်တယ်'

မိုရိစ်ဟာ ပန်းချီကားတွေကို စိတ်ဝင်စားနေလေရဲ့။ ပါးစပ်ကလဲ

http://www.cherrythitsar.org


'တကယ့်ကိုမှားတာ၊ တကယ့်ကိုမှားတာ'လို့သာ အကြိမ်ကြိမ် ပြောနေတယ်။ 'ငါကလဲ အတော်ငယ်သေးတာကိုး'လို့ ပြောရင်း ပန်းချီကား တစ်ခုကနေ တခြားတစ်ခုအပေါ် အလင်းရောင်ရအောင် မီးအိမ်ကိုရွှေ့နေတယ်။ ပြီးတော့မှ ခုလို ပြောပြန်တယ်။ 'ဒီပုံတွေအားလုံးဟာ ဟွန်ချိုက ဂီရှားအိမ်တစ်ခုမှာ ရေးတာတွေပဲ၊ ငါငယ်စဉ်က သွားလေ့ရှိတဲ့ နေရာပေါ့၊ ဂီဆဘူရိုနဲ့ငါ အတူ သွားလေ့ရှိတဲ့ နေရာတွေပေါ့' ခဏကြာတော့ 'ဒီဟာတွေက တကယ့်အမှား တွေပဲ အိုနို'လို့ ပြောပြန်လေရော။

'ဆရာကြီး ဒီပန်းချီကားတွေကို သိပ်နားလည်တဲ့၊ သိတဲ့မျက်လုံး တွေနဲ့ ကြည့်ရင်တောင် အမှားရှာတွေ့မယ် မထင်ဘူး'

ဆရာကြီးဟာ ပန်းချီကားတွေကို အတော်ကြာ ဆက်ကြည့်နေပြီး အခန်းရဲ့ဒီဖက်ပိုင်းကို ပြန်လျှောက်လာတယ်။ ကြမ်းပေါ်မှာကလဲ သပ္ပရ နာမ်ပေါင်းဆိုတော့ ဆရာကြီးခမျာ အတော်ကလေး အချိန်ယူပြီး ဒီဖက်ကို ပြန်လျှောက်လာရတယ်။ တစ်ချီတစ်ချီ ဆရာကြီးဟာ ပါးစပ်က တစ်ခုခု ရေရွတ်ရင်း ကြမ်းပေါ်မှာရှိတဲ့ အိုးခွက်တစ်ခုခုကို ခြေထောက်နဲ့ ကျောက်ပစ် လိုက်ပုံရပါတယ်။ စိတ်ထဲကတော့ ဆရာကြီးဟာ ငယ်စဉ်က လက်ရာတွေများ ဒီတောင်ပုံရာပုံထဲ လိုက်ရှာနေသလားလို့ ကျုပ်ထင်လိုက်မိတယ်။ သို့ပေတဲ့ ဆရာကြီးဟာ ခုနက သူထိုင်နေတဲ့ ခုံပေါ်ပြန်နေပြီး ခဏနားနေတယ်။ ပြီးမှ ပြောပြန်တယ်။

'ဂီဆဘူရိုဟာ စိတ်မချမ်းမသာဖြစ်နေတဲ့ လူတစ်ယောက်ကွ၊ သူ့ ဘဝဟာ ကြေကွဲစရာကောင်းတယ်၊ သူ့အရည်အချင်းက သူ့ဘဝကို ဖျက်ဆီး ခဲ့တာပဲ၊ တစ်ခါက သူခင်တွယ်ခဲ့တာတွေဟာ သူ့ကို မျက်ကွယ်ပြုသွားကြပြီ၊ ရှောင်သွားကြပြီ၊ ငါတို့ ငယ်ငယ်ကတည်းက သူက တစ်ကိုယ်တည်းသမား၊ ကြေကွဲတတ်တဲ့လူမျိုး'မိုရိစံဟာ ခဏနားလိုက်ပြန်တယ်။ 'တို့နှစ်ယောက်သား ပျော်ရွှင်ဖွယ် ရပ်ကွက်တွေသွားရင်း အဲဒီက အမျိုးသမီးတွေနဲ့ သောက်ဟယ် စားဟယ် လုပ်တဲ့အခါမျိုးမှာ ဂီဆဘူရိုဟာ ပျော်နေခဲ့တယ်ပေါ့၊ အမျိုးသမီး လေးတွေကလဲ သူကြားချင်တာမျိုးကို ပြောတော့ တစ်ညတာအဖို့ သူယုံခဲ့ပျော်ခဲ့ ရတာပေါ့၊ ဂီဆဘူရိုဟာ အရည်အချင်းရှိတဲ့သူဆိုတော့ နောက်တစ်နေ့ မိုးလင်း တယ်ဆိုရင်ပဲ ညက ယုံကြည်ခဲ့တာတွေကို ဆက်ပြီးယုံမနေနိုင်တော့ဘူး၊ ညက အဖြစ်အပျက်ဟာ ညကတန်ဖိုးတစ်ခုကိုး၊ ညတစ်ခုလုံးကို ပေါင်းရုံးပြီး နံနက်မှာ ဖျောက်ဖျက်ပစ်ရမယ်လို့ သူကပြောလေ့ရှိတယ် အိုနို၊ လူတွေ

http://www.cherrythitsar.org


ပြောနေကြတဲ့ 'လွင့်မျောနေတဲ့ကမ္ဘာကြီး'ကို ဂီဆဘူရိုက ဘယ်လို တန်ဖိုးထားရမယ်ဆိုတာ သိတယ်'

မိုရိစံဟာ နားလိုက်ပြန်ပါတယ်။ ကျုပ်အဖို့ကတော့ အရင်ကပြောခဲ့တဲ့အတိုင်း သူ့ကို မှောင်ရိပ်ထဲမှာသာ မြင်ရတာကိုး။ ကျုပ်အထင်ပြောရရင်ဖြင့် မိုရိစံဟာ ဝင်းရဲ့ တခြားတစ်ဖက်ကလာတဲ့ ပျော်ပါးသံတွေကို နားစွင့်နေတယ်ထင်တယ်။ နောက်မှ စကားဆက်ပြန်တယ်။ 'သူက အသက်ကြီးလာတာနဲ့အမျှ ပိုပြီးကြေကွဲတတ်လာတယ်၊ သို့ပေတဲ့ သူနည်းနည်းပါးပါး ပြောင်းလာတယ်လို့တော့ ဆိုရမယ်၊ ဒီည သူပျော်နေတယ်၊ ဟိုတုန်းက အပျော်အပါးလိုက်စားကြတုန်းကလိုပဲ' မိုရိစံဟာ သက်ပြင်းတစ်ချက် ရှိုက်လိုက်တယ်။ ဆေးပြင်းလိပ်များ သောက်နေသလိုပဲ။ နောက်ဆက်ပြောပြန်တယ်။ 'အကာလညအခါ၊ အဲဒီ အပျော်အပါးအိမ်တွေရဲ့ အတွင်းမှာကလဲ အနုပညာသည်တစ်ယောက်အနေနဲ့ ဖမ်းစားလို့ရမယ့် အင်မတန် သိမ်မွေ့နုနယ်လှတဲ့ အလှအပတွေကလဲ လွင့်မျောနေတတ်ကြတာကိုး၊ ခုလိုညမျိုးပေါ့ အိုနို၊ အလှအပတွေဟာ တို့ရဲ့အိပ်ခန်းတွေဆီကို လွင့်မျောလာနေကြသလိုပေါ့၊ ဒါပေတဲ့ ဒီပန်းချီကားတွေမှာ ယာယီသဘောဆောင်တာတွေ၊ ဒြပ်မဲ့တာတွေစတဲ့ အရည်အသွေးတွေ အကင်းတောင်မပေါ်ဘူး၊ တကယ့်ကို မှားတဲ့အမှားတွေပဲ အိုနို'

'ဆရာကြီး၊ ကျွန်တော့်အမြင်မှာတော့ ပန်းချီကားတွေမှာ ဒီအချက်တွေဟာ ပေါ်လွင်ပြီးသားပါ'

'ဒီကားတွေရေးတုန်းက ငါက အတော်လဲ ငယ်သေးတာကိုး၊ ငါ့အနေနဲ့ လွင့်မျောနေတဲ့ကမ္ဘာကြီးကို ဝမ်းပန်းတသာနဲ့ လက်ခံမထားနိုင်တာက လက်ခံလောက်တဲ့ အမြင်တစ်ခုလို့ မထင်မိခဲ့လို့ပဲ၊ လူငယ်တွေမှာက အပျော်အပါးဆိုတာနဲ့ ပတ်သက်လို့ အပြစ်တစ်စုံတစ်ရာပဲလို့လဲ ထင်တတ်ကြတာကိုး၊ ငါကိုယ်တိုင်ကလဲ အဲသလို မြင်ခဲ့တာကိုး၊ ငါက အဲဒီလိုနေရာမှာ သွားပြီး အချိန်ဖြုန်းတာမျိုး၊ အထိအတွေ့နဲ့ တဒင်္ဂသာယာမှုတွေအပေါ်မှာ ကိုယ့်အစွမ်းအစကို သုံးဖြုန်းပစ်တာမျိုးတွေ အားလုံးဟာ တကယ်တော့ အကျိုးမရှိဘူး၊ ပျက်စီးရာပျက်စီးကြောင်းတွေပဲလို့ မြင်ခဲ့တာ၊ အဲသလို သံသယတွေနဲ့ အမြင်တွေ ခိုင်မာနေတဲ့အခါမှာတော့ လောကရဲ့အလှအပတွေကို တန်ဖိုးဘယ်ထားတတ်ပါ့မလဲ'

ဆရာကြီးပြောတာကို စဉ်းစားကြည့်ပြီး ကျုပ်ကပြန်ပြောမိတယ်။

'ဆရာကြီး၊ ဆရာကြီးပြောတာတွေဟာ ကျွန်တော်ရေးတဲ့ ကားတွေ

http://www.cherrythitsar.org


နဲ့လဲ ပတ်သက်နေပါတယ်၊ ဆရာကြီး ပြောတဲ့အတိုင်းဖြစ်အောင် ကျွန်တော် ကြိုးစားပါ့မယ်'

မိုရိစံကတော့ ကျုပ်ပြောတာ ကြားပုံမရပါဘူး။ သူကဆက်ပြော ပြန်တယ်။ 'ငါ့မှာ၊ အဲဒီသံသယတွေပျောက်ခဲ့တာ ကြာပါပြီအိုနို၊ အသက်ကြီး လာတဲ့အခါ ငါ့ရဲ့ငယ်စဉ်တောင်ကျေးကို ပြန်ကြည့်မိလေတိုင်း အဲဒီကမ္ဘာ ကြီးရဲ့အလှကို အပြည့်အဝဖမ်းယူနိုင်ဖို့ ငါအားထုတ်ခဲ့တာတွေ တွေ့ရရင် ငါကျေနပ်နေလိမ့်မယ်လို့ ငါထင်တယ်၊ ငါဟာ အချိန်တွေဖြုန်းခဲ့တယ်လို့ ဘယ်သူက ပြောလိုမှာလဲ၊ ငါယုံမှာမဟုတ်ဘူး'

မိုရိစံအနေနဲ့က ဒီစကားလုံးတွေအတိုင်း လုံးစေ့ပတ်စေ့ ပြောခဲ့တာ မဟုတ်ပါဘူး။ မီဂီဟိဒရီမှာ ကျုပ်ရဲ့တပည့်တပန်းတွေနဲ့ သောက်ကြ၊ ပြုကြတဲ့အခါ ကျုပ်ပြောလေ့ရှိတတ်တဲ့ စကားမျိုးလို့ ဆိုရလိမ့်မယ်။ 'ဂျပန် နိုင်ငံရဲ့ အနုပညာ မျိုးဆက်သစ်တွေအနေနဲ့ နိုင်ငံတော်ရဲ့ ယဉ်ကျေးမှုနဲ့ ပတ်သက်လို့ မင်းတို့မှာ ကြီးမြတ်တဲ့ တာဝန်တွေရှိတယ်၊ မင်းတို့တစ်တွေလို တပည့်တွေရှိတဲ့အတွက် ငါဂုဏ်ယူတယ်၊ ငါ့အနုပညာလက်ရာတွေနဲ့ ပတ်သက် လို့ ဂုဏ်ယူစရာနည်းနည်းပဲ ရှိကောင်းရှိမယ်။ ငါ့အနေနဲ့ ငါ့ဘဝကို ပြန်ကြည့်တဲ့အခါ ငါဟာ မင်းတို့တစ်တွေရဲ့ အနုပညာ ဘဝလမ်းကြောင်း အတွက် ပျိုးထောင်ပေးခဲ့ရတဲ့လူ၊ အထောက်အကူပြုပေးခဲ့တဲ့ လူတစ်ယောက် အဖြစ် ပြန်တွေ့ရရင် ငါဟာ အချိန်တွေ ဖြုန်းခဲ့တာပဲလို့ ဘယ်သူကပြောပြော ငါယုံမှာမဟုတ်ဘူး' ကျုပ်က အဲဒီလို ပြောလိုက်တိုင်း၊ အထူးသဖြင့် ကျုပ် ပန်းချီကားတွေ လက်ရာမကောင်းကြောင်း ပြောလေတိုင်း စားပွဲမှာ ဝိုင်းပတ် ထိုင်နေကြတဲ့ လူငယ်တွေဟာ ကျုပ်ပြောတာ မဟုတ်ကြောင်း တစ်ယောက်ကို တစ်ယောက် အနိုင့်အထက်လုပ် ငြင်းကြတော့တာ။ အနာဂတ်မှာ ကျုပ်ပန်းချီ ကားအတွက်က နေရာရှိပြီးသား စသဖြင့်ပေါ့။ ကျုပ်ပြောခဲ့ပြီးသလိုပါပဲ။ ကျုပ်ပြောတဲ့ဆိုတဲ့ စကားလုံးတွေ၊ အသုံးအနှုန်းတွေဟာ တကယ်တော့ မိုရိစံဆီက ကျုပ်ရခဲ့တာတွေပဲ။ ဒီတော့ ကျုပ် မီဂီဟိဒရီမှာ ပြောတဲ့စကား တွေဟာ ကျုပ်ဆရာရဲ့ စကားလုံးတွေပါပဲ။ ကျုပ်တပည့်တွေက ကျုပ်အပေါ် အလွန်အမင်း၊ တလေးတစားရှိလာတဲ့အခါ ကျုပ်ဆရာရဲ့ စကားတွေဟာ ကျုပ်ပါးစပ်က လုံးစေ့ပတ်စေ့ ထွက်လာတော့တာပေါ့။

ကျုပ်လဲပြောရင်း တောရောက်တောင်ရောက် ဖြစ်ကုန်ပြီ။ ပြီးခဲ့တဲ့

http://www.cherrythitsar.org


လထဲတုန်းက ကဝါဘီပန်းခြံထဲမှာ ကျုပ်သမီးဆက်ဆူကိုနဲ့ စကားပြောရာက စိတ်အနှောင့်အယှက် ဖြစ်မိတဲ့အကြောင်းက ကျုပ်မြေးအစ်ချီရိုနဲ့ ကုန်တိုက်ပေါ်မှာ နေ့ခင်းစာ စားတဲ့အကြောင်း စဉ်းစားတာပါ။ အစ်ချီရိုက ဟင်းနုနွယ်ကောင်းကြောင်း ပြောတာမှတ်မိနေတယ်။ ကျုပ်တို့မှာထားတဲ့ နေ့ခင်းစာတွေရောက်လာတယ်ဆိုရင်ပဲ ဟင်းနုနွယ်ကိုကြို့ပြီး စိတ်ဝင်တစားရှိနေတဲ့ အစ်ချီရိုက သူ့ပန်းကန်ထဲက ဟင်းနုနွယ်တွေကို ဇွန်းနဲ့ထိုးကော်လိုက်ရင်း ကျုပ်ကိုကြည့်လိုက်ပြီး 'ဘိုးဘိုး၊ ဒီမှာကြည့်'လို့ ပြောပါတယ်။

ကျုပ်မြေးကတော့ ဟင်းနုနွယ်တွေကို သူ့ဇွန်းထဲ ရနိုင်သမျှထည့်ပြီး၊ ဇွန်းကို မြှောက်နိုင်သမျှမြှောက်လိုက်ပြီး ဟင်းနုနွယ်ရွက်တွေကို ပါးစပ်ထဲထည့်တော့တာပါပဲ။ သူလုပ်နေတာ ကြည့်ရတာဖြင့် ပုလင်းဖင်ကပ်ကို မော့သလိုမျိုးပေါ့ဗျာ။

'အစ်ချီရို၊ မင်းလုပ်နေတာဟာ သိပ်မကောင်းဘူး ထင်တယ်'လို့ ကျုပ်က ပြောမိတယ်။

ကျုပ်မြေးကတော့ ဟင်းနုနွယ်ရွက်တွေကို သူ့ပါးစပ်ထဲ ထပ်လို့သာထည့်နေရင်း အားပါးတရဝါးလို့သာ နေတော့တယ်။ ဇွန်းထဲကကုန်တော့မှ ဇွန်းကိုပြန်ချလိုက်တဲ့အခါ သူ့ပါးနှစ်ဖက်မှာလဲ ပေရေလို့ ဟင်းနုနွယ်ရွက်ကို ဝါးနေရင်း မျက်နှာထားတစ်မျိုး လုပ်လိုက်ပြီး ရင်ဘတ်ကိုကော့၊ လက်နှစ်ဖက်နဲ့ သူ့ပတ်ပတ်လည်လှည့်ပြီး လေထဲမှာ လက်ဝှေ့ရေး ပြနေတော့တာကိုး။

'အစ်ချီရို၊ မင်းဘာလုပ်နေတာတုန်း၊ မင်းဘယ်လိုနေတယ်ဆိုတာများ ဘိုးဘိုးကို ပြောပြစမ်းပါဦး'

'ဘိုးဘိုး တွေးကြည့်လေ'လို့ အစ်ချီရိုက ဟင်းနုနွယ်ဝါးရင်း ဖြေပါတယ်။

'ဟေ... ငါတော့မသိဘူး၊ အစ်ချီရို၊ ဆာကေသောက်ထားတဲ့ လူတစ်ယောက်က ရန်ဖြစ်နေတာများလား၊ ဒါလဲမဟုတ်သေးဘူး၊ ကိုင်း... မင်းပဲ ပြောပြစမ်းပါ၊ ဘိုးဘိုးတော့ မတွေးတတ်ဘူး'

'သဘော်သား ပေါ့အိုင်းလေ'

'ဘယ်သူများတုန်း၊ အစ်ချီရို၊ မင်းရဲ့ လူစွမ်းကောင်းတစ်ယောက်များလား'

'ဟင်းနုနွယ်တွေစားတဲ့ သဘော်သား ပေါ့အိုင်းလေ၊ ဟင်းနုနွယ်က

http://www.cherrythitsar.org


သူ့ကို အားရှိစေတာပေါ့’အစ်ချီရိုက သူ့ရင်ဘတ်ကို ရှေ့ကော့လိုက်ပြန်ပါတယ်။ လက်ဖဝါးလေးလဲ ပြလို့နေပြန်တယ်။

‘ဟုတ်ပြီ၊ အစ်ချီရို’လို့ ကျုပ်ကရယ်ရင်း ပြန်ပြောလိုက်တယ်။ ‘ဟင်းနုနွယ်ဟာ အင်မတန်ကောင်းတဲ့အစာပဲ’

‘ဆာကေ ကရော၊ လူကို သန်မာစေသလား’

ကျုပ်က ခေါင်းအသာခါလိုက်ရင်း ပြုံးလိုက်မိတယ်။ ‘ဆာကေက မင်းကိုယ်မင်း သန်မာတယ်လို့ ထင်အောင်တော့ လုပ်နိုင်တယ်အစ်ချီရို၊ တကယ်တော့ ဆာကေမသောက်ခင်ကထက် ပိုပြီးသန်မာလာတာတော့ မဟုတ်ဘူး’

‘ဒီလိုဆို ယောက်ျားတွေ ဘာလို့ ဆာကေသောက်ကြသတုန်း ဘိုးဘိုး’

‘ငါ မသိဘူး၊ အစ်ချီရို၊ ဆာကေသောက်ပြီး သူတို့ကိုယ်သူတို့ တစ်ခဏ သန်မာကြတယ်လို့၊ ထင်နိုင်ကြလို့ ထင်တယ်၊ တကယ်တော့ ဆာကေက လူကို သန်မာလာစေတာ မဟုတ်ပါဘူး’

‘ဟင်းနုနွယ်ကတော့ တကယ်ပဲ လူကို သန်မာစေတယ်ဗျ’

‘ဟင်းနုနွယ်ကတော့ ဆာကေထက် ကောင်းမှာပေါ့၊ မင်း… ဟင်းနုနွယ်တွေ စားဦးလေကွာ၊ မင်းပန်းကန်ထဲက တခြားဟာတွေကော စားဦးလေ’

‘ကျွန်တော် ဆာကေသောက်ရတာ ကြိုက်တယ်၊ ဝီစကီလဲ ကြိုက်တယ်၊ အိမ်မှာဆိုရင် ကျွန်တော် ဘားကိုသွားလေ့ရှိတယ်’

‘ဟုတ်လား အစ်ချီရို၊ ကိုင်း… မင်းရဲ့ဟင်းနုနွယ်တွေလဲ စားဦး၊ မင်းပြောတဲ့အတိုင်း သန်မာစေတယ်ကွ’

‘ကျွန်တော်ကတော့ ဆာကေအကြိုက်ဆုံးပဲ၊ ညတိုင်း ဆယ်လုံးလောက် သောက်တယ်၊ ပြီးရင် ဝီစကီဆယ်လုံးသောက်တယ်’

‘ဟုတ်ရဲ့လား အစ်ချီရို၊ တကယ်ကိုသောက်တာပေါ့၊ မင်းအမေတော့ ခေါင်းခဲစရာပဲ’

‘မိန်းမတွေဟာ ယောက်ျားတွေ သောက်တာနဲ့ပတ်သက်လို့ နားမလည်ကြဘူး’လို့ အစ်ချီရိုက ပြောလိုက်ရင်း သူ့ရှေ့က ပန်းကန်ကိုကြည့်လိုက်ပါတယ်။ ပြီးတော့မှ အပေါ်ကိုမော့ကြည့်လိုက်ရင်း ‘ဘိုးဘိုး ကနေ့ည အိမ်မှာ ညစာစားမယ်မဟုတ်လား’လို့ ပြောလိုက်ပါတယ်။

‘ဟုတ်တယ် အစ်ချီရို၊ မင်းရဲ့ဒေါ်လေး နိုရီကို ချက်ပြုတ်ထားမယ် ထင်တယ်’

‘ဒေါ်လေး နိုရီကိုက ဆာကေဝယ်ထားတယ်၊ ဘိုးဘိုးနဲ့ ဦးလေး

http://www.cherrythitsar.org


တာရိုတို့ သောက်ကြမယ် ပြောတယ်'

'ဟုတ်ပကွာ၊ တို့သောက်ကြမှာပေါ့၊ မိန်းမတွေတောင် အနည်းအကျဉ်း သောက်ကြလိမ့်မယ်လို့ ဘိုးဘိုးယုံတယ်၊ သို့ပေတဲ့ မင်းဒေါ်လေးပြောတာမှန်တယ်၊ ဆာကေဟာ အဓိကတော့ ယောက်ျားတွေအဖို့ပဲ'

'ဘိုးဘိုး၊ မိန်းမတွေ ဆာကေသောက်တော့ ဘာဖြစ်တုန်း'

'အင်း... မပြောတတ်ဘူး၊ မိန်းမဆိုတာက တို့ယောက်ျားလောက် ခံနိုင်ရည်မရှိဘူးကွ အစ်ချီရို၊ ဒီတော့ သူတို့လွယ်လွယ်နဲ့ မူးသွားနိုင်တာပေါ့'

'ဒေါ်လေး နိုရီကိုလဲ မူးသွားမှာပေါ့၊ ခွက်ကလေး သေးသေးလေးနဲ့ အပြည့် သောက်လိုက်တာနဲ့ လုံးလုံးမူးသွားမှာ'

ဒီတော့ ကျုပ်ကရယ်မိတယ်။ 'ဟုတ်ပ၊ ဖြစ်နိုင်တာပေါ့'

'ဒေါ်လေး နိုရီကိုဟာ လုံးလုံးမူးသွားမှာ၊ သီချင်းတွေဘာတွေ ထဆိုပြီး စားပွဲပေါ်မှာလဲပြီး အိပ်ပျော်သွားမှာ'

ကျုပ်ကရယ်ရင်း ပြောလိုက်မိတယ်။ 'အစ်ချီရို၊ ဒီတော့ တို့ယောက်ျားတွေအနေနဲ့ ဆာကေကို တို့အတွက်လို့ သတ်မှတ်ထားလိုက်ကြရအောင် မဟုတ်ပေဘူးလား'

'ယောက်ျားတွေဟာ ပိုသန်တယ်၊ ကျွန်တော်တို့က ပိုသောက်နိုင်တယ်'

'အမှန်ပဲ အစ်ချီရို၊ ဆာကေကို တို့အတွက်လို့ သတ်မှတ်ထားကြရအောင်'

ကျုပ်အတော်ကလေး စဉ်းစားနေလိုက်မိပြီး ခုလို ပြောလိုက်မိတယ်။

'မင်း အခုဆို ရှစ်နှစ်ရှိလောက်ပြီ အစ်ချီရို၊ မင်းလဲ လူကြီးဖြစ်လာမယ့် လူတစ်ယောက်ပဲ၊ ဒီတော့ ဒီညတို့စားတဲ့အခါ မင်းလဲ ဆာကေနည်းနည်းလောက် ရကောင်းရမှာပေါ့'

ကျုပ်မြေးက ကျုပ်ကို နည်းနည်းလန့်သွားတဲ့ပုံမျိုးနဲ့ ကြည့်ပါတယ်။ ဘာမှတော့ပြန်မပြောဘူး။ ကျုပ် သူ့ကိုပြုံးပြလိုက်ပြီး မှန်ပြတင်းပေါက်တွေကတစ်ဆင့် တွေ့နေရတဲ့ မီးခိုးရောင်ဖျော့ဖျော့ ကောင်းကင်ကိုကြည့်လိုက်မိတယ်။

'မင်း တစ်ခါမှ မင်းဦးလေးကင်ဂျိကို မတွေ့လိုက်ရဘူး ထင်တယ်၊ မင်းအသက်အရွယ်လောက်က ခု မင်းလိုပဲ လူကောင်ထွားထွား၊သန်သန်မာမာရယ်၊ ငါမှတ်မိသေးတယ်၊ မင်းအသက်အရွယ်လောက်မှာ သူပထမဆုံး

http://www.cherrythitsar.org


ဆာကေမြည်းကြည့်ခွင့်ရတာ၊ ကြည့်သေးတာပေါ့ကွာ၊ ဒီည မင်းလဲနည်းနည်းလေးများ မြည်းခွင့်ရမလားလို့'

အစ်ချီရိုဟာ ဒီအကြောင်း တွေးနေပုံရလိုက်ပါတယ်၊ ပြီးမှ 'အမေနဲ့ပြဿနာဖြစ်ရမယ် ထင်တယ်'

'မင်းအမေအတွက် မပူပါနဲ့ အစ်ချီရို၊ ဘိုးဘိုး ပြောနိုင်ဆိုနိုင်ပါတယ်'

အစ်ချီရိုဟာ ခေါင်းယမ်းလိုက်ရင်း 'မိန်းမတွေဟာ ယောကျ်ားတွေသောက်ကြတာကို နားကိုမလည်ကြဘူး'လို့ပြောပြီး မှတ်ချက်ချလိုက်ပါတယ်။

'ကောင်းပြီ အစ်ချီရို၊ မင်းလိုယောကျ်ားအဖို့ ဆာကေကိုမြည်းစမ်းကြည့်ဖို့ အချိန်တန်ပြီ၊ မင်းအမေကိစ္စ မပူပါနဲ့၊ ဘိုးဘိုးတာဝန်ထား၊ မိန်းမတွေက တို့ကိုဆရာလုပ်တာ ငါတို့ ဘယ်ခံနိုင်ပါ့မလဲကွ၊ မဟုတ်ဘူးလား'

ကျုပ်မြေးဟာ အတော်ကြာအောင် တွေနေပါတယ်။ ပြီးတော့မှ ရုတ်တရက် ခပ်ကျယ်ကျယ် ပြောလိုက်ပြန်တယ်။

'ဒေါ်လေး နိုရီကိုတော့ မူးမှာပဲ'

ကျုပ်ကရယ်ရင်း တုံ့ပြန်လိုက်ပါတယ်။ 'ကြည့်သေးတာပေါ့ အစ်ချီရို'

'ဒေါ်လေး နိုရီကိုတော့ လုံးလုံးကို မူးတော့မှာ'

အဲဒီလို ပြောဆိုပြီးတော့ ဆယ့်ငါးမိနစ်လောက်ကြာတဲ့အခါမှာတော့ ကျုပ်တို့ မြေးအဘိုးနှစ်ယောက်သားဟာ ရေခဲမုန့်ဆိုင်ကို ရောက်ကြတယ်။ ရေခဲမုန့်မှာထားတုန်း အစ်ချီရိုက အင်မတန် စိတ်ဝင်တစားဖြစ်နေတဲ့ အသံမျိုးနဲ့ ခုလိုမေးပြန်တယ်။

'ဘိုးဘိုး၊ ယူဂျီရိုနဂူချီကို သိလား'

'မင်းပြောချင်တာက ယူကီယိုနဂူချီထင်တယ် အစ်ချီရို၊ လူလူချင်းတော့ ဘိုးဘိုးမသိဘူး'

ကျုပ်မြေးဟာ ဘာမှပြန်မပြောဘဲ သူ့ဘေးက မှန်ထဲမှာပေါ်နေတဲ့ သူ့ပုံရိပ်ကို စိတ်ဝင်စားနေပုံရတယ်။ ဒီတော့လဲ ကျုပ်က ဆက်ပြောမိတယ်။

'ကနေ့မနက် မင်းအမေနဲ့ငါ ပန်းခြံထဲမှာ စကားပြောကြတုန်းကလဲ မင်းအမေစိတ်ထဲမှာ နဂူချီအကြောင်း တွေးနေပုံရတယ်၊ ကြည့်ရတာ မနေ့ညက ညစာစားကြရင်း လူကြီးတွေက နဂူချီအကြောင်း ပြောကြတယ်ထင်တယ်'

အစ်ချီရိုဟာ မှန်ထဲက သူ့ပုံရိပ်ကို စိတ်ဝင်တစား ဖြစ်နေရှာတယ်။ ပြီးမှလှည့်ပြီး ကျုပ်ကိုမေးပါတယ်။

'မစ္စတာနဂူချီဟာ ဘိုးဘိုးလိုပဲလား'

http://www.cherrythitsar.org


'မစ္စတာနဂူချီဟာ ဘိုးဘိုးလိုပဲလား၊ အင်း... မင်းအမေကတော့ အဲသလို ထင်မှာမဟုတ်ဘူး၊ မင်းဦးလေးတာရိုကို ဘိုးဘိုးတစ်ခါက ပြောဖူးတဲ့ ကိစ္စနဲ့ ပတ်သက်လို့ပဲ၊ သိပ်လဲ ကြီးကြီးကျယ်ကျယ် မဟုတ်ပါဘူး၊ မင်းအမေကသာ ရေးကြီးခွင်ကျယ် လုပ်နေတာပါ၊ မင်းဦးလေးတာရိုကို ဘာပြောမိမှန်းတောင် မသိတော့ဘူး၊ ဘိုးဘိုးက တာရိုနဲ့နဂူချီနဲ့အကြားမှာ တူတာတစ်ခုနှစ်ခုရှိတယ်လို့ ပြောလိုက်ဖူးတယ်၊ ကိုင်း... ပြောစမ်းပါဦး အစ်ချီရို၊ ညက လူကြီးတွေက ဘာပြောကြတုန်း'

'ဘိုးဘိုး၊ ဘာဖြစ်လို့ မစ္စတာနဂူချီဟာ သူ့ကိုယ်သူ သတ်သေတာလဲ'

'သေသေချာချာပြောဖို့ သိပ်ခက်တဲ့ကိစ္စပဲ အစ်ချီရို၊ ဘိုးဘိုးကိုယ်တိုင်ကလဲ မစ္စတာနဂူချီနဲ့ လူချင်းမသိခဲ့ဖူးဘူး'

'သူက လူဆိုးလား'

'မဟုတ်ပေါင်ကွာ၊ လူဆိုးမဟုတ်ခဲ့ရပါဘူး၊ သူက ဆန္ဒကောင်းကောင်းနဲ့ တတ်နိုင်တဲ့ဖက်က လုပ်ခဲ့တဲ့လူတစ်ယောက်ပေါ့၊ ဒါပေတဲ့ ဒီလိုရှိတယ်ကွယ် အစ်ချီရိုရဲ့၊ စစ်ကြီးပြီးသွားတဲ့အခါ အားလုံးပြောင်းလဲသွားတယ်၊ မစ္စတာနဂူချီစပ်ခဲ့တဲ့ သီချင်းတွေဟာ ဂျပန်မှာ တောရော၊ မြို့ပါ ကျော်ကြားခဲ့တယ်၊ မင်းဦးလေး ကင်ဂျိလိုလူမျိုးတွေဆိုရင် အဲဒီသီချင်းတွေကိုဆိုပြီး စစ်ချီခဲ့ကြတာပေါ့၊ စစ်ကြီးပြီးသွားတော့ မစ္စတာနဂူချီက သူရေးစပ်ခဲ့တဲ့သီချင်းတွေနဲ့ ပတ်သက်လို့ တစ်နည်းတစ်လမ်းအားဖြင့် မှားခဲ့တယ်လို့ တွေးလာတယ်၊ စစ်အတွင်းမှာ သေခဲ့တဲ့လူတွေ၊ မင်းတို့အရွယ်နဲ့ မိဖမဲ့ဖြစ်ခဲ့သူတွေအတွက် စသဖြင့် အားလုံးတွေးကြည့်ပြီး သူရေးစပ်ခဲ့မိတာ မှားတယ်လို့တွေးတယ်၊ ဒီအတွက် သူကတောင်းပန်ရမယ်လို့ ခံစားတယ်၊ မျက်ကွယ်ပြုသွားကြရသူတွေအားလုံးကို၊ မိဖမဲ့ဖြစ်သွားရတဲ့ကလေးတွေကို၊ မင်းတို့လိုအရွယ်ကလေးတွေ ဆုံးရှုံးသွားကြရတဲ့မိဖတွေကို၊ အဲဒီလူတွေအားလုံးကို သူက တောင်းပန်ချင်တယ်လို့ ဘိုးဘိုးထင်တယ်၊ ဒီအတွက်ကြောင့် မစ္စတာနဂူချီဟာ သူ့ကိုယ်သူ သတ်သေသွားတာပဲ၊ မစ္စတာနဂူချီဟာ လူဆိုးမဟုတ်ဘူး အစ်ချီရို၊ သူဟာ ရဲရဲရင့်ရင့်နဲ့ သူ့အမှားကို သူဝန်ခံသွားတဲ့ လူတစ်ယောက်ပါ၊ သူဟာ အလွန်သတ္တိရှိတဲ့ ဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ယောက်ပါ'

အစ်ချီရိုဟာ တွေးပြီး၊ ကျုပ်ကိုကြည့်နေရှာတယ်။ ကျုပ်က ရယ်လိုက်ရင်း။ 'ဘာများဖြစ်သတုန်း အစ်ချီရို'လို့ မေးလိုက်မိတယ်။

ကျုပ်မေးက ပြန်ပြောမယ်လုပ်ပြီး မှန်ဘက်ကိုလှည့်ပြီး မှန်ထဲက

http://www.cherrythitsar.org


သူ့ပုံရိပ်ကိုသာ ကြည့်နေတော့တယ်။

'ဘိုးဘိုးက မစ္စတာနဂူချီနဲ့ တူတယ်လို့ပြောတုန်းက ဘာရည်ရွယ်ချက်မှ မပါပါဘူး၊ ဘိုးဘိုးတို့ ရယ်စရာတစ်ခုအနေနဲ့ ပြောကြတာပါ၊ မင်းနောက်တစ်ခါ မင်းအမေက မစ္စတာနဂူချီအကြောင်း ပြောသံကြားရင် အဲဒါပြောပြလိုက်၊ တခြားကြောင့်မဟုတ်ဘူး၊ မင့်အမေ ဒီနေ့မနက်ပြောလိုက်ပုံက တလွဲကြီး၊ ဘာဖြစ်သတုန်း အစ်ချီကို၊ တိတ်လှချည်လား'

* * *

နေ့ခင်းစာ စားပြီးတဲ့နောက် ကျုပ်တို့ မြေးအဘိုးနှစ်ယောက်သား မြို့လယ်က စာအုပ်ဆိုင်၊ ကစားစရာဆိုင်တွေ လျှောက်ကြည့်ကြတယ်။ နေ့ခင်းပိုင်း ခပ်နှောင်းနှောင်း လေစက်ရောက်တော့ အစ်ချီရိုကို ဆကူရာဘာရှိ လမ်းပေါ်မှာ သပ်သပ်ရပ်ရပ်ဖွင့်ထားတဲ့ ရေခဲမုန့်ဆိုင်တစ်ဆိုင်မှာ ရေခဲမုန့် ဝယ်ကြွေးပြီး တာရိုနဲ့နိုရိကိုတို့ တိုက်ခန်းရှိတဲ့ အစ်ဇူမိမချီရပ်ကွက်ကို လာခဲ့ကြတော့တယ်။

ခင်ဗျားလဲ သိပြီးဖြစ်မှာပါ။ အစ်ဇူမိမချီရပ်ကွက်ဟာ လူငယ်စုံတွဲတွေ အကြားမှာ အတော်ရေပန်းစားတဲ့ ရပ်ကွက်ဆိုတာ။ မျိုးရိုးကောင်းတဲ့၊ ကျောထောက်နောက်ခံကောင်းကြတဲ့ လူငယ်အိမ်ထောင်သည်တွေအကြားမှာ ပေါ့ဗျာ။ ရပ်ကွက်ကသန့်တယ်၊ ပတ်ဝန်းကျင်က ကောင်းတယ်ပေါ့။ သို့ပေတဲ့ ဒီလူငယ်တွေ သဘောကျတဲ့ တိုက်ခန်းတွေကို ကြည့်ရတာကဖြင့် သိပ်စိတ်ကူး စိတ်သန်းက မကောင်းသလို ဆောက်လုပ်ပုံက မပိုင်သလိုပဲ။ ဥပမာဆိုရစေရဲ့။ တာရိုနဲ့နိုရီကိုတို့ အခန်းကိုကြည့်။ တတိယထပ်မှာ အိပ်ခန်းနှစ်ခန်းပါတယ်။ မျက်နှာကြက်ဆိုလဲ နိမ့်ပါ့။ ဘေးဘီကလာတဲ့ အသံတွေလဲ ကြားရသေး။ ရှုခင်းများ ကောင်းသလားဆိုတော့ သူတို့ ပြတင်းပေါက်ကကြည့်ရင် တခြား တိုက်ခန်းတွေက ပြတင်းပေါက်ကိုမြင်ရရုံပဲ။ ကျုပ်အနေနဲ့က ရိုးရာအစဉ်အလာ အိမ်မျိုးနဲ့ အသားကျနေခဲ့လို့ ပြောနေတာမဟုတ်ပါဘူး။ ဒီအိမ်ထဲ ရောက်တယ် ဟော့ဆိုတာနဲ့ ကျုပ်အဖို့ မွန်းကျပ်လို့သာ နေလာတော့တာကိုး။ နိုရီကိုကတော့ ဖြင့် သူတို့တိုက်ခန်းကို တယ်ဂုဏ်ယူတာ။ အိမ်ရဲ့ခေတ်မီ အသုံးအဆောင်တွေ

http://www.cherrythitsar.org


ကိုလဲ တယ်သဘောကျနေတာကိုး။ အခန်းက ကျဉ်းတော့ရင် ရှင်းလင်းဖို့ လွယ်တာပေါ့။ လေဝင်လေထွက်ကတော့လဲ ကောင်းပါရဲ့။ အထူးသဖြင့် မီးဖိုချောင်၊ ရေချိုးခန်း စတာတွေက အနောက်နိုင်ငံပုံစံတွေ။ ဒီတော့ ကျုပ်သမီး ကိုယ်တိုင်က သူတို့တိုက်ခန်းဟာ ကျုပ်အိမ်ဖွဲ့စည်းထားပုံထက် ပိုပြီးလက်တွေ့ ကျသေးတယ်လို့ ဆိုတယ်။

မီးဖိုချောင်ကတော့ ဘယ်လောက်ပဲ အသုံးတည့်တယ်ဆိုဆို၊ သိပ်ကျဉ်း တယ်။ ကျဉ်းဆို။ အဲဒီညနေဘက်က ကျုပ်သမီးတွေ ချက်ပြုတ်နေတာ ကြည့်ရအောင် မီးဖိုချောင်ထဲ ဝင်လိုက်တယ်ဆိုရင် ကျုပ်မတ်တတ်ရပ်စရာ နေရာရှာမတွေ့ဘူး။ ကျုပ်သမီးတွေကလဲ အလုပ်ရှုပ်နေ။ ကျုပ်အတွက်လဲ ရပ်စရာနေရာ မရှိလေတော့ အသာပဲ ကျုပ်ပြန်ထွက်လာခဲ့ရတယ်။ သို့ပေတဲ့ တစ်ခုတော့ ပြောလိုက်မိတယ်။

'သမီးတို့သိလား၊ အစ်ချီရိုက စောစောက အဖေ့ကိုပြောတယ်၊ ဆာကေနည်းနည်းလောက် မြည်းကြည့်ချင်တယ်တဲ့'

ဆက်ဆူကိုနဲ့ နိုရီကိုတို့ဟာ ဘေးချင်းကပ်ရပ်ပြီး ဟင်းသီးဟင်းရွက် တွေ လှီးနေရာကရပ်ပြီး ကျုပ်ကို လှမ်းကြည့်လိုက်ကြပါတယ်။ ဒီတော့ကျုပ် က ဆက်ပြောလိုက်မိပါတယ်။

'ငါလဲ တွေးကြည့်မိတယ်၊ သူ့ကို နည်းနည်းကလေး မြည်းကြည့် ခိုင်းသင့်တယ်၊ ရေရောပြီးတော့ပေါ့'

ဒီတော့ ဆက်ဆူကိုက 'နေပါဦး အဖေရဲ့၊ အဖေက အစ်ချီရိုကို ဒီည ဆာကေသောက်ခိုင်းမယ်လို့ ပြောချင်တာလား'

'နည်းနည်းကလေးပေါ့၊ ခုဆို အစ်ချီရိုလဲ ကြီးလာပြီပဲ၊ ငါပြော သလို ရေရောပြီးတော့ပေါ့'

သမီးနှစ်ယောက်ဟာ တစ်ယောက်ကိုတစ်ယောက် လှမ်းပြီးကြည့် လိုက်ကြပါတယ်။ ပြီးတော့မှ နိုရီကိုကပြောတယ်။ 'အဖေ၊ အစ်ချီရိုက ရှစ်နှစ်ပဲ ရှိသေးတယ်'

'ဟဲ့... ရေနဲ့ရောတိုက်ရင် အန္တရာယ်မရှိပါဘူး၊ နင်တို့ မိန်းကလေး တွေအနေနဲ့က နားလည်ချင်မှ နားလည်မယ်၊ အစ်ချီရိုလို ယောက်ျားကလေး တစ်ယောက်အနေနဲ့ကတော့ သူ့ဘဝမှာ မမေ့နိုင်တဲ့ ကိစ္စတစ်ခု၊ ဂုဏ်ယူစရာ ကိစ္စတစ်ခုပဲ'

'အဖေရယ် မဟုတ်ကဟုတ်ကတွေ'လို့ နိုရီကိုက ပြောပြန်တယ်။

http://www.cherrythitsar.org


'မတော်၊ အစ်ချီရို နေထိုင်မကောင်းဖြစ်သွားပါမယ်'

'မဟုတ်ကဟုတ်ကဖြစ်စေ၊ ဘာဖြစ်ဖြစ် ငါအသေအချာ တွေးကြည့်ပြီးပြီ၊ နင်တို့ မိန်းကလေးတွေဟာ ယောက်ျားလေးတစ်ယောက်ရဲ့ ဂုဏ်ယူတတ်ပုံကို နားကိုနားမလည်နိုင်ကြဘူး' သူတို့နောက်ဘက် စင်ပေါ်မှာတင်ထားတဲ့ ဆာကေပုလင်းကို လက်ညှိုးနဲ့ထိုးပြလိုက်ရင်း 'တစ်စက်လောက်ပေါ့'လို့ ပြောလိုက်မိတယ်။

အဲသလိုပြောပြီး ကျုပ်က သွားတော့မလို လုပ်နေတုန်း နိုရီကိုက ခုလိုပြောပြန်တယ်။ 'ဆက်ဆူကို ဒီကိစ္စကတော့ ဖြစ်ကိုမဖြစ်နိုင်ဘူး၊ အဖေဟာ ဘာတွေကို ဘယ်လိုများ တွေးလိုက်တယ် မသိပါဘူး'

'အလကား ဒီကိစ္စကို ကြီးကြီးကျယ်ကျယ် လုပ်ရတယ်လို့'လို့ ပြောပြီး တံခါးပေါက်ဘက် လှည့်လိုက်မိပါတယ်။ ဧည့်ခန်းဘက်ဆီက တာရိုနဲ့ အစ်ချီရိုတို့ နှစ်ယောက်သား ရယ်သံကို ကြားလိုက်ရတယ်။ ဒီတော့ ကျုပ်လဲ အသံကလေး နည်းနည်းနှိမ့်ပြီး ပြောလိုက်မိတယ်။

'ငါက တိုက်မယ်လို့ ပြောလိုက်ပြီးပြီ၊ ဒီတော့ သူ့ခမျာ မျှော်နေမှာပေါ့၊ နင်တို့ မိန်းကလေးတွေအနေနဲ့ ယောက်ျားလေးတွေရဲ့ ဂုဏ်ယူတတ်ပုံမျိုးကို နားမလည်ကြပါဘူး'

အဲဒီလိုပြောပြီး ကျုပ်က ထွက်သွားတော့မယ်အလုပ်မှာ ဆက်ဆူကိုက ပြောတယ်။

'အဖေ့အနေနဲ့ အစ်ချီရိုရဲ့ ခံစားချက်ပေါ်မှာ အလေးထား စဉ်းစားတဲ့အတွက် ကျေးဇူးတင်ပါတယ်အဖေ၊ ဒါပေတဲ့ အကောင်းဆုံးကတော့ အစ်ချီရိုကို နည်းနည်းလေး ပိုကြီးလာအောင် စောင့်သင့်တယ်လို့ ကျွန်မထင်တယ်'

ဒီတော့ ကျုပ်ကလဲ နည်းနည်းရယ်မိတယ်။ 'ငါမှတ်မိနေသေးတယ်၊ ကင်ဂျိ ဒီအရွယ်က ငါက ဆာကေမြည်းကြည့်ခိုင်းမယ်လို့ ဆုံးဖြတ်တဲ့အခါ နင်တို့အမေက ခုလိုပဲ ကန့်ကွက်တယ်၊ ဒါပေတဲ့ ကင်ဂျိတစ်ယောက် ဆာကေမြည်းကြည့်ပြီး ဘာဒုက္ခမှ မရောက်ခဲ့ပါဘူး'

သမီးတွေနဲ့ ပြောဆိုနေကြတဲ့အကြောင်းတွေအကြား ကင်ဂျိအကြောင်း ပြောလိုက်မိပြီး ကျုပ်စိတ်ထဲမှာ မချမ်းမသာ ဖြစ်သွားမိတယ်။ စိတ်ထဲအထိုက်အလျောက် အနှောင့်အယှက် ဖြစ်သွားမိတော့ ဆက်ဆူကိုပြောတာ အသေအချာ နားမထောင်မိလိုက်တော့ဘူး။ သူပြောတာက ဒီလိုထင်တယ်။

'အဖေ့အနေနဲ့ ကျွန်မတို့အစ်ကိုကို အရွယ်ရောက်အောင် ထိန်းကြောင်း

http://www.cherrythitsar.org


လာတဲ့နေရာမှာ တကယ့်ကို ဂရုတစိုက် ရှိခဲ့တယ်ဆိုတာ သံသယ မဖြစ်မိပါဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ပြီးခဲ့တဲ့ကိစ္စတွေ ပြန်ကြည့်ရင် အမေဟာ အနည်းဆုံးတစ်ခု နှစ်ခုတော့ အဖေ့ထက် ပိုမှန်တယ်ဆိုတာ တွေ့နေရတယ်'

မှန်တာပြောရရင်တော့ ဆက်ဆူကိုက စကားပြောတဲ့အခါ နားမခံသာအောင်တော့ မပြောတတ်ရှာပါဘူး။ သူပြောတာကို နားကြားလွဲတာလဲ ဖြစ်နိုင်ပါတယ်။ အကြောင်းကတော့ အဲဒီတုန်းက နိုရီကိုဟာ သူ့အစ်မ ပြောစကားကို ဘာမှဝင်မပြောဘဲ ဟင်းသီးဟင်းရွက်တွေသာ ဆက်လှီးနေတာကို ကျုပ် သတိရနေမိသေးတယ်။ ကျုပ်တို့ ပြောဆိုနေကြတဲ့ အကြောင်းတွေထဲ သူ့အမေ အကြောင်း ထည့်ပြောတဲ့အခါ ဆက်ဆူကိုက ခုလို သာသာထိုးထိုးကလေး ပြောတာကိုပဲ ကျုပ်က သတိမထားမိတာလဲ ပါတယ်။ အဲဒီလိုပါပဲ။ ဒီနေ့ စောစောပိုင်းက ကဝါဘီပန်းခြံထဲမှာ ဆက်ဆူကိုပြောခဲ့တဲ့ ကိစ္စမှာလဲ သူက သာသာထိုးထိုးသာ ပြောခဲ့တယ်ဆိုတာ ကျုပ်က ဝန်ခံရလိမ့်မယ်။ ဆက်ဆူကိုက အစ်ချီရိုကိစ္စနဲ့ ပတ်သက်လို့ ခုလို အဆုံးသတ်လိုက်ပါတယ်။

'ကျွန်မထင်ပါတယ် အဖေရယ်၊ ဆူအစ်ချိ ကိုယ်တိုင်ကလဲ အစ်ချီရိုကို ခုထက် နည်းနည်းပိုကြီးတဲ့အခါမှပဲ ဆာကေသောက်စေချင်မှာပါ၊ အဖေ့အနေနဲ့က အစ်ချီရိုရဲ့ ခံစားချက်ကို ရှေ့တန်းတင် စဉ်းစားပေးခဲ့တာကိုတော့ ကျေးဇူးတင်လှပါတယ်'

ကျုပ်တို့ပြောဆိုနေတာတွေကို အစ်ချီရို ကြားသွားမှာစိုးတာက တစ်ကြောင်း၊ ခုလို ကြိုတောင့်ကြိုခဲ မိသားစုတစ်စု ပြန်လည်ဆုံကြရတုန်း စိတ်အနှောင့်အယှက်တွေလဲ မဖြစ်စေချင်တာတို့ကြောင့် ကျုပ်လဲ ဆက်မပြောတော့ဘဲ မီးဖိုဘက်ကထွက်လာခဲ့ပါတယ်။ ဒီနောက်မှာတော့ ကျုပ်လဲ ဧည့်ခန်းထဲမှာပဲ တာရိုနဲ့၊ အစ်ချီရိုနဲ့ အတူထိုင်ပြီး ရောက်တတ်ရာရာပြောရင်း ထမင်းပွဲကို စောင့်နေမိတော့တယ်။

တစ်နာရီသာသာလောက်ကြာတော့ ကျုပ်တို့ ညစာစားဖြစ်ကြတယ်။ ထမင်းစားကြတယ်ဆိုရင်ပဲ စားပွဲပေါ်မှာရှိနေတဲ့ ဆာကေထည့်ထားတဲ့ ဖန်တကောင်းကို အစ်ချီရိုက လက်နဲ့တောက်ရင်း ကျုပ်ကိုလှမ်းကြည့်နေတယ်။ ကျုပ်ကတော့ သူ့ကိုပြုံးပြလိုက်ရင်း နှုတ်က ဘာမှုမပြောတော့ဘူး။

သမီးတွေ ချက်တာပြုတ်တာကလဲ ကောင်းတော့ ညစာက စားလို့သောက်လို့ကောင်းပြီး ထမင်းဝိုင်းမှာ ပြောရဆိုရတာလဲ အထစ်အငေါ့မရှိဘူး။ ပြောကြဆိုကြရင်းက တစ်နေရာမှာ တာရိုက သူ့အလုပ်က လုပ်ဖော်ကိုင်ဖက်

http://www.cherrythitsar.org


တစ်ယောက်အကြောင်းကို ပြောပြတယ်။ ဒီသူငယ်က လုပ်တာကိုင်တာလဲ အသုံးမကျ။ ကံကလဲ မကောင်းတဲ့သူမျိုး။ ဘာလုပ်လုပ် အချိန်မီ မပြီးတတ်ဘူးလို့ နာမည်ရထားတဲ့ သူမျိုးကိုး။ တာရိုက ပြောပြတယ်။

'အဲဒီလို ဖြစ်လာဖန်များတော့ ကျွန်တော်တို့အထက်လူကြီးက သူ့ကို 'ငလိပ်'လို့ ခေါ်တယ်၊ မကြာခင်ကလေးတင်ကပဲ အစည်းအဝေးတစ်ခုမှာ မစ္စတာဟာရစာကက သူ့နာမည်ကို မေးနေလေတော့ 'ဟော့… ငါတို့ငလိပ်ရဲ့ အစီရင်ခံစာကို အရင်နားထောင်ကြသေးတာပေါ့၊ ပြီးမှ နေ့လယ်စာ စားကြရအောင်'လို့ ပြောတယ်။

'ဟုတ်ရဲ့လား'လို့ ကျုပ်က အံ့အားသင့်ပြီး မေးလိုက်မိတယ်။

'သိပ်တော့ဆန်းတာပဲကွာ၊ တစ်ခါက ငါ့မှာလဲ အဲဒီလိုနာမည်ပေးထားတဲ့ အပေါင်းအသင်းတစ်ယောက် ရှိခဲ့ဖူးတယ်'

အဲဒီလို တိုက်ဆိုင်မှုရှိခဲ့တဲ့ ကိစ္စမှာတော့ တာရိုက သိပ်စိတ်ဝင်တစား ရှိပုံမရဘူး။ ယဉ်ယဉ်ကျေးကျေးပဲ ခေါင်းညိတ်ပြရင်း ဆက်ပြောပြန်တယ်။

'ကျွန်တော်မှတ်မိသေးတယ်၊ ကျောင်းတုန်းကလဲ 'ငလိပ်'လို့ အခေါ်ခံရတဲ့ ကျောင်းသားတစ်ယောက် တွေ့ခဲ့ရဖူးတယ်၊ တကယ်တော့ ဘယ်လို အုပ်စုတွေမှာဖြစ်ဖြစ် မွေးရာပါခေါင်းဆောင် ဖြစ်လာကြသူတွေရှိသလို 'ငလိပ်'လို ကောင်မျိုးတွေလဲ ရှိနေမှာပဲ'

အဲဒီလိုပြောပြီးတဲ့နောက်မှာ ကျုပ်သမက်တာရိုဟာ အဲဒီအကြောင်းနဲ့ ဆက်စပ်နေတဲ့ ရယ်စရာအကြောင်းလေးများ ဆက်ပြောနေတယ်။ ကျုပ်က တစ်ချက်တစ်ချက် စဉ်းစားမိတယ်။ ကျုပ်သမက် တာရိုပြောတဲ့အထဲမှာ ဆိုရင်ဖြင့် ရှင်တားရိုးဟာ အဲဒီလိုလူမျိုး။ ရှင်တားရိုး လုပ်နိုင်ကိုင်နိုင်တာတွေ တော့ရှိပါရဲ့၊ သို့ပေတဲ့ ကူရိုဒါလို တပည့်မျိုးနဲ့ ယှဉ်လိုက်ရင်တော့ ရှင်တားရိုးဟာ သုံးမရသလို ဖြစ်သွားတယ်။

ကျုပ်အနေနဲ့ကတော့ ဒီကမ္ဘာကြီးထဲမှာ ရှိနေကြတဲ့ ငလိပ်တွေကို လုံးလုံးကြီးတော့ သဘောမကျနိုင်ဘူး။ ဒီလိုလူမျိုးတွေအနေနဲ့က သူတို့ လုပ်စရာရှိတာကို ဖြည်းဖြည်းနဲ့မှန်မှန်ကြီး လုပ်တတ်ကြတယ်။ တစ်နည်းနည်းနဲ့ သူတို့ဘဝ ရပ်တည်နေနိုင်အောင် အားထုတ်တယ်။ အဲဒါမျိုးကိုကြည့်ပြီး ချီးကျူးမယ်ဆို ချီးကျူးနိုင်ပေတဲ့ သူတို့ရဲ့ ပွင့်ပွင့်လင်းလင်း မရှိတတ်တာမျိုး၊ သစ္စာရှိရှိ မနေတတ်တာမျိုးတွေ အတွက်ကတော့ လက်မခံနိုင်စရာပါ။ ဒီတော့ ဒီလိုလူမျိုးတွေဟာ သူတို့ ယုံကြည်တာကိုလဲ စိတ်အားထက်ထက်သန်သန်နဲ့

http://www.cherrythitsar.org


မလုပ်ကြ၊ ကိုယ်ကျိုးလဲ စွန့်မလုပ်ချင်ကြလေတော့ သူတို့ကို သဘောကျဖို့က မဖြစ်နိုင်ဘူး။ သို့ပေတဲ့ ဒီလိုလူမျိုးတွေဟာ ကဝါဘီပန်းခြံကြီးကို ကိုယ်ကျိုးစွန့်ပြီး တည်ဆောက်ချင်တဲ့ ဆရာကြီး အာကီရာဆူဂီမူရာလိုတော့ ဒုက္ခအကြီးအကျယ် ရောက်ကြမှာ မဟုတ်ဘူး။ သူတို့အနေနဲ့က ကျောင်းဆရာကလေးဘာလေးလောက် ဖြစ်သွားရင်ပဲ ကျေနပ်ကြတော့တာကိုး။ ဒီထက်ပိုလို့လဲ ဘာမှဖြစ်အောင် မကြိုးစားကြတော့ဘူး။

ဆရာကြီးမိုရိစံအိမ်မှာ ပညာသင်ကြတုန်းကဆို ငလိပ်ကို ကျုပ်အတော်ခင်တာပါ။ သို့ပေတဲ့ ခုနေတော့ တန်းတူရည်တူ သဘောထားပြီး လေးစားနိုင်တော့မယ် မထင်ဘူး။ ကျုပ်တို့ရင်းနှီးမှုဟာ ငလိပ်တစ်ယောက် ဆရာကြီးတာကေဒါရဲ့ ကျောင်းမှာ ဝိုင်းပြီးနှိမ်ကြတာ ခံရတဲ့အခါ၊ ကျုပ်တို့ ဆရာကြီးမိုရိစံအိမ် ရောက်လာတဲ့ စောစောပိုင်းအချိန်မှာ သူ့အခက်အခဲတွေ တွေ့ခဲ့ရတဲ့အခါတွေက စခဲ့တာပါ။ သူ့ကိုကျုပ်က အားပေးခဲ့တာတွေအတွက် ကျုပ်ရဲ့ကျေးဇူးတွေ သူ့မှာရှိနေခဲ့ပါတယ်။ မိုရိစံအိမ်မှာ သူဆွဲတဲ့ပန်းချီကားတွေနဲ့ ပတ်သက်လို့ ကျန်တဲ့တပည့်တွေရဲ့ အငြိုအငြင် မခံရတော့ဘဲ အတော်ကလေး သဘောကျလာကြတဲ့နောက်ပိုင်း အတော်လေးကြာတဲ့အထိ ငလိပ်က ကျုပ်ကို ခုလို ပြောလေ့ရှိတယ်...

'အိုနိုစံ၊ ခင်ဗျားကြောင့် ကျုပ်ကို ခုလိုဆက်ဆံလာကြတာပါ၊ ခင်ဗျားကျေးဇူး ကျုပ်မှာရှိပါတယ်'

ဟုတ်ပါတယ်။ ကျုပ်ကျေးဇူး ငလိပ်မှာရှိတာပေါ့။ ကျုပ်ကသာ မတိုက်တွန်း မညွှန်ပြခဲ့ရင် ငလိပ်ဟာ ဆရာကြီးတာကေဒါဆီက ထွက်ပြီး မိုရိစံဆီမှာ တပည့်ဖြစ်လာမှာ မဟုတ်ဘူး။ ငလိပ်အနေနဲ့က အဲဒီလို စွန့်စွန့်စားစား အပြောင်းအလဲ လုပ်ချင်တာမဟုတ်ဘူး။ သို့ပေတဲ့လဲ လုပ်မယ်လို့ ဆုံးဖြတ်ပြီးတော့ သူ့ခမျာ သူ့ဆုံးဖြတ်ချက်ဟာ မှားပဟေ့လို့ သံသယမဖြစ်ခဲ့ပါဘူး။ ငလိပ်ဟာ ဆရာကြီးမိုရိစံကို အလွန်ရိုသေတာ။ ရိုသေလွန်းတော့ ကျုပ်မှတ်မိသရွေ့ သူရောက်လာပြီး ပထမနှစ်နှစ်လောက်မှာ မိုရိစံကို စကားမပြောရဲရှာဘူး။ ဆရာကြီးနဲ့ ပြောတဲ့ဆိုတဲ့အခါ 'ဟုတ်ပါတယ် ဆရာကြီး' 'မဟုတ်ပါဘူး ဆရာကြီး' စသဖြင့်ပဲ ဗလုံးဗထွေးနဲ့ ပြောလေ့ရှိတယ်။

အဲဒီအခါများကဆို ငလိပ်ခမျာ သူ့ပုံမှန်နှုန်းနဲ့ ဖြည်းဖြည်းချင်းပေါ့လေ။ ပန်းချီကားတွေကို ဆွဲရှာတာပါ။ ဒီကိစ္စနဲ့ ပတ်သက်လို့ကတော့ ဘယ်သူကမှ သူ့ကို ဆန့်ကျင်ကန့်ကွက်စရာ မရှိဘဲကိုး။ သူ့လိုပဲ ဖြည်းဖြည်းချင်း

http://www.cherrythitsar.org


ဆွဲတတ်တဲ့လူတွေလဲ ရှိသေးတာကိုး။ သူတို့ကလဲ ကျုပ်တို့လို မြန်မြန်ဆွဲတတ်တဲ့လူတွေကို ဟားတတ်ကြပြီး နာမည်များတောင် ပေးကြသေးတာ။ ကျုပ်တို့ကို 'စက်ခေါင်းမောင်းတဲ့ ကောင်တွေ'လို့ သူတို့က ကင်ပွန်းတပ်ထားတာများ ကျုပ်မှတ်မိသေးတယ်။ မီးရထားစက်ခေါင်းမောင်းတဲ့ သူတွေက မီးပေါင်ကျသွားမှာစိုးတော့ ပြေးပြေးပြီး မီးသွေးထည့်ကြတာကို ယူပြီးပြောကြတာပါ။ ကျုပ်တို့က စိတ်ကူးလေးတစ်ခုခု ရတယ်ဆိုရင် ပြေးပြေးပြီး ပန်းချီရေးတတ်ကြတာကိုး။ ကျုပ်တို့တွေကလဲ သူတို့ကို 'နောက်ဆုတ်သမားတွေ'လို့ နာမည်ပြန်ပေးထားတယ်။ တခြားတော့ မဟုတ်ပါဘူး။ မိုရိစ်အိမ်က အခန်းတစ်ခန်းထဲမှာ ပန်းချီစုဆွဲကြရင် နောက်ကိုဆုတ်ပြီး ဆွဲလက်စ ပန်းချီကားကို လှမ်းကြည့်တတ်တဲ့သူတွေကို ခေါ်လေ့ရှိတာပါ။ အဲဒီလို ဆုတ်ရင်း တခြားပန်းချီဆွဲနေတဲ့ တစ်ယောက်ယောက်နဲ့ ဝင်တိုးတော့တာပါပဲ။ ပန်းချီဆွဲနေရင်း အချိန်ယူတတ်တာကို ရည်ညွှန်းပြီး ပြောကြတာဖြစ်ပေတဲ့ လူတောမတိုးတဲ့ သဘောနဲ့ ပြောကြလေတော့ သိပ်တော့ မကောင်းလှဘူးပေါ့။ သို့ပေတဲ့လဲ အဲသလို အပြန်အလှန် နာမည်ပေးကြ၊ ခေါ်ကြတာတွေဟာ သွေးရိုးသားရိုးနဲ့ ပျော်စေ၊ ပျက်စေပါ။

အမှန်ပြောရရင်တော့ ကျုပ်တို့အားလုံးဟာ 'နောက်ဆုတ်'ကြတဲ့ ကိစ္စနဲ့ ကင်းကြတာ မဟုတ်ပါဘူး။ ဒါကြောင့် ဖြစ်နိုင်ရင် လူများများနဲ့ ကျပ်ကျပ်ညှပ်ညှပ် ဆွဲရတာမျိုးကို ရှောင်ကြတယ်။ နွေကာလများမှာဆိုရင် ကျုပ်တို့ အပေါင်းအသင်းတစ်သိုက်က ဝရန်တာတစ်လျှောက်မှာ ပန်းချီဆွဲလေ့ရှိကြတယ်။ အဲဒီလို မဟုတ်ပြန်ရင် ခြံဝင်းထဲဆင်းပြီး ပန်းချီရေးလေ့ရှိကြတယ်။ တချို့ကျတော့ အခန်းတော်တော်များများကို ဦးထားလေ့ရှိတယ်။ သူတို့ကျတော့ အလင်းရောင်ကျတာကိုလိုက်ပြီး အခန်းပြောင်း ဆွဲတတ်ကြတာကိုး။ ငလိပ်နဲ့ကျုပ်ကတော့ အဆောင်တစ်ဆောင်ရဲ့ နောက်တိုးအခန်းကျယ်ကြီးထဲမှာ ဆွဲတတ်ကြတယ်။ အဲဒီအခန်းက မီးဖိုချောင်လုပ်ဖူးတဲ့ အခန်းကြီးပေါ့။

အခန်းကအဝင်မှာတော့ မြေကြီးသက်သက်မံထားတာမျိုးပဲ။ ဒါပေတဲ့ နောက်ဘက်နားရောက်သွားရင်ဖြင့် သစ်သားခုံအမြင့် ရိုက်ထားတာရှိလေတော့ ကျုပ်တို့နှစ်ယောက်သားရဲ့ ပန်းချီကားနှစ်ကား တင်ဆွဲစရာ နေရာရတာပေါ့။ ထုပ်တန်းကလဲ နိမ့်နိမ့်ရယ်။ အရင်ကတော့။ အရင်က အိုးတွေ၊ ခွက်တွေ ချိတ်တာနေမှာပါ။ နံရံမှာကလဲ ဝါးနဲ့လုပ်ထားတဲ့ စင်တွေရှိနေလေတော့

http://www.cherrythitsar.org


ကျုပ်တို့ ပန်းချီဆေးတို့၊ စုတ်တံတို့၊ အဝတ်စတွေတို့ တင်ဖို့နေရာ ရကြတာပေါ့။ ကျုပ်မှတ်မိသေးတယ်။ ငလိပ်နဲ့ကျုပ်တို့ နှစ်ယောက်သား အိုးဟောင်းကြီးတစ်ခုထဲမှာ ရေအပြည့်ထည့်ပြီး စက်သီးဟောင်းကြီးတစ်ခုနဲ့ဆွဲပြီး ပန်းချီဆွဲတဲ့နေရာ ကျုပ်တို့နှစ်ယောက်ရဲ့အလယ်၊ ရင်ခေါင်းလောက်အမြင့်မှာ တွဲလဲချိတ်ပြီးထားတာ။

မှတ်မိပါသေးသကော။ တစ်နေ့။ နေ့ခင်း ကျုပ်တို့နှစ်ယောက်သား ထုံးစံအတိုင်း မီးဖိုချောင်အဟောင်းကြီးထဲ ပန်းချီဆွဲနေကြတုန်း ငလိပ်က ပြောတယ်။

'အိုနိုစံ၊ ခုခင်ဗျားဆွဲနေတဲ့ ပန်းချီကားနဲ့ ပတ်သက်လို့ ကျုပ်သိပ်သိချင်နေတယ်ဗျာ၊ ဒီကားဟာ ထူးထူးခြားခြား ကားတစ်ကားများလား'

ကျုပ်က ပန်းချီဆွဲနေတဲ့ အာရုံကိုမဖျက်ဘဲ ပြုံးပြီးသူ့ကို မေးလိုက်မိတယ်။ 'မင်းဘာထင်တုန်း၊ ဒါငါ့ရဲ့ စမ်းသပ်မှုလေးတစ်ခုပါ၊ ထွေထွေထူးထူး မဟုတ်ပါဘူး'

'အိုနိုစံ၊ ခင်ဗျားကို အရင်ကပန်းချီဆွဲရာမှာ စိတ်ပါလက်ပါ အားသွန်ခွန်စိုက်ဆွဲတာ ကျုပ်တွေ့ဖူးပါတယ်၊ အဲဒီတုန်းကဆို ကျုပ်ကို မနှောင့်ယှက်ဖို့တောင် ပြောထားတတ်တယ်၊ ခုနစ်နှစ်လောက်ရှိပြီး ခင်ဗျား အဲဒီလိုမပြောတာ၊ ခင်ဗျားရဲ့ပထမဆုံးပြပွဲအတွက် 'ခြသေ့်အက'ဆွဲကတည်းက ဆိုပါတော့'

ဒီမှာတော့ ကျုပ်နည်းနည်းကလေး ရှင်းပြဖို့ လိုလိမ့်မယ်။ တစ်ခါတလေ ပန်းချီဆွဲတဲ့ လူတစ်ယောက်ယောက်အနေနဲ့ သူ့ပန်းချီကားဆွဲမပြီးခင် ဝေဖန်တာ၊ ထင်မြင်ချက်ပေးတာတွေ မလိုချင်တဲ့အခါ အနှောင့်အယှက်မပေးကြဖို့ တောင်းပန်ထားလေ့ ရှိပါတယ်။ အဲဒီလို တောင်းပန်ထားတဲ့အခါ ဘယ်သူကမှ အဲဒီပန်းချီကားကို လာမကြည့်ကြတော့ပါဘူး။ ပန်းချီဆွဲနေတဲ့ လူက သူ့တောင်းပန်ချက်ကို ရုတ်သိမ်းကာမှပဲ ပန်းချီကားကို ကြည့်ကြတော့တာပါ။ ကျုပ်တို့ တစ်တွေလိုစုပြီး နီးနီးကပ်ကပ် နေကြတဲ့အခါမျိုးမှာ အတော်ကောင်းတဲ့စနစ်လို့ ဆိုရမယ်။ ဒုက္ခလဲ မများရဘူးပေါ့ဗျာ။

'မင်း သတိထားမိလိုက်သကိုး'လို့ ကျုပ်က ပြောလိုက်မိတယ်။ 'ငါက ငါ့ရဲ့စိတ်ဝင်စားနေတာတွေကို သိမ်းထားနိုင်ခဲ့တယ် ထင်တာ'

'အိုနိုစံ၊ ခင်ဗျားမေ့နေပြီထင်တယ်၊ ခင်ဗျားနဲ့ကျုပ် အတူတကွ ဘေးချင်းကပ်ပြီး ပန်းချီဆွဲခွင့်ရတာဟာ အခွင့်အရေးတစ်ရပ်ပါ၊ တစ်ခါတလေ ကိုယ့်ကိုကိုယ် အရာမဝင်သလို ဖြစ်နေမိတတ်တာကလွဲလို့၊ ကျုပ်အတွက်

http://www.cherrythitsar.org


ကတော့ ကြီးမားတဲ့ အခွင့်အရေးတစ်ရပ်ပါ'

'မင်းဟာက နည်းနည်းပိုသွားပြီ'လို့ ပြောလိုက်ရင်း ပြုံးလိုက်မိတယ်။ ပန်းချီဆက်ဆွဲနေမိလိုက်တယ်။

'အမှန်ပြောတာပါ အိုနီစံ၊ ပြီးခဲ့တဲ့နှစ်တွေအတွင်းမှာ ကျုပ်ဟာ ခင်ဗျားပန်းချီရေးချက်တွေသာ မမြင်၊ မတွေ့ခဲ့ရရင် ကျုပ်အရေးအသားတွေဟာ ဘယ်လိုမှ တိုးတက်လာမှာမဟုတ်ဘူး၊ ခင်ဗျားလဲသိပါတယ်၊ ခင်ဗျားရဲ့ 'နေဝင်ချိန် မိန်းမပျို'မရှိဘဲ ကျုပ်ရဲ့ 'ဆောင်းဦးကာလ မိန်းမပျို' ပန်းချီကား ရှိမလာနိုင်ပါဘူး၊ ခင်ဗျားရဲ့ ပြောင်မြောက်မှုအပေါ် တစ်ကြိမ်မက ကျုပ် အတုခိုးခဲ့ကြတာပါ၊ တကယ်တော့ အစွမ်းအစနည်းပါးတဲ့ ကျုပ်ရဲ့အားထုတ်မှု တွေပါ။ သို့ပေတဲ့ အဲဒီကားတွေကြည့်ပြီးတော့ မိုရိစံကိုယ်တိုင်က ကျုပ်ကို အလားအလာရှိတယ်ဆိုပြီး အထိုက်အလျောက် ချီးကျူးခဲ့သေးတာ။

'ကြည့်စမ်း... ငါအခုမှ သဘောပေါက်တော့တာကိုး'လို့ ပြောပြီး ကျုပ်ဆွဲနေတာကို ခဏရပ်ပြီး ဆွဲလက်စ ပန်းချီကားတွေကို ကြည့်လိုက်မိ တယ်။ 'ဒီကားကော မင်းအားကျစရာများ မဖြစ်ဘူးလား'

ကျုပ်က၊ ကျုပ်ရဲ့ဆွဲလက်စ ပန်းချီကားကို ရပ်ကြည့်နေလိုက်ပြီးမှ ကျုပ်တို့အကြားမှာ ချိတ်ထားတဲ့ ရေအိုးကြီးကိုကျော်ပြီး ငလိပ်ကိုလှမ်းကြည့် လိုက်မိပါတယ်။ ငလိပ်ကတော့ ကျုပ်က သူ့ကိုကြည့်နေတာမသိဘဲ စိတ်ပါ လက်ပါ ပန်းချီဆွဲနေလေရဲ့။ ငလိပ်ဟာ ဟိုး... အရင်က ဆရာကြီးတာကေဒါ ဆီမှာ ကျုပ်စတွေ့စတုန်းကလိုတောင် မဟုတ်တော့ဘူး။ စိုစိုပြည်ပြည် ဖြစ်လာ တယ်။ ကြောက်ကြောက်ရွံ့ရွံ့နေတတ်တဲ့ သူ့သဘောသဘာဝဟာ ခုတော့ ကလေးတစ်ယောက်ရဲ့ ကျေနပ်နှစ်သိမ့်တတ်မှုမျိုး ပြောင်းလာတယ်။ ကျုပ် မှတ်မိသေးတယ်။ အဲဒီအခါတုန်းက ကျုပ်တို့အထဲက တစ်ယောက်ယောက်က ငလိပ်ကို အိမ်မှမွေးထားတဲ့ ခွေးပေါက်ကလေးတစ်ကောင်လိုပဲလို့ ဆိုဖူးတယ်။ အဲဒီနေ့ နေ့ခင်းက မီးဖိုချောင်အဟောင်းကြီးထဲ ပန်းချီဆွဲနေတဲ့ငလိပ်ကို ကျုပ်ကြည့်မိတဲ့အခါ ငလိပ်ကို ခွေးပေါက်ကလေးနဲ့ နှိုင်းတာကဖြင့် သိပ်တော့ မမှားလှဖူးလို့ မြင်လိုက်မိတယ်။

'ဒီမှာ ငလိပ်ရဲ့၊ ပြောစမ်းပါဦး'လို့ ကျုပ်က စပြောလိုက်မိပြန် တယ်။ 'မင်း အခုဆွဲတာတွေနဲ့ ပတ်သက်လို့ မင်းသဘောကျရဲ့၊ ကျေနပ်ရဲ့ မဟုတ်လား'

'အလွန်ဝမ်းမြောက်ကျေနပ်ပါတယ် အိုနီစံ၊ ကျေးဇူးတင်ပါတယ်'

http://www.cherrythitsar.org


လို့ ချက်ချင်းဖြေတယ်။ ပြီးတော့မှ မော့ကြည့်လိုက်ပြီး 'ဒါပေတဲ့ ခင်ဗျားနဲ့ ပခုံးချင်းယှဉ်နိုင်ဖို့ကတော့ အများကြီးလိုပါသေးတယ်' အားမလိုအားမရသံနဲ့ ခပ်ဖြည်းဖြည်း ဆက်ပြောပါတယ်။

ငလိပ်ဟာ သူရဲ့ဆွဲလက်စ ပန်းချီကားဆီကို ပြန်ပြီးအာရုံစိုက်နေပြန်တယ်။ ကျုပ်လဲ သူဆွဲနေတာကို အတော်ကြာအောင် ထပ်ပြီးကြည့်နေလိုက်ပြီးမှ မေးလိုက်မိပြန်တယ်။

'မင်း တစ်ခါတလေများ နည်းသစ်လေး၊ ဘာလေးစမ်းကြည့်ဖို့ မစဉ်းစားဘူးလား'

'နည်းသစ်၊ ဟုတ်လား အိုနိုစံ'

'မင်း တစ်နေ့နေ့မှာ အင်မတန်ပြောင်မြောက်တဲ့ ပန်းချီကားတစ်ကားလောက် ဆွဲမယ်လို့ရော ဆန္ဒများမရှိဘူးလား၊ ငါ ဆိုလိုတာက တို့ဒီမှာ ဆွဲကြရင်း တစ်ယောက်ကိုတစ်ယောက် ချီးကျူးကြရတဲ့ ရေးချက်မျိုးလောက်ကို ပြောတာမဟုတ်ဘူး၊ တကယ့်ကို ပြောင်ပြောင်မြောက်မြောက် ဖြစ်တာမျိုးကိုပြောတာ၊ တို့ပြည်၊ တို့ရွာက လူတွေအတွက်လို့ ပြောရလောက်အောင်ပေါ့၊ အဲဒီလို အားထုတ်နိုင်ဖို့က နည်းသစ်တွေလိုတယ်လို့ ငါပြောရလိမ့်မယ်'

ကျုပ်ကပြောရင်း ငလိပ်ကို သတိထား ကြည့်နေမိလိုက်တယ်။ ငလိပ်ကတော့ ပန်းချီရေးနေတာတောင် မရပ်ဘူး။

'အိုနိုစံ၊ အမှန်ပြောရမယ်ဆိုရင် ကျုပ်လိုခပ်ညံ့ညံ့ လူတစ်ယောက်အဖို့ကတော့ အမြဲလို ချဉ်းကပ်နည်းသစ်တွေကိုသာ စမ်းသပ်နေရတာပါ၊ ပြီးခဲ့တဲ့နှစ်တွေအတွင်းမှာ ကျုပ်ဟာ ကျုပ်နဲ့သင့်တဲ့နည်း တွေ့ခဲ့တယ်လို့ ကျုပ်ထင်တယ်၊ မိုရိစံကိုယ်တိုင်ကလဲ ကျုပ်လက်ရာတွေကို ပိုပြီးဂရုတစိုက် ကြည့်လာတယ်၊ သူကျေနပ်လာတယ်လို့ ကျုပ်သိလိုက်တယ်၊ တစ်နေ့ မိုရိစံနဲ့ ခင်ဗျားတို့အတူ ကျုပ်ပန်းချီလက်ရာတွေ ပြသခွင့်မရဘူးလို့ ဘယ်သူပြောနိုင်လဲ'

ငလိပ်ဟာ အဲဒီလိုပြောပြီး ကျုပ်ကိုလှမ်းကြည့်ရင်း ရယ်လိုက်ပါတယ်။ ပြီးတော့ ခုလိုပြန်ပြောတယ်။ 'ခွင့်လွှတ်ပါ အိုနိုစံ၊ ကျုပ်မှာက အဲဒီလို စိတ်ကူးယဉ်ရင်း ကိုယ့်ကိုကိုယ် အားပေးနေရတာ'

ကျုပ်လဲ ထပ်မပြောတော့ပါဘူး။ နောက်တစ်ချိန်ချိန်ကျရင်ဖြင့် ပြောဦးမယ်လို့တော့ စိတ်ကူးရှိပါတယ်။ သို့ပေတဲ့ အကြောင်းက သိပ်မစပ်မိခဲ့ဘူး။

http://www.cherrythitsar.org


အဲဒီလိုပြောဆိုပြီး ရက်အတော်ကြာသွားတဲ့နောက် နေသာတဲ့ တစ်နံနက်ခင်းမှာ ကျုပ်မီးဖိုချောင်အဟောင်းကြီးထဲ ဝင်လိုက်တယ်ဆိုရင် နောက်ဘက်နားက ကျုပ်တို့ပန်းချီဆွဲနေကျ နေရာဆီမှာ ငလိပ်ဟာ မတ်တတ် ရပ်ရင်း ကျုပ်ကိုစိုက်ကြည့်နေတာ တွေ့လိုက်ရပါတယ်။ ကျုပ်က၊ အပြင်က လင်းတောက်နေတဲ့ နေရောင်အောက်ကနေ အထဲကိုဝင်လာရတော့ မျက်စိကို အသားကျအောင် ခဏလုပ်လိုက်ရသေးတယ်။ သူ့ကိုပြန်ကြည့်လိုက်တော့ ငလိပ်မျက်နှာမှာ အံ့အားသင့်နေတာအပြည့်ပဲ။ သူက သူ့ရင်ဘတ်ကိုထုတော့ မလိုနဲ့ လက်ကိုမြှောက်လိုက်ပြီး ပြန်ချလိုက်တယ်။ သဘောကတော့ ကျုပ် ကများ သူ့ကိုတစ်ခုခု လုပ်လေမလားပေါ့။ သူ့ကြည့်ရတာက အဲဒီနေ့အဖို့ ပန်းချီဆွဲမယ်ဆိုတဲ့ အစီအစဉ်မရှိသလိုပါပဲ။ ကျုပ်က သူ့ကိုလှမ်းပြီး နှုတ်ဆက်လိုက်တဲ့အခါမှာတော့ သူက ဘာမှပြန်မပြောဘူး။ ဒါနဲ့အနားရောက် တော့ ကျုပ်က မေးလိုက်မိတယ်။

'ဘာများဖြစ်သတုန်း…'

'အိုနိုစံ…'လို့ ခေါ်လိုက်ရင်း သူကရပ်နေပါတယ်။ ဒီတော့ ကျုပ်က ကျုပ်တို့ပန်းချီဆွဲတဲ့ အမြင့်ကလေးဆီ လှမ်းပြီးတက်လိုက်တယ်။ သူက မတည်မငြိမ်ဖြစ်နေရင်း ဘယ်ဘက်ကိုကြည့်နေတယ်။ သူကြည့်တဲ့ဘက်ကို လိုက်ကြည့်လိုက်တော့ရင် ကျုပ်ရဲ့ဆွဲလက်စ ပန်းချီကားကို နံရံမှာမှောက်ပြီး ထောင်ထားရင်း အဝတ်တစ်ခုနဲ့ဖုံးထားတာ တွေ့လိုက်ရပါတယ်။ ငလိပ်ဟာ အဲဒီဘက်ကိုကြည့်ရင်း တည်တည်ငြိမ်ငြိမ်မရှိဘဲ ကျုပ်ကို ခုလိုပြောပါတယ်။

'အိုနိုစံ၊ ဒီဟာက ခင်ဗျား ပျော်စေပျက်စေ လုပ်တာမဟုတ်လား'

'မဟုတ်ဘူးငလိပ်၊ ဒါ ရယ်စရာ၊ နောက်စရာ လုပ်ထားတာ မဟုတ် ဘူး' လို့ ပြောလိုက်ပါတယ်။

ကျုပ်လဲ ကျုပ်ရဲ့ပန်းချီကားပေါ်မှာ ဖုံးထားတဲ့ အဝတ်ကိုဖယ်ပြီး ကျုပ်တို့ဘက်ပြန်လှည့်ပြီး ထောင်လိုက်တယ်။ ဒီတော့ ငလိပ်ဟာ ချက်ချင်း မျက်နှာလွှဲလိုက်ပါတယ်။

ကျုပ်ကပြောလိုက်ပါတယ်။

'ဒီမှာ သူငယ်ချင်း၊ မင်းဟာ တစ်ခါက ငါပြောခဲ့တာကို ရဲရဲ တင်းတင်းလက်ခံခဲ့ပြီး တို့နှစ်ယောက်ဟာ တို့ရဲ့ ပန်းချီပညာရှင်ဘဝအတွက် ချီတက်ခဲ့ကြတယ်၊ ခုလဲ ငါနဲ့အတူ နောက်တစ်ဆင့် ဆက်လက်ချီတက်ဖို့

http://www.cherrythitsar.org


မင်းစဉ်းစားစေချင်တယ်’

ငလိပ်ဟာ ကျုပ်ကိုမျက်နှာလွှဲထားရင်း ခုလိုမေးတယ်။

‘အိုနိုစံ၊ ဒီပန်းချီကားအကြောင်း ဆရာကြီးသိလား’

‘မသိဘူး၊ မသိသေးဘူး၊ ဆရာကြီးကို ငါပြရမယ်၊ ခုကစလို့ ငါ ဟောဒီရေးချက်တွေအတိုင်းပဲ ရေးတော့မယ်၊ ငလိပ် ငါ့ရေးချက်တွေကို ကြည့်စမ်း၊ ငါဘာတွေ လုပ်ထားတယ်ဆိုတာ ရှင်းပြမယ်၊ ဒီတော့လဲ မင်းအနေနဲ့ ငါနဲ့အတူ အရေးပါတဲ့ ခြေလှမ်းသစ်တစ်ခု စနိုင်လိမ့်မယ်’

ဒီတော့မှ ငလိပ်ဟာ ကျုပ်ကိုကြည့်လိုက်ပါတယ်။

‘အိုနိုစံ’လို့ ခေါ်ပြီး အင်မတန်တိုးတဲ့အသံနဲ့ ‘ခင်ဗျားဟာ သစ္စာဖောက်ပဲ၊ ကျုပ်ကိုခွင့်ပြုပါ’လို့ ပြောတယ်။

ပြီးတော့ ခပ်သုတ်သုတ်ပဲ အခန်းထဲက ထွက်သွားတော့တယ်။

ငလိပ်တစ်ယောက် စိတ်အနှောင့်အရှက်ဖြစ်ခဲ့ရတဲ့ ပန်းချီကားကတော့ ‘ရောင့်ရဲမှု’လို့ ကျုပ်နာမည်ပေးထားတဲ့ကားပဲ။ ခုတော့ ကျုပ်လက်ထဲမှာ မရှိတော့ဘူး။ အဲဒီပန်းချီကားထဲမှာ ကျုပ်ဟာအများကြီး မြုပ်နှံထားခဲ့ရလေတော့ ပန်းချီကားရဲ့ အသေးစိတ်ကလေးတွေကအစ ခုထိ ကျုပ်မှတ်မိနေသေးတယ်။ တကယ်လို့များ ကျုပ်ကပြန်ပြီး အဲဒီကားကို ဆွဲချင်သေးတယ်ဆိုရင် အသေးစိတ်က ပြန်ဆွဲနိုင်မယ်လို့ ကျုပ်သိနေတယ်။ အဲဒီတော့ ဆွဲဖို့ဖြစ်လာတာက၊ ရက်သတ္တပတ် အတော်ကြာကြာတုန်းက မတ်ဆူဒါနဲ့ ကျုပ်တို့နှစ်ယောက်သား လမ်းလျှောက်ထွက်ကြရင်း တွေ့ခဲ့ကြတဲ့ မြင်ကွင်းကလေးတစ်ခုကြောင့်ပါ။

အဲဒီနေ့က အိုဂဒါရှင်ဂျင် အဖွဲ့အစည်းမှာရှိတဲ့ မတ်ဆူဒါရဲ့မိတ်ဆွေတွေကို တွေ့ရအောင်သွားကြတာပါ။ မတ်ဆူဒါက သူ့မိတ်ဆွေတွေနဲ့ ကျုပ်ကို မိတ်ဆက်ပေးရအောင်လို့ပါ။ အဲဒီတုန်းက နွေကကုန်တော့မယ်။ သိပ်ပူတဲ့နေ့ရက်တွေကိုလွန်ခဲ့ပြီ။ သို့ပေတဲ့ ကျုပ်မှတ်မိပါသေးရဲ့။ နိရှိဇူရူက တံတားသစ်တစ်ခုပေါ်မှာ ဖြတ်သွားကြတုန်း ခပ်မှန်မှန်လျှောက်နေတဲ့ မတ်ဆူဒါနောက်ကလိုက်ရင်း ကျုပ်မှာ ချွေးသုတ်နေရတာ။ မတ်ဆူဒါလဲ ဒီထက်ဖြည်းဖြည်းလျှောက်ဖို့ ဆုတောင်းနေရတာ။ အဲဒီနေ့က မတ်ဆူဒါက နွေရာသီမှာဝတ်လေ့ရှိတဲ့ အဖြူရောင်အင်္ကျီနဲ့။ ဦးထုပ်ကိုလဲ ခပ်ငိုက်ငိုက်ဆောင်းလို့။ သူက ပုံမှန်လျှောက်နေတာပါ။ တံတားအလယ်လောက်မှာ ခဏရပ်နားကြတုန်း ကျုပ်ကသူ့ကို ကြည့်လိုက်တဲ့အခါ သူ့မှာ နေပူပုံတောင်မရဘူး။

http://www.cherrythitsar.org


'ဒီနေရာကနေ ကြည့်ရင် စိတ်ဝင်စားဖို့ကောင်းတဲ့ မြင်ကွင်းတွေ့ရတယ်'လို့ သူကကောက်ချက်ချရင်း 'မဟုတ်ဘူးလား အိုနီ'လို့ မေးလိုက်ပါတယ်။

အောက်ဘက်ကမြင်ကွင်းကိုပြောရရင် စက်ရုံနှစ်ခုက ဘယ်တစ်ဖက်ညာတစ်ဖက်မှာ ဆောင်ခတ်ထားသလိုပဲ။ အဲဒီအကြားမှာက သွပ်ပြား၊ သစ်သားအတိုအစမျိုးစုံ၊ ကျောက်ပြားမျိုးစုံ မိုးထားတဲ့ တဲကလေးတွေ။ နိရှိဗူရူအရပ်က ဒီနေ့အထိ ဆင်းဆင်းရဲရဲ ရပ်ကွက်လို့ ထင်ရှားပါတယ်။ ဟိုတုန်းကတော့ ပိုဆိုးတော့တာပေါ့။ သူစိမ်းတစ်ရံဆံ တစ်ယောက်ယောက်ကများ တံတားပေါ်က ရပ်ကြည့်လိုက်ရင် လူသူလေးပါး အရေးမထားတော့ဘဲ ဖျက်ပစ်ဖို့ထားတဲ့ နေရာတစ်ခုလို့တောင် ထင်မှာ။ သေသေချာချာ အနီးရောက်လို့ကြည့်လိုက်တော့မှ လူတွေသွားလာနေကြတာက ပုရွက်ဆိတ်အုံ တုတ်ထိုးထားသလိုပါပဲ။

'အောက်ဘက်ကိုကြည့်စမ်း၊ အိုနီ'လို့ မတ်ဆူဒါက ပြောပါတယ်။ 'ကျုပ်တို့မြို့မှာ အဲဒီလို ရပ်ကွက်ကလေးတွေ များလာပြီ၊ လွန်ခဲ့တဲ့သုံးနှစ်လောက်ကဆို ဒီနေရာက ခုလောက်မဆိုးသေးဘူး၊ ခုတော့ ဖြစ်သလိုဆောက်ထားတဲ့ ရပ်ကွက်ဖြစ်နေပြီ၊ လူတွေကပိုပြီး နွမ်းပါးနေကြတာ၊ တောဘက်က သူတို့အိမ်တွေ၊ ယာတွေစွန့်ပြီး ဒီမှာလာပြီး ဒုက္ခကို ဝေမျှခံစားနေကြတာပဲအိုနီ'

'ဆိုးသပေါ့ဗျာ'လို့ ကျုပ်က ပြောမိတယ်။ 'တစ်ခုခု လုပ်ပေးချင်စိတ်ပေါက်လာသဗျာ'

မတ်ဆူဒါက ကျုပ်ကိုပြုံးပြပါတယ်။ အဲဒီလို မတ်ဆူဒါက အထက်စီးကနေ ပြုံးပြတိုင်း ကျုပ်မှာ အနေရအထိုင်ရကျပ်ပြီး အတော်အသုံးမကျတဲ့ သူတစ်ယောက်ပဲလို့လဲ စိတ်ထဲဖြစ်မိတယ်။ 'အင်မတန်သင့်တော်တဲ့ ခံစားချက်တစ်ရပ်ပေပဲ'လို့ သူကပြောရင်း မြင်ကွင်းဘက်လှည့်လိုက်တယ်။ 'ကျုပ်တို့အားလုံးသိကြပါတယ်၊ ဒါပေတဲ့ ဒီလိုရပ်ကွက်ကလေးတွေဟာ နေရာတကာမှာ မှိုတက်သလိုပဲပေါ်လာပြီ အိုနီ၊ အသက်ကို ပြင်းပြင်းကလေး ရှူကြည့်စမ်း၊ ဒီနားကနေတောင် မြောင်းပုပ်အနံ့ရတယ်'

'ကျုပ်လဲ သတိထားမိတယ်၊ အနံ့က အဲဒီအောက်က လာတာလား'

မတ်ဆူဒါက ပြန်မဖြေဘဲ အောက်ဘက်က တဲစုစုကိုသာ လှမ်းကြည့်ရင်း ပြုံးနေပါတယ်။ ပြီးမှ 'နိုင်ငံရေးသမားတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေကတော့ ဒီလိုအရပ်မျိုးကို သိပ်တွေ့ဖူးကြမှာမဟုတ်ဘူး၊ တကယ်လို့ တွေ့ကြ

http://www.cherrythitsar.org


ရင်တောင် ခုကျုပ်တို့နေသလို ခပ်လှမ်းလှမ်းကသာ နေကြမှာ၊ အဲဒီအောက်ထဲ ကို နိုင်ငံရေးသမားတွေရောက်ဖူး၊ ‌ပျော်ဖူးမယ်မထင်ဘူး၊ ဒီလိုဆိုပြန်တော့ ပန်းချီဆရာတွေတောင် အဲဒီထဲ သိပ်ရောက်ဖူးကြမယ် မထင်ဘူးလို့ ပြောရမယ်'

ကျုပ်ကတော့ သူ့အပြောစကားထဲ စိန်ခေါ်သံလို ကြားလိုက်မိတယ်။

'ခင်ဗျားလျှောက်ချင်သပဆိုရင်၊ တကယ်လို့ ကျုပ်တို့ချိန်းထားတာအတွက် နောက်မကျဘူးဆိုရင် ကျုပ်ကတော့ မကန့်ကွက်ပေါင်ဗျာ'

'အဲဒီကဖြတ်သွားရင် ကျုပ်တို့အဖို့ ခရီးကတစ်ကီလိုမီတာ၊ နှစ်ကီလိုမီတာလောက်တောင် တိုဦးမှာ'

မတ်ဆူဒါပြောသလို ရေမြောင်းပုပ်အနံ့ဟာ အဲဒီက လာတယ်ဆိုတာ အမှန်ပါပဲ။ ကျုပ်တို့ သံတံတားကြီးအောက် ရောက်ပြီးလို့ ရပ်ကွက်ထဲက လမ်းကြိုလမ်းကြားဘက်ကို သွားတယ်ဆိုတာနဲ့ မြောင်းပုပ်အနံ့ဟာ မခံနိုင်လောက်အောင် ပြင်းလာတော့တာ။ အပူဒဏ်သက်သာစေမယ့် လေလဲမရှိတော့ဘူး။ လေနဲ့တူတာကတော့ လူနားမှာလာပြီး ပျံနေကြတဲ့ ယင်ကောင်တွေပဲရှိတယ်။ ကျုပ်မှာကတော့ မတ်ဆူဒါရဲ့ ခြေလှမ်းကိုမီအောင် လိုက်နေရတဲ့ ဒုက္ခနဲ့လဲ တိုးနေရတယ်။ ဒီတစ်ခါတော့ သူ့ကို ခုထက်ဖြည်းပြီး မလျှောက်စေချင်ဘူး။

ကျုပ်တို့ရဲ့ ဘေးတစ်ဖက်တစ်ချက်မှာတော့ ဈေးထဲက ဆိုင်ခုံတန်းတွေလိုမျိုးပဲ။ ဆိုင်သိမ်းသွားကြပြီထင်တယ်။ ဒါပေတဲ့ အိမ်တွေကပစ္စည်းတွေပဲ။ တချို့ဆို လမ်းကြားကလေးနဲ့ အဲဒီပစ္စည်းတွေအကြား အဝတ်ကြိုးတန်းကလေးနဲ့သာ ခြားထားတာကလား။ အဘိုးကြီး၊ အဘွားကြီးတွေကတော့ အိမ်ပေါက်ဝတွေမှာ ထိုင်နေကြတယ်။ ကျုပ်တို့ဖြတ်သွားတာကို ငေးနေကြတာပေါ့။ စိမ်းစိမ်းကားကား အကြည့်မျိုးတော့ မဟုတ်ပါဘူး။ ကလေးတွေကတော့ နေရာတကာမှာပဲ။ ကျုပ်တို့ခြေထောက်ကို လာပွတ်နေတဲ့ ကြောင်တွေကလဲ မကုန်နိုင်အောင်ပါ။ အဝတ်လှမ်းထားတဲ့ကြိုးတန်းတွေ၊ စောင်အစုတ်တွေအကြား ရှောင်တိမ်းရင်း ကျုပ်တို့လမ်းလျှောက်ခဲ့ကြတယ်။ ငိုနေတဲ့ကလေးတွေ၊ ဟောင်နေတဲ့ခွေးတွေ၊ လမ်းမြောင်လေးရဲ့ ဟိုဖက်၊ ဒီဖက်ကိုကာထားတဲ့ အဝတ်ကြိုးတန်းကလေး နောက်ကလှမ်းပြီး စကားပြောနေကြတဲ့သူတွေ စတဲ့အမျိုးစုံ ကျုပ်တို့ဖြတ်ကျော်လာခဲ့ကြရတယ်။ အတော်ကလေး လျှောက်လာတော့ ကျုပ်သတိထားမိလိုက်တယ်။ ကျုပ်တို့လျှောက်နေတဲ့ လမ်းမြောင်ကလေးရဲ့ ဘေးတစ်ဘက်တစ်ချက်မှာက ရေမြောင်းတွေကိုး။ မိလ္လာမြောင်းတွေ။

မြောင်းတွေ တစ်လျှောက်လုံးမတော့ ယင်ကောင်အပြည့်ပေါ့။ မတ်ဆူဒါ ဦးဆောင်ရာကို ကျုပ်ကလိုက်ရင်း မြောင်းနှစ်ဖက်အကြားက မြေကြီးဟာ ကျဉ်းလာတာ သတိထားမိလိုက်တယ်။ နောက်ဆုံး လဲနေတဲ့သစ်ပင်တစ်ပင် ပေါ် လျှောက်နေရသလိုမျိုးအထိ ကျဉ်းသွားတယ်။ အတော်ကလေး ထိန်း လျှောက်ရတဲ့အထိ ဖြစ်လာတာပေါ့။

နောက်ဆုံးတော့ ကွက်လပ်ကလေးတစ်ခုဆီ ရောက်လာကြတာပါ တယ်။ ရှေ့တည့်တည့်မှာက လမ်းကိုပိတ်ထားသလို ဖြစ်နေတယ်။ သို့ပေတဲ့ မတ်ဆူဒါက တဲနှစ်လုံးအကြားက ဟာနေတဲ့ နေရာကလေးကိုပြတယ်။ တခြား ဖက်မှာက မြေလွတ်တစ်ကွက်။

'ကျုပ်တို့ အဲဒီကဖြတ်သွားရင် ကိုဂါနေလမ်းရဲ့ နောက်ဘက်ကို ရောက်မယ်'လို့ မတ်ဆူဒါကပြောပါတယ်။

မတ်ဆူဒါပြတဲ့ တဲနှစ်လုံးအကြားက ဟာနေတဲ့ နေရာကလေးရဲ့ အဝလောက်မှာ ကောင်ကလေးသုံးယောက်ဟာ မြေကြီးပေါ်က တစ်ခုခုကို ငုံ့ကြည့်ရင်း သူတို့လက်က တုတ်နဲ့ထိုးနေကြတာပါ။ ကျုပ်တို့ အနားလဲ ရောက်ရော ကောင်ကလေးတွေဟာ မကျေမနပ်တဲ့ မျက်နှာပေးမျိုးနဲ့ လှည့်ထွက်သွားကြပါတယ်။ ကျုပ်က အဲဒီနေရာကို ကြည့်လိုက်တဲ့အခါမှာတော့ ဘာမှမတွေ့ရပေတဲ့ သူတို့အမူအရာတွေ ကြည့်ရရုံနဲ့ တိရစ္ဆာန်ကလေး တစ်ကောင်ကောင်ကို ဝိုင်းနှိပ်စက်နေခဲ့တာပဲလို့ ပြောနိုင်ပါတယ်။ မတ်ဆူဒါ ကိုယ်တိုင်လဲ ကောင်ကလေးတွေကိုကြည့်ပြီး တစ်ခုခု တွေးမိလိုက်ပုံရတယ်။ အဲဒီက ကျုပ်တို့ဖြတ်လာတော့ 'ဒီအနားမှာက သူတို့အတွက် ပျော်စရာ၊ ပါးစရာက မရှိသလောက်ဘဲကိုး'လို့ပြောတယ်။

အဲဒီတုန်းက ဒီကောင်ကလေး သုံးယောက်အကြောင်းကို ကျုပ်ဆက် ပြီး တွေးနေမိခဲ့တယ်။ ဒါကြောင့်လဲ ရက်အတော်ကလေးကြာတဲ့အခါ သူတို့ သုံးယောက်ရဲ့ မျက်နှာပေးတွေဟာ ကျုပ်အတွေးထဲမှာ ထင်ထင်ရှားရှားကြီး ပေါ်လာပြန်တော့တာပေါ့။ ညစ်တီးညစ်ပတ် ပတ်ဝန်းကျင်မှာ တုတ်ကိုင်ပြီး မကျေမချမ်းဖြစ်နေတဲ့ မျက်နှာတွေပေါ့။ အဲဒီလက္ခဏာရပ်တွေဟာ ကျုပ်ရေးတဲ့ 'ရောင့်ရဲမှု'ပန်းချီကားအတွက် အဓိကလက္ခဏာရပ်တွေ ဖြစ်လာတယ်။ တစ်ခုတော့ ပြောစရာရှိပါတယ်။ လေိပ်က ကျုပ်ရဲ့ ဆွဲလက်စ ပန်းချီကားကို ခိုးကြည့်ခဲ့စဉ်က ကောင်ကလေးသုံးယောက်ဟာ ကျုပ်တွေ့ခဲ့တဲ့ ကောင်ကလေး တွေနဲ့ တစ်ချက်နှစ်ချက်တော့ တူမယ်မထင်ဘူး။ ကျုပ်တွေ့ခဲ့တဲ့ ကောင်ကလေး

http://www.cherrythitsar.org


တွေကို ညစ်တီးညစ်ပတ်၊ စုတ်တီးစုတ်ပြတ်နဲ့ တဲပုတ်ကလေးတွေ ရှေ့မှာရပ်နေတဲ့ ပုံကတော့ အတူတူပဲ။ ဒါပေတဲ့ ကျုပ်တွေ့ခဲ့ရတဲ့ ကောင်ကလေးတွေရဲ့ ခိုးထုပ်ခိုးထည်မိလို့ မကျေမချမ်းဖြစ်တဲ့ မျက်နှာပေးလိုတော့ မဟုတ်ဘူး။ ဆာမူရိုင်းတွေလို အသင့်ဖြစ်နေတဲ့၊ မျက်နှာထားမျိုးမှာ ရှိနေတတ်တဲ့၊ မာန်ရှိတဲ့ မျက်နှာထားမျိုး။ ပြီးတော့ ကျုပ်ဆွဲထားတဲ့ပုံထဲက ကောင်ကလေးတွေက တုတ်ကိုင်ထားတယ် ဆိုရာမှာ ကင်ဒိုသမားတွေရဲ့ အစဉ်အလာအတိုင်း ရပ်နေကြပုံမျိုးကိုး။

ငလိပ်ကတော့ တွေ့လိုက်ပါလိမ့်မယ်။ ကောင်ကလေးတွေရဲ့ ခေါင်းအထက်နားဆီမှာ ရေးချက်မှိန်မှိန်နဲ့ ဖော်ထုတ်ထားတဲ့ ဒုတိယပုံရုပ်တစ်တွဲ။ အဲဒါက ဝတ်ကောင်းစားလှနဲ့ ဘားမှာထိုင်ရင်း ရယ်နေကြတဲ့ လူဝကြီးသုံးယောက်ပုံပါပဲ။ သူတို့ရဲ့ မျက်နှာမှာ ပေါ်လွင်နေတာက လူကျင့်ဝတ်၊ လူ့သိက္ခာ ရှိမနေပုံတွေပဲ။ သူတို့ရယ်သွမ်းသွေးနေတယ် ဆိုတာကလဲ သူတို့ရဲ့ အဆွယ်အပွား တစ်ယောက်ယောက်အကြောင်း ဆိုတာမျိုးလိုပါ။ အဲဒီလို ဆန့်ကျင်ဘက် သဘောဆောင်နေတဲ့ ပုံရုပ်နှစ်တွဲကိုတော့ ဂျပန်ကျွန်းစုတွေရဲ့ ကမ်းရိုးတန်း သတ်မှတ်ချက်လိုင်းတွေနဲ့ ဝန်းရံထားလိုက်ပါတယ်။ ညာဘက်ခြမ်း အောက်ဖက်နားမှာတော့ 'ရောင့်ရဲမှု'လို့ ဆေးအနီရောင်နဲ့ ရေးထားတယ်။ ဘယ်ဘက်ခြမ်း အောက်ဖက်နားမှာတော့ စာလုံးခပ်သေးသေးနဲ့ 'လူငယ်များကတော့ သူတို့ရဲ့သိက္ခာအတွက် တိုက်ပွဲဝင်ဖို့ အသင့်ဖြစ်နေကြပြီ'လို့ ရေးထားတာပါ။

စောစောပိုင်းက ကျုပ်အနေနဲ့ ဒီပန်းချီကားကို သိပ်အလေးမပေးဘဲ ပြောခဲ့ပေတဲ့ ဒီကားမှာပါတဲ့ အချက်တွေကို ပြောလိုက်တော့ ခင်ဗျားအတွက် ရင်းနှီးပြီးသား ဖြစ်နေလိမ့်မယ်။ ၁၉၃၀ပြည့်နှစ် ကာလအတွင်းက ကျုပ်ဆွဲခဲ့ပြီး အတော်ကလေး အကျော်ဇေယျဖြစ်ခဲ့တဲ့ 'မျက်စိတစ်ဆုံး'ဆိုတဲ့ ပန်းချီကားကိုတော့ ခင်ဗျားသိပြီးသား ဖြစ်မှာပါ။ တကယ်တော့ အဲ့ဒီကားဟာ 'ရောင့်ရဲမှု'ကို ပြန်ဆွဲထားတာပဲ။ ဒီကားနှစ်ကားရဲ့ အကြားမှာ နှစ်ပရိစ္ဆေဒကလဲ ကြာခဲ့လေတော့ ကွဲပြားမှုတော့ ရှိပါတယ်။ နောက်ဆွဲတဲ့ ကားမှာလဲ မတူညီတဲ့ ပုံရုပ်နှစ်တွဲဟာ တစ်ခုနဲ့တစ်ခု စပ်ယှက်သွားတာက ဂျပန်ကမ်းရိုးတန်း သတ်မှတ်ထားတဲ့ လိုင်းတွေနဲ့ ဘောင်ခတ်ထားတာပဲ။ အပေါ်ဖက်က ပုံရုပ်တွေမှာတော့ ဝတ်ကောင်းစားလှ ဝတ်ထားတဲ့ လူသုံးယောက်ပုံပါ ပါပေတဲ့၊ မျက်နှာပေးကတော့ သောကရောက်နေတဲ့ မျက်နှာပေးမျိုး။ ဘယ်ကစကြမလဲ

http://www.cherrythitsar.org



ဆိုတဲ့ပုံမျိုး။ သူတို့မျက်နှာကိုကြည့်လိုက်ရင် ထင်ရှားတဲ့ နိုင်ငံရေးသမား သုံးယောက်နဲ့ ဆင်တယ်ဆိုတာကတော့ ကျုပ်ပြောပြနေစရာတောင် မလိုပါဘူး။ ပန်းချီကားရဲ့ အောက်ဖက်ပိုင်းကပိုပြီး ထင်ထင်ရှားရှား ဖော်ထုတ်ထားတာ ကတော့ အရင်ကနွမ်းပါးတဲ့ ကောင်လေးသုံးယောက်နေရာမှာ စစ်သားကလေး သုံးယောက်ပါ။ နှစ်ယောက်က လုံစွပ်တပ်ထားတဲ့ ရိုင်ဖယ်သေနတ် ကိုင်ထား တယ်။ စစ်သားကလေးနှစ်ယောက်က ကိုင်ထားတဲ့ဓားနဲ့ အာရှတိုက်ရဲ့ အနောက်ဘက်ကို ညွှန်းပြနေတဲ့ စစ်ဗိုလ်လေးကို ရံထားကြတယ်။ နောက်ခံ ကားမှာတော့ အရင်ကလို ဆင်းရဲနွမ်းပါးမှုတွေ မပါတော့ဘူး။ ခပ်ရိုးရိုးပဲ။ တက်နေဝန်းနဲ့ စစ်အလံ။ ညာဘက်ခြမ်းမှာ ရေးထားတဲ့ 'ရောင့်ရဲမှု'ဆိုတဲ့ နေရာမှာတော့ 'မျက်စိတစ်ဆုံး'လို့ ပြောင်းရေးထားပြီး ဘယ်ဘက်အခြမ်းက နေရာမှာတော့ 'သူရဲဘောနည်းဖို့ အခါမဟုတ်၊ ဂျပန်ဟာ ရှေ့ကိုသာ ချီတက် ရမယ်'လို့ ရေးသားလိုက်ပါတယ်။

တကယ်လို့ ခင်ဗျားက ကျုပ်တို့မြို့မှာ လူသစ်ဖြစ်နေရင်တော့ ကျုပ် ပြောခဲ့တဲ့ ပန်းချီကားကို တွေ့ဖူးမှာ မဟုတ်သေးဘူး။ အပိုပြောတာတော့ မဟုတ်ဘူး။ ဒီမြို့မှာ စစ်ကြီးမတိုင်ခင်ကတည်းက နေခဲ့တဲ့သူ အတော်များ များကတော့ သိကြပါတယ်။ စုတ်ချက်တွေက အင်အားကောင်းလှချည့်ရဲ့ဆိုပြီး ချီးကျူးကြတယ်။ အထူးသဖြင့်ကတော့ အရောင်တွေကို ပြင်းပြင်းကြီးသုံးထား တာကိုပါ။ 'မျက်စိတစ်ဆုံး'ပန်းချီကားဟာ ဘယ်လိုပဲ အနုပညာဖန်တီးမှုအရ အောင်မြင်ခဲ့ပေမယ့် ခုနေတော့ ခံစားမှုအပိုင်းမှာ ခေတ်နောင်းခဲ့ပြီပေါ့။ ကျုပ်ကိုယ်တိုင်ပဲ ပထမဆုံး ဝန်ခံစမ်းပါရစေ။ အဲဒီတုန်းက ခံစားချက်တွေဟာ ခုအခါတော့ ရှုတ်ချစရာပါ။ ကျုပ်ဟာ အတိတ်က အောင်မြင်မှုနဲ့ ပတ်သက်ခဲ့ တဲ့ ဆိုးကျိုးတွေအတွက် ဝန်မခံရဲတဲ့ လူတစ်ယောက် မဟုတ်ပါဘူး။

'ဒီ... မျက်စိတစ်ဆုံး' ပန်းချီကားနဲ့ ပတ်သက်လို့လဲ မဆွေးနွေးချင် ပါဘူး။ ဒီမှာပြောဖြစ်တာကလဲ စောစောပိုင်းကရေးခဲ့တဲ့ ပန်းချီကားတစ်ချပ်နဲ့ ပတ်သက်လို့သာပါ။ မတ်ဆူဒါနဲ့ ကြုံခဲ့၊ ဆုံခဲ့ရတဲ့အတွက် ကျုပ်ရဲ့ဘဝမှာ အပြောင်းအလဲတွေ ဖြစ်ခဲ့ရတာတွေကို အသိအမှတ်ပြုချင်တာပါ။ ငလိပ်က ကျုပ်ပန်းချီကားကို တွေ့သွားခဲ့တဲ့ မတိုင်ခင်ကတည်းက မတ်ဆူဒါနဲ့ကျုပ်တို့ မှန်မှန်တွေ့နေခဲ့ကြတာပါ။ ကျုပ်နဲ့ပတ်သက်တဲ့ သူ့သဘောထားတချို့ကြောင့် သူနဲ့ တွေ့ဖြစ်နေခဲ့တယ်လို့ ကျုပ်ထင်တာပဲ။ တွေ့စကတော့ သူ့ကိုသိပ်သဘော ကျလှတယ် မဟုတ်ဘူး။ စောစောပိုင်းကများဆိုရင် တစ်ယောက်နဲ့တစ်ယောက်

http://www.cherrythitsar.org



အခြေအတင်ပြော၊ ကတောက်ကဆဖြစ်ပြီး အဆုံးသတ်ရတာ များပါတယ်။ ဥပမာဆိုကြစို့ရဲ့။ နိရှိဇူရူကပြန်ပြီး မကြာခင် တစ်နေ့မှာ မြို့လယ်က ဘား တစ်ခုကို သူနဲ့လိုက်သွားခဲ့တယ်။ ဘယ်နားကလဲ၊ ဘာနာမည်လဲဆိုတာတွေ တော့ မမှတ်မိဘူး။ ဒါပေတဲ့ ညစ်တီးညစ်ပတ်နဲ့ ခပ်မှောင်မှောင်ဆိုတာတော့ အသေအချာ မှတ်မိနေတယ်။ ကြည့်ရတာတော့ မြို့ရဲ့ သိပ်အတန်းမရှိတဲ့ နေရာပဲ။ ဝင်သွားတယ်ဆိုကတည်းက ကျုပ်ကတော့ ခပ်လန့်လန့်ရယ်။ မတ်ဆူဒါကတော့ အတော်ရင်းရင်းနှီးနှီး ရှိနေပုံပဲ။ စားပွဲတစ်လုံးမှာ ဝိုင်းထိုင်ပြီး ဖဲရိုက်နေကြတဲ့သူတွေတောင် သူက လှမ်းနှုတ်ဆက်လိုက်သေးတယ်။ နောက်မှ သူကဦးဆောင်ပြီး ကျုပ်ကို ရေလယ်ကူးလေး တစ်နေရာမှာရှိတဲ့ စားပွဲတစ်လုံး ဆီ ခေါ်သွားတယ်။

ကျုပ်တို့စားပွဲမှာ ထိုင်ပြီးတဲ့အထိ ကျုပ်လန့်နေတာကတော့ သိပ် လျှော့မသွားသေးဘူး။ အဲဒီလို စားပွဲမှာထိုင်နေတုန်း အတော်ကလေးမူးနေပုံ ရတဲ့ ခပ်ကြမ်းကြမ်းလူနှစ်ယောက် ကျုပ်တို့ဆီလာပြီး ကျုပ်တို့ပြောဆိုနေ တာကို ဝင်ရောပါလေရော။ မတ်ဆူဒါက ခပ်ပြောင်ပြောင်ပဲ နှင်ထုတ်လိုက် တယ်။ ကျုပ်ကတော့ ပြဿနာဖြစ်တော့မယ်လို့ ထင်လိုက်တယ်။ သို့ပေတဲ့ အဲဒီလူနှစ်ယောက်က ကျုပ်မိတ်ဆွေကို ဘာလန့်တယ်တော့ မပြောတတ်ဘူး။ အသာ လှည့်ထွက်သွားကြတယ်။

အဲဒီနောက်တော့ ကျုပ်တို့နှစ်ယောက်သားလဲ အရက်ကလေး သောက်ရင်း စကားတပြောပြောနေမိတယ်။ သိပ်မကြာပါဘူး။ အခြေအတင် ပြောစရာ ဖြစ်လာကြတော့တာပဲ။ တစ်ချီမှာတော့ ကျုပ်က ခုလိုပြောမိလိုက် တယ်။

'ကျုပ်တို့ အနုပညာသည်တွေဟာ ခင်ဗျားလို လူမျိုးတွေဆီက သရော်တာခံရတာနဲ့ ပတ်သက်လို့ ပြောစရာ မရှိပါဘူး၊ ဒါပေတဲ့ ကျုပ်တို့ အားလုံးဟာ ဒီကမ္ဘာကြီးနဲ့ ပတ်သက်လို့ ဘာမှမသိကြဘူး၊ ငတုံးတွေပဲလို့ ခင်ဗျားထင်တာကတော့ မှားတယ်'

မတ်ဆူဒါကတော့ ရယ်ရင်း ပြန်ပြောပါတယ်။

'အိုနို၊ ကျုပ်ပန်းချီဆရာ အများကြီးတွေ့ဖူး၊ ကြုံဖူးခဲ့ပြီဆိုတာ မမေ့ပါ နဲ့၊ ခင်ဗျားတို့တစ်တွေဟာ အံ့သြဖို့ကောင်းလောက်အောင် စိတ်ဓာတ်ပျက်ပြား

http://www.cherrythitsar.org


နေကြတာကလား၊ ကမ္ဘာကြီးမှာ ဖြစ်ပျက်နေတာ၊ ကမ္ဘာ့အရေးအခင်းတွေနဲ့ ပတ်သက်လို့ ကလေးသူငယ်တွေ သိသလောက်ပဲ သိကြတာ'

ကျုပ်က ကန့်ကွက်မယ်လို့ စိတ်ကူးနေတုန်း မတ်ဆူဒါက ဆက်ပြန်တယ်။ 'ဥပမာဆိုရစေတော့ရဲ့၊ ခင်ဗျား ခုနက ရေးကြီးခွင်ကျယ်လုပ်ပြောနေတဲ့ ကိစ္စကိုပဲကြည့်၊ အင်မတန်တော့ စိတ်ဝင်တစား ဖြစ်စရာပါ၊ ဒါပေတဲ့ ခင်ဗျားတို့လို ပန်းချီဆရာတွေရဲ့ အတာ၊ နတာတွေ ပေါ်လွင်လာတာပဲ'

'ကျုပ်ကတော့ ကျုပ်အတွေးဟာ ခင်ဗျားသရော်စရာ ဖြစ်လောက်တာ နားမလည်နိုင်ဘူး၊ ဒါပေတဲ့ ကျုပ်မှားတော့သွားတယ်၊ ကျုပ်က ခင်ဗျားဟာ ဒီမြို့ရဲ့နွမ်းပါးနေရတဲ့ အနေအထားနဲ့ ပတ်သက်လို့ ခံစားနေရတယ်ထင်တာ'

'ကလေးတွေလို စကားလွှဲမပစ်စမ်းပါနဲ့ဗျာ၊ ကျုပ်ဘယ်လိုခံစားရတယ်ဆိုတာ ခင်ဗျားကောင်းကောင်း သိပါတယ်၊ ခင်ဗျားပြောတဲ့ကိစ္စဆီပြန်သွားရအောင်၊ ဆိုကြပါစို့ရဲ့၊ ခင်ဗျားတို့ဆရာကြီးက ခွင့်ပြုလို့ ခင်ဗျားတို့အဲဒီမှာနေတဲ့ သူတွေအားလုံးက တစ်ပတ်၊နှစ်ပတ်အတွင်း ပန်းချီကားဆိုပါတော့၊ နှစ်ဆယ်ဆွဲကြတယ်၊ အများဆုံးသုံးဆယ်ထား၊ ဒီထက်လဲ ပိုဆွဲလို့အပိုပဲ၊ ဆယ်ကား၊ ဆယ့်တစ်ကားထက်ပိုပြီး ရောင်းရမှာမှ မဟုတ်ဘဲကိုး၊ ဒီတော့ ဘာလုပ်မလဲ အိုနို၊ ခင်ဗျားတို့ ပင်ပင်ပန်းပန်း ရှာထားတဲ့ငွေကလေးကိုယူပြီး၊ ခုလိုမြို့တော်ရဲ့ ဆင်းရဲတဲ့ ရပ်ကွက်တွေသွားပြီး ဆင်းရဲတဲ့သူတွေတွေ့တဲ့အခါ တစ်ယောက်ကိုတစ်ပြားစီ ပေးကြမှာလား'

'ဒီမယ် မတ်ဆူဒါ၊ ကျုပ်မှားရင် ခွင့်လွှတ်ပါ၊ ကျုပ်ကို အပေ့၊ နပေ့လို့ ခင်ဗျားမြင်တာကတော့ မမှန်ဘူး၊ ကျုပ်ပြောတဲ့ ပန်းချီပြပွဲတွေလုပ်ဖို့ဆိုတာက မိုရိစံရဲ့ တပည့်တပန်းတွေအတွက်ပဲ ပြောတာမဟုတ်ဘူး၊ ဒီမြို့မှာ ချွတ်ခြုံကျနေတဲ့ အခြေအနေအတိုင်းအတာကို ကျုပ်ကောင်းကောင်းသိပါတယ်၊ ဒါကြောင့်လဲ ကျုပ်မှာရှိတဲ့စိတ်ကူး ခင်ဗျားကိုပြောပြတာပဲ၊ ခင်ဗျားနဲ့ပတ်သက်တဲ့ အိုဂဒါရှင်ဂျင် အဖွဲ့အစည်းအနေနဲ့က အဲဒီလိုမျိုးကို ဦးစီးနိုင်တယ်၊ ပန်းချီပြပွဲ ကြီးကြီးမားမားတွေ မြို့မှာပုံမှန်လုပ်ပေးရင် တခြားကပန်းချီဆရာတွေလဲ ပါဝင်ပတ်သက်လာကြမယ်၊ တစ်နည်းနည်းနဲ့တော့ ဒီကလူတွေကို ကူညီလာနိုင်ကြမယ်'

မတ်ဆူဒါက ခေါင်းခါရင်း ပြုံးလိုက်ပါတယ်။ 'ကျုပ်ကို ခွင့်လွှတ်ပါ အိုနို၊ ဒါပေတဲ့ ခင်ဗျားတို့အပေါ် ကျုပ်မြင်တာတွေ မမှားဘူး၊ ခင်ဗျားတို့

http://www.cherrythitsar.org


ပန်းချီဆရာတွေဟာ အတော်ကို ရိုးတဲ့၊ အတဲ့ လူတစ်မျိုးတွေပဲ’ မတ်ဆူဒါဟာ ခဏနားလိုက်ပြီး နောက်ကိုမှီလိုက်ပါတယ်။ ပြီးတော့မှ အရင်က ဒီစားပွဲမှာ ထိုင်သွားတဲ့လူတွေ ကျန်ရစ်ခဲ့ပုံရတဲ့ မီးခြစ်ဘူးနဲ့ စားပွဲပေါ်က စီးကရက်ပြာတွေကို လှည်းလိုက်ပါတယ်။ ‘ဒီကနေ့များမှာ ပန်းချီဆရာတစ်မျိုးရှိတယ်၊ သူတို့ရဲ့ တကယ့်အရည်အချင်းတစ်ရပ်ကတော့ တကယ့်ဘဝကြီးကို ရှောင်ပြေးပုန်းနေကြတာပဲ၊ လောလောဆယ်မှာတော့ အဲဒီလို ပန်းချီဆရာတွေသာ များတယ်၊ အဲဒီထဲပါဖို့ ခင်ဗျားလဲ နီးစပ်နေပြီ အိုနို၊ စိတ်တော့ သိပ်မဆိုးလေနဲ့၊ ဒါအမှန်ပဲ၊ ခင်ဗျားရဲ့ ကမ္ဘာကြီးနဲ့ ပတ်သက်တဲ့အသိဟာ ကလေးလောက်ပဲရှိသေးတယ်၊ ဆိုကြပါစို့၊ ကားလ်မာ့(က)ဆိုတာ ဘယ်သူတုန်း၊ ခင်ဗျားသိရင် ကျုပ်ကိုပြောပြစမ်းပါ’

ကျုပ်မကျေမနပ်နဲ့ သူ့ကိုကြည့်နေလိုက်မိတယ်။ ဘာမှတော့ မပြောလိုက်ဘူး။ ဒီတော့ သူကရယ်ရင်း ခုလိုပြောပြန်တယ်။ ‘ကိုင်း… မြင်တယ်မဟုတ်လား၊ ဒါပေတဲ့ စိတ်မပျက်ပါနဲ့ဗျာ၊ ခင်ဗျားအပေါင်းအသင်းတွေလဲ သိကြမှာ မဟုတ်ပါဘူး’

‘ခင်ဗျား ပေါက်တတ်ကရ မပြောစမ်းပါနဲ့၊ ကားလ်မာ့(က) ဘယ်သူဆိုတာ ကျုပ်သိပါတယ်’

‘ခင်ဗျားကို အထင်အမြင်သေးမိတာ စိတ်မရှိပါနဲ့ အိုနို၊ ကိုင်း… ကျေးဇူးပြုပြီး ကားလ်မာ့(က)ဟာ ဘယ်သူဘယ်ဝါဆိုတာ ကျုပ်ကို ပြောပြစမ်းပါ’

ကျုပ်က ပခုံးအသာတွန့်လိုက်ရင်း ‘ကျုပ်အထင်ကတော့ ရုရှတော်လှန်ရေးကို သူကခေါင်းဆောင်ခဲ့တယ် ထင်တယ်’လို့ ပြောလိုက်ပါတယ်။

‘ဒီလိုဖြင့် လီနင်ဆိုတာက ဘယ်သူတုန်း အိုနို၊ ကားလ်မာ့(က)ရဲ့ လက်ထောက်လား’

‘အပေါင်းအသင်းတစ်ယောက်ပေါ့’လို့ ကျုပ်က ပြောလိုက်တဲ့အခါ မတ်ဆူဒါက မဲ့သွားပြီး တစ်ခုခု ပြောမယ်လုပ်ဖို့ ပြင်လိုက်ပါတယ်။ သူက ဘာမှျပြန်မပြောခင် ကျုပ်ကဆက်ပြောလိုက်တယ်။ ‘ခင်ဗျားကတော့ တစ်နည်းမဟုတ်တစ်နည်း လမ်းလွဲနေပြီ၊ ခင်ဗျားပြောနေတာတွေက ဟိုး… အဝေးကြီးက ကိစ္စတွေ၊ ကျုပ်ပြောနေတာက ကျုပ်တို့မြို့က နွမ်းပါးနေကြတဲ့ကိစ္စ’

‘ဟုတ်ပါတယ် အိုနို၊ ဟုတ်ပါပေတယ်၊ ဒါပေတဲ့ ခင်ဗျားအနေနဲ့ ထိုကိစ္စ၊ ဒီကိစ္စကို အနည်းအကျဉ်းလောက်ပဲ သိတာကိုး၊ အိုဂဒါရှင်ဂျင်အဖွဲ့

http://www.cherrythitsar.org


အစည်းအနေနဲ့က အနုပညာသည်တွေကို တကယ့်ဘဝကြီး၊ ကမ္ဘာကြီးထဲ ရောက်လာဖို့ နှိုးဆော်နေတာပါ၊ ဒီအဖွဲ့အစည်းကြီးက အလှူလျှောက်ခံနေတာ ပဲလို့ ခင်ဗျားမြင်ရင်တော့ ကျုပ်ပြောတာ မှားခဲ့လို့ပဲနေမှာပါ၊ ကျုပ်တို့ အနေနဲ့က အလှူခံဖို့ စိတ်မဝင်စားကြပါဘူး'

'နည်းနည်းပါးပါး အလှူခံတာမျိုးကတော့ ဘာမှ ကန့်ကွက်စရာမရှိပါဘူးလို့ ကျုပ်ကတော့မြင်တယ်၊ တစ်ချိန်တည်းမှာပဲ စိတ်ဓာတ်ကျနေတဲ့ ပန်းချီဆရာတွေကိုလဲ မျက်စိဖွင့်ပေးရာရောက်တယ်၊ ဒီပြင်လဲ အများကြီး လုပ်ပေးနိုင်တာပဲ'

'အိုနို၊ စိတ်ရင်းကောင်းတဲ့ အလှူအတန်းကလေးတွေက ကျုပ်တို့ရဲ့ နွမ်းပါးနေတဲ့ တိုင်းပြည်ကို ကယ်တင်နိုင်လိမ့်မယ်လို့ ခင်ဗျားယုံကြည်နေရင်တော့ ခင်ဗျားမျက်စိတွေ ဖွင့်ဖို့လိုသေးတယ်၊ အမှန်ပြောရရင် ဂျပန်နိုင်ငံဟာ အခက်အခဲနဲ့ ရင်ဆိုင်ရဖို့ ဦးတည်နေတယ်၊ ကျုပ်တို့တစ်တွေဟာ လောဘ မက်တဲ့ စီးပွားရေးသမားတွေ၊ ပျော့ညံ့တဲ့ နိုင်ငံရေးသမားတွေရဲ့ လက်ထဲမှာပဲ၊ လူတချို့အတွက်တော့ နွမ်းပါးမှုဟာ နေ့စဉ်တိုးပွားနေမှာပဲ၊ ဒါကြောင့် ကျုပ်တို့တစ်တွေအနေနဲ့ ပါဝင်ပတ်သက်ဖို့ လိုနေတယ်၊ ကျုပ်ဟာ နိုင်ငံရေး အကြမ်းဖက်သမား မဟုတ်ဘူး၊ ကျုပ်ဟာ အနုပညာသည်ပဲ၊ ခင်ဗျားလို ပန်းချီဆရာတစ်ယောက်ပဲ၊ အရည်အသွေးရှိတဲ့ ပန်းချီဆရာတွေဟာ သူတို့ရဲ့ ကမ္ဘာကလေးတွေထဲက ထွက်လာကြစေချင်တယ်၊ အိုဂဒါရှင်ဂျင် အဖွဲ့အစည်း အနေနဲ့က ခင်ဗျားတို့လို ပန်းချီဆရာတွေကို မျက်စိဖွင့်ပေးပြီး ခုလိုကာလကြီး မှာ တကယ်တန်ဖိုးရှိတဲ့ လက်ရာတွေ ဖော်ထုတ်ကြစေချင်တာပဲ'

'မတ်ဆူဒါ၊ ကျုပ်မြင်သလောက်တော့ ခင်ဗျားသာ တိုးနေတာ၊ အနုပညာသည်တစ်ယောက်ဟာ အလှအပကို အခွင့်ကြုံတာနဲ့ ဖမ်းစားနိုင်ရမယ်၊ ဘယ်လိုပဲ ကျွမ်းကျင်စွာနဲ့ ဖမ်းစားဖမ်းစား၊ ခုခင်ဗျားပြောတဲ့ ကိစ္စအပေါ်မှာ တော့ အနည်းအပါးလွှမ်းမိုးမှာပါ၊ တကယ်လို့ အိုဂဒါရှင်ဂျင် အဖွဲ့အစည်း ဟာ ခင်ဗျားပြောတဲ့ ရည်ရွယ်ချက်မျိုးနဲ့ အဖွဲ့အစည်းဆိုရင်တော့ အမြင်မှား နေကြပြီလို့ ပြောရမှာပဲ၊ ကြည့်ရတာ၊ အနုပညာဆိုတာ ဘာလုပ်နိုင်တယ်၊ ဘာမလုပ်နိုင်ဘူး ဆိုတာကို ခပ်တုံးတုံး၊ ခပ်အအနဲ့ အလွဲလွဲအချော်ချော် မြင်ပြီး ဖွဲ့စည်းထားတာပဲဖြစ်မှာ'

'ခင်ဗျားကောင်းကောင်းကြီး သိပါတယ် အိုနို၊ ကျုပ်တို့အရာရာကို ခပ်ရိုးရိုးကြီး မကြည့်ကြဘူး၊ ဆိုချင်တာက အိုဂဒါရှင်ဂျင် အဖွဲ့အစည်းဟာ

http://www.cherrythitsar.org


ထီးထီးကျန်တည်နေတဲ့ အဖွဲ့အစည်းမျိုး မဟုတ်ပါဘူး၊ ခင်ဗျားလို၊ ကျုပ်လို လူငယ်တွေအပါအဝင် အလွှာအမျိုးမျိုးက လူငယ်တွေ စိတ်တူသဘောတူတွေနဲ့ ဖွဲ့စည်းထားတာပါ၊ ကျုပ်တို့ဟာ ဒီလိုဖြစ်နေတဲ့ အခါကြီးအတွင်း ဝင်ရောက်လာရတဲ့ မျိုးဆက်တွေပါ၊ ကျုပ်တို့တစ်တွေဟာ စုစုစည်းစည်းနဲ့ အားလုံးအတွက် အကျိုးရှိတာကို လုပ်နိုင်ကြတဲ့ သူတွေပါ၊ ကျုပ်တို့တစ်တွေအနေနဲ့ အနုပညာကို အလွန်တန်ဖိုးထားနေကြတယ်၊ တစ်ချိန်တည်းမှာ ဒီကနေ့ဖြစ်ပျက်နေတဲ့ ကမ္ဘာကြီးကိုလဲ ပစ်ထားစရာ မလိုပါဘူး၊ အမှန်ကတော့ အိုနီ၊ ခုလိုအခါမျိုးမှာ ကျုပ်တို့ပတ်ဝန်းကျင်က နွမ်းပါးတဲ့လူတွေ၊ ဆာလောင်မွတ်သိပ်ပြီး နာမကျန်းဖြစ်နေတဲ့ ကလေးတွေကို ရှောင်ပုန်းပြီး ကိုယ့်လက်ရာကလေး ကောင်းသထက်ကောင်းလာအောင် လုပ်နေလို့ မဖြစ်နိုင်ဘူးခင်ဗျား၊ ကျုပ်အပေါ် ဒေါသထွက်နေတာ ဘယ်လိုပြန်ပက်ရမလဲလို့ တွေးနေတာတွေ ကျုပ်သိပါတယ်၊ ဒါပေမယ့် တစ်နေ့၊ ခင်ဗျားဒီကိစ္စတွေကို လေးလေးနက်နက် တွေးကြည့်မိမှာပါ၊ အထူးသဖြင့် ခင်ဗျားလို အလွန်အရည်အသွေးကောင်းတဲ့ ပန်းချီဆရာတစ်ယောက်က တွေးကြည့်မိမှာပါ'

'ကောင်းပါပြီ မတ်ဆူဒါ၊ ကျုပ်ကိုတစ်ခုလောက် ပြောပြစမ်းပါ၊ ကျုပ်တို့လို စိတ်ဓာတ်ကျနေတဲ့ ပန်းချီဆရာအရူးတွေက ခင်ဗျားတို့နိုင်ငံရေးအရ တော်လှန်တာကို ဘာများလုပ်ပေးနိုင်မတဲ့တုန်း'

ကျုပ်မကျေမနပ်ဖြစ်နေရပေတဲ့ စားပွဲတစ်ဖက်မှာထိုင်နေတဲ့ မတ်ဆူဒါကတော့ ပြုံးပြလိုက်ပြန်တယ်။ 'တော်လှန်ရေးဟုတ်လား အိုနီ၊ ကွန်မြူနစ်တွေက တော်လှန်ရေးလုပ်ချင်ကြတာ၊ ကျုပ်တို့က ဒါမျိုးလိုချင်တာ မဟုတ်ဘူး၊ ဒါနဲ့က တိုက်ရိုက်ပြောင်းပြန်ပဲ၊ ကျုပ်တို့က ပြန်လည်တည်ဆောက်ရေးလုပ်ချင်တာ၊ ကျုပ်တို့တောင်းဆိုနေတာ ရှင်းရှင်းလေးပဲ၊ ကျုပ်တို့ရဲ့ ဧကရာဇ်မင်းမြတ်ကို သူရဲ့ ရှိသင့်ရှိထိုက်တဲ့ ကျုပ်တို့ရဲ့တိုင်းပြည်ရဲ့ ခေါင်းဆောင်နေရာမှာ ထားဖို့ပဲ'

'ကျုပ်တို့ ဧကရာဇ်မင်းမြတ်က သူ့နေရာမှာ သူရှိနေပြီပဲ'

'အိုနီ၊ ခင်ဗျားကတော့ အပ့်၊ ရောထွေးသွားပြန်ပြီ' မတ်ဆူဒါက သူ့ထုံးစံအတိုင်း ခပ်အေးအေးပဲ ပြောလိုက်ပေတဲ့ ဒီနေရာမှာ အသံနည်းနည်းမာလာတယ်။ 'ဟုတ်တယ်၊ ကျုပ်တို့ဧကရာဇ်မင်းမြတ်ဟာ ကျုပ်တို့ရဲ့ တရားဝင်ခေါင်းဆောင်တော့မှန်တယ်၊ တကယ်ဖြစ်နေတာက တစ်မျိုး၊ စီးပွားရေးသမားတွေ၊ နိုင်ငံရေးသမားတွေက သူ့ဆီကအာဏာကို ယူထားကြတယ်လေ၊ ဒီမယ်

http://www.cherrythitsar.org


အိုနို၊ ဂျပန်ဟာ နောက်ပြန်သွားနေတဲ့ လယ်သမား၊ ယာသမားတွေရဲ့ တိုင်းပြည်တစ်ခု မဟုတ်တော့ဘူး၊ အနောက်နိုင်ငံတွေနဲ့ ရင်ပေါင်တန်းနိုင်တဲ့ တိုင်းပြည်တစ်ခုဖြစ်နေပြီ၊ အာရှတစ်ကြောမှာဆိုလဲ ကျုပ်တို့ဟာ စာသူငယ်ကြား လင်းတနားသလို ထီးထီးမားမားဖြစ်နေပြီ၊ သို့ပေတဲ့ ကျုပ်တို့ နိုင်ငံသူနိုင်ငံသား တွေ၊ ကလေးသူငယ်တွေ အတိဒုက္ခရောက်နေတာကို ရပ်ကြည့်နေကြသလိုပဲ၊ တစ်ချိန်တည်းမှာပဲ စီးပွားရေးသမားတွေက ပိုပြီးကြွယ်ဝလာ၊ နိုင်ငံရေးသမား တွေက ဆင်ခြေဆင်လက်မျိုးစုံနဲ့ လေများနေတာပဲရှိတယ်၊ အနောက်နိုင်ငံတွေ မှာဆို ဘယ်ဒီလိုအဖြစ်ခံမလဲ၊ တစ်ခုခုလုပ်ပစ်တာ ကြာလှပြီပေါ့'

'တစ်ခုခုလုပ်မယ်၊ ဘယ်လိုလုပ်မှာတုန်း မတ်ဆူဒါရဲ့'

'ကျုပ်တို့အနေနဲ့က အင်္ဂလိပ်တို့၊ ပြင်သစ်တို့တစ်တွေ လုပ်သလို ကျုပ်တို့ရဲ့ ဧကရာဇ်ကို အာဏာရှိလာအောင်၊ ခနအင်အားကောင်းလာအောင် လုပ်ရမယ်၊ ဂျပန်နိုင်ငံအနေနဲ့ ကမ္ဘာကြီးထဲမှာ နေရာတစ်နေရာရဖို့ အချိန် တန်ပြီ၊ ယုံပါ အိုနို၊ ကျုပ်တို့မှာ လုပ်စရာနည်းလမ်းတွေရှိတယ်၊ ဆန္ဒက မရှိကြသေးဘူး၊ ကျုပ်တို့အနေနဲ့က ဒီစီးပွားရေးသမားတွေ၊ နိုင်ငံရေးသမား တွေကို ရှင်းပစ်ဖို့လိုတယ်၊ ဒီအခါကျမှ ကျုပ်တို့ရဲ့ စစ်တပ်တွေကလဲ ဧကရာဇ် မင်းမြတ်ရဲ့ အမိန့်တော်ကိုနာခံကြမယ်' မတ်ဆူဒါဟာ နည်းနည်းရယ်လိုက်ရင်း ခုနက စားပွဲပေါ်မှာ သူလှည်းထားတဲ့ ဆေးလိပ်ပြာတွေကို ငေးနေတယ်။ 'ဒီကိစ္စကတော့ တခြားသူတွေ ပူဖို့ပါ'လို့ ပြောပြီး 'အိုနို ခင်ဗျားတို့၊ ကျုပ်တို့ကတော့ ကျုပ်တို့ ပန်းချီပညာနဲ့သာ ပတ်သက်ကြတာကိုး'လို့ ပြောလိုက်ပါတယ်။

ကျုပ်ထင်မိတယ်။ ဟိုတစ်နေ့ဆီက မီးဖိုချောင်ဟောင်းကြီးထဲမှာ ငလိပ် မကျေမချမ်းနိုင် ဖြစ်ရတဲ့ကိစ္စမှာ အဲဒီညက မတ်ဆူဒါနဲ့ ကျုပ်ပြောဆို ဆွေးနွေးကြတဲ့ကိစ္စနဲ့ သိပ်မဆိုင်ဖူးထင်တယ်။ ငလိပ်အနေနဲ့က ကျုပ်ရဲ့ ဆွဲလက်စ ပန်းချီကားနဲ့ပတ်သက်လို့ အဲဒီလောက်အထိ မြင်မှာမဟုတ်ဘူး။ သူမြင်မှာကတော့ ဆရာကြီးမိုရိစံရဲ့ ဦးစားပေးထားတဲ့အချက်ကို ပြောင်ပြောင် ကြီး ဆန့်ကျင်နေတဲ့ အဆွဲအသားဆိုတာပဲ။ တစ်ကျောင်းလုံးလိုလိုက အမိအရ ဖမ်း၊ ဆွဲသားဖို့အားထုတ်နေကြတဲ့ အပျော်အပါးရပ်ကွက်က၊ မီးပုံးကလေး တွေက အရောင်မှမဟုတ်ဘဲ၊ ကျုပ်က ပန်းချီကားကို အာရုံစိုက်လာအောင် စာလုံးကလဲ ခပ်ကြီးကြီး ရေးထားတယ်။ ငလိပ်အနေနဲ့က ခပ်ကြမ်းကြမ်းရေး ထားတဲ့ အခြေခံစုတ်ချက်တွေကို ကောင်းကောင်းသတိထားမိမှာပါ။

http://www.cherrythitsar.org


ဒီရေးချက်တွေကတော့ မိုရိစံ ညွှန်ပြတဲ့နည်းတွေနဲ့ အခြေခံအားဖြင့်တော့ ဆန့်ကျင်နေတယ်။

အဲဒီနေ့နံနက်က ငလိပ်ဆီက မကျေမနပ်ချက်တွေ ဘာ့ကြောင့်ပဲ ထွက်လာ၊ ထွက်လာ ကျုပ်အနေနဲ့ သိလိုက်တာကတော့ ကျုပ်ဆီမှာ အရှိန်အဟုန်ကောင်းကောင်းနဲ့ ထွက်နေတဲ့ ကျုပ်ရဲ့ စိတ်ကူးစိတ်သစ်တွေကို ကျုပ်ပတ်ဝန်းကျင်မှာ ဖုံးဖိထားလို့ မရနိုင်တော့တာပဲ။ မကြာခင်ပဲ၊ ကျုပ်ရဲ့ အကြောင်းတွေဟာ မိုရိစံနားကို ပေါက်သွားတော့မှာပါ။ ဒါကြောင့်လဲ မိုရိစံနဲ့ တာကာမိပန်းခြံထဲက အဆောက်အအုံကလေးထဲမှာ စကားစမြည်ပြောကြပြီးတဲ့နောက် ဆရာကြီးကို ဘယ်လိုပြောရမယ်ဆိုတာ အမျိုးမျိုး တွေးနေမိတယ်။ ဆရာကြီးကို ကျေလည်အောင် ရှင်းပြမယ်။ ကျုပ်ကိုကျုပ်လဲ စိတ်ဓာတ်အကျတော့ မခံနိုင်ဘူး။

ကျုပ်နဲ့ငလိပ်တို့ မီးဖိုချောင်ဟောင်းထဲမှာ ပြဿနာဖြစ်ပြီးကြတဲ့နောက် တစ်ပတ်လောက်အကြာမှာ မိုရိစံနဲ့ကျုပ် တစ်နေ့ခင်း မြို့ထဲသွားကြတယ်။ အကြောင်းကတော့ ကျုပ်တို့ လိုအပ်တဲ့ပစ္စည်းတွေ မှာကြရအောင်ထင်တယ်။ သိပ်တော့မမှတ်မိဘူး။ ကျုပ်မှတ်မိတာ တစ်ခုကတော့ မိုရိစံဟာ ကျုပ်ကို ခါတိုင်းလိုပဲ ဆက်ဆံနေတာပဲ။ တစ်မျိုးတစ်မည် ပြောင်းလဲနေတယ်ရယ်လို့ မရှိဘူး။ ညနေရောက်လို့ ကျုပ်တို့ပြန်မယ်လုပ်တဲ့အခါ ရထားစောင့်ရင်းအချိန်က စောနေသေးတော့ ယော့ဆူဂါဝဘူတာ နောက်ဘက်နားမှာရှိတဲ့ တာကာမိပန်းခြံဆီ တက်ခဲ့ကြတယ်။

ဟိုစဉ်တုန်းကတော့ တာကာမိပန်းခြံမှာ အင်မတန် သာယာတဲ့ အဆောက်အအုံကလေးတစ်ခု ရှိခဲ့ဖူးတယ်။ တောင်စောင်းကလေးပေါ်မှာဆောက်ထားတာဆိုတော့ ပတ်ဝန်းကျင်ကို ကြည့်ရမြင်ရသပေါ့။ ခုတော့ ငြိမ်းချမ်းရေးအထိမ်းအမှတ် အဆောက်အအုံနဲ့ မဝေးဘူးဆိုရမယ်။ အဆောက်အအုံကလေးမှာ ထူးခြားတာက တံစက်မြိတ်ချထားရာ တစ်လျှောက်လုံးမှာ မီးပုံးကလေးတွေ ချိတ်ထားတာပဲ။ အဲဒီညကတော့ ကျုပ်တို့အဆောက်အအုံကလေးဆီ ရောက်တဲ့အခါ မီးပုံးကလေးတွေကို မီးညှိ မထားရသေးဘူး။ အဆောက်အအုံရဲ့ အမိုးအောက်ရောက်တော့ အတော်ကလေးကျယ်မှန်း သိလိုက်ရတယ်။ ပတ်ပတ်လည်ကလဲ ကာမထားလေတော့ အောက်ဘက်ကို လှမ်းကြည့်တဲ့အခါ အမိုးကိုထောက်ထားတဲ့ တိုင်တွေလောက်ကပဲ မြင်ကွင်းကို ကာသလိုဖြစ်နေတယ်။

http://www.cherrythitsar.org


ကျုပ်အဖို့ကတော့ အဲဒီနေ့က မိုရိုစံနဲ့လာမှပဲ အဲဒီအဆောက်အအုံကလေးဆီ ရောက်ဖူးတာ။ အဲဒီနောက်ပိုင်းတော့မှ ကျုပ်အင်မတန်သဘောကျတဲ့ နေရာကလေးတစ်ခုဖြစ်လာတယ်။ စစ်ကြီးအတွင်းကတော့ အတော်ကလေး ပျက်စီးသွားရရှာတယ်။ အဲဒီနေရာ အနီးအပါးက ဖြတ်သွားဖြတ်လာပြုရတိုင်း ကျုပ်က ကျုပ်တပည့်တွေကို အဲဒီနေရာဆီ ခေါ်သွားလေ့ရှိပါတယ်။ ကျုပ်ထင်တယ်။ အဲဒီအဆောက်အအုံကလေး အထဲမှာပဲ စစ်ကြီးမဖြစ်ခင်ကလေးတင် ကျုပ်တပည့်ကူရိုဒါနဲ့ နောက်ဆုံး စကားပြောခဲ့ကြရတာပေါ့။ ကူရိုဒါက မွေးရာပါ တော်ဆိုတဲ့သူမျိုး။

ထားလိုက်ပါတော့လေ။ မိုရိုစံနဲ့ လိုက်လာခဲ့တဲ့ ပထမဆုံးအကြိမ်တုန်းက ကျုပ်မှတ်မိနေသေးတယ်။ ကောင်းကင်တစ်ခုလုံးဟာ ကြက်သွေးရောင်ခပ်ဖျော့ဖျော့ပဲ။ မှုန်ရီမှုန်ဝါးဖြစ်စ အချိန်ပေတဲ့ အောက်ဘက်ဆီက၊ အိမ်ကလေးတွေဆီက မီးရောင်ကလေးတွေ တွေ့နေရတယ်။ မိုရိုစံဟာ မြင်ကွင်းရှိရာဖက်ကို တိုးသွားရင်း၊ အဆောက်အအုံကလေးရဲ့ တိုင်တစ်လုံးမှာ သူ့လက်မောင်းတစ်ဖက်ကို မှီလိုက်ရင်း ကောင်းကင်ကို မော့ကြည့်လိုက်ပါတယ်။ ပြီးမှ ကျုပ်ကို လှည့်မကြည့်ဘဲ ကျေနပ်နှစ်သိမ့်တဲ့ အသံမျိုးနဲ့ ခုလိုပြောပါတယ်။

'အိုနို၊ တို့အိတ်ထဲမှာ မီးခြစ်နဲ့ ဖယောင်းတိုင် အသေးကလေးတွေပါတယ်ထင်တယ်၊ တစ်ဆိတ် ဟောဒီက မီးပုံးကလေးတွေကို မီးထွန်းစမ်းပါ၊ ငါထင်တယ်၊ မီးပုံးကအလင်းရောင်က စိတ်ဝင်စားစရာ အကျိုးတစ်ခုခုသက်ရောက်မယ်ထင်တယ်'

ကျုပ်လဲ အဆောက်အအုံကလေး ပတ်ပတ်လည်မှာ မီးပုံးကလေးတွေကို မီးလိုက်ညှိလိုက်တယ်။ ပတ်ဝန်းကျင်မှာရှိနေတဲ့ ပန်းခြံကတော့ ငြိမ်သက်နေပြီး အမှောင်ရဲ့အောက်မှာ တဖြည်းဖြည်း ပျောက်ကွယ်စပြုလာတယ်။ ကျုပ်က ကောင်းကင်နောက်ခံထားပြီး မြင်နေရတဲ့ မိုရိုစံရဲ့ အရိပ်မည်းမည်းကို လှမ်းလှမ်းကြည့်မိပါတယ်။ မိုရိုစံကတော့ မြင်ကွင်းကိုသာ ကြည့်နေပုံရတယ်။ မီးပုံးတွေ တစ်ဝက်လောက် မီးထွန်းပြီးတဲ့အခါမှာတော့ မိုရိုစံက ပြောပါတယ်။

'နေစမ်းပါဦး အိုနို၊ မင်းမှာ ဘာပြဿနာ ဖြစ်နေတာတုန်း'

'ဘာများတုန်း ဆရာကြီး'

'မင်း ဒီနေ့စောစောပိုင်းက ပြောပါတယ်၊ ဘာဆိုလား... မင်းမှာ ပြဿနာ ဖြစ်နေတယ်လို့'

http://www.cherrythitsar.org


ကျုပ်က နည်းနည်းရယ်လိုက်ပြီး မီးပုံးကလေးတစ်လုံးကို မီးညှိဖို့ လှမ်းလိုက်ပါတယ်။

'သိပ်တော့ ရေးကြီးခွင်ကျယ်ကိစ္စ မဟုတ်လှပါဘူး၊ ဆရာကြီးကိုလဲ စိတ်အနှောင့်အယှက် မဖြစ်စေချင်ပါဘူး၊ ဒါပေတဲ့ ကျွန်တော့်ဘာသာ ကျွန်တော်လဲ ဘာလုပ်ရမှန်းမသိဘူး၊ အကြောင်းကတော့ လွန်ခဲ့တဲ့ နှစ်ရက် လောက်က မီးဖိုချောင်ဟောင်းထဲမှာ ကျွန်တော်ထားတဲ့ ကျွန်တော့်ပန်းချီကားကို တစ်ယောက်ယောက်က ယူသွားတာ သိရပါတယ်'

မိုရိစံက အတော်ကြာအောင် ဘာမျှမပြောပါဘူး။ ပြီးမှ ...။

'တခြားလူတွေက ဘာပြောတုန်း'လို့ ပြောပါတယ်။

'ကျွန်တော်မေးပါတယ်၊ ဘယ်သူကမှ သိပုံမရပါဘူး၊ ဘယ်သူကမှ လဲ ပြောချင်ပုံမရဘူး'

'ဒီတော့ မင်း ဘယ်လိုကောက်ချက်ချသလဲ အိုနို၊ တစ်ယောက် ယောက်ကများ မင်းကို မတော်တရော် ကြံစည်နေတာများ ရှိသလား'

'ဆရာကြီးရယ်၊ ပြောရမယ်ဆိုရင်တော့ တခြားသူတွေက ကျွန်တော့် ကို အပေါင်းအသင်း မလုပ်ကြဘူး၊ ပြီးခဲ့တဲ့ရက်တွေထဲက ဘယ်သူကမှ ကျွန်တော့်ကို စကားမပြောကြဘူး၊ အခန်းထဲ ကျွန်တော်ဝင်လာတယ်ဆိုရင် အားလုံးတိတ်သွားတတ်ကြတယ်၊ မဟုတ်ရင်လဲ အခန်းထဲက ထွက်သွား တတ်ကြတယ်'

အဲဒီအထိတော့ မိုရိစံက ဘာမျှ ကောက်ချက်မချသေးပါဘူး။ နေဝင်ချိန် ကောင်းကင်ပြင်ကိုသာ သာယာနေပုံရပါတယ်။ ကျုပ်က နောက်ထပ် မီးပုံးကလေးတစ်လုံးကို မီးညှိမယ်အလုပ်မှာ မိုရိစံအသံ ကြားလိုက်ရပါတယ်။

'မင်း ပန်းချီကားတွေ ငါ့ဆီမှာ၊ ဒီပန်းချီကားတွေ ပျောက်သွားတယ် ဆိုပြီး မင်းစိတ်ပူသွားရတယ် ဆိုရင်တော့ ငါ့ကို ခွင့်လွှတ်ပေတော့၊ တစ်နေ့ မင်းအပြင်သွားနေတုန်း ထင်တယ်၊ ငါလဲ အားနေတာနဲ့ လျှောက်ရင်းပြုရင်း မင်းဆွဲနေတဲ့ ကားတွေဝင်ကြည့်ဦးမှလို့ စိတ်ကူးရတာနဲ့ ဝင်ကြည့်မိတယ်၊ မင်းပြန်လာတာနဲ့ ငါက မင်းကို အသိပေးဖို့ကောင်းတယ်၊ စိတ်မရှိပါနဲ့ အိုနို'

'ကိစ္စမရှိပါဘူး ဆရာကြီး၊ ကျွန်တော့်လက်ရာတွေနဲ့ ပတ်သက်လို့ ဆရာကြီး စိတ်ဝင်စားတဲ့အတွက် အလွန်ကျေးဇူးတင်ပါတယ်'

'ငါ စိတ်ဝင်စားတယ်ဆိုတာက ငါ့အလုပ်ကိုး၊ မင်းကလဲ ငါ့ရဲ့ အပြောင်မြောက်ဆုံး တပည့်ပဲကိုး၊ မင်းကို နှစ်အတော်ကြာ အချိန်ယူပြီး

http://www.cherrythitsar.org


ငါပျိုးထောင်ခဲ့တာပဲ'

'မှန်ပါတယ်ဆရာကြီး၊ ဆရာကြီးကျေးဇူးဟာ ပြောမကုန်နိုင်ပါဘူး'

ကျုပ်တို့နှစ်ယောက်သားဟာ ဘာမျှဆက်မပြောဖြစ်ဘဲ အတော်ကြာငြိမ်သွားကြပါတယ်။ ကျုပ်က မီးပုံးကလေးတွေကို ဆက်ပြီးမီးညှိနေရင်းက ခဏရပ်ပြီး ခုလိုပြောလိုက်ပါတယ်။

'ဆရာကြီးလက်ထဲမှာ ကျွန်တော့်ပန်းချီကားတွေ ရှိတယ်သိရလို့ ကျွန်တော်အတော်ကလေး စိတ်သက်သာရာရပါတယ်၊ ပျောက်သွားတာအကြောင်းတော့ ရှိပါလိမ့်မယ် ထင်တော့ထင်ပါတယ်၊ ဆရာကြီးဆီမှာဆိုလို့ ကျွန်တော်စိတ်အေးရပါပြီ'

မိုရိစံက ဘာမျှပြန်မပြောပါဘူး။ သူ့ကို မှောင်ရိပ်ထဲမှာ တွေ့လိုက်ရတာကတော့ မြင်ကွင်းကို ကြည့်နေတုန်းပါပဲ။ ကျုပ် ပြန်ပြောလိုက်တာကို ကြားပုံမရဘူးထင်လို့ ကျုပ်က ခင်ကျယ်ကျယ်ကလေး ထပ်ပြောလိုက်ပါတယ်။

'ကျွန်တော့်ပန်းချီကားတွေ မပျောက်မရှုဖူးဆိုတာ သိရလို့ ကျွန်တော်ဝမ်းသာမိပါတယ်ခင်ဗျား'

'ဟုတ်တယ် အိုနို'လို့ မိုရိစံက ပြန်ဖြေပါတယ်။ ဆရာကြီး အရှည်အကျယ်တွေးနေပုံရပါတယ် 'ငါ့မှာလဲ အချိန်က သိပ်မရလေတော့ မင်းရဲ့လတ်တလောဆွဲထားတဲ့ ကားတွေကို တခြားတစ်ယောက်ကို သွားယူခိုင်းရတယ်'

'ကျွန်တော်အတော့်ကိုတော့ စိတ်ပူမိသွားတာပါ၊ ကျွန်တော့်ပန်းချီကားတွေ မပျက်မစီးရှိတယ်သိရလို့ ဝမ်းသာပါတယ်'

ကျုပ်တို့နှစ်ယောက်သား ငြိမ်သွားကြပြန်တယ်။ ကျုပ်ကတော့ ကျုပ်ပြောတာ ဆရာကြီးမကြားဘူးလို့ ထင်လိုက်မိတယ်။ ဒီတုန်းဆရာကြီးက ပြောတယ်။ 'ငါမြင်ရတာနဲ့ အံ့အားသင့်မိတယ် အိုနို၊ မင်းကြည့်ရတာ လမ်းသစ်ပေါ် စမ်းလျှောက်နေတယ်ထင်တယ်'

'လမ်းသစ်ပေါ် စမ်းလျှောက်တယ်'ဆိုတဲ့ စကားလုံးကိုတော့ ဆရာကြီးအနေနဲ့ အတိအကျ သုံးခဲ့တာတော့ မဟုတ်ဘူး။ ဒီအသုံးအနှုန်းက နောက်ပိုင်းမှာ ကျုပ်အတော် တွင်တွင်ကျယ်ကျယ် သုံးခဲ့တဲ့ အသုံးအနှုန်းပါ။ ကူရိုဒါကို ဒီအဆောက်အအုံကလေးထဲမှာ ကျုပ်ပြောခဲ့တုန်းကတောင် သုံးခဲ့

သေးတယ်လို့ မှတ်မိနေတယ်။ ဆရာကြီးသုံးခဲ့တာ အဲဒီသဘောမျိုးပါ။ ဆရာကြီး မကြာမကြာ သုံးလေ့ရှိတာ 'စမ်းလျှောက်ကြတယ်' ဆိုတာပါ။ အဲဒါဟာ ကျုပ်ပြောဖူးတဲ့ ဆရာသမားများဆီ အမွေဆက်ခံတတ်တယ်ဆိုတဲ့ သဘော တစ်ခုပဲ။ အဲဒီနောက်တော့ ကျုပ် ဘာမှပြန်မပြောမိပါဘူး။ အသာပဲ ကိုယ့် ဘာသာ ရယ်လိုက်မိတယ်။ နောက်ထပ် မီးပုံးကလေးတစ်လုံး မီးညှိမယ် အလုပ်မှာ ဆရာကြီးက ပြောပြန်တယ်။

'လူငယ်ပန်းချီဆရာတွေအနေနဲ့ အနည်းအပါး စမ်းသပ်တယ်ဆိုတာ သိပ်မဆိုးပါဘူး၊ ဒီပြင် သူရဲ့ဆွဲရိုးဆွဲစဉ်က ခွဲထွက်ပြီး သူစိတ်ဝင်စားတာ များကို စမ်းသပ်ကြည့်နိုင်တာကိုး၊ ဒီနောက် သူဆွဲရိုးဆွဲစဉ်ကို ပြန်လာပြီး၊ ပိုပြီးအလေးပေး ဆွဲတတ်ကြတယ်' ဆရာကြီးဟာ ခဏနားလိုက်ပြီး သူ့ကိုယ်သူ ပြောသလိုနဲ့ ပြောလိုက်ပြန်တယ်။ 'အင်း စမ်းသပ်တယ်ဆိုတာက မဆိုးလှ ပါဘူး၊ ဒါက ငယ်ရွယ်တဲ့ဘဝရဲ့ အစိတ်အပိုင်း တစ်ခုပေကိုး၊ တကယ်တော့ မကောင်းမှုတစ်ခုမှ မဟုတ်ဘဲ'

'ဆရာကြီး ကျွန်တော် လတ်တလောဆွဲထားတဲ့ ကားတွေဟာ ကျွန်တော်ဆွဲပြီးသမျှထဲမှာ အကောင်းဆုံးတွေပဲလို့ ကျွန်တော်ယုံတယ်'

'မဆိုးလှပါဘူး၊ ဆိုးကို မဆိုးလှပါဘူး၊ သို့ပေတဲ့လဲ စမ်းသပ်ရင်းနဲ့ အချိန်တွေ ဖြုန်းမပစ်သင့်ဘူး၊ စမ်းသပ်တာတွေ များတော့ရင် ခရီးသိပ်သွားတဲ့ သူနဲ့ တူလာတယ်၊ အကောင်းဆုံးကတော့ ကိုယ့်ဆွဲရိုးဆွဲစဉ်ကို ပြန်ပြီး အလေးအနက်ထား ဆွဲသင့်တယ်'

ဆရာကြီးများ ဘာဆက်ပြောဦးမလဲလို့ ကျုပ်စောင့်နေလိုက်ပါတယ်။ အတော်ကလေးကြာမှ ကျုပ်ကပြောလိုက်မိတယ်။ 'ကျွန်တော့်အနေနဲ့ကတော့ ပန်းချီကားတွေ ပျောက်ရှသွားမှာကို အလွန်ပူနေမိခဲ့ပါတယ်၊ ကျွန်တော့်အနေနဲ့ အဲဒီကားတွေကို အရင်က ရေးပြီးသမျှထက် ပိုပြီးဂုဏ်ယူပါတယ်၊ ပျောက်သွား ရတာနဲ့ ပတ်သက်လို့ကလဲ အကြောင်းတော့ရှိမယ်လို့ ထင်ပြီးသားပါ'

မိုရိစံက ဘာမှပြန်မပြောဘဲ ငြိမ်နေပါတယ်။ ကျုပ်က မီးပုံးကလေး မီးညှိပြီးတဲ့နောက် သူ့ကိုလှမ်းကြည့်လိုက်တဲ့အခါမှာတော့ ကျုပ်ပြောတဲ့စကား ကိုပဲ စဉ်းစားနေတာလား၊ တစ်ခုခုပဲ တွေးနေသလား မပြောတတ်ပါဘူး။ အဆောက်အအုံကလေးထဲမှာတော့ အရောင်အဖက်အစပ်က ဆန်းကြယ်လာ တယ်။ ကျုပ်ကလဲ မီးပုံကလေးတွေထပ်ပြီး ထွန်းနေမိတယ်။ မိုရိစံကတော့ မှောင်ရိပ်ထဲမှာ တိုင်မှီပြီး ကျုပ်ကို ကျောပေးထားတယ်။

http://www.cherrythitsar.org


'အမှတ်မထင် ပြောရဦးမယ် အိုနို'လို့ မိုရိစံက စတင်လိုက်ပြီး 'ငါကြားတယ်၊ မင်းမှာ မကြာခင်က တင်ဆွဲပြီးသား ပန်းချီနှစ်ချပ်၊ သုံးချပ်ရှိတယ်ကြားတယ်၊ ခု... ငါ့ဆီမှာရှိတဲ့ ကားတွေထဲ မပါတာ'

'ဟုတ်ပါလိမ့်မယ်၊ တခြားပန်းချီကားတွေနဲ့ အတူတူမထားတဲ့ ကားတစ်ချပ်၊ နှစ်ချပ်ရှိပါလိမ့်မယ်'

'ဒီကားတွေ မင်းအင်မတန်သဘောကျ ကျေနပ်ထားတဲ့ ပန်းချီကားတွေဖြစ်မယ်လို့ ငါထင်တယ်'

ကျုပ်ကပြန်မဖြေဘဲ နေလိုက်ပါတယ်။ ဒီတော့ မိုရိစံက ဆက်ပြောပါတယ်။

'ဒီတော့ တို့ပြန်ရောက်တဲ့အခါ မင်းပန်းချီကားတွေ ငါ့ဆီယူခဲ့စမ်းပါ အိုနို၊ မင်းပန်းချီကားတွေကို ငါအတော်ကြည့်ချင်တယ်'

ကျုပ် ခဏစဉ်းစားလိုက်ပါတယ်။ နောက်ပြောလိုက်ပါတယ်။

'ကျွန်တော့်ပန်းချီကားတွေနဲ့ ပတ်သက်လို့ ဆရာကြီးဆီက မှတ်ချက်ရချင်ပါတယ်၊ အများကြီးလဲ ကျေးဇူးတင်ပါတယ်၊ ခက်နေတာက ပန်းချီကားတွေကို ကျွန်တော် ဘယ်နားထားမိမှန်း မသိဘူးဖြစ်နေတယ်'

'မင်းတွေ့အောင် ရှာလိမ့်မယ်လို့တော့ ငါထင်ပါတယ်'

'ရှာပါ့မယ်ဆရာကြီး၊ လောလောဆယ်မတော့ ကျွန်တော့်ရဲ့ ပန်းချီကားတွေကို စောင့်ရှောက်ထားရတဲ့အတွက် ဆရာကြီးမှာ တာဝန်ပိုလှပါတယ်၊ ဆရာကြီးအခန်းမှာလဲ အလကား နေရာရှုပ်နေပါမယ်၊ ကျွန်တော်တို့ ပြန်ရောက်ရောက်ချင်း ကျွန်တော်လာယူပါ့မယ်'

'မင်း အဲဒီပန်းချီကားတွေအတွက် မပူပါနဲ့ အိုနို၊ ကျန်တဲ့ပန်းချီကားတွေသာရှာပြီး ငါ့ဆီယူခဲ့ပါ'

'ဝမ်းနည်းပါတယ် ဆရာကြီး၊ ကျန်တဲ့ပန်းချီကားတွေကို ကျွန်တော်ရှာလို့မတွေ့နိုင်ဘူး ထင်တယ်'

'ကောင်းပြီ၊ အိုနို'လို့ ပြောရင်း ဆရာကြီးဟာ ခဏနားလိုက်ရင် ကောင်းကင်ကို ကြည့်နေပါတယ်။ 'ဒီလိုဆိုတော့ ကျန်တဲ့မင်းရဲ့ ပန်းချီကားတွေ ငါ့ဆီ ယူလာနိုင်မယ် မထင်ဘူးပေါ့'

'မှန်ပါတယ် ဆရာကြီး၊ ကျွန်တော် ယူမလာနိုင်ပါဘူး'

'ကောင်းပြီ၊ မင်းအနေနဲ့ မင်းရဲ့အနာဂတ်ကို ဆုံးဖြတ်ပြီးပြီလို့ ထင်တယ်၊ ငါရဲ့အုပ်ထိန်းမှုအောက်က ထွက်သွားဖို့ ဆုံးဖြတ်ပြီးပြီ ထင်တယ်'

'ကျွန်တော့်အနေနဲ့ မျှော်လင့်ထားတာကတော့ ဆရာကြီးဟာ ကျွန်တော့်အပေါ် နားလည်သဘောပေါက်လိမ့်မယ် ဆိုတာပါ၊ ကျွန်တော့်ရဲ့ ပန်းချီပညာသည်ဘဝကိုလဲ ဆက်လက်အားပေးမယ်လို့ မျှော်လင့်ထားပါတယ်'

ဆရာကြီးက ဘာမှ ပြန်မပြောပါဘူး။ ဒီတော့ ကျုပ်ကပဲ ဆက်ပြောမိတယ်။

'ဆရာကြီး၊ ဆရာကြီးရဲ့ အုပ်ထိန်းမှုအောက်က ထွက်သွားဖို့အတွက် ကျွန်တော်အများကြီး ခံစားနေရမှာပါ၊ ဒီမှာနေခဲ့တဲ့ နှစ်ကာလတွေဟာ ကျွန်တော့်ဘဝအတွက် ပျော်ရွှင်စရာအကောင်းဆုံးနဲ့ တန်ဖိုးအရှိဆုံးကာလတွေပါ၊ ဒီမှာတွေ့ရတဲ့ သူတွေဟာလဲ ကျွန်တော့် ညီရင်းအစ်ကိုတွေလိုပါပဲ၊ ဆရာကြီးရဲ့ ကျေးဇူးတွေဟာ ကျွန်တော့်အပေါ်မှာ ရေတွက်လို့ မကုန်နိုင်ပါဘူး၊ ကျွန်တော့်အနေနဲ့ နောက်တစ်ကြိမ်ထပ်ပြီး တောင်းပန်ချင်တာက ကျွန်တော်ဆွဲထားတဲ့ ပန်းချီကားအသစ်တွေကို ဆရာကြီးအနေနဲ့ ထပ်ကြည့်ပြီး စဉ်းစားစေချင်ပါတယ်၊ ဆရာကြီးအနေနဲ့ ကျွန်တော်ရေးတဲ့ ပန်းချီကားတွေရဲ့ တစ်ကားချင်းရဲ့ ရည်ရွယ်ချက်ကို ရှင်းပြခွင့်ပြုစေချင်ပါတယ်'

ဆရာကြီးဟာ ကျုပ်ပြောနေတာများ ကြားပုံမရပါဘူး။ ဒီတော့ကျုပ်ကပဲ ဆက်ပြောနေမိတယ်။

'လွန်ခဲ့တဲ့ နှစ်ကာလတွေအတွင်းက ကျွန်တော်ဟာ အတော်များများ လေ့လာခဲ့ရပါတယ်၊ ကျွန်တော့်အနေနဲ့ ပျော်ရွှင်ဖွယ်ကောင်းတဲ့ ကမ္ဘာကြီးကိုလဲ အဖန်တလဲလဲ သုံးသပ်ရင်း လေ့လာခဲ့ရသလို ကမ္ဘာကြီးရဲ့ ကြွပ်ရွနေတဲ့ အလှအပတွေကိုလဲ မြင်သိခဲ့ရပါတယ်၊ ဒီတော့ ကျွန်တော့်အနေနဲ့ တခြားကိစ္စတွေကို သိဖို့လုပ်ရလိမ့်မယ်လို့ တွေးမိပါတယ် ဆရာကြီး၊ ကျွန်တော့်အနေနဲ့ ယုံကြည်တာတစ်ခုက ခုလိုအကျပ်အတည်း တွေ့နေတဲ့ ကာလကြီးအတွင်းမှာ အနုပညာသည်တွေအနေနဲ့ အရဏ်ဦးမှာပေါ်လာတဲ့ အလင်းရောင်နဲ့အတူ ပျောက်သွားတတ်တဲ့ ပျော်ရွှင်ချမ်းမြေ့ဖွယ် အကြောင်းတွေထက်ပိုပြီး လက်တွေ့ကျတဲ့ကိစ္စတွေကိုလဲ တန်ဖိုးထားတတ်ဖို့ လိုတယ်လို့ ယုံကြည်နေပါတယ်၊ အနုပညာသည်တွေဟာ စိတ်ခတ်ကျပြီး ထွက်ပေါက်မရှိတဲ့ ကမ္ဘာထဲမှာပဲနေနေဖို့မလိုအပ်ပါဘူး၊ ဆရာကြီး၊ ကျွန်တော့်သိစိတ်က စေ့ဆော်နေပါပြီ၊ ကျွန်တော်ဟာ သေတပန်သက်တဆုံး လွင့်မျောနေတဲ့ ကမ္ဘာကြီးအတွင်းက အနုပညာသည် တစ်ယောက်အနေနဲ့ မနေနိုင်ပါဘူး'

http://www.cherrythitsar.org


ပြောပြီးတော့ ကျုပ်ဟာ မီးပုံးကလေးတွေဖက် ပြန်လှည့်လိုက်တယ်။ အတော်ကလေးကြာတော့ မိုရိစံက ပြောပါတယ်။

'မင်းဟာ ငါ့ရဲ့အအောင်မြင်ဆုံး တပည့်တစ်ယောက်ပါ၊ မင်းထွက်သွားတဲ့အခါ ငါခံစားနေရမှာ အမှန်ပဲ၊ ဒီတော့ ဒီလိုလုပ်၊ ကျန်တဲ့မင်းပန်းချီကားတွေကို ငါ့ဆီကို သုံးရက်အတွင်းယူခဲ့၊ ပြီးတော့ မင်းရဲ့စိတ်ကို မင်းလုပ်နေကျကိစ္စတွေဆီ ပြန်ထားချေ'

'ကျွန်တော်ပြောပြီးတဲ့အတိုင်းပဲ ဆရာကြီး၊ ကျွန်တော့်ရဲ့ပန်းချီကားတွေကို ဆရာကြီးဆီ ယူမလာနိုင်ပါဘူး၊ ဒီအတွက် ဝမ်းနည်းပါတယ်'

မိုရိစံဟာ အသံတစ်ခုခု လုပ်လိုက်ပါတယ်။ သူ့ဘာသာရယ်လိုက်သံမျိုးပါ။ ပြီးမှ ခုလိုပြောပါတယ်။ 'အိုနို၊ မင်းပြောသလိုပါပဲ၊ ခု ကာလဟာ အကျပ်အတည်း တွေ့နေကြတဲ့ ကာလပါ၊ ပိုဆိုးတာက လူသူလေးပါးအကြား မထင်ရှားသေးတဲ့ အနုပညာသည်တွေ၊ အဆက်အသွယ်မရှိသေးတဲ့ အနုပညာသည်တွေပဲ၊ တကယ်လို့မင်းသာ အရည်အချင်းနည်းတဲ့ ပန်းချီဆရာတစ်ယောက်ဖြစ်ရင် ဒီကထွက်သွားတဲ့အခါ မင်းရဲ့စားဝတ်နေရေးကို ငါပူပင်နေရလိမ့်မယ်၊ ဒါပေတဲ့ မင်းကလူတော်ဆိုတော့ အစစအဆင်သင့်ဖြစ်ပြီးသားလို့ ငါယုံတယ်'

'ပြောမယ်ဆိုရင်တော့ ကျွန်တော် ဘာမှပြင်ဆင်ထားတာ မရှိပါဘူး၊ ဆရာကြီးအိမ်ဟာ ကျွန်တော့်အိမ်လိုဖြစ်နေတာ ကြာခဲ့ပါပြီ၊ ဒီကထွက်သွားဖို့ တစ်ခါကမှ ဟုတ်တိပတ်တိ မစဉ်းစားခဲ့ပါဘူး'

'ဟုတ်လား၊ ငါပြောခဲ့သလိုပဲ အိုနို၊ မင်းသာ အရည်အချင်းနည်းတဲ့ သူတစ်ယောက်ဆိုရင် ငါအတော်ပူပင်မိမှာပါ၊ မင်းကတော့ အတော်ကိုတော်တဲ့ လူငယ်တစ်ယောက်ပါ' မိုရိစံဟာ ကျုပ်ဖက်လှည့်ကြည့်နေတာ မှောင်ရိပ်ထဲမှာ တွေ့နေရပါတယ်။ 'မင်းအနေနဲ့ အလုပ်ရှာရမှာပါ၊ ရုပ်ပြမဂ္ဂဇင်းတွေ၊ရုပ်စုံမဂ္ဂဇင်းတွေမှာရမှာပါ၊ မဟုတ်လဲ၊ မင်းဒီကို ရောက်မလာခင်က လုပ်ခဲ့တဲ့နေရာမျိုးတွေမှာ အလုပ်ရမှာပါ၊ တစ်နည်းပြောရရင်တော့ တကယ့်အနုပညာသည် တစ်ယောက်ဖြစ်ဖို့ ကြိုးပမ်းနေတာတွေ၊ အဆုံးသတ်သွားရတာပဲပေါ့၊ ဘယ်လိုဖြစ်ဖြစ်ပါ ဒါတွေအားလုံး မင်းထည့်တွက်ပြီးသားဖြစ်မယ်လို့ ငါယုံတယ်'

မိုရိစံရဲ့စကားတွေဟာ မလိုအပ်ဘဲ ကျုပ်ကိုနာကြည်းအောင် ပြောနေသလိုပဲ။ သူကတော်တယ်လို့ လက်ခံထားတဲ့သူ့တပည့်၊ သူ့သြဇာလွှမ်းမိုး

http://www.cherrythitsar.org


ထားတဲ့ သူ့တပည့်အပေါ် အဲဒီလို မပြောသင့်ဘူးလို့ မြင်စရာပါ။ သို့ပေတဲ့ ပန်းချီဆရာကြီးတစ်ဦးအနေနဲ့ သူအချိန်အကုန်ခံပြီး ထိန်းကျောင်း ပျိုးထောင် ပေးခဲ့ရတဲ့တပည့်၊ လူသူလေးပါးအလည်မှာ သူ့နာမည်နဲ့တောင် ယှဉ်ပြီးဖော်ပြ ခိုင်းရတဲ့တပည့်မျိုးနဲ့ ပတ်သက်လာတော့လဲ ဒီလိုပြောလိုက်တာ နားမလည်စရာ မရှိပါဘူး။ ခွင့်မလွှတ်စရာလဲ မရှိပါဘူး။ ဆရာတစ်ယောက်အနေနဲ့ တဒင်္ဂစိတ် လွတ်လက်လွတ်ဖြစ်ပြီး ပြောလိုက်တာဖြစ်လေတော့ နောင်မှသာ စိတ်မကောင်း ဖြစ်မိမှာပါ။ တစ်ခုပဲရှိတာက ပန်းချီကားတွေ ပိုင်ဆိုင်မှုနဲ့ပတ်သက်တဲ့ အခါမှာ တော့ သိပ်အရေးတကြီး မဟုတ်တော့တာဘဲ။ ဆရာတွေအနေနဲ့က ပန်းချီဆွဲဖို့ အရာရာ ထောက်ပံ့ထားရလေတော့ ပန်းချီ ကားတွေဟာ သူတို့တပည့်တွေရဲ့ လက်ရာတွေပဲ။ သူတို့လဲ ပိုင်ဆိုင်ခွင့် ရှိတယ်ဆိုတာကို မေ့ထားလိုက်ကြတော့ တာပဲ။

ဆရာတစ်ယောက်အနေနဲ့ ဘယ်လောက်ပဲ အောင်မြင်ကျော်ကြားတဲ့ သူဖြစ်ဖြစ် သူတို့တပည့်တွေနဲ့ ပတ်သက်လို့ စီးစီးပိုးပိုး ရှိခဲ့တာတွေ၊ ပိုင်စိုး ပိုင်နင်း ရှိခဲ့တာတွေနဲ့ ပတ်သက်လို့ အဆုံးမှာတော့ ဝမ်းနည်းစရာဖြစ်ရတာ ပါပဲ။ ကျုပ် ကိုယ်တိုင်လဲ ဒီလိုပါပဲ။ ဆောင်းနံနက်ခင်းတွေမှာ နှာခေါင်းဝကို မီးခိုးနံ့လေးသင်းလာတာနဲ့ ကျုပ် သတိရမိနေတဲ့ အကြောင်းတစ်ခုရှိတယ်။ စစ်ကြီးမဖြစ်ခင် ဆောင်းတွင်းတစ်နံနက်ပေါ့၊ ကျုပ် ကူရိုဒါရဲ့ အိမ်ရှေ့မှာ ရပ်စောင့်နေတုန်းကပေါ့။ ကူရိုဒါငှားနေတဲ့ နကာမိချီအရပ်က တဲသာသာ အိမ်ကလေးရှေ့မှာပါ။ စိတ်များမရှည်နိုင်အောင်ပါပဲ။ မီးခိုးနံ့က၊ အိမ်ထဲက လာတာပါ။ အိမ်ထဲက မိန်းမတစ်ယောက်ငိုသံလဲ ကြားနေရတယ်။ ကျုပ်လဲ အိမ်ရှေ့က ခေါင်းလောင်းကလေး အကြိမ်ကြိမ်တီးပြီး ပါးစပ်ကလဲ အော်နေပေ တဲ့ ဘယ်သူမှထွက်မလာကြဘူး။ ဒီတော့ ကျုပ်လဲ အိမ်ထဲဝင်မှပဲလို့ ဆုံးဖြတ် ပြီး၊ အပြင်တံခါးကိုဖွင့်ပြီး အိမ်ထဲဝင်လိုက်တယ်ဆိုရင် ရဲဝတ်စုံဝတ်ထားတဲ့ ရဲသားတစ်ယောက် အပေါက်ဝမှာရပ်နေတာ တွေ့ရပါတယ်။

'ဘာကိစ္စတုန်း'လို့ သူကမေးပါတယ်။

'ကျုပ် မစ္စတာကူရိုဒါနဲ့ တွေ့ရအောင် လာတာပါ၊ ရှိလား'

'ဒီအိမ်ကလူကို ရဲဌာနချုပ်ကို ခေါ်သွားပါတယ်၊ စစ်ဆေးမေးမြန်း စရာ ရှိလို့ပါ'

'မေးမြန်းစရာရှိလို့ ဟုတ်လား'

'ခင်ဗျား ကိုယ့်အိမ်ကို ပြန်ပါ'လို့ ရဲသားက ဆိုပါတယ်။

http://www.cherrythitsar.org


'နေစမ်းပါဦး၊ မစ္စတာကူရိဒါက ဘယ်လိုရာဇဝတ်မှုများ ကျူးလွန်လို့တုန်း'

'သူလိုလူမျိုး ဒီမှာမလိုအပ်ပါဘူး၊ ခင်ဗျား ဒီကထွက်မသွားရင် ခင်ဗျားကိုလဲ မေးရမြန်းရအောင် ကျုပ်တို့ ခေါ်သွားရလိမ့်မယ်'

အိမ်ထဲက မိန်းမတစ်ယောက် ငိုသံကြားနေရတယ်။ ကူရိဒါအမေ ဖြစ်ပါလိမ့်မယ်။ တစ်ယောက်ကလည်း သူ့ကိုငေါက်နေသံ ကျုပ်ကြားနေရတယ်။

'ဘယ်မလဲ မင်းတို့တာဝန်ခံအရာရှိ'လို့ ကျုပ်က မေးလိုက်ပါတယ်။

'သွားစရာရှိတာသွား၊ ခင်ဗျား အဖမ်းခံရချင်သလား'

'ဒီမှာ မင်းမဖမ်းခင် ငါပြောစမ်းပါရစေ'လို့ ကျုပ်က ပြောလိုက်မိတယ်။ 'ကျုပ်နာမည် အိုနီလို့ခေါ်ပါတယ်' ရဲသားဟာ ကျုပ်ကို ဘယ်သူဘယ်ဝါမှန်း သိပုံမရပါဘူး။ ဒီတော့ ကျုပ်က ဆက်ပြောရပြန်တယ်။ 'ကျုပ်ရဲ့ ပြောကြားချက်အရ ခင်ဗျားတို့ ဒီကိုလာကြတာပါ၊ ကျုပ်နာမည် မတ်ဆူဂျီအိုနီလို့ခေါ်ပါတယ်၊ ပန်းချီဆရာပါ၊ ပြည်ထဲရေးဌာနနဲ့ ယဉ်ကျေးမှုကော်မတီ အဖွဲ့ဝင်ပါ၊ မျိုးချစ်စိတ်မရှိတဲ့ အပြုအမူတွေကို ထိန်းကျောင်းတဲ့ကော်မတီရဲ့ တရားဝင် အကြံပေးအရာရှိပါ၊ ကျုပ်ထင်တယ် ခင်ဗျားတို့နားလည်တာလွဲကြပြီထင်တယ်၊ ခင်ဗျားတို့ထဲက တာဝန်ရှိတဲ့ လူတစ်ယောက်ယောက်နဲ့များ စကားပြောစမ်းပါရစေ'

ရဲသားဟာ ကျုပ်ကို သံသယမျက်လုံးနဲ့ ခဏလောက်ကြည့်ပြီး အိမ်ထဲဝင်သွားပါတယ်။ မကြာခင် ပြန်ထွက်လာပြီး အထဲကိုဝင်ခဲ့ဖို့ ခြေဟန်လက်ဟန် ပြလိုက်ပါတယ်။

သူ့နောက်ကလိုက်ပြီး ကူရိဒါ့အိမ်ထဲ ဝင်လိုက်ခဲ့ပါတယ်။ ဗီရိုတွေ၊ အံဆွဲတွေထဲက ပစ္စည်းတွေကို ကြမ်းပေါ်မှာပုံထားတာ နေရာအနှံ့ပါပဲ။ စာအုပ်တချို့ကိုတော့ ကြမ်းပြင်ပေါ်မှာ အပုံလိုက်ချထားပြီး ကြိုးနဲ့စည်းထားတာ ကျုပ် သတိထားမိလိုက်ပါတယ်။ ဧည့်ခန်းဘက်မှာတော့ ကြမ်းပေါ်ခင်းထားတဲ့ ဖျာတွေကိုဖယ်ပြီး ကြမ်းခင်းတွေကိုပါလှန်ပြီး အောက်ဘက်ကို မီးနဲ့ထိုးပြီး ရှာနေကြလေရဲ့။ ထရံရဲ့တစ်ဖက်မှာတော့ ကူရိဒါရဲ့ အမေငိုနေသံနဲ့ သူ့ကိုငေါက်ရင်း မေးနေသံတွေကို ကြားနေရပါတယ်။

ကျုပ်ကို အိမ်ရဲ့နောက်ဖေးဝရန်တာ ရှိရာဘက် ခေါ်သွားပါတယ်။ ဝင်းထဲက မြေကွက်လပ်ပေါ်မှာတော့ ရဲဝတ်စုံဝတ်ထားသူ တစ်ယောက်နဲ့

http://www.cherrythitsar.org


အရပ်ဝတ်ဝတ်ထားတဲ့သူ တစ်ယောက်ဟာ မီးပုံဘေးနားမှာ ရပ်နေကြတယ်။ အရပ်ဝတ်ဝတ်ထားသူက လှည့်ကြည့်လိုက်ပြီး ကျုပ်ဆီ လျှောက်လာတယ်။ ပြီးတော့ ကျုပ်ကို ရိုသေတဲ့အမူအရာနဲ့ နှုတ်ဆက်ပါတယ်။

'မစ္စတာ အိုနို'

စောစောက ကျုပ်ကို ခပ်ရိုင်းရိုင်းဆက်ဆံခဲ့တဲ့ ရဲသားတော့ အခြေအနေ ရိပ်မိသွားပုံရပါတယ်။ အသာလှည့်ပြီး အိမ်ထဲပြန်ဝင်သွားလေရဲ့။

'မစ္စတာ ကူရိုဒါကို ဘာလုပ်လိုက်ကြတုန်း'

'မေးစရာမြန်းစရာရှိလို့ပါ မစ္စတာအိုနို၊ ကျွန်တော်တို့ စောင့်ရှောက်ပါ့မယ်၊ မပူပါနဲ့'

သူ့ကိုကျော်ပြီး မီးပုံကိုကြည့်လိုက်တဲ့အခါ အကုန်လုံးလောင်ပြီးသလောက်ဖြစ်နေတယ်။ ရဲဝတ်စုံနဲ့လူက မီးပုံကို တုတ်နဲ့ထိုးကြည့်နေတယ်။

'ခင်ဗျားတို့မှာ ပန်းချီကားတွေကို မီးနဲ့ရှို့ပစ်ဖို့ အခွင့်ရှိရဲ့လား'လို့ ကျုပ်က မေးမိလိုက်ပါတယ်။

'ကျွန်တော်တို့အနေနဲ့ သက်သေအထောက်အထား တင်စရာမလိုအပ်ဘူးလို့ ယူဆတဲ့ပစ္စည်းမှန်သမျှ မီးရှို့ပစ်ဖို့ မူရှိပါတယ်'

'ကျုပ်ကတော့ ဒီလိုဖြစ်လိမ့်မယ်လို့ကို မတွေးမိဘူး၊ ကော်မတီကို ကျုပ်ပြောလိုက်တာက တစ်ယောက်ယောက်ကိုလွှတ်ပြီး ကူရိုဒါကို ပြောကြ၊ ဆိုကြဦးလို့ ပြောတာ၊ သူ့အကျိုးစီးပွားအတွက်ပါ' ကျုပ်လှမ်းပြီး မီးပုံကိုကြည့်လိုက်မိပြန်တယ်။ 'ခုလို မီးရှို့ပစ်ဖို့မလိုအပ်ဘူး၊ လက်ရာကောင်းတွေအများကြီး ပါသွားကုန်ပြီ'

'မစ္စတာ အိုနို၊ ခင်ဗျားကူညီခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ခုဆို စုံစမ်းစစ်ဆေးရေး စနေပြီဖြစ်လို့ ဒီကိစ္စကို တာဝန်ရှိပုဂ္ဂိုလ်တွေ လက်ထဲမှာသာ ထားလိုက်ပါတော့၊ ခင်ဗျားရဲ့ မစ္စတာကူရိုဒါတစ်ယောက် တရားသဖြင့် ဖြစ်ရပါစေမယ်'

သူကပြုံးပြလိုက်ပြီး မီးပုံဘက်ကို ပြန်လှည့်သွားပါတယ်။ ရဲဝတ်စုံနဲ့လူကို ပါးစပ်ကတစ်ခုခု ပြောလိုက်ပုံရတယ်။ အဲဒီလူကတော့ မီးပုံကိုတုတ်နဲ့ထိုးလိုက်ရင်း ပါးစပ်က 'မျိုးချစ်စိတ်မရှိ အမှိုက်သရိုက်တွေ'လို့ ရေရွတ်နေလေရဲ့။

ကျုပ်ကတော့ ဝရန်တာကလေးမှာ ရပ်နေရင်း ကိုယ့်မျက်စိကိုယ် မယုံနိုင်လောက်အောင်ဖြစ်ပြီး ကြည့်နေမိလိုက်ပါတယ်။ အရပ်ဝတ်နဲ့အရာရှိက

http://www.cherrythitsar.org


ကျုပ်ကို လှည့်ကြည့်လိုက်ပြီး 'မစ္စတာအိုနို၊ ခင်ဗျားအိမ်ပြန်ဖို့ ကောင်းပြီလို့ ထင်ပါတယ်'လို့ ပြောပါတယ်။

'မဖြစ်သင့်တာတွေ ဖြစ်ကုန်ပြီ'လို့ ကျုပ်က ပြောမိတယ်။ 'နေစမ်းပါဦး၊ မစ္စကူရိုဒါကို ဘာများစစ်ဆေးစရာရှိလို့တုန်း၊ ဒီကိစ္စက သူနဲ့ ဘာမျှ ဆိုင်တာမှ မဟုတ်ဘဲ'

'ဒီကိစ္စဟာ ရဲအရေးပိုင်တဲ့ အမှုဖြစ်သွားပါပြီ မစ္စတာအိုနို၊ ခင်ဗျားနဲ့ ဘာမှမပတ်သက်တော့ပါဘူး'

'မလိုအပ်တာတွေ ဖြစ်ကုန်ပြီ၊ ငါ ဒီကိစ္စကို မစ္စတာအဒုဘူကတာနဲ့ ပြောရလိမ့်မယ်၊ လိုအပ်ရင် မစ္စတာဆာဘုရိအထိ ပြောရလိမ့်မယ်'

အရပ်ဝတ်နဲ့လူက အိမ်ထဲက တစ်ယောက်ယောက်ကို လှမ်းခေါ်လိုက်ပါတယ်။ ကျုပ်ကိုလာခေါ်တဲ့ ရဲသားဟာ အိမ်ထဲကထွက်လာပြီး ကျုပ်နဘေးမှာ လာရပ်နေရှာတယ်။

'မစ္စတာ အိုနိုဟာ ကျေးဇူးတင်စရာပါ၊ သူ့ကိုပြန်ပါစေတော့'လို့ လှမ်းပြောလိုက်ပြီး မီးပုံဘက် ပြန်လှည့်သွားပါတယ်။ မီးခိုးကြောင့် ချောင်းဆိုးသွားလေတော့ ပါးစပ်က 'မကောင်းတဲ့ပန်းချီကားတွေက မကောင်းတဲ့ အနံ့ထွက်တယ်'လို့ ပြောရင်း မျက်နှာရှေ့မှာ သူ့လက်ကို ယပ်နေပါတော့တယ်။

*　　*　　*

http://www.cherrythitsar.org

ဒီကိစ္စတွေ ဒီလောက်ဆို တော်လောက်ပြီထင်တယ်။ ပြီးခဲ့တဲ့လ ထဲတုန်းက ဆက်ဆူကို အလည်လာခဲ့တဲ့ ကိစ္စတွေကို စဉ်းစားလိုက်မိတာလို့ ကျုပ်ထင်တယ်။ အဲဒီတုန်းက ညစာစားကြရင်း တာရိုက သူ့အလုပ်က မိတ်ဆွေတွေအကြောင်း၊ ရယ်စရာမောစရာအကြောင်းတွေ ပြောပြခဲ့တာများ သတိရမိသေးတယ်။

ကျုပ်မှတ်မိသလောက်တော့ ညစာစားခဲ့ကြတာ အတော်အဆင်ပြေ ပါတယ်။ သို့ပေတဲ့ နိုရီကိုက ဆာကေငှဲ့ပေးလေတိုင်း ကျုပ်က အီချီရိုမျက်နှာ ကိုကြည့်ပြီး စိတ်မကောင်းဖြစ်တာကို ဖျောက်နေရတယ်။ ပထမတစ်ကြိမ်၊ နှစ်ကြိမ်လောက်မှာတော့ ကျုပ်ကိုမကျေနပ်တဲ့ မျက်နှာပေးမျိုးနဲ့ လှမ်းကြည့် နေလေတော့ ကျုပ်ကလဲ အသာမျက်နှာချိုသွေးနေရတယ်။ နောက်ပိုင်းမှာတော့ ကျုပ်တို့ ညစာစားပွဲလေး အရှိန်ရလာတာနဲ့အမျှ အစ်ချီရိုက ကျုပ်ကိုမကြည့် တော့ဘဲ ဆာကေငှဲ့တဲ့ သူ့အဒေါ်နိုရီကို ကိုပဲ ကြည့်နေတော့တယ်။

တာရိုကတော့ သူ့မိတ်ဆွေတွေနဲ့ ပတ်သက်လို့ ရယ်စရာတွေ ထပ် ပြောပြပါတယ်။ ဒီတုန်း ဆက်ဆူကိုက ခုလိုဝင်ပြောတယ်။

'သိပ်ရယ်စရာကောင်းတာပဲ တာရိုစံ၊ နိုရီကိုဆီက ကြားရတယ်၊ အခု ရှင်တို့ကုမ္ပဏီမှာ အတော့်ကို စိတ်ဓာတ်တက်ကြွနေကြတယ်ဆိုပဲ၊ အဲဒီလို အနေအထား၊ အဲဒီလို ပတ်ဝန်းကျင်မှာ အလုပ်လုပ်ရတာ အားရှိစရာပဲ'

ဒီတော့၊ ရယ်စရာတွေပြောနေတဲ့ တာရိုရဲ့ မျက်နှာထားပြောင်း သွားတယ်။ စိတ်အားထက်သန်တဲ့ မျက်နှာပေးမျိုးနဲ့ တာရိုက ပြန်ပြောတယ်။

http://www.cherrythitsar.org


'ဟုတ်တယ်၊ ဆက်ဆူကိုစံ'လို့ပြောပြီး ခေါင်းညိတ်လိုက်တယ်။ 'စစ်ကြီးပြီးတဲ့နောက် တို့တစ်တွေလုပ်ထားတဲ့ အပြောင်းအလဲတွေရဲ့ အကျိုးစီးပွားတွေကို စပြီးခံစားနေရပြီ၊ အနာဂတ်နဲ့ပတ်သက်လို့ အကောင်းဖက်က တို့တစ်တွေ မြင်ထားကြပါတယ်၊ တို့တစ်တွေ ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့လုပ်ကြလို့တော့ လာမယ့်ဆယ်နှစ်အတွင်းမှာ ကေ-အင်-စီ ဆိုတဲ့ နာမည်တစ်လုံးဟာ ဂျပန်မှာသာမက ကမ္ဘာကပါ အသိအမှတ်ပြုကြရမှာပဲ'

'ကောင်းပါပေရဲ့' နိရီကိုက ပြောသေးတယ်။ 'ရှင်တို့ဌာနက ညွှန်ကြားရေးမှူးက တယ်ပြီး စိတ်ရင်းကောင်းရှိတယ်ဆိုပဲ၊ သူ့ကြောင့်လဲ စိတ်ဓာတ်တက်ကြရတာ ဖြစ်မှာပေါ့'

'အမှန်ပဲ၊ မစ္စတာဟာယာဆကဟာ စိတ်ရင်းကောင်း ရှိရုံမကဘူး လုပ်နိုင်စွမ်းလဲရှိတယ်၊ အမြော်အမြင်လဲရှိတယ်၊ ကျွန်တော် တစ်ခုပြောပြမယ် ဆက်ဆူကိုစံ၊ ဘယ်လောက်ပဲ စိတ်ရင်းစိတ်ကောင်းရှိတဲ့လူ တစ်ယောက်ဖြစ်ဖြစ် တကယ့်ကို လုပ်နိုင်ကိုင်နိုင်တဲ့ လူတစ်ယောက် မဟုတ်ခဲ့ရင် အဲဒီလို လူမျိုးအောက်မှာ လုပ်တာဟာ စိတ်ဓာတ်ကျစရာပဲ၊ မစ္စတာဟာယာဆကလို လူမျိုးရဲ့ လက်အောက်မှာ လုပ်ရတာဟာ တို့တစ်တွေ အလွန်ကံကောင်းလှပါတယ်'

'ဟုတ်တယ်၊ ဆူအိချိလဲ သိပ်ကံကောင်းတယ်၊ သူ့အထက်လူကြီးကလဲ လူတော်လို့ပြောတယ်'

'ဟုတ်လား ဆက်ဆူကိုစံ၊ နိပ္ပွန်အီလက်ထရစ်လို ကုမ္ပဏီမျိုးမှာ လူတော်တွေ အများကြီး တာဝန်ယူနေကြမယ်လို့ မျှော်လင့်ထားပါတယ်'

'တို့တစ်တွေဟာ ကံကောင်းကြပါတယ်၊ တာရိစံတို့ ကေ-အင်-စီမှာလဲ အဲဒီလိုပဲနေမှာပါ၊ ဆူအိချိကတော့ ကေ-အင်-စီ အကြောင်းဆို အမြဲလို တန်ဖိုးထား ပြောလေ့ရှိတယ်'

'ငါ့ကို ပြောခွင့်ပြုပါတာရီ'လို့ ကျုပ်က ကြားဖြတ်ပြောလိုက်ပါတယ်၊ 'မင်းတို့ ကေ-အင်-စီမှာ အနာဂတ်အတွက် အကောင်းမြင်ထားကြတယ်ဆိုတာ သဘာဝကျပါတယ်၊ ငါတစ်ခုလောက် မေးစမ်းပါရစေ၊ မင်းတို့ဆီမှာ စစ်ကြီးပြီးတဲ့နောက် အပြောင်းအလဲတွေ တအားလုပ်လိုက်တာက အားလုံးကောင်းလာဖို့လို့ မင်းထင်သလား၊ ငါကြားရတာတော့ မင်းတို့ဆီမှာ လူကြီးပိုင်းက မရှိသလောက်ပဲဆို'

http://www.cherrythitsar.org


ကျုပ်သမက်က တွေးတွေးဆဆနဲ့ ပြုံးလိုက်ရင်း ခုလိုပြောပါတယ်။ 'အဖေ ခုလို စိတ်ဝင်တစားရှိတာကို ကျွန်တော် ဂုဏ်ယူပါတယ်၊ နှပျိုတာရယ်၊ စိတ်အားထက်သန် ကြတာရယ်လောက်နဲ့တော့ အကောင်းဆုံးတွေ ဖြစ်မလာနိုင်ပါဘူး၊ ဒါပေတဲ့ အဖေ့ကို ပွင့်ပွင့်လင်းလင်းပြောရရင် အားလုံး ပြန်လည်ပြင်ဆင်ရေးလုပ်ဖို့က လိုနေတယ်၊ ကျွန်တော်တို့အတွက် ခေါင်းဆောင်အသစ်နဲ့အတူ ဒီကနေ့ကမ္ဘာကြီးနဲ့ လိုက်လျောညီထွေဖြစ်မယ့် ချဉ်းကပ်နည်းတွေ လိုပါတယ်'

'မှန်တယ်၊ မှန်ပါပေတယ်၊ မင်းတို့ရဲ့ ခေါင်းဆောင်သစ်တွေဟာ လုပ်နိုင်ကိုင်နိုင်မယ့် လူတွေဆိုတာနဲ့ ပတ်သက်လို့ ငါ့မှာသံသယ မရှိပါဘူး၊ တစ်ခုတော့ ပြောပြစမ်းပါ တာရို၊ တို့တိုင်းပြည်က အမေရိကန်တွေလုပ်သမျှလိုက်လုပ်နေတာ သိပ်လောလွန်းအားကြီးတယ်လို့များ မင်းတစ်ခါတလေ တွေးပြီးမပူပန်မိဘူးလား၊ ရှေးက လုပ်နည်းလုပ်ဟန်တွေ အတော်များများဟာ ဖျောက်ဖျက်ပစ်ဖို့ လိုတယ်ဆိုတာ ငါလဲ သဘောပေါက်ပါတယ်၊ လက်ခံပါတယ်၊ တစ်ခါတလေတော့ ကောင်းတာတွေကိုပါ မကောင်းတာတွေနဲ့ရောပြီး ပစ်မိကြတယ်လို့ မင်းမထင်ဘူးလား၊ တစ်ခါတလေ ဂျပန်နိုင်ငံဟာ သူစိမ်းတစ်ရံဆံ လူကြီးတစ်ယောက်က အတုမြင်အတတ်သင် လုပ်နေတဲ့ကလေးတစ်ယောက်နဲ့ တူနေတယ်'

'အဖေပြောတာ အလွန်မှန်ပါတယ်၊ တစ်ခါတလေ ကျွန်တော်တို့ သိပ်အလောတကြီး နိုင်နေပါတယ်၊ ဒါပေတဲ့ တစ်ခုရှိတာက ကျွန်တော်တို့ဟာ အမေရိကန်ဆီက လေ့လာစရာတွေ အများကြီးရှိနေတယ်၊ ခုဆိုဂျပန်တွေ အနေနဲ့ လူတစ်ယောက်စီရဲ့ ရပိုင်ခွင့်ဆိုတာတွေ၊ ဘာတွေ နားလည်လာကြပြီ၊ ဂျပန်ဟာ တောက်ပတဲ့အနာဂတ်အတွက် အခြေချနိုင်ခဲ့ပြီလို့ ကျွန်တော်ထင်တယ်အဖေ၊ ဒါကြောင့်လဲ ကျွန်တော်တို့လို လုပ်ငန်းတွေက အနာဂတ်ကို ယုံယုံကြည်ကြည်နဲ့ ရဲရဲကြီး ကြည့်ရဲနေတာပေါ့'

'ဟုတ်ပါတယ် တာရိုစံ'လို့ ဆက်ဆူကိုက ဝင်ပြောလိုက်တယ်။ 'ဆူအိချိလဲ အဲသလိုမြင်တယ်၊ ကျွန်မတို့နိုင်ငံဟာ လေးနှစ်တာကာလအတွင်း ဗလုံးဗထွေးဖြစ်နေတာ ကျော်လွှားလာနိုင်ခဲ့ပြီး အနာဂတ်ကို ကြည့်လာနိုင်ပြီလို့ ဆူအိချိက မကြာမကြာ သူ့အမြင်ကို ပြောလေ့ရှိတယ်'

ဆက်ဆူကိုဟာ တာရိုကို ဦးတည်ပြောတယ်ဆိုပေတဲ့ ကျုပ်ကိုပြောချင်တာပဲလို့ နားလည်လိုက်ပါတယ်။ တာရိုလဲ အဲဒီလိုပဲ မြင်ပုံရတယ်။ သူက ဆက်ဆူကို ကိုဘာမျှပြန်မပြောဘဲ ကျုပ်ကိုဆက်ပြောတယ်။

'ပြောရဦးမယ်အဖေ၊ မကြာခင်ကပဲ ကျွန်တော်တို့ကျောင်းက မိတ်ဆုံထမင်းစားပွဲသွားတယ်၊ စစ်ကြီးပြီးတဲ့နောက် ပထမဆုံးအကြိမ်လုပ်တဲ့ မိတ်ဆုံစားပွဲပါ၊ လာတဲ့လူတွေကတော့ အလွှာစုံကပဲ၊ အားလုံးကလဲ အနာဂတ်အတွက် အကောင်းမြင်နေကြတယ်၊ ဒီတော့ ကေ–အင်–စီမှာပဲ အဲဒီလိုအမြင်တွေပေါ်နေတာလို့ ပြောလို့မဖြစ်ပြန်ဘူး၊ အဖေပူပင်နေတာကို ကျွန်တော်နားလည်သဘောပေါက်ပါတယ်၊ ဒါပေတဲ့ ကျွန်တော်တို့တစ်တွေဟာ ပြီးခဲ့တဲ့နှစ်ကာလတွေအတွင်းမှာ ကောင်းတဲ့သင်ခန်းစာတွေ ယူခဲ့ပြီမို့ ကျွန်တော်တို့ဟာ ကောင်းမွန်တဲ့အနာဂတ်ကို ဦးတည်နေတယ်လို့ ကျွန်တော်ယုံကြည်နေတယ်၊ ကျွန်တော်မှားရင်လဲ ပြင်ပါအဖေ'

'မမှားပါဘူး၊ မမှားပါဘူး'လို့ ပြောရင်း ကျုပ်ကပြုံးပြလိုက်ပါတယ်။ 'မင်းပြောသလိုပါပဲ၊ မင်းတို့မျိုးဆက်တွေအတွက် အနာဂတ်ဟာ သာယာလှပနေတယ်ဆိုတာ သံသယဖြစ်နေစရာ မရှိဘူး၊ မင်းတို့ အားလုံးအနေနဲ့ကလဲ ယုံကြည်နေကြတယ်၊ ဒီတော့ ငါအနေနဲ့က အကောင်းဆုံးဖြစ်ကြပါစေလို့သာ ဆုတောင်းနိုင်တော့တာပေါ့'

ကျုပ် သမက်က တစ်ခုခုပြန်ပြောမယ်လို့ လုပ်နေတုန်း အစ်ချီရိုဟာ စားပွဲပေါ်က ဆာကေထည့်ထားတဲ့ တကောင်းကို အရင်က သူလုပ်သလို သူ့လက်နဲ့ လှမ်းခေါက်လိုက်ပါတယ်။ တာရိုက သူ့ကို လှည့်ကြည့်လိုက်ရင်း 'အား... အစ်ချီရိုစံ၊ မင်းဆွေးနွေးတာလဲ ကြားစမ်းပါရစေ၊ ပြောစမ်းပါ၊ မင်းကြီးရင် ဘာလုပ်မယ် စိတ်ကူးထားသလဲ'လို့ ပြောလိုက်တယ်။

ကျုပ်မြေးကတော့ ဆာကေထည့်ထားတဲ့ တကောင်းကလေးကိုသာ ကြည့်နေပြီးမှ ကျုပ်ကို မကျေမနပ်ဖြစ်နေတဲ့ မျက်နှာမျိုးနဲ့ ကြည့်လိုက်ပါတယ်။ သူ့အမေက သူ့လက်မောင်းကို အသာကိုင်လိုက်ရင်း ခပ်တိုးတိုးပြောလိုက်တယ်။ 'အစ်ချီရို၊ ဦးလေးတာရို မေးနေတယ်လေ၊ မင်းဘာဖြစ်ချင်တယ်ဆိုတာ ပြောလိုက်လေ'

အစ်ချီရိုက အော်ပြီး ခုလိုပြောလိုက်ပါတယ်။

'နီပွန်အီလက်ထရစ်ရဲ့ ဥက္ကဋ္ဌကြီး'

ကျုပ်တို့အားလုံး ရယ်ကြရတယ်။

http://www.cherrythitsar.org


'ဟုတ်ပြီ၊ အစ်ချီရိုစံ'လို့ တာရိက ပြောလိုက်ရင်း ခုလိုမေးပြန်တယ်။ 'တို့ ကေအင်စီမှာရော မလုပ်ချင်ဘူးလား'

'နိပ္ပွန်အီလက်ထရစ်ဟာ အကောင်းဆုံးကုမ္ပဏီ'

ကျုပ်တို့ ရယ်ကြရပြန်တယ်။

'ကျွန်တော်တို့တော့ အခက်ပဲ'လို့ တာရိက ပြောပြန်တယ်။ 'အစ်ချီရိုစံကို မကြာတော့တဲ့ နှစ်ကာလအတွင်းမှာ ကျွန်တော်တို့ ကေ–အင်–စီအတွက် လိုချင်နေတာ'

အဲဒီလို ပြောဆိုနေလိုက်ကြတော့ အစ်ချီရိုလဲ ဆာကေပေါ် ရောက်နေတဲ့ အာရုံပြောင်းသွားတယ်။ လူကြီးတွေက ရယ်ကြတယ်ဆိုရင် သူကလဲ သူကပါ အားပါးတရ လိုက်ရယ်တော့တာ။ ညစာစားလို့ ပြီးကာနီးလောက်ကြမှ စိတ်မပါတဲ့အသံမျိုးနဲ့ မေးတယ်။

'ဆာကေ အားလုံးကုန်သွားပြီလား'

'အားလုံး ကုန်ပြီ'လို့ နိုရီကိုက ဖြေတယ်။ 'လိမ္မော်ရည်များ ထပ်လိုချင်သေးလား၊ အစ်ချီရိုစံ'

အစ်ချီရိုက ယဉ်ယဉ်ကျေးကျေးပဲ မလိုချင်ကြောင်းပြောပြီး တာရိဖက် ပြန်ပြီးလှည့်လိုက်တယ်။ တာရိက သူ့ကို တစ်ခုခု ပြောပြနေလေရဲ့။ ကျုပ်အထင်အရ ပြောရရင်တော့ အစ်ချီရိုဟာ သူ့ကို သူ့အမေက နားမလည်ရကောင်းလားဆိုတဲ့ သဘောနဲ့ သူ့အမေကို တုံ့ပြန်နေတာပဲ'

နောက်တစ်နာရီလောက်ကြာတော့ ကျုပ် နိုရီကိုတို့ တိုက်ခန်းထဲက အခန်းပိုထဲ ဝင်သွားတဲ့အခါမှာ အစ်ချီရိုနဲ့ နှစ်ယောက်တည်း စကားပြောခွင့် ရလိုက်တယ်။ အခန်းထဲမှာ မီးကထွန်းထားသေးတယ်။ အစ်ချီရိုကတော့ သူ့စောင်အောက်မှာ ရောက်နေပြီ။ ခေါင်းအုံးပေါ်မှာ ပါးကပ်ပြီး လှဲနေတယ်။ ကျုပ်က အခန်းမီးကိုပိတ်လိုက်တယ်။ ဒီတော့မှ တစ်ဖက်တိုက်က မီးရောင်ဟာ ကာထားတဲ့ယင်းတွေကို ဖောက်ထွင်းပြီး နံရံမှာအရိပ်တွေ လာထင်နေတာ တွေ့ရတော့တယ်။ ကျုပ်က အစ်ချီရိုအနားကို ဒူးထောက်ပြီး ထိုင်ချလိုက်တဲ့ အခါမှာ တစ်ဖက်က ကျုပ်သမီးတွေ ရယ်လိုက်သံကြားရတယ်၊ အစ်ချီရိုက သူ့စောင်အကြားထဲကနေ တိုးတိုးကလေး မေးတယ်။

'ဘိုးဘိုး၊ ဒေါ်လေးနိုရီကို မူးနေပြီလား'

'ဘိုးဘိုးတော့မထင်ဘူး အစ်ချီရို၊ သူတို့ တစ်ခုခုပြောပြီး ရယ်နေကြတာထင်တယ်'

'နည်းနည်းကလေးတော့ မူးမယ်လို့ မထင်ဘူးလား ဘိုးဘိုး'

'အေး… နည်းနည်းတော့ မူးမယ်ထင်တယ်၊ ဘာမှတော့ ပြဿနာ မရှိပါဘူး'

'မိန်းမတွေ ဆာကေမသောက်နိုင်ကြဘူး မဟုတ်လား ဘိုးဘိုး'လို့ ပြောပြီး သူ့ခေါင်းအုံးကို မျက်နှာအပ်ပြီး ရယ်ပါလေရော။

ကျုပ်လဲရယ်လိုက်ပြီး သူ့ကိုပြောရတယ်။ 'အစ်ချီရို၊ ဒီညမင်း ဆာကေမသောက်ရလို့ စိတ်မဆိုးနဲ့၊ ဒါဘာမှ ကြီးကျယ်တဲ့ကိစ္စ မဟုတ်ဘူး၊ မင်းဟာ မကြာခင်ပဲ အရွယ်ရောက်တော့မှာ၊ အဲဒီအခါ မင်းကြိုက်သလောက် သောက်နိုင်တယ်'

ကျုပ်အသာထလိုက်ပြီး ကာထားတဲ့ယင်းလိပ်ကို ပိတ်ချည်ဖွင့်ချည် လုပ်ကြည့်မိတယ်။ သို့ပေတဲ့ တစ်ဖက်ကလာတဲ့ အလင်းရောင်ကို မတားနိုင်ဘူး။ တစ်ဖက်က မီးထွန်းထားတဲ့ ပြတင်းပေါက်ကို မြင်နေရတယ်။

'အစ်ချီရို၊ ဒါဘာမှ စိတ်မကောင်းဖြစ်နေစရာ မလိုဘူး'

အစ်ချီရိုဆီက ဘာသံမှ မကြားရဘူး။ ခဏကြာမှ 'ဘိုးဘိုး ဘာမှ စိတ်မပူပါနဲ့'လို့ ပြောသံကြားလိုက်ရတယ်။

'အို… မင်းဘာပြောချင်တာတုန်း၊ အစ်ချီရို'

'ဘိုးဘိုး စိတ်မပူပါနဲ့၊ စိတ်ပူရင် အိပ်မပျော်ဘူးတဲ့၊ ပြီးတော့ အသက်ကြီးတဲ့လူတွေ အိပ်မပျော်ရင် နေထိုင်မကောင်း ဖြစ်တတ်တယ်တဲ့'

'ဟုတ်ပြီ အစ်ချီရို၊ ဘိုးဘိုး စိတ်မပူဘူးလို့ ကတိပေးပါတယ်၊ မင်းလဲ စိတ်မကောင်းမဖြစ်နဲ့၊ ဘာဖြစ်လို့လဲဆိုတော့ ဒီကိစ္စက ဘာမှ စိတ်မကောင်းဖြစ်နေစရာ မရှိဘူး'

အစ်ချီရိုဟာ ငြိမ်နေပြန်တယ်။ ကျုပ်လဲ ကာထားတဲ့ ယင်းကို ဖွင့်ချည်ပိတ်ချည် လုပ်နေမိတယ်။

'ဒါပေတဲ့ ဒီညမှာ အစ်ချီရိုကသာ အတင်းတောင်းဆိုမယ်ဆိုရင် ဘိုးဘိုး အစ်ချီရိုအတွက် အတိုက်အခံ လုပ်ပြီးရအောင် တောင်းပေးမှာပါ၊ ဒါပေတဲ့ ဘိုးဘိုးစဉ်းစားမိတယ်၊ ဒီတစ်ခေါက်တော့ မိန်းမတွေကို အနိုင်ပေး လိုက်သေးတာပေါ့လို့၊ ဘာမဟုတ်တဲ့ကိစ္စနဲ့ သူတို့ကိုလဲ အနှောင့်အယှက်မပေး ချင်ဘူး' အစ်ချီရိုက ပြောပြန်တယ်။

'အိမ်မှာလဲ ဒီလိုပဲ၊ တစ်ခါတလေ ဖေဖေက လုပ်ချင်တာရှိတယ်၊ မေမေက မလုပ်ရဘူးလို့ပြောတယ်၊ ဖေဖေဟာ မေမေ့ကို မယှဉ်နိုင်ဘူး'

http://www.cherrythitsar.org


'ဟုတ်ကဲ့လားကွ'လို့ ရယ်ပြီး ပြောလိုက်မိတယ်။

'ဒီတော့၊ ဘိုးဘိုး စိတ်မပူပါနဲ့'

'တို့နှစ်ယောက်စလုံး ဘာမှစိတ်ပူစရာမရှိပါဘူး အစ်ချီရို' လို့ ပြောပြီး အစ်ချီရိုအိပ်ရာနဘေးမှာ ကျုပ်ထိုင်ချလိုက်တယ်။ 'ကိုင်း မင်းလဲ အိပ်ပေတော့'

'ဘိုးဘိုးဒီည၊ ဒီမှာအိပ်မလား'

'မအိပ်ဘူး၊ ဘိုးဘိုး မကြာခင် ဘိုးဘိုးရဲ့အိမ်ကို ပြန်မယ်'

'ဘာလို့ ဘိုးဘိုး ဒီမှာမအိပ်တာလဲ'

'ဒီမှာ အခန်းလုံလုံလောက်လောက် မရှိဘူး အစ်ချီရို၊ မင်းမှတ်မိလား၊ ဘိုးဘိုးအိမ်က အကျယ်ကြီးလေ၊ ဘိုးဘိုးက တစ်ယောက်တည်းရယ်'

'မနက်ကျရင် ဘိုးဘိုး ဘူတာရုံကိုဆင်းပြီး လာနှုတ်ဆက်ဦးမလား'

'လာမှာပေါ့ အစ်ချီရို၊ လာမှာပေါ့၊ မင်းလဲ မကြာခင်လာလည်ဦးမယ်လို့ ဘိုးဘိုးယုံတယ်'

'ဘိုးဘိုး၊ အမေက ကျွန်တော့်ကို ဆက်သောက်ခွင့်ပေးအောင် မပြောနိုင်တဲ့အတွက် ဘိုးဘိုး စိတ်မချမ်းမသာ ဖြစ်မနေနဲ့နော်'

'မင်းကြီးလာတာ အင်မတန်မြန်တာပဲ အစ်ချီရို'လို့ပြောရင်း ကျုပ်ရယ်လိုက်တယ်။ 'မင်းကြီးလာရင် လူတော်လူကောင်း တစ်ယောက်ဖြစ်မှာပါ၊ နိပ္ပွန်အီလက်ထရစ်မှာလဲ လူကြီးဖြစ်မှာပါ၊ မဟုတ်ရင်လဲ နေရာကောင်းကောင်းရမှာပါ၊ ကိုင်း... ခုတော့ ခဏလေး ငြိမ်ငြိမ်နေလိုက်၊ အိပ်ပျော်သွားအောင်လို့'

ကျုပ်လဲ သူ့နဘေးမှာ အတော်ကြာအောင်ထိုင်ရင်း သူမေးသမျှကို ဖြေလိုက်တယ်။ အဲဒီလို အမှောင်ထဲမှာထိုင်ရင်း ကျုပ်မြေးကလေး အိပ်ပျော်သွားအောင် စောင့်နေတုန်း တစ်ဖက်အခန်းဆီက တစ်ချက်တစ်ချက် ရယ်လိုက်သံတွေလဲ ကြားနေရတယ်။ ဒီတော့မှပဲ နံနက်က ဆက်ဆူကို ပြောတာတွေနဲ့ပတ်သက်လို့ ဒေါသဖြစ်မိတယ်။ အမှန်ပြောရရင် ဒီ့အရင်က စဉ်းစားကြည့်ဖို့ အခွင့်က မသာတော့လဲ ဘယ်လိုမှ မဖြစ်မိဖူးပေါ့။ ကျုပ်မြေးကလေး အိပ်ပျော်သွားတဲ့နောက် ကျုပ်လဲ တစ်ဖက်အခန်းမှာရှိနေတဲ့ သမက်နဲ့သမီးတွေဆီကို ပြန်လာလိုက်တယ်။ သမီးအကြီးမကိုတော့ အတော်စိတ်ထဲက မကျေမနပ်ဖြစ်နေမိတယ်။ ဒါ့ကြောင့်လဲ တာရိုကိုဦးတည်ပြီး ကျုပ်က ခုလိုပြောလိုက်တယ်။

http://www.cherrythitsar.org


'ဒီလိုကွ၊ ပြန်တွေးကြည့်ရင်တော့ ဆန်းတယ်ပြောရမှာပဲ၊ မင်းအဖေနဲ့ငါနဲ့ အသိအကျွမ်းဖြစ်လာကြတာ ဆယ်ခြောက်နှစ်မကတော့ဘူး၊ ဒါပေတဲ့ ပြီးခဲ့တဲ့နှစ်ကမှ မိတ်ဆွေဖြစ်ကြရတယ်၊ စဉ်းစားကြည့်လိုက်ရင်တော့ ဝမ်းနည်းစရာပဲ'

'ဟုတ်ပါတယ်' လို့ ကျုပ်သမက်က ပြန်ပြောတယ်။ 'ဒါပေတဲ့ အဲဒီလိုပဲ ဖြစ်တတ်ကြပါတယ်၊ အိမ်နီးနားချင်းတွေ အများကြီးရှိနေပေတဲ့ အာလာပသလ္လာပမှ မပြောဖြစ်ကြပဲကိုး၊ တွေးကြည့်ရင်တော့ အတော့်ကို ဝမ်းနည်းစရာကောင်းတဲ့ ကိစ္စပဲ'

'ဒါပေတဲ့ကွာ၊ ဒေါက်တာဆိုက်တိုနဲ့ ငါနဲ့က ရိုးရိုးအိမ်နီးနားချင်းတွေမှ မဟုတ်ကြတာ၊ တို့နှစ်ယောက်စလုံးဟာ အနုပညာလောကကြီးနဲ့ ပတ်သက်နေကြတဲ့ သူတွေပဲ၊ ဒီအပြင် တစ်ယောက်အကြောင်း တစ်ယောက်ဆိုတာက ကြားနေ၊ သိနေကြတာ၊ ပိုဝမ်းနည်းစရာ ကောင်းသေးတာက မင်းအဖေနဲ့ ငါတို့တွေ့စကတည်းက တစ်ယောက်နဲ့တစ်ယောက် သိပ်ပြီး ရင်းရင်းနှီးနှီးဖြစ်ဖို့ မကြိုးစားခဲ့ကြတာဘဲ၊ မင်း အဲဒီလိုများ မထင်မိဘူးလား တာရို'

ကျုပ်က အဲဒီလိုပြောလိုက်ရင်း ဆက်ဆူကို တစ်ယောက်နားထောင်နေရဲ့လားဆိုတာ သိချင်လို့ တစ်ချက်လှမ်းပြီး အကဲခတ်လိုက်ပါတယ်။

'တကယ့်ဝမ်းနည်းစရာပါ'လို့ တာရိုက ပြောပါတယ်။ 'ဒါပေတဲ့ လေ၊ အဆုံးမှာတော့ မိတ်ဆွေဖြစ်လာကြရတာပဲ'

'ဒါပေတဲ့ ငါပြောချင်တာက ဒီလိုတာရိုရဲ့၊ တို့နှစ်ယောက် အနုပညာလောကမှာ တစ်ယောက်သတင်းတစ်ယောက် အမြဲကြားသိနေပါရက်နဲ့ ဖြစ်ရတာကို ပိုပြီးဝမ်းနည်းဖို့ ကောင်းတယ်လို့ ဆိုချင်တာပဲ'

'မှန်ပါတယ်၊ အလွန်စိတ်မကောင်းစရာပါ၊ အထူးသဖြင့်က ကိုယ့်အိမ်နီးပါးချင်းဟာ ထင်ရှားတဲ့အနုပညာသည်၊ အနုပညာလောကသား ဖြစ်နေတဲ့အခါ ပိုပြီးရင်းနှီးဖို့ ကောင်းတာပေါ့၊ ဒါပေတဲ့လဲ ကိုယ့်အလုပ်နဲ့ ကိုယ်ရှုပ်နေတတ်ကြတော့ ဒီကိစ္စဟာ ရေးကြီးခွင်ကျယ် လုပ်နေစရာမလိုတဲ့ သဘောဖြစ်သွားတော့တာပေါ့'

ကျုပ်က ကျေကျေနပ်နပ်နဲ့ ဆက်ဆူကိုကို လှမ်းကြည့်လိုက်မိတယ်။ ဆက်ဆူကိုကတော့ တာရိုပြောစကားကို သိပ်အလေးထားလိုက်ပုံ မပေါ်ဘူး။ ကြည့်ရတာ ဂရုတစိုက် နားထောင်လိုက်ပုံ မပေါ်ဘူး။ ကျုပ်အထင်တော့ ဆက်ဆူကိုဟာ နံနက်က ကဝါဘီပန်းခြံထဲမှာ ကျုပ်ကို ပြောခဲ့တာတွေဟာ

http://www.cherrythitsar.org


မမှန်ဘူးဆိုတဲ့အကြောင်း သိသွားပုံရပါတယ်။ ဒီတော့လဲ ကျုပ်ကို မျက်နှာချင်း မဆိုင်ရဲသလို ဖြစ်နေတယ်။

နံနက်က ကျုပ်တို့ပန်းခြံအလယ်က လမ်းပေါ်လျှောက်နေကြရင်း ဘေးတစ်ဖက်တစ်ချက်မှာ တွေ့နေရတဲ့ အရောင်ပြောင်းစ ဆောင်းဦးပေါက် သစ်ပင်တွေကိုကြည့်ရင်း သာယာနေမိကြတယ်။ ကျုပ်တို့သားအဖနှစ်ယောက်သား နိုရီကိုရဲ့ အိမ်ထောင်သည်ဘဝ ပြောင်းသွားတဲ့အကြောင်းပြောရင်း နိုရီကို စိတ်ချမ်းသာပုံ ရနေတဲ့အကြောင်း ပြောဖြစ်ကြတယ်။

'အားလုံးကတော့ ကျေနပ်စရာပါပဲ'လို့ ကျုပ်ပြောလိုက်မိတယ်။ 'နိုရီကိုရဲ့ဘဝ၊ အနာဂတ်ကို အဖေကစိတ်ပူနေခဲ့တာ၊ ခုကြည့်ရတာ အားလုံး အဆင်ပြေပုံရပါတယ်၊ တာရိုဟာ လူတော်ပဲ၊ ဒီထက်ကောင်းတဲ့ လူတော့လဲ မရနိုင်ဘူးထင်တယ်'

ဆက်ဆူကိုကပြုံးရင်း ပြန်ပြောတယ်။ 'အံ့တော့ အံ့စရာပဲ၊ လွန်ခဲ့တဲ့ တစ်နှစ်လောက်ကဆို သူ့အတွက် အားလုံးစိတ်ပူနေကြရတာ'

'ဟုတ်တယ်၊ ကျေနပ်စရာပါ၊ ဆက်ဆူကို သမီးလုပ်ပေးကိုင်ပေး တာတွေအတွက်လဲ အဖေကျေးဇူးတင်ပါတယ်၊ သမီးက သူအဆင်မပြေနေတဲ့ အခါက အများကြီးအားပေးခဲ့တာပဲ'

'ကျွန်မက အဝေးကဆိုတော့ ဘာမှ သိပ်မကူလိုက်ရပါဘူး'

ကျုပ်ကရယ်ရင်း ပြောလိုက်မိပြန်တယ်။ 'သမီးပဲ အဖေ့ကိုသတိပေး ခဲ့တာမဟုတ်လား၊ 'ကြိုတင်ကာကွယ်ရေးတော့ လုပ်ထား'ဆိုတာလေ၊ ဆက်ဆူကို၊ သမီးအသိပေးတဲ့အတိုင်း အဖေသတိထားတာ တွေ့ရဲ့မဟုတ်လား'

'ဘာပြောတယ်၊ အဖေ၊ ကျွန်မ သတိပေးတာဟုတ်လား'

'ဆက်ဆူကို ဘာမှအားနာနေစရာ မလိုဘူး၊ ခုအခါ အဖေ့အနေနဲ့ ဝန်ခံဖို့အသင့်ပဲ၊ အဖေ့ဘဝမှာ တချို့အဖေလုပ်ခဲ့တာ၊ မြင်ခဲ့တာတွေဟာ အဖေ့ အနေနဲ့ ဂုဏ်ယူနေစရာ မရှိဘူး၊ ဒီကိစ္စတွေကို နိုရီကို စေ့စပ်ကြောင်းလမ်းတဲ့ ကာလတစ်လျှောက် အဖေသတိထားခဲ့တယ်၊ သမီးပြောတဲ့အတိုင်းပေါ့'

'စိတ်မရှိနဲ့အဖေ၊ အဖေ ဘာကိုဆိုလိုမှန်း ကျွန်မ နားမရှင်းဘူး'

'သမီးကို၊ နိုရီကိုက စေ့စပ်ပွဲအကြောင်း ဘာမှမပြောဘူးလား၊ အဲဒီညနေက ဘာမှအနှောင့်အယှက်၊ အခက်အခဲ မရှိခဲ့ပါဘူး၊ အဖေ့ရဲ့အတိတ် နဲ့ပတ်သက်လို့ နိုရီကို စိတ်အနှောင့်အယှက် မဖြစ်ခဲ့ရပါဘူး၊ အဖေ့ကြောင့်

http://www.cherrythitsar.org


ဘယ်မှာမဆို စိတ်အနှောင့်အယှက် မဖြစ်ကြစေရပါဘူး၊ ဘယ်လိုပဲဖြစ်ဖြစ်ပါ၊ သမီးအကြံပေးတာ၊ အသိပေးတာကိုတော့ ကျေးဇူးတင်ပါတယ်'

'ခွင့်လွှတ်ပါ အဖေ၊ မနှစ်က အဖေ့ကိုအကြံပေးခဲ့တယ်၊ သတိပေးခဲ့တယ်ဆိုတာ၊ သမီးမှတ်ကို မမှတ်မိတော့ဘူး၊ စေ့စပ်ကြောင်းလမ်းပွဲအကြောင်းကတော့ နိုရီကိုက သမီးကို အကြိမ်ကြိမ်ပြောပြပါတယ်၊ စေ့စပ်ပွဲပြီးတော့ မကြာခင် နိုရီကိုစာရေးလိုက်သေးတယ်၊ စာထဲမှာ အဖေ့ကို အဖေညွှန်းလိုက်တဲ့စကားလုံးနဲ့ ပတ်သက်လို့ အဆန်းဖြစ်နေကြတဲ့ အကြောင်းလဲပါတယ်'

'ဟုတ်ပ့ါ၊ နိုရီကို အံ့သြမှာပေါ့၊ နိုရီကိုက အဖေ့အပေါ် အမြဲလိုအထင်သေးတတ်တာကိုး၊ ဒါပေတဲ့ အဖေဟာ အမှန်တရားကို ရင်ဆိုင်ရဲတဲ့လူပါ၊ အဖေ့ကြောင့်တော့ သမီးတို့ မျက်နှာပျက်ရတာ၊ နစ်နာရတာမျိုး မဖြစ်စေရဘူး'

'နိုရီကိုက ပြောတယ်၊ အဲဒီညက အဖေ့အပြုအမူကို သူနားမလည်နိုင်ဘူးတဲ့၊ ကြည့်ရတာ ဆိုက်တိုမိသားစုတွေလဲ အဖေ့ကို နားမလည်နိုင်ကြပုံရတယ်တဲ့၊ အဖေပြောတာပြုတာနဲ့ ပတ်သက်လို့ ဘယ်သူကမှ သိပ်နားလည်ပုံမပေါ်ဘူးတဲ့၊ ကျွန်မက နိုရီကို စာဖတ်ပြတဲ့အခါ ဆူအိချိတောင် ဇဝေဇဝါဖြစ်နေတယ်'

'အင်း... ဒီကိစ္စကတော့ အဆန်းပဲ၊ အမှန်မှာတော့ ဒီလိုဖြစ်လာဖို့ သမီးပဲ မနှစ်က တိုက်တွန်းခဲ့တာ၊ သမီးကပဲ ကြိုတင်ကာကွယ်ရေးတော့ လုပ်ထားလို့ ပြောခဲ့တာ၊ ဒါမှ အရင် မီယာကီတွေနဲ့တွေ့တုန်းက စေ့စပ်ပွဲပျက်သွားရတာမျိုး၊ အခု ဆိုက်တိုတွေနဲ့ မဖြစ်ရအောင်လို့ ပြောခဲ့တာလေ၊ သမီးမမှတ်မိဘူးလား'

'ကျွန်မ မေ့တတ်တာတော့ အမှန်ပါ၊ ဒါပေတဲ့ အခုအဖေပြောနေတာတွေနဲ့ ပတ်သက်လို့တော့ ဘာမှမမှတ်မိဘူး'

'ဒါကတော့ အဆန်းပဲ၊ ဆက်ဆူကို'

ဆက်ဆူကိုဟာ လမ်းလျှောက်နေရာက ရပ်လိုက်ပါတယ်။ 'ကြည့်စမ်းပါဦး၊ ခုလိုအချိန်မျိုးမှာ မေပဲလ်ပင်တွေ ဘယ်လောက်ကြည့်လို့ကောင်းသလဲ'လို့ မှတ်ချက်ချလိုက်ပါတယ်။

'ဟုတ်ပါရဲ့'လို့ ကျုပ်က ပြောလိုက်တယ်။ 'ဆောင်းဘက်နီးသွားရင် ပိုတောင် ကြည့်ကောင်းလာကြဦးမှာ'

'သိပ်ကြည့်လို့ ကောင်းတာပဲ'လို့ ကျုပ်သမီးကပြောရင်း ပြုံးလိုက်ပါတယ်။ ကျုပ်တို့ဆက်ပြီး လမ်းလျှောက်လာကြရင်း ဆက်ဆူကိုက ပြောပြန်တယ်။ 'ပြောရဦးမယ် အဖေ၊ မနေ့ညက ပြောကြဆိုကြရင်း တာရိုစံက အဖေနဲ့လွန်ခဲ့တဲ့အပတ်က ပြောခဲ့တာ တစ်ခုထည့်ပြောတယ်၊ အဲဒါက မကြာခင်က ကိုယ့်ကိုကိုယ် အဆုံးစီရင်သွားတဲ့ ဂီတပညာရှင် တစ်ဦးအကြောင်းပဲ'

'ယူဒီယို နဂူချိပဲ၊ ဟုတ်ပြီ၊ အဖေတို့ပြောခဲ့ကြတာကို မှတ်မိတယ်၊ မှန်းစမ်း၊ အဲဒီတုန်းက တာရိုက ဒီလူကိုယ့်ကိုကိုယ် အဆုံးစီရင်သွားတာဟာ ဘာမှအကျိုးမရှိဘူးလို့ ပြောတယ်ထင်တယ်'

'တာရိုစံက မစ္စတာနဂူချိသေတဲ့ကိစ္စမှာ အဖေသိပ်စိတ်ဝင်စားနေတာကိုကြည့်ပြီး စိတ်ပူနေတယ်၊ အဖေက အဖေ့ဘဝနဲ့ မစ္စတာနဂူချိဘဝကို ယှဉ်ကြည့်နေတယ်လို့ ထင်တယ်၊ ဒီအတွက် ကျွန်မတို့အားလုံး စိတ်ပူနေကြတယ်၊ တကယ်တော့ ကျွန်မတို့အားလုံးက အဖေ အငြိမ်းစားယူပြီးတဲ့နောက် စိတ်ဓာတ်များ ကျနေမလားဆိုပြီး စိတ်ပူနေမိကြတယ်'

ကျုပ်ကရယ်လိုက်တယ်။ ပြီးမှ 'စိတ်မပူပါနဲ့ ဆက်ဆူကို၊ အဖေ့အနေနဲ့ မစ္စတာနဂူချိ လုပ်တာမျိုးလုပ်ဖို့ တစ်ခါကမှ မစဉ်းစားခဲ့ပါဘူး'

'ကျွန်မ သိသလောက်ကတော့ မစ္စတာနဂူချိရဲ့ သီချင်းတွေဟာ စစ်ကြီးဖြစ်ခဲ့ရတာနဲ့ ပတ်သက်တဲ့ အကြောင်းတွေထဲမှာ အများကြီးပါနေခဲ့တယ်၊ ဒီတော့လဲ သူ့အနေနဲ့ နိုင်ငံရေးသမားတွေ၊ စစ်အရာရှိတွေလိုပဲ သူ့မှာ တာဝန်ရှိနေတယ်လို့ မြင်ထားခဲ့ပုံရတယ်၊ အဖေ့အနေနဲ့ကတော့ သူ့လိုမြင်ရင် မှားမှာပဲ၊ အဖေဟာ တကယ်တော့ ပန်းချီဆရာပဲ'

'ဆက်ဆူကို၊ နဂူချိလုပ်သလို အဖေလုပ်ဖို့ မစဉ်းစားဘူးဆိုတာတော့ အဖေအာမခံနိုင်တယ်၊ ဒါပေမယ့် အဖေကိုယ်တိုင်လဲ အထိုက်အလျောက် အဲဒီလို စိတ်ဓာတ်မျိုးတွေ သွင်းပေးခဲ့သူဖြစ်ခဲ့တယ်၊ ဒီစိတ်ဓာတ်တွေကြောင့် တိုင်းပြည်ဟာ အဖြစ်ဆိုးနဲ့ ကြုံခဲ့ရတဲ့အတွက်တော့ အဖေ့ကိုယ်အဖေ ဂုဏ်မယူနိုင်ဘူး'

ကျုပ်သမီးဟာ ခဏစဉ်းစားနေလိုက်ပုံရတယ်။ ပြီးမှ ပြောပြန်တယ်။

'သမီးပြောစမ်းပါရစေ၊ သမီးတို့အနေနဲ့ မှန်မှန်ကန်ကန်မြင်ကြဖို့ အရေးကြီးပါတယ်၊ အဖေဟာ ပြောင်မြောက်တဲ့ ပန်းချီကားတွေ ဆွဲခဲ့တာဖြစ်လို့ တခြားပန်းချီဆရာတွေနဲ့ယှဉ်ရင် အတော်ဩဇာရှိခဲ့တယ်ဆိုတာ ဘာမှသံသယ

http://www.cherrythitsar.org


ဖြစ်စရာမလိုပါဘူး၊ ဒါပေမယ့် အဖေ့လက်ရာတွေဟာ အခုသမီးပြောနေတဲ့ ကိစ္စတွေမှာလို ပါဝင်လှုပ်ရှားခဲ့တာတွေ မရှိပါဘူး၊ အဖေဟာ ပန်းချီဆရာ သက်သက်ပါ၊ အဖေ့အနေနဲ့ အဖေဟာ တစ်ခုခု ကျူးလွန်ခဲ့တယ်ဆိုတာမျိုး ထင်မနေစေချင်ဘူး'

'ဆက်ဆူကို၊ သမီး ခုပေးတဲ့အကြံကတော့ မနှစ်ကနဲ့ မတူတော့တာ အမှန်ပဲ၊ ဒါပေတဲ့ အဖေ့ဘဝမှာ တာဝန်တော့ရှိနေတာ အမှန်ပဲ'

'ခွင့်လွှတ်ပါအဖေ၊ သမီးပြောပြီးသား စကားပဲ ပြန်ပြောရလိမ့်မယ်၊ မနှစ်က စေ့စပ်ကြောင်းလမ်းတဲ့ ကိစ္စနဲ့ပတ်သက်လို့ အဖေညွှန်းနေတာကို သမီး သိပ်နားမလည်ဘူး၊ အထူးသဖြင့် အဖေ့ဘဝဟာ ဒီစေ့စပ်တဲ့ကိစ္စနဲ့ ဘယ်လိုများသွားပြီး သက်ဆိုင်နေတယ်ဆိုတာ နားမလည်နိုင်အောင်ပဲ၊ ဆိုက်တို မိသားစုတွေကတော့ ဒီကိစ္စကို ဘာမှပူပုံမရကြဘူး၊ ကျွန်မ ပြောခဲ့သလိုပဲ စေ့စပ်ပွဲတုန်းက အဖေ့အပြုအမူကိုတောင် နားလည်ပုံမရကြဘူး'

'ဒီဟာကဖြင့် အဖေယုံတောင် မယုံနိုင်ဘူးဆက်ဆူကို၊ ဒေါက်တာ ဆိုက်တိုနဲ့ အဖေနဲ့က သိလာကြတာကြာပြီ၊ ဒေါက်တာဆိုက်တိုဆိုတာက ဒီမြို့ရဲ့အထင်ကရ အနုပညာဝေဖန်ရေးပညာရှင်၊ သူ့အနေနဲ့က အဖေ့ရဲ့ပန်းချီ ပညာရှင်ဘဝကို သိပြီးသားဖြစ်ရုံမက အဖေနဲ့ပတ်သက်ခဲ့တဲ့ စိတ်မချမ်းမြေ့စရာ ကိစ္စတွေကိုလဲ သိပြီးသားနေမှာပါ၊ ဒီတော့ အဖေ့အနေနဲ့က အဖေ့အမြင်၊ အဖေ့သဘောထားတွေကို ကြောင်းလမ်းနေတဲ့အချိန်မှာ ရှင်းရှင်းပဲ အသိပေးထား ဖို့ လိုတယ်လို့ထင်တယ်၊ ဘယ်နည်းနဲ့ဖြစ်ဖြစ် အဖေက အဲဒီလိုပြောပြထား လိုက်တဲ့အတွက် ဒေါက်တာဆိုက်တိုအနေနဲ့ တန်ဖိုးထားမယ်လို့ ယုံတယ်'

'ခွင့်ပြုပါအဖေ၊ တာရိုစံ အပြောအရတော့ ဒေါက်တာဆိုက်တိုဟာ အဖေ ဘာလုပ်မှန်းတောင် မသိဘူးဆိုပဲ၊ အဖေ့ကို အိမ်နီးနားချင်းတစ်ယောက် အနေနဲ့တော့ သိနေတာပဲတဲ့၊ ပြီးခဲ့တဲ့နှစ်က စေ့စပ်ပွဲလုပ်တဲ့အထိ အဖေဟာ အနုပညာလောကနဲ့ ပတ်သက်နေတယ်ဆိုတာ ဒေါက်တာဆိုက်တိုက သိပုံမရ ဘူးထင်တယ်'

'သမီးမှားနေပြီ'လို့ ကျုပ်ကရယ်ရင်း ပြောလိုက်တယ်။ 'ဒေါက်တာ ဆိုက်တိုနဲ့ အဖေနဲ့သိကြတာ နှစ်အတော်ကြာလှပါပြီ၊ လမ်းမှာ မကြာခဏတွေ့ တိုင်းရပ်ပြီး အနုပညာလောကအကြောင်း ပြောဖြစ်ကြတယ်'

'ကျွန်မ မှားတယ်ဆိုတာ ဖြစ်နိုင်ပါတယ်၊ ကျွန်မကို ခွင့်လွှတ်ပါ၊ ဒါပေတဲ့ အဖေ့ရဲ့အတိတ်နဲ့ပတ်သက်လို့ အပြစ်တင်သင့်တယ်၊ မတင်သင့်ဘူးလို့

http://www.cherrythitsar.org


ဘယ်သူကမှ မပြောကြပါဘူး၊ အဖေသာ အကျိုးပေးနည်းရှာတဲ့ ဂီတဆရာကြီး လို တွေးမနေဖို့ မျှော်လင့်ကြပါတယ်'

ကျုပ်ကတော့ ဒီကိစ္စအတွက် ဆက်ဆူကိုနဲ့ အတိုက်အခံလုပ်ပြီး ငြင်းမနေတော့ပါဘူး။ ကျုပ်မှတ်မိသရွေ့တော့ အဲဒီနောက်ပိုင်းမှာ ရောက်တတ်ရာရာသာ ပြောဖြစ်ကြတယ်။ ဘယ်လိုပဲဖြစ်ဖြစ် နံနက်က ဆက်ဆူကို ပြောခဲ့တဲ့ကိစ္စမှာ သူမှားနေတယ်ဆိုတာ မယုံစရာမရှိပါဘူး။ ဒေါက်တာဆိုက်တိုလို လူမျိုးဟာ ဒီနှစ်ကာလတွေအထဲမှာ ကျုပ်အကြောင်း မကြားခဲ့ဘူးဆိုတာ မဖြစ်နိုင်ဘူး။ ဒါကြောင့်လဲ ညဘက် ထမင်းစားပြီးတဲ့အခါ တာရိုတစ်ယောက် ဒီအချက်ကို ထောက်ခံလာအောင် ကျုပ်အတော်စကားဆင်ခဲ့ရတယ်။ ဆက်ဆူကိုကိုလဲ သိလာစေချင်တယ်။ ကျုပ်အနေနဲ့တော့ ဒေါက်တာဆိုက်တို ကျုပ်ကို သိထားတယ်ဆိုတာကို တစ်ခါမှ သံသယမဖြစ်မိဘူး။ ကျုပ်အနေနဲ့ လွန်ခဲ့တဲ့ တစ်ဆယ့်ခြောက်နှစ်က နေသာတဲ့နေ့တစ်နေ့မှာ ကျုပ်အိမ်သစ်ရဲ့ စည်းရိုးပြင်နေတုန်း ဒေါက်တာဆိုက်တိုက ခြံတိုင်မှာရေးထားတဲ့ ကျုပ်နာမည်ကို ဖတ်ပြီး 'ခင်ဗျားလို အနုပညာလောကက ပုဂ္ဂိုလ်တစ်ယောက် ကျုပ်တို့ဝန်းကျင်ကို ပြောင်းလာတာ ဂုဏ်ယူပါတယ်'လို့ ပြောခဲ့တာ။ သေသေချာချာ မှတ်မိနေတာကိုး။ အဲဒါကို အသေအချာကြီး မှတ်မိနေတော့လဲ ဆက်ဆူကို ပြောတာ မှားတယ်လို့ပဲ ပြောရတော့မယ်။

*　　　*　　　*

http://www.cherrythitsar.org

## ⅄ ဇွန်လ၊ ၁၉၅၀ ⅄

မနေ့က နေ့ခင်းဘက် နောက်ကျကျလောက်မှ မတ်ဆူဒါအနိစ္စ ရောက်ကြောင်း ကြားရပြီးတဲ့နောက် ကျုပ်ဘာသာ နေ့ခင်းစာနည်းနည်း ချက်ပြုတ်စားသောက်ပြီး ကိုယ်လက်လှုပ်ရှားဖို့ အပြင်ဘက်ထွက်ခဲ့မိတယ်။

နွေးနွေးထွေးထွေးရှိတဲ့နေ့မို့ ကျုပ်လဲ တောင်ကုန်းအောက်ဘက်ဆင်းလာခဲ့မိပါတယ်။ မြစ်ရှိရာရောက်တော့ တံ့ဆိုင်းခြင်းတံတားပေါ် အသာတက်ပြီး ဘေးဘီကြည့်နေမိပြန်တယ်။ ကောင်းကင်ကြီးကတော့ ကြည်လင်လို့၊ ပြာလို့။ ခပ်လှမ်းလှမ်းက မြစ်စပ်ကမ်းပါး၌ အဆောက်အအုံသစ်တွေ ဆောက်နေတဲ့နေရာမှာ ကောင်ကလေးနှစ်ယောက် ငါးမျှားတံကိုယ်စီနဲ့ ရေစပ်မှာ ဆော့နေကြလေရဲ့။ ကောင်ကလေးတွေ ဆော့နေတာကို အတော်ကြာအောင် ကြည့်နေမိပြီးတဲ့နောက် ကျုပ်ရဲ့အတွေးဟာ ကြားလိုက်ရတဲ့ မတ်ဆူဒါရဲ့ သတင်းဆီ ရောက်သွားပြန်တယ်။

ကျုပ်အနေနဲ့ကလဲ မတ်ဆူဒါကို ထပ်ပြီး သွားရောက်တွေ့ဆုံမယ်ရယ်လို့ စိတ်ကူးရှိခဲ့ပါတယ်။ နိုရီကို အိမ်ထောင်ပြုဖို့ကိစ္စနဲ့ ပတ်သက်လို့ ပြန်ဆက်ကြတုန်းကလို့ ဆိုရမှာ။ သို့ပေတဲ့ ကျုပ်မှာက လွန်ခဲ့တဲ့တစ်လလောက်ကအထိ အာရကဝက ထွက်နိုင်တယ်ကို မရှိခဲ့ပါဘူး။ စိတ်ထဲကတွေ့ချင်တာ

http://www.cherrythitsar.org


သာရှိတာ မတ်ဆူဒါတစ်ယောက် ခုလို ဖြစ်သွားလိမ့်မယ်လို့ မရိပ်မိဘူးကိုး။ တကယ်လို့များသာ မတ်ဆူဒါတစ်ယောက် အဲဒီနေ့ နေ့ခင်းက သူရင်ဖွင့်ချင်တာကလေးများ ကျုပ်နဲ့ ပြောခဲ့ဆိုခဲ့ရလို့ ကျေကျေနပ်နပ်နဲ့ အသက်ထွက်သွားရလိမ့်လို့ ထင်မိတယ်။

သူ့အိမ်ရောက်တုန်းက မစ္စဆူဇူကီးက ကျုပ်ကို ချက်ချင်းမှတ်မိသွားတယ်။ အတော်ကလေး စိတ်လှုပ်ရှားသွားပုံပါပဲ။ ကြည့်ရတာ လွန်ခဲ့တဲ့ဆယ့်ရှစ်လလောက်က ကျုပ် မတ်ဆူဒါဆီ အလည်လာပြီးကတည်းက တခြားဧည့်သည်၊ စောင်သည် များများစားစား ရှိခဲ့ပုံမပေါ်ဘူး။

'ရှင် အရင်အခေါက်က လာတုန်းကထက်စာရင် အခုသူအတော်ကလေး မာပါတယ်'လို့ မစ္စဆူဇူကီးက ပြောပါတယ်။

ကျုပ်ကို ဧည့်ခန်းထဲမှာ နေရာချပြီးလို့ပဲ သိပ်မကြာခင် ကီမိုနိုခပ်ပွပွဝတ်ထားတဲ့ မတ်ဆူဒါဟာ တွဲတဲ့သူတွေ၊ ဘာတွေမပါဘဲ ထွက်လာပါတယ်။ ကျုပ်ကိုပြန်တွေ့ရလို့ သူ့ခမျာ ဝမ်းမြောက်နေရှာပါတယ်။ အတော်ကြာအောင်ပဲ နှစ်ယောက်စလုံး သိတဲ့မိတ်ဆွေတွေအကြောင်း၊ ဟိုဟိုဒီဒီ အသေးအမွှားကိစ္စတွေ ပြောမိကြပါတယ်။ မစ္စဆူဇူကီးက ကျုပ်တို့ဖို့ လက်ဖက်ရည်ယူလာပြီး ပြန်ထွက်သွားတဲ့ အထိပဲလို့ ကျုပ်ထင်တယ်။ ဒီတုန်း ကျုပ်က မတ်ဆူဒါကို ကျေးဇူးတင်ဖို့ တစ်ခုသတိရမိလိုက်ပါတယ်။ မကြာခင်က ကျုပ်နေထိုင်မကောင်းဖြစ်တုန်း သူရေးလိုက်တဲ့ အားပေးစာအတွက် ကျေးဇူးတင်ဖို့ပါ။

'ခင်ဗျားက အတော်ကြီး မြန်မြန်ဆန်ဆန်နဲ့ ပြန်ကောင်းလာတာပဲ အိုနို'လို့ မတ်ဆူဒါက မှတ်ချက်ချလိုက်ပါတယ်။ 'ခင်ဗျားကြည့်ရတာ မကြာခင်က နေထိုင်မကောင်း ဖြစ်ခဲ့တယ်လို့တောင် မထင်ရဘူး'

'ကျွန်တော် အတော်ကလေး နေထိုင်ကောင်းလာပါပြီ'လို့ ကျွန်တော်က ဖြေလိုက်မိပါတယ်။ 'ကိုယ့်ကိုကိုယ်တော့ သိပ်အပင်ပန်း မခံမိဖို့တော့ သတိထားနေရတယ်၊ သွားတဲ့လာတဲ့အခါတော့ ဒီတုတ်တစ်ချောင်း အားကိုးနေရသပေါ့ဗျာ၊ အဲဒီကလွဲရင် အရင်ကအတိုင်းပါပဲ'

'ကျုပ် နည်းနည်းစိတ်ပျက်သွားမိတယ် အိုနို၊ ကျုပ်ကထင်တာ၊ ကျုပ်တို့ အဘိုးကြီးနှစ်ယောက်သားထိုင်ပြီး ကျန်းမာရေးမကောင်းပုံတွေ ပြောကြရမယ် ထင်ထားတာ၊ ခုတော့ဗျာ ခင်ဗျားက အရင်တစ်ခေါက်က တွေ့ရတဲ့ အတိုင်းပဲ၊ ကျုပ်က ဒီမှာထိုင်ပြီး ခင်ဗျားရဲ့ကျန်းမာရေးကို အားကျနေရုံပဲရှိတယ်'

http://www.cherrythitsar.org


'မဟုတ်တာဘဲ မတ်ဆူဒါ၊ ခင်ဗျားကြည့်ရတာ အလွန်မာတာပဲ'

'အဲဒီစကားကိုတော့ ကျုပ် ယုံကြည်လာလောက်တဲ့အထိ ပြောရလိမ့်မယ် အိုနို'လို့ ပြောရင်း မတ်ဆူဒါက ရယ်လိုက်ပါတယ်။ 'ဟုတ်တော့၊ ဟုတ်သဗျ၊ ပြီးခဲ့တဲ့နှစ်ထဲမှာ ကျုပ်အသားအရေကလေး နည်းနည်းပြန်ဖြစ်လာတယ်၊ ဒါ့ထက်ပြောစမ်းပါဦး၊ နိုရီကိုတစ်ယောက် စိတ်ချမ်းသာရဲ့လား၊ သူ့မင်္ဂလာကိစ္စ ချောချောမောမော ပြီးမြောက်သွားတယ်လို့ ကြားလိုက်ရတယ်။ ခင်ဗျားအရင်တစ်ခေါက်လာစဉ်က သူ့နောင်ရေးအတွက် အတော်စိတ်ပူနေတာ မဟုတ်လား'

'အားလုံး ချောချောမောမောနဲ့ အဆင်ပြေခဲ့ပါတယ်၊ လာမယ့် ဆောင်းဦးမှာ မျက်နှာမြင်လိမ့်မယ်၊ သောကတွေပွားရပြီးတဲ့နောက်မှာ ခုလို အဆင်ပြေသွားခဲ့ရလို့ ကျုပ်အနေနဲ့ နိုရီကိုရဲ့ အနာဂတ်အတွက် မျှော်လင့်ချက်ရှိနိုင်ပြီလို့ ဆိုရမှာပဲ'

'လာမယ့် ဆောင်းဦးမှာ မြေးတစ်ယောက်ရဦးမှာဆိုတော့ ခင်ဗျား စိတ်ချမ်းမြေ့စရာ ရှိလာပြန်တာပေါ့'

'အင်း... ပြောရမယ်ဆိုရင် ကျုပ်သမီးအကြီးမက နောက်လမှာ ဒုတိယကလေး မျက်နှာမြင်ဦးမှာ၊ သူတို့ကလဲ ကလေးထပ်လိုချင်နေတယ်ဆိုတော့ အတော်ပါပဲ၊ သတင်းကောင်းပါပဲ'

'ဟုတ်ပ၊ မြေးနှစ်ယောက်ဆိုတော့ တွေးပြီးစိတ်ချမ်းသာစရာပဲ'

မတ်ဆူဒါဟာ အတော်ကြာ ထိုင်ရင်းပြုံးပြီး ခေါင်းတညိတ်ညိတ်လုပ်နေတယ်။ ပြီးမှဆက်ပြောပြန်တယ်။ 'ခင်ဗျား မှတ်မိလိမ့်ဦးမယ်လို့ ထင်တယ်၊ ကျုပ်ကတော့ ကိုယ့်ဘာသာ အလုပ်ရှုပ်နေခဲ့ရတော့ မင်္ဂလာကိစ္စမေ့တောင်နေမိတယ်၊ ခင်ဗျားနဲ့မိချိုကိုနဲ့ လက်မထပ်ခင်က ခင်ဗျားနဲ့ကျုပ်နဲ့ ငြင်းရခုံရတာတွေလေ'

ကျုပ်တို့နှစ်ယောက်စလုံး ရယ်မိလိုက်ကြပါတယ်။

'မြေးနှစ်ယောက်'လို့ မတ်ဆူဒါက ထပ်ပြောပြန်ပါတယ်။ 'ခုခင်ဗျား တွေးပြီး ဝမ်းသာနေနိုင်ပြီပေါ့ဗျာ'

'ဟုတ်ပ၊ ကျုပ်သမီးများ တွေးသလိုဆိုရရင် ကျုပ်ဟာ အလွန်ကံကောင်းပါတယ်'

'ဒါ့ထက် ကျုပ်ကိုပြောစမ်းပါဦး၊ ခင်ဗျား ခုပန်းချီဆွဲတုန်းပဲလား'

http://www.cherrythitsar.org


'ရေဆေးလေး ဘာလေးဆွဲပါတယ်၊ အချိန်ကုန်အောင် ဖြုန်းတဲ့ သဘောပါပဲ၊ သစ်ပင်ကလေး၊ ပန်းပွင့်ကလေးတွေ စသဖြင့်လောက်ပါပဲ၊ ကျုပ်ဘာသာ အပျင်းပြေပေါ့ဗျာ'

'ဘယ်လိုပဲဖြစ်ဖြစ် ခင်ဗျားပန်းချီဆွဲတယ်ဆိုတာ ကြားရတော့ ဝမ်းသာသဗျာ၊ အရင်တစ်ခေါက် ခင်ဗျားလာတုန်းကဆိုရင် ခင်ဗျားကြည့်ရတာ ပန်းချီဆွဲတာကို စွန့်လွှတ်ပစ်တော့မယ်လိုပဲ၊ အဲဒီတုန်းက ခင်ဗျားမှာ အတော့်ကို မရေမရာတွေ ဖြစ်နေတာ'

'ဟုတ်ပ၊ အဲဒီအတွက် သံသယများတောင် ဖြစ်စရာမလိုပါဘူး၊ ကျုပ် အတော်ကြာအောင် ပန်းချီမဆွဲခဲ့ဘူး'

'ဟုတ်တယ် အိုနီ၊ ခင်ဗျားက သိပ်လက်တွေ့ဆန်တာ'လို့ ပြောပြီး ကျုပ်ကိုကြည့်နေရင်း ပြုံးနေတယ်။ ပြီးတော့ ခုလိုဆက်ပြောပြန်တယ်။ 'သို့ပေတဲ့ ခင်ဗျားက အင်မတန်စိတ်ဓာတ်ကလဲ ထက်သန်သေးတာကိုး'

ကျုပ်က ပြန်ပြုံးပြလိုက်ရင်း 'ခင်ဗျားလိုပဲပေါ့ မတ်ဆူဒါ၊ ခင်ဗျား ဆိုရင်လဲ တရုတ်ပြည်နဲ့ ကျုပ်တို့ပြဿနာဖြစ်စဉ်က ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သေးတာပဲ၊ ဒီကိစ္စက သေးသေးမွှားမွှားကိစ္စမှ မဟုတ်တာ'လို့ပြော လိုက်ပါတယ်။

ပြီးတော့ ကျုပ်တို့နှစ်ယောက်စလုံး ရယ်မိကြတယ်။ မတ်ဆူဒါက ပြောပြန်တယ်။

'ခင်ဗျား မှတ်မိဦးမှာပါ အိုနီ၊ ကျုပ်က ခင်ဗျားကို အင်မတန် အလုကြိုက်ချည်ရဲ့လို့ ပြောခဲ့တာတွေလေ၊ ကျုပ်က ခင်ဗျားကို အမြင်ကျဉ်းတဲ့ ပန်းချီဆရာလို့ ခေါ်ခဲ့တာတွေလေ၊ ခင်ဗျားကလဲ အတော်စိတ်ဆိုးခဲ့တာပေါ့၊ အဆုံးမှာတော့ဗျာ၊ ကျုပ်တို့ နှစ်ယောက်စလုံးဟာ အမြင်မကျယ်ခဲ့ကြပါဘူး'

'ခင်ဗျားပြောတာ အမှန်ပဲ၊ သို့ပေတဲ့ တကယ်လို့သာ ခင်ဗျားတို့ ကျုပ်တို့ ဒီထက်ပိုပြီး ပီပီပြင်ပြင် ပြန်ပြီးသုံးသပ်ကြည့်မယ်ဆိုရင် ကျုပ်တို့ အတော်လုပ်ကိုင်ခဲ့ကြတာကလား၊ ဟိုစဉ်ကတော့ ခွန်နဲ့အားနဲ့၊ အစွမ်းနဲ့အစနဲ့ ကိုး၊ ခင်ဗျားမှတ်မိသေးလား၊ ဂျပန်ပြည်သစ် ပြန်လည်ထူထောင်ရေးလုပ်ငန်း တွေမှာ ခင်ဗျားနဲ့ကျုပ် အများကြီး လုပ်ကိုင်ခဲ့ကြတာတွေ'

http://www.cherrythitsar.org


'ဟုတ်တာပေါ့၊ အဲဒီတုန်းကဆို ကျုပ်တို့ရဲ့ အတိုက်အခံတွေကလဲ ထုနဲ့ထည်နဲ့၊ ဒေါသများလဲ ထွက်ခဲ့ကြရပေါ့၊ ကျုပ်ထင်တယ် အိုနို၊ ကျုပ်တို့ဟာ အတော့်ကို စိတ်အားထက်သန်ခဲ့ကြတယ်လို့'

'ဟုတ်ပါတယ်၊ သို့ပေတဲ့ ကျုပ်ကတော့ ဘယ်တော့မှ အမြင်မကြည်လင်ခဲ့ဘူး၊ ခင်ဗျားပြောသလို အမြင်ကျဉ်းတဲ့ပန်းချီရဲ့ အမြင်ပေကိုး၊ ခုထိ ကျုပ်ရပ်၊ ကျုပ်ရှာထက်ပိုပြီး ကမ္ဘာကြီးကို မမြင်နိုင်သေးဘူး'

ဒီတော့ မတ်ဆူဒါကပြောတယ်။ 'ခုနေတော့၊ ကျုပ်အဖို့မှာတော့ ကျုပ်ပန်းခြံကလေးထက် ပိုပြီး မမြင်မိတော့ဘူး၊ ဒီတော့ ခင်ဗျားက ကျုပ်ထက်ပိုပြီး အမြင်ကျယ်သပေါ့ အိုနို'

ကျုပ်တို့နှစ်ယောက်သား ထပ်ပြီးရယ်မိကြပြန်တယ်။ မတ်ဆူဒါက လက်ဖက်ရည်တစ်ငုံ သောက်လိုက်ပါတယ်။

'သို့ပေတဲ့ဗျာ၊ ကျုပ်တို့ကိုယ်ကျုပ်တို့ အပြစ်မတင်သင့်ပါဘူး'လို့ သူကပြောပြန်တယ်။

'ကျုပ်တို့ယုံကြည်တာ ကျုပ်တို့တတ်နိုင်သမျှ လုပ်ခဲ့ကြတာပဲ၊ သို့ပေတဲ့လဲ အဆုံးမတော့ ကျုပ်တို့က လူရိုးရိုးတွေပဲကိုး၊ လူရိုးရိုးဆိုတော့ ဘာမှအစွမ်းအစ မရှိကြဘူးပေါ့၊ အဲသလို ကာလကြီးမှာ ဘာအစွမ်းအစမှ မရှိတဲ့လူတွေ ဖြစ်ခဲ့ကြရတာဟာ ကျုပ်တို့ကံပဲပေါ့'

အတော်ကလေးနွေးတဲ့ နွေဦးရဲ့နေ့ခင်းမို့ မစ္စဆူဇူကီးက လိုက်ကာကို အတော်ကလေး ဖွင့်ထားလိုက်တယ်။ ကျုပ်ထိုင်နေတဲ့နေရာက ကြည့်လိုက်တော့ အရောင်တင်ဆီသုတ်ထားတဲ့ ဝရန်တာဘက်မှာ ရောင်ပြန်ထွက်နေတဲ့ နေရောင်ခြည်ကို တွေ့နေရတယ်။ စောစောက မတ်ဆူဒါပြောပြတဲ့ သူ့ရဲ့ပန်းခြံကလေးကိုလဲ စိတ်ဝင်စားလာမိတယ်။ မီးခိုးနဲ့ သင်းသင်းကလေးပါတဲ့ လေဖျော့ဖျော့လေး အခန်းထဲဝင်လာတယ်။ ကျုပ်လဲ အသာထရပ်လိုက်ပြီး လိုက်ကာအနား သွားကြည့်နေမိတယ်။

'မီးခိုးနံ့ကတော့ဗျာ၊ ကျုပ်ကိုခုထိ ကသိကအောက်ဖြစ်နေစေတုန်းပဲ' လို့ မှတ်ချက်ချမိလိုက်တယ်။ 'အရင်မကြာသေးခင်ကဆို ဒီအနံ့မျိုးက ဗုံးကျတာ၊ မီးလောင်တာတွေပဲပေါ့' ပန်းခြံကလေးကို အတော်ကြာငေးကြည့်

http://www.cherrythitsar.org



နေမိရင်း ပြောလိုက်မိပြန်တယ်။ ‘နောက်လဆို မိချိုကိုဆုံးတာ ငါးနှစ်ပြည့် သွားပြီ’

မတ်ဆူဒါကတော့ ငြိမ်နေတယ်။ ပြီးတော့မှ ကျုပ်နောက်ဘက်က ထွက်လာတဲ့သူ့အသံ ကြားလိုက်ရတယ်။ ‘ခုအခါမှာတော့ဗျာ၊ မီးခိုးနံ့ရရင် အိမ်နီးချင်းတစ်ယောက်ယောက်ဟာ ခြံရှင်းနေတယ်လို့ သိရတာပေါ့’

အိမ်ထဲ တစ်နေရာရာက နာရီထိုးသံ ကြားလိုက်ရမိတယ်။

‘ငါးတွေတောင် အစာကျွေးချိန်တန်ပေါ့’လို့ မတ်ဆူဒါက ပြောလိုက်ပါတယ်။ ‘ပြောရဦးတော့မယ်၊ ငါးတွေကို ကျုပ်အစာကျွေးနေကျ၊ လွန်ခဲ့တဲ့ လေးငါးလလောက်က လေကားထစ်လုပ်ထားတဲ့ ကျောက်တုံးပေါ်မှာ ကျုပ်က ခြေချော်ပြီးလဲပါလေရော၊ အဲဒီကတည်းကပဲဆိုပါတော့၊ မစ္စဆူဇူကီးက ကျုပ်ကို ငါးအစာဆင်းကျွေးခွင့် မပြုတော့ဘူး၊ ခုလို ငါးအစာဆင်းကျွေးခွင့်ရအောင် သူ့ကိုအတော်ကြာအောင် ပြောရသေးတာ’

မတ်ဆူဒါဟာ မတ်တတ်ထရပ်လိုက်ပြီး ပေါ့ပေါ့ပါးပါးဝတ်လို့ရတဲ့ ခြေညှပ်ဖိနပ်ကို ဝတ်လိုက်ပါတယ်။ ပြီးတော့ ကျုပ်တို့နှစ်ယောက်သား ပန်းခြံကလေးထဲကို ဆင်းလာလိုက်ကြတယ်။ ကန်ကလေးဟာ ပန်းခြံရဲ့တစ်ဖက် အခြမ်းမှာပါ။ နေရောင်ခြည်အောက်မှာ ကျုပ်တို့လဲ သတိထားပြီး ကျောက်တုံး တွေနင်းရင်း ကန်ကလေးရှိရာဖက်ကို လျှောက်လာခဲ့ကြပါတယ်။ သတိထား ရတာက ကျောက်တုံးတွေပေါ်မှာက ရေညှိတွေရှိတာကိုး။

ကန်ကလေးရဲ့အစပ်မှ ကျုပ်တို့နှစ်ယောက်သား စိမ်းမှောင်နေတဲ့ ရေပြင်ကိုကြည့်ရင်း အတော်ကြာအောင် ရပ်နေမိကြတယ်။ အဲဒီတုန်း အပေါ် ဖက်က အသံကြားလိုက်လို့ မော့ကြည့်မိလိုက်ကြပါတယ်။ ကျုပ်တို့ရပ်နေ တာနဲ့ သိပ်မဝေးပါဘူး။ လေးငါးနှစ်သား ကောင်ကလေးတစ်ယောက်ရယ်၊ သစ်ကိုင်းတစ်ကိုင်းကို လက်နှစ်ဖက်နဲ့ခိုစီးရင်း ခြံစည်းရိုးကိုကျော်ပြီး ကျုပ်တို့ ကို ကြည့်နေတာကိုး။ မတ်ဆူဒါက ပြုံးရင်း လှမ်းပြောလိုက်ပါတယ်။

‘ဟော့… ကောင်ကလေး၊ မင်္ဂလာရှိတဲ့ နေ့ခင်းပါ’

ကောင်ကလေးဟာ အတော်ကြာအောင် အကြောင်သားနဲ့ ကျုပ်တို့ ကိုကြည့်ပြီး ထွက်ပြေးသွားပါလေရော။ မတ်ဆူဒါက ပြုံးလိုက်ပြီး ငါးတွေကို စပြီး အစာကျွေးနေတော့တယ်။

http://www.cherrythitsar.org


'အိမ်နီးနားချင်းကောင်လေးပါ'လို့ ပြောပြတယ်။ 'နေ့တိုင်းလို ဒီအချိန်ဆိုရင် သစ်ပင်ပေါ်တက်ပြီး ကျုပ်ငါးအစာကျွေးနေတာကို ကြည့်နေတတ်တယ်၊ ရှက်တတ်ပုံရတယ်၊ ကျုပ်က သူ့ကို ကြိုးစားပြီး စကားပြောကြည့်တယ်၊ သို့ပေတဲ့ သူက ထွက်ပြေးသွားပါလေရော' မတ်ဆူဒါဟာ သူ့ဘာသာရယ်လိုက်ပါတယ်။ 'တစ်ခါတလေ ကျုပ်ဘာသာ တွေးကြည့်မိတယ်၊ ဘာဖြစ်လို့ အဲဒီကောင်လေးဟာ နေ့စဉ်အပင်ပန်းခံပြီး ကျုပ်ကို လာကြည့်တယ်ဆိုတာ။ တကယ်တော့ ဘာမှထွေထွေထူးထူး ကြည့်စရာမှ ရှိတာ မဟုတ်တာ။ တုတ်တစ်ချောင်းနဲ့ အဘိုးကြီးတစ်ယောက် ငါးအစာကျွေးနေတာ ဘာများ ထူးဆန်းတာမှတ်လို့'

ကျုပ်လဲ ခုနက ကောင်လေးတွေ့လိုက်ရတဲ့ ခြံစည်းရိုးကိုကျော်ပြီး ကြည့်နေလိုက်မိတယ်။ ပြီးတော့မှ ပြောလိုက်မိတယ်။ 'ဒီနေ့တော့ ကောင်ကလေး အံ့အားသင့်သွားမယ်၊ ဒီနေ့ ရေကန်ဘေးမှာ တုတ်ကောက်ကိုယ်စီနဲ့ ရပ်နေတာ အဘိုးကြီးနှစ်ယောက်ကိုး'

မတ်ဆူဒါဟာ အားပါးတရရယ်လိုက်ရင်း ငါးတွေကို အစာဆက်ကျွေးနေပါတယ်။ ငါးနှစ်ကောင်၊ သုံးကောင်ဟာ ရေမျက်နှာပြင်ပေါ် တက်လာပြီး အစာစားနေကြပါတယ်။ နေရောင်အောက်မှာတော့ ငါးအကြေးခွံတွေဟာ အရောင်တောက်နေတာပေါ့။

'စစ်အရာရှိတွေ၊ နိုင်ငံရေးသမားတွေ၊ စီးပွားရေးသမားတွေ'လို့ အစချီရင်း မတ်ဆူဒါကပြောပါတယ်။ 'ဒီနိုင်ငံမှာ ဖြစ်ပျက်ခဲ့ရတာတွေနဲ့ ပတ်သက်လို့ သူတို့တစ်တွေ အပြစ်တင်ခံနေကြရရှာတယ်၊ ခင်ဗျားတို့၊ ကျုပ်တို့ လုပ်ခဲ့ကိုင်ခဲ့ကြတာတွေဟာ အမြဲဘာမှအရေးမပါသလို ချန်ထားပစ်ခဲ့ကြတယ် အိုနို၊ တစ်ခါက ခင်ဗျားတို့၊ ကျုပ်တို့ လုပ်ခဲ့ကိုင်ခဲ့ကြတာတွေကို ခုအခါမှာတော့ ဘယ်သူမှ သိပ်ပြီး ဂရုမစိုက်ကြတော့ဘူး၊ သူတို့မျက်စိထဲမှာတော့ တုတ်ကောက်ကိုယ်စီနဲ့ အဘိုးကြီးနှစ်ယောက်ပဲ မြင်တော့မှာပေါ့' သူက ကျုပ်ကို ပြုံးရင်း ကြည့်လိုက်ပြီး ငါးအစာဆက်ကျွေးနေပြန်တယ်။ 'တကယ်တော့ ခင်ဗျားတို့၊ ကျုပ်တို့ကသာ တကယ်တမ်း ပူပင်ခဲ့ကြရတာပါ အိုနို၊ ခင်ဗျားတို့၊ ကျုပ်တို့ရဲ့ နောက်ကြောင်းကိုပြန်ကြည့်စမ်း၊ မတော်မတည့်တွေ လုပ်ခဲ့ကြတာတွေလဲ တွေ့ကြရမှာပါ၊ သို့ပေတဲ့ ကျုပ်တို့ကသာ ခုထိ ပူရပင်ရတာပါ'

http://www.cherrythitsar.org


အဲဒီနေ့ခင်းတုန်းက အဲဒီလို ပြောခဲ့ဆိုခဲ့ကြပေတဲ့ မတ်ဆူဒါရဲ့ဟန်ပန် ကြည့်ရရုံနဲ့ သူဟာ စိတ်ကူးယဉ်နေတဲ့ လူတစ်ယောက် မဟုတ်ဘူးဆိုတာ ပြောနိုင်ပါတယ်။ ဒါကြောင့်လဲ သူမျက်ကွယ်ပြုသွားတဲ့အခါမှာ ထင်ချင်ရာ ထင်၊ တွေးချင်ရာတွေးရင်း မျက်ကွယ်ပြုသွားမှာ မဟုတ်ပါဘူး။ သူ့အနေနဲ့ နောက်ကြောင်းပြန်ကြည့်တဲ့အခါ မတော်မတည့်တာတွေလို့ မြင်မိတာတွေ ရှိခဲ့မှာပါ။ သို့ပေတဲ့ ဒီလိုဖြစ်ခဲ့ရတာတွေကိုက သူ့အနေနဲ့ ဂုဏ်ယူစရာတွေပဲ လို့လဲ သဘောပေါက်ခဲ့မယ် ထင်ပါတယ်။ သူပြောခဲ့သလိုပါပဲ။ သူတို့၊ ကျုပ်တို့အနေနဲ့က ဟိုအခါက ဘာကိုပဲလုပ်လုပ်၊ စိတ်ရင်းကောင်းနဲ့သာ လုပ်ခဲ့ကြတာပါ။ တစ်ခါတလေတော့လဲ ကိုယ့်အမြင်နဲ့ကိုယ် တစ်ဇွတ်ထိုး လုပ်မိခဲ့တာတွေလဲ ရှိတော့ရှိခဲ့တာပေါ့လေ။ အဲဒီလိုလုပ်ခဲ့တာကလဲ ကိုယ်ဖြစ် ကိုယ်ခံဆိုတဲ့သဘောမျိုးနဲ့ပါ။ အဲဒီလိုပဲ လူတစ်ယောက်အနေနဲ့ ဆုံးဖြတ်ချက် တစ်ခုခုကို ပြတ်ပြတ်သားသား ချထားမိခဲ့တဲ့အခါ ကိုယ့်ရဲ့ဆန္ဒသဘောထားကို အမှန်အတိုင်း ထုတ်ဖော်ပြောလို့ မဖြစ်တော့တဲ့ အခြေအနေမျိုးကို ရောက်ခဲ့ ရတာတွေလဲ ရှိမှာပါ။ တကယ်လို့ မတ်ဆူဒါဟာ သူ့ရဲ့အတိတ်ဖြစ်ရပ်တွေကို ပြန်ကြည့်တဲ့အခါ အဲဒီလိုလဲ မြင်ခဲ့မှာပါလို့ ကျုပ်ယုံကြည်နေမိတယ်။

အဖြစ်အပျက်တစ်ခုများ မှတ်မိနေပါသေးတော့။ ၁၉၃၈ ခုနှစ်၊ မေလထဲတုန်းကပေါ့။ ကျုပ် ရှိဂီတဖောင်ဒေးရှင်းက ပေးတဲ့ဆုရပြီး မကြာခင် ကလေးတင်ပဲ။ အဲဒီတုန်းက ကျုပ်လဲ ဆုအတော်များများ ရဖူးပြီးသားပါ။ ရှိဂီတဖောင်ဒေးရှင်းက ပေးတဲ့ဆုကိုတော့ လူအတော်များများ အပြောအရတော့ ဘဝအတွက် အတော်ကလေး အရေးပါတဲ့ ဆုတစ်ခုပေါ့ဗျာ။ တစ်ဆက်တည်း ကျုပ်မှတ်မိနေသေးတာက အဲဒီတုန်းက ကျုပ်တို့ရဲ့ ဂျပန်ပြည်သစ်တည်ရေး အတွက် စည်းရုံးရေးပြီးတဲ့ ရက်သတ္တပတ်ပေါ့။ စည်းရုံးရေးက တော်တော် လေး အောင်မြင်တာပါ။ ဆုပေးပွဲပြီးတဲ့ နောက်တစ်ညပေါ့။ မီဂီဟီဒရီမှာ ကျုပ်အပေါင်းအသင်းတွေ၊ လုပ်ဖော်ကိုင်ဖက်တွေ၊ တပည့်တပန်းတွေနဲ့ထိုင်ပြီး သောက်ကြစားကြရင်း ကျုပ်ကို တစ်ယောက်ပြီးတစ်ယောက် ဂုဏ်ပြုစကား တွေ ပြောနေကြတုန်းပေါ့။ အဲဒီညက မီဂီဟီဒရီကို ရောက်တဲ့လူတိုင်းက ကျုပ်ကိုဂုဏ်ပြုနေကြတာကလား။ ပြောရစေတော့ရဲ့၊ ကျုပ်နဲ့တစ်ခါကမှ မတွေ့ဖူး၊ မဆုံဖူးတဲ့ ပုလိပ်မင်းကြီးတောင် လာပြီး ကျုပ်ကိုဂုဏ်ပြုနေသေး တာ။ အဲဒီညက ပျော်တာတော့ ပျော်ပါတယ်။ သို့ပေတဲ့ ဆုရတဲ့အတွက် အောင်မြင်မှု၊ ကျေနပ်နှစ်သိမ့်မှုတွေနဲ့ ပတ်သက်လို့ ကျုပ်မှာ ထိထိ

http://www.cherrythitsar.org


ရောက်ရောက် ခံစားချက်တွေ ရှိမနေခဲ့ဘူး။ အံ့ဩလောက်အောင် ပျောက်ဆုံးနေခဲ့တယ်။ တကယ်တော့ အဲဒီခံစားချက်ကို နောက်လေးငါးရက်လောက်ကျမှ မြို့ပြင်ဘက် ဝါကဘာအရပ်က တောင်ကုန်းကလေးတွေပေါ် ရောက်တော့မှ သတိထား ခံစားမိတယ်။

ဝါကဘာကို ပြန်ရောက်တာ တစ်ဆယ့်ခြောက်နှစ်အတွင်း ပထမဆုံးအကြိမ်ပဲ။ မိုရိစံရဲ့အိမ်က ကျုပ်ထွက်လာခဲ့ကတည်းက ဆိုပါတော့။ အဲဒီတုန်းကတော့ ကျုပ်မှာ ဘာမှ အနာဂတ်အတွက် မျှော်လင့်စရာမရှိဘူးဆိုတဲ့ အမြင်နဲ့ ကြောက်ကြောက်လန့်လန့်ကိုး။ အဲဒီကာလအတွင်းက ကျုပ်ဟာ မိုရိစံနဲ့ အဆက်အသွယ်မှန်သမျှ ဖြတ်ခဲ့ပေတဲ့ ကျုပ်ရဲ့ ဆရာအိုကြီးသတင်းကို နားစွင့်နေခဲ့ပါတယ်။ ဆရာကြီးရဲ့ဂုဏ်သိက္ခာလဲ တဖြည်းဖြည်းကျဆင်းနေတာလဲ ကြားနေရပါတယ်။ ဆရာကြီးဟာ အုတာမာရိုး အစဉ်အလာထဲကို ဥရောပဟန်တွေ လွှမ်းမိုးလာစေဖို့ အားထုတ်တဲ့ကိစ္စမှာ တကယ်တော့ မျိုးချစ်စိတ်မရှိတာဘဲလို့ သတ်မှတ်လာကြပါတယ်။ သူ့ပြပွဲတွေကလဲ သိပ်အခြေအနေမကောင်းတော့ဘူး။ ဆရာကြီးဟာ ဝမ်းရေးအတွက် နာမည်ကြီးမဂ္ဂဇင်းတစ်ခုမှာ ရုပ်ပြရေးစားနေရတယ်တောင် ကြားရပါတယ်။ ကြားရတာက တစ်နေရာတည်းက မဟုတ်ပါဘူး။ တစ်ချိန်တည်းမှာပဲ ဆရာကြီးဟာ ကျုပ်လိုပဲ အနုပညာသည်ဘဝ တည်ဆောက်ရေးလမ်းကြောင်းကို လိုက်မယ်လို့ ယုံနေမိပါတယ်။ ရှိဂီတဖောင်ဒေးရှင်းကဆု ကျုပ်ရတဲ့အကြောင်းလဲ ဆရာကြီး ကြားလိမ့်မယ်လို့ ထင်ပါတယ်။ ကာလတရားရဲ့ ပြောင်းလဲသွားတဲ့အထဲမှာ ကျုပ်တို့တွေရဲ့ အနေအထားလဲ ပြောင်းလဲသွားခဲ့ပြီဆိုတာ သတိတရ ရှိလိုက်တာနဲ့ ကျုပ်လဲ အဲဒီနေ့က ဝါကဘာသွားဖို့ ရထားပေါ်က ဆင်းလိုက်မိတယ်။

အဲဒီတုန်းက နွေဦးရဲ့ နေ့လယ်ခင်းတစ်ခုပေါ့။ မိုရိစံရဲ့ အိမ်ရှိရာဖက်ကို သစ်တောထဲကဖြတ်ပြီး တောင်လမ်းကလေးအတိုင်း ကျုပ်တက်လာခဲ့တယ်။ တစ်ခါက ကျုပ်နဲ့ရင်းနှီးခဲ့ပြီးသား အရပ်ဖြစ်လေတော့ ကျုပ်အဖို့ အတိတ်ကို တမြုံ့မြုံ့ခံစားရင်း လျှောက်နေမိတယ်။ တစ်ချီတစ်ချီ မိုရိစံနဲ့ ကျုပ်များ ပြန်တွေ့ကြရင် ဘယ်လိုနေကြမယ်ဆိုတာကို တွေးကြည့်လိုက်မိတယ်။ သူ့အနေနဲ့က ကျုပ်ကို ဂုဏ်ယူစရာ ဧည့်သည်တစ်ယောက်အနေနဲ့ လက်ခံကောင်း လက်ခံမယ်။ ဒီလိုမှမဟုတ်ရင်လဲ သူ့အိမ်မှာ ကျုပ်နေခဲ့တဲ့ နောက်ဆုံးရက်ပိုင်းတွေမှာလို ခပ်တန်းတန်း၊ ခပ်စိမ်းစိမ်းနေမယ်။ ဒီလိုမှ

http://www.cherrythitsar.org



မဟုတ်သေးရင်လဲ ဟိုစဉ်က သူ့ရဲ့တပည့်ကျော်အဖြစ်နဲ့ ဆက်ဆံတာမျိုး ဆက်ဆံလိမ့်မယ်။ ဒါကတော့ ခုလို သူနဲ့ကျုပ် အနေအထားတွေ မပြောင်းခင် ကပေါ့လေ။ အဲဒီဟာတွေ စဉ်းစားမိတုန်း ကျုပ်ကကော သူ့ကိုဘယ်လို ဆက်ဆံရမယ်ဆိုတာ တွေးမိပြန်တယ်။ အရင်ကလိုပဲ 'ဆရာကြီး'လို့ ခေါ်မလား။ ဒါမှမဟုတ်ရင် အနုပညာမိတ်ဆွေအနေနဲ့ ဆက်ဆံမလား။ တကယ်လို့မှ သူက ကျုပ်ရဲ့ လက်ရှိအနေအထားကို အသိအမှတ်ပြုပုံ မပေါ် ရင်တော့ ထိထိမိမိကလေးလဲ ဖြစ်အောင် ဟာသကလေးနှောပြီး ဒီလိုပြောမလား စဉ်းစားမိတယ်။ 'မိုရိုစံ၊ ခင်ဗျားတစ်ခါက ကျုပ်အတွက် စိတ်ပူသလို အခု ကျုပ် ရုပ်ပြဇာတ်လမ်းတွေရေးပြီး အချိန်ဖြုန်းမနေပါဘူး'

တောင်လမ်းတွေထဲ လျှောက်နေတုန်း မိုရိုစံအိမ်ကို သစ်ပင်အုပ်တွေ အကြားထဲမှာ တွေ့နေရတတ်တယ်။ အရင်နှစ်ပေါင်းအတော်ကြာက သာယာ ခဲ့မိတဲ့ မြင်ကွင်းမို့ ကျုပ်ရပ်ပြီး ကြည့်လိုက်မိတယ်။ လေဟာ ခပ်ပြင်းပြင်း ကလေး တစ်ချက်တိုက်လိုက်ပါတယ်။ အောက်ဖက်နားက သစ်ပင်တွေဟာ ဘယ်ညာယိမ်းသွားပါတယ်။ မိုရိုစံရဲ့အိမ်ဟာ ပြန်ပြီးများ ပြင်ဆင်ထားရော့ သလားလို့ ကျုပ်တွေးကြည့်လိုက်မိပေတဲ့။ ခုလို ခပ်လှမ်းလှမ်းကဆိုရင် အသေ အချာတော့ ပြောနိုင်လိမ့်မယ် မထင်ဘူး။

အတော်ကလေးကြာတော့ တောင်ကြောကလေးတစ်နေရာက မြက်ရိုင်းပင်တွေအကြားမှာ ထိုင်ပြီး မိုရိုစံရဲ့အိမ်ကို ကြည့်နေလိုက်မိတယ်။ ရွာက၊ ဘူတာရုံကဝယ်လာတဲ့ လိမ္မော်သီးတွေကို ထုတ်ပြီး တစ်လုံးပြီးတစ်လုံး စားနေမိတယ်။ အဲဒီမှာထိုင်ပြီး မိုရိုစံအိမ်ကိုကြည့်ရင်း လိမ္မော်သီးတစ်လုံးပြီး တစ်လုံး အရသာခံစားနေတုန်း အောင်မြင်မှုနဲ့ ကျေနပ်နှစ်သိမ့်မှု အရသာတွေကို အရသာရှိရှိ ခံစားလာမိတယ်။ အဲဒီအရသာကဖြင့် ပြောပြလို့ လွယ်လှမယ် မထင်ဘူး။ အောင်မြင်မှုကလေးတွေ ရခဲ့စဉ်က အရသာမျိုးနဲ့လဲ မတူဘူး။ ကျုပ်ပြောခဲ့သလိုပေါ့။ မီဂီဟီဒရီမှာ ဂုဏ်ပြုကြ၊ စားကြ၊ သောက်ကြတုန်းက နဲ့လဲ မတူဘူး။ ဒီအရသာက နက်နဲတယ်။ လူတစ်ယောက်ရဲ့ ယုံကြည်ချက်၊ ဆုံးဖြတ်ချက်ဟာ မှန်ကန်ခဲ့တယ်ဆိုတာကို သိလိုက်ရတဲ့ ပီတိပဲ။ လူ တစ်ယောက်ရဲ့ အားထုတ်ကြိုးပမ်းခဲ့ရတာ၊ သံသယတွေကို ကျော်လွှားနိုင်ခဲ့ တာ၊ ဒါတွေဟာ လုပ်သင့်လုပ်ထိုက်တာတွေပဲ။ အဲဒီ အားထုတ်မှုတွေအတွက် ရရှိလိုက်တဲ့ တကယ့်တန်ဖိုးတစ်ရပ်၊ ဝိသေသလက္ခဏာတစ်ရပ်ကိုး။ ဒီတော့လဲ အဲဒီနေ့က မိုရိုစံအိမ်ဖက်ကို ကျုပ် ဆက်ပြီးမသွားတော့ဘူး။ ဘာမှ အဓိပ္ပာယ်

ရှိမှာမှ မဟုတ်ဘဲကိုး။ အဲဒီနေရာကလေးမှာတင် ကျုပ် တစ်နာရီလောက် ထိုင်နေလိုက်မိတော့တယ်။ လိမ္မော်သီးတွေစားရင်း အလွန်ကျေနပ်နှစ်သိမ့် နေမိခဲ့ပါတယ်။

ကျုပ်ထင်ပါတယ်။ လူအတော်များများမှာ အဲဒီလိုမျိုး ခံစားချက် တွေ့ကြုံခဲ့ရမှာ မဟုတ်ဘူးလို့ ကျုပ်ထင်မိပါတယ်။ ငလိပ်တို့လို၊ ရှင်တားရိုး တို့လို ရိုးရိုးသားသား ကြိုးကြိုးစားစားရှိပေတဲ့ အမြော်အမြင်မရှိတဲ့သူတွေ၊ မော်မော်ကြွားကြွား၊ စော်စော်ကားကားမရှိပေတဲ့ အတိုင်းအတာတစ်ခုအထိ လုပ်နိုင်စွမ်းရှိသူတွေ၊ သူတို့တွေအဖို့တော့ အဲဒီနေ့က ကျုပ်ရခဲ့တဲ့ ပျော်ရွှင်မှုမျိုး အကြောင်း သိတောင်သိကြမှာ မဟုတ်ဘူး။ ဒီလို လူမျိုးတွေအဖို့က သာမန် ဘဝအနေအထားထက် ကျော်လွန်ဖို့ အရာရာကို စွန့်လွှတ်တန် စွန့်လွှတ်ရမယ် ဆိုတာကိုတောင် သိမှာမဟုတ်ဘူး။

မတ်ဆူဒါကိစ္စကတော့ တစ်မျိုးပါ။ သူနဲ့ကျုပ်က မကြာမကြာ ငြင်းရခုံရပေတဲ့ ဘဝကိုချဉ်းကပ်ရာမှာတော့ တသားတည်းပဲ။ မတ်ဆူဒါအနေနဲ့ ပြန်ကြည့်တဲ့အခါမှာလဲ အဲဒီလိုတော့ မြင်မှာပဲလို့ ကျုပ်ယုံတယ်။ နောက်ဆုံး အကြိမ် သူနဲ့စကားပြောကြစဉ်က သူက ကျုပ်ကို ပြောခဲ့တဲ့စကား ပြန်နား ထောင်ကြည့်ရင် တွေ့ရပါလိမ့်မယ်။ အဲဒီတုန်းက သူကပြုံးပြီး ကျုပ်ကို 'ကျုပ်တို့ဟာ အနည်းဆုံး ကျုပ်တို့ ယုံကြည်တဲ့အတိုင်း လုပ်တယ်၊ ကျုပ်တို့ လုပ်နိုင်သမျှ လုပ်တယ်'လို့ ပြောခဲ့တာ။ ဘယ်သူမျိုးမဆိုပါ။ တစ်နေ့နေ့မှာ ကိုယ့်အောင်မြင်မှုကိုပြန်ပြီး သုံးသပ်ကြည့်မယ်ဆိုရင် လူတစ်ယောက်ရဲ့ ဘဝတာအတွင်းမှာ ကျေနပ်နှစ်သိမ့်ဖို့ ကောင်းတဲ့အခါ တစ်ခု၊ နှစ်ခုတော့ ရှိခဲ့တယ်ဆိုတာ တွေ့ရမှာပါ။ ဟိုနေ့က တောင်ပေါ်လမ်းကလေးမှာ ကျုပ်ရ ခဲ့တဲ့ အတွေ့အကြုံမျိုးပေါ့။

မနေ့ကတော့ တံ့ဆိုင်းခြင်းတံတားကလေးပေါ်မှာ ရပ်ပြီး မတ်ဆူဒါ အကြောင်း တွေးနေပြီးတဲ့နောက် အရင်က အပျော်အပါးတွေရှိတဲ့ ရပ်ကွက်ဖက် လျှောက်လာမိတယ်။ အဲဒီနေရာမှာ အကုန်လုံးပြန်ပြီး ဆောက်နေကြတော့ အတော်ကလေး မှတ်မိဖို့တောင် မလွယ်ဘူး။ အရင်က ရပ်ကွက်အလယ် ကောင် လမ်းကျဉ်းကျဉ်းကလေးထဲမှာ ပိတ်စပေါ်ရေးထားတဲ့ ဆိုင်းဘုတ်မျိုးစုံ၊ လုပ်ငန်းမျိုးစုံ ရှိတဲ့နေရာမှာ ကွန်ကရစ်လမ်းကျယ်ကြီးဖြစ်လို့။ နေထွက်က နေဝင် ထရပ်ကားကြီးတွေလဲ မပြတ်အောင် သွားလာနေကြရဲ့။ အရင်က မစ္စစ်ကာဝကာမိရဲ့ဆိုင်ရှိတဲ့ နေရာမှာဆိုရင် မျက်နှာစာမှာ မှန်အပြည့်ကာထားတဲ့

http://www.cherrythitsar.org



လေးထပ်တိုက်၊ ရုံးအဆောက်အအုံကြီး။ ပတ်ပတ်လည်မှာလဲ အဲဒီလိုမျိုး အဆောက်အအုံတွေ အပုံကြီး။ နေ့ဖက်များမှာဆိုရင် ရုံးအလုပ်သမားတွေ၊ ပစ္စည်းပစ္စယသယ်တဲ့လူတွေ၊ ပို့တဲ့လူတွေနဲ့ ရှုပ်နေတာ။ ဘားဆိုင်တွေလဲ မရှိတော့ဘူး။ ဖူရူကာဝ ရောက်မှပဲ တွေ့ရတော့တယ်။ ဟိုတုန်းကရှိခဲ့တဲ့ ခြံစည်းရိုး အပိုင်းအစကလေးတွေ သစ်ပင်တစ်ပင်နှစ်ပင် စသဖြင့်တော့ ဟိုနား ဒီနား တွေ့ရတတ်သပေါ့။ အရင်ကရှိခဲ့တာတွေကို မှတ်မိနိုင်တာကလေးတွေ ပေါ့လေ။ ပတ်ဝန်းကျင်အသစ်အတွက် သိပ်သဟဇာတမဖြစ်တဲ့ မြင်ကွင်းပေါ့။

အရင်က မီဂီဟီဒရီ ရှိခဲ့တဲ့နေရာဟာ ရုံးလုပ်ထားတဲ့ အဆောက် အအုံတစ်ခုအတွက် ကားတွေရပ်ဖို့ နေရာလုပ်ထားကြလေရဲ့။ ရာထူးကြီးကြီးနဲ့ လူတွေကတော့ အဲဒီမှာ သူတို့ကားတွေ ရပ်ကြလေရဲ့။ ဒါပေတဲ့ အဆောက် အအုံတွေအပြင်ဘက် နေရာအတော်များများကတော့ အလွတ်ထားပြီး ဟိုဟိုဒီဒီ မှာ သစ်ပင်ပေါက်တွေ စိုက်ထားကြတယ်။ အဲဒီရဲ့ရှေ့ဘက်၊ လမ်းဘက် မျက်နှာမူနေတဲ့ဘက်မှာတော့ ပန်းခြံတွေထဲမှာ တွေ့ရတတ်တဲ့ ခုံတန်းရှည် တစ်လုံးချထားတယ်။ ဘယ်လို လူမျိုးထိုင်ဖို့ ချထားမှန်းတော့ မသိဘူး။ ဘာဖြစ်လို့လဲဆိုရင် ချထားတဲ့နေရာဟာ အရင်က မီဂီဟီဒရီ ရှိစဉ်က ကျုပ်တို့ စားပွဲချထားလေ့ ရှိတဲ့နေရာနဲ့ အတော်နီးစပ်မယ်ထင်တယ်။ ဒီတော့လဲ ကျုပ်က အဲဒီမှာဝင်ပြီး ထိုင်မိတတ်တယ်။ တကယ်တော့ အများသူငါ ထိုင်ဖို့ထားတာ ဟုတ်ချင်မှဟုတ်မှာ။ သို့ပေမယ့် လမ်းဘက်နဲ့ အတော်နီးနေလေတော့ ကျုပ် ဝင်ပြုထိုင်တဲ့အခါ ဘယ်သူကမှ ခုထိတော့လာပြီး မောင်းမထုတ်သေးပါဘူး။ မနေ့နံနက်ကတောင် ဝင်ထိုင်မိသေးတယ်။ နေကလဲ သာတာကိုး။ အတော် ကြာကြာလေးထိုင်ရင်း လှုပ်ရှားသွားလာ ဖြစ်ပျက်နေတာတွေ ကြည့်နေမိသေး တယ်။

လမ်းတစ်ဘက်က အရင်တုန်းက မစ္စစ်ကာဝကာမိဆိုင် ရှိတဲ့နေရာမှာ မျက်နှာစာမှန်အပြည့်နဲ့ အခုရုံးလုပ်ထားတဲ့ အဆောက်အအုံ ရှိနေတယ်။ အဲဒီအထဲက ရုပ်အင်္ကျီအဖြူဝတ်ထားတဲ့ အလုပ်သမားတစ်သိုက် ထွက်လာတာ တွေ့ရတော့ နေ့ခင်း ထမင်းစားချိန်လောက် ရှိလိမ့်မယ်လို့ ကျုပ်ထင်လိုက်မိ တယ်။ ကျုပ်ကြည့်နေရင်း ဒီလူငယ်တွေဟာ ဘယ်လောက်များ စိတ်ဓာတ် တက်တက်ကြွကြွနဲ့ အကျိုးပြုစိတ်ဓာတ်တွေ ရှိကြမယ်ဆိုတာ တွေးနေမိတယ်။ အဆောက်အအုံထဲက ထွက်လာတဲ့ လူငယ်နှစ်ယောက်ဟာ လမ်းပေါ်မှာ တွေ့ လိုက်ရတဲ့ နောက်လူငယ်တစ်ယောက်နဲ့ရပ်ပြီး စကားပြောနေကြလေရဲ့။

http://www.cherrythitsar.org


သုံးယောက်သား မုန်မျက်နှာစာနဲ့ အဆောက်အအုံရဲ့ လှေကားထစ်မှာရပ်ပြီး စကားပြောနေကြတယ်။ နေရောင်အောက်မှာ သုံးယောက်သား ရယ်ရယ် မောမောရယ်။ လူငယ်တစ်ယောက်ရဲ့ မျက်နှာက နေရောင်ထဲကျနေတော့ ကျုပ်က သေသေချာချာ တွေ့နေရတယ်။ သူရယ်နေပုံက သဘောကျဖို့ ကောင်းတာကလား။ ကလေးတစ်ယောက်လို ပွင့်ပွင့်လင်းလင်း အပြစ်ကင်းစင် လှပါကလား။ ပြီးတော့ အဲဒီလူငယ်သုံးယောက်ဟာ ခပ်သုတ်သုတ်နဲ့ ကိုယ့် လမ်းကိုယ် ထွက်သွားကြလေရဲ့။

ကျုပ်ကလဲ ခုံတန်းရှည်ပေါ်မှာထိုင်ပြီး၊ ရုံးအမှုထမ်းတွေကိုကြည့်ပြီး ပြုံးမိတယ်။ ဟုတ်ပါရဲ့။ ဟိုစဉ်က မီးထိန်ထိန်နဲ့ ဘားတွေထဲက မီးရောင် အောက်မှာ အားပါးတရ ရယ်တတ်တဲ့သူတွေ ရှိခဲ့တယ်။ မနေ့က ကျုပ်တွေ့ခဲ့ ရတဲ့ လူငယ်တွေ ရယ်တာထက် ပိုပြီးအားပါးတရ ရယ်တတ်တဲ့သူတွေပေါ့။ သူတို့တစ်တွေကို သွားပြီး သတိရမိတယ်။ ဒီလူတွေလဲ လူငယ်တွေလို စိတ်ထားကောင်းတဲ့လူတွေပါပဲ။ ဒီတော့ အတိတ်ကိုလွမ်းမိတယ်။ အတိတ်က ရှိခဲ့တဲ့ ပျော်ရွှင်ဖွယ်ရပ်ကွက်ကို သတိရမိတယ်။ သို့ပေတဲ့လဲ မြို့က အသစ် ပြန်တည်နေတာ။ ပြန်လည်ပြင်ဆင်ရေးတွေကလဲ အကောင်အထည်ဖော်တာ မြန်လွန်းလှတယ်။ ဒီတော့လဲ ကျုပ် တကယ်ပဲ ဝမ်းသာမိပါရဲ့။ ကျုပ်တို့ နိုင်ငံတော်အနေနဲ့ အတိတ်မှာ ဘယ်လိုအမှားပဲ ကျူးလွန်မိခဲ့စေဦးတော့ ခုဆို ပိုမိုကောင်းမွန်တာကို တည်ဆောက်ဖို့ အခွင့်အရေးရခဲ့ပြီပဲ။ လူငယ်တွေ ကျန်းမာကြစေကြောင်းသာ ဆုတောင်းရတော့မှာပေါ့။ ။

http://www.cherrythitsar.org

